www.burmeseclassic.com



ကြုံတွေ့ခဲ့ရ ကျွန်တော့်ဘဝအတွေ့အကွေ

မော်ဝန်းသားဦးခင်ညွှန့်

(ဗိုလ်ချုပ်ကြီးဟောင်း)

www.burmeseclassic.com

www.burmeseclassic.com

ကြုံတွေ့ခဲ့ရ ကျွန်တော့်အဝေးထွေထွေ

မော်ဝန်းသားဦးခင်ညွှန့်

(ဗိုလ်ချုပ်ကြီးဟောင်း)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှုကာလ
ဖေဖော်ဝါရီလ၊ ၂၀၁၅ခုနှစ်၊ ပထမအကြိမ်

စောင်ရေ - ၁၀၀၀

မျက်နှာဖုံးဒီဇိုင်းပုံ - အခိုးတော် ကော်ဝင်းရိုန်

ကွန်ပျူတာစာစီ - ထူး

စာအုပ်ချုပ် - ဖူးပွင့်မြေး

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးမြိုးညွှန့် (၁၃၀၁ခ)
စာပေလောကပုံနှိပ်တိုက်
အမှတ်(၁၇၃)၊ (၃၃)လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကျော်ကျော်ဝေ
ရွက်စိမ်းစာပေ (၀၀၀၄၇၇)
အမှတ် ၄၃/A၊ (၄)လမ်း
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၂၃၀၄၄၁

တန်ဖိုး - ၈၀၀၀ ကျပ်

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

မော်ဝန်းသား ဦးခင်ညွှန့် (ဒိုလ်ချုပ်ကြီးဟောင်း)
ကြုံတွေ့ခဲ့ရကျွန်တော့်ဘဝအတွေ့တွေ။
- ရန်ကုန်၊ ရွက်စိမ်းစာပေ ၊ ၂၀၁၅။
၇၀၀-စာ ၊ (၁၅ × ၂၃ × ၂၃·၃၇) စင်တီ။
(၁) ကြုံတွေ့ခဲ့ရကျွန်တော့်ဘဝအတွေ့တွေ

www.burmeseclassic.com

www.burmeseclassic.com

ကြံုတွေ့ခဲ့ရ ကျွန်တော့်ဘဝအတွေ့အကွေ

မော်ဝန်းသားဦးခင်လွှန်
(ဗိုလ်ချုပ်ကြီးဟောင်း)

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားများ ပြုလုပ်ခဲ့ကြသော ဆန္ဒပြပွဲများ ကျောင်းသားများ ကြေးမုံ(ဧပြီ၂၆)ရက်နေ့ ကျောင်းသားသပိတ်ကြီး ကျယ်ပြန့်ခဲ့ပြီးနောက် ကျောင်းသားများ ကျောင်းတက်ရန် ငြင်းဆန်ကြပြီးနောက် ကျောင်းသားများ ပြုလုပ်ကြသော ဆန္ဒပြပွဲ ကျယ်ပြန့်ခဲ့ကြပုံ ကို ဓာတ်ပုံ ရိုက်ယူ ထားကြောင်း ကျောင်းသားခေါင်းဆောင် ကိုမင်းဇော(ဝ)ထံမှ ရရှိခဲ့ကြောင်း ဖော်ပြပြီးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မြေးအကြီးဆုံး၏ မွေးနေ့တွင် ပြင်ဆင်ပေးနေစဉ် မြေးများနှင့်အတူ

BURMESE CLASSIC

၁၉၈၀ခုနှစ် တပ်ရင်းမှူးဘဝစစ်ဦးစီးတာဏ္ဍသိုလ်တက်ရောက်စဉ်
စစ်ကိုင်းတောင်ရိုးသို့ ဘုရားဖူးသွားရောက်စဉ်

www.burmeseclassic.com

www.burmeseclassic.com

သားကြီး ဝိုလ်ကြီးဇော်နိုင်ဦး လက်ထပ်စဉ်ကာလက မိခင်ကြီး ဒေါ်စိန်ရွှင် (၉၀)နှစ်အရွယ်တွင် အတွင်းရေးမှူး(၁)နှင့် ဇနီးဒေါ်ကိတာခင်ဝင်းဌေတို့ အတူတွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

အစိုင်ရွှေပြတိုဘုရားမှာ ဆုထူးငယ်ပန်ချေညွှန်းခဲ့

ဝမ်းဘဲအင်းကျေးရွာမှတာဆင့် ဒေးစွန်ပါစေတီတော်သို့ သွားရောက်ဖူးမျှော်ကြသည့်
ဝိုလ်မှူးကြီးခင်ညွှန့် မိသားစု

www.burmeseclassic.com

www.burmeseclassic.com

ကျိုက်မော်ဝန်းစေတီမြတ်အားဦးခိုက်၍ ကျွန်တော့ဘဝစခဲ့ပါသည်။
ဤမော်ဝန်းရေပြင်သည် ကျွန်တော်အဓိဋ္ဌာန်ပြုသစ္စာမြဲခဲ့ရာ ရေပြင်ဖြစ်ပါသည်။

မော်ဝန်းသားဦးခင်ညွှန့်။

www.burmeseclassic.com

www.burmeseclassic.com

ကျောက်တန်းမြို့နေအိမ်တွင် မိခင်ကြီးမကွယ်လွန်မီ ကျွန်တော်တို့ဇနီးမောင်နှံသွားရောက်ကန်တော့ခဲ့

www.burmeseclassic.com

www.burmeseclassic.com

မြေးအကြီးသုံး၏ မွေးနေ့တွင် မြေးများနှင့်အတူ

ဗျော်ရှင်ဘွယ်ရာ ကျွန်တော်၏ ဗီသားစုဘဝ

www.burmeseclassic.com

www.burmeseclassic.com



သားငယ် ဒေါက်တာရန်ဦးဝင်း ဆရာဝန်ဘွဲ့ယူစဉ်က ယခုတော့ ကော်ဖီဆိုင်လုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗဟ်ဂုဏ္ဍန်စ် ဗိုလ်ခင်ညွှန့်နင့် မခင်ဝင်းရွှေ လက်ထပ်ပြီးကာစအချိန်

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၀ခုနှစ် မော်လမြိုင်ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသော ဒေါက်တာခင်ဝင်းဌေ

www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)တွင် စစ်ဦးစီးမှူး(ဒုတိယတန်း)ဗိုလ်မှူးခင်ညွှန့်အဖြစ်
တာဝန်ထမ်းဆောင်စဉ် မိသားစု(၅)ယောက်အတူ

ဗိုလ်မှူးကြီးခင်ညွှန့် သားဗိုလ်ဇော်နိုင်ဦး သားဒေါက်တာရဲနိုင်ဝင်း
သမီး မသင်းမြတ်မြတ်ဝင်း ဇနီး ဒေါက်တာခင်ဝင်းရွှေ
တပ်မတော်ယောက်လှမ်းရေးညွှန်ကြားရေးမှူးဘဝ မိသားစုအတူအမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၁ခုနှစ် မော်လမြိုင်မြို့အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင်
တိုင်းမှူး၏ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်စဉ် တိုင်းမှူး၏မိသားစုနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၀ခုနှစ် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့အမှတ်(၁၈)ခြေလျင်တပ်ရင်းသို့
တပ်စုမှူးအဖြစ် တာဝန်ထမ်းရွက်ရန် ရောက်ရှိလာသည့် ဒုဗိုလ်ခင်ညွန့်.

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၂ခုနှစ် ရှမ်းပြည်နယ် လွိုင်လင်မြို့ရှိ အမှတ်(၁၈)ခြေလျင်တပ်ကြီးတွင်
ထောက်လှမ်းရေးအရာရှိ ဘဝ ဝိုလ်ခင်ညွန့်

www.burmeseclassic.com

www.burmeseclassic.com

အမှတ်(၁၈)ခြေလျှင်တပ်ရင်းတွင် ထောက်လှမ်းရေးအရာရှိ ဗိုလ်ဘင်ညွှန့်.ဘဝ တာဝန်ထမ်းဆောင်စဉ်

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၁ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် တိုင်းမှူး၏ကိုယ်ရေးအရာရှိ
ဗိုလ်ကြီးခင်ညွှန့်ဘဝဖြင့် သဘော်ဝေါ်တွင် တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၈ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအတွဲ.
အတွင်းရေးမှူး(၁)တာဝန်ထမ်းဆောင်စဉ် ဗိုလ်မှူးချုပ်ဘင်ညွှန့်ဘဝ

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၀ခုနှစ်ခန့်က အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် တာဝန်ထမ်းဆောင်စဉ်
ဗိုလ်ကြီးခင်ညွှန့်ဘဝက ထားဝယ်ဒေသရှိ သတ္တုတူးဖော်ရေးလုပ်ငန်းသို့ သွားရောက်လေ့လာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၁ခုနှစ်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အမှတ်(၂၀)ခြေလျင်တပ်ရင်း တပ်ရင်းမှူးတာဝန်မှ
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ဆင်ရေးအထူးအဖွဲ့မှူးရုံးသို့
စစ်ဦးစီးမှူး(ပထမတန်း)အဖြစ် ပြောင်းရွှေ့ရာကိုရိုစဉ်

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၃ခုနှစ်တွင် အမှတ်(၄၄)ခြေမြန်တပ်မတော်နေချိန် နည်းပြူးဟာ်မှူးဘဝက
တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးအဖြစ်သို့ ပြောင်းလွှဲရောက်ရှိခဲ့စဉ်

www.burmeseclassic.com

www.burmeseclassic.com

သမီး မသင်းမြတ်မြတ်ဝင်း ဘွဲ့ယူအပြီး ဂုဏ်ဒေါက်ခင်ပွန်း မောင်တင်ထွဋ်နှင့်အတူ
မိဘများဖြစ်ကြသော ဒုဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းဇေတို့ကို တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သောအနှစ်(၂၀)ကျော်ကာလက မြေးငယ်နှင့်အမှတ်တရ ရိုက်ကူးခဲ့စဉ်
ယခု ကျွန်မမြေးငယ်မှာ သက္ကဝန်ပေါက်စ ဖြစ်နေပါပြီ

www.burmeseclassic.com

www.burmeseclassic.com

အတွင်းရေးမှူး(၁)ဘဝ နိုင်ငံရေးခရီးစဉ်တစ်ခုတွင် ဇနီးနှင့်အတူ အမှတ်တရတွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

အခန်း	အကြောင်းအရာ	စာမျက်နှာ
*	စာရေးသူ၏ ပေတ္တာရေးထားအရှာစကား	၈
	(က)	
	ဆုံရပြုံရကျွန်တော်ဘဝ အလှည့်အပြောင်းများ	
၁	ကျွန်တော်ဘဝ၏ အလှည့်အပြောင်း ကံကောင်းခြင်း/ မကောင်းခြင်း	၃
၂	အုတ် ၂၇ နဝေးလမ်းခရီးတွင် ပထမအကျယ်ဖျပ်ကာလ	၁၉
၃	အုတ် ၂၇ နဝေးလမ်းခရီးတွင် ဒုတိယအကျယ်ဖျပ်ကာလ	၂၁

www.burmeseclassic.com

www.burmeseclassic.com

(၁)

ယေဘုယျကစ ကျွန်တော့်ဘဝ

၄ ကျွန်တော်၏ ယေဘုယျ ပြဿနာများ ၁၅

(၂)

စစ အရေးအခင်းနှင့် တစ်မတော်မှ လုံခြုံရေးတာဝန်ယူခြင်း

၅ စစ အရေးအခင်းကာလပြဿနာများ ၄၇
၆ တစ်မတော်က အာဏာသိမ်းခြင်းမတိုင်မီ ပြည်သူ့အကူအညီ ဘဝလုံခြုံမှု ပြုလုပ်ပေးခြင်းသာဖြစ်သည် ၅၃
၇ တစ်မတော်အရိုးရှင်း (သို့မဟုတ်) နိုင်ငံတော်ကြီးပေါ်ပေါ်ပြားပြား တည်ထောက်ရေးအတွက် (တစ်နည်း) နိုင်ငံတော်အေးချမ်း သာယာရေးနှင့် နှိုးဖြိုးရေး ကောင်စီ အစိုးရလက်ထက်မှာ ဘာတွေလုပ်ခဲ့ကြသလဲ ၂၅
၈ စစ အရေးအခင်းကြောင့် ထွက်ပြေးကြသော ကျောင်းသား/ ကျောင်းသူများအား ပြန်လာခေါ်ယူခြင်း ၈၇

(၃)

ထောက်လှမ်းရေးတာဝန်၊ စစ်သားဘဝတာဝန်များနှင့် အတွင်းရေးမှူး(၁)တာဝန်

၉ စစ်သားဘဝတာဝန်များ ၉၅
၁၀ ထောက်လှမ်းရေးတာဝန် စတင်ထမ်းဆောင်ခြင်း ၁၀၇
၁၁ အတွင်းရေးမှူး(၁)၏ လက်အောက်တာဝန်နှင့် လုပ်ပိုင်ခွင့်များ ၁၁၇

www.burmeseclassic.com

www.burmeseclassic.com

(c)

ကျွန်တော်နှင့် လူကြီး သူမများ

၁၂ ဒေါ်ဘမြတ်ကြီးနေဝင်း ၁၂၅

၁၃ ကျွန်တော်နှင့် ဗိုလ်ချုပ်ကျော်ကြီးမောင်မောင် ၁၃၃

၁၄ ကျွန်တော်နှင့် ဗိုလ်ချုပ်ကျော်ကြီးသန်းဆွေ ၁၄၁

၁၅ ကျွန်တော်နှင့် [illegible] ၁၄၇

၁၆ ကျွန်တော်နှင့် သမ္ဘတကြီး ဦးနေဝင်းလှ ၁၅၃

၁၇ ကျွန်တော်နှင့် သမ္ဘတကြီး ဦးစိန်လှိုင် ၁၅၆

၁၈ ကျွန်တော်နှင့် သမ္ဘတကြီး ဒေါက်တာဘမောင်မောင် ၁၅၆

၁၉ ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးသူရဇော်တင် ၁၆၃

၂၀ ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးလွန်းရီ ၁၆၅

၂၁ ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးဆေးတို ၁၆၉

၂၂ ကျွန်တော်နှင့် ဗိုလ်ချုပ်လှဦး ၁၇၀

၂၃ ကျွန်တော်နှင့် ဗိုလ်ချုပ်သန်းဝင်း ၁၇၃

၂၄ ကျွန်တော်နှင့် ကျွန်တော်ဆရာ ဗိုလ်ချုပ်တင်ဆွေ ၁၇၅

(d)

တပ်မတော်အစိုးရအတွင်း ခေါင်းဆောင်အပြောင်းအလဲ

၂၅ တပ်မတော်အစိုးရအတွင်း ခေါင်းဆောင်အပြောင်းအလဲ ၁၈၉

(e)

ကျွန်တော်နှင့် ဒီပဲရင်းအရေးအခင်း

၂၆ ဒီပဲရင်းပေါ်ပေါ်ပေါ်ပေါ်နှင့် ကျွန်တော် ၁၉၃

www.burmeseclassic.com

www.burmeseclassic.com

(၈)

	ကျန်းမာရေးနှင့် ပြည်ပေါ်ပြဿနာများ အကျဉ်းချုပ်ရာတွင်	
၂၇	ကိုယ်ကျင့်သာ ပြဿနာများ	၂၀၈
၂၈	ကိုယ်ကျင့်ဆိုး ဆေးလိပ် နှင့်ကျောက်ဖြူ	၂၁၁
၂၉	ဝရောသ ပြဿနာများ	၂၁၆
၃၀	ဝေဒနာနှင့် ပြဿနာများ	၂၂၇
၃၁	ဝေဒနာကိုနှိမ်ပိုင်းရုပ်ပျိုးသည့် ဥပဒေများ	၂၃၀
၃၂	ဆေးရုံတက် ကရင်ကျိုးပေါ်ကသာ ကပ်ရောဂါကို ကယ်ဆယ်ခြင်း	၂၃၇
၃၃	ကပ်ရောဂါနှင့် ပြဿနာများ	
၃၄	ဗုဒ္ဓိကြီးမြင့်ယဲ့ လူကြီးပေါင်းစု ပြည်ထောင်စုဗဟိုကော်မတီများ၏ ရုပ်ထယာ ကပ်ရောဂါ ဥပဒေသောတမ်းတမ်းများကြောင့်	၂၄၀
၃၅	KNU နှင့် ပြဿနာများ ပြိုကွဲပျက်ယွင်းမှုများ	၂၆၈
၃၆	ဟက်ဆာ ၁၀၇ နှင့် ဟားတခပ်ဟာ ၇၆၈ ပြဿနာများ	၂၆၁
၃၇	ဗကပ ၁၀ ခန်းသောအဖွဲ့ပြဿနာများ	၂၆၇
၃၈	SSA အဖွဲ့နှင့် ပြဿနာများ	၂၆၈
၃၈	ကရင်အမျိုးသားအဖွဲ့ (PNO) ဥပဒေသောတမ်းအဖွဲ့ဝင် ဝင်ရောက်ခြင်း	၂၇၄
၃၉	ပေသေဝင်အဖွဲ့ (PSLA)နှင့် ပြဿနာများ	၂၇၆
၄၀	UIA တပ်ပေါင်း ၄ အတွဲပျက်ခြင်း KDA အဖွဲ့ ပြဿနာများ	၂၈၀
၄၁	ဖွဲ့ကြီးသတ်ပါးကိုနှင့် ပြဿနာများ	၂၈၅
၄၂	ရှမ်းစစ်ဘေးရှောင် ဖွဲ့ကြီးကျောင်းတော်များ ပေါင်းစပ်ကျင်းပခြင်း	၂၉၁

www.burmeseclassic.com

www.burmeseclassic.com

(၅)

ဒီသားရဲ့သား

ကျွန်ုပ်ကျောင်းနေခဲ့ ကျွန်ုပ်ကျင်းသားရေ ၁၅၅ ၄၃
[illegible] ၁၇၆ ၄၄
[illegible] ၂၂၇ ၄၅

(၆)

[illegible]

[illegible] ၂၂၆ ၄၆
[illegible] ၂၅၈ ၄၇
[illegible] ၂၇၉ ၄၈
[illegible] ၂ ၄၉
[illegible] ၂ ၅၀
[illegible] ၂ ၅၁

(၇)

[illegible] ၂ ၅၂
[illegible] ၂ ၅၃

www.burmeseclassic.com

www.burmeseclassic.com

(ခ)

ကျွန်ုပ်တို့နှင့် နိုင်ငံတကာတပ်စုများ

၁၈ ကျွန်ုပ်တို့နှင့် နိုင်ငံတကာတပ်စုများ ...

၁၉ မြန်မာနှင့် အာဆီယံအဖြစ်ခံယူ

၂၁ ထိုင်းနိုင်ငံတွင်ကျင်းပသည့် ဗဟိုမဟာတပ်

(UNHCR) အရည်ပြောင်းရွှေ့ပြောင်းရွှေ့ခံ

၂၆ [illegible]

[illegible]

[illegible]

[

www.burmeseclassic.com

(ဃ)

ဘက်စုံ အလုံးစုံ

၆၅ [illegible] ၁၄၃

၆၆ [illegible] ၁၁၃

၆၇ [illegible]

[illegible]

၆၈ [illegible]

(ဆ)

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

www.burmeseclassic.com

(၁)

ဘဝဓါလက်ကျန်အရိုးကို ဖိပေးခြင်း

၇၃	သုဝဏ္ဏဘူမိသာသနာနယ်မြေလေ့လာရေးခရီး	၆၀၇
၇၄	မြတ်သိုရ် ဓေတီတော်မြတ်ကြီးတည်ထောင်ခြင်း	၆၂၁

(၂)

ပြည်ထောင်စုစိတ်ဓာတ်နှင့် ချုပ်ပြစိတ်ဓာတ်

၇၅	အရေးကြီးသည့်ပြည်ထောင်စုစိတ်ဓာတ်နှင့် ချုပ်ပြစိတ်ဓာတ်	၆၃၅

(၃)

၇၆	ဗုဒ္ဓဘာသာ လူမှုယဉ်ကျေးမှုကူညီရေးအဖွဲ့	၆၄၀
၇၇	[illegible]	၆၅[illegible]

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ မေတ္တာရေးထား အမှာစကား

ဤစာအုပ်ပါအကြောင်းအရာများကို ပြည်သူအား အသိပေးရန် အကြိမ်ကြိမ်စဉ်းစားပြီးတော့မှ စာအုပ်အဖြစ်ရေးသားတင်ပြခဲ့တာ ဖြစ်ပါသည်။

ကိုယ်တွေ့ ကိုယ်တိုင်ကြုံခဲ့ရသည်များ၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သည်များနှင့် ပတ်သက်၍ သင်ခန်းစာယူစရာများ၊ နောင်လာနောက်သား လူငယ်လူရွယ်တို့ သမိုင်းကြောင်း အမှန်ကို သိစေလိုသော ဆန္ဒသဘောထားဖြင့် ဤစာအုပ်ကို ထုတ်ဝေနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်အနေနှင့် ကိုယ်ရည်သွေးပြီး အကောင်းတွေချည်းပဲကို ရေးသားတင်ပြခြင်းမဟုတ်ပါ။ အစိုးရအဖွဲ့ထဲတွင် အစိုးရအဖွဲ့၏ မူဝါဒလမ်းစဉ်ကို အကောင်အထည်ဖော်ရာ၌ ကိုယ်ထင်ရာစိုင်း၍မရပါ။ အစိုးရအဖွဲ့က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ဖြစ်သောကြောင့် အများပြည်သူကြိုက်တာရှိသလို မကြိုက်တာလည်း ရှိနိုင်ပါသည်။ သို့သော်လည်း အစိုးရအဖွဲ့ဆိုသည်မှာ နိုင်ငံတော်၏အကျိုးစီးပွားကို သွေဖည်၍ မရပါ။ ပြည်သူအားလုံးကြိုက်အောင် လုပ်နိုင်သည့် အစိုးရဆိုတာ ကမ္ဘာမှာ ရှိဖို့ခဲယဉ်းပါသည်။

လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ဗြဟ္မစိုရ်ရုက်ရားလေးပါးနှင့်အညီ ကျင့်ကြံလုပ်ဆောင်ခြင်းသည်သာ အဓိကဖြစ်ပါသည်။ ပြည်သူ့တွေအပေါ် စေတနာအပြည့်၊ မေတ္တာအပြည့်ထားပြီး ဆောင်ရွက်ခြင်းသည်သာ ပဓာနကျသည်ဟု ထင်မြင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကြုံခဲ့ ဆုံခဲ့ရသည့် ဖြစ်ရပ်တွေကတော့ များပြားလွန်းပါသည်။ ကောင်းတာတွေကြုံခဲ့ရသလို မကောင်းတာတွေလည်း ဆုံခဲ့ရပါသည်။ အကောင်းချည်းပဲလည်း မည်သူမှမလုပ်နိုင်ပါ။ အကောင်းနှင့်အဆိုးသည် ဒွန်တွဲလျက်ရှိပါသည်။ အကောင်းတွေများများဖြစ်အောင် လုပ်နိုင်ဖို့ကိုကြိုးစားကြရမှာဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို စေတနာထက်သန်စွာထားပြီး ကြိုးပမ်းဆောင်ရွက်လျှင် အကောင်းတွေဖြစ်ဖို့များမှာဖြစ်ပါသည်။ ယခုတင်ပြချက်သည် ကျွန်တော်၏ သဘောထားခံယူချက်ဖြစ်ပါသည်။

ကျွန်တော်သည် နိုင်ငံတော်၏တာဝန်အရ အတွင်းရေးမှူး(၁)၊ ဝန်ကြီးချုပ်၊ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်တာဝန်များ ထမ်းရွက်ခဲ့ရာတွင် ကျွန်တော်နှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ကြသည့် ရဲဘော်ရဲဘက်၊ လုပ်ဖော်ကိုင်ဖက်များထဲတွင် လူကောင်းတွေချည်းပဲလို့ မဆိုလိုနိုင်ပါ။ လူကောင်းတွေပါဝင်သလို လူဆိုးများလည်းပါနိုင်ပါသည်။ ကျွန်တော်၏ တပည့်များထဲတွင်လည်း လူကောင်းလူတော်များပါဝင်ကြသလို လူဆိုးများ၊ ချွတ်ယွင်းသော ဓလေ့စရိုက်ရှိသူ တပည့်များလည်းရှိခဲ့တာ အမှန်ပဲဖြစ်ပါသည်။ အစုအဖွဲ့၊ အသင်းအနေနှင့် လုပ်ငန်းတာဝန်တစ်ခုကို ဆောင်ရွက်ထမ်းရွက်ရာတွင် လူကောင်းလူတော်တွေချည်းပဲ လက်ရွေးစင်ရရှိဖို့ကတော့ အလွန်ခက်ခဲမည်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်ရေးသားဖော်ပြထားသော ဖြစ်စဉ်ဖြစ်ရပ်များသည် ကျွန်တော်ကိုယ်တိုင် ဇာတ်ကောင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရသည့် ဖြစ်ရပ်များက အများစုဖြစ်သဖြင့် ဖြစ်ရပ်အမှန်အတိုင်း ဖော်ပြထားခြင်းဖြစ်ပါသည်။ ကိုယ့်အတွက် ကာကွယ်ပြီး အကောင်းချည်း ရေးသားထားခြင်းမဟုတ်ကြောင်း တင်ပြရပါသည်။ ခံစားချက်ဖြင့်ရေးသားထားခြင်းလည်း မဟုတ်ကြောင်း တင်ပြထားပါသည်။ မသိသေးသည့် အကြောင်းအရာဖြစ်ရပ်များကို အမှန်အတိုင်း သိရှိစေလိုသောစေတနာဖြင့် ရေးသားဖော်ပြထားခြင်းဖြစ်ကြောင်း အသိပေးတင်ပြလိုပါသည်။

ကျွန်တော့်မှာ သင်ဆရာ၊ မြင်ဆရာတွေ အများအပြား ကြုံဆုံခဲ့ရပါသည်။ အဲဒီပုဂ္ဂိုလ်ကြီးများထဲမှ ကောင်းမွေများကိုရယူကာ ကျွန်တော့်တာဝတရော်ကိုတွင် လမ်းညွှန်ချက်များအဖြစ်ခံယူလျက် ကောင်းသောရလဒ်များ ဖြစ်ထွန်းအောင်

www.burmeseclassic.com

www.burmeseclassic.com

ကြီးပမ်းဆောင်ရွက်ခဲ့တာ အမှန်ပင်ဖြစ်ပါသည်။ ဤစာအုပ်ပါ အကြောင်းအရာများ သည် မည်သူ့ကိုမှ ထိခိုက်စေလိုသော၊ နစ်နာစေလိုသောသဘောထားဆန္ဒ လုံးဝမရှိ ပါ။ ကျွန်တော့်မှာ ပါတီအစွဲအလမ်း၊ အဖွဲ့အစည်းအစွဲအလမ်း၊ ပုဂ္ဂိုလ်အစွဲအလမ်း လည်းမရှိပါ။ သို့သော် ဆရာသမားဖြစ်ခဲ့ကြသောပုဂ္ဂိုလ်များ၊ မိဘကဲ့သို့သော ပုဂ္ဂိုလ်များကိုကား ဘယ်သောအခါမှမပြစ်မှားပါ။ တစ်ခုတော့ရှိပါသည်၊ ကျွန်တော် က တပ်မတော်မှာ နှစ်ပေါင်း ၄၅ နှစ်ကျော် အဆင့်ဆင့်သောတာဝန်များကို တာဝန်ထမ်းရွက်ခဲ့သူဖြစ်တာကြောင့် တပ်မတော်ကိုတော့ ဘယ်သောအခါမှ သစ္စာ မဖောက်ပါ။ တပ်မတော်ကို သစ္စာဖောက်လျှင် တပ်မတော်ကိုတည်ထောင်ခဲ့ကြ သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ရဲဘော်သုံးကျိပ်ကိုပါ သစ္စာဖောက်ရာရောက်ပါ မည်။ ထို့ကြောင့် တပ်မတော်ကိုတော့ ဘယ်တော့မှသစ္စာမဖောက်ဘူးဟူ၍ သံမဏိဘန်ပြုထားပြီးဖြစ်ပါသည်။ သို့သော် တိုင်းပြည် ကောင်းရာကောင်းကျိုး ပြုသူများ ပြည်သူတို့၏ဘဝကို နားလည်ပြီး ပြည်သူတို့၏အကျိုးစီးပွားကို အမှန်တကယ်စေတနာထားကာ အမှန်တကယ်လုပ်မည့် ပုဂ္ဂိုလ်များကို မည်သူ့ကို မဆို ထောက်ခံမည်၊ အားပေးမည်၊ လေးစားမည်ဟု ခံယူထားပြီး ဖြစ်ပါသည်။

ကျွန်တော်ပါဝင်သော အာဆီယံခေါင်းဆောင်များ အစည်းအဝေးနှင့် ဘင်းမ်စတက်ခေါင်းဆောင်များ အစည်းအဝေးတွင် သဘောတူညီချက်များ၊ ထုတ် ပြန်ကြေညာချက်များကို နောက်ပိုင်း အစည်းအဝေးများတွင် ဆွေးနွေးချက်များ၊ သဘောတူညီချက်များ၊ အကောင်အထည်ဖော်မှုများနှင့် ချိန်ထိုးကာ သိသာနိုင်ရန်၊ သုံးသပ်နိုင်ရန် ဖော်ပြထားခြင်းဖြစ်ပါသည်။

ကျွန်တော်၏ ရေးသားဖော်ပြချက် အကြောင်းအရာများသည် ၂၀၀၄ ခုနှစ်အထိသာ ဆောင်ရွက်ခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များသာ ဖြစ်ကြပါ၏။ ၂၀၀၄ ခုနှစ်နောက်ပိုင်းဖြစ်စဉ်ဖြစ်ရပ်များ မပါဝင်တော့ပါ။ သို့သော်ငြားလည်း ယခု ဖြစ်ထွန်းနေသည့် ဒီမိုကရေစီစနစ် အပြောင်းအလဲဖြစ်စဉ်ကြီးသည် ၂၀၀၃ ခုနှစ် တပ်မတော်အစိုးရက အုတ်မြစ်ချပေးခဲ့သည့် "ROAD - MAP" ဟုခေါ်သော လုပ်ငန်းစဉ်ကြီးများကြောင့်သာ ဖြစ်ထွန်းခဲ့ခြင်းဖြစ်သည်ဆိုသည်ကိုတော့ ငြင်းချက် ထုတ်၍ မရတာ အမှန်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ၁၉၈၈ ခုနှစ်ကစတင်ပြီး ၂၀၀၄ ခုနှစ်အထိ ပထမပိုင်းတွင် အတွင်းရေးမှူး(၁)တာဝန်၊ နောက်ပိုင်းတွင် ဝန်ကြီးချုပ်တာဝန်တို့ကို ထမ်းရွက်ခဲ့ရသလို ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်တာဝန်တို့ကိုပါ ထမ်းရွက်ရတာကြောင့် ကျွန်တော်ကို ဂက်စတာပို ခင်ညွှန့်လို့တောင် နံမည်ပြောင်နဲ့ခေါ်ကြတာလို့သိခဲ့ရပါသည်။ ထောက်လှမ်းရေးဆိုတာကတော့ တိုင်းပြည်အတွင်းမှာ အန္တရာယ်ဖြစ်မလာအောင် ကြိုတင်သတင်းထောက်လှမ်းခြင်း၊ သတင်းမှန်ရရှိရေးအတွက် နည်းပရိယာယ် အမျိုးမျိုး အသုံးပြုရခြင်းတို့ကို ဆောင်ရွက်ရပါသည်။ ထောက်လှမ်းရေးအဖွဲ့အစည်းဆိုသည်မှာ သူ့သဘောနှင့်သူ ဘာမှလုပ်လို့မရပါ။ အစိုးရအဖွဲ့၏ မူဝါဒနှင့် လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ သို့သော် တပ်ဖွဲ့ဝင်များထဲမှာ အမှားအယွင်းလုပ်သူများ၊ လောဘတက်ပြီး မမှန်မကန်လုပ်သူတစ်ချို့တစ်ဝက်တော့ ရှိနိုင်ပါသည်။ အများစုကတော့ တာဝန်ကျေပွန်စွာထမ်းရွက်နေသူများ ဖြစ်ကြပါသည်။ အမှားလုပ်သူများနှင့်ပတ်သက်လို့လည်း တာဝန်ရှိသူတစ်ယောက်အနေနှင့် ကျွန်တော် တောင်းပန်ပါသည်။

ယခု ဖြန့်ဝေမည့်စာအုပ် အကြောင်းအရာဖြစ်ရပ်များသည် ကျွန်တော်ကိုယ်တိုင်ပါဝင်လုပ်ရှားဆောင်ရွက်ခဲ့သည့် ဖြစ်ရပ်အမှန်များဖြစ်သဖြင့် မသိသေးသူများသိရှိရအောင်၊ လွတ်လပ်စွာဝေဖန်သုံးသပ်နိုင်အောင်၊ သင်ခန်းစာယူသင့်သည်များကို ယူနိုင်အောင် အတွေ့အကြုံနှင့် ဗဟုသုတများကို ဖြန့်ဝေပေးခြင်းဖြစ်ပါသည်။ ခံစားချက်ဖြင့် ရေးသားခြင်းလည်းမဟုတ်ပါ။ ကျွန်တော်က စာရေးဆရာလည်းမဟုတ်တာကြောင့် အရေးအသားက ကောင်းချင်မှ ကောင်းပါမည်။ အမိပ္ပာယ်ပေါ်လွင်အောင် ကြိုးစားရေးသားထားခြင်း ဖြစ်ပါသည်။

ကျွန်တော့်အနေနှင့် အတွင်းရေးမှူး(၁)တာဝန်၊ ဝန်ကြီးချုပ်တာဝန်များအပြင် တပ်မတော်ထောက်လှမ်းရေးမှူးချုပ်တာဝန်များ ထမ်းရွက်ရာတွင် တိုင်းပြည်အတွက် ကောင်းရာကောင်းကျိုးနှင့် ပြည်သူအများ၏ အေးချမ်းမှု၊ ဘဝဖူလုံမှုရရှိရေးအတွက် စေတနာထားဆောင်ရွက်ခဲ့သော်လည်း အမှားအယွင်းများရှိနိုင်ပါသည်။ ထိခိုက်နစ်နာသူများ၏ မကျေနပ်မှုများလည်း ရှိနိုင်ပါသည်။ နစ်နာသူများ၊ ခံစားရသူများကတော့ မကျေမနပ် ဖြစ်ကြပါလိမ့်မည်။ ထိုသူများအတွက်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နားလည်ပါသည်။ ဒီပုဂ္ဂိုလ်များနှင့် မိသားစုများကိုလည်း တောင်းပန်အပ်ပါသည်။

အစိုးရအဖွဲ့၏ မူဝါဒလမ်းစဉ်အရ ရည်မှန်းချက်များ၊ ဦးတည်ချက်များကို လက်တွေ့အကောင်အထည်ဖော်ရသူ၊ တာဝန်ခံဆောင်ရွက်ရသူသည် အကောင်းအဆိုးကို ခွဲခြမ်းစိတ်ဖြာဆောင်ရွက်တတ်ရပါမည်။ ထိုခွဲခြမ်းစိတ်ဖြာမှု၊ တွေးခေါ်မြော်မြင်မှုသည် ငါးပွက်ရာ ငါးချလုပ်တာမျိုးကတော့ လုပ်လို့မရပါ။ အရှည်ကိုမျှော်တွေးပြီး စဉ်းစားချင့်ချိန်ရပါသည်။ အရှည်ဆိုသည် အနာဂတ်နိုင်ငံတော်အတွက် ရေရှည်အကျိုးစီးပွားအတွက် တိုင်းရင်းသားပြည်သူအားလုံး၏ ရေရှည်အကျိုးအတွက် နှစ် ၅၀၊ နှစ် ၁၀၀ အထိမျှော်မှန်းပြီး အကောင်းအဆိုးကို ခွဲခြမ်းစိတ်ဖြာနိုင်ဖို့တော့ လိုအပ်မှာဖြစ်ပါသည်။ ထို့ကြောင့် စကားပြောလွယ်လို့ မရပါ။ အာမခံချက်လွယ်လွယ်လေးပေးလို့မရပါ။ ငါတို့တာဝန်ယူသည့်ကာလအတွင်း အဆင်ပြေရင်ပြီးရောဆိုသည့် အတွေးအခေါ်မျိုးဖြင့် စဉ်းစားဆောင်ရွက်ရင်တော့ အမှားအယွင်းများ ရှိလာနိုင်ပါသည်။

သမိုင်းဆိုတာကတော့ ချက်ချင်းအမှန်လို့မှတ်ယူ၍မရပါ။ နောင်နှစ်အတော်ကြာမှ သမိုင်းမှန်ဆိုတာပေါ်တတ်ပါသည်။ သမိုင်းမှန်ဖြစ်စေဖို့နှင့် ကိုယ့်ကြောင့်အမှားအယွင်းမဖြစ်မိဖို့ အလွန်အရေးကြီးပါသည်။ မျိုးဆက်သစ်လူငယ်များအတွက် ချင့်ချိန်နိုင်အောင် ဖော်ပြရခြင်းဖြစ်ပါသည်။

စာဖတ်သူများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ အနာဂါတ်နိုင်ငံတော်ကြီး တိုးတက်စည်ပင် သာယာဝပြောပါစေ၊ ပြည်သူများ၏ ဘဝသာယာချမ်းမြေ့ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဦးခင်ညွန့် (ဗိုလ်ချုပ်ကြီးဟောင်း)

www.burmeseclassic.com

www.burmeseclassic.com

၈

ဆုံရကြံ့ရ ကျွန်တော့်ဘဝ အလှည့်အပြောင်းများ

အခန်း	အကြောင်းအရာ
၁။	ကျွန်တော့်ဘဝ၏ အလှည့်အပြောင်း ကံကောင်းခြင်း/ မကောင်းခြင်း
၂။	အမှတ် ၂၇ နဝဒေးလမ်းနေအိမ်တွင် ပထမအကျယ်ချုပ်ကာလ
၃။	အမှတ် ၂၇ နဝဒေးလမ်းနေအိမ်တွင် ဒုတိယအကျယ်ချုပ်ကာလ

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၃ ခုနှစ်၊ လွယ်လင်မြို့၊ တပ်ရင်းဌာနချုပ်စစ်ရေးပြအခမ်းအနားအပြီး
ဗိုလ်ခင်ညွှန့်

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁

ကျွန်တော့်ဘဝ၏ အလှည့်အပြောင်း
ကံကောင်းခြင်း / မကောင်းခြင်း

ဘဝဆိုသည်မှာ တသမတ်တည်းမဟုတ်၊ ကောင်းတာလည်းဖြစ်တတ်သလို ဆိုးတာလည်းဖြစ်တတ်သည်၊ အတက်ရှိသလို အဆင်းလည်းရှိတတ်သည်။ တရားသဘောဖြင့် ရှုတတ်လျှင် ဘာမျှအမြဲမရှိတတ်ဘူးဆိုတာကို နားလည်သဘောပေါက်မိသည်၊ ကျွန်တော့်ဘဝက တရားသဘောအတိုင်းဖြစ်ခဲ့တာပါဟု ယုံကြည်ပါသည်။

၁၉၅၆ ခုနှစ်တွင် ကျွန်တော် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်၍ ရန်ကုန်တက္ကသိုလ်သို့ စတင်ရောက်ရှိခဲ့သည်။ ရန်ကင်းကောလိပ်၌ တက္ကသိုလ်ပညာကို စတင်သင်ယူခဲ့ရပြီး ရန်ကုန်ပင်မတက္ကသိုလ် (Main University) သို့ ရောက်ရှိခဲ့သည်။ ကျွန်တော်က အဆောင်နေ ကျောင်းသားဖြစ်၍ စစ်ကိုင်းကျောင်းဆောင်မှာ တောက်လျှောက်နေခွင့်ရသည်။ ၁၉၅၉ ခုနှစ်ထဲရောက်တော့ ဗိုလ်လောင်းသင်တန်းခေါ်ယူသည့် သတင်းကို သတင်းစာထဲမှာ ဖတ်မိသည်။ တပ်မတော်ထဲကိုဝင်ဖို့ မူလကတည်းက စိတ်ဆန္ဒရှိထားပြီးဖြစ်တာရယ်၊ တက္ကသိုလ်ကျောင်းစရိတ်အတွက် မိဘများကို သနားစာနာမိတာရယ်ကြောင့် ဗိုလ်လောင်းသင်တန်းကို လျှောက်ဖြစ်သွားသည်။ ကံကောင်းထောက်မတယ်လို့ပဲခေါ်ရမလား

www.burmeseclassic.com

www.burmeseclassic.com

မသိတော့ပါ။ ဗိုလ်လောင်းသင်တန်းတက်ရောက်ရန် အရည်အချင်း စစ်ဆေးသည့် ဗိုလ်ရွေးအဖွဲ့သို့ လာရောက်ရန် ခေါ်ယူခြင်းခံခဲ့ရသည်။

ဗိုလ်ရွေးအဖွဲ့သို့

အဲဒီတုန်းက ဗိုလ်ရွေးအဖွဲ့သည် ယခုပြည်သူ့ရင်ပြင်ထဲမှ အစိတ်အပိုင်းတစ်ခုအနေနှင့်ပါဝင်သည့် ပြည်လမ်းမကြီးဘေးက နေရာဖြစ်ပါသည်။ စလင်းလိုင်း ဗိုလ်ရွေးအဖွဲ့ဟူ၍ ခေါ်ကြပါသည်။ ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးဖို့ခေါ်ယူသည့်ရက်တွင် သွားရောက်စစ်ဆေးမှုခံယူပြီး ဗိုလ်လောင်းသင်တန်းတက်ရောက်ခွင့် ရမရကို တစ်လကျော်၊ နှစ်လခန့် စောင့်လိုက်ရပါသည်။ သိပ်မကြာလိုက်ပါ၊ ၁၉၅၉ ခုနှစ် နိုဝင်ဘာလထဲတွင် ဗိုလ်လောင်းသင်တန်းအပတ်စဉ် (၂၅)ကို တက်ရောက်ဖို့ ရွေးချယ်ခြင်းခံရသည်။ ထို့ကြောင့် လိုအပ်သောပြင်ဆင်မှုများပြုလုပ်ပြီး မိဘများထံ ခွင့်ပန်ကာ ရှမ်းပြည်နယ် တောင်ပိုင်း ဗထူးမြို့တွင် ဖွင့်လှစ်သည့် ဗိုလ်လောင်းသင်တန်းအပတ်စဉ် (၂၅)ကို တက်ရောက်ခဲ့ရသည်။ သင်တန်းကာလ ခြောက်လအတွင်းမှာ ပြင်းထန်သော လေ့ကျင့်မှု၊ စည်းကမ်းကောင်းမွန်မှု၊ ရဲဘော်ရဲဘက်စိတ်ထားရှိမှု၊ အခြေခံစစ်ပညာကျွမ်းကျင်မှု၊ လက်ရုံးရည်ရော နှလုံးရည်ပါ ခိုင်မာတောင့်တင်းအောင်။ အပြင်းအထန်လေ့ကျင့်မှုတို့ကိုပြုလုပ်ဆည်းပူးခဲ့ရပါသည်။ အခြေခံစစ်ပညာတွေ ရရှိပြီးသည့် ၁၉၆၀ ပြည့်နှစ် မေလထဲမှာ ဒုဗိုလ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ကျွန်တော်၏ ပထမဦးဆုံး တာဝန်ကျရာက ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်မြို့တွင်ရှိသော တပ်ရင်းဌာနချုပ် အခြေစိုက်သည့် အမှတ် (၁၈) ခြေလျင်တပ်ရင်းတွင် တပ်စုမှူးတာဝန် စတင်ထမ်းဆောင် ရပါသည်။

အရာရှိငယ်ဘဝ

အဲဒီမှာ ကျွန်တော်၏ တပ်မတော် အရာရှိငယ်ဘဝကို စတင်ခဲ့ခြင်းဖြစ်ပါသည်။ တပ်ရင်းထောက်လှမ်းရေးအရာရှိတာဝန်နှင့် တပ်စုမှူးတာဝန်တို့ကို မိမိသက်လုပ်သက်ရင့်အရာရှိများထံမှလည်းကောင်း၊ လုပ်သက်ရင့်တပ်စုတပ်ကြပ်ကြီးများထံမှလည်းကောင်း လက်တွေ့သင်ယူလေ့လာရင်း တာဝန်များကိုထမ်းရွက်ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



ခလရ(၂၀)စစ်တွေတွင် တပ်ရင်းမှူးဘဝ ဒုဗိုလ်မှူးကြီးခင်ညွန့်နှင့်
ဇနီးတို့က တပ်ရင်းစုပေါင်းရှင်းပြပွဲ၌ သားနှစ်ယောက်ကို ရှင်ပြုပေးစဉ်

ပါသည်။ ၁၉၆၀ ပြည့်နှစ်ကာလဖြစ်၍ ရှမ်းပြည်နယ်အတွင်း၌ ရှမ်းတိုင်းရင်းသားများ၏ လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်မှုများ ပေါ်ထွန်းကာစဖြစ်သောကြောင့် ချုံခိုတိုက်ခိုက်ခံရမှုများ မကြာခဏဖြစ်လေ့ရှိပါသည်။ ပြင်းထန်သောတိုက်ပွဲကြီးများ မဟုတ်ပါ။ ကျွန်တော့်တပ်ရင်းမှူးက ဗိုလ်မှူးခင်မောင်ချစ် ဖြစ်သည်။ ကျွဲပွဲအနီးမှာ ရထားကိုသောင်းကျန်းသူများက မိုင်းခွဲတိုက်ခိုက်မှုကြောင့် မီးရထားပေါ်မှာတင် ကျဆုံးသွားခဲ့ရသူဖြစ်ပါသည်။

ထိုအချိန်ကာလတုန်းက ရှမ်းပြည်နယ်တွင်လောင်းကစားပွဲကြီးများ အကြီးအကျယ်ဖြစ်ထွန်းနေသည့်ကာလဖြစ်သည်။ ၃ဖြ ကောင်ကစားပွဲမျိုးများ၊ လေးကောင်ဂျင်ကစားဝိုင်းများဖြင့် ရှမ်းပြည်နယ် လူထုရော၊ အစိုးရဝန်ထမ်းများရော၊ အပျော်ကျူးကြသည့်ကာလလည်းဖြစ်ပါသည်။ လောင်းကစားသမား မဖြစ်တာတော့ ကျွန်တော်အလွန်ကံကောင်းတယ်လို့ ဆိုရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီးခင်ညွှန့် + ဒေါက်တာခင်ဝင်းရွှေ
သားကြီး-ဇော်နိုင်ဦး၊ သားငယ်-ရဲနိုင်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

လက်ဦးဆရာ

အဲဒီမှာ ကျွန်တော်၏ လက်ဦးဆရာကို စတွေ့သည်။ ၁၉၆၃ ခုနှစ်ထဲမှာ ဖြစ်ပါသည်။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က တိုင်းဦးစီးချုပ် ဗိုလ်မှူးကြီးတင့်ဆွေနှင့် စတွေ့တာဖြစ်ပါသည်။ ကျွန်တော့်ကို တပ်မတော်အရာရှိကောင်းတစ်ယောက်မှာ ရှိရမည့် အရည်အချင်းများ၊ အကျင့်စရိုက်များ၊ တိုင်းရင်းသားများအပေါ် ထားရှိရမည့် သဘောထားများ၊ စစ်ရေးသုံးသပ်ချက်နှင့် စစ်ရေးစီမံချက် ရေးဆွဲမှုအတတ်ပညာများကို စတင်သင်ကြားပေးသည့် လက်ဦးဆရာဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်၏ ဆရာလည်းဖြစ်သည်၊ ဖခင်လည်းဖြစ်သည်ဟူ၍ အဲဒီအချိန်ကတည်းက ခံယူခဲ့တာဖြစ်ပါသည်။

နောက်ထူးခြားမှုတစ်ခုကတော့ ၁၉၆၃ ခုနှစ်ထဲမှာပဲ ရှမ်းလက်နက်ကိုင်အဖွဲ့အစည်းထဲက သမ္မတကြီး စဝ်ရွှေသိုက်၏သားကြီး၊ စဝ်ဆေးဝိုင် ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် ခွန်ကြာနှုန့်ဦးဆေးထင်တို့ ငြိမ်းချမ်းရေး ဆွေးနွေးရန် လွှိုင်လင်မြို့သို့ရောက်ရှိလာပြီး အမှတ်(၁၈) ခြေလျင်တပ်ရင်း အရာရှိရိပ်သာတွင် တစ်ပတ်ခန့်အတူနေ ဆွေးနွေးခဲ့ရသည့်ဖြစ်စဉ်ကတော့ ငြိမ်းချမ်းရေးရဲ့ ကနဦးနိမိတ်ပါပဲဟု တင်ပြရပါသည်။ အရာရှိရိပ်သာတွင် ရင်းရင်းနှီးနှီး အတူနေထိုင်ဆက်ဆံမှုပြုပြီးမှ တောင်ကြီးမြို့ အမှတ်(၄) တပ်မဟာဌာနချုပ်သို့ ပို့ဆောင်ပေးရသည်။ ဒါကတော့ အလွန်ထူးခြားသည့် အမှတ်တရကိစ္စဟု ဆိုရမည်ဖြစ်ပါသည်။

အဆင့်ဆင့်ရာထူးများ

ကျွန်တော်သည် ပြန်တမ်းဝင်အရာရှိ ဒုဗိုလ်အဆင့်မှနေ တပ်မတော်ကပေးအပ်သည့် တာဝန်များကို သစ္စာရှိရှိဖြင့် ကျေပွန်စွာထမ်းရွက်ရင်း ခြေလျင်တပ်ရင်းအသီးသီး၊ ခြေမြန်တပ်မဌာနချုပ်များ၊ တိုင်းစစ်ဌာနချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး စသည်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းရွက်ခဲ့ရသည်။ ကွပ်စုမှူး၊ တပ်ခွဲမှူး၊ စစ်ဦးစီးမှူး (ဒုတိယတန်း)၊ တပ်ရင်းမှူး၊ စစ်ဦးစီးမှူး (ပထမတန်း)၊ နည်းဗျူဟာမှူး စသည်ဖြင့် အဆင့်တိုးမြှင့်ရရှိကာ ၁၉၈၃ ခုနှစ် ဒီဇင်ဘာလတွင် တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးတာဝန်ကို စတင်ထမ်းရွက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် တပ်မမှူး၏ ဦးစီးအရာရှိတာဝန်ထမ်းဆောင်စဉ် ၁၉၆၆ ခုနှစ် ကာလလောက်က ပဲခူးရိုးမပေါ်မှာ အခြေပြုနေတဲ့ ဗကပဗဟိုကို ထိုးစစ်ဆင်ခဲ့တာ တွေ့ပြန်ပြောင်းသတိရမိနေပါသည်။ တပ်မ(၇၇)၏ စစ်ဆင်ရေးတပ်ရင်းများက ဗကပဗဟိုရှာဖွေချေမှုန်းရေးအတွက် အလုအယက်ကြိုးပမ်းနေကြချိန်ဖြစ်သည်။ ပဲခူးရိုးမပေါ်တွင် ခြေရာခံ ခြေရာကောက်နည်းဗျူဟာများနှင့် စစ်ခွေးများကို အသုံးပြုပြီး ပင်ပန်းဆင်းရဲခံကာ ဗကပဗဟို၏ အစအနသတင်းကိုကြိုးစားပမ်းစားဆောင်ရွက်နေကြခြင်းများ၊ ဗကပဗဟိုအဖွဲ့ကလည်း လိမ္မာပါးနပ်စွာဖြင့် အထူးသတိကြီးစွာထားကာ လှည့်ပတ်ရှောင်တိမ်းကြခြင်းများက ဝက်ပါထဲမှာ လိုက်တမ်းပြေးတမ်းကစားနေကြသလို ဖြစ်ပါသည်။

မငြိမ်းသေးသောမီး

ဗကပဗဟိုက အုပ်စုခွဲပြီး ရှောင်ကြတိမ်းကြရင်းနှင့် တိုက်ပွဲငယ်လေးတွေလည်း မကြာခဏဖြစ်ကြ၍ ဗကပခေါင်းဆောင်တစ်ချို့ကျဆုံးသွားကြတာတွေလည်း ကြုံရတွေ့ရပါသည်။ နောက်ဆုံးဗကပဗဟိုဥက္ကဋ္ဌ သခင်သန်းထွန်းဟာ တိုက်ပွဲမှာ ကျဆုံးတာမဟုတ်ဘဲ သူ့ရဲ့အနီးကပ်လက်ရင်းတပည့်၏ လုပ်ကြံမှုဖြင့် ကွဲယ်လွန်သွားခဲ့ရှာသောအဖြစ်နှင့် ကြုံခဲ့ရပါသည်။ ဒီဖြစ်ရပ်တွေဟာ ပြည်တွင်းသောင်းကျန်းမှုသမိုင်းကြောင်းတစ်လျှောက်မှာ မကြာခဏကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်တွေဖြစ်ပါသည်။ ကိုယ့်လူမျိုးအချင်းချင်း၊ ကိုယ့်တိုင်းရင်းသားအချင်းချင်း အတွေးအခေါ် အယူအဆမတူညီကြလို့ ပဋိပက္ခတွေဖြစ်ပြီး ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းရင်းသားအချင်းချင်းဖြစ်ကြသည့် ပဋိပက္ခတွေဟာ ယခုထိမငြိမ်းသေးပါလားလို့ သံဝေဂရမိပါတော့သည်။

ထောက်လှမ်းရေးတာဝန်

တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးတာဝန်ကတော့ အလွန်ကြီးလေးသည့် တာဝန်ပါ။ နိုင်ငံတော်၏ လုံခြုံရေး၊ နိုင်ငံသူ နိုင်ငံသားများ၏ လုံခြုံရေး၊ အကြီးအကဲခေါင်းဆောင်များ၏ လုံခြုံရေး၊ ချစ်ကြည်ရေး ခရီးလာ

www.burmeseclassic.com

www.burmeseclassic.com

ရောက်ကြသည့် ပြည်ပနိုင်ငံအသီးသီး၏ အကြီးအကဲခေါင်းဆောင်များ၏ လုံခြုံရေး တို့ကို အထူးအလေးထားဆောင်ရွက်ရသလို နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်အပေါ် ဆန့်ကျင်မှု အဖျက်အမှောင့်လုပ်ငန်း သတင်းများ ကြိုတင်ရရှိအောင် စုံစမ်းဖော်ထုတ်ပြီး နိုင်ငံတော်အကြီးအကဲထံ အချိန်မီတင်ပြရခြင်း၊ နိုင်ငံတော်အကြီးအကဲ၏ တိုက်ရိုက်တာဝန်ပေးမှုအရ အရေးယူဆောင်ရွက်ရခြင်းစသည့် အလွန်သိမ်မွေ့သောလုပ်ဆောင်မှုများကို ဦးဆောင်ဦးရွက်ပြုဆောင်ရွက်ခဲ့ရပါသည်။

၈၈ အရေးအခင်း

၁၉၈၈ ခုနှစ်ထဲရောက်တော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရ အဖွဲ့အပေါ် ပြည်သူအများစုက အထွေထွေမကျေနပ်မှုများ ဖြစ်ပေါ်လာကာ ဒီမိုကရေစီ လှုပ်ရှားမှုအရေးတော်ပုံကြီး ပေါ်ပေါက်လာမှုနှင့် ကြုံကြိုက်လာခဲ့ ပါသည်။ တစ်နိုင်ငံလုံး အုံးအုံးကျွက်ကျွက်ဆန္ဒပြတောင်းဆိုမှုများနှင့်အတူ မင်းမဲ့ စရိုက်ဆန်သည့်ဖြစ်ရပ်များပါ ရောထွေးပါဝင်လာမှုတွေကြောင့် နိုင်ငံတော်အတွင်း ပိုမိုရှုပ်ထွေးမှုများဖြစ်ပေါ်လာကာ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားကြီးပင် ရပ်တန့်သွားခဲ့သည်မှာ အမှန်ဖြစ်သည်။ တစ်နိုင်ငံလုံးတွင် တရားဥပဒေစိုးမိုးမှုမရှိ၊ လုံခြုံမှုကင်းမဲ့ကာ ခိုးဆိုးလုယက်မှုများ၊ ခေါင်းဖြတ်သတ်ဖြတ်မှုများအထိ မင်းမဲ့စရိုက်ဆန်စွာ ဖြစ်ပေါ်လာမှုများကြောင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးတာဝန် များကို စတင်တာဝန်ယူခဲ့ရသည်။ ထိုအချိန်ကာလတွင် ကျွန်တော်သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ အတွင်းရေးမှူး(၁)တာဝန်ကိုပါ ပူးတွဲ ထမ်းဆောင်ခဲ့ရပါသည်။ အဲဒီတုန်းက ဥက္ကဋ္ဌက ဗိုလ်ချုပ်မှူးကြီးစောမောင်ပါ။ ၁၉၉၂ ခုနှစ်ကျတော့မှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဥက္ကဋ္ဌဖြစ်လာသည်။ နောက်ပိုင်းမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဟူ၍ အစိုးရ အဖွဲ့ကို အမည်ပြောင်းပြီး နိုင်ငံတော်နှင့် ပြည်သူပြည်သားတို့၏ တိုးတက် ဖြစ်ထွန်းမှုအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ ကျွန်တော့်အနေနဲ့ နိုင်ငံတော်က

www.burmeseclassic.com

www.burmeseclassic.com

ပေးအပ်သည့် တာဝန်များကို ဦးလည်မသုံ့ကျေပွန်စွာထမ်းရွက်ခဲ့သည်မှာ အမှန်တရားပဲဖြစ်ပါသည်။

အတွင်းရေးမှူး(၁)တာဝန်

ကျွန်တော့်အနေနှင့် အတွင်းရေးမှူး(၁)တာဝန်ထမ်းဆောင်စဉ်ကာလမှာ နိုင်ငံတော်၏ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရေးအရာကိစ္စရပ် အတော်များများကို ဦးဆောင်ဦးရွက်ပါဝင်ဆောင်ရွက်နေရသော်လည်း နိုင်ငံတော် အကြီးအကဲများ၏ မူဝါဒနှင့် သဘောထားများအပေါ် အခြေခံလျက် **အကန့်စနစ်ဖြင့်** ဆောင်ရွက်ရသည့် ဝန်ကြီးဌာနများလည်းရှိနေသည်။ တပ်မတော်၏ အစဉ်အလာအရ ကျွန်တော့်အနေနှင့် လိုက်နာဆောင်ရွက်ခြင်း၊ ထိန်းသိမ်းဆောင်ရွက်ရခြင်းများရှိခဲ့ပါသည်။ တည့်တည့်လင်းလင်း ပြောရမည်ဆိုလျှင်တော့ ထိုအကန့်စနစ်တွင် ပါဝင်သော ဝန်ကြီးဌာနများမှာ-

(၁) ကာကွယ်ရေး ဝန်ကြီးဌာနဆိုင်ရာ ကိစ္စရပ်များ
(၂) စီးပွားကူးသန်း ဝန်ကြီးဌာနဆိုင်ရာ ကိစ္စရပ်များ
(၃) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဆိုင်ရာ ကိစ္စရပ်များ
(၄) သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနဆိုင်ရာ ကိစ္စရပ်များ
(၅) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဆိုင်ရာ ကိစ္စရပ်များ
(၆) စွမ်းအင်ဝန်ကြီးဌာနဆိုင်ရာ ကိစ္စရပ်များ
(၇) စက်မှုဝန်ကြီးဌာနဆိုင်ရာ ကိစ္စရပ်များ
(၈) သစ်တောရေးရာဝန်ကြီးဌာနဆိုင်ရာ ကိစ္စရပ်များ ဖြစ်သည်။

ဤဝန်ကြီးဌာနများ၏ ဆိုင်ရာကိစ္စရပ်များ ကျွန်တော်စွက်ဖက်ဆောင်ရွက်မှုမရှိသော်ငြားလည်း အဆိုပါဝန်ကြီးဌာနများ၏ အခက်အခဲများရှိလာလျှင်တော့ ကျွန်တော့်အနေနှင့် ပါဝင်ဖြေရှင်း ဆောင်ရွက်ပေးလေ့ရှိခဲ့တာ အမှန်ဖြစ်ပါသည်။ ကျွန်တော့်အနေနှင့် တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်ရသည့် ဝန်ကြီးဌာနများ၏ အရေးအရာကိစ္စရပ်များဆိုသော်ငြားလည်း ပေါ်လစီပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်လာပါက ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ထံမှ လမ်းညွှန်ချက်များ ခံယူ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်လေ့ရှိတာ အမှန်ဖြစ်ပါသည်။ ထို့အပြင် စစ်ဆင်ရေး အထူးအဖွဲ့မှူးများ၊ တိုင်းမှူးများသို့ အကြီးအကဲများ၏ တိုက်ရိုက်တာဝန်ပေးချက်များကိုတော့ အတွင်းရေးမှူး(၁)အနေနှင့် လုံးဝသိရှိခွင့်မရှိဘူးဆိုသည်ကိုတော့ နားလည်သဘောပေါက်ပြီးဖြစ်တာကြောင့် လုပ်ငန်းများ လုပ်ကိုင်အကောင်အထည်ဖော်ရာတွင် အခက်အခဲမရှိလှပါ။ သီးသန့်တာဝန်ပေးခြင်းများဖြစ်တာကြောင့် အကန့်စနစ်ဖြင့် ဆောင်ရွက်ရခြင်းဖြစ်သည်ဟု တပ်မတော်၏အစဉ်အလာအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ခဲ့သည်။

၂၀၀၃ ခုနှစ်ထဲတွင် ကျွန်တော်သည် အတွင်းရေးမှူး(၁)ကနေ ဝန်ကြီးချုပ်အဖြစ် တာဝန်တိုးမြှင့်ခန့်အပ်ခြင်းခံရသော်ငြားလည်း လုပ်ငန်းတာဝန်ပိုင်းဆောင်ရွက်ရာမှာ ထူးခြားမှုမရှိလှပါ။ ထူးခြားသည်ဟူ၍ပြောလို့ရတာကတော့ အာဆီယံအစည်းအဝေးသို့ ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတော်၏ ကိုယ်စားတက်ရောက်ခဲ့ရခြင်း ဖြစ်သည်။

ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်

အလွန်ထူးခြားမှုတစ်ခုကတော့ အနာဂတ်နိုင်ငံတော်အတွက် စနစ်သစ်တစ်ခုထူထောင်ပေးနိုင်မည့် ROAD MAP ဟုခေါ်သည့် ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကို နိုင်ငံတော်အကြီးအကဲ၏ ခွင့်ပြုချက်၊ လမ်းညွှန်ချက်ဖြင့် စတင်အကောင်အထည်ဖော်ပေးနိုင်ခဲ့ခြင်းပဲ ဖြစ်သည်။ **ယနေ့ဖြစ်ထွန်းနေသည့် ဒီမိုကရေစီစနစ်ကြီးကို စတင်အကောင်အထည်ဖော်ပေးနိုင်ခဲ့ခြင်းဖြစ်တာကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှု ဖြစ်စဉ်ကြီးသည် တပ်မတော်အစိုးရက စတင်လမ်းဖွင့် လမ်းခင်းပေးခဲ့ခြင်းဖြစ်သည်ဆိုသည်ကို မည်သူမျှ ငြင်းချက်ထုတ်လို့ မရနိုင်ပါ။**

၂၀၀၃ ခုနှစ်အတွင်းမှာ နိုင်ငံတကာ၏ ဖိအားပေးမှုများ အလွန်ပြင်းထန်နေချိန်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံခေါင်းဆောင်အားလုံး၏ နားလည်မှုရရှိအောင်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကလည်း နိုင်ငံတော်အတွက် ရလဒ်ကောင်းဟူ၍ ဆိုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်တည်ဆောက်ရေး

ကျွန်တော်ဆောင်ရွက်ခဲ့ရသည့် ထူးခြားသည်ကြိုးပမ်းမှုတစ်ခုကတော့ နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းပဲဖြစ်သည်။ ၂၀၀၂ ခုနှစ်လောက်က စပြီး ဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ နေပြည်တော်တည်ဆောက်ရေးကို လျှို့ဝှက်စွာ ဆောင်ရွက်ခဲ့ရသည်။ အိုးအိမ်ဦးစီးဌာနမှ ဗိသုကာများနှင့် ပူးပေါင်းပါဝင် ပံ့ပိုး ဆောင်ရွက်ပေးသူ ဦးဝင်းမြင့် (Town Planner)၏ မြို့ကွက်ပုံဖော်ပေးမှုများဖြင့် အစိုးရရုံးအဆောက်အအုံများ၊ ဌာနဆိုင်ရာအိမ်ရာအဆောက်အအုံများ တည်ဆောက်မှုကို စတင် ဆောင်ရွက်ခဲ့သည်။ ထူးခြားမှုကတော့ လွတ်တော်အဆောက်အအုံများ ပုံစံထုတ်ခြင်း၊ ဗိသုကာပုံစံရေးဆွဲခြင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်တို့အတွက် လိုအပ်သည့် အထောက်အကူပြုအဆောက်အအုံများ ပုံဖော်ရေးဆွဲအကောင်အထည်ဖော်ခြင်းတို့အပြင် သမ္မတနှင့် ဒုတိယသမ္မတများ၏ နေအိမ်အဆောက်အအုံများ၏ ဗိသုကာပုံစံများ ရေးဆွဲအကောင်အထည်ဖော်ပေးခြင်းတို့ကိုပါ စနစ်တကျ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းက ကျွန်တော့်အတွက် ထူးခြားသော ဆောင်ရွက်ပေးခဲ့ရမှုများ ဖြစ်ပါသည်။ ဤလုပ်ငန်းများ အကောင်အထည်ဖော်မှုမှာ အိုးအိမ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့ကျော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်တို့၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများကြောင့်လည်း အခက်အခဲ နည်းသည်လို့ဆိုနိုင်သည်။ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုကိုတော့ စည်ပင်သာယာရေးနှင့် နယ်စပ်ဒေသဝန်ကြီးဌာနဝန်ကြီး ဦးသိန်းညွန့် (ယခုနိုင်ငံတော်သမ္မတရုံးဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ)က တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

လွှတ်တော်အဆောက်အအုံများ ပုံစံထုတ်ခြင်း၊ အကောင်အထည်ဖော်တည်ဆောက်ခြင်းလုပ်ငန်းရပ်အားလုံးကို ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်း (ယခုအားကစားဝန်ကြီးဌာနဝန်ကြီး) က တာဝန်ယူ တည်ဆောက်မှုများပြုလုပ်ပေးခဲ့သည်။

နေပြည်တော် အိမ်ရာစီမံကိန်းဒေသအပြင်ဘက် တပ်ကုန်းမြို့နယ်အတွင်း၌ နိုင်ငံတော်အသံလွှင့်ရုံသစ်ကြီးတည်ဆောက်ရေးအတွက် နိုင်ငံတော်အကြီး

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၀ ပြည့်နှစ် အိမ်ရှေ့မြက်ခင်းပြင်တွင် သမီး၊ သားမက်နှင့် မြေးကလေးများ အမှတ်တရ

အကဲ၏ တာဝန်ပေးချက်အရ လမ်းညွှန်ချက်နှင့်အညီ နေရာရွေးချယ်ကာ ခုံညားထည်ဝါစွာ တည်ဆောက်ပေးမှုကိုလည်း တာဝန်ယူဆောင်ရွက်ပေးခဲ့ရသည်။ တပ်မတော်ပိုင်းဆိုင်ရာ အဆောက်အအုံများကိုတော့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တာဝန်ယူဆောင်ရွက်နေသည်ကိုလည်း သိရှိခဲ့သည်။ ကျွန်တော်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့မှာ နယ်ဘက်နှင့် စစ်ဘက်ကို တာဝန်ခွဲဝေပြီး ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်သည်။

မန္တလေးခရီး

ကျွန်တော့်အနေနှင့် နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းများအားလုံးပြီးမြောက်သည်အထိ ဆောင်ရွက်ခွင့်မရရှိခဲ့ပါ။ တစ်ဝက်တစ်ဖျက်သာ ဆောင်ရွက်ခွင့်ရခဲ့သဖြင့်နောက်ပိုင်းတည်ဆောက်ရေးလုပ်ငန်းများအကြောင်း မသိရှိနိုင်တော့ပါ။

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှာ ရန်ကုန်မှ မန္တလေးသို့ မြန်မာ့လေကြောင်း F-28 လေယာဉ်ဖြင့် ခရီးထွက်ခဲ့သည်။ ခရီးထွက်ရသည့်

www.burmeseclassic.com

www.burmeseclassic.com

အဓိကအကြောင်းရင်းကတော့ သီတဂုဆရာတော်ကြီး ဦးဥာဏာသဿရက ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံမှုလုပ်ငန်းများဆောင်ရွက်ရန် ရှိပါ၍ တကာကြီး ကြွရောက်ပြီး ဦးဆောင်ဦးရွက်မှုပြုလုပ်ပေးရန် ဖိတ်ကြားမှုကြောင့် တစ်ကြောင်း၊ နေပြည်တော်တည်ဆောက်ရေး၏ တိုးတက်မှုအခြေအနေနှင့် ပံ့ပိုးဆောင်ရွက်ဖွယ်ရာများရှိပါကလည်း ဆောင်ရွက်ပေးနိုင်ရန်အတွက်တစ်ကြောင်း၊ ခရီးလမ်းကြောင်းတစ်လျှောက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာ အသီးသီး၏ ဆောင်ရွက်နေမှုများကိုပါ ပံ့ပိုးခြင်း၊ တွန်းအားပေးခြင်း၊ လိုအပ်သော လမ်းညွှန်မှုများပေးနိုင်ရန်အတွက်တစ်ကြောင်းတို့ကြောင့် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် ခရီးထွက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ ရဟတ်ယာဉ်ဖြင့် စစ်ကိုင်းသို့ ဆက်လက်ထွက်ခွာခဲ့ပြီး ဆွမ်းဦးပုညရှင်စေတီတော်သို့ ဦးစွာသွားရောက်ခဲ့သည်။ ရဟတ်ယာဉ်ကွင်းမှာတော့ တိုင်းမှူးဗိုလ်ချုပ်သာအေး (ယခု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်)နှင့် အဖွဲ့လာရောက်ကြိုဆိုကြပါသည်။ ဆွမ်းဦးပုညရှင်စေတီတော်ကြီးတွင် သီတဂုဆရာတော်ကြီးက ကြိုတင်ရောက်ရှိစောင့်ဆိုင်းလျက်ရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။ ကျွန်တော်ရောက်လျှင်ရောက်ချင်း ဆရာဖော်ကြီးက စေတီတော်ကြီးဘက်စုံပြုပြင်မွမ်းမံရေး၊ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ရေးတို့အတွက် လမ်းညွှန်မှုများ ပြုလုပ်သည်ကိုခံယူကာ ဆက်လက်ဆောင်ရွက်ဖွယ်ရာများကို တိုင်းမှူးနှင့်တကွ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆရာတော်ကြီးအား ဂါရဝပြုပူဇော်ကန်တော့ပြီးနောက် မန္တလေးသို့ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကာ တိုင်းရင်းဆေးတက္ကသိုလ်တည်ဆောက်ပြီးစီးမှု၊ ပရဆေးဥယျာဉ်တည်ဆောက်ထားမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်ကို စစ်ဆေးခြင်း၊ မန္တလေးမြို့ အထူးကုဆေးရုံသစ်ကြီးတည်ဆောက်ပြီးစီးမှုစစ်ဆေးခြင်းတို့ကို တောက်လျှောက် ပြုလုပ်ခဲ့သည့်အပြင် ညနေပိုင်းမှာ မန္တလေးမြို့ HIV / AIDS ပြဿနာဖွဲ့ပွသို့

www.burmeseclassic.com

www.burmeseclassic.com

ရတခ မော်လမြိုင်တွင် တိုင်းမှူး၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးခင်ညွန့် နှင့် ဒေါက်တာခင်ဝင်းရွှေ

သွားရောက်အားပေးမှုပြုခဲ့ပါသည်။ ညပိုင်းတွင်တော့ ရုပ်ရှင်အနုပညာရှင်ကြီး အမေဒေါ်မေရှင်ထံ သွားရောက်ဂါရဝပြုကန်တော့မှု ပြုလုပ်ခဲ့သည်။

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့မှာ ရဟတ်ယာဉ်ဖြင့် သာစည်မြို့သို့ထွက်ခွာပြီး မြို့နယ်၏ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို မြို့နယ်တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းကာ လိုအပ်သော ပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့သည်။

ယင်းမှတစ်ဆင့် နေပြည်တော်မြို့သစ်တည်ဆောက်ရေးလုပ်ငန်းများ၊ တိုးတက်မှုအခြေအနေများ စစ်ဆေးရန် ဆက်လက်ထွက်ခွာခဲ့သည်။ နေပြည်တော်မြို့သစ်သို့ ရောက်သည့်အခါ တာဝန်ရှိသူအသီးသီးနှင့် တွေ့ဆုံညှိနှိုင်းကာ တည်ဆောက်ရေးလုပ်ငန်းတိုးတက်မှုများကို လှည့်လည်ကြည့်ရှုပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

လွှတ်တော် အဆောက်အအုံများ၊ သမ္မတအိမ်တော်၊ ဒုတိယသမ္မတအိမ်တော်များ၊ မြို့တော်ခန်းမတို့ကို တစ်ခုပြီးတစ်ခု ပန္နက်တင် အုတ်မြစ်စိမဂ််လာအခမ်းအနားများကို လှည့်လည်ဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန်ပြန်ရောက်တော့

နေ့လယ်ပိုင်းတွင် ခပေါင်းဆည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရဟတ်ယာဉ်ဖြင့် သွားရောက်စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် တောင်ငူသို့ ဆက်လက်ထွက်ခွာခဲ့သည်။ တောင်ငူတွင် ကြိုတင်ရောက်ရှိနေသည့် မြန်မာ့လေကြောင်းမှ F - 28 ဖော်ကာလေယာဉ်ပေါ်သို့ ပြောင်းရွှေ့တက်ရောက်ကာ ရန်ကုန်သို့ ဆက်လက် ထွက်ခွာခဲ့သည်။ ညနေ ၅ နာရီလောက်မှာ မဂ််လာခုံလေဆိပ်သို့ ရောက်ရှိခဲ့သော်လည်း အလွန်ထူးခြားမှုရှိသည်ဟုတော့ စိတ်ထဲတွင် မထင်မိတာအမှန်ဖြစ်ပါသည်။ လေဆိပ်မှ မိမိရုံးခန်းရှိရာ စစ်ရုံးချုပ်သို့ ထွက်ခွာခဲ့ပြီး မိမိ၏ရုံးခန်း အတွင်းသို့ ဝင်ရောက်ခဲ့သည်အထိ မိမိစိတ်တွင် ထူးခြားမှုရှိသည်ဟု မထင်မိသေးပါ။ မိမိရုံးခန်းအတွင်းရောက်၍ ငါးမိနစ်ခန့်အကြာမှာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သူ့ရုံးခန်းသို့လာရောက်ရန်ခေါ်သဖြင့် ခရီးစဉ်အတွင်း ဆောင်ရွက်ခဲ့သည့်များကို ပြင်ဆင်ယူဆောင်ကာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ရုံးခန်းသို့ ဝင်ရောက်လိုက်သည်တွင် ထူးခြားမှုကတော့ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့ ရောက်ရှိနေသည်ကို တွေ့ရသဖြင့် ထူးခြားမှုတော့ ဖြစ်နေပြီလို့ ထင်လိုက်မိပါသည်။ သိပ်မကြာလိုက်ပါ၊ ကုလားထိုင်တွင် ထိုင်တောင်မထိုင်လိုက်ရသေးပါ။ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက "ဗိုလ်ချုပ်ခင်ညွှန့် ခင်ဗျားအခုအိမ်ကိုပြန်နေလိုက်ပါ၊ ခင်ဗျားရဲ့ တပည့်တွေကိုလည်း ခေါ်ယူမေးမြန်းမှုတွေ လုပ်နေပါပြီ၊ အိမ်ရောက်ရင်တော့ ဘယ်မှမသွားပါနဲ့တော့၊ အိမ်မှာပဲနေပါ" လို့ပြောလိုက်တော့ ကျွန်တော်သိပါပြီ၊ ကျွန်တော့်ကို အရေးယူလိုက်ကြပြီပေါ့၊ သူ့စကားလည်းဆုံးရော ကျွန်တော့်သား တပ်ရင်းမှူးကော ဘယ်မှာလဲ၊ သူ့ကိုရော ဘာလုပ်ထားသလဲဟု မေးလိုက်တော့ "ခင်ဗျားသားကိုလည်း တစ်နေရာကိုခေါ်ထားပြီးပါပြီ၊ မေးစရာ

www.burmeseclassic.com

www.burmeseclassic.com

ရှိတာတွေလည်း မေးမြန်းနေကြပြီ၊ ခင်ဗျားသာ အိမ်ကိုအမြန်ပြန်နေပါ''ဟု ပြန်ပြောသည်။ ကျွန်တော်သိလိုက်ပါပြီ၊ ကျွန်တော့်ကို အချုပ်သားလို ပြုလိုက်ပြီဆိုတာ သိလိုက်သည်နှင့် ကျွန်တော်တုန်လှုပ်ခြောက်ခြားမှုမဖြစ်လိုက်ပါဘူး။ စောစောပိုင်းကတည်းက ကျွန်တော့်အပေါ် အမြင်မကြည်လင်ဘူးဆိုတာ သိထား၍ တုန်လှုပ်စရာမဖြစ်တာ အမှန်ပါပဲ။ ဒါနဲ့ ကျွန်တော်လည်း ''အေး သိပ်ကောင်းတာပေါ့ဗျာ၊ အေးအေးချမ်းချမ်းနေရတာပေါ့ဗျာ၊ ကျေးဇူးတင်ပါတယ်'' ဟု ခတ်ပြတ်ပြတ်ပြောပြီး အဲဒီအခန်းကနေ မိမိရုံးခန်းရှိရာသို့ ခပ်သုတ်သုတ်ဆင်းခဲ့ပါသည်။ ကျွန်တော့်ဘေးမှာတော့ စစ်ရုံးချုပ်က စခန်းမှူး ဗိုလ်မှူးချုပ်လှအောင်သိန်းက ကပ်လိုက်ပါလာသည်။ ကျွန်တော့်ရုံးခန်းအတွင်း ခဏဝင်ခွင့်တောင်းပြီး ယူစရာပစ္စည်းလေးများကို အိတ်ထဲသိမ်းကျုံးထည့်လိုက်သည်။ ငါးမိနစ်လောက် ကြာမည်ထင်ပါသည်။ စာအုပ်စာတမ်းများ ဘာမှမယူဖြစ်ပါ။ သံသယဖြစ်နေမည်စိုးသဖြင့် ကျွန်တော့်ကိုယ်ပိုင် စာအုပ်စာတမ်း ပစ္စည်းပစ္စယအားလုံးထားခဲ့ပြီး အိမ်ကို အမြန်ဆုံးထွက်ခဲ့ပါသည်။ ကျွန်တော့်ဘေးမှာ စခန်းမှူး ဗိုလ်မှူးချုပ်လှအောင်သိန်းက ကပ်ပြီးလိုက်လာတော့ ''ငါတော့ တရားခံဖြစ်နေပါပေါ့လား''ဟူ၍ စိတ်ထဲမှာ

အာဆီယံအဖွဲ့၏ ဝန်ကြီးအဆင့်အစည်းအဝေးတစ်ခုကို မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပစဉ် အတွင်းရေးမှူး(၁)အနေနှင့် အဖွင့်မိန့်ပွန်းပြောကြားပြီး သံတမန်များနှင့် တက်ရောက်သူများကိုနှုတ်ဆက်စဉ်

www.burmeseclassic.com

www.burmeseclassic.com

ထင်လိုက်မိတာအမှန်ဖြစ်ပါသည်။ အိမ်ရောက်တော့ ကျွန်တော်၏အိမ်မှာရှိနေကြသော လုံခြုံရေးတပ်စိတ်ကိုလည်း လက်နက်များသိမ်းပြီး ဖမ်းဆီးခေါ်ဆောင်သွားကြတာ တွေ့နေမြင်နေရတော့ ချက်ချင်းသံဝေဂရမိပါသည်။ ဘာမျှမမြဲပါလားဆိုတာ အမှန်တရားပါလားဟူ၍...။

တယ်လီဖုန်းလည်းဖြတ်လိုက်ပြီ

ကျွန်တော်လည်း အိမ်ရောက်ရောက်ချင်းပဲ မြို့ထဲကို ရောက်နေကြတဲ့ သားငယ် ဒေါက်တာရဲနိုင်ဝင်းနဲ့ဇနီး၊ သမီး သင်းမြတ်မြတ်ဝင်းနှင့် သူ၏ခင်ပွန်း မောင်တင်ထွန်ဦးတို့ကို တယ်လီဖုန်းဖြင့် ဆက်သွယ်၍ အိမ်သို့အမြန်ပြန်လာကြရန် ခေါ်လိုက်ရသည်။ အဲဒီအချိန်ကစ၍ တယ်လီဖုန်းလည်းဖြတ်လိုက်ပြီး အပြင်လောကနှင့်လည်း အဆက်အသွယ်လုံးဝပြတ်တောက်သွားပါပြီ။ အချိန်ကာလကတော့ ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့ ညပိုင်းကစ၍ အိမ်ပတ်ဝန်းကျင်မှာ လုံခြုံရေးတပ်ဖွဲ့တွေ အထပ်ထပ်ချထားပြီး အောက်တိုဘာလ ၁၈ ရက်နေ့မှာတော့ CCTV ကင်မရာတပ်ဆင်မှုတွေ၊ တပ်အင်အား တိုးချဲ့ချထားမှုတွေ ထပ်လုပ်ပါသည်။ အောက်တိုဘာလ ၁၉ ရက်နေ့မှာတော့ နိုင်ငံတော်ကထုတ်ပေးထားသည့် ကားအားလုံးလာရောက်သိမ်းယူသွားကြတာကိုလည်း မြင်တွေ့နေရသည်။ ကျွန်တော်ကတော့ တရားသဘောနှင့် ရှုမြင်တတ်နေပြီဖြစ်၍ ထူးထူးခြားခြား တုန်လှုပ်မှုတော့ မဖြစ်မိပါ၊ နောက်ထပ်ဘာဖြစ်ဦးမလဲဆိုတာကိုပဲ ကြိုတင်တွေးနေမိပါတော့သည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့မှာ သားငယ် ဒေါက်တာရဲနိုင်ဝင်းနှင့် သားမက် မောင်တင်ထွန်ဦးတို့ကို စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့်အဖွဲ့လာရောက်ခေါ်သဖြင့် ထည့်ပေးလိုက်ရသည်။ **ဒါတွေကတော့ ကျွန်တော့်ဘဝရဲ့ အလှည့်အပြောင်းဖြစ်စဉ်တွေပါပဲ။ ဘဝရဲ့ အတက်အကျ၊ အနိမ့်အမြင့်၊ အလှည့်အပြောင်းဆိုတာဟာ ပုထုဇဉ်လူသားတွေမှာ ဖြစ်မြဲဓမ္မတာပဲ ဖြစ်ပါတယ်။ အရမ်းကြီး တုန်လှုပ်ခြောက်ခြားမှု၊ စိတ်ဓာတ်မခိုင်မာမှု မဖြစ်ဖို့သာ အရေးကြီးပါသည်။ သတိ၊ သံဝေဂဖြင့် မိမိ၏စိတ်ကို ခိုင်မာအောင်ထိန်းသိမ်းနိုင်ခဲ့ပါသည်ဟူ၍ ကိုယ့်ကိုယ်ကိုဝေဖန်နေမိပါတော့သည်။**

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂

အမှတ် ၂၇ နဝဒေးလမ်းနေအိမ်တွင် ပထမအကျယ်ချုပ်ကာလ

၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့မှစတင်၍ နေအိမ်ပတ်လည်တွင် တပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် တင်းကျပ်စွာစောင့်ကြပ်နေကြသလို ခြံစည်းရိုးပတ်လည်တွင်လည်း CCTV ကင်မရာများတပ်ဆင်ကာ ကျွန်တော်နှင့်မိသားစုများ၏ လှုပ်ရှားမှုများကို စောင့်ကြပ် စောင့်ကြည့်မှုများဆက်၍ လုပ်နေကြပါသည်။ တယ်လီဖုန်းများဖြုတ်သိမ်းခြင်း၊ ဂြိုဟ်တုရုပ်သံဖမ်းစက်ကိုပါ ဖြုတ်သိမ်းလိုက်ကာ ပတ်ဝန်းကျင်ရော ပြင်ပလောကနှင့်ပါ လုံးဝအဆက်အသွယ်ပြတ်သွားပါသည်။ အိမ်အတွင်းရှိ မိသားစုအားလုံးအိမ်ဝင်းအပြင်သို့ ထွက်ခွင့်မရတော့ပါ။ နေ့စဉ်ဈေး ဝယ်ယူမှုကိုတော့ စစ်သည်တစ်ဦးကိုတာဝန်ပေး၍ ဝယ်ယူပေးခြင်းမျိုး စီစဉ်ပေးထားပါသည်။

ထိုအချိန်ကာလတုန်းက မိမိနေအိမ်အတွင်း၌ ကျွန်တော်နှင့် ဇနီး ဒေါ်ခင်ဝင်းရွှေ၊ သားငယ် ဒေါက်တာရဲနိုင်ဝင်း၏ဇနီး စင်ကာပူနိုင်ငံသူ မရီလဲ့ဝင်း (Veronica) နှင့် လူမမယ်ကလေးသုံးယောက်၊ သမီးငယ် မဓွေးမြတ်မြတ်ဝင်းနှင့် သားနှစ်ယောက်၊ အိမ်အကူလေးယောက်တို့ အတူရှိနေကြပါသည်။ သမီး၏ သားအကြီး မောင်သန့်ဘုန်းမြတ်သူတစ်ဦးသာ စတုတ္ထတန်းတွင် ပညာသင်ကြားနေသူဖြစ်ပြီး ကျွန်ကလေးများမှာ ကျောင်းမနေသေးသည့် လူမမယ်များသာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြပါသည်။ နေအိမ်အတွင်းရှိနေသူအားလုံး အပြင်ထွက်ခွင့်မရသဖြင့် စတုတ္ထတန်းတွင် ပညာသင်ကြားနေသူ မြေးကလေး မောင်သန့်ဘုန်းမြတ်သူလည်း တစ်နှစ်ကျောင်းတက်ခွင့် မရလိုက်တော့ပါ၊ သို့သော်ဒီမြေးကလေးသည် ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်မှုရရှိသွားပြီးဖြစ်တာကြောင့် ဒီတော့မှ စိတ်အေးသွားရပါသည်။

သားကြီး မောင်ဇော်နိုင်ဦး၏ မိသားစုကတော့ ပါရမီလမ်းမှာ သီးခြားနေထိုင်ကြတာကြောင့် သူတို့နှင့်အဆက်အသွယ်မရတော့သဖြင့် ချွေးမနှင့် မြေးများ ဘယ်လိုနေကြသည်ဆိုတာ မသိနိုင်တော့ပါ။ သူတို့အတွက်လည်း ပူပန်မှုတော့ ဖြစ်မိတာအမှန်ပါပဲ၊ ရတနာသုံးပါးကိုသာ ဦးထိပ်ပန်ဆင်ပြီး မကောင်းသောဘေး၊ မကောင်းသော အန္တရာယ်အပေါင်းက လွတ်မြောက်ဖို့ကိုသာ နေ့စဉ်ဘုရားမှာ ဆုတောင်းနေရပါသည်။

အင်းစိန်အထူးတရားရုံးတွင် စစ်ဆေးမှုခံယူခြင်း

ကျွန်တော်သည် တပ်မတော်တွင် ၄၅ နှစ်ခန့် တာဝန်ကျေပွန်စွာ သစ္စာရှိရှိဖြင့် နိုင်ငံတော်၏တာဝန်၊ တပ်မတော်၏တာဝန်အရပ်ရပ်ကို ထမ်းရွက်ခဲ့ပါသော်လည်း "သူတည်းစာစ်ယောက်

ကောင်းဖို့ရောက်မှ

သူတစ်ယောက်မှာ

ပျက်လင့် ကာသာ

ဓမ္မတာတည်း"

ဆိုသည့် အနန္တသူရိယအမတ်ကြီး၏ သံဝေဂလင်္ကာ တစ်ပုဒ်ကို အမှတ်ရလိုက်မိ စဉ်မှာတော့ ကျွန်တော့်အတွက် ကံကောင်းလေခြင်းဟူ၍ မှတ်ယူလိုက်မိ ပါသည်။

ဖြစ်စဉ်ဖြစ်ရပ်ကတော့ ဒီလိုပါ၊ ကျွန်တော့်ကို နေအိမ်အတွင်း အကျယ်ချုပ်ဖြင့်ထိန်းသိမ်းထားစဉ်ကာလ ၂၀၀၅ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့ ည ၇ နာရီ မိုးတစိမ့်စိမ့်ရွာနေတုန်းမှာ ရဲချုပ်ခင်ရီ ဦးဆောင်သည့် ပြည်သူ့ရဲတပ်ဖွဲ့ပေါင်းစုံ အင်အား ၃၀ လောက်ရှိမည်ထင်ပါသည်။ ကျွန်တော့်အိမ်ဝင်းထဲကို မောင်တော်ယာဉ်

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် ဒေါက်တာခေါ်ခင်ဝင်းရွှေ

တန်းကြီးဖြင့် ဝင်ရောက်လာခဲ့ပြီး အိမ်တံခါးဖွင့်ခိုင်းပါသည်။ ကျွန်တော် သိလိုက်ပါပြီ၊ ဒါငါ့ကိုလာခေါ်တာပဲဖြစ်မည်၊ ကိုယ်ကလည်းလာခေါ်ရင် လိုက်ဖို့ ကြိုတင်ပြင်ဆင်ထားပြီးဖြစ်တာကြောင့် သိပ်တော့မအံ့သြမိပါ၊ တံခါးသော့ယူပြီး အိမ်တံခါးကို ဖွင့်ပေးလိုက်သောအခါ အိမ်အတွင်းအုပ်စု့ လိုက်ဝင်လာပြီး ဓာတ်ပုံတွေရိုက်၊ ဗီဒီယိုတွေရိုက်နှင့် တော်တော်အလုပ်ရှုပ်သွားကြတာပါပဲ။ အဲဒီ အချိန်က အိမ်ရှေ့ဧည့်ခန်းထဲမှာ မီးပျက်နေ၍ ဦးခင်ရီဖုန့်အဖွဲ့ကို ထမင်းစားခန်းထဲ ကိုခေါ်လာပြီး ထမင်းစားစာပွဲမှာပဲ ထိုင်လိုက်ကြပါသည်။ အကျိုးအကြောင်းမေး

www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့ ကျွန်တော်နှင့် ဇနီးကိုလာခေါ်တာပါဟု ရဲချုပ်ကပြောပါသည်။ ကျွန်တော်ရော၊ ကျွန်တော့်ဇနီးကိုရော နှစ်ယောက်စလုံးကို အရေးယူမှာလားဟု မေးလိုက်တော့ မဟုတ်ပါဘူးတဲ့။ ကျွန်တော့်ဇနီးကိုတော့ အဖော်အဖြစ်နဲ့ ခေါ်တာပါဟု ပြောတော့မှ တော်သေးတာပေါ့ဟူ၍ စိတ်ထဲမှာဖြစ်လိုက်မိပါသည်။ အဲဒီနောက် ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက် ယူစရာပစ္စည်းပစ္စယတွေ ကမန်းကတန်း အိတ်တွေထဲထည့်ယူပြီး သူတို့ခေါ်ရာကို လိုက်ခဲ့ရတာပါပဲ။

အိမ်မှာတော့ သမီး သင်းမြတ်မြတ်ဝင်းနှင့် ဒေါက်တာရဲနိုင်ဝင်း၏ဇနီး၊ မြေးများကျန်ခဲ့ရာ သမီးကိုပဲ မိသားစုအားလုံးကို ထိန်းသိမ်းဖို့၊ အစစအရာရာ ဂရုစိုက်ကြဖို့၊ ကလေးများကိုလည်း လိမ်လိမ်မာမာနေကြဖို့မှာကြားခဲ့ရသည်။ ကျွန်တော်ကတော့ သီတဝူ ဆရာတော်ကြီးချီးမြှင့်ထားတဲ့ လွယ်အိတ်ထဲမှာ ဘုရား၊ တရားစာအုပ်တွေနှင့် ဘုရားဆင်းတုတော်တစ်ဆူတို့ကို ကြိုတင်စီစဉ်ထားပြီးဖြစ်တာနဲ့အညီ အဲဒီ လွယ်အိတ်ကိုလွယ်လျက် အဝတ်အစားထည့်အိတ်တစ်လုံးကို ယူဆောင်ခဲ့ပြီ ဇနီးခေါ်ခင်ဝင်းရွှေ ကလည်း အဝတ်အစားထည့် အိတ်တစ်လုံးကို ယူပြီး လိုက်ပါခဲ့သည်။ ဒီလိုနှင့် သူတို့ခေါ်ရာလိုက်လာလိုက်ကြတာ အင်းစိန်ထောင်ကြီးဘေးက ရဲဇည့်ရိပ်သာကိုဝင်လိုက်တော့ တော်သေးတာပေါ့ဟု ထင်လိုက်မိပါသည်။ စောစောကတော့ ထောင်ထဲကိုခေါ်သွားမယ်လို့ထင်နေတာ ဇည့်ရိပ်သာထဲခေါ်သွားတော့မှ စိတ်ထဲမှာ အေးချမ်းသွားမိပါသည်။

အကျဉ်းထောင်ဇည့်ရိပ်သာမှာ အကျဉ်းဦးစီးဌာနညွှန်ချုပ်ဦးဇော်ဝင်းနှင့်အဖွဲ့က စောင့်ကြိုနေကြပြီး ကျွန်တော်တို့ကို ဇည့်ရိပ်သာအတွင်း လိုက်လံပြသကာ နေရာချထားပေးသည်။ မနက်ဖန် မနက် ၉ နာရီ အထူးတရားရုံးမှာ အမှုရင်ဆိုင်ဖို့မှာကြားပြီး ရဲချုပ်နှင့်အဖွဲ့ရော၊ ညွှန်ချုပ်နှင့်အဖွဲ့ရော အားလုံးနှုတ်ဆက်ကာပြန်သွားကြတော့ ကျွန်တော်တို့နှစ်ယောက်သာကျန်ခဲ့တော့သည်။ ဇည့်ရိပ်သာမှာတော့ ကောင်းကောင်းမွန်မွန်ဇည့်ခံပြုစုပေမယ့် အဲဒီညမှာတော်တော်နှင့် အိပ်မပျော်နိုင်ပါ၊ အိမ်မှာကျန်ခဲ့သည့် ကလေးများအတွက် စိတ်မချနိုင်ပဲ ဟိုတွေး ဒီတွေးနဲ့ပဲ မိုးလင်းသွားတော့သည်။ အိမ်မှာကျန်ခဲ့တဲ့လူမမယ်လေးတွေ အတွက် စိတ်မအေးတာကတော့အမှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com

အမှု ၈ မှ ၊ ထောင်ဒဏ် ၄၄ နှစ်

နောက်တစ်နေ့ ဇူလိုင်လ ၆ ရက်နေ့မှာ အင်းစိန်ထောင်ဝင်းအတွင်းပြုလုပ်သည့် ရန်ကုန်တိုင်းအထူးတရားရုံးတွင် စွဲချက်အမှုပေါင်း ၈ မှုဖြင့် စသုံးလုံးက တရားလိုပြုလုပ်ပြီး ရုံးတင်တရားစွဲခြင်းဖြစ်ပါသည်။ စွဲချက်အမှုအားလုံးလိုလိုကတော့ အဂတိလိုက်စားမှုမှာ တာဝန်ရှိသူအဖြစ်ဖြင့် စွဲချက်တင်ခြင်းဖြစ်သည်။ အမှုတစ်မှုချင်း၏ စွဲဆိုချက်ကို တရားသူကြီးက တစ်မှုချင်းအကျဉ်းချုပ်ကို ရှင်းပြကာ ဇူလိုင်လ ၁၂ ရက်နေ့တွင် ရုံးချိန်းပေးပြီး အမှုတစ်မှုချင်း အမှုတွဲများကိုလည်း ကူးယူခွင့်ပြုလိုက်ပါသည်။ တရားသူကြီးများကတော့ ဦးအောင်ငွေ၊ ဦးကျော်ညွှန့် နှင့် ဦးဉာဏ်ဝင်းတို့ဖြစ်ကြသည်။

ကျွန်တော်ကလည်း ရှေ့နေမင်ဘားပဲ ကိုယ်တိုင်လျှောက်လဲမှာ ဖြစ်တာကြောင့် အမှုတစ်မှုချင်းအလိုက်အသေးစိတ်ဖတ်ရှုကာ ကိုယ်တိုင်လျှောက်လဲမှုပြုခဲ့ပါသည်။ ရုံးချိန်းသုံးကြိမ်ခန့် ပြုလုပ်ပြီး ၂၀၀၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့မှာ ထောင်ဒဏ် ၄၄ နှစ်ချမှတ်အပြစ်ပေးခဲ့ခြင်းကို ခံခဲ့ရပါသည်။ သို့သော်ငြားလည်း အကြီးအကဲ၏သနားညှာတာမှုဖြင့် ပြစ်ဒဏ်ကိုဆိုင်းငံ့ထားကာ မိမိနေအိမ်တွင် အကျယ်ချုပ်ဖြင့် နေခွင့်ပြုလိုက်သဖြင့် တာဝန်ရှိသူအသီးသီးကို အလွန်ကျေးဇူးတင်မိပါသည်။

ပြစ်ဒဏ်ဆိုင်းငံ့ထားမှုနှင့် နေအိမ်တွင် အကျယ်ချုပ်ဖြင့်နေခွင့်ပြု ခြင်းကို ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဧည့်ရိပ်သာသို့လာရောက်ပြီး ရှင်းလင်းပြခြင်းနှင့်ပတ်သက်၍လည်း အကြီးအကဲများကို အလွန်အလွန်ကျေးဇူးတင်မိတာ အမှန်ပါပဲ။

အထူးတရားရုံးက စီရင်ချက်ချမှတ်မည့်ရက် မတိုင်ခင် ညကအဖြစ်အပျက်လေးကို ပြန်ပြောချင်ပါသေးသည်။ အဲဒီနေ့ညက ကျွန်တော်တို့ ဇနီးမောင်နှံဟာ နောက်ဆုံးအတူနေကြရတဲ့ညပဲ၊ မနက်ဖန်ဆိုရင် ငါ့ကို့ခွဲကြရတော့မယ်၊ ငါ့ကို ဘယ်ထောင်ပို့မလဲမသိဘူး၊ အင်းစိန်တော့မဟုတ်ဘူး၊ တခြားတစ်နေရာပို့မှာပဲ၊ မင်းအိမ်ပြန်ရောက်ရင် မိသားစုကိုမပြိုကွဲရအောင်ထိန်းပါ။ မြေးတွေပညာတတ်အောင်သင်ပေးပါ၊ သားတွေရော၊ သားမက်ရော ဘယ်ထောင်မှာထားသလဲ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာလည်းမသိဘူး။ နောက်ထောင်ဝင်စာတွေ့ခွင့်ရတဲ့အချိန်ကျရင်တော့ သတင်းစုံ ကြားရမှာပေါ့ကွာ၊ မင်းရဲ့ကျန်းမာရေးလည်းဂရုစိုက်၊ ဘုရားတရားအလုပ်ကို အမြဲ ဂရုစိုက်လုပ်ပါ။ ငါလည်းကျန်းမာရေးဂရုစိုက်မယ်။ ထောင်ထဲမှာ ဘုရားတရား အလုပ်ကိုပဲ လုပ်နေမယ်၊ ငါ့အတွက် ဘာမှမပူနဲ့၊ ကလေးများအားလုံးကိုလည်း ဂရုစိုက်ပါ'' ဟူ၍ မှာတမ်းရှည်ကြီးမှာရင်း မိုးလင်းခဲ့သောည ဖြစ်ခဲ့ပါသည်။

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလတွင် ဝန်ကြီးချုပ် ဦးခင်ညွှန့်၏ နောက်ဆုံးခရီးစဉ်အဖြစ် စစ်ကိုင်းသို့ ရောက်စဉ် ဆရာမများက လေယာဉ်ကွင်းမှ ကြိုဆိုခဲ့ကြစဉ်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃

အမှတ် ၂၇ နဝဒေးလမ်းနေအိမ်တွင် ဒုတိယအကျယ်ချုပ်ကာလ

ကျွန်တော်ကို ထောင်ဒဏ် ၄၄ နှစ် ပြစ်ဒဏ်ချမှတ်ပြီးနောက် နေ့လယ်ပိုင်းမှာ ပြည်ထဲရေးဝန်ကြီးသည် ကျွန်တော်ကိုထားသည့်ဧည့်ရိပ်သာကို ရောက်လာပြီး ပြစ်ဒဏ်ကိုဆိုင်းငံ့ထားပြီး မိမိနေအိမ်တွင် အကျယ်ချုပ်ဖြင့်နေခွင့်ပြုကြောင်းကို ရှင်းလင်းပြလိုက်သည့်အခါ ကျွန်တော်ရော ကျွန်တော်ဇနီးပါ အလွန်ပင်ဝမ်းမြောက်ဝမ်းသာဖြစ်မိတာအမှန်ပါပဲ။ အကြီးအကဲများကိုလည်း ကျေးဇူးတင်မဆုံးဖြစ်ရသည်။ ဒါကြောင့်လည်း အဲဒီနေ့ညနေမှာ ကျွန်တော်ဇနီးက ဝမ်းသာလွန်းသဖြင့် သီချင်းတွေဆိုမိတာတောင် မှတ်မိပါသည်။ ၂၀၀၅ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့ညပိုင်း ကျတော့ ကျွန်တော်တို့ကို နေအိမ်ကိုပြန်ပို့သည့်အခါ အိမ်မှာကျန်ခဲ့သည့်သမီး၊ ချွေးမနှင့် မြေးများပါဝမ်းသာလွန်းလို့ပေါ့။ တစ်ချိန်တည်းမှာပဲ သားများကိုပါ မိမိတို့ နေအိမ်မှာအကျယ်ချုပ်ဖြင့် ပြန်နေခွင့်ပြုသည့် သတင်းလည်းကြားရတော့ အကြီးအကဲ များကို အလွန်ကျေးဇူးတင်မိပါတော့သည်။

ဒုတိယအကြိမ် အကျယ်ချုပ်နေရစဉ်ကာလမှာတော့ လုံခြုံရေးအစီအမံပြောင်းလဲလိုက်သည်ကိုတွေ့ရပါသည်။ တပ်မတော်လုံခြုံရေးတပ်ဖွဲ့တွေနေရာမှာ ပြည်သူ့ရဲတပ်ရင်းကလုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အစားထိုးလိုက်ပြီး အိမ်ဝင်းအတွင်း အနီးကပ်လုံခြုံရေးကိုတော့ သတင်းတပ်ဖွဲ့ (S.B) ကို တာဝန်ပေးလာတာကို

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူး(၁)ဘဝက ကျွန်တော် ကျောက်တန်းမြို့ကို ရောက်ရှိစဉ် ကျွန်တော် ပညာသင်ယူခဲ့သော အထက်တန်းကျောင်းမှ အငြိမ်းစားဆရာ၊ ဆရာမကြီးများကို ဂါရဝပြုကန်တော့ခဲ့စဉ်

တွေ့ရသည်။ ထူးခြားမှုကတော့ကလေးငယ်များကျောင်းတက်ခွင့်ပြုလိုက်တာရယ်၊ သမီးကိုဈေးသွားခွင့်ပြုလိုက်တာရယ်က ဝမ်းသာစရာပါပဲ။ အိမ်ဝင်းအပြင်ထွက်တိုင်းကားပေါ်မှာတော့ သတင်းတပ်ဖွဲ့က အရာရှိတစ်ဦး အမြဲလိုက်ပါ စောင့်ရှောက်ပေးပါသည်။ ပထမအကြိမ်နေအိမ်အကျယ်ချုပ်ထက် ဖြေလျှော့ပေးမှုများ အသင့်အတင့်ရှိလာတာဖြစ်၍ ဝမ်းသာစရာပါပဲ။ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်မိပါတော့သည်။ ဒါပေမဲ့အပြင်လောကနှင့်တော့ အဆက်အသွယ် မလုပ်ရ။ ယင်းတို့၏နေအိမ်အသီးအသီးမှာ အကျယ်ချုပ်ပြုလုပ်ထားသည့် သားများနှင့်လည်း အဆက်အသွယ်မရှိပါ။ အဆက်အသွယ်လုပ်၍မရ၊ တယ်လီဖုန်းအဆက်အသွယ်ကတော့ဖြတ်တောက်ထားဆဲဖြစ်ပါသည်။ သားမက်ကိုတော့ ရန်ကုန်နှင့် အလှမ်းဝေးသော ထောင်တစ်ခုတွင် ပြစ်ဒဏ်ချမှတ်ထားဆဲဆိုတာ သိရပါသည်။ သမီးနှင့်သူ့ခင်ပွန်းတို့ အဆက်အသွယ်မရကြတော့ပါ၊ ထောင်ဝင်စားသည်းမတွေ့ကြရပါ။ ဒီတစ်ခုတော့ စိတ်မကောင်းဖြစ်မိတာအမှန်ပါပဲ။ ဒါပေမဲ့ မြေးလေးတွေ၏

www.burmeseclassic.com

www.burmeseclassic.com

ပညာရေးအတွက်ကတော့ ပူပန်စရာမလိုတော့ဘူးဆိုတဲ့ အသိကြောင့် စိတ်သက်သာရာရရှိခဲ့သည်ဟု ဆိုချင်ပါသည်။

ကျွန်တော့်အနေနှင့် ယခုမှအေးချမ်းတဲ့ဘဝကို ရောက်ရှိလာပြီဟုခံယူမိပါသည်။ ယခင်တာဝန်ထမ်းဆောင်စဉ်ကာလက နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် တိုင်းရင်းသားဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေ၊ အမျိုး၊ ဘာသာ၊ သာသနာရေးဆိုင်ရာလုပ်ငန်းတွေ၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာတွေ၊ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်တွေနှင့် ကျေးလက်ဒေသတွေ ဖွံ့ဖြိုးရေးအတွက် ခွင့်ပြုချက်အရ တတ်စွမ်းသမျှ စေတနာထားဆောင်ရွက်ခဲ့တာ အမှန်ဖြစ်ပါသည်။ နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဒုတိယဥက္ကဋ္ဌဒုဗိုလ်ချုပ်မှူးကြီးမောင်အေးက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်တာကြောင့် ပါဝင်စွက်ဖက် ဆောင်ရွက်ခဲ့ခြင်းမပြုပါ။ သို့သော် ပြည်သူ့အများ၏ လိုအပ်ချက်မှန်သမျှကိုတော့ မိမိစွမ်းနိုင်သမျှ တာဝန်ယူ ဆောင်ရွက်ခဲ့တာချည်းဖြစ်ပါသည်။

ယခုတော့ ဒီတာဝန်တွေမရှိတော့တာကြောင့် အိမ်ခြံဝင်းထဲဆင်းလမ်းလျှောက်၊ သစ်ပင်ပန်းပင်များပြုစုခြင်း၊ အသစ်စိုက်ပျိုးခြင်းနှင့် ဘုရားခန်းအတွင်း ပုတီးစိတ်တရားထိုင်ခြင်းတို့ဖြင့် ကုသိုလ်ရေးကိစ္စတွေကို အချိန်များများလုပ်ခွင့်ရလာတာကြောင့် ကျန်းမာရေးအတွက်ရော နောင်သံသရာအတွက်ပါ ကောင်းရာကောင်းကျိုးတွေ လုပ်ခွင့်ရခဲ့ပါသည်။

အိမ်ဝင်းအတွင်း အကျယ်ချုပ်

နေအိမ်ဝင်းအတွင်း အကျယ်ချုပ်ကာလမှာ ကျန်းမာရေးကိုအထူးဂရုစိုက်ကြပါသည်။ အိမ်သုံးဆေးဝါးအစုံအလင်ကို တတ်နိုင်သမျှပြည့်စုံနေအောင် ဝယ်ယူဖြည့်တင်းထားပြီး သာမန်နေထိုင်မကောင်းမှုတွေကို မိမိတို့ဘာသာဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ မလွဲမရှောင်သာ၍မျက်စိစစ်ဆေးမှုများ၊ သွားရောဂါကုသမှုများအတွက်ကိုတော့ ပြည်ထဲရေးဝန်ကြီးထံစာရေးတင်ပြပြီး ခွင့်ပြုချက်ရသည်နှင့် သတင်းတပ်ဖွဲ့၏ ကူညီဆောင်ရွက်ပေးမှုဖြင့် အဆင်ပြေစွာဖြေရှင်းနိုင်ခဲ့ပါသည်။ ဆံပင်ညှပ်တာလောက်ကတော့ ဆံပင်ညှပ်ဖို့ခွင့်တောင်းရတာမျိုးမလုပ်

www.burmeseclassic.com

www.burmeseclassic.com

တော့ပဲ ကိုယ့်ဖာသာညှပ်တက်အောင်လေ့ကျင့်ပြီး ညှပ်ယူလိုက်တာ အလွန်အဆင်ပြေသည်ဟုဆိုနိုင်ပါသည်။ စားရေးသောက်ရေး မီးဖိုချောင်ကိစ္စကတော့ သစ်ခွပန်းစိုက်ပြီးရောင်းတာရယ်၊ ကိုယ်ပိုင်ပစ္စည်းအပိုအလျှံလေးတွေကို ထုတ်ရောင်း၍ ရသည့်ငွေနှင့်စုပေါင်းပြီး ဖြေရှင်းခဲ့တာ လေးနှစ်လောက်တော့ အဆင်ပြေပါသည်။

နောက်ပိုင်းမှာတော့ မိမိ၏ ဖခင်သဖွယ်ဖြစ်သည့် ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)၏ ပုံပိုးစောင့်ရှောက်မှုဖြင့် အဆင်ပြေသွားသည်လို့ဆိုနိုင်ပါသည်။ ဖခင်ရင်းတမ္ပ ဖြစ်သည့် ဆရာရင်း၏ မေတ္တာရိပ်သည် အလွန်အေးမြလှပါသည်။ ဒီလို မိမိနေအိမ် ဝင်းအတွင်းမှာ အပြင်လောကနှင့် ဆက်သွယ်ဆက်ဆံမှု လုံးဝမရှိနေခဲ့ရသောကာလ လေးနှစ်ကျော်လာခဲ့တော့ ဖခင်သဖွယ်ဖြစ်သော ဦးတင့်ဆွေ(ဖျာပုံ)၏ တစ်လတစ်ကြိမ်ခန့်ငွေ့ဆုံခွင့်ကို အထက်ဌာနသို့ တင်ပြခွင့်ပြုချက်ရယူ ဆောင်ရွက်ခွင့်ရခဲ့သောကြောင့် ကျွန်တော့်မိသားစု၏ မီးဖိုချောင် စားသောက်ရေးဟာအဆင်ပြေခဲ့သည်။ ဦးတင့်ဆွေလာတိုင်းလည်း ငွေကြေးယူလာပြီး ထောက်ပံ့မှုပြုခဲ့ပါသည်။ တွေ့ဆုံခွင့်ဆိုတာကလည်း နေအိမ်ဝင်းအတွင်းမှာမဟုတ်ပါ။ အိမ်ခြံဝင်းအတွင်းနှင့်အပြင်စကားပြောခွင့် ငါးမိနစ်ခန့်ရခြင်းဖြစ်ပါသည်။ မီးဖိုချောင်သုံးဖို့ငွေပေးတာလည်း တာဝန်ရှိသူများကို အသိပေးပြီးခွင့်ပြုချက်ဖြင့် ပေးခဲ့ခြင်းဖြစ်ပါသည်။ လုံခြုံရေးတာဝန်ရှိသူများကိုလည်း အလွန်ကျေးဇူးတင်မိပါသည်။ SB က လုံခြုံရေးတာဝန်ရှိသူများက ကျွန်တော့်အိမ်မှာကြာလာသည်နှင့် အမျှ မီးဖိုချောင်စားရေးသောက်ရေးကိစ္စတွေ အခက်အခဲရှိနေပြီဆိုတာ သိနေတာကြောင့် မြေနီကုန်းက မခင်အေးဆိုင်တွင် မိမိတို့စုဆောင်းထားသည့် အဝတ်အစား၊ အသုံးအဆောင် ပစ္စည်းလေးများ ရောင်းချခြင်းကို သူတို့ကိုယ်တိုင်လိုက်ပါ ဆောင်ရွက်ပေးခဲ့ကြသည်။ ခြံထဲ၌စိုက်ပျိုးထားသော သစ်ခွခြံကသစ်ခွပန်းများကို တစ်ပတ်တစ်ကြိမ် ဗိုလ်ချုပ်ဈေးသို့ သွားပို့ရာမှာလည်း SB က တာဝန်ရှိသူ တစ်ယောက်က ရေကူးဘူတာက မြို့ပတ်ရထားစီးပြီး ဗိုလ်ချုပ်ဈေးဘူတာမှ တစ်ဆင့် ပန်းရောင်းသည့် ဆိုင်ကိုသွားပို့ပေးတာလည်း အပိုတာဝန်တစ်ခုအနေနှင့် စေတနာထား ဆောင်ရွက်ပေးခြင်းအတွက် သူတို့ကို ပိုပြီးကျေးဇူးတင်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မိခင်ကြီးဒေါ်ခင်စန်း

၂၀၀၉ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့မှာ မိခင်သဖွယ်ဖြစ်သော ဒေါ်ခင်စန်း(ဦးတင်ဆွေ၏ဇနီး)ကွယ်လွန်သွားကြောင်း သားသမီးများဖြစ်သော ကျွန်တော်တို့ ဇနီးမောင်နှံတို့က ဂါ၀ရပြုခွင့်ရဖို့ကိုတင်ပြထားကြောင်း၊ ခွင့်ပြုချက်ရလျှင် လုံခြုံရေးအဖွဲ့က လိုက်ပါပို့ဆောင်ပေးမည်ဖြစ်ကြောင်း သတင်းရရှိခဲ့သဖြင့် ခွင့်ပြုချက် ရရှိရေးအတွက် ဆုတောင်းမိတာအမှန်ပဲ ဖြစ်ပါသည်။

ဂ်ကောင်းထောက်မမှုကြောင့် ဇူလိုင်လ ၆ ရက်နေ့ ည ၉ နာရီအချိန်တွင် လုံခြုံရေးအဖွဲ့က လိုက်ပါ ပို့ဆောင်ပေးခဲ့ကြပါသည်။ ကျွန်တော်တို့လည်း မိခင်ကြီးကိုကန်တော့ပြီး တစ်နာရီခန့် ဖခင်ကြီးနှင့် စကားပြောခွင့်ရခဲ့ပါသည်။ မိခင်ကြီး၏ကျန်းမာရေးအခြေအနေများ၊ ဆေးကုသမှုများ အကြောင်းကိုသာ အဓိကပြောကြားကြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ မိသားစုကို နေအိမ်တွင် ကန့်သတ်ထားသည့်ကာလအတွင်း ပထမဆုံးအပြင်ထွက်ခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။

၁၉၉၆-၉၇ ခုနှစ်ကာလက အခမ်းအနားတစ်ခုတွင် ဆရာလည်းဖြစ်၊ ဖခင်လည်းဖြစ်သော ဦးဇင်ဆွေ၊ အမေ ဒေါ်ခင်စန်းတို့နှင့် အတွင်းရေးမှူး(ဘ)မိသားစု

www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းမှာတော့ ကျွန်တော့်အနေနှင့် သွားဆေးကုသခန်းသို့ တစ်ကြိမ်ခွင့်ပြုချက်ဖြင့် ထွက်ခွင့်ရခဲ့သလို ကျွန်တော့်ဇနီးကိုလည်း မျက်စိကုသမှုအတွက် တစ်ကြိမ်ခွင့်ပြုချက်ရရှိခဲ့သဖြင့် တာဝန်ရှိသူများကိုအလွန်ကျေးဇူးတင်မိပါသည်။

ကျွန်တော့်ကို မိမိနေအိမ်ဝင်းအတွင်း ကန့်သတ်ထားစဉ်ကာလ တစ်လျှောက်လုံး ကျွန်တော်၏ နေ့စဉ်ပုံမှန်လုပ်ဆောင်ကျင့်ကြံအားထုတ်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁။ နံနက် ၆း၀၀ နာရီ	- အိပ်ရာထ။
၂။ ၆း၀၀ နာရီခွဲ မှ ၇း၀၀ နာရီခွဲထိ	- လမ်းလျှောက် (အိမ်ခြံဝင်းအတွင်း)။
၃။ ၇း၀၀ နာရီခွဲ မှ ၈း၀၀ နာရီထိ	- ကော်ဖီသောက်။
၄။ ၈း၀၀ နာရီ မှ ၉း၀၀ နာရီထိ	- ဘုရားပန်းလဲခြင်း။ သောက်တော်ရေလဲခြင်း။ ဆွမ်းတော်ကပ်ခြင်း။
၅။ ၉း၀၀ နာရီ မှ ၁၀း၀၀ နာရီထိ	- ပုတီးစိတ်ခြင်း။ တရားထိုင်ခြင်း။
၆။ ၁၀း၀၀ နာရီ မှ ၁၁း၀၀ နာရီထိ	- နေအိမ်ခြံဝင်းအတွင်း သစ်ပင်များပြုပြင်ခြင်း၊ ပန်းပင်များပြုပြင်ခြင်း။
၇။ ၁၁း၀၀ နာရီ မှ ၁၂း၀၀ နာရီထိ	- ရေမိုးချိုးခြင်း၊ နေ့လယ်စာစားသုံးခြင်း။
၈။ ၁၂း၀၀ နာရီ မှ ၂း၀၀ နာရီထိ	- အနားယူခြင်း၊ စာဖတ်ခြင်း။
၉။ နေ့လယ် ၂ နာရီမှ ညနေ ၃ နာရီထိ	- ပုတီးစိတ်ခြင်း၊ တရားထိုင်ခြင်း။
၁၀။ညနေ ၃ နာရီ မှ ညနေ ၄ နာရီထိ	- စာဖတ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com

၁၁။ညနေ ၄ နာရီ မှညနေ ၅ နာရီခွဲအထိ - ခြံဝင်းအတွင်း
သစ်ပင်များ၊ ပန်းပင်များရေလောင်း
ပေါင်းသင်ခြင်း။

၁၂။ညနေ ၅ နာရီခွဲမှ ညနေ ၇ နာရီထိ - ရေမိုးချိုးခြင်း၊ ညစာစားသုံးခြင်း။

၁၃။ညနေ ၇ နာရီမှ ၈ နာရီခွဲထိ - စာဖတ်ခြင်း၊ ရေဒီယို
နားထောင်ခြင်း။

၁၄။၈ နာရီခွဲမှ ည ၁၀ နာရီထိ - ဘုရားရှိခိုး၊ ပုတီးစိတ်ခြင်း၊
ပဌာန်းရွတ်ဖတ်ခြင်း။

၁၅။ည ၁၀ နာရီမှ ည ၁၁ နာရီထိ - မိသားစုအချိန်။

၁၆။ည ၁၁ နာရီ - အိပ်ရာဝင်ချိန်။

ယေဘုယျအားဖြင့် ဖော်ပြပါအချိန်ဇယားအတိုင်း နေ့စဉ်နေ့တိုင်း လုပ်ကိုင်ဆောင်ရွက်နေသည်ဟုဆိုသော်ငြားလည်း အခြေအနေအရ ရံဖန်ရံခါ ပြောင်းလဲဆောင်ရွက်မှုများလည်းရှိခဲ့ပါသည်။ အထူးသဖြင့် ဘဝဏ်အေးချမ်းတည်ငြိမ်မှုရရှိအောင် နေထိုင်ကျင့်ကြံဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ငယ်စဉ်ကစ ကျွန်တော့်ဘဝ

အခန်း အကြောင်းအရာ
၄။ ကျွန်တော့်၏ ငယ်ဘဝ ဖြစ်စဉ်များ

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၄

ကျွန်တော့်၏ ငယ်ဘဝဖြစ်စဉ်များ

ကျွန်တော်၏ မွေးရပ်ဇာတိက ရန်ကုန်တိုင်း တောင်ပိုင်းခရိုင်၊ ယခင်က ဟံသာဝတီခရိုင် ကျောက်တန်းမြို့ဖြစ်ပါသည်။ မော်ဝန်းချောင်းဘေးတွင် တည်ရှိသောမြို့ဖြစ်လို့မော်ဝန်းကျောက်တန်းဟုလည်း ခေါ်ကြပါသည်။ ကျောက်တန်းမြို့သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်ကာလကတည်းက တည်မြဲခဲ့သည့် မြို့ဖြစ်ပါသည်။ ရှေးအခေါ်ကတော့ ဂွမ်းမြို့ဟုခေါ်ပါသည်။ ယခင်နှစ်ပေါင်းနှစ်ထောင်ကျော်က သီဟဒီပကျွန်းဟူ၍ခေါ်သော ပါဒနိုင်ငံတော်တည်ထောင်ခဲ့သည့်နေရာတွင် သံလျင်နှင့် ကျောက်တန်းမြို့ရှိခဲ့သည်ဟုသိရပါသည်။

ပြည်တော်သာ ဦးထွန်းရီ ရေးခဲ့သော ပါဒနေပြည်တော်သမိုင်းထဲမှာ ပါဒ နေပြည်တော်အကြောင်း အပြည့်အစုံ ပါပါသည်။ ထိုခေတ်ကာလက တည်ထားကိုးကွယ်ခဲ့သည့် စေတီပုထိုးများသည် ဂဝံကျောက်များဖြင့် တည်ထားခဲ့တာကိုကြည့်ခြင်းအားဖြင့် နှစ်ပေါင်းနှစ်ထောင်ကျော်ဆိုတာကို အထောက်အထားအဖြစ် ယူ၍ရဟု ဆိုကြပါသည်။ ထိုကာလက ဒဂုံဘက်မှာ ဥက္ကလာပဘုရင်မင်းဆက်နှင့် သီဟဒီပကျွန်းဘက်မှာ ဘောဂသေနမင်းတို့ စိုးစံနေကြသည့်ကာလမှာ ရှင်မွေ့နွမ်း၊ မင်းနန္ဒာဆိုသည့် ဒဏ္ဍာရီလို၊ ပုံပြင်လိုဇာတ်လမ်းပေါ်ခဲ့သည်ဆိုရာမှာလည်း အမှန်ကတော့ ဒဏ္ဍာရီ၊ ပုံပြင်မဟုတ်ပဲ တကယ့်သမိုင်းမှတ်တမ်းအဖြစ် တည်ရှိခဲ့သော ဖြစ်ရပ်မှန်အဖြစ်အပျက် ဖြစ်ပျက်ခဲ့ကြောင်းဆိုသည်ကို သမိုင်းကြောင်း လေ့လာရင်း သိရှိလေ့လာနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးခင်ညွှန့်၏ မိခင်ကြီး ဒေါ်စိန်ရှင်
အသက်(၉၀)အရွယ်တွင် တွေ့ရစဉ်

ကဲဒါတွေကတော့ သမိုင်းကြောင်းတွေပါ၊ ကျွန်တော်ကတော့ ကျောက်တန်းမြို့မှာ ဘခင် ဦးဘညွှန့် (ရှေ့နေ)၊ မိခင် ဒေါ်စိန်ရှင်တို့က ၁၃၀၁ ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့မှာ မွေးဖွားခဲ့တာပါ။ ညီအစ်ကို မောင်နှမခုနစ်ယောက်ရှိပြီး ကျွန်တော်က အငယ်ဆုံးပါ။ ယခုထိ အစ်မနှစ်ယောက် ဆုံးပါးသွားပြီး ညီအစ်ကိုမောင်နှမငါးယောက် အသက်ရှင်နေကြတုန်းဖြစ်ပါသည်။

ကျွန်တော်တို့ မိသားစုဟာ ချမ်းသာတဲ့ မိသားစုမဟုတ်ပါဘူး၊ ဘခင်အလုပ်က နာမည်ခံလောက်ပါပဲ၊ ပုံမှန်ဝင်ငွေမရှိပါဘူး၊ အစ်မနှစ်ယောက် ကျောက်တန်းမြို့က စျေးထဲမှာ စျေးရောင်းပြီး မိသားစုစားဝတ်နေရေးနှင့် မောင်ငယ်များအတွက် ကျောင်းစရိတ်ထောက်ပံ့နိုင်အောင် ပင်ပင်ပန်းပန်းလုပ်ကိုင်ခဲ့ကြရတာပါ၊ ကျွန်တော်က ဂျပန်ခေတ်ကာလရော၊ အင်္ဂလိပ်အုပ်စိုးတဲ့ခေတ်ကာလကိုပါ မီခဲ့တာပါ။

အင်္ဂလိပ်လက်ထက်က

ကျွန်တော်တို့အိမ်ရဲ့ ရှေ့တည့်တည့်ကုန်းမြင့်ပေါ်မှာ ဘိုတဲဆိုတဲ့အဆောက်အအုံနဲ့ ပရဝုဏ်ရှိပါသည်။ အင်္ဂလိပ်ခေတ်ကာလမှာ အဲဒီဘိုတဲကုန်းမှာ အင်္ဂလိပ်စစ်တပ်စခန်းချခဲ့တာပါ။ ကျွန်တော်ငယ်ငယ်ဘဝ အသက် ၆ နှစ် ၇ နှစ်ကာလမှာ

www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) တွင် စစ်ဦးစီးမှူး (ဒုတိယတန်း) တာဝန်ထမ်းဆောင်နေသော ဗိုလ်မှူးခင်ညွှန့်နှင့် ဒေါက်တာခင်ဝင်းရွှေ (၉-၁၀-၇၇)

အိမ်မှာ မွေးထားတဲ့ကြက်တွေအုတဲ့ ကြက်ဥ ၁၀ လုံးလောက်ကို အဲဒီအင်္ဂလိပ်စစ်တပ်ရှိရာကိုသွားလဲလှယ်ရင် သူတို့ရဲ့ ရိက္ခာ ဆီသွပ်ဘူး ၁၀ ဘူးလောက် ရပါသည်။ အမဲသားဘူး၊ သိုးသားဘူး၊ ငါးသေတ္တာဘူး၊ ထောပတ်ဘူး၊ ချိစ်ဘူး၊ ယိုမျိုးစုံဘူးတွေရခဲ့တာဆိုတော့ ကျွန်တော်တို့ မိသားစုအတွက် တစ်နှစ်စာ နှစ်နှစ်စာ မက တစ်ပတ်စာလောက်ထိ ဖူလုံတာပေါ့၊ ကျွန်တော်တစ်ယောက်တည်း သွားလဲလှယ်တာမဟုတ်ပါဘူး၊ ဒီလဲလှယ်မှုလုပ်ကြတာ ဒီပတ်ဝန်းကျင်က ကလေးငယ်တွေ ၁၀ ယောက်လောက်တော့ရှိကြပါသည်။ အင်္ဂလိပ်စစ်တပ်ဆိုတော့ စည်းကမ်းရှိတယ်၊ ကလေးတွေကို လည်း ချစ်တတ်တယ်၊ တပ်မတော်ဆိုတာ ဒီလိုပါလားလို့ အဲဒီတုန်းက အထင်ရှိခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ခေတ်

နောက်ဂျပန်စစ်တပ်ဝင်လာတော့ တစ်မျိုးဖြစ်နေပြန်ရော၊ ဂျပန်စစ်တပ်က ရိုင်းစိုင်းတယ်၊ လူ့ယဉ်ကျေးမှုကို နားမလည်ဘူး။ ဂျပန်စစ်တပ်ရောက်လာတော့ ကျွန်တော်တို့ အိမ်ခြံဝင်းက တစ်ဇက ကျော်ကျော်ရှိတော့ ခြံဝင်းထဲမှာ ဂျပန်တပ် စိတ်တစ်စိတ်ဝင်ရောက်တပ်စွဲထားသည်။ အိမ်ခြံဝင်းထဲမှာ ရေတွင်းကလည်းရှိတော့ အဲဒီရေတွင်းမှာ ဂျပန်စစ်သားတွေက ကိုယ်လုံးတီးရေချိုးကြတာ မြင်မကောင်းဘူးပေါ့၊ ကျွန်တော့်အစ်မတွေကလည်း အပျိုအရွယ်တွေဆိုတော့ အိမ်တံခါးပိတ်ပြီး ပုန်းနေကြရတာပေါ့။

အဲဒီအချိန်ကာလလောက်တည်းက အင်္ဂလိပ်စစ်တပ်နှင့် ဂျပန်စစ်တပ်တို့ကို ယှဉ်တွဲကြည့်ပြီး စစ်တပ်တိုင်းဟာစည်းကမ်းရှိတာမဟုတ်ဘူး၊ အုပ်ချုပ်သူနှင့် လိုက်နာသူတို့၏ စိတ်နေ၊ စိတ်ထား၊ စရိုက်လက္ခဏာပေါ်မူတည်ပြီး ကွာခြားမှုတွေရှိကြတာပဲလို့ ကလေးဘဝတည်းက အတွေးပေါက်ခဲ့တာပါပဲ။

၁၉၆၆ ခုနှစ်၊ ဗိုလ်ကြီးခင်ညွှန့်နှင့် ဒေါက်တာခင်ဝင်းရွှေ ဆရာဝန်ဖွဲ့ယူပြီးစကာလ

ရဲဘော်ဖြူ

နောက်လွတ်လပ်ရေးရပြီးစကာလမှာ ရောင်စုံသောင်းကျန်းမှုများ ပေါ်ထွန်းလာတဲ့အခါမှာ ကျွန်တော်တို့ ကျောက်တန်းမြို့ကို ရဲဘော်ဖြူများ သိမ်းပိုက်အုပ်ချုပ်ထားတာ ကြုံခဲ့ရပါသည်။ ကျွန်တော်တို့ကျောက်တန်းမြို့မှာ အုပ်ချုပ်ကြတဲ့ ရဲဘော် ဖြူတပ်ကတော့ စည်းရုံးရေးကောင်းသည်။ မြို့လူထုက ကြိုက်နှစ်သက်ကြသည်။ အင်းစိန်မှာ ကေအင်ဒီအိုတပ်နှင့် အစိုးရတပ်တို့ ပြင်းပြင်းထန်ထန်တိုက်ပွဲတွေဖြစ်နေတဲ့ အချိန်မှာ ကျောက်တန်းဘက်က ရဲဘော်

www.burmeseclassic.com

www.burmeseclassic.com

ဖြူတပ်ရင်း လူတစ်ရာကျော် နှစ်ရာခန့် အစိုးရတပ်ရှိ ရန်ကုန်ကို စစ်ကူပို့ပေးရတာလည်းတွေ့ရပါသည်။ ဘာကြောင့်မှတ်မိလဲဆိုတော့၊ အင်းစိန်ကို စစ်ထွက်အခမ်းအနားလုပ်တော့ မြို့လူထုကနေ အောင်သပြေပန်းနဲ့ အန္တရာယ်ကင်းအောင် ဆုတောင်းမေတ္တာပို့တဲ့ အခမ်းအနားလုပ်ပေးရတာအထိ တွေ့မြင်ခဲ့ရတာကြောင့် ဖြစ်ပါသည်။

နောက်ပိုင်းရဲဘော်ဖြူတွေ ကျောက်တန်းကဆုတ်ခွာသွားပြီး မော်ဝန်းချောင်းတဖက်ကမ်း ပန်းတောရွာ၊ ဥယျာဉ်ရွာ ၊ မင်္ဂလွန်းရွာ၊ ခနောင်ရွာ၊ မြကိုင်းရွာတွေဘက် ဆုတ်ခွာသွားတဲ့အချိန်မှာ BTF လို့ခေါ်တဲ့ စစ်ဝန်ထမ်းတပ်က ကျောက်တန်းကို ရောက်လာပြီး အုပ်ချုပ်ခဲ့ပြန်ပါသည်။ အဲဒီ ဝန်ထမ်းတပ်က အရေးပေါ်ဖွဲ့စည်းထားတဲ့တပ်၊ တပ်မတော် မဟုတ်သေးတာကြောင့် စည်းကမ်းမကောင်းဘူးလို့ ထင်ပါသည်။ စည်းရုံးရေး ညံ့ဖျင်းတာကြောင့် မြို့လူထုနှင့် သိပ်အဆင်မပြေဘူးပေါ့၊ အဲဒီအချိန်ကာလမှာ မြို့ပေါ်မှာတောင် လုံခြုံစိတ်ချရမှု မရှိခဲ့ဘူးလို့ပြောနိုင်ပါသည်။

အဲဒီအချိန်မှာ ရဲဘော်ဖြူကလည်း ရံဖန်ရံခါ မြို့စွန်မြို့ဖျားကိုဝင်ရောက်ပစ်ခတ် တိုက်ခိုက်မှုတွေလုပ်တာကြောင့် မြို့လူထုက ညဘက်ဆိုရင် ထိတ်လန့်ကြောက်ရွံ့နေကြရသည်။ ကျွန်တော်တို့ရပ်ကွက်ဆိုရင် စစ်တပ်စခန်းချတဲ့ဘိုတဲ့ကုန်းနှင့်နီးတာကြောင့် ညဘက်ဆိုရင် အိမ်တံခါးပိတ်ပြီး ဘုန်းကြီးကျောင်းတွေမှာ သွားရောက်ရှောင်တိမ်းခိုအောင်းကြရတာ တစ်နှစ်နီးပါးအထိကို ကြာမြင့်ခဲ့ပါသည်။ ဒီဘဝဖြစ်စဉ်တွေကတော့ ငယ်စဉ်ဘဝကြုံတွေ့ခဲ့ရတဲ့ ပြည်တွင်းသောင်းကျန်းမှုက အရိပ်ဌာရုံ ကိုယ်တွေ့ဖြစ်ရပ်တွေပါပဲ။ ဒါကြောင့် ကချင်ပြည်နယ်က စစ်ဘေးရှောင်နေကြတဲ့ ပြည်သူတွေ၊ ရခိုင်ပြည်နယ်က မအေးချမ်းသေးတဲ့ ကာလမှာ ဒုက္ခရောက်နေကြတဲ့ပြည်သူတွေရဲ့ဘဝကို ကိုယ်ချင်းစာမိတာအမှန်ပါပဲ။

ကျွန်တော်တို့အိမ်အနီးမှာရှိတဲ့ မြို့မမူလတန်းကျောင်းက စတုတ္ထတန်းအောင်မြင်တော့ ကျောက်တန်းမြို့အထက်တန်းကျောင်း၊ သော်ကကျောင်းလို့လည်း ခေါ်ပါသည်။ အဲဒီကျောင်းကိုပြောင်းရွှေ့ပြီး ဆက်လက် ပညာသင်ရပါသည်။ ထူးခြားတာကတော့၊ အသောကရာမကျောင်းတိုက်ပရဝုဏ်အတွင်းမှာ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

ကြီးများက အထက်တန်းကျောင်းအတွက် မြေနေရာခွဲပေးထားတာကြောင့် ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ အထက်တန်းကျောင်းကြီးပေါ်ထွန်းလာခြင်းဖြစ်ပါသည်။ ဒါကြောင့်လဲ ဆရာတော်ကြီး ဦးကုဏ္ဍလနှင့် ဆရာတော်ကြီး ဦးအာစရတို့၏ သွန်သင်ဆုံးမမှုအောက်မှာ ကျောင်းသူ၊ ကျောင်းသားများက ပညာဆည်းပူးခဲ့ရတာမို့ ယဉ်ကျေးလိမ္မာမှုရှိနေတာအမှန်ပါပဲ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းလို့သာ မသတ်မှတ်ရုံတမယ်ပါ၊ အမှန်ကတော့ ဘုန်းတော်ကြီးများ၏ ဩဝါဒပေးမှုကိုအမြဲခံယူကာ ပညာဆည်းပူးကြရတဲ့အတွက် ဘာသာတရားကိုင်းရှိုင်းမှုသည် ငယ်စဉ်ဘဝကပင်ဖြစ်ထွန်းလာခြင်းဖြစ်ပါသည်။ ဒါကြောင့်လည်း ကျောင်းပိတ်ရက်က စနေ၊ တနင်္ဂနွေမဟုတ်ဘဲ အဖိတ်နေ့နှင့်ဥပုသ်နေ့များမှာ ကျောင်းပိတ်ရက်ကတော့ အစဉ်အလာမပျက်တည်ရှိခဲ့တာဖြစ်ပါသည်။

ယခုနောက်ပိုင်းခေတ်ကာလမှာတော့ မည်သို့ရှိသည်ကို မသိတော့ပါ၊ ကျောက်တန်းအထက်တန်းကျောင်းက ၁၉၅၅ ခုနှစ်မှာ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့်အတွက် ရန်ကုန်တက္ကသိုလ်မှာ ဆက်လက်ပညာဆည်းပူးဖို့ အစ်မများက ဈေးရောင်းရသည့်ဝင်ငွေဖြင့် ကျောင်းဆက်တက်ခွင့်ပြုတာကြောင့် ရန်ကင်းကောလိပ်ကို ၁၉၅၆ ခုနှစ်မှာ တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးခွင့်ရခြင်းဖြစ်ပါသည်။ မိဘက ချမ်းသာတဲ့မျိုးရိုးမဟုတ်တာရယ်၊ အစ်မများက ဈေးရောင်းပြီး တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးခွင့်ပြုတာရယ်ကြောင့် ငွေကြေးကိုတတ်နိုင်သမျှ ချွေတာသုံးစွဲခဲ့ရပါသည်။ အဲဒီတုန်းက ကျွန်တော်၏ အသုံးစရိတ်က လစဉ် ၇၅/- ဖြင့် လောက်ငှအောင် သုံးစွဲခဲ့ရပါသည်။

ရန်ကင်းကောလိပ်မှာ

ရန်ကင်းကောလိပ်အဆောင်နေကျောင်းသားဆိုတော့ Physics, Chemistry, Maths ဘာသာတွဲယူရပါသည်။ အဲဒီအချိန်တုန်းက ရန်ကင်းကျောင်းသား အဆောင်များက သွပ်မိုး၊ ထရံကာယာယီအိပ်ဆောင်များဖြစ်သည်။ အဆောင်တစ်ဆောင်လျှင် အေအခန်း၊ ဘီအခန်းခွဲထားပြီး တစ်ခန်းလျှင် ကျောင်းသား ၁၀ ဦး ခန့်ဆိုတော့ တစ်ဆောင်လျှင် ကျောင်းသား ၂၀ ခန့် ရှိကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၈-၅၉ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်၊ စစ်ကိုင်းဆောင်တွင်နေခဲ့စဉ်က
အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်၏ အမှတ်တရ။
ဗကပ ဗဟိုကော်မတီဝင်၊ ဦးအောင်ဝင်းနှင့်အတူ
ကျောင်းဆောင်တစ်ဆောင်တည်းအတူ သူငယ်ချင်းဘဝ

ရေချိုးခန်း၊ အိမ်သာကတော့ အဆောင်နှစ်ဆောင်အကြားမှာ မြေစိုက်သံမံတလင်းခင်းပြီး အုတ်ရေကန်ထဲက ရေခပ်ချိုးကြရပါသည်။

ကျွန်တော်နေတဲ့အဆောင်နံပါတ်က ၇ ပါ၊ ကျွန်တော်ရဲ့ အဆောင်နောက်ဘက် ဒုတိယတန်းက အဆောင်နံပါတ် ၁၉ ဟုထင်ပါသည်။ အဲဒီ အဆောင်က ကျောင်းသား ကိုသိန်းထွန်းက ဗကပကျောင်းသား၏ စည်းရုံးသိမ်းသွင်းမှုခံရကာ တောခိုသွားခဲ့ပါသည်။ နောက်ပိုင်းတော့ ဗကပဗဟို၏ ဖြတ်ထုတ်သတ်လမ်းစဉ်အရ ပဲခူးရိုးမပေါ်က မြယာပင်ကျောပေါ်မှာ ဝါးရင်းတုတ်ဖြင့် ရိုက်သတ်ခံရ၍ သေဆုံးသွားကြောင်းသိရပါသည်။ သူတို့ပဲခူးရိုးမ မြယာပင်ကျောမှာ အသတ်ခံ ရတုန်းက တက္ကသိုလ်ကျောင်းသား လေးဦးမှာက်ထင်ပါသည်။ လူထုဦးလှနှင့် ဆရာမကြီး လူထုဒေါ်အမာ၏သား ကိုစိုးဝင်းလည်းပါသည်ဟု သိရပါသည်။ အဲဒီအချိန်တုန်းက ကျွန်တော်က အမှတ် ၇၇ ခြေမြန်တပ်မတော်ခေါ်ချုပ်မှာ တပ်မမှူး၏ ဦးစီးအရာရှိ ဗိုလ်ကြီးခင်ညွှန့်ဖြစ်နေပြီဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းစိုင်းအောင်ဝင်း

နောက်ထူးခြားသည့် ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကတော့ ကျွန်တော်အမှတ် ၁၈ ခြေလျင်တပ်ရင်းမှာ တစ်စုမှူး ဗိုလ်ခင်ညွန့်ဘဝတုန်းကပေါ့၊ နမ့်ဆန်မှာ တပ်စုမှူးတာဝန်ထမ်းဆောင်နေတုန်းကာလမှာပါ။ ကျွန်တော့်သူငယ်ချင်း စိုင်းအောင်ဝင်း နမ့်ဆန်ကိုလာလည်ရင်း တစ်ညအိပ်သွားပါသည်။ သူကလွှင်လင်ပြို့ဇာတိပါ၊ ရန်ကုန်တက္ကသိုလ်တုန်းကတော့ စစ်ကိုင်းဆောင်မှာနေတာဆိုတော့ ကျွန်တော့် သူငယ်ချင်း စိုင်းညိုမြင့်နှင့်ပတ်သက်ပြီး ခင်မင်ရင်းနှီးခဲ့တာပါ။ စိုင်းညိုမြင့်ကလည်း လွှင်လင်ဇာတိပါ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ လွှင်လင်ပါတီယူနစ်ဥက္ကဋ္ဌဖြစ်ခဲ့သည်ဟုတော့သိရပါသည်။

ဒါနဲ့ကိုအောင်ဝင်းအကြောင်းဆက်ရလျှင် နမ့်ဆန်မှာ ကျွန်တော်နှင့်အတူ တစ်ညအိပ်ပြီး အဲဒီကနေမှ တောခိုသွားတယ်လို့သိရသည်။ ဗကပထဲရောက်ပြီး နောက်ဆုံးဗကပဗဟိုကော်မတီဝင်ဖြစ်နေတယ်လို့သိရပါသည်။ အဲဒီတုန်းက သူနမ့်ဆန်ကနေပြန်သွားပြီးတော့မှ တောခိုသွားသည်ဆိုတော့ ထောက်လှမ်းရေးတွေ ရောက်လာပြီး ကျွန်တော်နှင့်သူဘယ်လိုရင်းနှီးခဲ့သလဲ၊ ဘာတွေပြောသွားသလဲ၊ ဘယ်သွားမယ်လို့ပြောသွားသလဲဆိုတာတွေလာမေးကြသေးသည်။ ကျွန်တော်



၁၉၉၀ ပြည့်နှစ်ခန့်က ဗကပဗဟိုကော်မတီဝင် ဦးစိုင်းအောင်ဝင်း သည် အတွင်းရေးမှူး(၁)ထံ စာရေးဆက်သွယ်ပြီး အလင်းဝင်ရောက်လာစဉ် အမှတ်တရ။

www.burmeseclassic.com

www.burmeseclassic.com

ကျောက်တန်းမြို့ရှိ ဦးခင်ညွှန့်၏ မြေးဖွားရာနေအိမ်၊ ယခု အစ်မကြီးနှစ်ဦးနှင့် တူ/တူမများ မြေးမများ နေကြသည်။

လည်း ဘာမှမသိရကြောင်း၊ တက္ကသိုလ်မှာအတူတူနေရင်း သူငယ်ချင်းတွေပါဟု မှန်တဲ့အကြောင်းပြောလိုက်တော့ နောက်ထပ်ရောက်မလာတော့ပါဘူး။

ကျွန်တော်အတွင်းရေးမှူး (၁) ဖြစ်ပြီး ငြိမ်းချမ်းရေးကိစ္စတွေ ဆောင်ရွက်နေတုန်းမှာပဲ ကျွန်တော့်ဆီကို စိုင်းအောင်ဝင်းဆီက စာတစ်စောင်ရောက်လာပါတယ်။ သူဥပဒေဘောင်ထဲဝင်ချင်တယ်၊ သူငယ်ချင်းကူညီပေးပါဆိုတာနဲ့ ကျွန်တော်လည်း သူ့ကိုလာခဲ့ဖို့ လှမ်းခေါ်လိုက်တော့ သူလည်းဥပဒေဘောင်ထဲဝင်ရောက်လာခဲ့ပါသည်။ ကျွန်တော်လည်း မရမ်းကုန်းမှာ တိုက်ခန်းတစ်ခု စီစဉ်ပေးထားပြီး အကူအညီပေးခဲ့သည်။ အခုတော့ ကွယ်လွန်သွားပြီလို့ သိရသည့်အတွက် စိတ်မကောင်းတောင်ဖြစ်ရပါသေးသည်။ ကျွန်တော်လည်း အရေးယူခံရတော့ သူ့ကိုဆက်လက် မစောင့်ရှောက်နိုင်တော့ဘူးပေါ့။ သူ့မိသားစု ဘယ်လို အခြေအနေရောက်နေလဲဆိုတာတောင် မသိနိုင်တော့ပါဘူး။ ဒါတွေကတော့ ကျွန်တော့်ဘဝထဲမှာ ပါဝင်လာတဲ့ ဖြစ်စဉ်ဖြစ်ရပ်လေးတွေပါပဲ၊ သံဝေဂရစရာ တွေဟု ထင်မြင်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တက္ကသိုလ်ကျောင်းသားဘဝမှာ ပျော်စရာတွေပဲ ကြုံခဲ့ရတာပါ။ ပြဿနာကြီးကြီးမားမားမကြုံခဲ့ရပါဘူး။ ၁၉၅၆-၅၇ ခုနှစ်ကျတော့ စစ်ကိုင်းကျောင်းဆောင်မှာ တောက်လျှောက်နေခဲ့ပါသည်။ ကျောင်းသားသမဂ္ဂရွေးကောက်ပွဲတွေကြုံခဲ့ရသည်။ ဘယ်ဘက်မှ မပါခဲ့ပါဘူး၊ ခေါ်သည့်ဘက်လိုက်သွားလိုက်၊ ကျွေးသည့်ဘက်လိုက်စားလိုက်နှင့်သာအချိန်ကုန်ခဲ့ပါသည်။ ဒီလိုနှင့် ဗိုလ်သင်တန်းခေါ်တော့ တပ်မတော်ထဲဝင်ဖို့စိတ်ဝင်စားတာရယ်၊ မိဘညီအစ်ကိုမောင်နှမတွေကို ညှာတာထောက်ထားသည့်စိတ်ဖြစ်ပေါ်နေတာရယ်ကြောင့် တက္ကသိုလ်က ဘွဲ့မရခင်မှာပဲ၊ ဗိုလ်သင်တန်းလျှောက်၍အဆင်ပြေသွားတာနှင့် ဗိုလ်သင်တန်းတက်ဖြစ်သွားတာပါ၊ ကျွန်တော်က ရန်ကုန်တက္ကသိုလ်မှာ ပညာဆည်းပူးခဲ့တာဆိုတော့ တက္ကသိုလ်ကျောင်းသားကျောင်းသူဘဝကို နှားလည်သည်၊ ကိုယ်ချင်းစာစိတ်လည်းရှိခဲ့ပါသည်။ ဒါပေမဲ့ ပညာရေးကော်မတီဥက္ကဋ္ဌတာဝန်ယူထားသော်ငြားလည်းပဲ ကျွန်တော်ဆောင်ရွက်၍ရတာတွေရှိသလို ဆောင်ရွက်မရတာတွေလည်း အများအပြားရှိခဲ့ပါသည်။ အားလုံးစင်းလုံးချောတော့မဖြစ်ခဲ့ပါဘူးလို့ ဝန်ခံပါရစေ၊ သို့သော်ငြားလည်း မှန်ကန်သော သစ္စာစကားဖြင့် ပြောရရင်တော့ ဆောင်ရွက်ခဲ့ရသည့် ကဏ္ဍတိုင်းတွင် စေတနာမေတ္တာအပြည့်ရှိပါသည်ဟုသာပြောချင်ပါသည်။ ကျွန်တော့်ရဲ့ ငယ်ဘဝကတော့ ရိုးစင်းပါသည်၊ ပျော်စရာလည်းကောင်းခဲ့ပါသည်။

O

www.burmeseclassic.com

www.burmeseclassic.com

၈

၈၈ အရေးအခင်းနှင့် တပ်မတော်မှ လုံခြုံရေးတာဝန်ယူခြင်း

အခန်း	အကြောင်းအရာ
၅။	၈၈ အရေးအခင်းကာလဖြစ်ရပ်များ
၆။	တပ်မတော်က အာဏာသိမ်းခြင်းမဟုတ်၊ ပြည်သူအများ၏ ဘဝလုံခြုံမှု ပြုလုပ်ပေးခြင်းသာဖြစ်သည်
၇။	တပ်မတော်အစိုးရ (သို့မဟုတ်) နိုင်ငံတော်ငြိမ်ဝပ်ပြိုးမှု တည်ဆောက်ရေးအဖွဲ့ (တစ်နည်း) နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အစိုးရလက်ထက်မှာ ဘာတွေလုပ်ခဲ့ကြသလဲ
၈။	၈၈ အရေးအခင်းကြောင့် ထွက်ပြေးကြသော ကျေးရွာသား/ ကျောင်းသူများအား ပြန်လည်ခေါ်ယူခြင်း

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၅

၈၈ အရေးအခင်းကာလဖြစ်ရပ်များ

၁၉၈၈ ခုနှစ် အရေးအခင်းကြီးစတင်ပေါ်ပေါက်လာရခြင်းမှာ လမ်းစဉ်ပါတီအစိုးရ၏ အောင်မြင်မှုမရှိခဲ့သည့်မူဝါဒများ၊ မှားယွင်းစွာ အကောင်အထည်ဖော်ကြသည့် အောက်ခြေအဆင့်ဆင့်သော တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ လုပ်ရပ်များ၊ ဒွေစက္ကူအချို့တရားမဝင်ကြေညာခဲ့မှု၊ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ အလုပ်လက်မဲ့ပြဿနာများ၊ မျှော်လင့်ချက်ကင်းမဲ့နေသော ကျောင်းသား၊ ကျောင်းသူတို့၏ ဘဝနောင်ရေးပူပန်နေရမှုများ၊ ပြည်သူများ၏ စားဝတ်နေရေးကျပ်တည်းမှုများကို အခြေခံကာ ပြည်သူလူထုတစ်ရပ်လုံး၏ အထွေထွေမကျေနပ်မှုကြီး စတင်ဖြစ်ပေါ်လာခဲ့ပါသည်။ ၄င်းကမှတစ်ဆင့် ဗကပယူဂျီများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ နိုင်ငံခြားအသံလွှင့်ဌာနများ၏ နှပ်ကြောင်းပေးလှုံ့ဆော်မှုများ ရောထွေးယှက်နွယ်ကာ နိုင်ငံရေးသမားဟောင်းကြီးများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုများနှင့် တက္ကသိုလ်ကျောင်းသားများ၏ စတင်လှုပ်ရှားမှုများ ပူးပေါင်းကာဖြင့် ဤအရေးအခင်းကြီး စတင်ခဲ့ခြင်းဖြစ်ပါသည်။

အရေးပေါ်ပါတီညီလာခံ

ထိုအချိန်ကာလက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရသည် အရေးပေါ်ပါတီညီလာခံကိုခေါ်ယူကာ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကျင်းပ

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၀ ပြည့်နှစ် ရန်ကုန်ဆင်ခြေဖုန်း ရပ်ကွက်အတွင်း လှည့်လည် စစ်ဆေးစဉ် အတွင်းရေးမှူး(၁) ဗိုလ်မှူးချုပ်ခင်ညွှန့် ၊ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးညွှန့်

ပေးမည်ဖြစ်ကြောင်း ပြည်သူ့လွတ်တော်ကပါ သဘောတူဆုံးဖြတ်ခဲ့ကြသော်လည်း နိုင်ငံရေးသမားဟောင်းကြီးများနှင့် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့က ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရေးကိုသာ ဦးတည်တောင်းဆို လှုံ့ဆော်ခဲ့ကြတာကြောင့် အခြေအနေသည် ပိုမိုပြင်းထန်သော တောင်းဆိုမှုများ၊ အရေးဆိုမှုများဖြစ်ပေါ်ခဲ့သည်။ သမဂ္ဂအသီးသီးလည်းဖွဲ့စည်းဖြစ်ပေါ်လာကာ လမ်းမကြီးများပေါ်တွင် လူစုလူဝေးကြီးများဖြင့် အော်ဟစ်လှုံ့ဆော်ခဲ့ကြရာမှ မင်းမဲ့စရိုက်များဝင်ကာ ခေါင်းဖြတ်သတ်မှုများ၊ လုယက်မှုများအထိ ဖြစ်ပေါ်ခဲ့တာကို တွေ့ရှိခဲ့ရသည်။

ကျွန်တော်မှတ်မိသမျှတွေပြန်ပြောရမယ်ဆိုရင်-

ပထမပိုင်းတွင် ရိုးသားစွာဆန္ဒပြတောင်းဆိုနေကြသော ကျောင်းသားများနှင့် ရိုးသားသော ပြည်သူများ၏ နောက်တွင် အကြမ်းဖက်သမားများနှင့် ဗဟုပယူဂျီများပါဝင်သွေးထိုးလှုံ့ဆော်ခြင်း၊ အကြမ်းဖက်မှုများဖြစ်အောင် ဖန်တီးခြင်းများ ပြုလုပ်သည်ကိုတွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအဖိုးရက ၁၉၈၈ ခုနှစ် ဇူလိုင်လကုန်ပိုင်းက ကျင်းပတဲ့ အရေးပေါ်ပါတီညီလာခံမှာ တစ်ပါတီစနစ်ကိုပဲ ဆက်သွားမလား၊ ပါတီစုံစနစ်ကိုပဲ ပြောင်းမလား၊ ဘယ်စနစ်ကို ကျင့်သုံးမလဲစဉ်းစားဆုံးဖြတ်ကြပါလို့ ထိုစဉ်က ဥက္ကဋ္ဌကြီးဦးနေဝင်းက ညီလာခံကိုယ်စားလှယ်များကို အဆိုပြုခဲ့သည်။ ဒါပေမဲ့ ဘယ်သူကမှပါတီစုံစနစ်ကိုရွေးချယ်ဖို့ မထောက်ခံခဲ့ကြပါ။ အကယ်၍သာ ပါတီစုံစနစ်နဲ့ သွားကြမည်ဟုသာ ဆုံးဖြတ်လိုက်ရင် တိုင်းပြည်၏အခြေအနေသည် တစ်မျိုးပြောင်းသွားနိုင်ပါသည်။ ပြည်သူလိုလားသည့် ပါတီစုံစနစ်ဖြစ်ထွန်းရေးကို ထိုအချိန်ကာလကတည်းက စတင်အကောင်အထည်ဖော်နိုင်လာမည်ဖြစ်ပါသည်။ ယင်းအချိန်ကာလက လွတ်တော်မှာလည်း တစ်ပါတီစနစ်နှင့်ပဲ ဆက်ပြီးသွားမည်ဆိုတာဖြစ်ပေါ်လာသည့်အတွက် ဆန္ဒပြမှုများကလည်း ပိုမို ကျယ်ပြန့်လာတာကို တွေ့ရသည်။

သမ္မတအပြောင်းအလဲများ

ယင်းကာလအတွင်းမှာပဲ သမ္မတအပြောင်းအလဲတွေ တစ်ခဏချင်းမှာပဲ ဖြစ်ပေါ်ခဲ့တာကိုတွေ့ရသည်။ သမ္မတကြီး ဦးစန်းယုက ဦးစိန်လွင်ကို သမ္မတ

တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဒုချုပ်ကြည်း-ဗိုလ်ချုပ်ကြီးမောင်အေး၊ အတွင်းရေးမှူး(၁)၊ ဒုဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၂)၊ ဒုဗိုလ်ချုပ်ကြီးတင်ဦး၊ တိုင်မှူး၊ ဒုဗိုလ်ချုပ်ကြီးမျိုးညွန့်

www.burmeseclassic.com

www.burmeseclassic.com

ရာထူးလွှဲပြောင်းပေးလိုက်သည်။ နောက်သိပ်မကြာလိုက်ပါဘူး၊ ဦးစိန်လွင်က ဒေါက်တာမောင်မောင်ကို ပြောင်းပေးလိုက်ရပြန်သည်။ ဒါကိုကြည့်ခြင်းအားဖြင့် အုပ်ချုပ်ရေးယန္တရားသည် ခိုင်မာမှု၊ တည်ငြိမ်မှု မရှိတော့တာကိုတွေ့ရသည့်အတွက် ဆန္ဒပြတောင်းဆိုမှုများသည် တစ်ဆင့်ပြီးတစ်ဆင့် တိုးပြီးတောင်းဆိုမှုတွေ ပြုလုပ်လာတာကိုတွေ့ရသည်။

နိုင်ငံခြားသံရုံးများက သံတမန်များသည် ဆန္ဒပြလူထုကြီးနှင့် အတူလိုက်ပါလာကြကာ သွေးထိုးခြင်း၊ မြှောက်ပင့်ပေးခြင်းများပြုလုပ်ကြသည်။

ဘီဘီစီအသံလွှင့်ဌာနက ဆန္ဒပြလူအုပ်ကြီးကို နှပ်ကြောင်းအမျိုးမျိုးပေးပြီး သွေးထိုးလှုံ့ဆော်မှုတွေ တောက်လျှောက်ပြုလုပ်ပေးခဲ့ကြသည်။

ခရစ္စတိုဖာဂါးနက်ဆိုသည့် သတင်းထောက်က ကျောင်းသားကျောင်းသူတစ်ချို့နှင့် လုပ်ဖော်တစ်ခုဖန်တီးကာ ထိုလုပ်ကြံဖန်တီးမှုလုပ်ဖော်တို့ ဘီဘီစီအသံလွှင့်ဌာနက လွှင့်ထုတ်ပေးခဲ့သည်။

ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တွေက ရေကန်တွေမှာ အဆိပ်ခပ်ကာ ဆန္ဒပြလူထုကြီးကို သေကြောင်းကြံနေကြသည်ဟု မဟုတ်မမှန်လုပ်ကြံသတင်းများ၊ ကောလာဟလသတင်းများ လွှင့်ထုတ်ခဲ့ကြသည်။

မင်းမဲ့စရိုက်ဆိုးများ ဝင်ကာ အစိုးရသူလျှို၊ ထောက်လှမ်းရေး သူလျှိုဟု လူအုပ်ကြားထဲက တွေ့ရာလူကို ဆွဲထုတ်ပြီး ရက်စက်စွာဓားဖြင့် လှီး၍ ခေါင်းဖြတ်သတ်ခဲ့ကြသည်။

ဗကပ ဗဟိုက မြန်မာ/တရုတ်နယ်စပ်ရှိ မုံးကိုးရွာတွင် အရေးပေါ်အစည်းအဝေးပြုလုပ်ကာ မန္တလေးသို့ စစ်ကြောင်းတစ်ကြောင်း၊ ရှမ်းပြည်နယ်သို့စစ်ကြောင်းတစ်ကြောင်း ထိုးဖောက်ဝင်ရောက်ကာ လွတ်မြောက်သောနယ်မြေကြညာမည်၊ ထိုမှတစ်ဆင့်မြန်မာနိုင်ငံအနှံ့ဆန္ဒပြနေကြသော ကျောင်းသားများနှင့် လူထုအကြားတီးတိုးဝါဒဖြန့်ကာ အခွင့်သာသည်နှင့် ဗကပအစိုးရအာဏာရရှိရေးကို တစ်ဆင့်တက်ဆောင်ရွက်မည်။ ထိုအစီအမံအောင်မြင်ရေးအတွက် ခြေပေါ်ရောက်နေသည့် ဗကပ ယူဂျီများက ဆက်စပ်အကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကုန်သွယ်ရေးဝန်ကြီးဌာနရုံးအတွင်း လုံခြုံရေးတာဝန်ယူထားသော တပ်မတော်တပ်စုတစ်စုကို ဆန္ဒပြ လူအုပ်ကြီးက အတင်းဝင်ရောက်သိမ်းပိုက်ကာ လက်နက်များကိုသိမ်းယူခဲ့ကြသည်။ အရာရှိနှင့် စစ်သည်များကိုတော့ သံဃာတော်များက အန္တရာယ်မဖြစ်အောင် ကယ်တင်ပေးခဲ့ကြသည်။

ပြည်လမ်းက ဆေးတက္ကသိုလ် (၁) စာသင်ဆောင်များသို့ အကြမ်းဖက်လုယက်သူများ ဝင်ရောက်ကာ သင်ကြားရေးဆိုင်ရာ ပစ္စည်းများ၊ စားပွဲကုလားထိုင်များကိုပါ ယူငင်ခြင်း၊ ဖျက်ဆီးနေခြင်းတို့ကို ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးစောမောင်တို့ ယာဉ်တန်းဖြင့် ဖြတ်သန်းနေစဉ်ကြုံတွေ့ရသဖြင့် ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်တားဆီးခဲ့ရသည်။

စစ်ရုံးထောင့်က တိရစ္ဆာန်ရုံရှေ့မှာတရားပွဲလာလုပ်ကြသည်၊ ကျောင်းသားခေါင်းဆောင်တွေလည်းပါသည်၊ ဆရာဝန်ကြီးတစ်ယောက်လည်းပါသည်။ ဆဲလိုက် ဆိုလိုက်ကြတာ မိုးမှန်နေတာပါပဲ၊ လုံခြုံရေးရဲဘော်တွေက မခံမရပ်နိုင်လွန်းလို့ သူတို့ကို မနည်းထိန်းထားရသည်။ အမှန်တော့ လုံခြုံရေးရဲဘော်များ၏

၁၉၉၁ ခုနှစ်ခန့်က မန္တလေးတိုင်းသို့ နဝတဥတ္တဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင် ခရီးလှည့်လည်စဉ် မန္တလေးတောင်ပေါ်ဓမ္ဓိတောင်အတွင်း ဗိုလ်ချုပ်ထွန်းကြည်က ရှင်းလင်းတင်ပြမှုကို ပြန်လည်ဆွေးနွေးစဉ်၊

www.burmeseclassic.com

www.burmeseclassic.com

ပစ်ခတ်မှု ဖြစ်ပေါ်လာအောင် တမင်ဖန်တီးမှုပါပဲ၊ ဒါပေမဲ့ ပစ်ခတ်မှုဖြစ်မလာပါ၊ အဲဒါကြောင့် မြို့ထဲလှည့်ပြီး ကောလာဟလသတင်းဖြန့်လိုက်တာကတော့ ကျောက်တိုင်နားမှာ စစ်ရုံးထဲကပစ်လို့ ဆန္ဒပြသူတွေသေလိုက်ကြတာ အတုံးအရုံးပဲ၊ အလောင်းကို ထပ်နေတာလို့ လုပ်ကြံသတင်းလွှင့်ကြတာလည်းကြုံရသည်။

တောင်ဥက္ကလာပ စီမံကိန်း (၁) ရပ်ကွက်က စစ်မှုထမ်းဟောင်း မိသားစုကိုလည်း အစစ်အဆေး၊ အမေးအမြန်းမရှိပဲ စစ်တပ်က သူလျှို့များဟု စွပ်စွဲကာ အိမ်ထဲက ဆွဲထုတ်ပြီး လမ်းဆုံမှာ ရက်စက်စွာခေါင်းဖြတ်သတ်ခဲ့ကြသည်။ ဗကပ သူလျှို့များ၏ သွေးထိုးလှုံ့ဆော်မှုဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များပင် ဖြစ်သည်။

အမေရိကန်သင်္ဘောလေးစင်း

အမေရိကန်နိုင်ငံ စစ်သင်္ဘောလေးစင်းပါ စစ်သင်္ဘောအုပ်စုတစ်စုသည် ရေးမြို့နှင့်သိပ်မဝေးလှသော ကုလားကုတ်ကျွန်းအနီး မြန်မာ့ရေပြင်နယ်နိမိတ် အတွင်းသို့ ခွင့်ပြုချက်မယူပဲ ကျူးကျော်ဝင်ရောက်ကာ ဒီမိုကရေစီလှုပ်ရှားမှုအရေး အခင်းကြီးကို စောင့်ကြည့်ခဲ့ကြသည်။ ယင်းတို့ မျှော်မှန်းထားသည့် အခြေအနေမျိုး ရောက်ရှိလာပါက စွစ်ရေးအရ မြန်မာနိုင်ငံရေးကို ဝင်ရောက်စွက်ဖက်ရန် ကြံရွယ်ခဲ့ကြသည်။ ယင်းတို့မျှော်မှန်းသလို အခြေအနေမျိုးရောက်ခဲ့လျှင် ဗကပစစ်ကြောင်းများနှင့် အမေရိကန်ရေတပ် စစ်သင်္ဘောတို့ ဘယ်လိုများ အမြတ်ထုတ်ကြမလဲ ဆိုတာကို တွေးလို့သာကြည့်တတ်၊ မြင်တတ်ရင် အလွန်အန္တရာယ်ကြီးပါလား ဟူ၍ မြင်မိမှာအမှန်ဖြစ်ပါသည်။

သရက်တောကျောင်းတိုက်

ထောက်လှမ်းရေးက ဗိုလ်မှူးစည်သူနှင့်အဖွဲ့ကို ဆန္ဒပြအကြမ်းဖက်သမားများက ဖမ်းဆီးပြီး သတ်ဖြတ်ရန် စီစဉ်နေစဉ်မှာ သရက်တောကျောင်းတိုက်မှ ဆရာတော်၊ သံဃာတော်များက ဆန္ဒပြအကြမ်းဖက်သမားများ လက်ထဲမှ တောင်းယူပြီး ကယ်တင်လိုက်တာကြောင့် အဆိုပါထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ ခုနှစ်၊ အရေးအခင်းကာလအတွင်း တောင်ဥက္ကလာပမြို့နယ် စီမံကိန်းရုပ်ကွက်မှ ရဲဘော်ဟောင်းများ ခေါင်းဖြတ်အသတ်ခံရသည့် နေရာတွင် စေတီတော်ကြီး တည်ဆောက်ရာတွင် အတွင်းရေးမှူး(၁) လှည့်လည်စစ်ဆေးကြည့်ရှုစဉ်နှင့် ဌာပနာပစ္စည်းများ ဓါတ်တော်များ ဖူးမျှော်စဉ်

တောင်ဥက္ကလာပစေတီတော်မြတ်ကြီး တိုင်းမှူး ဦးဆောင်လျက် ရွှေထီးတော်တင်လှူပူဇော်စဉ် ၁၉၈၈ ခုနှစ် အရေးအခင်းကာလက ခေါင်းဖြတ် အသတ်ခံရသူများ အသတ်ခံရသည့်နေရာတွင် စေတီတော်တည်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အသတ်မခံရခြင်းဖြစ်သည်။ သဂျက်တောကျောင်းတိုက်မှဆရာတော်၊ သံဃာတော်များကို လူ့အသက်ကိုကယ်တင်လိုက်သည့်အတွက် ဂါရဝထားကာ ဦးတင်ကန်တော့လိုက်ရပါသည်။

နောက်ဖြစ်စဉ်တစ်ခုက ရခိုင်ပြည်နယ် စစ်တွေမှာဖြစ်ပေါ်ခဲ့တဲ့အကြမ်းဖက်မှုဖြစ်ပါသည်။ ထောက်လှမ်းရေးဆိုတာ သတင်းယူပြီး အထက်ဌာနကို သတင်းပို့စနစ်၊ သတင်းတင်ပြသည့်တာဝန်ကို ထမ်းရွက်ရသူများဖြစ်ပါသည်။ စစ်တွေမြို့ပေါ်မှာ ဆန္ဒပြနေသည့် လူအုပ်ကြီးအတွင်းမှာရှိနေသည့် ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးမြင့်ကျော်နှင့် တပ်ဖွဲ့ဝင် နှစ်ဦးထောက်လှမ်းရေး တာဝန်ထမ်းဆောင်နေသူများကို ဆန္ဒပြအကြမ်းဖက်သမားအုပ်စုက ဖမ်းဆီးပြီးသတ်ဖြတ်လိုက်သည့် ဖြစ်စဉ်တစ်ခုဖြစ်ခဲ့သည်။ ဆန္ဒပြအုပ်စုထဲမှာ အကြမ်းဖက်သမားတွေပါဝင်လှုပ်ရှားဆောင်ရွက်နေတာတွေ့ရသဖြင့် ဒီမိုကရေစီတောင်းဆိုမှုကို ရှုပ်ပျက်ဆင်းပျက် ဖြစ်စေခဲ့တာအမှန်ပဲဖြစ်သည်။

ဖော်ပြပါ ဖြစ်စဉ်ဖြစ်ရပ်ကြီးများသည် ကျွန်တော်၏ကိုယ်တွေ့၊ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များသာ ဖြစ်သည်။ ဤအရေးအခင်း ကာလကြီးတွင် ဒီမိုကရေစီရရှိရေးအတွက် ရိုးသားစွာပါဝင်အရေးဆို တောင်းဆိုခဲ့ကြသူများ ရှိခဲ့ကြသလို မရိုးမသားကြံ့ရွယ်ချက်များဖြင့် ပါဝင်အရေးဆိုဝင်ရောက်လှုပ်ရှားကြသူများ၊ မင်းမဲ့စရိုက်များဖော်ဆောင်ကာ အကြမ်းဖက်ဝင်ရောက်လှုပ်ရှားကြသူများ၊ ခိုးဆိုးလုယက်လိုသူများကပါ အခွင့်ကောင်းစောင့်ရင်း ပူးပေါင်းပါဝင်လှုပ်ရှားမှုများဖြင့် အရုပ်ဆိုးအကျည်းတန်အောင်လှုပ်ရှားဆောင်ရွက်ကြသူများကိုပါ ကြုံတွေ့ခဲ့ရသည်။

အဆိုပါ တိုင်းပြည်အတွင်း မတည်မငြိမ်မှုများ၊ မင်းမဲ့စရိုက်ဆန်စွာ လှုပ်ရှားပါဝင်သူများ၊ ခိုးဆိုးလုယက်မှုများ၊ ခေါင်းဖြတ်သတ်မှုများ၊ ဗကပတို့၏ ဝင်ရောက်အမြတ်ထုတ်မှုများ၊ ပြည်ပနိုင်ငံအချို့၏ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုများ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ၏ အုပ်ချုပ်ရေးယန္တရားနဲ့ကြီးပျက်ပြားရပ်တန့်နေမှုများကြောင့် တပ်မတော်က အခြေအနေအရုပ်ရုပ်ကို ကိုင်နိုးသိမ်းသည့်အနေဖြင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူ

www.burmeseclassic.com

www.burmeseclassic.com

အများစုဏ်ဘဝ အေးချမ်းလုံခြုံရေးတို့အတွက် နိုင်ငံတော်၏ တာဝန်ကို ယူခဲ့ရ ခြင်းဖြစ်ကြောင်းကို တင်ပြရပါသည်။

ဗိုလ်ချုပ်မှူးကြီးစောမောင် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် သံတမန်များကို နှုတ်ဆက်စဉ် (ညစာစားပွဲအခမ်းအနား)

၁၉၈၉ ခုနှစ်အတွင်းက နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင် နိုင်ငံခြားသားစည်သည်နှင့် တွေ့ဆုံစဉ် ဒုဥက္ကဋ္ဌ ဒုဗိုလ်ချုပ်ကြီးသန်းရွှေ၊ အတွင်းရေးမှူး(၁) ဗိုလ်မှူးချုပ်ခင်ညွန့် အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးတင်ဦး

www.burmeseclassic.com

www.burmeseclassic.com

ထို ၁၉၈၈ ခုနှစ် အရေးအခင်းကာလက တက္ကသိုလ်ကျောင်းသား လူငယ်တစ်ယောက် အမှတ်တရ တွေ့ကြုံခဲ့ရသည်။ ထိုကာလအတွင်းက မင်းမဲ့စရိုက်ဝင်ပြီး ခေါင်းဖြတ်သတ်မှုတွေ၊ အကြမ်းဖက်လုယက်မှုတွေကို မကြိုက်လို့၊ အပြစ်မဲ့ ပြည်သူတွေ ခေါင်းဖြတ်အသတ်မခံရအောင်၊ တတ်နိုင်သမျှ ကာကွယ်စောင့်ရှောက်ပေးမှုတွေ၊ ကုန်သွယ်ရေးရုံးကြီးမှာ ဆန္ဒပြလူအုပ်စုကြီး၏ ပိတ်ဆို့ထားခြင်းခံရသည့် တပ်စုတစ်စုအား အန္တရာယ်ကင်းစွာဖြင့် သရက်တောကျောင်းတိုက်အတွင်းသို့ ရောက်ရှိသွားအောင် သံဃာတော်များနှင့်အတူ လိုက်ပါဆောင်ရွက်ပေးခဲ့မှုတွေကို စွမ်းဆောင်ပေးခဲ့သည့် လူငယ်ကျောင်းသားတစ်ဦးကို အမှတ်တရ ကြုံခဲ့ရသည်။ ထိုကျောင်းသားလူငယ်သည် ယခုအခါမှာတော့ တရားလွတ်တော်ရှေ့နေကြီးတစ်ဦး ဖြစ်နေပါပြီ။ ယခုလည်း ပြည်သူတွေရဲ့ အကျိုးစီးပွားဖြစ်ထွန်းရေးမှာ ဘက်မလိုက်ဘဲ တရားဥပဒေနှင့်အညီ နိုင်ငံတော်၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၆

တပ်မတော်က အာဏာသိမ်းခြင်းမဟုတ် ပြည်သူအများ၏ ဘဝလုံခြုံမှု ပြုလုပ်ပေးခြင်းသာ ဖြစ်သည်

တပ်မတော်ဆိုသည်မှာ နိုင်ငံတိုင်းမှာမရှိမဖြစ်၊ အမြဲတန်းရှိနေရမည့် လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်။ တိုင်းပြည်၏ ဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်ပေါ်မူတည်ကာ အစိုးရအဖွဲ့၏ လိုအပ်ချက်နှင့်အညီ ကျင့်ကြံနေထိုင်၊ တာဝန်ထမ်းရွက်ကြရသည်။ တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှု မရှိသည့် အချိန်အခါတွင် တည်ငြိမ်အေးချမ်းမှုရှိလာအောင်၊ ပြည်သူအများ၏ ဘဝလုံခြုံမှု ရှိလာအောင် တာဝန်အရ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းရွက်ကြရသည်။ အရေးပေါ်အခြေအနေမျိုးတွင် တည်ဆဲဥပဒေကို ဖောက်ဖျက်သူများ၊ အကြမ်းဖက်လုယက်သူများ၊ လုံခြုံရေးပျက်ပြားအောင် ဆောင်ရွက်သူများကို တာဝန်အရ အရေးယူဆောင်ရွက်စမြဲဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ၁၉၈၈ ခုနှစ်ကာလအတွင်းတွင် အထွေထွေ မကျေနပ်မှုများအပေါ်အခြေခံကာ ပြည်သူအများလမ်းမပေါ်တွက်၍ ဆန္ဒပြ အရေးဆိုကြသည်။ ဒီမိုကရေစီတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။ ပထမပိုင်းတွင် ရိုးသားစွာ ဒီမိုကရေစီရေးတောင်းဆိုမှုများပြုလုပ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်လုယက်သူများ၊ ခေါင်းဖြတ်သတ်မှုများအထိ မင်းမဲ့စရိုက်ဆန်စွာ

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ ခုနှစ်၊ အရေးအခင်းကာလ အကြမ်းဖက်သမားများ၏ ခေါင်းဖြတ်အသတ်ခံရသော အပြစ်မဲ့ပြည်သူများအတွက် ကောင်းမှုပြုပေးသည့် အစီအစဉ်အဖြစ် တောင်ဥက္ကလာပစေတီတော်ကြီးကိုခေါင်းဖြတ်အသတ်ခံရသည့်နေရာတွင် တုည်ဆောက်ရာတွင် သံယာတော်များနှင့် ပြည်သူများပါဝင် ကုသိုလ်ယူကြစဉ်

တရားဥပဒေကို စိန်ခေါ်မှုများအထိ ဖြစ်ပေါ်လာခြင်း၊ ဗကပ ယူဂျီအဖွဲ့များ၏ သွေးထိုးလှုံ့ဆော်မှုများ၊ နယ်စပ်ဒေသတွင် ဗကပတပ်ဖွဲ့များ၏ အချိန်ကိုက်တိုက်ပွဲများဖော်ထုတ်နေမှုများအပြင် အမေရိကန်စစ်ရေယာဉ်အုပ်စုတစ်ခု မြန်မာ့ရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာကာ ဒီမိုကရေစီတောင်းဆိုမှု အရေးအခင်းကြီးကို ပိုမိုရှုပ်ထွေးအောင်ဖန်တီးလုပ်ဆောင်မှုများဖြစ်ပေါ်လာသည်ကတစ်ကြောင်း၊ အစိုးရ၏အုပ်ချုပ်ရေးယန္တရားကြီးကလည်း ရပ်တန့်နေပြီး နိုင်ငံအတွင်းတရားဥပဒေစိုးမိုးမှုပျက်ယွင်းကာ လုံခြုံမှုလုံးဝမရှိတော့သည့် အခြေအနေဖြစ်ပေါ်နေသည့်က တစ်ကြောင်းတို့ကြောင့်တပ်မတော်အနေဖြင့် ပြည်သူတစ်ရပ်လုံး၏ လုံခြုံမှုဖြစ်ထွန်းရေးကို ရှေးရှုကာ တာဝန်ရှိသူတို့က စဉ်းစားဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဖြတ်အသတ်ခံရသူများအတွက် ကုသိုလ်ပြုပေးသည်။ တောင်ဥက္ကလာပ စေတီတော်မြတ်ကြီး၊ ရွှေထီးတော်တင်လှူပွဲ အခမ်းအနား ကျင်းပစဉ်

ဗိုလ်ချုပ်ကြီးစောမောင်ထံ အကြောင်းကြား

၁၉၈၈ ခုနှစ် အရေးအခင်းကာလတစ်လျှောက်လုံး တပ်မတော်ခေါင်းဆောင်ပိုင်းအားလုံးသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးအစည်းအဝေးခန်းထဲတွင် နေ့ရောညပါ တိုင်းပြည်အတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ် အပေါ်ဝေဖန်ပိုင်းခြားခြင်း၊ သုံးသပ်ခြင်းများကို အခါမလပ် ပြုလုပ်လျက်ရှိကြရာ နောက်ပိုင်းတွင် တိုင်းပြည်၏အခြေအနေမှာ ပိုမိုဆိုးဝါးသည်ထက် ဆိုးဝါးစွာ ဖြစ်ပေါ်လာလျက်ရှိတာကို တွေ့နေရပါသည်။ ထို့ကြောင့် ၁၉၈�># ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့ ညနေ ၃ နာရီခန့်မှာ ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးသန်းရွှေတို့ တိုင်ပင်ကာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်ထံ သွားရောက်တင်ပြကြမှ ဖြစ်တော့မည်ဟု ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် ကျွန်တော်တို့ ရှိနေကြသည့် အခန်းမှ ကာကွယ်ရေးဦးစီးချုပ်ရှိနေသည့် အခန်းသို့ သွားရောက်ပြီး နောက်ဆုံးဖြစ်နေသည့် အခြေအနေအရပ်ရပ်ကို ထပ်မံရှင်းလင်းတင်ပြခဲ့ကြပါသည်။ နောက်ဆုံးဖြစ်ပေါ်နေသည့် အခြေအနေတွေကလည်း အလွန်ဆိုးဝါးရှုပ်ထွေးနေပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြည်လမ်းမကြီးဘေးရှိ ပြည်သူ့ဥယျာဉ်ကြီးအတွင်းရှိ ပြည်ထောင်စု တိုင်းရင်းသားများ၏ ရုပ်လုံးရုပ်ကြွများဖြင့် ခင်းကျင်းပြသထားသည့် ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမ ဖွင့်ပွဲအခမ်းအနားသို့ ၁၉၉၁ ခုနှစ် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့် ရောက်ရှိစဉ်

ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ပြခန်းဖွင့်လှစ်ပွဲတွင် အတွင်းရေးမှူး(၁) နှင့် ဇနီးတို့အား တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်းအားဖြင့်တော့ ဒီမိုကရေစီရေးအကြောင်းပြနေကြသော်လည်း အကြမ်းဖက်မှုများ၊ ခေါင်းဖြတ်သတ်နေမှုများကြောင့် နိုင်ငံရေးသမားစစ်စစ်များသည် လမ်းပေါ်မှာမရှိကြတော့ပါ၊ ခေါင်းဖြတ်သတ်နေမှုများ၊ ခိုးဆိုးလုယက်နေမှုများ၊ အကြမ်းဖက်နေမှုများကို မည်သူမှ မတားဆီးနိုင်၊ မထိန်းသိမ်းနိုင်တော့ပါ။ မိမိတို့ရပ်ကွက်အလိုက်၊ လမ်းအလိုက် လူစိမ်းများဝင်မလာနိုင်အောင် ရပ်ကွက်အတွင်းရှိလူငယ်များ ရပ်ကွက်ထိပ်၊ လမ်းထိပ်မှာ ကင်းတဲများတည်ဆောက်ကာ မိမိရပ်ကွက်၊ မိမိတို့လမ်းအတွင်း လုံခြုံမှုရှိအောင် ကင်းစောင့်ကြရသည့် အခြေအနေသို့ ရောက်ရှိနေကြပြီဖြစ်၍ ကျွန်တော်တို့ထိုင်ကြည့်နေလို့တော့ မဖြစ်တော့ဘူးဟူ၍ ခံယူတာကြောင့် ထိုအခြေအနေများကို ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင်ထံ သွားရောက်တင်ပြဆွေးနွေးကြခြင်း ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးဦးနေဝင်းထံသို့

ဒါဆိုရင်တော့ ဥက္ကဋ္ဌကြီး ဦးနေဝင်းထံသွားကြမည်၊ ကိုခင်ညွန့်က ဆက်သွယ်ဆောင်ရွက်ပါဟု ဗိုလ်ချုပ်ကြီး စောမောင်ကတာဝန်ပေးလာသောကြောင့် ကျွန်တော်သည် ဦးဆက်ထွန်းထံ တယ်လီဖုန်း ဆက်သွယ်ရာ အဆက်အသွယ်ရလျှင်ရချင်းပဲ "အစ်ကိုကြီး ကျွန်တော်တို့ အဖေကြီးနဲ့တွေ့ဖို့ လာချင်တယ်၊ ဘယ်အချိန် ဘယ်ကိုလာရမလဲ၊ တိုင်းပြည်အတွက် အရေးကြီးအခြေအနေကြောင့် အမြန်ပဲလာချင်ပါတယ်"ဟုပြောတော့ "အေး ဒီလိုဆိုခဏစောင့်နေ ပြန်ဆက်လိုက်မယ်" လို့ဖြေကြားချက်ရရှိပါသည်။ ၃၀ မိနစ်ခန့်ထင်ပါသည်။ ဦးဆက်ထွန်းဆီက ပြန်ဆက်သွယ်သည်။ "ကိုခင်ညွန့်လာလို့ရပြီ၊ ညနေ ၆ နာရီ ၇ နာရီလောက်မှာ စောင့်နေမည်၊ အေဒီလမ်းအိမ်ကိုပဲ လာခဲ့ကြပါ"ဟုခွင့်ပြုချက်ရသည်။ "ကိုသန်းရွှေနေခဲ့၊ ကိုယ်နဲ့ ကိုခင်ညွန့်တို့သွားကြမယ်၊ သွားဖို့ကြည့် စီစဉ်ကြတော့ဗျာ"ဟု ဗိုလ်ချုပ်ကြီးစောမောင်ကပြောသည်နှင့် ကျွန်တော်တို့ ၇ နာရီလောက်သွားနိုင်အောင် စီစဉ်ကြရပါတော့သည်။ သံချပ်ကာ လူတင်ယာဉ်နှစ်စီးအပါအဝင် လုံခြုံရေးကားများ၊ လုံခြုံရေးတာဝန်ခံက ဗိုလ်မှူးကြီးစောလွင်တမခ(၂၂)က နည်းဗျူဟာမှူး (ဟိုတယ်ဝန်ကြီးကနေ အင်ဂြိမ်းစားယူသွားသူ၊

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ဖွင့်ပွဲအခမ်းအနားတွင်
အတွင်းရေးမှူး(၁)နှင့် (၂) ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်အောင်ရဲကျော်
သစ်တောရေးရာဝန်ကြီး ဗိုလ်ချုပ်ချစ်ဆွေ ဝန်ကြီးများနှင့် ဧနီးများ

ယခုတော့ ကွယ်လွန်သွား ရှာပါပြီ) ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးစောမောင်က သံချပ်ကာကားတစ်စီးထဲမှာ ကျန်ကားတစ်စီးကတော့ ဗိုလ်မှူးကြီးစောလွင်စီးလာပါသည်။ ဗိုလ်ချုပ်ကြီး သန်းရွှေကတော့ ရုံးမှာကျန်ခဲ့သည်။ ကျွန်တော်တို့ ယာဉ်တုန်း ညနေ ၆ နာရီလောက်မှာ စတွက်တာပါ၊ ခရီးလမ်းကြောင်းကတော့ စစ်ရုံးကနေ ရွှေတိုဂုံဘုရားလမ်းအတိုင်း ဦးဝိစာရအဝိုင်းကိုဖြတ်တယ်၊ ဦးဝိစာရလမ်းအတိုင်း ဝိဇယရုပ်ရှင်ရုံရောက်တော့ ညာဘက်ချိုးပါသည်။ နောက်အင်းလျားလမ်းအတိုင်းဘွဲ့နှင်းသဘင်ခန်းမနောက်မှတစ်ဆင့် ပြည်လမ်းထဲဝင်သည်။ ပြည်လမ်းအတိုင်းကနေ အေဒီ လမ်းထဲ ချိုးဝင်ပြီး ဥက္ကဋ္ဌကြီးအိမ်ထဲဝင်ရသည်။ လမ်းတလျှောက်မှာ ဆန္ဒပြ လူအုပ်များ၏ အတားအဆီးများပြုလုပ်ထားမှုကိုကြုံရသည်၊ သစ်ပင်ခုတ်လှဲ၍ လမ်းလယ်တွင် ဝိတ်ဆို့ထားကြသည်။ တစ်ချို့နေရာတွေမှာ ကွန်ကရစ်ဓာတ်တိုင် အဟောင်းများကို လမ်းပေါ်မှာ ကန့်လန့်ဖြတ်တင်ထားကြတာကြောင့် အဲဒီအတားအဆီးတွေကို ရှင်းလင်းပြီးသွားရတာဖြစ်၍ မထင်မှတ်ဘဲ အချိန်အလွန်ကြာသွားခဲ့တာကြောင့် အေဒီလမ်းနေအိမ်သို့ ည ၁၀ နာရီမှ ရောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လူကြီးတွေသိရဲ့လား

ကျွန်တော်တို့ ရောက်လည်းရောက်ရော ဥက္ကဋ္ဌကြီးက အိမ်ပေါ်ထပ်က ဆင်းလာပြီး မင်းတို့တော်တော်ကြာပါလားကွလို့မေးတော့ ဟုတ်ပါတယ်၊ ကျွန်တော်တို့ ထွက်လာတဲ့ လမ်းကြောင်းမှာ ဆန္ဒပြသူတွေရဲ့ အတားအဆီးတွေကို ရှင်းလင်းလာခဲ့ရတာကြောင့် အချိန်ကြာသွားခြင်းဖြစ်ပါတယ်ဟု ပြန်ပြောလိုက်တော့ အေး မင်းတို့ဘာတွေများ ပြောစရာရှိသလဲ၊ ပြောစရာရှိတာ ပြောကြကွာလို့ ခွင့်ပြုလိုက်တော့ ဗိုလ်ချုပ်ကြီးစောမောင်ကပဲ စတင်ပြောတော့တာပါပဲ။

"ဗိုလ်ချုပ်ခင်ဗျား၊ တိုင်းပြည်အခြေအနေကတော့ အလွန်ဆိုးဝါးနေပါပြီ၊ မင်းမဲ့စရိုက်တွေဖြစ်ပြီး လူတွေခေါင်းဖြတ်သတ်နေကြတဲ့အထိ ဆိုးဝါးနေပါပြီ၊ ပြည်သူတွေလည်း အတော်ဒုက္ခရောက်နေကြပါပြီ၊ အုပ်ချုပ်ရေးယန္တရားကလည်း ပျက်ယွင်းသွားပါပြီ၊ ပြည်သူတွေလည်း စိုးရိမ်ပူပန်မှုတွေနဲ့ ကျီးလန့်စာ စားသလို ဖြစ်နေကြပါပြီ၊ ကိုခင်ညွန့်ပဲ အသေးစိတ်ထပ်တင်ပြပေးပါ" ဆိုတာနဲ့ ကျွန်တော်လည်း နိုင်ငံတော်အတွင်း ဖြစ်ပျက်နေသည့် အလွန်ဆိုးဝါးသော အခြေအနေနှင့် ဖြစ်စဉ်ဖြစ်ရပ်အမှန်များကို ပြည့်ပြည့်စုံစုံတင်ပြလိုက်သည့်အခါ "အေး-လက်ရှိဖြစ်ပေါ်နေသည့် ဆိုးဆိုးဝါးဝါးအခြေအနေများကို ငါလည်းခုမှသိရတော့တယ်၊ စောမောင် ဒီလောက်အခြေအနေဆိုးဝါးနေတာတွေ ငါမသိဘူးကွာ၊ အခုမှပဲ ပြည့်ပြည့်စုံစုံသိရတော့တယ်၊ အေး မင်းတို့ ဒီကိုလာတာ ကျွန်တဲ့ လူကြီးတွေ သိကြလား"

ဟုမေးတာပါပဲ ကျွန်တော်တို့ ဒီကိုလာတာလူကြီးတွေမသိပါဘူး၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေတွေကို အဖေကြီးဆီတိုက်ရိုက်တိုက်တင်ပြချင်လို့ လူကြီးတွေ အသိမပေးတော့ပဲ တိုက်ရိုက်လာလိုက်ခြင်းဖြစ်ပါတယ်ဟု ပြန်ဖြေလိုက်တော့ "အေး အေး အဲဒါဆိုရင်မနက်ဖြန်မနက်မှာ လူကြီးတွေဆီဆွားတင်ပြလိုက်ဦးကွာတဲ့၊ တို့တပ်မတော်မှာ အစဉ်အလာရှိတယ်ဆိုတော့ သူ့ဖွဲ့ကို အသိမပေးပဲ ငါ့ဆီ တိုက်ရိုက်လာတင်ပြကြတယ်ဆိုတော့ မင်းတို့လည်းမကောင်းဘူး၊ သူတို့ စိတ်ထဲမှာလည်း တစ်မျိုးဖြစ်နေဦးမယ်၊ မနက်စောစောမှာ သွားတင်ပြလိုက်" ဟု ဥက္ကဋ္ဌကြီးကဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့လည်း အေဒီလမ်းကပြန်ထွက်လာတော့ ည ၁၂ နာရီ ကျော်နေပါပြီ၊ အပြန်ကျတော့ လမ်းကြောင်းရှင်းပြီးသားဖြစ်နေသဖြင့် သိပ်မကြာ လိုက်ပါ။ ရုံးကိုပြန်ရောက်တော့ ဗိုလ်ချုပ်ကြီးစောမောင်က တို့မနက်ဖြန်မနက် ၆ နာရီခွဲလောက် လူကြီးတွေဆီသွားကြရအောင် လို့ပြောပါတယ်၊ လူကြီးတွေ ဆိုတာကတော့ ဗိုလ်ချုပ်ကြီးအေးကိုနှင့် ဗိုလ်ချုပ်ကြီးသူရကျော်ထင်တို့ကို ဆိုလိုခြင်း ဖြစ်ပါသည်။ သူတို့ အိမ်တွေကနီးကြတော့ ဗိုလ်ချုပ်ကြီးအေးကို အိမ်ကိုသွားပြီး အဲဒီမှာ နှစ်ယောက်စလုံးကိုတင်ပြနိုင်ကြောင်း ပြန်ပြောလိုက်ပါသည်။ နောက်နေ့ အတွက် ဆောင်ရွက်ဖွယ်ရာတွေကို ရုံးခန်းရောက်တဲ့အခါမှာ အားလုံးစီစဉ်ထား လိုက်ပါသည်။ အဲဒီနေ့တစ်ညလုံး အိပ်လို့မပျော်ပါ၊ နောက်နေ့မှာ ဘာတွေဖြစ်ကြ မလဲ၊ ဘာတွေ လုပ်ရဦးမလဲဆိုတာတွေ တွေးရင်းနဲ့ပဲ မိုးလင်းသွားတော့တာပါပဲ။

လူကြီးများထံတင်ပြ

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက် မနက် ၇ နာရီခန့်မှာ ဗိုလ်ချုပ် ကြီး စောမောင်နဲ့ ကျွန်တော် ဗိုလ်ချုပ်ကြီးအေးကိုအိမ်ကို သွားကြပါသည်။ ဟို ရောက်တော့ ဗိုလ်ချုပ်ကြီးသူရကျော်ထင်ကို ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်တော့ ချက်ချင်းပဲ ရောက်လာပါသည်။ လူကြီးနှစ်ယောက်စုံတာနဲ့ ညတုန်းက အေဒီလမ်း ကို သွားလိုက်ရသည့်အခြေအနေနှင့် နိုင်ငံအတွင်းဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်ကိုကျွန်တော်ကပဲရှင်းပြသည်။ သူတို့မရှင်းလင်းတာတွေလည်း ဆက်လက် ရှင်းလင်းပြောကြားနေရင်း မနက် ၈ နာရီခွဲလောက်မှာ ဦးဆက်ထွန်းဆီကနေ ဗိုလ်ချုပ်ကြီးအေးကိုအိမ်ကို ဖုန်းဝင်လာပါသည်။ လူကြီးတွေကို ဥက္ကဋ္ဌကြီးက တွေ့ချင်လို့ ခေါ်ပါတယ်၊ မနက် ၉ နာရီမှာ ဥက္ကဋ္ဌကြီးရဲ့ရုံးမှာ တွေ့ကြမယ်၊ ကျန်တဲ့လူကြီးတွေလည်းဆက်ပြီးပါပြီ၊ ဗိုလ်ချုပ်ကြီးတို့ နှစ်ယောက်နဲ့ အဲဒီမှာ ဗိုလ်ချုပ်ကြီးစောမောင်နဲ့ ကိုခင်ညွှန့်တို့ရှိနေရင် သူတို့ကိုပါခေါ်ခဲ့ပါ''လို့ဆက်ပြော တယ်၊ အချိန်က ၉ နာရီ ဆိုတော့ ချက်ချင်းပဲသွားကြမယ်ဆိုပြီး အေဒီလမ်းကို ထွက်ခဲ့ကြရပါသည်။ အေဒီလမ်းကဥက္ကဋ္ဌကြီးရဲ့ ရုံးခန်းရောက်တော့ ကျန်တဲ့ လူကြီးတွေ ရောက်နေကြပါပြီ၊ လူကြီးတွေကတော့ ၆ ယောက်ပါပဲ၊ သမ္မတကြီး

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမောင်မောင်၊ ဝန်ကြီးချုပ်သူရဦးထွန်းတင်၊ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်သန်းတင် ဗိုလ်ချုပ်ကြီးအေးကို၊ ဗိုလ်ချုပ်ကြီးသူရကျော်ထင် (ပါတီ အထွေထွေအတွင်းရေးမှူးနှင့် ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူး)၊ နိုင်ငံခြား ရေးဝန်ကြီး ဦးရဲခေါင်တို့ဖြစ်ပါသည်။

ရုံးမှာ လူကြီးတွေလည်းစုံရော ဦးဆက်ထွန်းက ဥက္ကဋ္ဌကြီးအိမ်ကို ဖုန်းလှမ်းဆက်ပါသည်။ လူကြီးအားလုံးရောက်ရှိနေကြပါပြီဟု ပြောလိုက်တော့ ဥက္ကဋ္ဌကြီးလည်း ထွက်လာလိုက်တာ ရုံးခန်းထဲလည်းရောက်ရော ဥက္ကဋ္ဌကြီးက "ညကကွာတဲ့၊ ဒီကောင်နှစ်ကောင် ငါ့ဆီရောက်လာကြတယ်၊ သူတို့နှစ်ယောက်က တိုင်းပြည်အတွင်းဖြစ်ပျက်နေသည့် အခြေအနေအရပ်ရပ်ကို ရှင်းပြတော့မှ ငါလည်း အကြောင်းစုံသိရတော့တယ်၊ ငါလည်း အဲဒီတော့မှ တိုင်းပြည်အတွင်းဖြစ်ပေါ်နေတဲ့ ဆိုးဆိုး ဝါးဝါးအခြေအနေတွေကို သိရတော့တယ်၊ မင်းတို့လည်း သိချင်မှ သိမယ်၊ ကဲ ဗိုလ်စောမောင် မင်းတို့ငါ့ကိုရှင်းပြသလို သူတို့ကိုလည်းရှင်းပြလိုက်ပါကွာ" လို့ ပြောတာနဲ့ပဲ ဗိုလ်ချုပ်ကြီးစောမောင်က ကိုခင်ညွှန့်က အသေးစိတ်သိနေတော့ ကိုခင်ညွှန့်ပဲ ရှင်းပြပေးပါဆိုတာနဲ့ ကျွန်တော်လည်း ညက ဥက္ကဋ္ဌကြီးကိုရှင်းပြ ခဲ့တဲ့အတိုင်း လူကြီးများကိုရှင်းပြလိုက်ပါသည်။

ကျွန်တော်၏ ရှင်းပြချက်

ဒီမိုကရေစီတောင်းဆိုသူများ၏ နောက်တွင် အကြမ်းဖက်မှုများ၊ မင်းမဲ့ စရိုက်ဆန်စွာ ခေါင်းဖြတ်သတ်နေမှုများ၊ အာဏာကိုဖြတ်လမ်းက ရလိုမှုဖြင့် ကြံ့ရွယ်နေကြသည့် အမြတ်ထုတ်သမားများ၏ အန္တရာယ်တို့ကို ရှင်းလင်း တင်ပြခဲ့ပါသည်။ ကျွန်တော်၏ ရှင်းလင်းတင်ပြချက်ပြီးသည့်အခါ ဥက္ကဋ္ဌကြီးက "ကဲ မင်းတို့တိုင်းပြည်ကို ထိန်းနိုင်မလားတဲ့၊ မင်းတို့အုပ်ချုပ်ရေး ယန္တရားလဲ ပျက်ယွင်းနေပြီ" ဟု ပြောလိုက်ရာ ဒီတော့ လူကြီးများက "ကျွန်တော်တို့ မထိန်းနိုင်တော့ပါဘူး၊ ဥက္ကဋ္ဌကြီး စီမံတဲ့အတိုင်းလိုက်နာပါ့မည်" ဟူ၍ တင်ပြ ကြသည်။ ကဲ ဒါဆိုရင် ငါပြောတဲ့အတိုင်းလိုက်နာကြပါဟု ပြောပြီး **ဗိုလ်စောမောင် မင်းတို့စစ်တပ်ကပဲ တိုင်းပြည်ကို ထိန်းသိမ်းပေးပါ၊ တပ်မတော်ကပဲ ဥပဒေ၊**

www.burmeseclassic.com

www.burmeseclassic.com

စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ တာဝန်ယူဆောင်ရွက်ကြပါလို့ ပြောလိုက်တယ်၊ အခုလိုအခြေအနေမျိုးမှာ တိုင်းပြည်ကို ဘယ်သူမှထိန်းနိုင်မှာမဟုတ်ဘူး မင်းတို့ စစ်တပ်ကသာလျှင် ထိန်းနိုင်မှာ၊ ထိန်းဖို့လည်း တာဝန်ရှိပါတယ်" ဟု ပြောပါသည်။

အဲဒီမှာ ဗိုလ်ချုပ်ကြီးစောမောင်က "ကျွန်တော်တာလုပ်ရမှာလဲ၊ ကျွန်တော်လည်း ဘာမှမလုပ်တတ်ပါဘူး" ဟု တင်ပြလိုက်ရာ-

"အေး ဗိုလ်စောမောင် မင်းတို့ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်အောင် ဒေါက်တာမောင်မောင်ရှိတယ်၊ သူက ဥပဒေနှင့်အညီ လုပ်ဆောင်ဖွယ်ရာရှိသည်များကို လမ်းညွှန်ပြပါလိမ့်မယ်၊ ကဲ မင်းတို့သွားကြတော့၊ မောင်မောင်မင်းက ဥပဒေ အကြောင်းနှင့် ညီညွတ်အောင်လုပ်ရမယ့် လုပ်ငန်းတွေကို ရှင်းပြပြီး စနစ်တကျ ဖြစ်အောင်၊ ဥပဒေနှင့်အညီဖြစ်အောင် လုပ်ပေးလိုက်ပါ" လို့ ပြောပြီး သူ့အိမ်ကို ပြန်ထွက်သွားပါတော့သည်။

သမ္မတရုံးခန်းမှာ

ဒေါက်တာ မောင်မောင်နှင့် လူကြီးများအားလုံး၊ ကျွန်တော်တို့ အပါအဝင် ပေါ့၊ ဝင်ဒါမီယာဝင့်းထဲက သမ္မတရုံးကို သွားကြမယ်ဆိုပြီး ထွက် လာခဲ့ကြရာ အချိန်အားဖြင့်တော့ နေ့လယ် ၁၂ နာရီထိုးတော့မယ်။ သမ္မတရုံးရောက်တော့ ၁၂ နာရီထိုးနေပြီ၊ သမ္မတရုံး ညွှန်ကြားရေးမှူးချုပ်က ဗိုလ်မှူးကြီး ကက်စိန် (နောင်ကျွန်းမာရေးဝန်ကြီး)၊ သူက သမ္မတကြီးရုံးခန်းထဲမှာ နေရာအားလုံး ပြင်ဆင်ပေးပါသည်။

ကြေညာချက်လေးစောင်

ကျွန်တော်တို့ သမ္မတကြီးရုံးခန်းထဲမှာ လုပ်ငန်းတွေစကြတာပေါ့၊ သမ္မတကြီး ဒေါက်တာမောင်မောင်ကပဲ-

"ကိုခင်ညွန့်လေးရေ လုပ်ငန်းစကြရအောင်၊ အမိန့်နဲ့ကြေညာချက်တွေ အရင်ရေးကြမယ်၊ ကျွန်တော်ကဥပဒေနှင့်ညီညွတ်အောင် နှုတ်ကပြောမယ်၊ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရေးပါ''လို့ပြောတာနဲ့ ကျွန်တော်လည်း ဗိုလ်မှူးကြီးကက်စိန်ဆီက စာရွက်တောင်းပြီး ဒေါက်တာမောင်မောင်ပြောတာတွေလိုက်ရေးပါသည်။

အမိန့်နဲ့ညွှန်ကြားချက်ဆိုင်ရာမှာ ကြေညာချက် လေးစောင်ရေးရပါသည်။ တစ်စောင်ရေးပြီးတိုင်း ကျွန်တော်က ပြန်ဖတ်ပြတဲ့အခါ လိုအပ်တာလေးတွေထပ်ဖြည့်လိုက်နဲ့ ကြေညာချက်လေးစောင်ဟာ နေ့လယ် ၂ နာရီလောက်မှာ ပြီးပါသည်။

ဒါတွေကတော့ လက်ရေးမူနဲ့ဆိုတော့ စာမူကြမ်းပဲရှိသေးတယ်၊ အချောရိုက်ပြီးလက်မှတ်ထိုးတာတွေ၊ ကြေညာချက်ထုတ်ပြန်တာတွေလုပ်ရဦးမယ်။

ညနေ ၄ နာရီမှာ မြန်မာ့အသံက သတင်းစတင်ထုတ်ပြန်နေကျဖြစ်လို့ အဲဒီအချိန်မီအောင် လုပ်ရဦးမှာဆိုတော့ ဗိုလ်ချုပ်ကြီးစောမောင်ကပဲ ''ကိုခင်ညွန့် စစ်ရုံးမှာရှိတဲ့ ကိုသန်းရွှေဆီကို တယ်လီဖုန်းဆက်လိုက်ဦး၊ တို့သမ္မတကြီးရုံးမှာ ရှိနေတယ်၊ မကြာခင် စစ်ရုံးကိုပြန်ရောက်မယ်၊ အဲဒီမှာရှိတဲ့ လူကြီးတွေစုပြီး စောင့်နေကြပါ၊ လုပ်စရာလုပ်ငန်းတွေ ရှိနေတယ်''ဟု ပြောခိုင်းသည်။

ငါတို့ကိုထိန်းမယ်ဆိုလည်း ထိန်းထားပါ

ကျွန်တော်လည်း ဗိုလ်ချုပ်ကြီးစောမောင် ပြောခိုင်းတဲ့အတိုင်းပြောလိုက်ပြီး ကျန်တဲ့လူကြီးတွေကို ''ဘာများထပ်မံမှာကြားစရာရှိသေးလဲ၊ ရှိသေးရင် မှာကြားပါ''လို့ပြောတော့ ''ဘာမှမှာစရာမရှိပါဘူး''။ တပ်မတော်က တိုင်းပြည်ကို စနစ်တကျထိန်းသိမ်းတာဝန်ယူဆောင်ရွက်သွားကြမယ်ဆိုတာ ယုံကြည်ပါတယ်၊ ခင်ဗျားတို့လုပ်စရာရှိတာတွေလုပ်ကြပါ။ ကျွန်တော်တို့ကိုလည်း ခေါ်ထိန်းထားမယ်ဆိုရင်လည်းထိန်းထားပါ''။ ဒါက ဗိုလ်ချုပ်ကြီးအေးကိုကရော ဗိုလ်ချုပ်ကြီး သူ့ရကျော်ထင်ကပါ ပြောကြတာပါ။

ကျွန်တော်တို့လည်း လူကြီးများကို နှုတ်ဆက်ပြီး ထွက်လာခဲ့ကြတာ၊ နေ့လယ် ၂ နာရီကျော်ရှိသွားပြီ၊ ကားပေါ်မှာပဲ ဗိုလ်ချုပ်ကြီးစောမောင်က ''ကိုခင်ညွန့် တို့ကြေညာချက်တွေကို ညနေ ၄ နာရီအမီလုပ်ရမှာဆိုတော့ ကြေညာချက် လေးစောင်ကို အခန်းတစ်ခန်းမှာ အချောသွားရိုက်ပါ၊ ကိုယ်ကတော့ အစည်းအဝေး ခန်းထဲမှာ ကျန်တဲ့လူကြီးတွေကို ရှင်းလင်းပြောကြားစရာရှိတာတွေ

www.burmeseclassic.com

www.burmeseclassic.com

ပြောကြား ထားမယ်၊ အချောရိုက်ပြီးသားရလျှင် ကိုယ်လက်မှတ်ထိုးပေးမယ်၊ မြန်မာ့အသံသွားဖို့ကိုလည်း ဆက်စီစဉ်စရာစီစဉ်ပါ"လို့ ကြိုတင်မှာကြားခဲ့ပါသည်။

စစ်ရုံးလည်းရောက်ရော ကြိုတင်စီမံထားတဲ့အတိုင်း သီးသန့်အခန်း တစ်ခန်းထဲမှာ အရာရှိတစ်ယောက်နဲ့အတူ လက်နှိပ်စက်ရိုက်စာရေးတစ်ယောက်နဲ့ အမြန်ရိုက်ရပါသည်။ တစ်ချိန်တည်းမှာပဲ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမျိုးသန့် (နောင်ပြန်ကြားရေးဝန်ကြီး၊ ယခုကွယ်လွန်) နှင့် စစ်ဥပဒေချုပ် ဗိုလ်မှူးကြီးသန်းဦး (နောင်ဒုတိယတရားသူကြီးချုပ်၊ ယခုကွယ်လွန်)၊ သူတို့ နှစ်ယောက်ကို မြန်မာ့အသံကို သွားဖို့အဆင်သင့်ပြင်ခိုင်းထားလိုက်ပါသည်။

ကြေညာချက်လည်း အချောရိုက်ပြီးရော ဗိုလ်ချုပ်ကြီးစောမောင် လက်မှတ်ရေးထိုးပြီးတာနဲ့ စာအိတ်လေးအိတ်ထဲမှာ နံပါတ် (၁) (၂) (၃) (၄) ဟူ၍ တစ်အိတ်ချင်းနံပါတ်တွေတပ်ပြီးချိပ်နဲ့ပိတ်လိုက်တယ်။ ပြီးတာနဲ့ အဲဒီစာအိတ်လေးအိတ်ကို ဗိုလ်မှူးကြီးမျိုးသန့်နှင့် ဗိုလ်မှူးကြီးသန်းဦး တို့လက်ထဲထည့်လိုက်ပြီးတော့ မြန်မာ့အသံက နံပါတ် ၁ ကို စကြေညာရမယ်၊ နံပါတ် ၁ ကြေညာပြီးမှ နံပါတ် ၂ ကိုဖွင့်ပြီး ကြေညာရမယ်၊ စာအိတ်များကို ကြိုတင်မဖွင့်ရ၊ စာအိတ်တစ်အိတ်ဖွင့် ကြေညာပြီးမှ နောက်စာအိတ်ကိုဖွင့်ရမည်လို့ အဲဒီလိုတိတိကျကျ မှာကြားတာဝန်ပေးလိုက်ရပါတယ်၊ သူတို့လည်းမြန်မာ့အသံကို ၄ နာရီအမီကြေညာနိုင်အောင် သုတ်ခြေတင်သွားကြပြီး ၄ နာရီလည်းထိုးရော ကြေညာချက်တွေ တစ်စောင်ပြီးတစ်စောင်ကြေညာတာ အားလုံးပြီးတော့မှပဲ သက်ပြင်းချ မိတော့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းမှုကတော့ ဝင်ဒါမီယာမှာပဲ တိုင်ပင်ပြီးဖွဲ့ကြတာပါ၊ စစ်ရုံးမှာရှိကြသည့် လူကြီးအားလုံးအပါအ အဝင်နှင့်တိုင်းမှူးများ ပါဝင်အောင်ဖွဲ့စည်းခဲ့ကြတာပါ၊ အတွင်းရေးမှူးကတော့ ကျွန်တော့်ကိုပဲ သတ်မှတ်ပေးလို့ ကျွန်တော်တစ်ယောက်တည်းနိုင်နင်းမှုရှိမှာ မဟုတ်ကြောင်း၊ နှစ်ယောက်လောက်ရှိမှ ပိုမိုကောင်းမည်ဖြစ်ကြောင်း ရှေးနွေးတင်ပြ

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၁ ခုနှစ်အတွင်းက ကောလင်း၊ ဝန်းသိုဒေသသို့ နယ်မြေဒေသမှ ပြိုးတိုးတက်ရေး အတွက် ဌာနဆိုင်ရာများနှင့် ဆွေးနွေးပွဲ ပြုလုပ်စဉ်

တော့မှ အတွင်းရေးမှူး(၁) နှင့် (၂) ဖြစ်သွားတာ၊ အတွင်းရေးမှူး(၂)ကို ဘယ်သူ့ကိုရွေးမလဲလို့မေးတော့ စစ်ရုံးမှာအတူလုပ်ကိုင်နေကြသည့် ရဲဘော်ရဲဘက်ဖြစ်သော စစ်ဦး စီးဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီးတင်ဦးကို ရွေးလိုက်ပါတယ်ဆိုတော့ အားလုံးသဘောတူတာနဲ့ အတည်ဖြစ်သွားပါသည်။ အတွင်းရေးမှူး (၁)ကတော့ လုပ်ငန်းတွေ တာဝန်ခံလုပ်ရမှာဖြစ်တာကြောင့် ဗိုလ်မှူးချုပ်အဆင့်ဖြစ်မှ အဆင်ပြေမယ်ဟု လူကြီးတွေစဉ်းစားကြပြီး ကြေညာချက်ထုတ်တဲ့အချိန်မှာ ရာထူးအဆင့် တိုးပြီး ဗိုလ်မှူးချုပ်ဖြစ်သွားရခြင်းဖြစ်ပါသည်။ ကျွန်တော်တောင်းဆိုရယူခဲ့ခြင်း မဟုတ်ပါ။

ဒါကတော့ ဖြစ်စဉ်ဖြစ်ရပ်အမှန်ပါပဲ၊ အာဏာသိမ်းခြင်းမဟုတ်ပါ၊ ပြည်သူများ၏ ဘဝလုံခြုံရေးအတွက်ရော၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးရော၊ တရားဥပဒေစိုးမိုးရေးရော၊ အုပ်ချုပ်ရေးယန္တရားကြီး ပြန်လည်ရှင်သန်ထက်မြက်လာရေးတို့အတွက်ပါ တပ်မတော်က ဝင်ရောက်တာဝန်ယူလိုက်ရခြင်းဖြစ်ပါသည်။

ဒီမိုကရေစီရေးဆိုသော်ငြားလည်းပဲ နောက်ပိုင်းမှာ အချောင်သမားများ၊ အဖျက်သမားများ၊ အခွင့်ကောင်းကိုစောင့်ကြည့်နေသူများ၊ တိုင်းပြည်ပျက်အောင်

www.burmeseclassic.com

www.burmeseclassic.com

ဖျက်ဆီးကြမည့်သူများတဖြည်းဖြည်းချင်းပါဝင်ပူးကပ်လာမှုတွေကြောင့် နိုင်ငံရေးသမားကြီးတွေတောင် အိမ်ထဲက မထွက်ရဲသည်အထိ ဖြစ်လာကြတာကိုတွေ့ရပါသည်။ ပြည်တွင်းက သစ္စာဖောက်များ၊ ပြည်ပပုဆိန်ရိုးများကပါ ပူးကပ်ပါဝင်လာမှုတွေကြောင့် စတင်လှုပ်ရှားကြိုးပမ်းခဲ့ကြသည့် ကျောင်းသား လူငယ်များပါ တဖြည်းဖြည်းချင်းဘေးရောက်တော့မည့်အခြေအနေမျိုးအထိ ဖြစ်ပေါ်လာသည်ကိုလည်းတွေ့ရှိနေရပါသည်။ ထို့ကြောင့်လည်း တပ်မတော်အနေနှင့် မလွဲမရှောင်သာပဲ ဝင်ရောက်တာဝန်ယူလိုက်ခြင်း ဖြစ်ပါသည်။

နဝတအဖွဲ့ ဖွဲ့စည်းခြင်း

ထိုစဉ်က ကျွန်တော်က အတွင်းရေးမှူး (၁)၊ ဗိုလ်မှူးကြီးတင်ဦး (နောင် ဒုတိယဗိုလ်ချုပ်ကြီး)က အတွင်းရေးမှူး (၂) ဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) ဥက္ကဋ္ဌက ဗိုလ်ချုပ်ကြီးစောမောင် (နောင်ဗိုလ်ချုပ်မှူးကြီး)၊ ဒုတိယဥက္ကဋ္ဌက ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ (နောင်ဗိုလ်ချုပ်မှူး



၁၉၉၁ ခုနှစ်အတွင်းက စစ်ကိုင်းတိုင်းအတွင်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ လှည့်လည်ကြည့်ရှုစဉ်

www.burmeseclassic.com

www.burmeseclassic.com

ကြီး)၊ အဖွဲ့ဝင်တွေက ဗိုလ်ချုပ်စိန်အောင်၊ ဗိုလ်ချုပ်ချစ်ဆွေ၊ ဗိုလ်ချုပ်မောင်မောင်ခင် (ရေ)၊ ဗိုလ်ချုပ်တင်ထွန်း (လေ)၊ ဗိုလ်ချုပ်အောင်ရဲကျော်၊ ဗိုလ်ချုပ်ဘုန်းမြင့်၊ ဗိုလ်ချုပ်မောင်လှ၊ တိုင်းမှူးများဖြစ်ကြသော ၊ ဗိုလ်မှူးချုပ်ကျော်ဘာ၊ ဗိုလ်မှူးချုပ်မောင်သင့်၊ ဗိုလ်မှူးချုပ်မောင်အေး၊ ဗိုလ်မှူးချုပ် ဥာဏ်လင်း၊ ဗိုလ်မှူးချုပ်မျိုးညွန့်၊ ဗိုလ်မှူးချုပ်မြင့်အောင်၊ ဗိုလ်မှူးချုပ်မြသင်း၊ ဗိုလ်မှူးချုပ်ထွန်းကြည်၊ ဗိုလ်မှူးချုပ်အေးသောင်တို့ဖြစ်ကြပါသည်။ ယင်းပုဂ္ဂိုလ်များသည် ကျွန်တော့်ထက် စီနီယာဖြစ်ကြရုံမက ကျွန်တော့်၏ ဆရာသမားလို ပုဂ္ဂိုလ်အများစုဖြစ်ကြပါသည်။

အတွင်းရေးမှူး(၁) ဆိုသည်ကတော့ နဝတအဖွဲ့နှင့် အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ပေးနိုင်အောင် အောက်ခြေသိမ်းလုပ်ငန်းရပ်အားလုံးကို အတွင်းရေးမှူး (၂)နှင့် တိုင်ပင်ကာ ဆောင်ရွက်ကြရတာပါ၊ နဝတအဖွဲ့၏ ချမှတ်ထားသည့် ပေါ်လစီနှင့်လုပ်ငန်းတာဝန်များကို ဝန်ကြီးအဖွဲ့မှ ဝန်ကြီးများနှင့် ညှိနှိုင်းပေါင်း စပ်ဆောင်ရွက်နေရသော်လည်း နဝတအဖွဲ့ဝင်နှင့် ဝန်ကြီးအဖွဲ့ဝင် စီနီယာပုဂ္ဂိုလ်ကြီးများကိုတော့ အမြဲလေးစားသမ္ဘဝြင့် ဆက်ဆံလုပ်ကိုင်ခဲ့ပါသည်။

အတွင်းရေးမှူး (၁)နှင့် (၂) တို့၏ ကိုယ့်သဘောဖြင့်ထင်ရာဆိုင်းလုပ်ကိုင်၍မရပါ။ နဝတအဖွဲ့၊ အစိုးရအဖွဲ့၏ ပေါ်လစီကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရသောကြောင့် နေရာတကာတွင် ဗိုလ်ချုပ်ခင်ညွန့်ကိုပဲ မြင်တွေ့နေကြရခြင်းဖြစ်ပါသည်။ အမှန်ကတော့ ကျွန်တော်သည့် အဓိကပုဂ္ဂိုလ်မဟုတ်ပါ။

အစိုးရအဖွဲ့မှာဆိုရင်လည်း ဝန်ကြီးချုပ်က နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်ပါ၊ ဒုတိယဝန်ကြီးချုပ်များက ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်းတို့ဖြစ်ကြပြီး စစ်ရုံးမှ ဗိုလ်ချုပ်များက ဝန်ကြီးများဖြစ်ကြပါသည်။ ဗိုလ်မှူးကြီးအေဘယ်လ် (နောင်ဗိုလ်မှူးချုပ်) တစ်ယောက်သာ ကုန်သွယ်ရေးဝန်ကြီး၊ အရပ်သားအနေနှင့်ကတော့ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီး ဒေါက်တာဖေသိန်း၊ တရားသူကြီးချုပ်က ဦးအောင်တိုးနှင့် ရှေ့နေချုပ် ဦးသာထွန်းတို့ ဖြစ်လာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းမှာတော့ တိုင်းမျိုးများက ဝန်ကြီးများ ဖြစ်လာကြပြီး ဗိုလ်ချုပ်တစ်ချို့ကို အငြိမ်းစားပေးလိုက်တာမျိုးတွေ့ရှိလာခဲ့ပါသည်။ ဒါတွေကတော့ နဝတနှင့်နောင်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နယက) တို့၏ ပေါ်လစီနှင့် စီမံခန့်ခွဲမှုမှုအရ ပြောင်းလဲခြင်း၊ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း၊ ရာထူးသစ်များခန့်အပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။



ဝန်ကြီးချုပ်ဦးခင်ညွန့် ချင်းပြည်နယ် ထွန်းဇမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိစစ်ဆေးစဉ်

ဝန်ကြီးချုပ်ဦးခင်ညွန့်၊ စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်သို့ ရောက်ရှိစဉ် ကျေးရွာလူထုနှင့် တွေ့ဆုံစဉ်

www.burmeseclassic.com

www.burmeseclassic.com

ကချင်ပြည်နယ် မြစ်ကြီးနားအနီးတွင် ဦးမ်းချမ်းရေး အထိမ်းအမှတ်ကျောက်ရှာ
တည်ဆောက်ကာ ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်

ကော့သောင်းခရိုင်အတွင်းက စလုံတိုင်းရင်းသား/သူများနှင့် တွေ့ဆုံစဉ်

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၀ ပြည့်နှစ် လွတ်လပ်ရေးနေ့ ညစာစားပွဲတွင် နဝတ ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဓနိုးတို့က သံတမန်များကို နှုတ်ဆက်စဉ်

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၇

တပ်မတော်အစိုးရ (သို့မဟုတ်) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တစ်နည်း) နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်မှာ ဘာတွေလုပ်ခဲ့ကြသလဲ

ဤလိုမေးခွန်းမျိုးကို ကျွန်တော် ဖြေချင်ပါသည်။ ယခုကျနယ်တွေထဲမှာ ရေးနေကြသည် ဆွေးနွေးနေကြသည်။ ကာတွန်းတွေထဲမှာလည်းရေးဆွဲနေကြတာ တွေ့တွေ့နေရတာက ယခင်စစ်အစိုးရက ဘာမှမလုပ်သလို၊ အိပ်လိုက်စားလိုက် နေခဲ့သလိုမျိုးတွေ တစ်ဖက်စောင်းနင်းရေးနေကျ ဆွေးနွေးနေကျတာတွေ တွေ့နေရ သည်။ သမိုင်းကြောင်းတစ်ခုမှာပဲဖြစ်စေ၊ လက်တလောဖြစ်စဉ်ဖြစ်ရပ်တစ်ခုမှာပဲ ဖြစ်စေ ပြန်ကြည့်လိုက်ရင် အကြောင်းကြောင့် အကျိုးဖြစ်တာပါပဲ။ အကြောင်း မရှိပဲနဲ့ အကျိုးတရားဆိုတာ ပေါ်ပေါက်လာစရာမရှိပါ။ တပ်မတော်အစိုးရ စတင်ပေါ်ထွန်းလာကာစမှာ နိုင်ငံရေးသမားလက်ဟောင်းကြီး ဦးအောင်ကြီးက ဆိုခဲ့သည်။ ဒီစစ်အစိုးရဟာ တစ်ပတ်တောင်ခံမှာမဟုတ်ဘူး၊ သူတို့လက်ထဲမှာ ဘဏ္ဍာငွေတစ်ပြားမှမရှိဘူး၊ ဘယ်လိုလုပ်အစိုးရလုပ်မှာလဲဟုဆိုခဲ့သည်။ ဟုတ်ပါ သည်။ ဦးအောင်ကြီး ပြောခဲ့တာအမှန်ပါပဲ။ စစ်အစိုးရက စတင်တာဝန်ယူကာစမှာ ပြည်တွင်းသုံးငွေရော၊ နိုင်ငံခြားသုံးငွေပါ တိုင်းပြည်အတွက်သုံးစွဲဖို့ ဘာမှမရှိတာ အမှန်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ ခုနှစ်၊ အရေးအခင်းကာလက စီမံကိန်း ရပ်ကွက်အနီးတွင် လူအများ ခေါင်းဖြတ်အသတ်ခံရသော နေရာ၌ တောင်ဥက္ကလာပစေတီတော် တည်ဆောက်ခြင်းနှင့် ထီးတော်တင်လှူပူဇော်ခြင်း

မဆလအမွေ သံရုံးမြေ

သို့သော်လည်း ယခင်မဆလအစိုးရလက်ထက်တွင် ဂျပန်နိုင်ငံ၌ သံရုံးမြေဝယ်ထားခဲ့တာရှိသည်။ မိမိတို့နဝတအစိုးရအတွက် ကံကောင်းချင်တော့ စစ်အစိုးရတက်ရောက်တာဝန်ယူ၍ မကြာမတင်ကာလမှာ ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်တစ်ဦးက မြန်မာသံရုံးမြေ၏တစ်ဝက်ကို ဝယ်ချင်ပါသည်ဟု ကမ်းလှမ်းလာသည့်အတွက် အဲဒီ ပုဂ္ဂိုလ်ကိုခေါ်ယူပြီး စနစ်တကျ ဆွေးနွေးလိုက်တော့ ယူအက်စ် ဒေါ်လာသန်း ၃၀၀ ခန့်လောက် ထင်ပါသည်။ အဲဒီတန်ဖိုးပမာဏလောက်နှင့် အရောင်းအဝယ်တည့်သွားသည်။ ဂျပန်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းဥပဒေတွေနှင့်လည်း ကိုက်ညီအောင် မြန်မာနိုင်ငံ၏ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်လည်း ညီညွတ်အောင် နိုင်ငံတော် ရှေ့နေချုပ်နှင့် တရားသူကြီးချုပ်တို့အပါအဝင် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ရှိသူများနှင့်အတူ ဂျပန်နိုင်ငံသို့စေလွှတ်ပြီး စနစ်တကျ ဆောင်ရွက်နိုင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

သဖြင့် စစ်အစိုးရအတွက်အသက်ရှူချောင်ခဲ့သည်မှာ အမှန်ဖြစ်ပါသည်။ လုပ်ငန်းတွေ ဆက်လက်အကောင်အထည် ဖော်နိုင်ခဲ့သည်။

အနောက်နိုင်ငံများ ပိတ်ဆို့မှု

တပ်မတော်အစိုးရသည် လွတ်လွတ်လပ်လပ်၊ ချောင်ချောင်ချိချိနှင့် ဘာမှ လုပ်၍ မရခဲ့တာအမှန်ဖြစ်သည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလမှစတင်ကာ အနောက်အုပ်စု နိုင်ငံကြီးများအားလုံးက မျှော်မှန်းခဲ့ကြသည့်၊ ယင်းတို့ဦးတည်ခဲ့ကြတဲ့ ဒီမိုကရေစီရေးလမ်းကြောင်းပြောင်းလဲသွားမှုအပေါ်မူတည်ကာ စစ်အစိုးရပြုတ်ကျ ရေးအတွက် နည်းမျိုးစုံဖြင့် လုပ်ခဲ့ကြပါသည်။ အုပ်ချုပ်ရေးယန္တရားကြီးပျက်ပျင်းသွားအောင် နည်းလမ်းမျိုးစုံသုံးကာ ပိတ်ဆို့တားဆီးမှုများ၊ လူ့အခွင့်အရေးအကြောင်းပြကာ နည်းလမ်းပေါင်းစုံဖြင့် နှောင့်ယှက်မှု၊ ဟန့်တားမှု၊ ပိတ်ဆို့အရေးယူမှု၊ ဖျက်ဆီးမှုမျိုးစုံကို လုပ်ဆောင်ခဲ့ကြသည်။ စီးပွားကုန်သွယ်မှု မလုပ်နိုင်အောင်၊ ကုန်ထုတ်လုပ်ငန်းများမလုပ်နိုင်အောင်၊ ငွေကြေးလဲလှယ်မှုများ လုပ်ကိုင်မရအောင်၊ အထည်ချုပ်လုပ်ငန်းများကအစ မလုပ်ကိုင်နိုင်အောင်၊ သယံဇာတပစ္စည်းများ ထုတ်လုပ်ရောင်းဝယ်မှုမလုပ်နိုင်အောင် နည်းမျိုးစုံပိတ်ဆို့ကာ တားဆီးခဲ့ကြသည်။ ထို့အပြင် လူ့အခွင့်အရေးအကြောင်းပြချက်များ၊ မူးယစ်ဆေးဝါးအကြောင်းပြချက်များဖြင့် နှိပ်ကွပ်မှုများ၊ ပိတ်ပင်တားဆီးမှုမျိုးစုံကြောင့် အစိုးရအတွက် အခြားထွက်ပေါက်တစ်ခုကို ရှာဖွေခဲ့ရသည်။

တရုတ်ထွက်ပေါက် ရှာခဲ့ရ

ယင်းထွက်ပေါက်မှာ အိမ်နီးနားချင်းလည်းဖြစ်၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကလည်း ဖွင့်ထားပြီးဖြစ်တာကတစ်ကြောင်း၊ စာရုတ်နိုင်ငံနယ်စပ်တစ်လျှောက်မှာရှိကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်လည်း ငြိမ်းချမ်းရေး၏ အစပထမဖြစ်သော အပစ်အခတ်ရပ်ဆဲရေးပါ အောင်အောင်မြင်မြင်ဖြစ်ထွန်းနေသည်ကတစ်ကြောင်းတို့ကြောင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးပိုမိုကောင်းမွန်အောင်ဖန်တီးမှု ကြိုးပမ်းမှုတွေကြောင့် ထွက်ပေါက်တစ်ခု ဖြစ်ထွန်းလာရ

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်အတွင်း လှည့်လည်စစ်ဆေးစဉ်

ပါသည်။ ဤကဲ့သို့ တရုတ်နိုင်ငံနှင့် ပိုမိုနီးစပ်အောင်၊ စီးပွားကုန်သွယ်မှုဖြစ်ထွန်းအောင် အမေရိကန် ဦးစီးသည့် အနောက်နိုင်ငံအုပ်စုများ၊ ဥရောပနိုင်ငံများအုပ်စု၏ တွန်းပို့မှုများက အဓိကအကြောင်းရင်းတစ်ရပ်လို့ ဆိုနိုင်ပါသည်။ အိမ်တစ်အိမ်ကို တံခါးပေါက်များအားလုံး ပိတ်ဆို့ထားလျှင် အဲဒီအိမ်စားဝတ်နေရေးအတွက်သော် လည်းကောင်း၊ အခြားလိုအပ် ချက်များရှာဖွေရန်သော်လည်းကောင်း ထွက်ပေါက်တစ်ခုကိုတော့ ရှာရမည်ဖြစ်ပါသည်။ အဲဒီထွက်ပေါက်တစ်ခုရပြီဆိုလျှင်တော့ အဲဒီထွက်ပေါက်ကနေ ဒီအိမ်သားတွေ၏ ဘဝရပ်တည်နိုင်ရေးအတွက် ထွက်ပေါက်လမ်းကြောင်းကို ပဲ အသုံးပြုပြီး လိုအပ်သောဖြည့်ဆည်းဆောင်ရွက်မှုများ လုပ်ရစမြဲပင်ဖြစ်ပါ သည်။

တရုတ်နိုင်ငံကလည်း စေတနာရှိလွန်း၍တော့မဟုတ်တန်ရာပါ။ သူ့နိုင်ငံ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးနှင့် နှစ်နိုင်ငံထူထောင်ထားသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးကိုအခြေခံ၍ ကူညီပံ့ပိုးခြင်း၊ တရုတ်တို့ ဘက်ကလည်း စီးပွားကုန်သွယ်မှု လမ်းကြောင်းမှ အမြတ်အစွန်းများ ထူးထူး

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့ အထက်တန်းကျောင်းသို့ အတွင်းရေးမှူး(၁)နှင့်
တိုင်းမှူးတို့ သွားရောက်စစ်ဆေးစဉ်

တနင်္သာရီတိုင်း လောင်းလုံမြို့နယ်အတွင်း
ဝန်ကြီးချုပ်ဘဝဖြင့် ကျေးလက်ပြည်သူများနှင့် တွေ့ဆုံစဉ်

www.burmeseclassic.com

www.burmeseclassic.com

ခြားခြားရရှိနေခြင်းတို့ကြောင့် လက်ဦးမှုဝတ်တိုင်ရိုက်စရာမလိုဘဲ အကျိုးဖြစ်ထွန်းမှု၊ အသာစီးရမှုများဖြစ်ပေါ်နေသောကြောင့် ကျွန်တော်တို့အတွက်လည်း ထွက်ပေါက်တစ်ခုဖြစ်ခဲ့ပါသည်။

ယခုဆို မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ဖြစ်ထွန်းမှု စတင်ပေါ်ပေါက်လာပြီဖြစ်တာကြောင့် အမေရိကန်နှင့် အီးယူအုပ်စုနိုင်ငံများက သူတို့ဝင်ရောက်မှုနောက်ကျနေမှန်းသိလာတော့ အပြေးအလွှား ဂုတ်တိုင်လာစိုက်နေကြပါပြီ၊ ပိတ်ဆို့တားဆီးမှုအချို့၊ ကန့်သတ်ထားမှုအချို့ကို ဖြေလျှော့ပေးကာ ကယ်တင်ရှင်ကြီးများ အယောင်ဆောင်နေကြပြီဖြစ်သည်။ သို့သော် စီးပွားရေးအထောက်အကူပြုမှုများ၊ လူမှုရေး အထောက်အကူပြုမှုများ သိသာထင်ရှားစွာ ဆောင်ရွက်လာကြပြီလားဟုမေးစရာရှိပါသည်၊ မရှိကြသေးပါ။ လက်တွေ့ဘဝမှာ သိသာထင်ရှားစွာ ဘာမှမရှိသေးဘူးဟုဆိုရပါမည်။ သူတို့နိုင်ငံအသီးသီးအတွက် ရေရှည်အကျိုးစီးပွားအလို့ငှာ ဂုတ်တိုင်လာစိုက်ကြသလိုသာဖြစ်သည်။

ကိုယ့်အားကိုယ်ကိုး ညီညွတ်မှ

လူမှုရေးအကြောင်းပြချက်နှင့် ခွင့်ပြုပေးတာပေးကမ်းတာ တချို့တော့ရှိကြပါသည်။ ထိုကိစ္စကလည်း သူတို့မှေးလို့ရမည့်သူကို မှေးထားသလိုသာဖြစ်သည်ဟုမြင်ပါသည်။ ပြည်သူ့အားလုံးအတွက် အကျိုးဖြစ်ထွန်းအောင် ဘာတွေလုပ်ကိုင်ပေးကြမလဲဆိုတာကိုတော့ စောင့်ကြည့်ကြဖို့တော့ လိုသေးသည်။ တိုင်းပြည်တိုးတက်ဖို့ ပြည်သူတွေအတွက် လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့ကတော့ ကိုယ့်အားကိုယ်ကိုးပြီး ညီညွတ်စွာကြိုးစားကြဖို့သာ အဓိကဖြစ်ပါသည်။

ဘာတွေလုပ်ခဲ့သလဲ

ကျွန်တော်တို့တပ်မတော်အစိုးရ ဘာတွေလုပ်ခဲ့သလဲဆိုတာ ပြန်ကြည့်ရင်-

၁။ **လမ်းပန်းဆက်သွယ်ရေး** ကို အရင်ကြည့်လိုက်ပါ။

နယ်စပ်ဒေသများနှင့် ပြည်မဒေသများဆက်သွယ်ရာလမ်းကြောင်းများ ပင့်ကူမျှင်ကဲ့သို့ ပေါ်ထွန်းခဲ့တာမြင်ပါသပါ။ ပြည်မထဲမှာဆိုလျှင်လည်း ဧရာဝတီ

www.burmeseclassic.com

www.burmeseclassic.com

မြစ်ကူးတံတားကြီးတွေ၊ ချင်းတွင်းမြစ်ကူးတံတားကြီးတွေ၊ သံလွင်မြစ်ကူးတံတားကြီးတွေ၊ စစ်တောင်းမြစ်ကူးတံတားကြီးတွေ အထင်ကရတွေပါပဲ။ ရန်ကုန်ကနေ ပြည်နယ်တွေအားလုံးကို ကား၊ မီးရထားတို့ဖြင့် သွားလာနိုင်ကြပါပြီ။ လမ်းကောင်းတာ၊ မကောင်းတာကတော့ နှစ်စဉ်နှစ်တိုင်း ပြုပြင်မွမ်းမံမှုတွေကတော့ လိုအပ်နေမှာပေါ့၊ ဆက်သွယ်ရေး လမ်းကြောင်း စတင်ဖြစ်ထွန်းနေဖို့က ပထမအစ အဓိကသာဖြစ်ပါသည်။ ဧရာဝတီတိုင်းအတွင်းမှာဆိုလျှင် ယခင်ကရေလမ်းကြောင်းတစ်ခုကိုသာ အားကိုးအားထားပြုကာ သွားလာနေကြရတာ၊ ယခုတော့ ကားလမ်းတွေက တစ်မြို့နှင့် တစ်မြို့ ဥဒဟိုပေါက်နေကြပါပြီ။ ဒါကိုလည်း ဧရာဝတီတိုင်းထဲက ပြည်သူတွေပို၍ အသိဆုံးဖြစ်ပါလိမ့်မည်။

ရန်ကုန်မှစစ်တွေကားလမ်းပေါက်ပြီ

ရန်ကုန်ကနေ စစ်တွေအထိ ကားလမ်းပေါက်နေပြီ၊ ရန်ကုန်ကနေ မော်လမြိုင်သွားလျှင် မုတ္တမမှာ စက်ရေယာဉ်ဖြင့်ကူးပြီးမှ မော်လမြိုင်မြို့ကိုရောက်သည်။ ယခုတော့ မုတ္တမနှင့် မော်လမြိုင်ကို ကားရော၊ ရထားပါ ဖြတ်ကူးနိုင်သည့်တံတားကြီးရှိလာပြီဖြစ်တော့ မွန်ပြည်နယ်က ပြည်သူရော၊ တနင်္သာရီတိုင်းက ပြည်သူတွေပါ အဆင်ပြေနေကြပြီပေါ့၊ မော်လမြိုင်ကနေ ထားဝယ်၊ မြိတ်၊ ကော့သောင်းအထိ ကားလမ်းပေါက်သွားပြီဖြစ်သော်ငြားလည်းပဲ နှစ်စဉ်လမ်း၊ တံတားများ ပြုပြင်မွမ်းမံမှုတွေကတော့ ဒေသတာဝန်ရှိသူတွေ အလုပ်လုပ်ကြရင်တော့ ပြည်သူတွေအတွက် အမြဲအဆင်ပြေကြမှာပါ။ ယခင်က ပခုက္ကူက ပုံတောင် ပုံညာဖြတ်ပြီး ဂန့်ဂေါရောက်ဖို့ဆိုတာ အလွန်ခက်ခဲတာပေါ့။ ယခုဆိုရင် ပုံတောင် ပုံညာတောင်တန်းကို ဥမင်ဖောက်ပြီး ရထားလမ်းဖောက်ပေးလိုက်တော့ ယောနယ်ကပြည်သူတွေအတွက် အလွန်အဆင်ပြေသွားသည်ဟုဆိုရမှာပါ။

ကျေးရွာချင်းဆက်လမ်းတွေ

ယခုဆိုလျှင် ကျေးရွာချင်းဆက်လမ်းတွေ၊ ခရိုင်ချင်းဆက်လမ်းတွေ ဖောက်လုပ်နေကြတုန်းပါ မပြီးသေးပါဘူး။ လမ်းပန်းဆက်သွယ်ရေးကောင်းမှ

www.burmeseclassic.com

www.burmeseclassic.com

ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုလုပ်ငန်းတွေ အဆင်ပြေချောမွေ့မှာဖြစ်တာကြောင့် အစိုးရအဆက် ဆက်ဆက်လက်ဆောင်ရွက်ကြရမှာပါ။ ဒါတွေဟာ အနောက်နိုင်ငံကြီးတွေက မြန်မာနိုင်ငံနဲ့ ပြည်သူတွေ ဒုက္ခရောက်အောင်၊ ပြည်သူတွေ ဒုက္ခပင်လယ်ဝေမှ အစိုးရကို ဖြုတ်ချနိုင်အောင်ဆိုသည့် ရည်ရွယ်ချက်နှင့် လုပ်ခဲ့ကြသော်လည်း၊ လမ်း၊ တံတားများတည်ဆောက်ရာတွင် အနောက်နိုင်ငံများ၏ အကူအညီလုံးဝမပါဝင်ပဲ တည်ဆောက်ခဲ့ရတာကြောင့် အားနည်းချက်များရှိနေသေးတာတော့ အမှန်ဖြစ်ပါသည်။

ဆည်မြောင်းတာတမံများ

၂။ **ဆည်မြောင်းတာတမံတွေ** ကြည့်မယ်ဆိုလျှင်လည်း စိုက်ပျိုးရေးလုပ်ငန်းတွေကို အထောက်အကူပြုနိုင်အောင် ဆည်/တမံကြီးတွေ၊ ရေအားလျှပ်စစ်လုပ်ငန်းကြီးတွေ၊ မြစ်ရေတင်လုပ်ငန်းကြီးတွေ တစ်နိုင်ငံလုံးအနှံ့အပြား တည်ဆောက်ပေးခဲ့တာ မနည်းတော့ပါဘူး။ ရေသွယ်မြောင်းများ ဆက်လက်တူးဖော်ရေးကိုတော့ နှစ်စဉ်ဆက်လက်ဆောင်ရွက်ကြရမှာဖြစ်ပါသည်။ ဒါတွေကတော့ ဝန်ကြီးဌာနတွေက ဆက်လက်အကောင်အထည် ဖော်ကြရမှာဖြစ်ပါသည်။ မြန်မာနိုင်ငံအနေနှင့်ကတော့ ပင်ကိုအားဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်တာကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေကို အဓိကအားထား ဆောင်ရွက်ရမှာဖြစ်သည်။ ထို့ကြောင့်လည်း စိုက်ပျိုးရေရရှိရေးကို နေရာလပ်မကျန်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါသည်။

၃။ **လျှပ်စစ်ဓာတ်အားရရှိရေး။** စက်ရုံအလုပ်ရုံများ၊ အိမ်ရာများ၊ ကျောင်းများ စသည်ဖြင့် တစ်နိုင်ငံလုံးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးကတော့ အလွန်အားနည်းနေပါသေးသည်။ မြို့ပြဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ စည်ပင်ဝပြောရေး၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မှုကတော့ အလွန်အားနည်းနေသေးသည်ဟု ဆိုရပါသည်။ သို့သော်လည်း တပ်မတော်အစိုးရအနေနှင့် လျှပ်စစ်ကဏ္ဍကို လည်းလျှစ်လျူမရှုပါ၊ တတ်နိုင်သမျှတော့ ဆောင်ရွက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းရေး

၄။ လွတ်လပ်ရေးနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာခဲ့သည့် လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်မှုများအတွက် ငြိမ်းချမ်းမှုဖြစ်ထွန်းအောင် ၁၉၈၉ ခုနှစ်က စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ငြိမ်းချမ်းရေး၏ ရှေ့ပြေးဖြစ်သည့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်မှာ လက်နက်ကိုင်အဖွဲ့အစည်းကြီး ၁၈ ဖွဲ့နှင့် သဘောတူညီမှုရရှိခဲ့ပါသည်။ ထိုကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး အောင်မြင်ဖြစ်ထွန်းမှုနှင့်အတူ တိုင်းရင်းသားများ၏ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတစ်ခုကို တိုးချဲ့ဖွဲ့စည်းကာ ဖွံ့ဖြိုးမှုနောက်ကျနေသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေအမြောက်အမြားကျခံသုံးစွဲလျက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးခဲ့ပါသည်။

အရှေ့တောင်အာရှ၏ ဘိန်းဘုရင်ဟုစွပ်စွဲခံခဲ့ရသည့် ဦးခွန်ဆာ၏ လက်နက်ကိုင်အဖွဲ့အစည်းကြီးတစ်ခုလုံးကို အကြွင်းမဲ့လက်နက်စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာအောင် စည်းရုံးဆောင်ရွက်ကာ ငြိမ်းချမ်းမှုဖြစ်ထွန်းအောင် ထူးထူးခြားခြားဆောင်ရွက်နိုင်ခဲ့ပါသည်။

ရန်ကုန်မြို့တော်

၅။ ရန်ကုန်မြို့တော်အတွင်းမှာဆိုလျှင်လည်း အိမ်ပိုင်မြေပိုင်မရှိ၊ ကျူးကျော်တဲများဖြင့် မြို့တော်၏အင်္ဂါရပ်ကို အရုပ်ဆိုးစေသောမြင်ကွင်းများမှ မြို့သစ်စီမံကိန်းများကို ရန်ကုန်မြို့တော်၏ပတ်လည်တွင် ဒဂုံမြို့သစ်များ (တောင်ဒဂုံ၊ မြောက်ဒဂုံ၊ ဆိပ်ကမ်းဒဂုံ)၊ ရွှေပြည်သာမြို့သစ်၊ လှိုင်သာယာမြို့သစ်များ၊ တည်ထောင်ကာ အိမ်ပိုင်မြေပိုင်များဖြစ်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့သလို ဘဏ္ဍပေါ်မှ တိုက်ပေါ်တင်ပေးသည့်စနစ်များဖြင့် ပြည်သူများ၏ဘဝကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။ သို့သော် မလုံလောက်သေးပါ။ ဆက်လက် ဆောင်ရွက်ပေးဖို့ လိုအပ်နေပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ပညာရေး

၆။ **ပညာရေး** နှင့်ပတ်သက်၍ တက္ကသိုလ်ကောလိပ်များ တိုးချဲ့တည်ဆောက်ခြင်း၊ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများကို တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ မာလတီမီဒီယာစီမံကိန်းများ ဖြင့် ခေတ်မီအောင် စတင်အကောင်အထည်ဖော်ပေးခဲ့သော်လည်း နိုင်ငံတကာ အဆင့်မီသည့် ပညာရေးစနစ်ဖြစ်ထွန်းအောင် အကောင်အထည်ဖော်ပေးနိုင်ခြင်း မရှိခဲ့တာ အမှန်ပဲဖြစ်သည်။ တက္ကသိုလ်အသစ်များဖွင့်လှစ်ရာတွင် မြို့နှင့်အတော် အတန်ဝေးကွာသည့်နေရာဒေသများတွင် ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် ကျောင်းသူ ကျောင်းသားများအတွက် အခက်အခဲဖြစ်စေခဲ့တာတော့ အမှန်ပဲဖြစ်ပါသည်။ သို့သော် ရေရှည်တွင် ယင်းကဲ့သို့ကွာလှမ်းမှုက တစ်နည်းအားဖြင့် တိုင်းပြည် စီးပွားရေး ကောင်းလာလျှင် သာယာမှု၊ အေးချမ်းမှုတို့ ဖြစ်လာမည်ဖြစ်ပါသည်။

ကျန်းမာရေး

၇။ **ကျန်းမာရေးစောင့်ရှောက်မှု** နှင့် ပတ်သက်၍ ဆေးရုံများ အထိုက်အလျောက် တိုးချဲ့နိုင်ခဲ့သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု မပေးနိုင်ခြင်း၊ ဆေးရုံတက်ဆေးကုသမှုခံယူဖို့ စရိတ်စကကြီးမားနေခြင်း၊ ဆေးဝါးများမလုံလောက်ခြင်း၊ ဆရာဝန်နှင့် ဆရာမများ မလုံလောက်တာရယ် စသည့်အားနည်းချက်များကိုတော့ ဖြည့်ဆည်းမပေးနိုင်ခဲ့တာ အမှန်ပဲဖြစ်ပါသည်။ ကျေးလက်နေပြည်သူအများစုကတော့ တိုင်းရင်းဆေးဆရာများ၊ အရပ်လက်သည်များဖြင့်သာအားကိုး၍ ကျန်းမာရေးစောင့်ရှောက်မှုကို ကိုယ်ပိုင်အစီအစဉ်များဖြင့်သာ စခန်းသွားနေကြရတာအမှန်ပဲဖြစ်ကာ ဒီအားနည်းချက်များကို ဖြည့်ဆည်းပေးဖို့ကတော့ အများကြီးလိုအပ်နေပါသေးသည်။

ဘာသာ-သာသနာ

၈။ **ဘာသာ၊ သာသနာ** နှင့် ပတ်သက်၍ကတော့ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံတော်ဖြစ်သည်နှင့်အညီ ဘုရားတည်၊ ကျောင်းဆောက်ခြင်းများကို သရာ၊ တကာ

www.burmeseclassic.com

www.burmeseclassic.com

စီမံချက်များဖြင့် အကောင်အထည်ဖော်မှုများရှိခဲ့ပါသည်။ အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေးအတွက် ဆရာတော်၊ သံဃာတော်များ၏ ဦးဆောင်မှုဖြင့် အစဉ်အလာမပျက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထူးခြားချက်တစ်ခုကတော့ ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံတစ်ရပ်ကို ၂၀၀၄ ခုနှစ်ထဲတွင် သီတဂူဆရာတော်ကြီး၏ ဦးဆောင်ဦးရွက်မှုဖြင့် မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်းမှာ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခဲ့ပါသည်။ အလွန်ထူးခြားမှုတစ်ရပ် ဖြစ်ပါသည်။

အခြားထူးခြားမှုတစ်ရပ်ကတော့ နိုင်ငံတော်၏ အထွတ်အမြတ်ဖြစ်တော်မူသော ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရွှေထီးတော်မြတ်ကြီးကို အောင်အောင်မြင်မြင် တင်လှူပူဇော်နိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ထို့အပြင် စွယ်တော်မြတ်စေတီတော်နှစ်ဆူနှင့် ဥပါတသန္ဓိစေတီတော်မြတ်ကြီး၊ လောကချမ်းသာ အဘယလာဘမုနိကျောက်တော်ကြီးဘုရားတို့ကို တည်ထားကိုးကွယ်နိုင်ခဲ့ခြင်းများကလည်း ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတော်အတွက် ထူးထူးခြားခြားဆောင်ရွက်နိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

သစ်တောသယံဇာတ

၉။ **သစ်တောများထိန်းသိမ်းရေး** နှင့် သစ်တောများ အသစ်တည်ထောင်နိုင်ရေးအတွက်ကတော့ အလွန်အားနည်းပါသည်။ အထူးသဖြင့် ကျွန်းတောကြီးများ လျော့ပါးသွားခြင်း၊ သစ်တောများပျောက်ကွယ်သွားခြင်းတို့သည် နိုင်ငံတော်၏ ဘတ်ဂျက်လိုအပ်ချက်အရ သစ်ထုတ်လုပ်ငန်းကို လိုသည်ထက်ပိုမို အသုံးပြုလိုက်မိခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ပုဂ္ဂလိက တာဝန်ယူထားသူများကရော အစိုးရဝန်ကြီးဌာနကပါ သစ်တောများ ခုတ်ထွင်သုံးစွဲခဲ့သမျှ သစ်များအတွက် အစားထိုးစိုက်ခင်းများကို အားသွန်ခွန်စိုက် အောင်မြင်ဖြစ်ထွန်းအောင် ပြန်လည်စိုက်ပျိုးဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အလွန်ထူးခြားမှု

၁၀။ ဒီမိုကရေစီဖြစ်ထွန်းရေး။ အလွန်ထူးခြားမှုတစ်ခုကတော့ တပ်မတော်အစိုးရသည် ပြည်သူများလိုလားတောင့်တနေကြသည့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော၊ တစ်နည်းအားဖြင့် မြန်မာလမ်းပြမြေပုံ (ROAD MAP) ဟုခေါ်သော မြန်မာနိုင်ငံ၏ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ်ကို စတင်ရေးဆွဲအကောင်အထည်ဖော်ပေးခြင်းပင်ဖြစ်သည်။ ဤလုပ်ငန်းစဉ် ခုနစ်ရပ်ကြောင့် ဒီမိုကရေစီအစိုးရအဖွဲ့၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်တို့ ပေါ်ပေါက်လာကာ ဒီမိုကရေစီစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်ဟုပြောရပါမည်။ မည်သူတွေက မည်သို့ပင်ပြောပြော၊ မည်သို့ပင်ရေးရေး ဤအခွင့်အရေးကြီးကို တပ်မတော်က လိုလိုလားလား လုပ်ပေးခဲ့ခြင်းကြောင့်သာ ရရှိခဲ့ခြင်းဖြစ်ပါသည်။ တပ်မတော်က လိုလို လားလားမဟုတ်ပဲ အထစ်ထစ်အငေါ့ငေါ့လုပ်ထားလျှင် ဤကဲ့သို့ ရှောရှော ရှူရှူလွယ်လွယ်ကူကူ အေးအေးချမ်းချမ်း လှလှပပ ရရှိဖို့ခက်ခဲမှာတော့ အမှန်ပင်ဖြစ်ပါသည်။ ဒါကိုတော့ စိတ်ရင်းအမှန်ဖြင့်မြင်တတ်၊ တွေးတတ်၊ ရေးတတ်၊ လုပ်တတ်ဖို့ လိုအပ်မည်ဟု ထင်မြင်မိပါသည်။

O

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၈

၈၈ အရေးအခင်းကြောင့် ထွက်ပြေးကြသော ကျောင်းသား ကျောင်းသူများအား ပြန်လည်ခေါ်ယူခြင်း

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (သို့မဟုတ်)တပ်မတော်အစိုးရ တိုင်းပြည်တာဝန်စတင်ယူလိုက်ပြီဟု ကြေညာလိုက်သည်နှင့်တပြိုင်တည်း အရေးအခင်းကာလတွင် ထိရောက်စွာ ဦးဆောင်ခဲ့သူများ၊ တက်ကြွစွာပါဝင်ခဲ့သူများ၊ သာမန်မျှလူပ်ရှားပါဝင်ခဲ့သူများ၊ အပေါင်းအသင်းနှင့် ရောနှောပါဝင်ခဲ့သူများသည် ဖမ်းဆီးခံကြရတော့မည်ဟု စိုးရိမ်ပူပန်မှုတို့ဖြင့် နယ်စပ်ဒေသများမှတဆင့် တိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးဝင်ရောက်သွားခဲ့ကြပါသည်။ ထိုသို့ထွက်ပြေးသွားသူများအနက် လူငယ်ကျောင်းသား၊ ကျောင်းသူအများစုမှာ အကြောက်တရားကြောင့် ပြေးကြသူများဟု ထင်ပါသည်။ နယ်စပ်ဒေသမှာ ရှိနေကြသည့် လက်နက်ကိုင်အဖွဲ့အစည်းများကလည်း ထိုသူများကို လက်ယပ်ခေါ်ယူခဲ့ကြသည်။ အမှန်တကယ်အားဖြင့်တော့ လက်နက်ကိုင်အဖွဲ့အစည်းများအတွက် လူသစ်စုဆောင်းမှု အစီအမံမလုပ်လိုက်ရပဲနှင့် တပ်သားသစ်များအလိုအလျောက် ရောက်လာကြတဲ့ဆိုတော့ ဝမ်းပမ်းတသာကြိုဆိုကြတာအမှန်ပဲဖြစ်ပါသည်။

နယ်စပ်စခန်းအသီးသီးသို့ ရောက်ရှိလာကြသော ကျောင်းသူ၊ ကျောင်းသားနှင့်လူငယ်များကို လက်နက်ကိုင်သင်တန်းများ ပေးခြင်း၊ စစ်ရေးလေ့ကျင့်

www.burmeseclassic.com

www.burmeseclassic.com

မှုတွေ လက်တွေ့လုပ်ကြရသည်။ အနေနည်းနည်းကြာလာတော့ ဘဝအမှန်ကို သိလာကြပါပြီ။ သွေးဆောင်ဖြားယောင်းမှုကြောင့် ပါလာကြပြီး တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများ၏ လူသစ်စုဆောင်းခြင်းကိုခံရပြီဆိုသည်ကို သိလာကြပါပြီ။ တောလည်းမကျွမ်း၊ လမ်းလည်းမသိကြတော့ ကျောင်းသား ကျောင်းသူများမှာ ထွက်ပြေးနိုင်ဖို့ကြံရွယ်ကြသော်လည်း ဘယ်ကိုပြေး၍ ဘယ်ကိုရောက်မည်ဆိုသည်ကိုလည်း မသိနိုင်တော့ပါ။

ပစ်ခတ်ဖမ်းဆီးခြင်းခံရ

စွန့်စား၍ ထွက်ပြေးသူအချို့ပင် ပစ်ခတ်ဖမ်းဆီးခြင်းကိုပင် ခံလိုက်ရတာ မျက်မြင်ကိုယ်တွေ့ဖြစ်ကြရပါပြီ။ ထိုသို့ထွက်ပြေးကြသူများ အနက်ကသုံးယောက်စ၊ လေးယောက်စအဖွဲ့များသည် တပ်မတော်နှင့်လည်းကောင်း၊ ထိုင်းနိုင်ငံရှိ မြန်မာသံရုံးနှင့်လည်းကောင်း ဆက်သွယ်မှုစတင်ရရှိပါပြီ။ ကျောင်းသား ကျောင်းသူရာချီပြီး ထွက်ပြေးလိုသော်ကြလည်း ဘယ်လိုထွက်ပြေးကြရမှန်းမသိဖြစ်နေကြကြောင်း မြန်မာသံအမတ်ကြီး ဦးညွှန့်ဆွေက သတင်းရရှိသဖြင့် သံရုံးနှင့် စစ်သံရုံးတို့မှ အဖွဲ့တစ်ဖွဲ့ကို နယ်စပ်သို့စေလွှတ်စုံစမ်းရန် ၁၉၈၈,ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် သံအမတ်ကြီးက စီစဉ်ခဲ့ပါသည်။

သံအမတ်ကြီးဦးညွှန့်ဆွေ ဆောင်ရွက်မှု

စုံစမ်းလေ့လာရေးအဖွဲ့သည် ဇင်းမယ်မှတဆင့် မယ်ဟောင်ဆောင်သို့ ညအချိန်တွင် ရောက်ရှိသွားရာ ကျောင်းသား ၄၀ ခန့်နှင့် တွေ့ဆုံရပါသည်။ နောက်ထပ် ကျောင်းသား ၇၅ ယောက်ခန့်နှင့် အဆက်အသွယ်ရရှိသဖြင့် ထိုသတင်းအချက်အလက်များကို သံအမတ်ကြီးမှသိရှိရပြီဖြစ်တာကြောင့် အတွင်းရေးမှူး(၁) ကျွန်တော့်ထံ သတင်းပို့သလို ထိုင်းတပ်မတော်သို့လည်း ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ သံအမတ်ကြီး၏ သတင်းပေးပို့တင်ပြချက်အရ ကျောင်းသားအများစုမှာ ပြန်လာလိုကြကြောင်း သဘောထားများသိရှိရပြီးဖြစ်တာကြောင့် နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံအချိုးသမီးရေးရာ အစည်းအဝေးကြီးတစ်ခုတွင်
ဝန်ကြီးချုပ်အနေဖြင့် အမှာစကား ပြောကြားစဉ်

တော်အကြီးအကဲ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမောင်၏ ခွင့်ပြုချက်အစီအမံဖြင့် ထိုင်းအစိုးရအဖွဲ့၊ ထိုင်းတပ်မတော်တို့နှင့် ညှိနှိုင်းဆောင်ရွက်မှုပြုလုပ်ရာ ထိုင်းတပ်မတော်၏ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချောင်ဗာလစ်ကအပြည့်အဝကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိခဲ့ရသည်။

ထိုင်းတပ်မတော်၏သဘောထား

ထိုင်းနိုင်ငံနှင့် ထိုင်းတပ်မတော်တို့၏ သဘောထားများကို သိရှိပြီးနောက် ကျွန်တော့်အနေနှင့် ကျောင်းသားများခေါ်ယူရေးအစီအမံကို စတင်ဆောင်ရွက်ရပါသည်။ ရန်ကုန် မဂ်လာဒုံတွင် ကျောင်းသားများ ယာယီလက်မှတ်ရေးစခန်းဖွင့်လှစ်ထားပြီး ထိုစခန်းမှတဆင့် ကျောင်းသား၊ ကျောင်းသူတို့၏ မိဘများထံ ပြန်လည်အပ်နှံပေးရန်စီစဉ်ရပါသည်။ တစ်ချိန်တည်းတွင် ထိုင်းနိုင်ငံတွင် ထိုင်းတပ်မတော်နှင့် ထိုင်းကြက်ခြေနီတပ်ဖွဲ့တို့က ပူးပေါင်းဖွင့်လှစ်ထားသည့် တပ်ခ်(Talk)ခရိုင်

www.burmeseclassic.com

www.burmeseclassic.com

စခန်းသို့ တပ်မတော်အထူးလေယာဉ်ဖြင့် သွားရောက်ခေါ်ယူရေးအတွက် စီစဉ်ဆောင်ရွက်ရပါသည်။ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် တပ်မတော်လေတပ်မှ အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့မှ ဆရာဝန်ကြီးများဖြစ်ကြသော ဒုဗိုလ်မှူးကြီးကိုကြီး(ငြိမ်း)၊ ဒုဗိုလ်မှူးကြီးလှနွယ်(ငြိမ်း)၊ ဒုဗိုလ်မှူးကြီး ခါလစ်မောင်မောင် (ငြိမ်း) တို့နှင့်အတူ တပ်မတော်ထောက်လှမ်းရေးမှ ဗိုလ်မှူးငွေထွန်း(ရေ)၊ ဗိုလ်ကြီး သန်းထွန်း၊ ဗိုလ်ကြီးမျိုးအောင်၊ ဗိုလ်ကြီးဉာဏ်လင်းတို့ကိုပါလိုက်ပါစေပြီး ဘန်ကောက်မြို့သို့ ပထမသွားရောက်စေပါသည်။ ဘန်ကောက်ရောက်သည့်အခါ သံအမတ်ကြီး ဦးညွှန့်ဆွေနှင့် စစ်သံမှူး ဗိုလ်မှူးကြီးဘဟိန်း တို့ကိုခေါ်ယူပြီး တပ်ခ်မြို့လက်ခံရေးစခန်းသို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ ထိုင်းနိုင်ငံ တပ်မတော်မှ အဓိကတာဝန်ခံဆောင်ရွက်ပေးကြသူများမှာ ဗိုလ်ချုပ်ကြီးချောင်ဗာလစ်၊ ဒုဗိုလ်ချုပ်ကြီးဆွန်ထွန်း၊ ဒုဗိုလ်ချုပ်ကြီး ပတ်အကာနီဘွတ်တို့ဖြစ်ကြပြီး အားတက်သရောကူညီဆောင်ရွက်ပေးကြပါသည်။ ဒီအပြင် ထိုင်းနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့မှပါဝင်ဆောင်ရွက်ပေးရန် ထိုင်းနိုင်ငံ အိမ်ရှေ့မင်းသမီးသီရိဒုံ၏ အကူအညီကိုပါ ရရှိခဲ့ခြင်းဖြစ်သဖြင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနကပါ တိုက်ရိုက်ပါဝင် ဆောင်ရွက်ပေးသည်ကိုလည်း တွေ့ရပါသည်။

အမှန်ကတော့ ကျောင်းသားများ ပြန်လည်ခေါ်ယူရေးနှင့်ပတ်သက်၍ နောက်နိုင်ငံများက နိုင်ငံရေးသဘောအရ မလိုလားကြပါ။ ထို့ကြောင့်လူသားချင်းစာနာမှုဖြင့် ပြန်လည်ခေါ်ယူခြင်းဖြစ်သည်ဆိုသည့် သဘောထားဖြင့်ခေါ်ယူခြင်းဖြစ်အောင် ကြက်ခြေနီတပ်ဖွဲ့များက ပါဝင်ဆောင်ရွက်ကြရခြင်းဖြစ်ပါသည်။

မင်းသမီးသီရိဒုံ သဘောထား

ထိုင်းနိုင်ငံကလည်း အနောက်နိုင်ငံများ၏ အပြစ်ဆိုဝေဖန်မှုကို ကြောက်သဖြင့် ပထမပိုင်းတွင် အားတက်သရောမပါဝင်ဘဲနေရာက မင်းသမီးသီရိဒုံ၏ သဘောထားရရှိတော့မှ ရဲရဲတင်းတင်း ပါဝင်ဆောင်ရွက်လာခြင်းဖြစ်သည်ကို တွေ့ရပါသည်။

ဤကဲ့သို့ ထိုင်းနိုင်ငံနယ်စပ်စခန်းအသီးသီးသို့ ရောက်ရှိနေကြသော ကျောင်းသား ကျောင်းသူများကို ဒီဇင်ဘာလကုန်အထိ တပ်မတော်လေယာဉ်၊

www.burmeseclassic.com

www.burmeseclassic.com

၁၃ ခေါက် မဂ်လာဒုံလက်ခံရေးစခန်းသို့ခေါ်ယူခဲ့ရာ စုစုပေါင်း ၃၆၉ ဦးဖြစ်ရာ ထိုရောက်ရှိလာကြသော ကျောင်းသူကျောင်းသားများကို မဂ်လာဒုံလေဆိပ်တွင် ကျွန်တော်ကိုယ်တိုင်ဆင်းကြိုမှုပြုပြီး လက်ခံရေးစခန်းသို့ ပို့ဆောင်ခဲ့ရပါသည်။

ကျောင်းသူ ကျောင်းသား ၃၃၂၀ ဦး ပြန်လည်ပို့ဆောင်နိုင်ခဲ့

မဂ်လာဒုံလက်ခံရေးစခန်းတွင် မိဘများက စောင့်ကြိုနေကြပြီး မိဘများနှင့်အတူ နေအိမ်အသီးသီးသို့ လိုက်ပါသွားကြသည့်မြင်ကွင်းမှာ အလွန်ပီတိဖြစ်စရာကောင်းပါသည်။ ပြည်တွင်းပြည်ပ သတင်းဌာနများကလည်း သတင်းများ လာရောက်ရယူခဲ့ကြပါသည်။ နိုင်ငံတော်အစိုးရက ဤကဲ့သို့လှိုက်လှိုက်လှဲလှဲ ပြန်လည်ကြိုဆိုခေါ်ယူနေမှုကို နားလည်သဘောပေါက်ကြသော စခန်းအသီးသီးမှ ကျောင်းသူ ကျောင်းသားများကလည်း မြန်မာနိုင်ငံတပ်စခန်းအသီးသီးသို့ ပြန်လည်ဝင်ရောက်လာကြရာ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ ကျောင်းသူ ကျောင်းသား ၃၃၂၀ ဦးကို မိဘများထံသို့ ပြန်လည်ပို့ဆောင် ပေးနိုင်ခဲ့ပါသည်။

O

www.burmeseclassic.com

www.burmeseclassic.com

၁

ထောက်လှမ်းရေးတာဝန် စစ်သားဘဝတာဝန်များနှင့် အတွင်းရေးမှူး(၁)တာဝန်

အခန်း	အကြောင်းအရာ
၉။	စစ်သားဘဝ တာဝန်များ
၁၀။	ထောက်လှမ်းရေးတာဝန် စတင်ထမ်းဆောင်ခြင်း
၁၁။	အတွင်းရေးမှူး(၁)၏ လက်တွေ့တာဝန်နှင့် လုပ်ပိုင်ခွင့်များ

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၉

စစ်သားဘဝ တာဝန်များ

ကျွန်တော်၏ စစ်သားဘဝတာဝန်များကို တင်ပြလိုပါသည်။

ကျွန်တော်သည် ၁၉၇၄ ခုနှစ် ဇူလိုင်လထဲတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တောင်ဋေသို့ စစ်ဦးစီးမှူး (ဒုတိယတန်း)အဖြစ် ပြောင်းရွှေ့ရောက်ရှိခဲ့ရသည်။ ပဲခူးရိုးမစစ်ဆင်ရေးသည် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းတင်၏ကွပ်ကဲမှုအောက်မှာရှိခြင်းကြောင့် ကျွန်တော့်အတွက် ယခုပြောင်းရွှေ့ရမည့်နေရာသည် နယ်မြေသစ်မဟုတ်ပါ။ စစ်ဆင်ရေးနယ်မြေဟောင်းမှာပဲ စစ်ဆင်ရေးကွပ်ကဲမှုအပိုင်းကို ရောက်ရှိသွားခြင်းဖြစ်၍ ကျွန်တော့်အတွက် ကွပ်ကဲမှုပညာရပ်တစ်ခုထပ်မံရရှိခြင်းသာဖြစ်ပါသည်။ တိုင်းမှူးဗိုလ်မှူးချုပ်သန်းတင်သည် စစ်ဆင်ရေးနယ်မြေအတွင်း လှည့်လည်စစ်ဆေးခြင်း၊ လှည့်လည်ကွပ်ကဲခြင်းကို အလွန်ဝါသနာပါတာကြောင့် မိမိတို့တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မော်တော်ယာဉ်ဖြင့် တစ်မျိုး၊ ရဟတ်ယာဉ်ဖြင့် တစ်ဖုံ မကြာခဏခရီးလှည့်ကွပ်ကဲတတ်သူဖြစ်ပါသည်။ တိုက်ပွဲဖြစ်ပြီဆိုသည့် သတင်းကြားတာနှင့် တိုက်ပွဲဖြစ်သည့်နေရာနှင့် အနီးဆုံးနေရာကို အမြန်ဆုံးရောက်အောင်သွားပြီး အနီးကပ်ကွပ်ကဲမှုပေးတတ်သူ ဖြစ်သည်။ ထို့ကြောင့်လည်း ပဲခူးရိုးမတွင်ရှိသည့် ဗကပ ဗဟိုသည် ‘ဝ’ ဖြည်းဖြည်းချင်း အင်အားချိန်ခွဲကာ ပြိုကွဲသွားခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တိုင်းမှူးဗိုလ်ချုပ်မှူးသန်းတင်

တစ်ဆက်တည်းပြောရမည်ဆိုလျှင် ဗိုလ်မှူးချုပ်သန်းတင် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဖြစ်စဉ်တုန်းကလည်း မြစ်ဝကျွန်းပေါ်မှာ အခြေချခဲ့သည့် ကေအင်ယူအဖွဲ့အစည်းကို ပြည်သူတစ်ရပ်လုံးပါဝင်သည့် ဖြတ်လေးဖြတ်စစ်ဆင်ရေးနည်းဗျူဟာကျင့်သုံး စစ်ဆင်မှုပြုလုပ်ခဲ့သောကြောင့် ကေအင်ဒီအိုသည် မြစ်ဝကျွန်းပေါ်ဒေသမှာ ဆက်လက်မရပ်တည်နိုင်တော့ပဲ ပဲခူးရိုးမဘက်ကို ယာယီခြေကုပ်ယူဖို့ ရွှေ့ပြောင်းသွားခဲ့ရသည့် ဖြစ်စဉ်ဖြစ်ရပ်လည်းရှိခဲ့ဖူးပါသည်။ ထို့ကြောင့် ကျွန်တော် သည် တိုင်းမှူးဗိုလ်မှူးချုပ်သန်းတင်ထံမှ Commandes well forward ဆိုသည့် အဆိုအမိန့်နှင့်အညီ ခေါင်းဆောင်လုပ်သူသည် အမြဲတန်းရှေ့မှာ ရှိနေရမည်ဆိုသည့် အလေ့အကျင့်မျိုးကိုရရှိခဲ့သည့်အပြင် ဦးဆောင်ဦးရွက်ပြုသူသည် မိမိလုပ်ကိုင် ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်အပေါ် အမြဲအာရုံစိုက် လေ့လာမှုပြုနေရမည် ဆိုသည့် အမှုအကျင့်ကိုလည်း သင်ယူရရှိခဲ့တာ အမှန်ပင်ဖြစ်ပါသည်။

၁၉၇၅ ခုနှစ် ဇွန်လထဲတွင် ကျွန်တော်သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ စစ်ဦးစီးမှူး (ဒုတိယတန်း)အဖြစ် ပြောင်းရွှေ့ရပါသည်။ ထိုအချိန်တုန်းက-

(၁) ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်ချုပ်ကြီးသူရတင်ဦး (ယခု NLD ပါတီ နာယက)

(၂) ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ဗိုလ်ချုပ်ကြီးသူရကျော်ထင်ပါ။

(၃) စစ်ဦးစီးမှူး (ပထမတန်း)က ဒုတိယဗိုလ်မှူးကြီး သန်းရွှေ (ယခုဗိုလ်ချုပ်မှူးကြီး (ငြိမ်း)) တို့ဖြစ်ပါသည်။

ကျွန်တော့်ဇနီးနှင့် ကျွန်တော့်မိသားစုက ကျွန်တော် တောင်ငူအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုပြောင်းရွှေ့စဉ်က လိုက်မပြောင်းပဲ ရန်ကုန်မှာပင် ကျန်ခဲ့ကာကြောင့် မိသားစုအတွက်ပြောင်းရွှေ့စရာမလိုတော့ပဲ ပိုပြီးအဆင်ပြေကွားသလို ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လွယ်လင်မြို့ ခလရ(၁၈)တွင်
တပ်စုများ ဗိုလ်ခင်ညွှန့်
၁၉၆၃ ခုနှစ်

ကျွန်တော်စစ်ရုံးမှာ တာဝန်ကျစဉ်မှာ မိမိတာဝန်ယူရသည့် စစ်ဌာနချုပ်များ၏ စစ်ဆင်ရေး၊ လုံခြုံရေး၊ စည်းရုံးရေး တို့ကို အထောက်အကူပြုရသည်။ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာတွေကိုပါ တာဝန်ယူဆောင်ရွက်ပေးရပါသည်။ ထို့အပြင် မိမိတာဝန်ယူရသော တိုင်းစစ်ဌာနချုပ်များ၏ စစ်ဦးစီးဆိုင်ရာ၊ စစ်ရေးပိုင်းဆိုင်ရာ၊ စစ်ထောက်ပိုင်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ကူညီပံ့ပိုးဆောင်ရွက်ပေးရပါသည်။ မိမိတာဝန်ယူရသည့် တိုင်းစစ်ဌာနချုပ်နယ်မြေသို့ အကြီးအကဲများခရီးစဉ်ရှိလျှင်လည်းလိုက်ပါပြီး လိုအပ်သော ဆောင်ရွက်ဖွယ်ရာများကို ဆောင်ရွက်ပေးရလေ့ရှိသည်။

ဗိုလ်ကြီးအုန်းကျော်မြင့်၏ နိုင်ငံတော်ပုန်ကန်မှု

ကျွန်တော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှာ တာဝန်ထမ်းဆောင်ရင်း အမှတ်တရဖြစ်ရပ်ကြီးကတော့ ဗိုလ်ကြီးအုန်းကျော်မြင့်တို့၏ နိုင်ငံတော်ပုန်ကန်မှုဖြစ်ရပ်ကြီးပေါ်ပေါက်လာခြင်းပဲဖြစ်ပါသည်။ ယင်းအရေးအခင်းဖြစ်ရပ်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးကြီးလှဖေ ပါ,ပါဝင်ပတ်သက်နေခြင်းကြောင့် ထိုအမှုအခင်းအတွက် အင်းစိန်ထောင်အတွင်းမှာ အထူးတရားရုံး ဖွင့်လှစ်ခဲ့ရသည်။ ထိုတရားရုံးတွင် ဦးစီး(ပ)ဒုဗိုလ်မှူးကြီး သန်းရွှေ နှင့် ဦးစီး ဒုဗိုလ်မှူးခင်ညွှန့်တို့က တရားလိုပြသက်သေအနေနှင့် ထွက်ဆိုချက်ပေးရပါသည်။ တရားလို က သတင်းတပ်ဖွဲ့မှ ရဲမှူးဦးစိုးမြင့် (နောင် သတင်းတပ်ဖွဲ့မှူး)ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရဲမှူးဦးစီးမြင့်က စစ်ရုံးကိုကြိုတင်လာရောက်ပြီး ထွက်ဆိုချက်များကို ရယူပါသည်။ သူရယူလိုသည့်အချက်များကိုထွက်ဆိုပေးရပါသည်။ ဒါကတော့ ကြိုတင်ဇာတ်တိုက်ခြင်း ဖြစ်ပါသည်။

ဇာတ်တိုက်ထားသည့်အတိုင်း ထွက်ဆိုရ

အင်းစိန်အထူးတရားရုံးမှာ တကယ်ထွက်ဆိုချက်ပေးရတော့ ကြိုတင်ဇာတ်တိုက်ထားသည့်အတိုင်းပဲ ရဲမှူး ဦးစိုးမြင့် ရှေ့မှာပဲ ထွက်ဆိုချက်ပေးခဲ့ရသည်။ ဥပဒေ၏အထက်မှာ မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမှ မရှိစေရဆိုသော်ငြားလည်းပဲ တကယ့်လက်တွေ့ကတော့ ကြိုတင်ဇာတ်တိုက်ထားခြင်းများရှိတာကို ဖော်ပြရခြင်းဖြစ်ပါသည်။ တကယ့်ဖြစ်ရပ်အမှန်ကို ဖော်ပြခြင်းဖြစ်ပါသည်။

စစ်ရုံးမှာ ကျွန်တော်တာဝန်ထမ်းဆောင်ခွင့်ရကာလများတွင် ဦးစီး(၁)ဒုဗိုလ်မှူးကြီးသန်းရွှေ နှင့်ကျွန်တော်တို့သည် အမြဲတန်းနောက်ဆုံးမှ ရုံးဆင်းကြလေ့ရှိပါသည်။ ကျွန်တော်တို့နှစ်ယောက်သည် တိုင်းပြည်အတွင်း တကယ်ဖြစ်ပျက်နေသည့်အကြောင်းအရာများကို အမြဲဆွေးနွေးလေ့ရှိကြပါသည်။ လူတွေ၏ စားဝတ်နေရေးကျပ်တည်းမှုများ၊ တာဝန်ရှိသူအဆင့်ဆင့်၏ အခွင့်အရေးရယူနေမှုများ၊ လမ်းစဉ်ပါတီ၏ အချို့ပုဂ္ဂိုလ်တို့၏ မမှန်မကန်လုပ်ဆောင်နေမှုများ၊ ပြည်သူများ၏ သဘောထားများကို မကြာခဏဆွေးနွေးကြလေ့ရှိသည်။ ထိုအချိန်ကတည်းက ကျွန်တော်နှင့်ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ အလွန်ရင်းနှီးကြပါသည်။ အတွေးအခေါ် အယူအဆတွေလည်း အလွန်တူညီကြပါသည်။

တစ်နေ့မှာ ဦးစီး(၁)ကြီးနှင့် ကျွန်တော်တို့နှစ်ယောက်တိုင်ပင်ပြီး ရန်ကုန်မှာ အခြေချနေထိုင်နိုင်ဖို့ အောမ်းခ်ခ်၏နောက်မှာ မြေကွက်သွားရှာကြပါသည်။ ယခု ရွှေနင်းဆီလမ်းဟု ခေါ်သည့်နေရာကဝင်သွားတော့ အတွင်း၌ မြေကွက်လွတ်တွေ ရှာတွေ့ပါသည်။ ဒါနဲ့ နှစ်ဦးတိုင်ပင်ပြီး တစ်ကွက်စီဝယ်လိုက်ကြပါသည်။ ကျွန်တော်ဝယ်တဲ့အကွက်ကတော့ ကန်ဦးဘုန်းတော်ကြီးကျောင်း၏ အနားကမြေကွက်ဖြစ်ပြီး အဲဒီတုန်းက ပေ ၈၀ × ၆၀ အကျယ်မြေကွက်ကို ၁၂၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

နှင့် ဝယ်ဖြစ်ပါသည်။ မိန်းမကလည်း ဆရာဝန်၊ ဆေးခန်းလည်းထိုင်တော့ ငွေကြေး သိပ်မခက်ခဲတာပါ။ အဲဒီမှာတစ်ထပ်တိုက်ကလေး တဖြည်းဖြည်းချင်းဆောက်တာ ခုနစ်နှစ်လောက်ကြာမှပြီးပါသည်။ ကျွန်တော်ဗိုလ်မှူးကြီးဖြစ်သည့် အချိန်ကျမှ အားလုံးပြီးစီးတာဖြစ်ပါသည်။ ဒါတွေကတော့ ကျွန်တော်တို့အလွန်ရင်းနှီးခဲ့ကြ သည်ဆိုတာကို ပြန်ပြောင်းသတိရ၍ ရေးခြင်းဖြစ်ပါသည်။

စစ်တွေသို့ပြောင်း

၁၉၇၈ ခုနှစ် ဇန်နဝါရီလထဲမှာ စစ်တွေရှိ အမှတ်(၂၀)ခြေလျင်တပ်ရင်း သို့ တပ်ရင်းမှူးအဖြစ်နှင့် ကျွန်တော်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ ဇနီးရော၊ သားသမီးတွေရော မိသားစုတစ်စုလုံးပြောင်းရွှေ့ကြတာဖြစ်သည်။ ဇနီးဖြစ်သူက စစ်တွေမြို့ ရွှေပြားတိုက်နယ်ဆေးရုံတွင် တာဝန်ခံဆရာဝန်အဖြစ်နှင့် လိုက်ပါပြောင်းရွှေ့ရပါသည်။

နဂါးမင်း စစ်ဆင်ရေး

ကျွန်တော် စစ်တွေကိုစတင်ပြောင်းရွှေ့ရောက်ရှိချိန်မှာပဲ လူဝင်မှုကြီးကြပ် ရေးဦးစီးဌာနက ဦးဆောင်ပြုလုပ်သော နဂါးမင်းစစ်ဆင်ရေးနှင့် ကြုံကြိုက်နေ ပါသည်။ ရခိုင်ပြည်နယ်အတွင်းက မူဆလင်ဘာသာဝင်တွေကို စိစစ်မှုပြုလုပ်သည့် စစ်ဆင်ရေးဖြစ်သည်။ မူဆလင်ဘာသာဝင်တွေက မကျေမနပ်ဖြစ်ပြီး ဆူပူ သောင်းကျန်းမှုများလုပ်ကြသည်။ ရခိုင်ရွာတွေကို မီးရှို့ခြင်းများလုပ်တာနှင့် တပ်ရင်းမှူးအသစ်စက်စက်ဖြစ်သည့် ကျွန်တော်သည် လုံခြုံရေးတာဝန်ကို ချက်ချင်းဆောင်ရွက်ရသည်။ တိုင်းမှူးက ဗိုလ်မှူးချုပ်မင်းဂေါင်ပါ။ တိုင်းမှူးနှင့် အတူ အနီးကပ်လိုက်ပါပြီး ကျေးရွာများ၏ လုံခြုံရေးအတွက် ဖမ်းဆီး အရေးယူမှု များ စတင်လုပ်ကိုင်ရသည်။ ဘူးသီးတောင်၊ မောင်တောဘက်ခြမ်းမှာ ပိုမိုအခြေအနေ တွေဆိုးနေတာကြောင့်၊ ကျွန်တော့်တပ်ရင်း၏ ကွပ်ကဲမှုနယ်မြေများလည်း ဖြစ်နေတာကြောင့် တိုင်းမှူး၏အမိန့်အရ ဘူးသီးတောင်ကို ရေယာဉ်ဖြင့် အမြန်ဆုံး ထွက်ခွာခဲ့ရပါသည်။ ဘူးသီးတောင်ရောက်တော့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com

ထွန်းရွှေ ထံကနေ ညွှန်ကြားချက်ရယူကာ မောင်းတောကတစ်ဆင့် တောင်ပြိုလက်ဝဲရွာကို နပ်ဖမ်မြစ်ကနေ မော်တော်ဖြင့်ထွက်ခွာပြီး တောင်ပြိုလက်ဝဲမှာ ရှေ့တန်းတပ်ရင်းဌာနချုပ်ဖွင့်၍ နယ်စပ်ဒေသလုံခြုံရေးကို စတင်ထမ်းရွက်ခဲ့ရပါသည်။ မိမိစခန်း၏ မျက်နှာချင်းဆိုင် ကိုက် ၁၀၀၀ ခန့်တွင် ဘင်္ဂလားဒေ့ရ်နိုင်ငံက ခေါင်းတုံးစခန်းဆိုတာရှိသည်။ အဲဒီမှာလည်း BDR တပ်ဖွဲ့တွေ ကားကြီးကားငယ်များနှင့် ရောက်ရှိလာကြသည်ကို မှန်ပြောင်းနှင့်ကြည့်၍ မြင်ရတော့ သူတို့လည်း စစ်ရေးပြင်ဆင်မှုများလုပ်နေပြီဆိုတာ ခန့်မှန်း၍ရပါသည်။

သူတို့အိမ် သူတို့မီးရှို့

ဘူးသီးတောင် မောင်တော နယ်မြေထဲများရှိကြသည့် မူဆလင် ဘာသာဝင်များသည် သူတို့နေအိမ်တွေမီးရှို့ပြီး တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရ်ကို ထွက်ပြေးနေကြသည်ကိုလည်း မြင်တွေ့နေရပါသည်။ နှစ်နိုင်ငံအကြား စစ်ရေးပြင်ဆင်မှုတွေလုပ်ရမှာဖြစ်တာကြောင့် ကျွန်တော့် တပ်ရင်းကလည်း ဘန်ကာကတုပ်ကျင်းများကို တူးဖော်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို နေ့ချင်းညချင်း လုပ်ကြရတော့သည်။ တိုင်းစစ်ဌာနချုပ် တိုင်းမှူးကလည်း "တပ်ရင်းမှူး အသစ်ကလေး ရှေ့ခံစစ်စည်းကို အခိုင်အမာတည်ဆောက်ပါ၊ မင်းတပ်ရင်းရဲ့နောက် ဘူးသီးတောင်မြို့နယ်ထဲမှာ တပ်ရင်းနှစ်ရင်းဖြစ်သည့် ခလရ ၃၄ နှင့် ခလရ ၅၅ တို့ အသင့်ရှိနေကြသည်။ မင်းတပ်ရင်းက ရှေ့ခံစစ်စည်းမှာ အခိုင်အမာတည်ဆောက်ပြီး စစ်ရေးအသင့်ပြင်ထားပါ" ဟု ညွှန်ကြားချက်တွေရထားတော့ ရှေ့ခံစစ်စည်းကို ခိုင်မာအောင်တည်ဆောက်ရင်း တစ်ဖက်ကမ်းမှာရှိသည့် BDR တပ်ဖွဲ့များ၏ လှုပ်ရှားမှုများကိုလည်း ထောက်လှမ်းကာ တိုင်းစစ်ဌာနချုပ်နှင့် စစ်ဗျူဟာတို့ကို တစ်ပြိုင်တည်း သတင်းများတင်ပြနေရသည်။

ဟသ်ာစီမံချက်

ထိုကဲ့သို့ စစ်ရေးပြင်ဆင်မှုများနှင့် နယ်စပ်တလျှောက် လုံခြုံမှုရှိရေးတို့ကို ဆောင်ရွက်ရင်းနှင့် တိုင်းစစ်ဌာနချုပ်၏ ဟသ်ာစီမံချက် ညွှန်ကြားမှုတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

အမှတ်(၂၀)ခြေလျင်တပ်ရင်းတွင် တပ်ရင်းမှူးအဖြစ် (၃)နှစ်ကျော်ကာလမှာ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်)၊ အမှတ်(၁)စစ်ဆင်ရေး အထူးအဖွဲ့မှူးရုံးသို့ စစ်ဦးစီးမှူး (ပထမတန်း) အဖြစ် ရောက်ရှိစဉ်

ထပ်ရလာပြန်သည်။ ဘာလဲဆိုတော့ မင်းတောင်ပြိုလက်ဝဲမှာ တိုင်းမှူးနှင့် တစ်ဖက်နိုင်ငံက BDR ညွှန်ကြားရေးမှူးချုပ်တို့ တွေ့ဆုံဆွေးနွေးဖို့ရှိသည်။ ဆွေးနွေးဖို့နေရာ အသင့်ပြင်ဆင်ထားပါဟု ညွှန်ကြားချက်ရတာနှင့် ဝါးများဖြင့် ယာယီအဆောက်အအုံကို ထွက်ပြေးခြင်းမရှိသော မူဆလင်ဘာသာဝင်များ၏ အကူအညီဖြင့် အမြန်ဆုံးတည်ဆောက်ပေးခဲ့ရပါသည်။ ချိန်းဆိုသည့်ရက်ရောက်တော့ တိုင်းမှူးနှင့်အတူ လူဝင်မှုကြီးကြပ်ရေးညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူများ ရောက်ရှိလာကြပါသည်။ ရဟတ်ယာဉ်ဖြင့်လာကြတာမို့ လုံခြုံရေးကို အထူးဂရုစိုက်ဆောင်ရွက်ခဲ့ရပါသည်။ တိုင်းမှူးနှင့်အဖွဲ့ရောက်လာပြီးမကြာခင်မှာပဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံက BDR တပ်မှူးနှင့်အဖွဲ့ရောက်ရှိလာကြကာ နှစ်ဖက်လူကြီးများဆွေးနွေးပွဲလုပ်ကြပါသည်။ ဆွေးနွေးသည့်အကြောင်းအရာကတော့ မြန်မာနိုင်ငံအတွင်းက ထွက်ပြေးသွားသည့် မူဆလင်ဘာသာဝင်များကို

www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်လက်ခံဖို့နှင့်လက်ခံရေးအစီအစဉ်တွေကို ညှိနှိုင်းဆွေးနွေးကြတာဖြစ်သည်။ ပြန်လည်လက်ခံရေးအတွက် ဟသံစီမံချက်ဖြင့် ဆောင်ရွက်မည်ဟု သဘောတူညီကြပါသည်။

တစ်လအတွင်း လက်ခံမှုအသင့်ဖြစ်ရန်

လက်ခံရေးအတွက် အသေးစိတ်ဆောင်ရွက်ရမှာကတော့ ခလရ ၂၀ တပ်ရင်းမှူးက တာဝန်ခံဆောင်ရွက်ပေးရမှာ ဖြစ်ပါသည်။ တစ်လအတွင်း ပြန်လည်လက်ခံမည်ဆိုသည့်အတွက် လက်ခံရေးစခန်းတွေကို နယ်စပ်တလျှောက် မှာတည်ဆောက်ပေးပြီး ထိုစခန်းများမှတစ်ဆင့် ယင်းတို့၏ မူလရွာများသို့ ပြန်ပို့ပေးရန်ဖြစ်ပါသည်။ နယ်စပ်မှာ စခန်းပေါင်း ၁၀ ခုကို နှစ်ပတ်အတွင်း အပြီးတည်ဆောက်ရမည်ဆိုတော့ ခလရ ၂၀ တပ်ရင်းမှူးက ကံရာဇောကြီး နမူနာယူပြီး ယာယီတဲများကို မူဆလင်ဘာသာဝင်များကို ပဲတာဝန်ပေးပြီး အမြန်ဆုံး ဆောက်လိုက်တာ ၁၀ ရက်အတွင်းပြီးမြောက်ခဲ့ပါသည်။ တည်ဆောက်ပေးသည့် မူဆလင်ဘာသာဝင်များကိုလည်း ထိုက်သင့်သည့် အခကြေးငွေများပေးလိုက်တာကြောင့် အလွန်ကျေနပ်ကြသည်။ နောက်ပြီး UNHCR တို့အဖွဲ့များ ရောက်လာကြပြီး သူတို့အတွက်ပစ္စည်းများထားသိုရန် ဂိုဒေါင်များကိုပါ တည်ဆောက်ပေးခဲ့ရပြန်ပါသည်။ အသေးစိတ်လုပ်ကြရမည့် လုပ်ငန်းတာဝန်တွေကိုတော့ တပ်ခွဲမှူးများ၊ တပ်စုမှူးများကို အသီးသီးတာဝန်တွေခွဲဝေပေးပြီး ဆက်လက်လုပ်ကိုင် ဆောင်ရွက်ပေးမည့် လုပ်ငန်းတာဝန်များကို အသင့်စီမံဆောင်ရွက်ခဲ့ရပါသည်။ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသူများ ပြန်ဝင်မလာခင် တိုင်းမှူးကြီးက နှစ်ကြိမ်ခန့်ရောက်ရှိလာပြီး အသေးစိတ်ညွှန်ကြားမှုများပေးခဲ့တာကြောင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်အတွက် များစွာအထောက်အကူဖြစ်ခဲ့သည်။

ကြီးမားရှုပ်ထွေးသည့် စီမံဆောင်ရွက်မှု

ကျွန်တော်တို့၏ လက်ခံရေးစခန်းတွေလည်း အဆင်သင့်ဖြစ်ပြီ။ UNHCR အဖွဲ့ကလည်း ကယ်ဆယ်ထောက်ပံ့မည့် ပစ္စည်းများရောက်ရှိလာကြပြီ

www.burmeseclassic.com

www.burmeseclassic.com

ဆိုသည်နှင့် တဖက်နိုင်ငံကို ထွက်ပြေးသွားသည့် မူဆလင်မိသားစုများသည် မိုးရာသီအတွင်းမှာပဲ ပြန်လည်ဝင်ရောက်လာကြသည်။ လက်ခံရေးစခန်းတွင် လူဝင်မှုကြီးကြပ်ရေးအဖွဲ့ရယ်၊ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများရယ်၊ ပြည်သူ့ရဲတပ်ဖွဲ့က တပ်ဖွဲ့ဝင်များပါ ပူးပေါင်းပါဝင်စိစစ်မှုများ စနစ်တကျပြုလုပ်ပြီး ယင်းတို့၏ မူလနေရာဒေသများသို့ ပြည်သူ့ရဲတပ်ဖွဲ့၏ အစောင့်အရှောက်ဖြင့် အိမ်တိုင်ရာရောက် လိုက်ပါပို့ဆောင်ပေးခဲ့ကြရသည်။ လက်ခံရေးစခန်းအဝင်မှာ စိစစ်မှုပြုလုပ်ချိန်မှာတော့ မိမိနိုင်ငံအတွင်းက ထွက်ပြေးသွားသူများ ဟုတ်မဟုတ်ကို အထောက်အထားများဖြင့် စိစစ်ရတာကြောင့် အချိန်ကြန့်ကြာမှု၊ အခက်အခဲ အသင့်အတင့်ရှိမှုတွေ့ရပါသည်။ တစ်ဖက်နိုင်ငံက ပို့ဆောင်ရေးအဖွဲ့တွေလည်း လိုက်ပါပို့ဆောင်ပေးတာကြောင့် လူပိုပါလာလျှင် ပို့ဆောင်ရေးအဖွဲ့နှင့် ပြန်လည်ထည့်ပေးလိုက်ရသည့်ဖြစ်ရပ်မျိုးတွေလည်း ရှိခဲ့ပါသည်။ ယေဘုယျအားဖြင့်တော့ ပြန်လည်လက်ခံမှုများကို နှစ်ချီပြီးဆောင်ရွက်ခဲ့ရသဖြင့် အလွန်ကြီးမား ရှုပ်ထွေးသည့် စီမံဆောင်ရွက်မှုကြီး ဖြစ်သည်။ ဤကဲ့သို့ ဟသီ်ာစီမံချက်ဖြင့် ထွက်ပြေးသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲကာလမှာပဲ ဗိုလ်ချုပ်မင်းဂေါင်သည် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြည်ထဲရေးဝန်ကြီးအဖြစ် ပြောင်းရွှေ့သွားသဖြင့် တိုင်းမှူးအသစ်အဖြစ် ဗိုလ်မှူးချုပ်ဝမ်းတင် ရောက်ရှိလာပြီး ပြန်လည်လက်ခံရေးလုပ်ငန်းများကို ဆက်လက်ကွပ်ကဲဆောင်ရွက်ခဲ့ပါသည်။

ကျွန်တော် တပ်ရင်းမှူးဘာဝန်ထမ်းရွက်စဉ် ရခိုင်ပြည်နယ်အတွင်းက ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် မြို့နယ်အတွင်းရှိနေထိုင်သူများမှာ အများစုသည် မူဆလင်ဘာသာဝင်များ ဖြစ်ကြပါသည်။ အဲဒီ မူဆလင်ဘာသာဝင် အများစုသည် မြန်မာစကား၊ ရခိုင်စကားမတတ်ကြပဲ ဘင်္ဂါလီ ဘာသာစကားသာ ပြောတတ်သူများဖြစ်နေတာကြောင့် မြန်မာနိုင်ငံအတွင်း ရွှေ့ပြောင်းသူများဆိုတာ သံသယရှိစရာဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိလာသူများ ပူးပေါင်း နေထိုင်ရင်းဖြင့် သူတို့လူဦးရေ၊ မိသားစုဦးရေ တိုးပွားလာခြင်းဖြစ်သည်ဟု ယေဘုယျအားဖြင့် ခန့်မှန်း၍ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး

ကျွန်တော် ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်စဉ်ကာလမှာ ရခိုင်တိုင်းရင်းသားများရော သစ္စာရှိမူဆလင်ဘာသာဝင်များကိုပါ အတတ်နိုင်ဆုံး စည်းရုံးပြီး ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ရပါသည်။ ဘုရားပျက်ကျောင်းပျက်များကိုလည်း ပြုပြင်မွမ်းမံခြင်း၊ ရခိုင်တိုင်းရင်းသားများနှင့် မူဆလင်ဘာသာဝင်များ ပဋိပက္ခမဖြစ်ရေး၊ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရေး အတွက် စည်းရုံးသိမ်းသွင်းရင်း အေးချမ်းသည့် လူမှုဘဝပတ်ဝန်းကျင်ကို အတိုင်း အတာတစ်ခုအနေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

စစ်ဦးစီးပထမတန်း

ကျွန်တော် ရခိုင်ပြည်နယ်အတွင်းမှာ သုံးနှစ်ကျော်ကာလ တပ်ရင်းမှူး တာဝန်ဖြင့် ထမ်းရွက်နေစဉ်မှာပဲ ၁၉၈၁ ခုနှစ်ထဲမှာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အမှတ်(၁)စစ်ဆင်ရေးအထူးအဖွဲ့သို့ စစ်ဦးစီးမှူး (ပထမတန်း)အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ စစ်ဆင်ရေးအဖွဲ့မှူးက ဗိုလ်ချုပ် လှဦးပါ။ စစ်ဦးစီးမှူး(ဒုတိယတန်း)က ဗိုလ်မှူးအောင်သောင်း၊ စစ်ဦးစီးမှူး(တတိယတန်း)က ဗိုလ်ကြီး၊ ဇော်ဝင်း တို့ဖြစ်ကြပါသည်။ စစ်ဆင်ရေးတပ်များကို အနီးကပ်ကွပ်ကဲမှုပြုလုပ်သည့်အဖွဲ့ဖြစ်သဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များသို့ ကစထမ်းမှူးနှင့်အတူ မကြာခဏရောက်ရှိကာ စစ်ဆင်ရေး၊ နယ်မြေလုံခြုံရေးနှင့် စည်းရုံးရေး ကိစ္စရပ်တွေကို စစ်ဆေးကြပ်မတ်မှုများမကြာခဏ လှည့်လည်ဆောင်ရွက်ရပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လှုပ်ရှားမှုများရှိနေသဖြင့် မကြာခဏ တိုက်ပွဲများဖြစ်တတ်ပြီး ကွပ်ကဲမှုနှင့်အုပ်ချုပ်ထောက်ပံ့မှုများကို အခါမလပ်ပြုလုပ်ပေးနေရတာကြောင့် အချိန်ပြည့်တာဝန်ထမ်းရွက်မှုပြုရသည်။ မြစ်ကြီးနား၊ လားရှိုး၊ ကျိုင်းတုံ၊ တောင်ကြီးမြို့များသို့လည်း မကြာခဏခရီးထွက်ပြီး ကစထမ်းမှူး၏ လမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်လှဦး

ကျွန်တော်၏ အထက်အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်လှဦးသည် အလွန်စည်းစနစ်ကောင်းပြီး စစ်ရေးသုံးသပ်မှု၊ စစ်ဆင်ရေးအစီအမံ အလွန်တော်သူဖြစ်တာကြောင့် ကျွန်တော့်အတွက် ဆရာကောင်းသမားကောင်းပဲ ဖြစ်ပါသည်။ ဗိုလ်ချုပ်လှဦးထံမှ စစ်ရေးဆိုင်ရာပညာရပ်များနှင့် စနစ်တကျ စီမံဆောင်ရွက်မှုပညာရပ်များ အနီးကပ်သင်ယူရရှိခဲ့သဖြင့် ကျွန်တော့်အတွက် အလွန်ကံကောင်းခဲ့သည်ဟုဆိုရပါမည်။

ကျွန်တော်ရန်ကုန်ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည့်အချိန်မှာပဲ မိသားစုလည်း ရန်ကုန်ကို တစ်ခါတည်းပြောင်းရွှေ့ခဲ့သည်။ ကျွန်တော့်ဇနီး၏ အလုပ်တာဝန်ကတော့ EPC ရုံးချုပ်မှာ ဆေးမှူးချုပ်တာဝန်နှင့် ပြောင်းရွှေ့ တာဝန်ထမ်းရွက်ခွင့်ရခဲ့သည်။

ဗိုလ်မှူးကြီးမြသင်းနှင့် ကော့ကရိတ်တခွင်

၁၉၈၂ ခုနှစ် မတ်လထဲတွင် သထုံမှာရှိတဲ့ အမှတ် ၄၄ ခြေမြန်တပ်မဌာနချုပ်ကို နည်းဗျူဟာမှူးအဖြစ်နှင့် ရာထူးတိုးလျက် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရပြန်ပါသည်။ တပ်မမှူးက ဗိုလ်မှူးကြီးမြသင်းပါ။ စစ်ဆင်ရေး နယ်မြေဒေသကတော့ ဘားအံခရိုင်နှင့် ကော့ကရိတ်မြို့နယ်အတွင်းမှ ကေအင်ယူလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရင်ဆိုင်ပြီး စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးများ ထမ်းရွက်ရတာဖြစ်ပါသည်။ တပ်ရင်း နှစ်ရင်းနှင့်သုံးရင်းကိုကွပ်ကဲပြီး လှိုင်းဘွဲ့မြို့နယ်၊ ကော့ကရိတ်မြို့နယ်နဲ့ မြဝတီမြို့နယ်များအတွင်း လှည့်လည်၍ စစ်ဆင်ရေးကွပ်ကဲမှုပြုလုပ်ရသည်။ တစ်ဖက်ရန်သူများလည်း လှုပ်ရှားစစ်နည်းဗျူဟာကျင့်သုံးသလို မိမိတို့ကလည်း လှုပ်ရှားစစ်နည်းဗျူဟာကျင့်သုံးကြရသည်။ ကျွန်တော်တာဝန်ယူသည့် ကာလတစ်လျှောက်လုံး ကြီးမှူးပြင်းထန်သောတိုက်ပွဲများမဖြစ်ခဲ့ပါ။ တိုက်ပွဲငယ်များသာဖြစ်တတ်ပါသည်။ အမှန်အားဖြင့် ကိုယ့်နိုင်ငံအတွင်းမှာ ကိုယ့်တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင် ပဋိပက္ခဖြစ်ကြသည်ဆိုတာကတော့ကောင်းသည့်အလားအလာမဟုတ်ပါ။ ကိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com

အတွင်း ငြိမ်းချမ်းမှုတည်ဆောက်နိုင်ပြီး နိုင်ငံအတွင်း အေးချမ်းတည်ငြိမ်နေမှ သာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည့် ပြည်သူတွေ၏ဘဝ အေးချမ်းမည်၊ အဲသလို အခြေအနေမျိုးရောက်ရှိမှသာလျှင် သာယာဝပြောသော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ အောင်မြင်ဖြစ်ထွန်းပါစေဟူ၍သာ ဆန္ဒပြုလိုက်ရပါတော့သည်။

O

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၀

ထောက်လှမ်းရေးတာဝန် စတင်ထမ်းဆောင်ခြင်း

၁၉၈၃ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကျွန်တော့်ကို တပ်မတော် ထောက်လှမ်းရေးညွှန်ကြားရေးမှူးတာဝန် စတင်ပေးအပ်ခြင်းခံရပါသည်။ ရန်ကုန် စစ်ရုံးကိုရောက်တော့ ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးသူရကျော်ထင်ထံသွား ရောက်သတင်းပို့ရပါသည်။ ဗိုလ်ချုပ်ကြီးက တာဝန်ပိုင်းဆိုင်ရာနှင့်ပတ်သက်၍ လိုအပ်သည်များမှာကြားပြီးသည့်နောက် "မင်းကို အရေးကြီးတာဝန်တစ်ခုမှာချင်တယ်။ အဲဒါကတော့ မင်းဒီတာဝန်ကိုထမ်းရွက်နေသည့်ကာလတစ်လျှောက်လုံး ဂေါက်သီးလုံးဝမရိုက်ဖို့ပဲ၊ ဂေါက်သီးရိုက်နေရင် တာဝန်ပိုင်းဆိုင်ရာမှာ အားနည်းသွားတတ်တယ်၊ မင်းတာဝန်က ၂၄ နာရီလုံးတာဝန်ရှိနေတယ်၊ ဒါကြောင့် အခုလိုမှာကြားရခြင်းဖြစ်တယ်" ဟု ကျွန်တော့်ကိုအလေးအနက်ထားမှာကြားပါသည်။ အထက်အကြီးအဂဲ၏ မှာကြားချက်ကို အလေးအနက်ထားခံယူကာ ကျွန်တော်သည် လုံးဝဂေါက်သီးရိုက်ခြင်းအလုပ်ကို မလုပ်တော့တာပါ၊ ရန်ကုန်ရောက်ပြီး တစ်ပတ်လောက်အတွင်းမှာပဲ ဥက္ကဋ္ဌကြီး ဦးနေဝင်းထံသို့ ဗိုလ်ချုပ်ကြီး သူရကျော်ထင် ကိုယ်တိုင်လိုက်ပါပို့ဆောင်အပ်နှံမှုပြုလုပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၅ ခုနှစ်၊ ဂျိုနီဗာမြို့ (ဂျာမဏီ) နိုင်ငံသို့ လေ့လာရေးသွားရောက်စဉ် ဖိုလ်ချုပ်သောင်းတင် (နိုင်ငံတော်ကောင်စီဝင်) ဒေါက်တာမောင်မောင်၊ ဦးအုံးကြည်၊ ဦးခင်အောင်ကြည် တို့နှင့် အတူ



၁၉၉၀ ခုနှစ်ခန့်က အတွင်းရေးမှူး(၁) ဖိုလ်မှူးချုပ်ခင်ညွှန့်နှင့် စစ်သံမှူးများ၊ ဖိုလ်မှူးချုပ်သန်းညွှန့် (ရေ)၊ ဖိုလ်မှူးချုပ် သိန်းဝင်း (လေ)၊ ဖိုလ်မှူးကြီးမျိုးသန့် (ကကဆက်)၊ ဖိုလ်မှူးကြီးသန်းထွန်း (ဒုညွှန်မှူးထလရ)

www.burmeseclassic.com

www.burmeseclassic.com

လမ်းစဉ်ပါတီအရှိန်အဟုန်နှင့် မောင်းနှင်ချိန်

ကျွန်တော် တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးတာဝန်စတင် ထမ်းဆောင်စဉ်ကာလတွင် မြန်မာ့ဆိုရှယ်စဉ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကျင့်သုံးကာ ဗဟိုဦးစီးစနစ်၊ ဗဟို၏ချုပ်ကိုင်မှုဖြင့် အစိုးရအဖွဲ့ယန္တရားကို အရှိန်အဟုန်နှင့် ပဲ့ကိုင်မောင်းနှင်လျက်ရှိနေချိန်ပေါ့။ ပါတီဥက္ကဋ္ဌကြီးက ဦးနေဝင်း၊ နိုင်ငံတော်သမ္မတက ဦးစန်းယု၊ ဝန်ကြီးချုပ် ဦးမောင်မောင်ခ၊ ပါတီအထွေထွေအတွင်းရေးမှူး ဦးအေးကို၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးကဦးစိန်လွင်၊ ဒုတိယဝန်ကြီးချုပ်က သူရဦးထွန်းတင်၊ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ ဒုတိယကာကွယ်ရေး ဦးစီးချုပ် (ကြည်း) က ဗိုလ်ချုပ်စောမောင်၊ ပြည်ထဲရေးဝန်ကြီးက ဗိုလ်ချုပ်မင်းဂေါင်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးက ဗိုလ်ချုပ်ဖေမြိုင်၊ ဒုတိုင်းမှူးက ဗိုလ်မှူးကြီးမျိုးညွန့် တို့ဖြစ်ကြပါသည်။

ထောက်လှမ်းရေးအဖွဲ့အစည်းဆိုတာ နိုင်ငံတော်၏ နားမျက်စိများပင် ဖြစ်သည်။ နိုင်ငံတော်၏ ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် မျက်ခြည်မပြတ် သတင်းထောက်လှမ်းခြင်း၊ သတင်းတည်ဆောက်ခြင်း၊ နိုင်ငံတော်ကို နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရေးအတွက် သတင်းအချက် အလက်ကို လက်ဦးမှုရအောင် ဆောင်ရွက်ခြင်း၊အရေးကြီးပုဂ္ဂိုလ်များ၏လုံခြုံရေး၊ နိုင်ငံတော်၏ အရေးကြီးသည့်ရုပ်ဝတ္ထုပစ္စည်းများ၏ လုံခြုံရေး၊ နိုင်ငံတကာမှ ထူးခြားသည့် သတင်းအချက်အလက်များ၊ ကာကွယ်ရေးဆိုင်ရာ သတင်းအချက် အလက်များရှာဖွေစုဆောင်းခြင်းစသည့် လုပ်ငန်းတာဝန်များကို ထမ်းရွက်သည်။ အဲဒီတုန်းက အမျိုးသားထောက်လှမ်းရေးအဖွဲ့ဥက္ကဋ္ဌကဝန်ကြီးချုပ်၊ အတွင်းရေးမှူး က ပြည်ထဲရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးနှင့် နိုင်ငံခြားရေး ဝန်ကြီးတို့က အဖွဲ့ဝင်များဖြစ်ကြသည်။ တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးက ကာကွယ်ရေးဝန်ကြီး၏ကိုယ်စား ဆောင်ရွက်ရပါသည်။တစ်ခါတစ်ရံ ထောက်လှမ်း ရေး ညွှန်ကြားရေးမှူးကို တိုက်ရိုက်ခေါ်ယူတာဝန်ပေးမှုတွေကိုလည်း သီးခြား ထမ်းဆောင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဗမာပြည်ကွန်မြူနစ်ပါတီသတင်း။ ။ ၁၉၈၄ ခုနှစ်ထဲတွင် တရုတ်နိုင်ငံ သမ္မတကြီးမစ္စတာလီရှင်နင်သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ရာတွင် အဖွဲ့ဝင်အဖြစ်နှင့် ဘရုတ်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရှရင်းဆိုသူလည်း လိုက်ပါလာသည်။ သမ္မတကြီးဦးစန်းယုက ငပလီကစောင့်ကြိုပြီး ဧည့်ခံပြုစုဖို့ အစီအစဉ်လည်းပါဝင်ရာ ထိုခရီးစဉ်မှာ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်စောမောင်နှင့်အတူ ကျွန်တော်လည်းလိုက်ပါကြရပါသည်။ အဲဒီမှာ ဗိုလ်ချုပ်ကြီးသူရကျော်ထင်က ဗိုလ်ချုပ်စောမောင်ကို မှာကြားလိုက်တာ တစ်ခုရှိသည်။ အဲဒါက "ငပလီမှာ ဗိုလ်ချုပ်ကြီးရှရင်းနှင့် တွေ့ဆုံပြီး ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပတ်သက်သည့် တရုတ်နိုင်ငံ၏ သဘောထားဘယ်လိုရှိတယ်" ဆိုတာကို မေးမြန်းပါဟူ၍ မှာကြားလိုက်တာရှိပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီကို အဆက်အသွယ်ဖြတ်

ကျွန်တော်တို့ ငပလီရောက်တော့ စကားပြန် ဒေါ်ညွှန့်ညွှန့် (ခ) မစ္စစ်ချင်ဘောင်လူနှင့်ညှိနှိုင်းပြီး ဗိုလ်ချုပ်ကြီးရှရင်းနှင့် ဗိုလ်ချုပ် စောမောင်တို့ တွေ့ဆုံဖို့ စီစဉ်နိုင်ခဲ့ပါသည်။ တပ်မတော်ခေါင်းဆောင်နှစ်ဦး တွေ့ဆုံဆွေးနွေးကြသည့် အခါတွင် ဗိုလ်ချုပ်ကြီးရှရင်းက ဒီလိုပြောပါသည်။ "ကျွန်တော်တို့ တရုတ်နိုင်ငံ အနေနှင့် ဗမာပြည်ကွန်မြူနစ်ပါတီကို ယခင်ထောက်ပံ့ကူညီခဲ့တာ မှန်ပါတယ်၊ ယခုခေါင်းဆောင်ကြီး တိန့်ရှောင်ပင်၏ အမြော်အမြင်ကြီးမားမှုကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီကို ကူညီပံ့ပိုးမှုလုံးဝဖြတ်တောက်ပစ်လိုက်ပါပြီ၊ နှစ်နိုင်ငံ ချစ်ကြည်ရေးကို ပိုမိုအလေးထားသည့်အနေနှင့် ဒီပေါ်လစီကိုချမှတ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်" ဟူ၍ ပြောကြားသည်ကိုသိခဲ့ရပါသည်။ ဒီသတင်းသည် ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အလွန်အရေးပါသည့်သတင်းဖြစ်သည်။ ရန်ကုန်ပြန်ရောက်တော့ ဗိုလ်ချုပ်ကြီးသူရကျော်ထင်ကို ဒီသတင်းကောင်းအတိုင်း ဗိုလ်ချုပ်စောမောင်က ပြန်လည်တင်ပြနိုင်ခဲ့ပါသည်။

တရုတ်နိုင်ငံက ဗကပကိုအကူအညီမပေးတော့သည့်သတင်း၊ နောက်လူးခြားသည့်ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကတော့ အဲဒီဗမာပြည်ကွန်မြူနစ်ပါတီ၏ သတင်းပဲ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။ ၁၉၈၅ ခုနှစ်ထဲမှာ ဥက္ကဋ္ဌကြီး ဦးနေဝင်း၏ တရုတ်ပြည်သို့ ချစ်ကြည်ရေး ခရီးစဉ်သွားခဲ့သည်။ ဥက္ကဋ္ဌကြီး၏ မိသားစုအပြင် အစိုးရအဖွဲ့ထဲက ဒေါက်တာမောင်မောင်ဝိုလ်ချုပ်ကြီးသူရကျော်ထင်၊ နိုင်ငံခြားရေးဝန်ကြီး ဦးလေးမောင်၊ ပါတီဌာနချုပ်က ဦးသန်းလှိုင်လည်း ပါသည်။ ကျွန်တော်နှင့်အဖွဲ့ကတော့ လုံခြုံရေးအနေဖြင့်လိုက်ပါရသည်။ ချစ်ကြည်ရေးခရီးစဉ်အတွင်းမှာ ဥက္ကဋ္ဌကြီးဦးနေဝင်းနှင့်တရုတ်ပြည်ခေါင်းဆောင်ကြီး တိန့်ရှောက်ပင်တို့ တွေ့ဆုံကြသည့်အခါမှာ ဗမာပြည်ကွန်မြူနစ်ပါတီအပေါ်ထားသည့် သဘောထားကို ဥက္ကဋ္ဌကြီး ဦးနေဝင်းက မေးမြန်းမှုလည်းပါဝင်သည်။ အဲဒီမှာ ခေါင်းဆောင်ကြီး တိန့်ရှောင်ပင်နှင့် တွေ့ဆုံကြတဲ့အခါမှာ ဗမာပြည်ကွန်မြူနစ်ပါတီအပေါ်ထားတဲ့ သဘောထားကို မေးမြန်းမှုလည်း ပါဝင်ပါသည်။ အဲဒီအခါမှာ ခေါင်းဆောင်ကြီး တိန့်ရှောက်ပင်၏ ဖြေကြားချက်ကလည်း ကျွန်တော်တို့ ငပလီခရီးစဉ်မှာ ရရှိခဲ့သည့်သတင်းအတိုင်းပါ "ကျွန်တော်တို့ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ထူထောင်ထားတာပါ"တဲ့။

"စောစောပိုင်းကာလက ကျွန်တော်တို့ရဲ့ ဆောင်ရွက်မှုအမှားအယွင်းများ ရှိခဲ့ပါတယ်" တဲ့။

"ဒါနဲ့ ပတ်သက်လို့ တောင်းပန်ပါတယ်" တဲ့။

အခုတော့ ဗမာပြည် ကွန်မြူနစ်ပါတီကို ကျွန်တော်တို့ လုံးဝကူညီပံ့ပိုးမှုမရှိတော့ပါဘူး" တဲ့။

"ခင်ဗျား တို့ရဲ့ ပြည်တွင်းရေးကို ကျွန်တော်တို့ ဝင်ရောက်စွက်ဖက်ဖို့ အစီအစဉ်မရှိပါဘူး" တဲ့။

"တစ်ခုတော့ရှိပါတယ်၊ ဗကပခေါင်းဆောင်ပိုင်းတွေအတွက် ဆေးဝါးကုသပေးမှုလေးတွေတော့ ရှိနေပါသေးတယ်" ဟုဆိုပါသည်။ ဤခရီးစဉ်မှာလည်း ဗကပနှင့် ပတ်သက်၍ တရုတ်ပြည်၏ သဘောထားကို သဲသဲကွဲကွဲသိရပြီဆိုတာနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို တိတိကျကျခိုင်ခိုင်မာမာ ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျာမနီ၊ အင်္ဂလန်အသွားများ

ကျွန်တော်သည် ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့်အတူ ပြည်ပခရီးစဉ်အတော်များများကိုရောက်ခဲ့ပါသည်။ အများဆုံးရောက်တာက ဂျာမနီနှင့်ဆွစ်ဇာလန်၊ အင်္ဂလန်နိုင်ငံတို့ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံနှင့်လုပ်ငန်းအရ ဆက်သွယ်ဆက်ဆံမှု ရှိနေသော ဂျာမနီနှင့် ဆွစ်ဇာလန်တို့ကို မကြာခဏသွားဖြစ်ကြပါသည်။ ဆွစ်ဇာလန်နိုင်ငံမှာကတော့ Pilatus လေယာဉ်စက်ရုံရှိတာကြောင့်၊ PC 6, PC 7, PC 9 လေယာဉ်တွေဝယ်ယူအသုံးပြုနေတာကြောင့် ဒီနိုင်ငံကို အရောက် အပေါက်များရတာဖြစ်သည်။ ဂျာမနီနိုင်ငံမှာကတော့ ကာကွယ်ရေးပစ္စည်း စက်ရုံတွေအတွက် ဖရင့်ချိုဝမ်နာ (Fritz Warner) ကုမ္ပဏီနှင့် ဆက်သွယ်ဆက်ဆံမှု ရှိနေတာကြောင့် စက်ရုံအတွက် စက်ပစ္စည်းများဖြည့်တင်းဆောင်ရွက်နေရတာရယ်၊ မြန်မာနိုင်ငံ၏ ငွေစက္ကူထုတ်လုပ်ရေးအတွက် အာမခံငွေစက္ကူထုတ်စက်ရုံဖြစ်သည့် ဂျီဒီ G & D ကုမ္ပဏီနှင့် ဆက်သွယ်ဆက်ဆံဆောင်ရွက်နေရတာရယ်ကြောင့် ဂျာမနီနိုင်ငံကို မကြာခဏ ရောက်ခြင်းဖြစ်သည်။

၁၉၈၆ ခုနှစ်ခန့်က ဂျာမဏီနိုင်ငံ ဂျိုဇာမြို့ ကုလသမဂ္ဂအဆောက်အဦးရှေ့တွင် အမှတ်တရ ဒုတိယအတွင်းဝန် ဦးမြသန်း၊ ဗိုလ်မှူးကြီးခင်ညွန့်၊ သံမှူးကြီး ဒေါက်တာမောင်မောင်၊ ဦးအုန်းကြည်၊ ဦးသောင်းတင်၊ ဦးလေးမောင်၊ ဦးခင်မောင်ကြည်

www.burmeseclassic.com

www.burmeseclassic.com

ဦးနေဝင်းဘဏ်စာရင်းမရှိ

နောက်တစ်ချက်က ဂျာမနီနိုင်ငံက ဂိုင်ဇင်ဟိုင်းဆိုသည့် မြို့ကလေးမှာ မြန်မာ့ယဉ်ကျေးမှုလက်ရာများဖြင့် တည်ဆောက်ထားသည့် Burma Pavillion ဆိုသည့် အဆောက်အအုံငယ်တစ်လုံးရှိပြီး မြန်မာနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများ ပြသထားတာတွေ့ရသည်။ ဒီအဆောက်အအုံကို F.W ကုမ္ပဏီက တာဝန်ယူ ထိန်းသိမ်းထားတာကိုလည်း တွေ့ရပါသည်။ အဲဒီနိုင်ငံများမှာ ဦးနေဝင်း၏ Bank Account ရှိသည့်စွပ်စွဲချက်များကတော့ မမှန်မကန်ဘူးဟု ပြောနိုင်သည်။ ကျွန်တော်တို့မကြာခဏရောက်နေသဖြင့် အခြေအနေမှန် သတင်း များအရ Bank Account မရှိဘူးဟု ပြောနိုင်ခြင်းဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ ကိုတော့ မစ္စစ်အင်ဒီရာဂန္ဓီကွယ်လွန်ချိန်တွင် ကျန်ရစ်သည့် မိသားစုကိုသွားရောက်အားပေးနှစ်သိမ့်ခြင်းဖြစ်ပါသည်။ အမေရိကန်နိုင်ငံတက္ကဆက်ပြည်နယ် အိုကာလဟိုးမားမြို့ကို ကုန်းတွင်းရေနံထုတ်လုပ်မှုလေ့လာရန် သွားရောက်ခဲ့ခြင်းဖြစ်ပါသည်။



ဆွစ်ဇာလန်နိုင်ငံ ဟိုတယ်တစ်ခုပေါ်တွင် ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ ဗိုလ်မှူးကြီးခင်ညွှန့်
မြန်မာ့သံအမတ်ကြီး ဒေါက်တာခင်မောင်ဝင်း (ပြည်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်)
ဗိုလ်မှူးကြီးညွှန့်တင်၊ စစ်သံမှူး ဂျာမဏီနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၆ ခုနှစ်ခန့်က ဥက္ကဋ္ဌကြီး ဦးနေဝင်း၏ ဆွေမျိုးလန်နှင့် ဂျာမဏီခရီးစဉ်တွင် ဂျီနီဗာမြန်မာသံမှူးကြီးရုံးသို့ သွားရောက်စဉ် ဦးသောင်းတင် ဒေါက်တာမောင်မောင်၊ ဦးအုန်းကြည်၊ ဆရာဦးခင်အောင်ကြည် တို့နှင့်အတူ သံမှူးကြီး ဦးတင်ထွန်း နှင့် ဇနီး ဆရာဝန်မကြီး

ထိုင်းနိုင်ငံကိုတော့ ရင်းနှီးသော ထိုင်းဘုရင်မင်းမြတ်ထံ ကျောက်စိမ်းရုပ်ပွားတော်လက်ဆောင်အဖြစ်ပေးအပ်ရန် နေ့ချင်းပြန်ခရီး သွားရောက်ခဲ့ခြင်းဖြစ်ပါသည်။

ဖခင်သဖွယ် လက်ဦးဆရာ

ဤကဲ့သို့ ဥက္ကဋ္ဌကြီး ဦးနေဝင်း၏ ပြည်ပခရီးစဉ်များတွင် လိုက်ပါသွားရခြင်းအားဖြင့် နိုင်ငံတကာ ဆက်ဆံမှုအတွေ့အကြုံများကိုနမူနာယူစရာ၊ အတုယူစရာများတွေ့ရပါသည်။ နိုင်ငံခြားခေါင်းဆောင်များ၊ လုပ်ငန်းရှင်များ၊ လုံခြုံရေးတာဝန်ရှိသူများကို ဘယ်သို့ဘယ်ပုံဆက်ဆံခဲ့သည်၊ ဆက်ဆံမှုပရိယာယ်၊ ဆက်ဆံပုံဆက်ဆံနည်းများကိုအတုယူဖွယ်၊ နမူနာယူဖွယ်များရရှိခဲ့သည်။ ကျွန်တော့်အနေနှင့် နိုင်ငံတကာဆက်ဆံမှုပညာရပ်များကို အတုယူဖွယ်၊ လေ့လာ မှတ်သားဖွယ် ပညာများရရှိခဲ့ပါသည်။ ဥက္ကဋ္ဌကြီး ဦးနေဝင်း၏ ပြည်တွင်းပြည်ပ

www.burmeseclassic.com

www.burmeseclassic.com

ခရီးစဉ်တိုင်းတွင် ဗိုလ်ချုပ်ကြီး သူရကျော်ထင်နှင့်အတူ ကျွန်တော်လည်း လိုက်ပါရစမြဲဖြစ်တာကြောင့် ဗိုလ်ချုပ်ကြီးထံမှ တွေးခေါ်မြော်မြင်မှု၊ တိုင်းပြည်နှင့် တပ်မတော်အပေါ် သစ္စာရှိမှု၊ ရဲဘော်ရဲဘက်စိတ်ရှိမှု၊ စိတ်ထားမြင့်မြတ်မှုစသည့် စံနမူနာယူစရာပညာများ ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဒါကြောင့်လည်း ကျွန်တော်၏ ဖခင်သဖွယ်လက်ဦးဆရာများအဖြစ် ဥက္ကဋ္ဌကြီးဦးနေဝင်းနှင့် ဗိုလ်ချုပ်ကြီး သူရကျော်ထင်တို့ကို မှတ်ယူခဲ့ခြင်းဖြစ်ပါသည်။

ဂျိုနီဗာမြို့ ကုလသမဂ္ဂအဆောက်အဦးရှေ့တွင် ဦးလေးမောင်၊ ဦးခင်အောင်ကြည်
ဦးဆုံးကြည်၊ ဦးသောင်းတင်၊ ဦးတင်ထွန်း၊ ဦးမြသန်း တို့နှင့်အတူ
ဗိုလ်မှူးကြီးခင်ညွှန့်ကို တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၄ ခုနှစ်၊ လွတ်လပ်ရေးနေ့ ညစာစားပွဲ အခမ်းအနားတွင်
ဥက္ကဋ္ဌကြီး ဦးနေဝင်းက သံတမန်များအား နှုတ်ဆက်စဉ်



၁၉၈၅ ခုနှစ်အတွင်းက ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့်အတူ
တရုတ်ပြည်ခရီးစဉ်သို့ ဖိုလ်ချုပ်ကြီး သူရကျော်ထင်၊ ဦးလေးမောင်တို့နှင့်အတူ
လိုက်ပါသွားစဉ်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၁

အတွင်းရေးမှူး (၁)၏ လက်တွေ့တာဝန်နှင့် လုပ်ပိုင်ခွင့်များ

ပွင့်လင်းမှုနှင့် ရိုးသားဖြူစင်မှုသည် လူသားတို့အတွက် ကောင်းမွန်သော အရည်အချင်းဖြစ်၏။ လူသူတော်ကောင်းတို့အတွက် ဤအရည်အချင်းများသည် မရှိမဖြစ် အလိုအပ်ဆုံးဖြစ်ပါ၏။ နိုင်ငံတော်တွင် ဦးဆောင်ဦးရွက်ပြုသူများ၊ ပြည်သူ၏အကျိုးစီးပွားကို အလေးထားဆောင်ရွက်နေကြရသူများအတွက် လည်း အလိုအပ်ဆုံး အရည်အချင်းများပင် ဖြစ်သည်ဟု ရှုမြင်ထားပါသည်။

လျှို့ဝှက်ရသည့်ကိစ္စများပေါ်ပေါက်တတ်

သို့သော် နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ အထူးလျှို့ဝှက်ထားအပ်သည့် အကြောင်းချင်းရာများသည် ရံဖန်ရံခါပေါ်ပေါက်တတ်ပါ၏။ နိုင်ငံတော်၏ လုံခြုံရေး၊ ပြည်သူများ၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် အချိန်ကာလကန့်သတ်ချက်ဖြင့် လျှို့ဝှက်ဆောင်ရွက်ရသည့်အခါများလည်းရှိတတ်ပါ၏။ တစ်ချို့ကိစ္စရပ်များတွင် သီးခြားတာဝန်ပေးအပ်မှုများ၊ သီးသန့်တာဝန်ထမ်းရွက်ရမှုများတွင် ထိုတာဝန်မပြီးမချင်း အကန့်စနစ်ဖြင့် တာဝန်ထမ်းဆောင်ရမှုများလည်း ရှိတတ်ပါသည်။ ထိုသို့သော ကိစ္စရပ်မျိုးတွင် လုံခြုံရေးတာဝန်ထမ်းရွက်ကြရသူများအတွက် ဆောင်ရွက်လေ့ဆောင်ရွက်ထရှိတတ်သည်။ တချို့နေရာများတွင်

www.burmeseclassic.com

www.burmeseclassic.com

မလိုအပ်ပဲ အကန့်စနစ်ကျင့်သုံးပါက လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု အခက်အခဲများနှင့်ကြုံတွေ့ရမှုများရှိတတ်ပါသည်။

မိမိတို့၏ ထောက်လှမ်းရေးတာဝန်ထမ်းရွက်နေကြရသည့် ထောက်လှမ်းရေးအဖွဲ့အစည်းအတွင်းမှာတော့ ရံဖန်ရံခါအကန့်စနစ်ဖြင့် ကျင့်သုံးဆောင်ရွက်ရမှုများ ဖြစ်လေ့ဖြစ်ထရှိပါသည်။ သို့သော်ကာလတစ်ခုရောက်လျှင် ပွင့်လင်းမြင်သာမှုရှိအောင် ထုတ်ဖော်ပြသရလေ့ရှိပါသည်။ အထူးသဖြင့် ကာကွယ်ရေးဝန်ကြီးဌာနနှင့်ပြည်ထဲရေးဝန်ကြီးဌာနတို့တွင် လျှို့ဝှက်ဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များ ထမ်းရွက်ရလေ့ရှိပါသည်။ ကျန်ဝန်ကြီးဌာနအသီးသီးမှာတော့ အကန့်စနစ်ဖြင့် လျှို့ဝှက်ဆောင်ရွက်ရသည့် ကိစ္စရပ်မျိုး အလွန်ရှိခဲလှပါသည်။ ရှိလာလျှင်လည်း ကာလတစ်ခုအနေဖြင့်သာ ဆောင်ရွက်လေ့ဆောင်ရွက်ထရှိတတ်ပါသည်။

လိုအပ်ချက် ပေါင်းစပ်ပေး

ယခုတင်ပြလိုသည်ကတော့ ကျွန်တော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရအဖွဲ့တွင်သော်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီအစိုးရအဖွဲ့တွင်သော်လည်းကောင်း အတွင်းရေးမှူး (၁) တာဝန်ကိုတောက်လျှောက်တာဝန်ယူထမ်းရွက်ခဲ့ရပါသည်။ ကျွန်တော့်အတွက် အစိုးရအဖွဲ့အတွင်းမှာ အထူးလျှို့ဝှက်ချက်ဆိုတာ မရှိသင့်ဟုယူဆပါသည်။ အတွင်းရေးမှူး (၁) သည် အစိုးရဌာနအသီးသီး၏ကိုယ်စား တာဝန်ခံလျက် ဥက္ကဋ္ဌတို့ထံ ရိုးသားပွင့်လင်းစွာတင်ပြပါ၏။ ဝန်ကြီးဌာနအသီးသီးသို့လည်း လိုအပ်သော ကူညီပံ့ပိုးမှုများပြုလုပ်ပေးရတတ်ပါ၏။ ဝန်ကြီးဌာတစ်ခုနှင့်တစ်ခုသော်လည်းကောင်း၊ ဝန်ကြီးဌာနအများစုကိုသော်လည်းကောင်း လုပ်ငန်းလိုအပ်ချက်အရ ညှိနှိုင်းပေါင်းစပ်မှုပြုလုပ်ပေးရပါ၏။

ထိုသို့ညှိနှိုင်းပေါင်းစပ်မှုပေးနိုင်မရသည့် ဝန်ကြီးဌာနများ၊ ညှိနှိုင်းပေါင်းစပ်ခွင့်မရသည့် ဝန်ကြီးဌာနများလည်း ရှိခဲ့ပါသည်။ အမှန်အားဖြင့်တော့ ပွင့်လင်းမြင်သာမှုမရှိခြင်းဟုမှတ်ယူ၍ ရပါသည်။ ဒါကတော့ အတွင်းရေးမှူး (၁) ကို

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ အတွင်းရေးမှူး(၂)၊ ဗိုလ်ချုပ်ကြီးမောင်အေး၊ အတွင်းရေးမှူး(၁)

အသိပေးရန်မလို၊ တင်ပြရန်မလိုအပ်ဟု ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့က ကန့်သတ်ထားခြင်းလော၊ သို့မဟုတ် ဝန်ကြီးများကိုယ်တိုင်က ဆန္ဒမရှိ၍ အသိမပေးခြင်းလော ဆိုတာကို ဝေခွဲ၍မရနိုင်ပါ၊ ကာယကံရှင်များကိုယ်တိုင်သာလျှင် အသိဆုံးဖြစ်ပါလိမ့်မည်၊ ဥပမာအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၏ အကြောင်းအရာကိစ္စရပ်များ၊ ဤဝန်ကြီးဌာန၏ ကိစ္စရပ်မှန်သမျှသည် အတွင်းရေးမှူး ၁ သိရန်မလိုအပ်ပါ၊ သိလည်းမသိသင့်ပါ၊ ဒါကသဘာဝကျပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ စက်မှု(၁)၊ (၂) ဝန်ကြီးဌာနသစ်တောရေးရာဝန်ကြီးဌာနတို့သည် လုပ်ငန်းသဘောအရ ကျွန်တော်နှင့်ဆက်သွယ်ဆက်ဆံမှုမရှိကြပါ၊ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့က တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနများဖြစ်ကြ ပါသည်။ သို့သော်လည်း သူတို့ဝန်ကြီးဌာနအတွင်းအခက်အခဲတစ်ခုကြုံ၍ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ကို တင်ပြရန် ခေါ်ခဲနေလျှင်တော့ ကျွန်တော့်ထံ အကူအညီလာတောင်းတတ်ပါသည်။ ထိုအခါမျိုးတွင် ကျွန်တော့်အနေနှင့် ထိုအခက်အခဲကို ဝင်ရောက်ကူညီ ဖြေရှင်းပေးမှုများလည်း ရှိတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အများသိကြတာက

နိုင်ငံတော်အတွင်း ပြည်သူ့အများသိရှိနေကြသည်များကတော့ အတွင်းရေးမှူး(၁) သည် နိုင်ငံတော်မှာ ကြိုးကိုင်ခြယ်လှယ်နေသူ၊ အာဏာထက်မြက်သူဟုသာ ထင်မြင်ယူဆနေကြပါသည်။ အမှန်အားဖြင့်တော့ အာဏာထက်မြက်သူ၊ ကြိုးကိုင်ခြယ်လှယ်နေသူမဟုတ်ပါ၊ အတွင်းရေးမှူး (၁)သည် နိုင်ငံတော်အစိုးရပေါ်လစီကို အကောင်အထည်ဖော်ပေးရသူ၊ ပြဿနာပေါင်းစုံကို ခေါင်းခံတာဝန်ယူဖြေရှင်းဆောင်ရွက်ပေးရသူသာဖြစ်ပါသည်။ အကန့်စနစ်ဖြင့် ဆောင်ရွက်နေကြသော ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို မသိရှိခဲ့ရိုးအမှန်ပင် ဖြစ်ပါသည်။

ဝန်ကြီးချုပ်တာဝန် အပေးခံရသော်လည်း

၂၀၀၃ ခုနှစ်က ဝန်ကြီးချုပ်တာဝန်ပေးအပ်ခံရသော်လည်း ဝန်ကြီးဌာနအားလုံး၏ လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရခြင်းမဟုတ်ပါ၊ အတွင်းရေးမှူး (၁) တာဝန်ယူသည့်ကာလကကဲ့သို့ပင် ထူးခြားပြောင်းလဲထမ်းရွက်ရမှုမျိုးမရှိခဲ့ပါ။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ဆောင်ရွက်နေသည့်လုပ်ငန်းရပ်များကို မသိရှိရိုးအမှန်ပင်ဖြစ်ပါသည်။ သို့သော် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ တည်ဆောက်မှုကိုတော့ မြို့နှင့်မည်မျှအကွာအဝေးတွင် တည်ဆောက်ရမည်ဆိုသည့် ညွှန်ကြားချက်ဖြင့် တာဝန်ယူတည်ဆောက်ပေးရမှုတော့ ရှိပါသည်။

ပညာတော်သင် စေလွှတ်ရေး

ကြံ့ကြိုက်တုန်း ဆက်လက်တင်ပြရမည်ဆိုလျှင် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် အတွင်းရေးမှူး(၁) တိုက်ရိုက် တာဝန်ခံဆောင်ရွက်ရတာဖြစ်ပါသည်။ ပညာရေးကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေး ကော်မတီဥက္ကဋ္ဌတာဝန်များကို အတွင်းရေးမှူး (၁)က တာဝန်ယူထားရသဖြင့် တာဝန်အရှိဆုံးဟုမှတ်ယူ၍ရပါသည်။ သို့သော် ပညာရေးပြုပြင်ပြောင်းလဲမှုများ၊ ကျန်းမာရေးဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် မတ် (၈) ရက်က ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒုလျာဒက်(ဂျ)အား ဒူးဆစ်နန်းတော်၌ တွေ့ဆုံနှုတ်ဆက်စဉ်

တိုးတက်ဖြစ်ထွန်းရေးအတွက် အလွန်လိုအပ်သော ပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းရေး၊ အနောက်တိုင်းဆေးပညာများဆည်းပူးနိုင်ရေးအတွက် ပညာသင်များ စေလွှတ်ရေးတို့တွင် အတွင်းရေးမှူး (၁) အနေနှင့် ဝင်ရောက်စွက်ဖက်ခွင့်မရှိပါ၊ အထက်အကြီးအကဲများက ဝန်ကြီးများကို တိုက်ရိုက်ခေါ်ယူလမ်းညွှန်မှုဖြင့်သာ ဆောင်ရွက်လေ့ရှိပါသည်။ ဝန်ကြီးများက ရိုးသားမှုဖြင့် လာရောက်တင်ပြမှသာ သိရှိနိုင်ခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်အသစ်များတည်ဆောက်ရာတွင်လည်း နေရာရွေးချယ်သတ်မှတ်ရာတွင် မြို့နှင့်မည်မျှအကွာအဝေးတွင် တည်ဆောက်ရမည်ဆိုသည့် လမ်းညွှန်ချက်နှင့်အညီ တည်ဆောက်ရပါသည်။ (တစ်ခါတစ်ရံဒေသ အာဏာပိုင်များသို့ တိုက်ရိုက်လမ်းညွှန်ချက်ပေးထားသည်ကို) အတွင်းရေးမှူး(၁) က သွားရောက်ကြည့်ရှု စစ်ဆေးမှုပြုပြီးနောက် မြေပုံဖြင့်မှတ်သား၍ ပြန်လည် တင်ပြအတည်ပြုချက်ယူရတာမျိုးလည်းရှိခဲ့ပါသည်။

ဤဖြစ်ရပ်များသည် အမှန်များသာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တပ်မတော်အကြီးအကဲ ခေါင်းဆောင်သည်သာ အာဏာပိုင်

တပ်မတော်အစိုးရ လက်ထက်တွင် တပ်မတော်၏အကြီးအကဲ ခေါင်းဆောင်သည်သာ အာဏာပိုင်ဖြစ်သဖြင့် ခေါင်းဆောင်၏ အဆုံးအဖြတ်သည်သာ အတည်ဖြစ်ပါသည်။ ဤသည်မှာ တပ်မတော်၏ အစဉ်အအလာဖြစ်သဖြင့် ဤအစဉ်အလာနှင့်အညီ လိုက်နာကျင့်သုံးရစမြဲ ဖြစ်ပါသည်။ သို့သော် တာဝန်ခံရမည့်ကိစ္စရပ်မျိုးကြုံလာလျှင်တော့ အစိုးရအဖွဲ့တွင် ပါဝင်ကြသည့်ပုဂ္ဂိုလ်များ အားလုံးမှာ တာဝန်ရှိကြပါသည်။ အားလုံးတွင် တာဝန်ရှိကြသည်ဟု ခံယူကြရမှာ ဖြစ်ပါသည်။ ဒါကတော့အစိုးရအဖွဲ့တွင် ပါဝင်ကြသူအားလုံး ခံယူထားကြရမည့် အစဉ်အလာသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် လူကြီးသူမများ

အခန်း	အကြောင်းအရာ
၁၂။	ဉက္ကဋ္ဌကြီးဦးနေဝင်း
၁၃။	ကျွန်တော်နှင့် ဗိုလ်ချုပ်မှူးကြီးစောမောင်
၁၄။	ကျွန်တော်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
၁၅။	ကျွန်တော်နှင့် ဒေါ်အောင်ဆန်းစုကြည်
၁၆။	ကျွန်တော်နှင့် သမ္မတကြီး ဦးစန်းယု
၁၇။	ကျွန်တော်နှင့် သမ္မတကြီး ဦးစိန်လွင်
၁၈။	ကျွန်တော်နှင့် သမ္မတကြီး ဒေါက်တာမောင်မောင်
၁၉။	ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးသူရကျော်ထင်
၂၀။	ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးထွန်းရီ
၂၁။	ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးအေးကို
၂၂။	ကျွန်တော်နှင့် ဗိုလ်ချုပ်လှဦး
၂၃။	ကျွန်တော်နှင့် ဗိုလ်ချုပ်သန်းတင်
၂၄။	ကျွန်တော်နှင့် ကျွန်တော့်ဆရာဗိုလ်ချုပ်တင့်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၂

ဥက္ကဋ္ဌကြီးဦးနေဝင်း

ဥက္ကဋ္ဌကြီးဦးနေဝင်းသည် မြန်မာ့သမိုင်းတွင် ဗိုလ်ရှမောင်ဘဝဖြင့် စတင်ခဲ့တာဖြစ်သည်။ ဗိုလ်တေဇနှင့် ဗိုလ်ရှမောင်တို့သည် ကိုလိုနီနယ်ချဲ့တို့၏ သွေးစုပ်ချယ်လှယ်မှုအမျိုးမျိုးတို့ဖြင့် မြန်မာလူမျိုးများအပေါ် နှိပ်စက်အမြတ်ထုတ်နေမှုတို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေးအတွက် ဂျပန်နိုင်ငံသို့ စစ်ပညာသင်ယူရန် လျှိုဝှက်ထွက်ခွာကြပြီး စစ်ပညာအတူသင်ယူခဲ့ကြသော ရဲဘော်သုံးကျိပ်ဝင်များ ဖြစ်ကြပါသည်။ ဂျပန်၏နှိပ်စက်ညှင်းပမ်းမှုများကို ပြည်သူ့အများခံစားနေကြရသည်ကို မကြည့်ရက်၊ မမြင်ရက်၍ ဂျပန်တော်လှန်ရေးကာလမှာလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မှူးကြီးနေဝင်းတို့သည် တာဝန်အသီးသီးခွဲဝေယူကြကာ ဂျပန်ကို တော်လှန်တိုက်ခိုက်ခဲ့ကြရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အယုံကြည်ရဆုံး အနီးကပ် ရဲဘော်ရဲဘက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူသည် ဗိုလ်ရှမောင်ပင်ဖြစ်ပါသည်။

ထို့ကြောင့် ဗိုလ်မှူးကြီးနေဝင်းသည် တိုင်းပြည် လွတ်လပ်ရေးရအောင် ကြိုးပမ်းပေးခဲ့သူ၊ ပြည်သူတို့၏ဘဝကိုနားလည်ကာ ဂျပန်လက်အောက်မှ ကယ်တင်ပေးခဲ့သူဟု မြင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ရှမောင်

လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းစစ်ဖြစ်လာပြန်တော့လည်း တပ်မတော်၏ ခေါင်းဆောင်တစ်ယောက်အနေနှင့် ရန်ကုန်ကွက်ကွက်သာ အစိုးရ၏ အာဏာရှိတော့သည့်အချိန်မျိုးတွင် သောင်းကျန်းသူများလက်အောက်မှ လွတ်မြောက်အောင် အစိုးရအတွက် ရွပ်ရွပ်ချွန်ချွန်ဆောင်ရွက်ပေးခဲ့သူသည် ဗိုလ်ရှမောင်ပင်ဖြစ်ပါသည်။ ထိုသို့သော အကြောင်းကြောင်းကလည်းကောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းကလည်း အထင်အရှားရှိခဲ့တာကြောင့်လည်းကောင်း ဗိုလ်ချုပ်ကြီးနေဝင်းသည် တိုင်းပြည်ကို ကယ်တင်ပေးနိုင်ခဲ့သူဟု မြင်ပါသည်။

နောက်ပိုင်းကာလတွင် နိုင်ငံကြီးတစ်နိုင်ငံ၏ အားပေးထောက်ပံ့မှုဖြင့် စစ်ရေးအရှိန်ကိုမြှင့်တင်ကာ မိမိပါတီ အာဏာရရှိရေးအတွက် ကြိုးပမ်းခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီ၏ အန္တရာယ်မှလည်း လွတ်မြောက်အောင် ဦးဆောင်

www.burmeseclassic.com

www.burmeseclassic.com

ဦးရွက်ပြုခဲ့သည့်ခေါင်းဆောင်လည်းဖြစ်သောကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းသို့မဟုတ် ဥက္ကဋ္ဌကြီးဦးနေဝင်းသည် တိုင်းပြည်အတွက် မမေ့ကောင်းသော ကျေးဇူးရှင်ပုဂ္ဂိုလ်တစ်ဦးဟုလည်း မြင်ပါသည်။

တိုင်းပြည်အပေါ် သစ္စာမဖောက်

၁၉၈၃ ခုနှစ်နောက်ပိုင်း ကျွန်တော်အနီးကပ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တိုင်းပြည်အပေါ်သစ္စာမဖောက်၊ ပြည်သူအပေါ်သစ္စာမဖောက်ပဲ ခေါင်းဆောင်ကောင်းတစ်ယောက်အနေဖြင့် တိုင်းပြည်ကို ဦးဆောင်ဦးရွက်ပြုခဲ့သူ ဖြစ်ပါသည်။

ခေါင်းဆောင်ဆိုသည်မှာ တစ်ခါတစ်ရံအမှားအယွင်းတော့ ရှိတတ်ပါသည်။ မှားယွင်းသောအကွက်ကိုသာမြင်ပြီး ကောင်းခဲ့သောအကွက်အားလုံးကို မေ့ပျောက်ပစ်၍လည်း မဖြစ်ကောင်းဘူးဟူ၍ ထင်ပါသည်။

ဆင်းရဲမွဲတေမှု တစ်ခုတည်းဖြင့်

တိုင်းပြည်ဆင်းရဲမွဲတေမှု အကြောင်းပြချက် တစ်ချက်တည်းနှင့်တော့ အပြစ်ဖို့မည်ဆိုလျှင်တော့ မမှန်ကန်နိုင်ပါ။ စီးပွားရေးပေါ်လစီအားနည်းတာရယ်၊ လုပ်ဖော်ကိုင်ဖက်တွေ၏ အကောင်အထည်ဖော်မှုအားနည်းတာရယ်၊ နိုင်ငံကြီးများ၏ အကောက်ကြံ့လုပ်ဆောင်မှုများကြောင့်ရယ်ဆိုတာကိုတော့ ထည့်တွက်ရပါမည်။ တစ်ချို့ကျတော့လည်း ဂယနဏမသိပဲနှင့် ရမ်းသမ်းစွပ်စွဲမှုဖြင့် နာမည်ပျက်ရတာမျိုးလည်း ရှိနိုင်ပါသည်။

ကျွန်တော် နိုင်ငံခြားတိုင်းပြည်များသို့ အတူလိုက်ပါသွားခဲ့ရာတွင် ဆွစ်ဇာလန်နိုင်ငံတွင် ကိုယ်ပိုင် Account ရှိသည်ဆိုသည့် စွပ်စွဲချက်မှာ မမှန်ကန်ဟုမြင်ပါသည်။ နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသားများနှင့် ဆက်ဆံနေထိုင်မှုတို့မှာ လူကြီးလူကောင်းဆန်စွာ၊ နိုင်ငံခေါင်းဆောင်ကောင်း တစ်ယောက်ပီသစွာ နေထိုင်၊ ကျင့်ကြံ၊ ဆက်ဆံမှုကို အနီးကပ်လေ့လာခွင့် ရခဲ့ပါသည်။ နိုင်ငံခြားသားများအထင်ကြီးအောင် နေထိုင်ဆက်ဆံ၊ ကျင့်ကြံမှုကို

www.burmeseclassic.com

www.burmeseclassic.com

တွေ့မြင်နေရပါသည်။ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းမှုကိစ္စကိုသာ အမြဲစဉ်းစားဆောင်ရွက်နေသူ၊ ဆောင်ရွက်တတ်သူ ခေါင်းဆောင်ကောင်းဟု မြင်ပါသည်။ တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုရသည်မှာ အလွန်မလွယ်လှပါ၊ အပြစ်ရှာလျှင်တော့တွေ့နေမှာပါပဲ၊ ကောင်းခဲ့တာတွေနှင့် ချိန်ထိုးစဉ်းစားကြည့်မည့် ဆိုလျှင်တော့ ဝေဖန်မှု၊ သုံးသပ်မှုသည် အမှားအယွင်းနည်းမည်ဟုပြောချင်ပါသည်။

ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီးတဲ့

ကျွန်တော်အတွင်းရေးမှူး(၁)ဘဝဖြင့် တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံများသို့ရောက်ရှိစဉ် ထိုနိုင်ငံမှခေါင်းဆောင်များက ဗိုလ်ချုပ်ကြီးနေဝင်းကျန်းမာရဲ့လား၊ နေရေးထိုင်ရေး အဆင်ပြေရဲ့လား၊ ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီးပဲ၊ စောင့်ရှောက်ပေးပါဟု ပြောကြားတာကို ကြုံခဲ့ရပါသည်။ ဒါကိုကြည့်ခြင်းအားဖြင့် နိုင်ငံတကာဆက်ဆံရေးမှာ အလွန်ကောင်းမွန်ခဲ့သည်၊ ထူးခြားမှုရှိခဲ့သည်ဟူ၍ ထင်မြင်ယူဆနိုင်ပါသည်။

ဥက္ကဋ္ဌကြီးဦးနေဝင်းသည် သူ့ခေတ်သူ့ကာလက အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများနှင့်လည်းကောင်း ဆက်ဆံရာတွင် ခေါင်းဆောင်အချင်းချင်းရင်းနှီးချစ်ခင်ကြောင်း၊ တရုတ်ပြည်၊ အိန္ဒိယပြည်၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူ၊ မလေးရှားနိုင်ငံစသည့် နိုင်ငံများနှင့် ခေါင်းဆောင်အချင်းချင်း ဆက်ဆံမှု၊ ဝင့်ဆံ့မှုရှိကြောင်း၊ တန်းတူရည်တူအရအမြင်ချင်းဖလှယ်သောအဆင့်ရှိကြောင်းသိရသည်။

ထိုင်းနိုင်ငံနှင့် ဆက်ဆံရေး

ထိုင်းနိုင်ငံနှင့် ဆက်ဆံရေးကို အလွန်အလေးထားသည့် ခေါင်းဆောင်ဖြစ်သည်။ တစ်ချိန်က ထိုင်းနိုင်ငံဘုရင့်သမီးတော်ကို မြန်မာနိုင်ငံမှ ဒုတိယဝန်ကြီးအဆင့်ရှိသူမှ ဖိတ်ကြားခဲ့ခြင်းနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ကြီးမားသောအခက်အခဲနှင့်ရင်ဆိုင်ခဲ့ရကြောင်း၊ ထိုင်းနိုင်ငံတွင် ဘုရင်မ၏ မိသားစုသည် အစိုးရအဖွဲ့၏ အထက်တွင်ရှိသဖြင့် ဘုရင်ထံမတင်ပြရဲမှုမရှိနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာသံအမတ်ကြီးက ဥက္ကဋ္ဌကြီးရုံးသို့တင်ပြလိုက်သဖြင့် ဥက္ကဋ္ဌကြီးဦးနေဝင်းက သမီးတော်သီရိခုံကို သူ၏ဧည့်သည်အဖြစ်ဖိတ်ကြားခဲ့ပါသည်။

နောက်ဖြစ်စဉ်တစ်ခုက ထိုင်းဘုရင်၏ နှစ် ၆၀ ပြည့်မွေးနေ့တုန်းက ဥက္ကဋ္ဌကြီး ဦးနေဝင်းကိုယ်တိုင် ဘန်ကောက်သို့နေ့ချင်းပြန်သွားရောက်ကာ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ကို ပင့်ဆောင်သွားပြီး မွေးနေ့လက်ဆောင်အဖြစ်သွားရောက်ပို့ခဲ့ပါသည်။

အင်ဒီရာဂန္ဓီ လုပ်ကြံခံရသည်

အိန္ဒိယနိုင်ငံမှ ဝန်ကြီးချုပ်အင်ဒီရာဂန္ဓီလုပ်ကြံခံရစဉ်တုန်းကလည်း နယူးဒေလီသို့ချက်ချင်းသွားရောက်ကာ သားဖြစ်သူရာဂျစ်ဂန္ဓီထံ ဝမ်းနည်းကြောင်းသွားရောက်နှစ်သိမ့်ခဲ့ပါသည်။ ဤဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရေးကို အလွန်အလေးထား ဆောင်ရွက်လေ့ရှိကြောင်း၊ Protocol အရ မကြည့်ပဲ ခင်မင်ရင်းနှီးမှုနှင့် နှစ်နိုင်ငံရေရှည်ဆက်ဆံမှုကို ရည်မျှော်ဖော်ညွှန်းသောအလေ့အထများကို ဆောင်ရွက်လေ့ရှိကြောင်း လေ့လာမှတ်ထားမိပါသည်။

တရုတ်နိုင်ငံနှင့် ဆက်ဆံရေး

တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတွင်လည်း မှတ်သားစရာကောင်းသော ဖြစ်ရပ်တစ်ခုကိုကြားခဲ့ရဖူးပါသည်။ ၁၉၆၇ ခုနှစ် ဇူလိုင်လတွင် မော်စီတုံးအရေးအခင်းဖြစ်ပြီးနောက်မြန်မာ-တရုတ်ဆက်ဆံရေး ပျက်ပြားနေချိန်ဖြစ်သဖြင့် သံအမတ်များကို ပြန်လည်ခေါ်ယူကြကာ သံရုံးယာယီတာဝန်ခံအနေဖြင့်သာ ထားရှိခဲ့ကြသည်။ သို့သော် မြန်မာနိုင်ငံဘက်မှ သံအမတ်အဆင့်ပြန်လည်မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းနေသည့်ကာလဟုဆိုနိုင်သည်။ ၁၉၇၀ ပြည့်နှစ်ကာလ သံရုံးယာယီတာဝန်ခံမှာ ဗိုလ်မှူးဘသော်(ရေ)ဖြစ်ပြီး သံအမတ်အဆင့်ပြန်လည်ဖြစ်ထွန်းရေးအတွက်လည်း ရည်မှန်းချက်တာဝန်ပေးထားသည်ဟုသိရသည်။

၁၉၇၀ ပြည့်နှစ် ဘေဂျင်းမြို့၌ ပြုလုပ်သောအယ်လ်ဘေးနီးယား

www.burmeseclassic.com

www.burmeseclassic.com

လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း

လွတ်မြောက်ရေးနေ့ အခမ်းအနားတွင် တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းတက်ရောက် အားပေးစဉ် မြန်မာသံရုံးယာယီတာဝန်ခံဗိုလ်မှူးဘသော်ကို နှုတ်ဆက်ပြီးနောက် ဗိုလ်ချုပ်ကြီးနေဝင်း အင်္ဂလန်နိုင်ငံ၌ဆေးဝါးကုသနေသည်ဟု ကြားသိရကြောင်း၊ မိတ်ဟောင်း ဆွေဟောင်းဖြစ်သဖြင့် ဗိုလ်ချုပ်ကြီးနေဝင်း ကျန်းမာရေးကောင်းမွန်စေရန် 'ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားပေးပါဟုမှာကြားသွားခြင်းကို နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ဗိုလ်မှူးဘသော်က ချက်ချင်းအစီရင်ခံခဲ့သည်ဟု သိရသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အင်္ဂလန်နိုင်ငံတွင် ဆေးကုသမှုခံယူနေသော ဗိုလ်ချုပ်ကြီးနေဝင်းထံ ဆက်လက်တင်ပြခဲ့သည်ဟုသိရသည်။ အဲဒီကာလက အင်္ဂလန်နိုင်ငံတွင် မြန်မာသံအမတ်ကြီး ဦးချစ်မြိုင်ဖြစ်ရာ သံအမတ်ကြီး ဦးချစ်မြိုင်အနေနှင့် ဗိုလ်ချုပ်ကြီးနေဝင်း မှာကြားချက်ကို တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းထံ ပေးပို့ရမှာဖြစ်သဖြင့် သံအမတ်ကြီးက တရုတ်သံရုံးယာယီတာဝန်ခံထံလာရောက်မည်ဖြစ်ကြောင်း ဆက်သွယ်ပြောကြားရာ တရုတ်သံရုံးယာယီတာဝန်ခံက မြန်မာသံအမတ်ကြီးထံ သူပဲလာတွေ့မည် ဖြစ်ကြောင်း ပြောကြားကာ မြန်မာသံရုံးသို့ လာရောက်တွေ့ဆုံကြောင်း သိရသည်။ ဒီသို့လာရောက်တွေ့ဆုံစဉ် ဗိုလ်ချုပ်ကြီးနေဝင်း၏ မှာကြားချက်မှာ ဤသို့ဖြစ်သည်-

www.burmeseclassic.com

www.burmeseclassic.com

"တရုတ်ဝန်ကြီးချုပ်ချုအင်လိုင်းအနေနှင့် သူ၏ကျွန်းမာရေးနှင့်ပတ်သက်၍မေးမြန်းသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ သူ၏ကျွန်းမာရေးကောင်းမွန်ပါကြောင်း၊ လုပ်ငန်းတာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ ဝန်ကြီးချုပ်ချုအင်လိုင်းနှင့်အတူ မြန်မာ-တရုတ်ဆက်ဆံရေး ပြန်လည်ပုံမှန်ဖြစ်ရေးအတွက် လုပ်ဆောင်နိုင်လိမ့်မည်ဟုယုံကြည်ပါကြောင်း" စသည်ဖြင့် ဗိုလ်ချုပ်ကြီးနေဝင်း၏ မှာကြားချက်ကို သံအမတ်ကြီးက တရုတ်နိုင်ငံသံရုံးယာယီတာဝန်ခံသို့ ရှင်းလင်းပြောကြားခဲ့သည်ဟုသိရသည်။

ဤဖြစ်စဉ်သည် အရေးကြီးသော သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်သည်။ မော်စီတုံးအရေးအခင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားနေချိန်မှာ ဆက်ဆံရေးပြန်လည်ကောင်းမွန်အောင်ဆောင်ရွက်ရေးသည် ခေါင်းဆောင်တိုင်း၏ တာဝန်ဖြစ်သည်။ ဤကဲ့သို့ နှစ်ဖက်ခေါင်းဆောင်နှစ်ဦးတို့၏ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ဖြစ်ထွန်းအောင်ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် ၁၉۷၁ ခုနှစ်တွင် ကန်တုန်ကုန်စည်ပြပွဲသို့ မြန်မာကုန်သွယ်ရေးဝန်ကြီးဒေါက်တာမောင်လွင်တက်ရောက်စဉ် ဝန်ကြီးအား ပီကင်းသို့ဖိတ်ခေါ်ပြီး ဝန်ကြီး ချုပ်ချုအင်လိုင်းက လက်ခံတွေ့ဆုံမှု ပြုခဲ့သည်။ ပုံမှန်ဆက်ဆံရေးကို စတင်ခဲ့တာတွေ့ရသည်။ တော်လှန် ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းကိုယ်တိုင် ၁၉۷၂ ခုနှစ် တရုတ်ပြည်သို့ချစ်ကြည်ရေးခရီးသွားရောက်ရာ ဥက္ကဋ္ဌကြီးမော်စီတုံး၊ ဝန်ကြီးချုပ်ချုအင်လိုင်းတို့နှင့် တွေ့ဆုံခဲ့မှုကြောင့် နှစ်နိုင်ငံဆက် ဆံရေး ပြန်လည်ကောင်းမွန်ခဲ့သည်။ ထိုအချိန်တွင် သံအမတ်ကြီးအဆင့်သို့လည်း ပြန်လည်မြှင့်တင်ခန့်အပ် ခဲ့ကြသည်ကိုလည်း သိရှိခဲ့ရပါသည်။

နိုင်ငံတကာဆက်ဆံရေး တန်ဖိုးထားသူ

ဥက္ကဋ္ဌကြီးဦးနေဝင်းသည် ဂျာမနီနိုင်ငံနှင့် ဆွတ်ဇာလန်နိုင်ငံခရီးစဉ်များတွင်လည်း တိုင်းပြည်အတွက် ဆောင်ရွက်ဖွယ်ရာများကို ရင်းနှီးသောမိတ်ဆွေများနှင့် ဆွေးနွေးခြင်း၊ စက်ရုံအလုပ်ရုံများသို့ သွားရောက်လေ့လာခြင်းတို့ကို အခါအားလျော်စွာဆောင်ရွက်ခဲ့သည်များကို တွေ့ကြုံခဲ့ရပါသည်။ ထိုကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အနေနှင့် ဦးနေဝင်းထံမှ နိုင်ငံတကာဆက်ဆံရေးပညာရပ်များ၊ အိမ်နီးနား ချင်းနှင့်ဒေသတွင်း နိုင်ငံခေါင်းဆောင်များနှင့်ဆက်ဆံရေးစသည့် တန်ဖိုးကြီးမား သော ပညာရပ်များကို လေ့လာဆည်းပူးရရှိခဲ့သည်ဟုဆိုလိုခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်ကို ယ်တိုင်အနီးကပ်နေထိုင်ခဲ့ရသည့် ကာလတလျှောက်လုံးတွင် နိုင်ငံတကာဆက်ဆံရေး ပညာရပ်များကို ထူးထူးကဲကဲဆည်းပူးလေ့လာခွင့်ရရှိ ခဲ့ပါသည်။

ကျေးဇူးရှင်ခေါင်းဆောင်တစ်ဦး

ဂျပန်ပြည်တွင် စစ်ပညာသင်ယူပြီး မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ရရှိအောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ စွမ်းစွမ်းတမ်းကြိုးပမ်းဆောင်ရွက်ခဲ့သည့် ရဲဘော်သုံးကျိပ်ဝင် ကျေးဇူးရှင်ခေါင်းဆောင်တစ်ဦးလည်းဖြစ်တာကြောင့် ဤပုဂ္ဂိုလ်ကြီးသည် နိုင်ငံသူနိုင်ငံသားများ၏ ကျေးဇူးရှင်ဆိုလျှင်လည်းမမှားနိုင် ပါကြောင်း ထင်မြင်ပါသည်။ ကျွန်တော်ကတော့ ကျွန်တော်၏ဖခင်သဖွယ်မှတ် ယူထားခဲ့ပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၃

ကျွန်တော်နှင့် ဗိုလ်ချုပ်မှူးကြီးစောမောင်

ကျွန်တော်သည် အရာရှိငယ်ဘဝတွင် ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် အတူတွဲ၍ မိမိ၏အထက်အရာရှိအဖြစ်နှင့် တာဝန်ထမ်းရွက်ခဲ့ရခြင်းမရှိပါ။ ကျွန်တော် ကာကွယ်ရေးဦးစီးချုပ်ရုံးသို့ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်တော့မှ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)အဖြစ်ဖြင့်စတင်၍ အနီးကပ်တာဝန်ထမ်းရွက်ရခြင်းဖြစ်ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သူရကျော်ထင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်သို့ တွဲဖက်အတွင်းရေးမှူးအဖြစ် ပြောင်းရွှေ့သွားတော့မှ ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးစောမောင် တို့သည် နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး အထက်အောက်တာဝန်သိသိဖြင့် ထမ်းရွက်ရင်းဖြင့် ပိုမို၍ ရင်းနှီးမှု၊ ပွင့်လင်းမှု တို့ဖြင့် တာဝန်ထမ်းရွက်ခဲ့ရခြင်း ဖြစ်ပါသည်။

၁၉၈၈ ခုနှစ်ကာလရောက်ရှိပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းပြီး နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို စတင်ထမ်းရွက်သည့်အချိန်တွင် ကျွန်တော်တို့နှစ်ဦး၏ဆက်ဆံရေးမှာ အလွန်ရင်းနှီးပွင့်လင်းမှုရှိသည့်အပြင် မိသားစုအချင်းချင်းမှာလည်း မိဘနှင့်သားသမီးကဲ့သို့ ရင်းနှီးချစ်ခင်မှု၊ ရိုးသား ပွင့်လင်းမှုရှိနေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဥက္ကဋ္ဌကြီးဦးနေဝင်းထံ အတူသွားခဲ့

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့ ညပိုင်းတွင် ဥက္ကဋ္ဌကြီးဦးနေဝင်း၏ နေအိမ်သို့သွားရောက်၍ တိုင်းပြည်၏ဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်ကို သွားရောက်တင်ပြရာတွင် ဗိုလ်ချုပ်ကြီးစောမောင် က ကျွန်တော့်ကို ခေါ်သွားပြီး ဖြစ်ရပ်အခြေအနေများကို အသေးစိတ်တင်ပြစေခဲ့ပါသည်။

အတွင်းရေးမှူး(၂)ရွေးချယ်မှု

စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဥက္ကဋ္ဌကြီး၏ရုံးခန်း၌ အစိုးရအဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးများအား နိုင်ငံတော်အတွင်း ဖြစ်ပျက်နေသည့် ဖြစ်ဝဉ်ဖြစ်ရပ်အမှန်များကိုလည်း ကျွန်တော့်ကိုပင် တင်ပြစေခဲ့ပါသည်။ ထိုနေ့မှာပင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ စတင်ဖွဲ့စည်းရာ ကျွန်တော့်ကိုပင် အတွင်းရေးမှူးတာဝန်ပေးအပ်ရန် အဆိုပြုခဲ့ရာ ကျွန်တော်ကတစ်နိုင်ငံလုံးအတွက် ဘက်စုံထောင့်စုံ တာဝန်ခံဆောင်ရွက်ရမှာဖြစ်သဖြင့် အတွင်းရေးမှူးတစ်ယောက်တည်းနှင့် မနိုင်မနင်းဖြစ်ပါလိမ့်မည်၊ အတွင်းရေးမှူးနှစ်ယောက်တော့လိုအပ်ပါလိမ့်မည်ဟု ကျွန်တော်ကတင်ပြခဲ့ပါသည်။ ထိုအခါ မောင်ရင်နှင့်တွဲဖက်လုပ်ရမှာဖြစ်သဖြင့် မောင်ရင်က အတွင်းရေးမှူး(၁)လုပ်ပါ။ အတွင်းရေးမှူး(၂)အတွက် ရွေးပေးပါဟုဆိုသောအခါ ကျွန်တော်ပင် စစ်ဦးစီး ဗိုလ်မှူးကြီး ဗိုလ်မှူးကြီးတင်ဦးကို အတွင်းရေးမှူး(၂)အဖြစ် အဆိုပြုခဲ့ရာ ကျွန်တော်အဆိုပြုသည့်အတိုင်း အတည်ပြုခဲ့ကြပါသည်။ ဒါတွင်မပြီးသေးပါ၊ စက်တင်ဘာလ ၁၈ ရက်နေ့ နဝတ တာဝန်ယူသည့် အချိန်မှာပဲ လုပ်ငန်းတာဝန်ထမ်းရွက်ရာတွင် ပိုမိုထိရောက်မှု၊ လေးနက်မှုနှင့် တာဝန်ခံမှုခိုင်မာစေရန် ကျွန်တော့်အား ဗိုလ်မှူးချုပ်အဆင့် ချက်ချင်းတိုးမြှင့်ပေးခဲ့ပါသည်။ ကျွန်တော်က ရာထူးအဆင့်ကို တောင်းခံရယူခဲ့ခြင်းမဟုတ်ပါ။

သန်းခေါင်ကျော်ထိ အလုပ်လုပ်

ဗိုလ်ချုပ်မှူးကြီးစောမောင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့စတင်တာဝန်ယူချိန်မှစ၍ အငြိမ်းစားယူရသည့်အချိန်ထိ အလုပ်အလွန်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် ဗိုလ်ချုပ်မှူးကြီးစောမောင်

ကြိုးစားပြီး တိုင်းပြည်အပေါ် စေတနာအပြည့်ထားကာ မအိပ်မနေကြိုးစားခဲ့သူ ဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီးစောမောင်သည် အရေးကြီး အကြောင်းအရာ သတင်းအချက် အလက်များအားလုံးကို သူ့ထံမဖြစ်မနေတင်ပြရပြီး တင်ပြချက်များ ကို အသေးစိတ်ဖတ်ရှုလေ့လာ မှတ်ချက်များအားလုံး ရေးသားလေ့ရှိပါသည်။ ညစဉ်ညတိုင်း သန်းခေါင်ကျော်သည်အထိ အိပ်ရေးပျက်ခံကာ သတင်းများ၊ တင်ပြစာများ ဖတ်လေ့ရှိသဖြင့် ရေရှည်တွင် ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်လာ ပါသည်။

ခရီးစဉ်တွင် မဖြစ်မနေလိုက်ခဲ့ရ

တရုတ်ပြည်ခရီးစဉ်၊ ထိုင်းနိုင်ငံခရီးစဉ်များအပြင် ပြည်တွင်းခရီးစဉ်များ တွင် အတွင်းရေးမှူး(၁)မလိုက်မနေရ အမြဲလိုက်ပါရပြီး အနီးကပ်ကူညီခောင့် ရှောက်မှုလုပ်ငန်းများ၊ ကူညီဖြေရှင်းဆောင်ရွက်ပေးမှုများ ထမ်းရွက်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြည်တွင်းခရီးစဉ်များတွင် ကချင်ပြည်နယ်ခရီးစဉ်နှင့် မန္တလေးတိုင်းခရီးစဉ်များတွင် ကျန်းမာရေးချွတ်ယွင်းမှုများ စတင်ဖြစ်ပေါ်လာပါသည်။

ကျန်းမာရေးချွတ်ယွင်းမှုများ စတင်ဖြစ်ပေါ်လာချိန်မှာ ဗိုလ်ချုပ်မှူးကြီး၏ အနီးကပ် တပည့်များဖြစ်သော ဒုဗိုလ်မှူးကြီးဝင်းမောင်နှင့် ဗိုလ်မှူးခင်မောင်စိုးတို့နှင့် အသေးစိတ်တိုင်ပင်ညှိနှိုင်းကာ ကျန်းမာရေးစောင့်ရှောက်မှုများ အလေးထားဆောင်ရွက်ခဲ့ရပါသည်။ တပ်မတော်ဆရာဝန်များဖြစ်ကြသော ဗိုလ်မှူးကြီးကျော်ဝင်း (နောင်သံအမတ်ကြီး၊ ကွယ်လွန်)နှင့် ဗိုလ်မှူးကြီး ရဲသွေးတို့က အနီးကပ်ဂရုစိုက် ပြုစုကုသမှုများ ပြုလုပ်ပေးကြပါသည်။

သီးသန့်တိုက်ရိုက် တယ်လီဖုန်းတပ်ဆင်ခဲ့

စိတ်အနှောင့်အယှက်ဖြစ်စေသည့် ကျန်းမာရေးချွတ်ယွင်းမှုများ ဖြစ်ပေါ်လာသည်တွင် လူအများကို မယုံကြည်မှုဖြစ်သဖြင့် ကျွန်တော်နှင့် အရေးတကြီး အကြောင်းကိစ္စရပ်များပြောနိုင်ရန် ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်၊ ထိုင်းတပ်မတော်
ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးချောင်ဗာလစ်၏ ဖိတ်ကြားချက်အရ
ထိုင်းလေ့ကျင့်ရေးကျောင်းသို့ သွားရောက်လေ့လာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၂ ခုနှစ်အတွင်း၊ တရုတ်ပြည်သို့ ချစ်ကြည်ရေးခရီး သွားရာတွင်
ဗိုလ်ချုပ်မှူးကြီး စောမောင်က တရုတ်ကာကွယ်ရေးဝန်ကြီးနှင့် မိတ်ဆက်ပေးစဉ်

၈ဝြီ ၂၆ ရက်နေ့က နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီး စောမောင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ရှေ့ပေါ်းပြီး
အမြင်ခွဲမက်စရာကောင်းသော သွေးပြီးပတ္တမြားကို ကြည့်ရှုစစ်ဆေးစဉ်

www.burmeseclassic.com

www.burmeseclassic.com

မျိုးသန့်ကို တာဝန်ပေး၍ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး(၁)တို့ တိုက်ရိုက်ပြောနိုင်သည့် ပြောနိုင်သည့် သီးသန့်တယ်လီဖုန်း လိုင်းဆက်သွယ်ခိုင်းသည်အထိဖြစ်ပေါ်လာပါသည်။ ကျွန်တော့်ကိုတော့ ယုံကြည်မှုအပြည့်ရှိတာကြောင့်လည်း အခြေအနေကောင်းနေသည်ဟု ဆိုနိုင်ပါသည်။

ပစ္စတိုသေနတ် အမြဲကိုင်ထား

ကျွန်တော်နှင့် ဆက်သွယ်ဆက်ဆံမှုသည် ထူးထူးခြားခြားမရှိလှသော်လည်း တခါတရံ တိုင်းမှူးများထံ တိုက်ရိုက်ဆက်သွယ်ပြောဆိုလေ့ရှိသည်ဟု ယင်း၏တပည့်များပြောကြားချက်အရ သိရပါသည်။ ဘာတွေပြောကြသလဲတော့ မသိရပါ။ ပုံမှန်ရုံးတက်သည့်အခါ ယခင်ကလိုမဟုတ်တော့ပဲ ခါးမှာသေနတ်ပါသောခါးပတ်ကို အမြဲပတ်လာပြီး ရုံးခန်းရောက်သည့်အခါ ပစ္စတိုသေနတ်ကို စားပွဲမှာ အမြဲတင်ထားလေ့ရှိသည်ကို ထူးထူးခြားခြားတွေ့ရပါသည်။ ကျွန်တော်နှင့်တွေ့သည့်အခါ ကိုခင်ညွှန့် ဘယ်သူ့ကိုမှမယုံကြည်နဲ့၊ လူတွေက စိတ်မချရဘူး၊ သစ္စာဖောက်တတ်တယ်ဟု မကြာခဏပြောတတ်ပါသည်။

၁၉၉၂ ခုနှစ် မန္တလေးခရီးစဉ် ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့် ဇနီးအပါအဝင်
အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွှန့်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ကျန်းမာရေးအခြေအနေနှင့် ယင်း၏နေ့စဉ်လှုပ်ရှားမှုများကို ဒုတိယဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်ကြီးသန်းရွှေ သို့ နေ့စဉ်တင်ပြခဲ့ရပါသည်။ နောက်ဆုံးတွင် ကျန်းမာရေးအခြေအနေက ပိုမိုယိုယွင်းလာမှုကြောင့် ကျန်းမာရေးအတွက် ဆေးကုသမှုခံယူနိုင်ရန် အငြိမ်းစားပေးရခြင်းဖြစ်ပါသည်။

ခေါင်းဆောင်ကောင်းတစ်ယောက်

ဗိုလ်ချုပ်မှူးကြီးစောမောင်သည် အခြားအဆင့်မှ တဖြည်းဖြည်းတပ်မတော်အတွင်းတွင် ရိုးသားမှုကြီးစားမှုတို့ဖြင့် တပ်မတော်၏ပေးအပ်သည့်တာဝန်များကို ကြိုးစားထမ်းရွက်ခဲ့သူ ဖြစ်ပါသည်။ နောက်ပိုင်းတွင် တပ်မတော်၏အကြီးအကဲ၊ နိုင်ငံတော်၏ အကြီးအကဲတာဝန်အထိ ထမ်းရွက်သွားသူဖြစ်ပါသည်။ အလွန်ရိုးသားပြီး တိုင်းပြည်အပေါ် စေတနာအပြည့်ရှိသူ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၄

ကျွန်တော်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

၁၉၆၆ ခုနှစ်လောက်က ကျွန်တော်က တမခ(၇၇)တပ်မမှူး၏ ကိုယ်ရေးအရာရှိဖြစ်နေသည့်အချိန်မှာ ဗိုလ်မှူးသန်းရွှေသည် အမှတ်(၁၀၁)ခြေမြန်တပ်ရင်းတွင် ဒုတပ်ရင်းမှူးဖြစ်ပါသည်။ ထိုအချိန်ကစတင်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ရင်းနှီးမှုရှိခဲ့ပါသည်။ ၁၉၇၈ ခုနှစ်ထဲမှာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ စစ်ဦးစီးမှူး (ဒုတိယတန်း) ဗိုလ်မှူးဘဝဖြင့် ကျွန်တော်ရောက်စဉ် ကျွန်တော်၏ အထက်အကြီးအကဲစစ်ဦးစီးမှူး(ပထမတန်း)ဒုဗိုလ်မှူးကြီးဘဝဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ပြန်လည်ဆုံကြပါသည်။ ထိုအချိန်ကာလမှာ ကျွန်တော်တို့ အလွန်ရင်းနှီးကြသည်ဟုဆိုနိုင်ပါသည်။ ရုံးတစ်ရုံးဘည်းတွင် အထက်အောက် တာဝန်အသီးသီးထမ်းရွက်ကြရသဖြင့် လေးစားမှု၊ ရင်းနှီးမှုရှိသည့်အပြင် ကိုယ်ရေးကိုယ်တာ ကိစ္စများပင် တိုင်ပင် ဖြစ်ကြပါသည်။

နောင်အနာဂတ်မှာတောင် နီးနီးကပ်ကပ်နေကြရအောင် မရမ်းကုန်းမြို့နယ် ရှစ်မိုင်က အေဝမ်းခြံနောက်မှာ မြေတစ်ကွက်စီတိုင်ပင်ပြီး ပေးဖြစ်ခဲ့ကြသည်။ အဲဒီတုန်းက မြေတစ်ကွက်လုံး ၈၀'×ဖ၀' မှ ၁၂၀၀၀ ကျပ်ပဲပေးရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အင်ဒိုနီးရှားနိုင်ငံသို့
ချစ်ကြည်ရေးခရီးစဉ်အတွင်း ဗောဓေါ ဗုဒ္ဓေါသို့ သွားရောက်ဖူးမျှော်စဉ်

ပြည်သူခံစားချက်များကို ဆွေးနွေးခဲ့ကြသည်

အဲဒီကာလက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရခေတ်ကာလဆိုတော့ အထူးသဖြင့်စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်တွေမှာ ပြည်သူအများခံစားမှုဖြင့်မကျေမနပ်ဖြစ်နေကြသည့်အချိန်ကာလဆိုတော့ ညနေရုံးမဆင်းမီ ကျွန်တော်တို့နှစ်ဦးတည်းရှိနေချိန်မှာ တိုင်းပြည်အရေးဆွေးနွေးနေကျဖြစ်ကြသည်။ အစိုးရပိုင်းတာဝန်ရှိသူအဆင့်ဆင့်က ဘယ်လိုလုပ်ပေးရင်တော့ ကောင်းမှာပဲဆိုသည့် ပြည်သူအများအတွက် ကိုယ်ချင်းစာစိတ်ဖြင့် ဆွေးနွေးနေကျဖြစ်ခဲ့ပါသည်။

တပ်မမှူး ဗိုလ်မှူးကြီးသန်းရွှေ

၁၉၈၂ ခုနှစ်လောက်မှာ ကျွန်တော်က ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အမှတ်(၁)စစ်ဆင်ရေးအထူးအဖွဲ့ရုံးသို့ စစ်ဦးစီးမှူး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီး ဘဝဖြင့် တစ်ကျော့ပြန်ရောက်ရှိလာစဉ် ဗိုလ်မှူးကြီးသန်းရွှေက အမှတ်(၈၈)

www.burmeseclassic.com

www.burmeseclassic.com

ခြေမြန်တပ်မဌာနချုပ်၏ တပ်မမှူးဖြစ်နေပါပြီ။ သို့သော်ကျွန်တော်တို့ ကစထ(၁)၏ ကွပ်ကဲမှုအောက်က ဟပ်မဖြစ်နေတာကြောင့် ကျွန်တော်တို့ အမြဲမပြတ်တွေ့ဆုံမှု၊ ရင်းနှီးမှုဆက်လက်ရှိနေပါသည်။

၁၉၈၄ ခုနှစ် ကျွန်တော်တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဖြစ်လာတော့ ဗိုလ်ချုပ်သန်းရွှေက ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)အဖြစ်ဖြင့် ရောက်ရှိလာခဲ့ပြန် ပါသည်။ အဲဒီအချိန်ကာလက စတင်၍ ၂၀၀၄ ခုနှစ်အထိအတူတွဲလျက် တပ်မတော်၏တာဝန်၊ နိုင်ငံတော်၏ တာဝန်များကို ထမ်းရွက်ခဲ့ကြပါသည်။

အပြန်အလှန်လေးစားမှုရှိ

ကျွန်တော်တို့ အတူတွဲလျက် တပ်မတော်၏တာဝန်၊ နိုင်ငံတော်၏ တာဝန်များကို ထမ်းရွက်ခဲ့ကြသည့် ကာလသည် အလွန်ရှည်လျားသလိုအပြန်

တရုတ်ပြည်သို့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးတို့ ချစ်ကြည်ရေးခရီး သွားရောက်စဉ်၊ အတွင်းရေးမှူး(၁)နှင့် ဇနီးတို့ အပါအဝင် ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်လေ့လာခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်မှူးချုပ်သန်းရွှေ
ဒုတိယကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ဗိုလ်မှူးချုပ်မောင်မောင်ခင်၊
ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဗိုလ်မှူးချုပ်ဖေမြင့်၊ တရုတ်စစ်သံမှူးနှင့်
ဗိုလ်မှူးကြီးခင်ညွန့် (တလရည္ဆန်မှူး)

အလှန်လေးစားချစ်ခင်မှုလည်းရှိကြသည်ဆိုတာ အမှန်တရားပဲဖြစ်ပါသည်။ ကျွန်တော်၏ အထက်အကြီးအကဲလည်းဖြစ်၊ နိုင်ငံတော်၏ ခေါင်းဆောင်လည်းဖြစ်တာကြောင့် ကျွန်တော်သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပေးအပ်သော တာဝန်များကို လေးစားချစ်ခင်မှုဖြင့် ဦးလည်မသုံ့ဖြစ်မြောက်အောင်၊ အကောင်အထည်ပေါ်အောင် ကြိုးစားဆောင်ရွက်ခဲ့တာချည်းပဲဖြစ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးကလည်း ကျွန်တော့်အပေါ်ယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှု ရှိနေသည်ဟု ယုံကြည်ပါသည်။

ဘေးတီးသည့်ပုဂ္ဂိုလ်များ

သို့သော် ကျွန်တော်ကို အရေးယူလိုက်သည်ဆိုရာတွင် ဗိုလ်ချုပ်မှူးကြီး၏ သဘောဆန္ဒတစ်ခုတည်းမဖြစ်နိုင်၊ ယင်း၏ရှိရင်းစွဲသဘောထားကို ယိမ်းယိုင်အောင် ဘေးတီးပေးသည့် ပုဂ္ဂိုလ်များ၊ အရေးယူဖြစ်အောင် ဝိုင်းဝန်းဖန်တီးကြသည့်

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် အတွင်းရေးမှူး(၁)၊ ဝန်ကြီးအဖွဲ့ဝင် ဝန်ကြီးများ ပါဝင်လျက် အင်ဒိုနီးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် တွေ့ရစဉ်

အင်ဒိုနီးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် ဗိုလ်ချုပ်မှူးကြီးမိသားစုနှင့်အတူ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ဖူးမျှော်ဂါရဝပြုစဉ်

www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်များရှိနေသည်ဟု သိရှိရပါသည်။ ဘယ်သူဘယ်ဝါတွေဆိုတာ ကျွန်တော် သိနေပါသည်၊ ဖော်ပြမပြောလိုပါ။ ကာယကံရှင်များကိုယ်တိုင်ကတော့ အသိဆုံး ဖြစ်မှာပါ။ သို့သော်ငြားလည်း မည်သူ့ကိုမှ အပြစ်မပြောလိုပါ။ ပုထုဇဉ် လူသားတိုင်းမှာ ဖြစ်တတ်သည့်သဘောတရားဟုသာ ခံယူလျက်ရှိပါသည်။ အာဃာတစိတ်မရှိပါ၊ ကံ ကံ၏အကြောင်းနှင့်အကျိုးတရားဟုသာ မှတ်ယူလိုက်ပါ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၅

ကျွန်တော်နှင့် ဒေါ်အောင်ဆန်းစုကြည်

ဒေါ်အောင်ဆန်းစုကြည်

ဤရေးသားဖော်ပြချက်များသည် ကျွန်တော်တစ်ဦးတည်း၏ စိတ်ဆန္ဒသဘောထားနှင့်အညီ ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ ယခင်ကာလက၊ ကျွန်တော်တာဝန်ထမ်းဆောင်စဉ် ကာလတုန်းက သတင်းစာရှင်းလင်းပွဲများတွင် ကျွန်တော်ပြောကြားခဲ့သလို ဒေါ်အောင်ဆန်းစုကြည်အပေါ် ညီမတစ်ယောက်လိုသဘောထားသည်ဆိုသည့် စိတ်ထားကတော့ပြောင်းလဲမှုမရှိပါ။ တပ်မတော်၏ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်း၏ သမီးလည်းဖြစ်၊ ဒီမိုကရေစီလူထုခေါင်းဆောင်တစ်ဦးလည်းဖြစ်တာကြောင့် လေးစားမှု၊ ယုံကြည်မှုရှိတာတော့အမှန်ပါပဲ။

ကျွန်တော် နိုင်ငံတော်၏တာဝန်များထမ်းဆောင်စဉ်ကာလ နိုင်ငံတော်အစိုးရ၏ ပေါ်လစီအရ ဆောင်ရွက်ခဲ့ရသည်များ၊ ပြောဆိုဆက်ဆံခဲ့ရသည်များတွင် မိမိ၏စိတ်ဆန္ဒနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ရတာရှိသလို မိမိ၏ စိတ်ဆန္ဒနှင့် မညီသော လုပ်ကိုင်ဆောင်ရွက်ရသည်များလည်းရှိခဲ့ပါသည်။ တနည်းအားဖြင့် မိမိလုပ်ကိုင်ဆောင်ရွက်မှုများတွင် မှန်တာတွေလည်းရှိသလို မှားတာတွေလည်းရှိခဲ့တာ အမှန်ပါပဲဟုသာ ပြောချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အတွင်းရေးမှူး(၁)နှင့် ဦးအောင်ရွှေ

မိခင်ကြီးကွယ်လွန်သည်အထိ ဆက်ဆံရေးကောင်း

ဒေါ်အောင်ဆန်းစုကြည်၏ မိခင်ဒေါ်ခင်ကြည် ကွယ်လွန်သည့်အချိန်က ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ကျွန်တော်တို့ ဒေါ်စု၏နေအိမ်သို့ ရောက်ရှိစဉ်ကရော၊ ရွှေကောက်ပွဲမတိုင်မီနိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပေးထားသည့်ကာလများမှာပါ နှစ်ဖက်ဆက်ဆံရေးဟာ ရိုးသားမှု၊ ပွင့်လင်းမှုရှိခဲ့တာအမှန်ပါပဲ၊ ရွှေကောက်ပွဲကြီးပြီးသည့်ကာလနောက်ပိုင်းကျတော့မှ အကြောင်းကြောင်းတွေကြောင့် နှစ်ဖက်ဆက်ဆံမှုသည် သိသိသာသာပြောင်းလဲမှုတွေ ဖြစ်ပေါ်ခဲ့တာပါ။

နောက်ပိုင်းကျလေ၊ ဆက်ဆံမှုတွေ ပိုတင်းမာလာလေ၊ အချင်းချင်းနားလည်မှုတွေ ပိုလွဲမှားလာကြတာပါပဲ။ ဒီဖြစ်ရပ်တွေကတော့ မြန်မာ့နိုင်ငံရေးသမိုင်းမှာဖြစ်လေ့ဖြစ်ထရှိသည်ဟုမြင်ပါသည်။ ဖဆပလနှင့်ကွန်မြူနစ်ပါတီ ကွဲသလို၊ ကွန်မြူနစ်ပါတီထဲမှာတောင် နှစ်ဖွဲ့ကွဲကြသလို ဖဆပလအတွင်းမှာလည်း အကွဲအပြဲတွေဖြစ်ကြတာသည် မြန်မာ့သမိုင်းမှာရှိခဲ့ဖူးတာပါပဲ။ ဒါပေမဲ့ တင်ဆန်ချိန်မှာ နားလည်မှုရကြလိမ့်မည်ဟု ယုံကြည်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရည်မှန်းချက်တွေလည်း ကောင်းခဲ့

နောက်ပိုင်းမှာ ဗိုလ်ချုပ်မျူးကြီးသန်းရွှေနှင့် ဒေါ်စု အကြိမ်ကြိမ်တွေ့ကြ တုန်းကလည်းအစပိုင်းမှာသဘောထားတွေကောင်းကြပါသည်။ ရည်မှန်းချက် တွေလည်း ကောင်းကြပါသည်။ ပူးပေါင်းလုပ်ကိုင်၍ရသည်ဆိုသည့်အဖြစ်မျိုးထိ ရောက်ခဲ့ပါသည်။ ကျွန်တော်အပါအဝင် NLD က တစ်ခြားခေါင်းဆောင်များပါဝင် ပြီး တွေ့ဆုံကြ၊ ထမင်းအတူတူစားကြတုန်းကလည်း သဘောထားတွေ၊ ရည်မှန်း ချက်တွေ အလွန်တူညီခဲ့ကြပါသည်။ အဲဒီတုန်းကတွေ့ဆုံမှုတွေဟာ ကောင်းသော တွေ့ဆုံမှုတွေပါ။ ဒါပေမဲ့နောက်ပိုင်းမှာ အခြေအနေအကြောင်းကြောင်းတွေကြောင့် အမြင်တွေ၊ သဘောထားတွေ ပြောင်းလဲဖြစ်ပေါ်လာပြီး မဖြစ်သင့်တာတွေ၊ စိတ်မချမ်းမြေ့ဖွယ်ရာတွေ ဖြစ်ခဲ့ကြုံခဲ့ရပြန်ပါသည်။

လျှို့ဝှက်တွေ့ဆုံစေခြင်း

၂၀၀၃ ခုနှစ် အမျိုးသားညီလာခံစတင်တော့မည့် အချိန်ကာလမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလည်များတက်ရောက်နိုင်ရေးအတွက်

ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မျူးကြီးသန်းရွှေ၊ အတွင်းရေးမှူး(၁)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အနေဖြင့် ကြိုးပမ်းခဲ့ပါသည်။ ထူးခြားချက်က ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေကို အသိမပေးပဲ၊ ယင်း၏ခွင့်ပြုချက်ရယူခြင်းမရှိပဲ ပြည်ထဲရေးဝန်ကြီး ဦးတင်လှိုင်နှင့် ကျွန်တော့်ထောက်လှမ်းရေးက ဒုတိယညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကျော်ဝင်း၊ ဗိုလ်မှူးချုပ်သန်းထွန်းတို့ကို ဒေါ်စုနှင့်လှိုဂ်ကတ္တေ့ဆုံစေခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော့်ဆန္ဒကတော့၊ အမျိုးသားညီလာခံမှာ NLD ကိုယ်စားလှယ်တော်များ ပါဝင်တက်ရောက်မှသာ ပြည့်စုံမည်ဟူ၍ ခံယူပြီး အမျိုးသားညီလာခံသို့ NLD ကိုယ်စားလှယ်များ တက်ဖြစ်အောင် ညှိနှိုင်းဆွေးနွေးစေခြင်းဖြစ်သည်။ ကျွန်တော့် အယူအဆကတော့ ဥက္ကဋ္ဌကိုအသိပေးပြီး ခွင့်ပြုချက်ယူမည်ဆိုလျှင် ခွင့်ပြုချက် ရချင်မှရမည်၊ ခွင့်ပြုချက်မရလျှင် အမျိုးသားညီလာခံကို ဝေဖန်မှု အမျိုးမျိုးဖြစ်ပေါ် လာနိုင်သည်ဟူ၍ ခံယူသည့်အတွက် ကျွန်တော့်အနေနှင့်

အတွင်းရေးမှူး(၁)နှင့် ဟံသာဝတီ ဦးဝင်းတင်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပိုင်ဆုံးဖြတ်ချက် ဖြင့် တာဝန်ယူဆောင်ရွက်လိုက်ခြင်းဖြစ်ပါသည်။ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မယူပဲ ကျွန်တော်ဆန္ဒနှင့် လှိုဟုက်တွေ့ဆုံမှုပြုလုပ်လိုက်သည့်အတွက် အစိုးရအဖွဲ့အပေါ်တော့ ကျွန်တော့်အနေနှင့် မှားယွင်းသည့်လုပ်ရပ် လုပ်မိတာတော့ အမှန်ဖြစ်ပါသည်။ ဒါပေမဲ့နိုင်ငံရေးသဘောတရားအရတော့ ကျွန်တော်လုပ်လိုက်တာ မှန်ကောင်းမှန်နိုင်ပါမည်။ ကျွန်တော့်ခံယူချက်ကတော့ ကိုယ့်ကိုယ်ကို တာဝန်ယူလိုက်ခြင်းဖြစ်ပါသည်။ ကျွန်တော်၏စွန့်စားဆောင်ရွက်မှုတစ်ခုကို လုပ်လိုက်ခြင်း ဖြစ်ပါသည်။

သို့သော်ကျွန်တော့်ရည်မှန်းချက်၊ ကျွန်တော့်ရည်ရွယ်ချက် မအောင်မြင်ခဲ့ပါ။ အကျိုးဆက်ကတော့ ကျွန်တော်သည် မိမိအကြီးအကဲ၏အမိန့်ကို မနာခံသူအဖြစ်ရရှိလိုက်ပါသည်။ သို့သော်ကျွန်တော့်လုပ်ဆောင်ချက်ကို ကျွန်တော် ကျေနပ်မိပါသည်။

နိုင်ငံရေးမလုပ်၊ နိုင်ငံကိုတော့ တိုးတက်စေချင်

ကျွန်တော်နိုင်ငံရေးလုပ်မည့်သူမဟုတ်ပါ။ သို့သော်နိုင်ငံတော်ကိုတိုးတက်စေချင်သည်။ ပြည်သူအများ၏လူမှုဘဝတိုးတက်ဖြစ်ထွန်းစေချင်သည်။ ဒါကြောင့် လုပ်သင့်လုပ်ထိုက်တာလုပ်ခဲ့ပါသည်။ နိုင်ငံရေးလုပ်ချင်၍ ဒေါ်စုနှင့်ပူးပေါင်းဆောင်ရွက်ရန် ဤကဲ့သို့လုပ်ခဲ့ခြင်းလည်းမဟုတ်ပါ၊ **ဒေါ်စုနှင့်ပူးပေါင်းဆောင်ရွက်မည်ဟု စိတ်ဆန္ဒလည်း ဘယ်တုန်းကမှမပေါ်ပေါက်ခဲ့ပါ။** တိုင်းပြည်နှင့် ပြည်သူ့ဘဝတိုးတက်ဖြစ်ပေါ်စေလိုသည့် ဆန္ဒသဘောထားတစ်ရပ်သာ ကျွန်တော့်မှာ ထာဝရဖြစ်ထွန်းလျက် ရှိပါသည်။

O

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၆

ကျွန်တော်နှင့် သမ္မတကြီးဦးစန်းယု

သမ္မတကြီးဦးစန်းယု

ကျွန်တော်အရာရှိငယ်ဘဝတွင် ဗိုလ်ချုပ်ကြီးစန်းယုနှင့် နီးနီးကပ်ကပ် တာဝန်ထမ်းဆောင်ရခြင်းမရှိခဲ့ပါ။ တပ်မတော်ထောက်လှမ်းရေးတာဝန် စတင်ထမ်းဆောင်ရသည့်ကာလရောက်မှသာ သမ္မတကြီးနှင့်တွေ့ဆုံရပြီး သမ္မတကြီး၏ လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်ပါသည်။

သမ္မတကြီးအနေနှင့် အလွန်ရိုးသားပြီးစိတ်ကောင်းစေတနာကောင်းထားရှိသည့် ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်တာကြောင့် သမ္မတကြီးထံမှ ရိုးသားဖြောင့်မတ်မှု၊ တိုင်းပြည်အပေါ် စေတနာထားတတ်မှု၊ လက်အောက်ငယ်သားများအပေါ်ညှာတာထောက်ထားတတ်မှုစသည့် အမူအကျင့်ကောင်းများကို အတုယူဖွယ်အဖြစ် ကျွန်တော်ရရှိလိုက်ပါသည်။

သမ္မတကြီးဦးစန်းယုနှင့် ပတ်သက်၍ အထူးတလည်ရေးသားစရာ ကျွန်တော့်တွင် မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၇

ကျွန်တော်နှင့် သမ္မတကြီး ဦးစိန်လွင်

သမ္မတကြီးဦးစိန်လွင်

ကျွန်တော် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တွင် စစ်ဦးစီးမှူး (တတိယတန်း)တာဝန်ထမ်းဆောင်စဉ်ကာလ ၁၉၆၆ ခုနှစ်တွင် ဒုတိယတိုင်းမှူး ဖြစ်သော ဗိုလ်မှူးကြီး စိန်လွင်၏ ဦးစီးအရာရှိအဖြစ် တာဝန်ထမ်းရွက်ခဲ့ပါသည်။ ထိုကာလတုန်းက ဧရာဝတီတိုင်းအတွင်းမှာ ကေအင်ဒီအို လက်နက်ကိုင်အဖွဲ့အစည်းများ၏ စစ်ရေးလှုပ်ရှားမှု ပြင်းထန်နေချိန်လည်း ဖြစ်ပါသည်။ မြောင်းမြေ၊ ဝါးခယ်မဒေသတွင် ကေအင်ဒီအို ကွက်ကော့ခေါင်းဆောင်သောအဖွဲ့က လည်းကောင်း၊ အိမ်မဲ၊ ကျောင်းကုန်းဒေသတွင် ကေအင်ဒီအိုသန်းရှိန် ခေါင်းဆောင်သော အဖွဲ့ကလည်းကောင်း၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူဒေသတွင် ဂါမင်ခေါင်းဆောင်သော ကေအင်ဒီအိုအဖွဲ့ကလည်းကောင်း၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲတွင် ကေအင်ဒီအို ချစ်လေးမောင် ခေါင်းဆောင်သောအဖွဲ့ကလည်းကောင်း၊ ဟသ်ဘတ မြောက်ခြမ်းဒေသတွင် ကေအင်ဒီအို ထူးစော၊ သ[illegible]ဖောတို့ ခေါင်းဆောင်သော ကေအင်ဒီအိုအဖွဲ့များကလည်းကောင်း အစိုးရတပ်စခန်းများကို ဝင်ရောက်တိုက်ခိုက်ခြင်း၊ ချုံခိုတိုက်ခိုက်ခြင်းတို့ ပြုလုပ်လေ့ရှိတာကြောင့် တည်ငြိမ်အေးချမ်းမှုမရှိသော နယ်မြေဒေသများ ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်ကာလ ကားလမ်းများ မရှိသေးပဲ ရေကြောင်းလမ်းခရီးဖြင့်သာ သွားလာကြရသဖြင့်၊ ရေတက်ရေကျ အချိန်တွက်ချက်၍ သွားလာကြရသဖြင့် စစ်ရေးလှုပ်ရှားမှုမှာ အကန့်အသတ်ရှိနေပါသည်။ ဒုတိုင်းမှူး ခရီးစဉ်အသုံးပြုရန် နှစ်ထပ်ရေယာဉ်တစ်စီးပေးထားသဖြင့် နယ်မြေခရီးထွက်ခွာရာတွင်လည်းကောင်း၊ စစ်ဆင်ရေးကွပ်ကဲရာတွင်လည်းကောင်း ထိုနှစ်ထပ်ရေယာဉ်(ရွှေမာလာ)ဖြင့် လှည့်လည်သွားလာမှုပြုလုပ်ရပါသည်။

မှတ်ဉာဏ်ကောင်းသူ

ကျွန်တော်သည် အရာရှိငယ်ဘဝကာလမှာပင် သမ္မတကြီးဖြစ်လာမည့် ဗိုလ်မှူးကြီး စိန်လွင်၏ ကွပ်ကဲမှုအောက်တွင် အနီးကပ်တာဝန်ထမ်းရွက်ခဲ့ရသဖြင့် ရင်းနှီးမှုရှိခဲ့တာ အမှန်ပါပဲ။ ဗိုလ်မှူးကြီးစိန်လွင် ဘဝကပင် မှတ်ဉာဏ်ကောင်းသူ၊ ဖြတ်ထိုးဉာဏ်ကောင်းသူ၊ ဘာသာရေးလိုက်စားသူအဖြစ် သိရှိခဲ့ရပါသည်။ သမ္မတကြီးဖြစ်လာတော့လည်း ယခင်ကာလက ရင်းနှီးစွဲဖြစ်တာကြောင့် လေးစားမှုနှင့် တာဝန်သိမှုတို့ပေါင်းစပ်ကာ အထူးဂရုစိုက်၍ လုံခြုံမှု၊ သစ္စာရှိမှုတို့ဖြင့် တာဝန်ထမ်းရွက်ခဲ့ရပါသည်။

အငြိမ်းစားသမ္မတကြီးဘဝ

သမ္မတကြီး သက်တမ်းသိပ်မကြာလိုက်ပါ။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလအတွင်းမှာ အငြိမ်းစားယူလိုက်ရပါသည်။ အသက်အရွယ်ရလာသည်နှင့်အမျှ ကျွန်းမာရေးထိခိုက်မှုရှိလာသည့်အခါ အငြိမ်းစားသမ္မတကြီးဖြစ်သော်ငြားလည်း စင်ကာပူတွင် ဆေးကုသမှုယူရန် အခက်အခဲရှိလာသဖြင့် ကျွန်တော်ဝန်ကြီးချုပ်တာဝန်ယူစဉ်ကာလမှာ နိုင်ငံတော်၏ အသုံးစရိတ်မသုံးစွဲနိုင်ဖြစ်တာကြောင့် လုပ်ငန်းရှင် တစ်ချို့ထံ အကူအညီတောင်းခံ၍ စင်ကာပူတွင် ဆေးကုသမှုခံယူနိုင်အောင် စီစဉ်ပေးခဲ့ရပါသည်။ သို့သော် ရောဂါဖိစီးမှုဒဏ်ကြောင့် မကြာမီမှာပင် ကွယ်လွန်သွားခဲ့ရှာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သမ္မတကြီး ဦးစိန်လွင်၏မိသားစုကို ကျွန်တော်၏ ပြောင်းလဲ သွားသော အခြေအနေကြောင့် ဆက်လက်၍ မစောင့်ရှောက်နိုင်ခဲ့ပါ။ ဤကဲ့သို့ မစောင့်ရှောက်နိုင်ခဲ့မှုနှင့် ပတ်သက်၍ စိတ်မကောင်းဖြစ်မိတာ အမှန်ပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၈

ကျွန်တော်နှင့် သမ္မတကြီး ဒေါက်တာမောင်မောင်

သမ္မတကြီးဒေါက်တာမောင်မောင်

သမ္မတကြီး ဒေါက်တာမောင်မောင်နှင့် ကျွန်တော်နီးနီးကပ်ကပ်မနေရဘူးပါ။ ဥပဒေရေးရာတွင် အလွန်ကျွမ်းကျင်သော သမာသမတ်ကျပြီး ရိုးသားဖြူစင်သူဖြစ်ကြောင်း၊ လေးစားထိုက်သော ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း သတင်းကြားဖြင့် သိရှိနေပါသည်။ ဥက္ကဋ္ဌကြီး ဦးနေဝင်း၏ ပြည်ပခရီးစဉ်များတွင် နှစ်ကြိမ်ခန့် ကြုံဆုံဖူးပါသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလကျတော့မှ သမ္မတကြီး တာဝန်ယူစဉ်မှာ နီးနီးကပ်ကပ်နေဖူး ကြုံဖူးပါသည်။

ကျောင်းသားများနှင့် တွေ့ဆုံဖို့ အကြံပေး

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ စတင်တာဝန်ယူရတော့မည့်အချိန်ကာလမှာ ကြေညာချက်များထုတ်ပြန်ရာတွင် ဥပဒေနှင့်အညီ နှုတ်တိုက်ပြောကြားချက်များကို ကျွန်တော်က လိုက်ရေးရတော့ ကျွမ်းကျင်မှုကိုပိုပြီး နားလည်သဘောပေါက်မိပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မတိုင်မီ ကာလမှာကျောင်းသားများနှင့်တွေ့ဆုံသင့်ကြောင်း၊ ကျောင်းသားများ၏ လိုလားချက်များကို သမ္မတကြီးကိုယ်တိုင်နားထောင်ကြည့်ပါက သင့်လျော်သည့် အဖြေတစ်ခု ဖော်ထုတ်နိုင်ရန် စဉ်းစားဆင်ခြင်နိုင်မည်ဖြစ်ကြောင်း တင်ပြခဲ့ဖူးပါသည်။ သို့သော် အကောင်အထည်မပေါ်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

ဦးအေးဇော်ဝင်းနှင့် သားများ ရဟန်းခံရှင်ပြုပွဲအပြီး
ဒေါက်တာမောင်မောင်၏ အိမ်ရှေ့တွင် ဆွမ်းလောင်းလှူစဉ်



ဒေါက်တာမောင်မောင်၏ နေအိမ် စာကြည့်ခန်းတွင်
ဗျည်သည်မိတ်ဆွေတစ်ဦးနှင့်အတူ တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း သမ္မတကြီး ဒေါက်တာမောင်မောင် ရေးသားခဲ့သော မြန်မာနိုင်ငံ၏ ၁၉၈၈ ခုနှစ် အရေးအခင်း ပထမတွဲ နှင့် ဒုတိယတွဲ စာအုပ်များတွင် မြန်မာနိုင်ငံအကြောင်း ရေးသားထားမှုများမှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းပါသည်။

အလွန်ထူးခြားသောပုဂ္ဂိုလ်

မြန်မာပြည်သူများနှင့် လူငယ်လူရွယ်များအတွက် လေ့လာသင့်သော စာအုပ်များဖြစ်ပါသည်။ သင်ခန်းစာယူဖွယ်လည်း အများအပြားတွေ့ရှိရပါသည်။

ဤပုဂ္ဂိုလ်ကြီးမှာ ဥပဒေပညာရှင်ကြီးဖြစ်သည့်အပြင် စာပေပညာရှင်ကြီးလည်းဖြစ်တာကြောင့် မြန်မာနိုင်ငံ၏ အလွန်ထူးခြားသော ပုဂ္ဂိုလ်ကြီးဟု မှတ်ယူရမည်ဖြစ်ပါသည်။

ပြည်ပခရီးစဉ်တစ်ခုတွင် အမှတ်တရ ရိုက်ကူးထားသော
ဒေါက်တာမောင်မောင်၏ ပုံရိပ်

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၉

ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီး သူရကျော်ထင်

ဗိုလ်ချုပ်ကြီး သူရကျော်ထင်

ဗိုလ်ချုပ်ကြီး သူရကျော်ထင်သည် တပ်မတော်တွင်သော်လည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် သော်လည်းကောင်း၊ လမ်းစဉ်ပါတီအစိုးရအဖွဲ့တွင်သော်လည်းကောင်း အလွန်အစဉ်အလာကြီးမားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်လုံး ရဲဘော်ဘဝမှစတင်ကာ ပေးအပ်သောတာဝန်အသီးသီးကို ရှုပ်ရှုပ်ချွဲချွဲထမ်းရွက်ခဲ့တာကြောင့်လည်း သူရဘွဲ့ကို ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်နှင့် နီးနီးကပ်ကပ်တာဝန်ထမ်းဆောင်ခဲ့သည့် ကာလကတော့ အမှတ် ၇၇ ခြေမြန်တပ်မဟာဌာနချုပ်မှာ ဖြစ်ပါသည်။ ကျွန်တော်က တပ်မမှူး၏ကိုယ်ရေးအရာရှိ၊ ဗိုလ်ချုပ်ကြီးက ဒုဗိုလ်မှူးကြီး/ ဗိုလ်မှူးကြီးဘဝဖြင့် အမှတ် ၇၇၃ နည်းဗျူဟာမှူး တာဝန်ထမ်းဆောင်စဉ်ကာလမှာ ဆရာ၊ တပည့်အနေဖြင့် အလွန်ရင်းနှီးခဲ့ပါသည်။

ယုံယုံကြည်ကြည် တာဝန်ပေးခဲ့

နောက်ပိုင်းတွင် အမှတ် ၉၉ ခြေမြန်တပ်မဌာနချုပ် တပ်မမှူးအဖြစ်လည်းကောင်း၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)အဖြစ်လည်းကောင်း တာဝန်များ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ဝိုလ်ချုပ်ကြီးသူရကျော်ထင်

ထမ်းရွက်စဉ်တလျှောက်လုံး ကျွန်တော်နှင့်အဆက်အသွယ် ပြတ်တောက်မှုမရှိခဲ့ပါ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည့်အခါ ကျွန်တော့်ကို တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးအဖြစ် တာဝန်ခန့်အပ်ပြီး နိုင်ငံတော်အတွက် ထောက်လှမ်းရေးနှင့် လုံခြုံရေးတာဝန်များကို ယုံယုံကြည်ကြည် ခန့်အပ်တာဝန်ပေးအပ်ခဲ့သည့် ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

ဖခင်သဖွယ်

တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်စဉ်ကာလတလျှောက်လုံး အနီးကပ်ဆုံးမသွန်သင်မှု၊ လမ်းညွှန်မှု ပြုခဲ့သူဖြစ်တာကြောင့် ကျွန်တော်၏ ဖခင်သဖွယ်ဖြစ်သော ဆရာရင်းပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်ကြီးထံမှ စစ်ရေး၊ နိုင်ငံရေးအတွေ့အကြုံများ၊ အကျင့်စာရိတ္တနှင့် ကောင်းမွန်သောစရိုက်လက္ခဏာများ မြောက်မြားစွာကို အတုယူဖွယ်၊ မှတ်သားဖွယ်အဖြစ် ဆည်းပူးရရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၀

ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးထွန်းရီ

ဗိုလ်ချုပ်ကြီးထွန်းရီ

ကျွန်တော်တပ်မတော်မှာ နှစ်ပေါင်း ၄၀ ကျော် ၄၅ နှစ်အတွင်း တာဝန်ထမ်းရွက်ခဲ့ရတာကြောင့် ကိုယ့်ထက်ရာထူးကြီးသူတွေအားလုံးဟာ ကိုယ့်ဆရာတွေဖြစ်ပါသည်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မှာ သင်ဆရာရော၊ မြင်ဆရာရောရှိတာကြောင့် အနီးကပ်တာဝန်ထမ်းဆောင်မှုမရှိသော်ငြားလည်းပဲ စစ်တပ် ထဲမှာ တာဝန်ထမ်းဆောင်ရာတွင် အဆင့်ဆင့်အမိန့်နာခံမှုဖြင့် တာဝန်အသီးသီးကို ထမ်းရွက်ရသည့်အစဉ်အလာကြောင့် အထက်အမိန့်ဆိုလျှင် တသဝေမတိမ်း လိုက်နာဆောင်ရွက်ကြရပါသည်။ ထို့ကြောင့် ကျွန်တော်တို့မှာ အတူတွဲပြီး နီးနီးကပ်ကပ် တာဝန်ထမ်းဆောင်ရသည့် အခါရှိသလို အဝေးမှာနေရပြီး အမိန့်နာခံမှုဖြင့် တာဝန်ထမ်းရွက်ရတာလည်းရှိတာကြောင့် ကျွန်တော်တို့မှာ သင်ဆရာရော၊ မြင်ဆရာရောသည် ဆရာသမားများပဲ ဖြစ်ကြပါသည်။

ထူးချွန်ပြောင်မြောက်သော စစ်ခေါင်းဆောင်

ဗိုလ်ချုပ်ကြီးထွန်းရီနှင့် ကျွန်တော် နီးနီးကပ်ကပ်တာဝန်ထမ်းရွက်မှုမရှိသော်ငြားလည်း သူသည်အလွန်ထူးခြားပြောင်မြောက်သော စစ်ခေါင်းဆောင်တစ်ယောက်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကွန်လုံ ရက်ပေါင်း ၄၀ တိုက်ပွဲကတော့ မြန်မာ့တပ်မတော်၏ ထူးခြားပြောင်မြောက်တဲ့တိုက်ပွဲပါပဲ။ အဲဒီတုန်းက သူသည် စစ်ဗျူဟာမှူး အဆင့် ဖြစ်ပါသည်။ တိုင်းမှူး၊ တပ်မမှူး မဖြစ်သေးပါ။ သို့သော်လည်း သူ့ရဲ့စစ်ရေး အစီအမံနှင့် တိုက်စိတ်ခိုက်စိတ် ထူးခြားပြောင်မြောက်မှုကတော့ အဲဒီကာလက စတင်ခဲ့တာဟုဆိုရမည်ဖြစ်ပါသည်။ သူရဲ့စွမ်းရည်ထက်မြက်မှုကိုတော့ တပ်မတော် ခေါင်းဆောင်ငယ်များသည် စံနမူနာယူကြရမှာဖြစ်ပါသည်။

ဗကပဗဟိုကို ရှာဖွေခြေမှုန်းစဉ်

သူ တပ်မ ၇၇ မှာ တပ်မမှူးဖြစ်တော့ ကျွန်တော်က အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်းမှာ တပ်ခွဲမှူး(ဗိုလ်မှူး)ဘဝ ဖြစ်ပါသည်။ ပဲခူးရိုးမ ဗကပဗဟိုကို ရှာဖွေချေမှုန်းရေးအတွက် တမခ ၇၇ လက်အောက်ခံတပ်ရင်းများနှင့် စစ်ဆင်ရေး လုပ်နေရချိန်ပါ။ ရှေ့တန်းတပ်မ ၇၇ က ဒိုက်ဦးမြို့နယ်၊ ရန်ကုန် မန္တလေး လမ်းမကြီး၏ အနောက်ဘက်၊ ဒိုက်ဦး-ဗျက်ကြီး ကားလမ်းဘေး လက်ပံသုံးခွ ရွာမှာ အခြေပြုထားတာပါ။ နည်းဗျူဟာမှူးများက ဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူးကြီးဖေမြင့် နှင့် ဗိုလ်မှူးကြီး ကျော်စိန်ဝင်းတို့ဖြစ်ကြပါသည်။

နားနေရသည် မရှိ

အဲဒီတုန်းက ကျွန်တော့် တပ်ခွဲသည် ပဲခူးရိုးမကြီးကို အရှေ့ကနေ အနောက်၊ အနောက်ကနေအရှေ့သို့ မကြာခဏကျော်ဖြတ်ပြီး ဗကပဗဟို၏သတင်းကို ရှာဖွေဖော်ထုတ်ရတာပါ။ အရှေ့ဘက်ဒိုက်ဦးမြို့နယ်ကနေ ရိုးမကိုကျော်ပြီး အနောက်ဘက်၊ ဇီးကုန်းနှင့်နတ္တလင်းမြို့နယ်များကို ကူးသန်းလှုပ်ရှားမှုလုပ်ခဲ့ရတာပါ။ ကျွန်တော့်တပ်ခွဲဟာ နားနေရသည်ဟူ၍ မရှိပါဘူး။ တပ်မမှူးကိုလည်း ချစ်ကြောက် ရှိသေဆိုတော့ ကိုယ့်ကိုသတ်မှတ်ပေးထားသည့် အတွင်းမှာ အငြိမ်မနေပဲ စစ်ရေးသတိနှင့် သတင်းထောက်လှမ်းရင်း လှုပ်ရှားမှုလုပ်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နယ်မြေဒေသ ကျွမ်းကျင်မှုရ

တစ်ခါတစ်ရံ တပ်မကပေးသည့် သတင်းနေရာတွေကို ဝင်ရောက်ရှင်းလင်းမှုမျိုး လုပ်ရတာလည်းရှိပါသည်။ ထို့ကြောင့် ရိုးမပေါ်မှာ နေရာအနှံ့ရောက်ဖူးပြီး နယ်မြေဒေသ ကျွမ်းကျင်မှုဖြစ်နေတာတော့အမှန်ပဲဖြစ်သည်။

နောက်ပိုင်းကျွန်တော်တပ်ရင်းမှူးကနေ ကစထ(၁)ကို ၁၉၈၁ ခုနှစ်ထဲမှာ စစ်ဦးစီးမှူး (ပထမတန်း)အဖြစ်ပြောင်းရွှေ့ရတော့ ဗိုလ်ချုပ်ကြီး ထွန်းရီက စစ်ရုံးမှာ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဖြစ်နေပြီး ကျွန်တော့်အထက် အကြီးအကဲ ကစထမှူးက ဗိုလ်ချုပ်လှဦး ဖြစ်ပါသည်။ ကျွန်တော်၏အောက်က စစ်ဦးစီးမှူး (ဒုတိယတန်း)က ဗိုလ်မှူးအောင်သောင်း နှင့် စစ်ဦးစီးမှူး (တတိယတန်း) ဟာ ဗိုလ်ကြီးဇော်ဝင်း တို့ဖြစ်ကြပါသည်။

လေ့လာဆည်းပူးခွင့်ရ

ကျွန်တော်စစ်ရုံးပြန်ရောက်တော့ ဗိုလ်ချုပ်ကြီးထွန်းရီ နှင့် ဗိုလ်ချုပ်လှဦး တို့၏ တွေးခေါ်မြော်မြင်ပုံ၊ ဖြစ်ပေါ်လာသည့် အခြေအနေအပေါ် သုံးသပ်ပုံ၊ စီမံဆောင်ရွက်ပုံတို့ကို လေ့လာဆည်းပူးခွင့်ရသည့်အပြင် မိမိကိုယ်တိုင်လည်း ပါဝင်စီမံဆောင်ရွက်ခွင့် ရရှိလာသည်ကိုလည်း ကြုံတွေ့ခဲ့ရပါသည်။

ထို့ကြောင့် တပ်မတော်မှာဖြစ်ဖြစ်၊ မည်သည့်နေရာဒေသမှာပဲဖြစ်ဖြစ် သင်ဆရာ၊ မြင်ဆရာ ဆိုတာရှိကြတာပါပဲ။ ဒီလိုဆရာမျိုးတွေကို အမြဲဦးထိပ်ထားကာ လေးလေးစားစားပြုမူသင့်ပါကြောင်း နောင်လာနောက်သား မျိုးဆက်သစ် တပ်မတော်သားများကို အကြံပြုလိုက်ရပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၁

ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီးအေးကို

ဗိုလ်ချုပ်ကြီးအေးကို

ဗိုလ်ချုပ်ကြီး အေးကိုသည် တပ်မတော်မှာ အစဉ်အလာကြီးမားခဲ့သည့် ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်ပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတလျှောက်လုံး၊ ဂျပန်တော်လှန်ရေးကာလတလျှောက်လုံးနှင့် တပ်မတော်သားဘဝကနေ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)အထိလည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် ပါတီအထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဒုတိယသမ္မတတာဝန်အထိလည်းကောင်း နိုင်ငံတော်တွင် တာဝန်ထမ်းရွက်ခဲ့သည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။

လက်ဦးဆရာ

ကျွန်တော် အရာရှိငယ်ဘဝ ဗိုလ်အဆင့်မှာ ပုသိမ်မြို့ရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ်သို့ စစ်ဦးစီးမှူး(တတိယတန်း)အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရစဉ် ကျွန်တော်၏အထက်အကြီးအက၊ စစ်ဦးစီးမှူး (ပုထမတန်း)(စစ်ဆင်ရေး) တာဝန်ထမ်းရွက်နေသူဖြစ်သဖြင့် သူ၏သွန်သင်ဆုံးမမှု၊ လေ့ကျင့်သင်ကြားပေးမှုဖြင့် စစ်ရေး၊ နိုင်ငံရေးအပြောင်းအလဲများကို စတင်နားလည်လာခဲ့ခြင်းဖြစ်ပါသည်။ လက်ဦးဆရာဆိုလျှင်လည်း မှားမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကြီးသည် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဖြစ်လာတော့လည်း ကျွန်တော်က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှာ စစ်ဦးစီးမှူး(ဒုတိယတန်း)ဗိုလ်မှူးအဖြစ်ဖြင့် သူ၏လက်အောက်တွင် တာဝန်ထမ်းရွက်ခဲ့ရပါသည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှာ ထိုစဉ်က ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်ချုပ်ကြီး သူရကျော်ထင်ပါ။

အကြီးအကဲနှစ်ဦး တွေးခေါ်မြော်မြင်မှု

စစ်ရုံးမှာ သုံးနှစ်ကျော် လေးနှစ်ခန့် စစ်ဦးစီးမှူး(ဒုတိယတန်း) တာဝန်ထမ်းစဉ်ကာလတလျှောက်လုံး တပ်မတော်အကြီးအကဲနှစ်ယောက်စလုံး၏ တိုင်းပြည်အပေါ်ထားရှိသည့် သဘောထားခံယူချက်နှင့် စေတနာအမှန်များ၊ နိုင်ငံတော်၏ မဟာဗျူဟာရည်မှန်းချက်များ၊ စစ်ရေးမဟာဗျူဟာများကို လေ့လာမှတ်သားခွင့် ရရှိခဲ့ပါသည်။ အကြီးအကဲနှစ်ဦးစလုံး၏ တွေးခေါ်မြော်မြင်မှုနှင့် ခိုင်မာကြံ့ခိုင်သော တပ်မတော်ဖြစ်ရေး၊ ပြည်သူချစ်သော တပ်မတော်ဖြစ်ရေး၊ ပြည်သူကို အလုပ်အကျွေးပြုသော တပ်မတော်ဖြစ်ရေး၊ တိုင်း ရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုသော တပ်မတော်ဖြစ်ရေးအတွက် လေ့ကျင့်ပေးနေမှုများကို လေ့လာဆည်းပူးခွင့် ရရှိခဲ့ပါသည်။

ရဲဘော်ရဲဘက်စိတ် ပြင်းထန်သူ

ဗိုလ်ချုပ်ကြီး အေးကိုသည် ရဲဘော်ရဲဘက်စိတ် အလွန်ပြင်းထန်ပြီး လက်အောက်ငယ်သားများ၊ အရာရှိငယ်များကို သနားကြင်နာတတ်သူဖြစ်သည့်ပြင် ထူးချွန်ထက်မြက်သူများကိုလည်း ချီးမြှောက်တတ်သူဖြစ်ပါသည်။

နီးစပ်သော လက်အောက်အရာရှိများကိုလည်း အမွေခံကောင်းများ ရရှိအောင်မပြတ်ဆုံးမ သွန်သင်လေ့ရှိသူဖြစ်သဖြင့် ကျွန်တော့်အတွက် လက်ဦးဆရာလည်းဖြစ်၊ ဆရာကောင်းသမားကောင်းလည်းဖြစ်သည်ဟု ဆိုချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၂

ကျွန်တော်နှင့် ဗိုလ်ချုပ်လှဦး

ဗိုလ်ချုပ်လှဦး

ဗိုလ်ချုပ်လှဦးသည်လည်း ကျွန်တော့်ဆရာပါပဲ။ တပ်မတော်တွင် အတုယူဖွယ်ကောင်းသည့်ပုဂ္ဂိုလ်တွေ အတော်များများရှိကြပါသည်။ ကျွန်တော်အရာရှိ ငယ်ဘဝကစတင်၍ တပ်မတော်အတွင်းမှာ အစဉ်အလာကောင်းရှိသော အတုယူဖွယ်၊ နမူနာယူဖွယ်ပုဂ္ဂိုလ်များကို လေ့လာပြီး ထိုပုဂ္ဂိုလ်များ၏ ပုံစံမျိုး ဖြစ်ထွန်းလာအောင် ကြိုးစားခဲ့တာအမှန်ဖြစ်ပါသည်။ ကျွန်တော် နမူနာယူခဲ့ရသည့် ပုဂ္ဂိုလ်များထဲမှာ ဗိုလ်ချုပ်လှဦးလည်း အပါအဝင်ဖြစ်ပါသည်။

ဗိုလ်ခင်ညွှန့်ဘဝ ဆုံခဲ့ရ

ကျွန်တော်တပ်မတော်ထဲစဝင်ကတည်းက ဗိုလ်ချုပ်လှဦးနှင့် နီးနီးကပ်ကပ် မနေခဲ့ရဘူးပါ။ ၁၉ဖဒု ခုနှစ်လောက်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှာ ဗိုလ်ကြီးလှဦးဘဝ၊ ကျွန်တော်က ဗိုလ်ခင်ညွှန့် ဘဝဖြင့် ဗိုလ်မှူးကြီးတင့်ဆွေ၊ မမစန်းတို့မှတဆင့် သိခဲ့ကျွမ်းခဲ့ဖူးပါသည်။ နောက်ပိုင်း ရာထူးအဆင့်ဆင့်သာ တိုးတက်ဖြစ်ထွန်းလာကြသော်လည်း မကြုံကြ မဆုံကြပါ။

ကျွန်တော် အမှတ်(၂၀)ခြေလျင်တပ်ရင်းမှူးကနေ ရာထူးတက်ပြီး စစ်ရုံးသို့ စစ်ဦးစီးမှူး (ပထမတန်း)အဖြစ် ပြောင်းရွှေ့လာတော့မှ ဗိုလ်ချုပ်လှဦးနှင့်တွေ့ကြုံရပါသည်။ သူ၏လက်အောက်မှာတာဝန်ထမ်းရွက်ခဲ့ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အနီးကပ်နေခွင့်

သူက အမှတ်(၁) စစ်ဆင်ရေးအထူးအဖွဲ့မှူး၊ ကျွန်တော်က သူ၏ လက်အောက်က စစ်ဦးစီးမှူး (ပထမတန်း)အဖြစ်နှင့် အနီးကပ်တာဝန်ထမ်းရွက်ခဲ့ရပါသည်။ ထိုအခါမှာတော့ သူ၏အမူအကျင့်နှင့် အရည်အချင်းများကို အနီးကပ်လေ့လာခွင့်ရပြီး အတုယူဆည်းပူးနိုင်ခဲ့ပါသည်။

အလွန်စမတ်ကျသောပုဂ္ဂိုလ်

ဗိုလ်ချုပ်လှဦးဟာ အနေအထိုင်၊ ဝတ်စားဆင်ယင်မှု၊ သွားလာလှုပ်ရှားမှုက အလွန်စမတ်ကျသည့်ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဒါတင်မကပါဘူး၊ စစ်ရေးသုံးသပ်ပုံ၊ စစ်ရေးစီမံချက်ပြုလုပ်ပုံတို့ကလည်း အလွန်စနစ်ကျပြီး အတုယူဖွယ်ဖြစ်ပါသည်။

ကျွန်တော်လည်းဆရာကောင်း၊ သမားကောင်းနှင့်တွေ့ပြီဆိုပြီး အတုယူ၍ ရသမျှကို လေ့လာသင်ယူခဲ့တာပါပဲ။ ကျွန်တော် အင်မတန် ကံကောင်းပါသည်။ ဆရာကိုတော့ ကျွန်တော်မမှီနိုင်ပါ။ ဗိုလ်ချုပ်လှဦးသည် ယခုအသက် ၈၀ ကျော် အရွယ်ထိ ကျန်းမာရေးကောင်းတုန်း၊ ဖျတ်လတ်သွက်လက်တုန်း၊ စနစ်တကျ နေထိုင်ကျင့်ကြံတုန်းဆိုတာ ကြားသိနေရပါသည်။ ကျွန်တော့်အတွက်ရော တပ်မတော်သား အရာရှိများအတွက်ပါ အတုယူဖွယ် တပ်မတော်ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ပါကြောင်း မှတ်ယူတင်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၃

ကျွန်တော်နှင့် ဗိုလ်ချုပ်သန်းတင်

ဗိုလ်ချုပ်သန်းတင်

ဗိုလ်ချုပ်သန်းတင်သည် ကျွန်တော်လေးစားသည့် ဆရာရင်းတစ်ယောက်ဖြစ်ပါသည်။ ကျွန်တော်၏ လက်ဦးဆရာဖြစ်သည့် ဗိုလ်ချုပ်တင့်ဆွေနှင့် အလွန်ရင်းနှီးတာကြောင့် ကျွန်တော်နှင့်ပါ ဆရာတပည့်လိုရင်းနှီးခဲ့တာ ဖြစ်ပါသည်။ ကျွန်တော်က အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်းမှာ တပ်ခွဲမှူး(ဗိုလ်မှူး) တာဝန်ထမ်းဆောင်စဉ်ကာလမှာ ဗိုလ်ချုပ်သန်းတင်က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်(တောင်ငူ)တွင် တိုင်းမှူးဖြစ်ပါသည်။ ပဲခူးရိုးမစစ်ဆင်ရေးတပ်အားလုံးကို တိုင်းမှူးက ကွပ်ကဲရပါသည်။ တိုင်းမှူးသည် စစ်ဆင်ရေးတပ်တွေကို စစ်ဆေးရင်းနှင့် ကျွန်တော်ကိုတွေ့သွားတော့တာပါ။ အဲဒီကာလမှာ တိုင်းစစ်ဌာနချုပ်မှာလည်း စစ်ဦးစီးမှူး (ဒုတိယတန်း) တစ်နေရာလစ်လပ်နေတာကြောင့် ကျွန်တော့်ကို စစ်ဦးစီးမှူး (ဒုတိယတန်း) အဖြစ် ပြောင်းရွှေ့ခေါ်ယူလိုက်ပါ၏။

တိုင်းမှူး၏စရိုက်

ကျွန်တော် တောင်ငူရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကို စစ်ဦးစီးမှူး(ဒုတိယတန်း)အဖြစ် ပြောင်းရွှေ့ရောက်ရှိသွားသည့်အခါမှာ တိုင်းမှူး၏အနီးကပ်ကွပ်ကဲမှုဖြင့် စစ်ဦးစီးအရာရှိဖြစ်လာတာကြောင့် တိုင်းမှူး၏စစ်ရေးသုံးသပ်ချက်နှင့်

www.burmeseclassic.com

www.burmeseclassic.com

စစ်ဆင်ရေးတပ်များကို ကွပ်ကဲမှုအတတ်ပညာများရရှိသည့်အပြင် တိုက်ပွဲဖြစ်နေပြီ ဆိုသည့် သတင်းရသည်နှင့် တိုက်ပွဲဖြစ်ရာနေရာနှင့် အနီးဆုံးနေရာသို့ရောက်အောင် သွားကာ အနီးကပ်ကွပ်ကဲမှုပြုလုပ်သည့် အမှုအကျင့်ရှိသည်ကို တွေ့ရပါသည်။

စစ်ရေးအခေါ်အရတော့ Commander Well Forward ဆိုသည့်အတိုင်း စစ်ဆင်ရေးတပ်တွေကို အနီးကပ်ကွပ်ကဲမှုပြုလေ့ပြုထရှိတာကို တွေ့ရပါသည်။ ထို့ကြောင့် ခရီးဆောင်ကျောပိုးအိတ်ကို အဆင်သင့်ပြင်ထားရပြီး အချိန်မရွေးခရီး ထွက်နိုင်အောင် အသင့်ပြင်ဆင်ထားရသည့် အမှုအကျင့်ကို လုပ်ထားရပါသည်။ ထိုအချိန်တုန်းကလည်း ပဲခူးရိုးမမှာ ဗကပတပ်တွေပြိုကွဲစပြုနေပြီ ဖြစ်တာကြောင့် တိုက်ပွဲငယ်များ မကြာခဏဖြစ်လေ့ဖြစ်ထရှိပါသည်။

နာမည်ရစစ်ရေးခေါင်းဆောင်

ဗိုလ်ချုပ်သန်းတင်သည် အနောက်တောင်တိုင်းစစ်ဌာနချုပ်တွင် တိုင်းမှူး တာဝန်ထမ်းဆောင်စဉ်ကလည်း ထော်ပိုင်စစ်ဆင်ရေးအမည်ဖြင့် ဧရာဝတီတိုင်းအ တွင်းမှာရှိသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ဧရာဝတီတိုင်း အတွင်းမှာ ခြေကုပ်မယူနိုင်အောင် ပြည်သူ့လူထု၏အင်အားကိုရယူစည်းရုံးကာ မောင်းထုတ်နိုင်ခဲ့သည့် အောင်မြင်မှုဖြင့် နာမည်ရခဲ့သည့် စစ်ရေးခေါင်းဆောင် တစ်ဦးဖြစ်ပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်သန်းတင်၏ အရာရှိအဖြစ် အနီးကပ်တာဝန် ထမ်းဆောင်စဉ်ကာလမှာ စစ်ရေးနည်းဗျူဟာ၊ စည်းရုံးရေးနည်းဗျူဟာများကို လည်းကောင်း၊ အလွန်တက်ကြွဖျတ်လတ်မှုနှင့် ဝီရိယခွန်အား မွေးမြူမှု အတတ် ပညာများကိုလည်းကောင်း လေ့လာဆည်းပူးရရှိခဲ့တာ အမှန်ပင်ဖြစ်ပါသည်။

○

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၄

ကျွန်တော်နှင့် ကျွန်တော့်ဆရာ ဗိုလ်ချုပ်တင့်ဆွေ

ကျွန်တော့်ဆရာ ဗိုလ်ချုပ်တင့်ဆွေ

ဗိုလ်ချုပ်တင့်ဆွေသည် ကျွန်တော်အရာရှိငယ် ဗိုလ်ဘဝမှာ စတင်တွေ့ရှိရင်းနှီးခဲ့ရာ ယင်းပုဂ္ဂိုလ်ထံမှ ဘက်စုံပညာရပ်များကို လေ့လာဆည်းပူးရရှိခဲ့သဖြင့် ကျွန်တော့်ဘဝ၏ လက်ဦးဆရာဖြစ်ပါသည်။ တပ်မတော်တွင်လည်းကောင်း၊ အရပ်ဖက်တွင်လည်းကောင်း ဘဝတလျှောက် လျှောက်လှမ်းရမည့် ခရီးကြမ်းကြီး အတွက် လက်ဦးဆရာသည် အလွန်အရေးပါလှပါသည်။ လက်ဦးဆရာကောင်းလျှင် လူကောင်းသူကောင်းဘဝ ထူးချွန်ထက်မြက်သူ၊ ခေါင်းဆောင်ကောင်းဖြစ်နိုင်သူအထိ ခရီးရောက်မည်ဖြစ်သည်။ လက်ဦးဆရာမကောင်းလျှင်တော့ အဲဒီတပည့်လည်း လူကောင်းမဖြစ်နိုင်၊ နောက်ဆုံးဘဝပျက်သည်အထိ ရောက်ရှိသွားနိုင်ပါသည်။

လက်ဦးဆရာ

ကျွန်တော်ကတော့ လက်ဦးဆရာကောင်းနှင့်တွေ့ရသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဆရာ လက်ဦးဆရာကလည်း ဘက်စုံထူးချွန်သူဟု ကျွန်တော်အနေနှင့် ခံယူပါသည်။ ကျွန်တော်ကို စစ်ရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး ပညာရပ်များ အပြင် အကျင့်စာရိတ္တပိုင်းဆိုင်ရာရော၊ တိုင်းပြည်အပေါ်၊ တပ်မတော်အပေါ်၊

www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားတစ်ခုတွင် ကျွန်တော့်ဆရာနှင့် ဇနီး

အကြီးအကဲများအပေါ်၊ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များအပေါ်၊ လက်အောက်ငယ်သားများအပေါ်၊ ပြည်သူပြည်သားများအပေါ်ထားရှိရမည့် သဘောထားနှင့် ခံယူ ချက်၊ သစ္စာရှိမှု စသည်ဖြင့် ဘက်စုံ အသိပညာရပ်များကို သင်ကြားပေးသည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။

မိသားစုအတွက်ပါ

ကျွန်တော်တစ်ဦးတည်းသာမဟုတ်၊ ကျွန်တော်၏မိသားစု တစ်ခုလုံးကိုပါ သွေးရင်းသားရင်းကဲ့သို့သဘောထား ထိန်းသိမ်းစောင့်ရှောက်မှုတွေ ပေးခဲ့တာ ကြောင့် ကျွန်တော်၏ ဖခင်ဆိုရင်လည်း မမှားဘူးဟူ၍ ပြောချင်ပါသည်။

ကျွန်တော့်ဆရာဘဝ

ကျွန်တော့်ဆရာ ဗိုလ်ချုပ်တင့်ဆွေ၏ဘဝကို ကျွန်တော်သိရသလောက် ပြောပြချင်ပါသည်။ သူသည် လွတ်လပ်ရေးမရခင်ကာလမှာ တိုင်းပြည်ချစ်

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဖြင့် တပ်မတော်ထဲသို့ ရဲဘော်ဘဝဖြင့် ဝင်ရောက်ခဲ့သူဖြစ်ပါသည်။ အခြေခံ စစ်ပညာသင်ကြားရင်းဖြင့် ဂျပန်ခေတ် ဗိုလ်သင်တန်းအမှတ်စဉ် (၂)ကို မင်္ဂလာဒုံမှာ တက်ခွင့်ရ၍ သင်တန်းတက်နေစဉ်မှာပဲ ဂျပန်ပြည်စစ်တက္ကသိုလ်သို့ တက်ခွင့်ရဖို့ အခွင့်အရေးကြုံခဲ့ပါသည်။ အဲဒီအချိန်မှာ ဂျပန်တွေကလည်း ပြည်သူတွေကို အလွန်ပဲ နှိပ်စက်ညှင်းပန်းမှုတွေလုပ်နေတာကြောင့် ဂျပန်တော်လှန်ရေးလုပ်ဖို့ ကြံစည်နေသည့် ကာလဖြစ်သောကြောင့် ဂျပန်စစ်တက္ကသိုလ်သို့ မတက်လိုကြောင်း၊ ပြည်တွင်းမှာပင် ဂျပန်တော်လှန်ရေးမှာ ပါဝင်ချင်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းထံ ဝင်ရောက် တောင်းဆိုမှုပြုခဲ့သူဖြစ်ပါသည်။

မီးသွေးဖုတ် ရောင်းရသောဘဝ

သို့သော် ဗိုလ်ချုပ်အောင်ဆန်း၏ အမိန့်အရ တာဝန်ကိုလေးစားလိုက်နာသင့်သည့်အနေဖြင့် ဂျပန်စစ်တက္ကသိုလ်အမှတ်စဉ်(၅၈)မှာ ဗိုလ်လောင်းသင်တန်းသား ၃၀ ယောက်ထဲမှာ ပါဝင်သင်တန်းတက်ခဲ့ရသူဖြစ်ပါသည်။ သင်တန်းတက်နေတုန်းမှာပဲ မြန်မာနိုင်ငံမှာ ဂျပန်တော်လှန်ရေးလုပ်လိုက်တာကြောင့် ဂျပန်ရောက် ဗိုလ်သင်တန်းကျောင်းသားတွေသည် ဂျပန်မှာ အကျယ်ချုပ်သဘောနေခဲ့ရကြောင်း၊ ထောက်ပံ့မှုတွေရပ်လိုက်တာကြောင့် မီးသွေးဖုတ်ရောင်းပြီး မီးသွေးရောင်းရငွေဖြင့် နေ့စဉ် နေထိုင်စားသောက်ခဲ့ရကြောင်း၊ ကံကောင်းထောက်မ၍ ဂျပန်တွေ လက်နက်ချလိုက်တော့မှ မြန်မာနိုင်ငံကို ပြန်ရောက်လာကြောင်း သိရှိရပါသည်။

တစ်ရက်ကိုတစ်ရစ်

မြန်မာနိုင်ငံကိုပြန်ရောက်တော့ အင်္ဂလိပ်က ဗမာ့တပ်မတော်ကို ပြန်လည်ဖွဲ့စည်းဖို့ အရာရှိ ၂၀၀ ပဲခွင့်ပြုကြောင်း ကန္ဒီစာချုပ်အရဖော်ပြထားတာကြောင့် ဂျပန်စစ်တက္ကသိုလ်မှာ ဗိုလ်သင်တန်းတက်ခဲ့ပေမယ့် စစ်ဗိုလ်ဖြစ်မလာပါ။ မိမိတို့ ဆန္ဒအရ တပ်မတော်ထဲပြန်ဝင်လျှင် ရဲဘော်ဘဝကပဲ ပြန်ဝင်ရမည်ဆိုသည့် ဆုံးဖြတ်ချက်အရ ပြည်မြို့မှာ ဖွင့်လှစ်သည့် အမှတ်(၄)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ ဒုဗိုလ်မှူးကြီး နေဝင်းတပ်မှာ တပ်သားဘဝဖြင့် ပြန်လည်ဝင်ရောက်ခဲ့သည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်စစ်တက္ကသိုလ်မှာ ဗိုလ်သင်တန်းတက်ခဲ့သူများဖြစ်တာကြောင့် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး နေဝင်းက စဝင်သည့်နေ့ကစပြီး တစ်ရက်ကို တစ်ရစ်စီ ရာထူးတိုးမြှင့်ပေးတာကြောင့် သုံးရက်မြောက်နေ့မှာ တပ်ကြပ်ကြီး ဖြစ်လာသည်ဟုသိရပါသည်။

မိတ္ထီလာစစ်ဝန်ထမ်းတပ်သို့

တပ်ကြပ်ကြီး တင့်ဆွေဟာ ၁၉၄၈ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့မှာ ဒုဗိုလ်အဖြစ် ရာထူးတိုးမြှင့်ရရှိပြီး စစ်ရုံး၏ ညွှန်ကြားချက်အရ မိတ္ထီလာစစ်ဝန်ထမ်းတပ်ကို တပ်ရင်းမှူးအဖြစ်စေလွှတ်ကာ စစ်ဝန်ထမ်းတပ်ကို ဖွဲ့စည်းစေခဲ့ရာ မိတ္ထီလာပတ်ဝန်းကျင်မှ စုဆောင်းရရှိသည့် စစ်သည်များဖြင့် မိတ္ထီလာစစ်ဝန်ထမ်းတပ်ဖွဲ့ဝင်များသည် မိတ္ထီလာ သာစည်တဝိုက်မှာ တပ်ဖြန့်လူပ်ရှားခဲ့ရသည်ဟု သိရပါသည်။

၁၉၅၀ ပြည့်နှစ်မှာ စစ်ဝန်ထမ်းတပ်တွေကို တပ်မတော်အသွင်သို့ ကူးပြောင်းလိုက်သည့်အခါ တပ်ရင်းမှူးဘဝကနေ အမှတ်(၂)ဗမာ့သေနတ်ကိုင်တပ်ရင်းသို့ တပ်ခွဲမှူး၊ ထိုမှအဆင့်ဆင့်တာဝန်များ ဆက်လက်ထမ်းရွက်ခဲ့ကာ တပ်မမှူး၊ တိုင်းမှူး၊ ဒုဝန်ကြီး၊ ဝန်ကြီးအဆင့်ထိ တိုးတက်တာဝန်များ ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဒါကတော့ ကျွန်တော့်ဆရာရင်း၏ ဘဝနောက်ကြောင်းကို ဖော်ပြရခြင်းဖြစ်ပါသည်။

ရိုးရိုးလေးတွေ့ခဲ့ရ

ကျွန်တော့်ဆရာနှင့် ကျွန်တော်စတင်တွေ့ရှိပုံက ရိုးရိုးလေးပါပဲ။ လွှိုင်လင်မြို့ အမှတ်(၁၈)ခြေလျင်တပ်ရင်းမှာ တပ်စုမှူးတာဝန်ထမ်းရွက်ရစဉ် ကျွန်တော့် တပ်ရင်းမှူးက ဒုဗိုလ်မှူးကြီး ထွန်းအောင်ကျော်ပါ။

ကျွန်တော့်ကို နမ့်စန် လေယာဉ်ကွင်းလုံခြုံရေးအတွက် ၁၉၆၃ ခုနှစ်တွင်မှာ တာဝန်ကျတာကြောင့် နမ့်စန်လေယာဉ်ကွင်းမှာ တာဝန်ထမ်းဆောင်နေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာဘဝတွင် ပျော်မွေ့နေသော တင့်ဆွေ (ဖျာပုံ) ဘဝ

ထိုအချိန်မှာ ဗိုလ်မှူးကြီးတင့်ဆွေက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှာ တိုင်းဦးစီးချုပ်တာဝန်အပြင် စစ်ဆင်ရေးတာဝန်အရ နမ့်စန်မြို့မှာဖွင့်လှစ်ထားသည့် စစ်ဗျူဟာမှူးတာဝန်လည်းထမ်းရွက်နေရပါသည်။

စစ်ဆင်ရေးနယ်မြေကတော့ ရှမ်းပြည်နယ် တောင်ပိုင်းတစ်ခုလုံး မြို့နယ်တွေအနေနှင့်ဆိုလျှင် မိုးနဲ၊ လင်းခေး၊ မောက်မယ်၊ မိုင်းပန်၊ လွယ်လင်၊ ပင်လုံ၊ လဲချား၊ မိုင်းကိုင်၊ မိုင်းနောင်၊ မိုင်းရှား၊ ကွန်ဟိန်း မြို့နယ်တွေအပါအဝင်နှင့် ကယားပြည်နယ်တစ်ခုလုံး၊ တောင်ကြီးခရိုင်တစ်ခုလုံးပါဝင်ကြပါသည်။ ကျွန်တော်က လေယာဉ်ကွင်း လုံခြုံရေးတပ်စုမှူးဆိုတော့ စစ်ဗျူဟာအဖွဲ့ကို နေ့စဉ်လုံခြုံရေးအခြေအနေသတင်းကို သွားရောက်သတင်းပို့ရပါသည်။ အဲဒီမှာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင့်ဆွေက ကျွန်တော့်ကိုတွေ့ပြီး မင်းလုံခြုံရေးတပ်စုမှူးလည်းလုပ်၊ ငါ့စစ်ဗျူဟာမှာလည်း စစ်ဦးစီးမှူးတာဝန်ကိုပါ တွဲဖက်တာဝန်ထမ်းဆောင်ရမည်ဟူ၍ တာဝန်ပေးပါသည်။ စစ်ဗျူဟာမှူးကလည်း ကျွန်တော့်တပ်ရင်းမှူးကို လှမ်းပြီး ကျွန်တော့်အား တာဝန်ပေးထားမှုကို အကြောင်းကြားလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအမှတ်(၃)စစ်ဗျူဟာအဖွဲ့၏ ကွပ်ကဲမှုအောက်မှာက ခလရ(၁၂)၊ ခလရ(၁၈)၊ ခလရ(၁၆)၊ ခလရ(၁၆)၊ ခလရ(၄၉)၊ ခလရ(၅၄)နှင့် သနက(၃)တို့ရှိတာကြောင့် ကျွန်တော့် တပ်ရင်းက ခလရ(၁၈)ဆိုတော့ ဒီစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင့်ဆွေ၏ ကွပ်ကဲမှု အောက်မှာဆိုတော့ တိုက်ရိုက်အမိန့်ပေးခြင်းဖြစ်ပါသည်။

မမျှော်လင့်ဘဲ စစ်ဗျူဟာ(၃)သို့ရောက်

အဲဒီလိုနှင့် ကျွန်တော်သည် စစ်ဗျူဟာ(၃)သို့ မမျှော်လင့်ဘဲရောက်ရှိသွားပါသည်။ လေယာဉ်ကွင်းလုံခြုံရေးတပ်စုမှူးကိုလည်း နောက်ထပ်တစ်ယောက် အစားထိုးလိုက်တာကြောင့် ကျွန်တော်သည် လေယာဉ်ကွင်းလုံခြုံရေးတပ်စုမှူး တာဝန်မယူရတော့ပဲ အချိန်ပြည့်စစ်ဗျူဟာမှာ တာဝန်ထမ်းရွက်မှုဖြစ်သွားပါသည်။ ထို့ပြင် စစ်ဗျူဟာမှူး၏ ကိုယ်ရေးအရာရှိတာဝန်ပါ ထမ်းရွက်နေရသည့် အခြေအနေဖြစ်သွားပါသည်။

ဘက်စုံပညာရေး

ထို့ကြောင့် စစ်ဗျူဟာမှူး၏ စစ်ရေးသုံးသပ်မှု၊ စစ်ရေးစီမံမှု၊ တွေးခေါ်မြော်မြင်မှုတွေအပြင် ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိကြသည့် ရှမ်း၊ ပအို့ဝ်၊ လီရှောနှင့် ကယားပြည်နယ်မှာရှိကြသည့် ကယား၊ ပဒေါင်း စသည့် တိုင်းရင်းသားများအပေါ် ထားရှိသည့် သဘောထားခံယူချက်များကိုပါ လေ့လာသင်ယူခွင့်ရရှိခဲ့ပါသည်။ စစ်ဗျူဟာမှူးကိုယ်တိုင်ကလည်း ခရီးသွားတိုင်းခေါ်ယူသဖြင့် လိုက်ပါသွားရသည့် ခရီးစဉ်တိုင်းမှာပင် လေ့ကျင့်သင်ကြားပေးမှုတွေလုပ်ပါသည်။ ထို့ကြောင့်ပင် တွေးခေါ်မြော်မြင်မှုနှင့် တာဝန်ပိုင်းခြားမှု၊ စစ်ရေးသုံးသပ်ချက်နှင့် စီမံခန့်ခွဲမှုနည်းစနစ်များကို ဆရာက လက်တွေ့သင်ကြားပေးနေသလို ကျွန်တော့်အတွက်လည်း ဘက်စုံပညာရပ်များရရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကောင်းတာပေါ့၊ အမြန်ဆုံးသွားယူလိုက်

ကျွန်တော်၏ ကိုယ်ရေးကိစ္စလေး ပြောမှပြည့်စုံပါမည်။ ကျွန်တော်သည် ၁၉၆၃ ခုနှစ်ထဲမှာ စစ်ဗျူဟာ(၃)ကိုရောက်ပြီး ဗိုလ်မှူးကြီးတင့်ဆွေထံတွင် အရာရှိငယ်ဘဝ တတ်အပ်သည့် အတတ်ပညာများတွေ သင်ယူလေ့လာမှတ်သားရင်းနှင့် တစ်နှစ်ကျော်လောက်ကြာသွားပါသည်။

၁၉၆၄ ခုနှစ် မတ်လထဲမှာပေါ့။ ကျွန်တော့်ချစ်သူ မခင်ဝင်းရွှေကလည်း ဆေးတက္ကသိုလ်တက်နေတုန်း တတိယနှစ် စာမေးပွဲဖြေခါနီးမှာပဲ နှစ်ဦးစလုံးက လက်ထပ်ကြဖို့ ဆွေးနွေးဆုံးဖြတ်လိုက်တာကြောင့် ထိုစဉ်က ကျွန်တော့်ဆရာ ဗိုလ်မှူးကြီးတင့်ဆွေကို အကျိုးအကြောင်းတင်ပြတော့ ဆရာကသဘောတူပါသည်။

သို့သော် ဆရာက မင်းအစ်မဖြစ်တဲ့ "မ"ကို တင်ပြဦးလို့ပြောပါတယ်။

ဒါနဲ့ ကျွန်တော်တို့ နမ့်စမ်းကနေ တောင်ကြီးကိုရောက်တော့ ကျွန်တော်က မပြောရပါဘူး။ ဆရာကပဲ "မ ရေ မင်းသားတော်မောင်က မိန်းမယူတော့မယ်တဲ့၊ သူ့ချစ်သူက ဆေးကျောင်းတက်နေတုန်း၊ စာမေးပွဲဖြေခါနီးနေပြီ၊ စာမေးပွဲဖြေပြီးတာနဲ့ ယူတော့မယ်တဲ့၊ အဲဒါ 'မ'သဘောဘယ်လိုလဲ" လို့မေးတော့ မမစန်း (အမေဒေါ်ခင်စန်း) "ဟာ ဒီလိုဆိုကောင်းတာပေါ့ အမြန်ဆုံးသွားယူလိုက်တော့၊ မမအခန်းပြင်ထားလိုက်မယ်" လို့ မမရဲ့သဘောထားသိလိုက်တာနှင့် ရန်ကုန်ဆင်းဖို့ စီစဉ်လိုက်နိုင်တာဖြစ်ပါသည်။

အမှန်ကတော့ ဆေးကျောင်းတက်နေတုန်း ကျောင်းမပြီးခင်အလောတကြီး လက်ထပ်မှာကို သူ့မိဘက သဘောတူမှာမဟုတ်တာ သေချာသည်။ ထို့ကြောင့် ဆေးတက္ကသိုလ် တတိယနှစ်စာမေးပွဲပြီးသည့်ရက်မှာပဲ ရုံးတက်လက်မှတ်ထိုးပြီး တောင်ကြီးကို ရထားနဲ့ပြန်မယ်လို့ စီစဉ်လိုက်ရသည်။ ကျွန်တော့်ဆရာက ရန်ကုန်မှာ ရုံးတက်လက်မှတ်ထိုးရာမှာ အခက်အခဲမရှိအောင်ဆိုပြီး သူ့မိတ်ဆွေတွေဆီကိုပါလှမ်းပြီး အကြောင်းကြားထားပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အချိတ်အဆက်လုပ်

ကျွန်တော်လည်း ၁၉၆၄ ခုနှစ် မတ်လ ၄ ရက်နေ့ဟု ထင်ပါသည်။ ရွှေညောင်ကနေ ရထားစီးပြီး ရန်ကုန်ရောက်တော့ မခင်ဝင်းရွှေနှင့် အချိတ်အဆက်လုပ်ပြီး မတ်လ ၁၀ ရက်နေ့မှာ ရုံးတက်လက်မှတ်ထိုးဖို့ အစီအစဉ်ရယ်၊ အဲဒီညနေမှာ ရထားဖြင့် တောင်ကြီးပြန်ဖို့ကိုတိုင်ပင်ပြီး တိုင်ပင်ထားတဲ့အတိုင်း အစီအစဉ်လုပ်ထားရပါသည်။ မတ်လ ၉ ရက်နေ့တွင် စာမေးပွဲပြီးသည်။ ၁၀ ရက်နေ့ မနက်တွင် ယခင်အခေါ် ပုလိပ်ရုံးကြီး နောင် လမ်းစဉ်ပါတီဌာနချုပ်ရုံး၌ တရားသူကြီးတစ်ဦး ရှေ့မှောက်မှာ လက်ထပ်ထိမ်းမြားခြင်းစာချုပ် လက်မှတ်ရေးထိုးကြပါသည်။ အသိသက်သေတွေကတော့ ကျွန်တော့်သူငယ်ချင်း ဗိုလ်ခင်မောင်ညို နဲ့ မဝင်းရွှေရဲ့ သူငယ်ချင်း မတင်တင်လင်း (ယခုမျက်စိအထူးကုဆရာဝန်ကြီးဒေါက်တာတင်တင်လင်း) တို့ဖြစ်ကြပါသည်။ ညနေ ရွှေညောင်အမြန်ရထားနှင့်လိုက်မည်ဖြစ်၍ ဆေးကျောင်းသူ သူငယ်ချင်းတစ်သိုက်က ရန်ကုန်ဘူတာကြီးမှာလိုက်ပို့ပြီး ဂုဏ်ပြုနှုတ်ဆက်ကြပါသည်။

မျက်ရည်လည်ရသည်

ရွှေညောင်ဘူတာကို မတ်လ ၁၁ ရက်နေ့ နေ့ခင်းမှာရောက်တော့ အမေ ဒေါ်ခင်စန်း ကိုယ်တိုင် ရွှေညောင်ဘူတာကနေ စောင့်ကြိုနေတာကိုတွေ့ရပါသည်။ တောင်ကြီးရောက်တော့ ကျွန်တော်တို့ကို လက်ထပ်ပေးသည့် မိဘနှစ်ပါးလိုပါပဲ။ သူတို့စီစဉ်ထားသည့် အခန်းကိုခေါ်ပြပါသည်။ ကျွန်တော်တို့ ဇနီးမောင်နှံလည်း အခန်းထဲမှာပဲ ဆရာနှင့်ဆရာကတော်တို့ကို ထိုင်ကန်တော့ကြရင်း မျက်ရည်လည်မိပါသည်၊ ဝမ်းသာလွန်းလို့ပါ။ အဲဒီမတ်လ ၁၁ ရက်နေ့ညတောင်ကြီးက ဆရာ့အိမ်မှာ တစ်ညအိပ်ပြီး မတ်လ ၁၂ ရက်နေ့မှာ နမ့်စန်ကို ထွက်ခွာခဲ့ကြပါသည်။ ကျွန်တော့်ဇနီး မခင်ဝင်းရွှေနှင့် နမ့်စန်မှာ နှစ်လလောက်အတူနေကြပြီး ဆေးကျောင်းဆက်တက်ဖို့ ဇနီးသည်ရန်ကုန်ပြန်သွားသည့်အခါမှာ ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့ရသည်။ ဇနီးသည်ကတော့ ဆေးတက္ကသိုလ်မှာ ဆက်လက်တက်ရင်းနှင့် ဆရာဝန်ဖြစ်ခဲ့သည်။ ဒါကတော့ ကျွန်တော့်ဆရာနှင့်

www.burmeseclassic.com

www.burmeseclassic.com

ဆရာကတော်က ကျွန်တော်၏ လက်ဦးဆရာလည်းဖြစ်၊ မိဘသဖွယ်လည်း ဖြစ်ခဲ့သည်ဆိုတာကို ဇာတ်ကြောင်းပြန်ရတာဖြစ်သည်။

တပ်မ ၇၇ ရောက်တော့

နောက်တပ်မ ၇၇ ရောက်တော့လည်း ပဲခူးရိုးမမှာ အခြေပြုထားသည့် ဗကပဗဟိုစစ်ဆင်ရေးတလျှောက်လုံး ဆရာတပည့်အတူတွဲပြီး တာဝန်တွေထမ်းရွက်ခဲ့ကြတာ ကျွန်တော်အတွက်ကတော့ အလုပ်လုပ်ရင်း ပညာရပ်အစုံအလင်ကို ဆည်းပူးလေ့လာခွင့်တွေရခဲ့ပါသည်။ ဆရာကလည်း သူတတ်သည့်ပညာတွေကို ဖြန့်ဝေပေးခဲ့ပါသည်။ အဲဒီမှာ ဗကပဗဟိုဆီကလည်း သင်ခန်းစာတွေ ရပါသည်။ တရုတ်နိုင်ငံ၏ ဩဇာခံယူပြီး ပဲခူးရိုးမက ပေါက်ခေါင်းဒေသမှာ အာဏာနီတည်ဆောက်၍ ပျက်စီးသွားတာတွေ၊ ပဲခူးရိုးမနှင့် မြရာပင်ကြောပေါ်မှာ ဖြုတ်ထုတ်သတ်လမ်းစဉ်ကျင့်သုံး၍ ဗကပဗဟိုပြိုကွဲပြီး ဗကပ ခေါင်းဆောင်ကြီးတွေဖြစ်ကြသည့် သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ချစ်၊ ဗိုလ်ရန်အောင်၊ ဗိုလ်ဇေယျ၊ ဒေါက်တာနတ်၊ ရဲဘော်ရွှေးတို့သည် တောတွင်းမှာပဲ ကွယ်လွန်ခဲ့ကြရတာတွေသည် ကြေကွဲဖွယ်ရာ ဇာတ်လမ်းသဖွယ်ဖြစ်၍ အလွန်ထူးခြားတဲ့ သင်ခန်းစာတွေ ရလိုက်ပါသည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး

ကျွန်တော့်ဆရာ ဗိုလ်ချုပ်တင့်ဆွေ မော်လမြိုင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်ကို တိုင်းမှူးအဖြစ် ပြောင်းရွှေ့တော့ ကျွန်တော်လည်းဆရာနှင့်အတူ တိုင်းမှူး၏ကိုယ်ရေးအရာရှိအဖြစ်ပါသွားပြန်ပါသည်။ အဲဒီမှာ ကွန်မင်ဒိုစစ်ဆင်ရေးနည်းပညာတွေရယ်၊ ပင်လယ်ပြင်စစ်ဆင်ရေးနည်းပညာတွေရယ်၊ မွန်နှင့်ကရင်တိုင်းရင်းသားများဒေသဖြစ်တာကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆောင်ရွက်မှုနည်းပညာတွေပါ လေ့လာဆည်းပူးခဲ့ရပါသည်။ ၁၉၆၉-၁၉၇၀ ပြည့်နှစ်တွေမှာ ဝန်ကြီးချုပ်ဦးနု၏ ပြည်ပြေးအစိုးရ လက်နက်ကိုင်ဆန့်ကျင်မှုတွေ ဖြစ်ထွန်းလာစေမှာ အနောက်နိုင်ငံကြီးတစ်ချို့ရဲ့ မြှောက်ပင့်ပေးမှုတွေကြောင့် အောက်ခြေလွတ်လပ်ရေး၊

www.burmeseclassic.com

www.burmeseclassic.com

အချင်းချင်းတန်ခိုးအရှိန်အဝါ ပြိုင်ဆိုင်မှုများဖြစ်၍ နောက်ဆုံးပြိုကွဲပြီး ဖရိုဖရဲ ဖြစ်သွားကြတာတွေဟာ သင်ခန်းစာအဖြစ် ဖော်ထုတ်ရယူနိုင်ခဲ့ပါသည်။

ရှမ်းသေနတ်ကိုင်တပ်ရင်းသို့

၁၉၇၃ ခုနှစ်မှာတော့ ဆရာ့ထံပါးက ခွဲထွက်လာခဲ့ရပြီး အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်းကို တပ်ခွဲမှူး(ဗိုလ်မှူး)အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သွားရပြီဖြစ်ပါသည်။ နောက်ပိုင်းတပ်မတော်က ပေးအပ်သည့်တာဝန်များထမ်းရွက်ရင်းနှင့် ၁၉၈၈ ခုနှစ်ထဲရောက်တော့ နိုင်ငံရေးတာဝန်တွေပါ ထမ်းရွက်ရင်းဖြင့် ပြဿနာပေါင်းစုံ၊ အခက်အခဲပေါင်းစုံကို ကြိုးစားရင်ဆိုင်ဖြေရှင်းဆောင်ရွက်ရင်းနှင့် ကြိုတင်မျှော်မှန်းမထားတဲ့ ဖြစ်စဉ်ဖြစ်ရပ်နှင့် ကြုံရပါတော့သည်။

တောင်ဒဏ် ၄၄ နှစ်

၂၀၀၄ ခုနှစ်မှာ ကျွန်တော်အရေးယူခံရ၍ ထောင်ဒဏ် ၄၄ နှစ် ချမှတ်ခံရပါသည်။ သို့သော် ကံကောင်း၍ ထောင်ထဲမှာမနေရပဲ နေအိမ်မှာပဲ အကျယ်ချုပ်ချထားစဉ်ကာလမှာ ကျွန်တော်၏ မိခင်သဖွယ်ဖြစ်နေသော မမစန်း(အမေဒေါ်ခင်စန်း)ကျန်းမာရေးမကောင်းဖြစ်နေတာသိပေမယ့် အနီးကပ် မပြုစုနိုင်ခဲ့ပါ၊ ခွင့်လွှတ်ပါတော့ အမေခင်ဗျာ။ ကွယ်လွန်သည့်အချိန်ထိ ကျွန်တော့်ကျေးဇူးရှင် အမေဒေါ်ခင်စန်းကို မပြုစုနိုင်ခဲ့ပါ။ ကွယ်လွန်ချိန်မှာတော့ ဆရာ/ဖခင်ဖြစ်သည့် ဗိုလ်ချုပ်တင့်ဆွေက သက်ဆိုင်ရာတွင် ခွင့်တောင်းပေးမှုကြောင့် ကျေးဇူးရှင် အမေဒေါ်ခင်စန်း၏ ရုပ်အလောင်းကို သွားရောက်ကန်တော့ဂါရဝပြုခွင့်ရခဲ့ပါသည်။ တစ်နာရီခန့် ဆရာ/အဖေနှင့် စကားပြောခွင့်ရခဲ့ပါသည်။

လွှတ်ပေးသူများကို ကျေးဇူးတင်

ယခုတော့ ကျွန်တော်လွတ်လပ်နေပါပြီ၊ ပြစ်ဒဏ်ကျရက် ခုနစ်နှစ်မှာ ကျွန်တော့်ကိုပြန်လွှတ်ပေးသဖြင့် ကျွန်တော်အလွန်ကံကောင်းပါသည်။ လွှတ်ပေးသူများကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မရှင်းတာလေးတစ်ခု

ကျွန်တော် တစ်ခုမရှင်းတာလေးရှိနေပါသည်။ ကျွန်တော်အရာရှိငယ် ဘဝက ကျွန်တော့်ဆရာနှင့် ကျွန်တော်အတူတွဲလျက် တာဝန်ထမ်းဆောင်ကြပုံ၊ ကျွန်တော့်ကို သင်ကြားလေ့ကျင့်ခဲ့ပုံ၊ သူ့ဘဝအကြောင်းရေးရင်းနှင့် ကျွန်တော် အကြောင်းပါတွဲပြီးရေးထားတဲ့စာအုပ်ကို ထုတ်ခွင့်မရခြင်းဖြစ်ပါသည်။ ဖြစ်ပုံက ဒီလိုပါ၊ ဒီစာအုပ်ရေးပြီးတဲ့အချိန်က စာပေလွတ်လပ်ခွင့်မပေးသေးတဲ့အချိန်မို့ ခွင့်ပြုချက်မကျသေးဘဲထုတ်ဝေခြင်း မပြုသေးသည့်စာအုပ်ပါ။ စာပေလွတ်လပ်ခွင့်လည်း ပေးလိုက်ရော စာအုပ်ထုတ်ဝေသူတွေ အလုအယက်ထုတ်ကြတာပေါ့။ အဲဒီအချိန်မှာ ဒီစာအုပ်ကိုထုတ်ဖို့ စဉ်းစားနေတုန်းမှာ မြန်မာနိုင်ငံ ရဲသတင်းတပ်ဖွဲ့(SB)က ဒုတပ်ဖွဲ့မှူးကိုယ်တိုင် ဗိုလ်ချုပ်တင့်ဆွေ၏ အိမ်ကိုရောက်လာပြီး စာပေစိစစ်ရေးကိုတင်ပြထားတဲ့ "ရွှေမှော်ဝန်းသား ဗိုလ်ခင်ညွှန့် (သို့မဟုတ်) ကျွန်တော့်သား" စာအုပ်ကို ထုတ်ဝေခြင်းမပြုပါနှင့် ဟူ၍ လာရောက်တားဆီးခြင်း ပြုခဲ့ပါသည်။ မည်သူက ထုတ်ဝေခွင့်ကို တားဆီးခိုင်းသလဲတော့မသိပါ။ တားသည့်အဖွဲ့ကိုတော့ သိရှိခွင့်ရပါသည်။ ထိုအဖွဲ့ကတော့ ပြည်ထဲရေးဝန်ကြီးဌာနအောက်ကသိက္ခာရှိသည့် လုံခြုံရေး၊ ထောက်လှမ်းရေး တာဝန်ထမ်းရွက်နေသည့် အဖွဲ့အစည်းဖြစ်ပါသည်။

ယခုအချိန်မှာ စာအုပ်ပေါင်းစုံကလည်း လွတ်လွတ်လပ်လပ် ထုတ်ဝေနေကြပါပြီ၊ ဂျာနယ်ပေါင်းစုံကလည်း လွတ်လပ်စွာရေးသားကြပြီ။ သိက္ခာသမာဓိရှိသော တိုင်းပြည်မှာ ဝန်ကြီးတာဝန်ထမ်းရွက်ခဲ့သော အစဉ်အလာကောင်းရှိခဲ့သည့် ပုဂ္ဂိုလ်ကြီးတစ်ယောက် ရေးသားထားသည့်စာအုပ်ကို ထုတ်ဝေခွင့်မပြုတာကိုတော့ ကိုယ့်ကိုယ်ကို ဉာဏ်ရည်မမီတော့ဘူးလို့ပဲ စဉ်းစားမိပါသည်။

အကျိုးဖြစ်ထွန်းမည့်စာအုပ်ကောင်း

ကျွန်တော့် ဆရာကတော့ မိမိဂုဏ်သိက္ခာထိန်းသိမ်းတတ်သူ၊ စိတ်ကောင်းစေတနာကောင်းထားတတ်သူဖြစ်တာကြောင့် SB ကတာဝန်ရှိသူလာပြောတာကို အလေးအနက်ခံယူပြီး အဲဒီစာအုပ်ကိုမထုတ်ပဲထားတာ တစ်နှစ်တောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

သွားပါပြီ။ အဲဒီစာအုပ်ကတော့ တပ်မတော်မှာ အရာရှိငယ်များအတွက် ပညာဖြန့်ဝေပေးတဲ့စာအုပ်ပါ။ ဆရာ/တပည့်ဆက်ဆံရေးနှင့် ဆရာ့ထံမှ တပည့်က ပညာယူပုံ၊ ဆရာကလည်း တပည့်ကို သိအပ်တတ်အပ်သည့် အတတ်ပညာများကို လုပ်ငန်းတာဝန်ထမ်းရွက်ရင်း လေ့ကျင့်သင်ကြားပေးပုံ၊ တပည့်ကလည်း ဆရာထံမှ အတတ်ပညာ၊ အသိပညာများကို ကြိုးစားသင်ယူပုံများကို ရေးသားဖော်ပြထားခြင်းဖြစ်ပါသည်။ တိုင်းပြည်နှင့် တပ်မတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် စာအုပ်ကောင်းတစ်အုပ်ဟု ကျွန်တော့်အနေနှင့် ထင်မြင်မိပါသည်။

၈၉ နှစ် ရောက်နေပြီ

ယခု ကျွန်တော့်ဆရာက အသက်ကလည်း ၈၉ နှစ်ထဲရောက်နေပြီဆိုတော့ ဝိပဿနာတရား ကျင့်ကြံအားထုတ်ရင်း လက်ရှိအေးချမ်းသည့်ဘဝကနေ နိဗ္ဗာန်ရောက်ကြောင်းတရားများကို ကျင့်ကြံအားထုတ်နေသော သူတော်ကောင်းပုဂ္ဂိုလ်ကြီးဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

အသက် ၈၉ နှစ်ရောက်ပြီ

www.burmeseclassic.com

www.burmeseclassic.com

တပ်မတော်အစိုးရအတွင်း ခေါင်းဆောင်အပြောင်းအလဲ

အခန်း အကြောင်းအရာ

၂၅။ တပ်မတော်အစိုးရအတွင်း ခေါင်းဆောင်အပြောင်းအလဲ

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၅

တပ်မတော်အစိုးရအတွင်း ခေါင်းဆောင်အပြောင်းအလဲ

ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့ဘယ်လို အပြောင်းအလဲဖြစ်ခဲ့ကြတာလဲ ဆိုတာကို လူအများစိတ်ဝင်စားနေကြတာ အမှန်ဖြစ်ပါသည်။ အမျိုးမျိုးထင်ကြေးပေးကြတာတွေလည်းရှိပါသည်။ ဖြစ်စဉ်ဖြစ်ရပ် အမှန်ကိုသိချင်ကြတာ တရားပါသည်။ ကျွန်တော်လည်းအချိန်မတန်သေးမီ ဖွင့်မပြောပဲ ရေငုံနှုတ်ပိတ်နေခဲ့တာပါ၊ ဒီဖြစ်ရပ်က ကျွန်တော်တစ်ယောက်ပဲ အကြောင်းစုံသိသူ၊ ပါဝင်ဆောင်ရွက်ပေးရသူဖြစ်တာကြောင့် အချိန်တန်လောက်ပြီဟု ယူဆ၍ ဖွင့်ပြောရခြင်းဖြစ်ပါသည်။ သမိုင်းကြောင်းအမှန်လည်းဖြစ်ဖို့လိုတာကြောင့်ပြောရခြင်း ဖြစ်ပါသည်။

တကယ့်ဖြစ်ရပ်အမှန်စတာက ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ကျန်းမာရေးအခြေအနေက စတင်ခဲ့တာပါ။ ဗိုလ်ချုပ်မှူးကြီးစောမောင်က အလွန်စာဖတ်သူ၊ အလွန်စဉ်းစားသူဖြစ်ပါသည်။ ရုံးတွင်းစာတွေကော၊ အပြင်က ဖတ်စရာစာအုပ်တွေ၊ ဟိုလူပေး၊ ဒီလူပေးစာအုပ်တွေအားလုံးကို ဖတ်တာပါပဲ၊ စာတွေဖတ်တာမှ ညသန်းခေါင်ကျော်အထိ စာဖတ်နေတော့ အိပ်ရေးပျက်တာက စတာပါပဲ၊ အိပ်ရေးပျက်ပါများတော့ ကျန်းမာရေးတစတစ ချွတ်ယွင်းလာတော့တာပါပဲ။

ဒီလို ကျန်းမာရေးချွတ်ယွင်းလာမှုကို အကြောင်းခံပြီး ရုံးဆင်းရုံးတက်နီးအောင်၊ ရုံးမတက်နိုင်ရင်တောင် နေအိမ်သို့သွားရောက်တင်ပြစရာ တင်ပြနိုင်

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အောင် စစ်ရုံးပရိဝုဏ်အတွင်းမှာ နေအိမ်တစ်လုံးစီစဉ်ပြီးပြောင်းရွှေ့ပေးပါသည်။ ဗိုလ်ချုပ်မှူးကြီး၏ ကျန်းမာရေးသည် မြစ်ကြီးနားခရီးစဉ်၊ မန္တလေးခရီးစဉ်၊ မုံရွာခရီးစဉ်တွေမှာ ထူးခြားမှုတွေပိုဖြစ်လာသည်။ အချင်းချင်းဆက်ဆံရာမှာရော၊ ပြည်သူနှင့် ပြောဆိုဆက်ဆံရာမှာရော ပုံမှန်မဟုတ်တော့ပါ။

'တစ်ခါတစ်ရံ မူမမှန်တာတွေ ကြုံတွေ့ခဲ့ရသည်။ ခရီးစဉ်တွေပြီး၍ ရန်ကုန်ပြန်ရောက်သည့်အခါမှာ တပ်မတော်မှဆရာဝန်ကြီးများနှင့်တိုင်ပင်ပြီး လိုအပ်သောဆေးဝါးကုသမှုကို ဂရုတစိုက်ဆောင်ရွက်မှု၊ ကုသပေးမှုများပြုလုပ်ခဲ့ရပါသည်။

အခြေအနေဆိုးဝါးမှုကတော့ ပစ္စတိုသေနတ်ကိုအမြဲကိုင်ထားခြင်းပဲ ဖြစ်ပါသည်။ သေနတ်ကျည်ဆံထွက်မှုမတော်တဆဖြစ်မှာပဲ စိုးရိမ်ရပါသည်။ အနီးကပ်စောင့်ရှောက်မှုကတော့ ဆရာဝန်ကြီးများနှင့် ကျွန်တော်ပဲဖြစ်ပါသည်။ ကျွန်တော့် အပေါ်တော့ ညီတစ်ယောက်လို ယုံကြည်မှုရှိသည်ဟု ထင်မှတ်ရပါသည်။ ကျွန်တော်၏ပြောကြားမှုကို အလွန်အလေးထားပါသည်။ အခြားသူများအပေါ် ယုံကြည်မှုနည်းလာသည်ဟု သူ၏အပြောအဆိုများအရ ခန့်မှန်း၍ ရပါသည်။ ကျွန်တော်တို့အစိုးရိမ်ဆုံးကတော့ သေနတ်ကျည်ဆံထွက်မှု၊ မတော်တဆ ထိခိုက်မှု ဖြစ်မှာ အလွန်စိုးရိမ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဥက္ကဋ္ဌကြီးဦးနေဝင်းထံ အကူအညီတောင်းဖို့

ဒါကြောင့်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ကျွန်တော်တိုင်ပင်ကြသည့် အခါတစ်ခုခုတော့ စဉ်းစားဆောင်ရွက်ဖို့ကောင်းတယ်ဆိုတာ အဖြေထုတ်၍ရတာနဲ့ တိုင်ပင်စရာ၊ အကြံကောင်းဉာဏ်ကောင်းယူစရာ ဥက္ကဋ္ဌကြီးဦးနေဝင်း (ဗြိမ်း) ထံသွားရောက်အကြံဉာဏ်ယူရန် သဘောတူခဲ့ကြပါသည်။ ဒီကိစ္စကလည်း အလွန်လျှို့ဝှက်စွာဆောင်ရွက်ပေးဖို့ စီစဉ်ကြရပါသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တစ်ညနေမှာ အိမ်ကစောင့်နေပြီး ကျွန်တော်နှင့်ကျွန်တော့်သား ဒေါက်တာရဲနိုင်ဝင်းက ကျွန်တော့်အိမ်ကကားနှင့်ထွက်ခဲ့ကြကာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ဝင်ခေါ်ရပါသည်။ ကျွန်တော့်ကားနှင့်ပင်သုံးယောက်စီးသွားကြပါသည်။ ကျွန်တော့်သားက ကားမောင်းပါသည်။ အခြားယဉ်မောင်းမပါစေပါဘူး၊ အေဒီလမ်း အိမ်ရောက်တော့ ဥက္ကဋ္ဌကြီး ဦးနေဝင်း(ဗြိမ်း)ကို အခြေအနေအရပ်ရပ်ရှင်းပြလိုက်တော့ "ဒါဆို ဒီကိစ္စက တိုင်းပြည်၏ မကောင်းကျိုးကိုဖြစ်နိုင်သလို၊ တပ်မတော်အတွက်လည်း အခြေအနေကောင်းဖြစ်မလာဘူး၊ ဒါကြောင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း တာဝန်ယူ ဆောင်ရွက်စရာရှိတာဆောင်ရွက်လိုက်ပါ၊ ဗိုလ်ချုပ်ခင်ညွှန့်ကကူညီ ဆောင်ရွက်ပေးပါ၊ ဆရာဝန်များနှင့်တိုင်ပင်ပြီးမှဆောင်ရွက်ပါ" ဟု အကြံဉာဏ်ပေးပါသည်။

၁၉၈၈ ခုနှစ်၊ တပ်မတော်က တိုင်းပြည်တာဝန်ကို စတင်ထမ်းရွက်စဉ်
ဗိုလ်ချုပ်ကြီးစောမောင်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်
ဒုဥက္ကဋ္ဌအဖြစ် ဒုဗိုလ်ချုပ်ကြီးသန်းရွှေက တာဝန်ယူဆောင်ရွက်စဉ်

www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်စွာဆောင်ရွက်ရမည့်ကိစ္စ

ကျွန်တော်တို့လည်း နေအိမ်အသီးသီးပြန်ကြပြီး စစ်ရုံးကို ပုံမှန်ရုံးတက်ကြသည်။ ရုံးရောက်သည့်အခါ တိုင်းမှူးများကို မနက်ဖြန်အရောက်ခေါ်ပြီး ရန်ကုန်မှာရှိကြသည့် နဝတအဖွဲ့ဝင်များ၊ ဝန်ကြီးများကိုပါ စစ်ဆင်ရေး အစည်းအဝေးပြုလုပ်မည်ဟု အကြောင်းပြကာ ဖိတ်ကြားလိုက်ပါသည်၊ ဒီကိစ္စ ခေါင်းဆောင်အပြောင်းအလဲလုပ်ရမည့် ကိစ္စဖြစ်၍ပေါက်ကြား၍မရပါ၊ လျှို့ဝှက်စွာဆောင်ရွက်ရသည့် ကိစ္စဖြစ်ပါသည်။ တိုင်းမှူးများစုံလင်စွာရောက်ရှိသည့်အချိန်မှာ အစည်းအဝေးခန်းကို အလုံပိတ်ထားလိုက်ပြီး တိုင်းမှူးများ၊ နဝတအဖွဲ့ဝင်လူကြီးများနှင့် ဝန်ကြီးများကို ဗိုလ်ချုပ်မှူးကြီးစောမောင်၏ ကျွန်းမာရေးအခြေအနေအကြောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ကျွန်တော်တို့က ရှင်းလင်းပြကြပါသည်။ ထို့နောက် ဒုဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကပင် ဆက်လက်၍ ခေါင်းဆောင်မှုယူမည်ဖြစ်ကြောင်း ကျွန်တော်ကပဲ ဆက်ရှင်းပါသည်။ အဲဒီအချိန်မှာ ဗိုလ်ချုပ်မှူးကြီးစောမောင်ကတော့ သူ၏နေအိမ်မှာ ဆရာဝန်များ၏ စောင့်ရှောက်မှုနှင့် ရှိနေစေပါသည်။ အထူးအစည်းအဝေးမှာ အားလုံးကသဘောတူညီကြသဖြင့်

ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်ဇနီးတို့ မန္တလေး မုံရွာခရီးစဉ်တွင်
ဘုရားများဖူးရင်း၊ ဂေါပကအဖွဲ့ဝင်တစ်ဦးသို့ အလှူငွေပေးအပ်လျှက်ပါရှိ

www.burmeseclassic.com

www.burmeseclassic.com

တရုတ်နိုင်ငံယူနန်ပြည်နယ်ခရီးစဉ်တွင် ဗိုလ်ချုပ်မှူးကြီးစောမောင်ကို
တိုင်းမှူးများ၊ ဝန်ကြီးအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ တွေ့ရစဉ်

ညဝိုင်းမှာ မြန်မာ့အသံက သတင်းကြေညာချက်ထုတ်ကာ ခေါင်းဆောင်မှု
အပြောင်းအလဲကို ပြည်သူများသို့အသိပေးခဲ့ပါသည်။ စီစဉ်ဆောင်ရွက်မှုများအားလုံး
ချောချောမွေ့မွေ့ဖြစ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်မှူးကြီးစောမောင်အပေါ် ချစ်ခင်လေးစားမှုရှိပါသည်

ကျွန်တော့်အနေနှင့်ဗိုလ်ချုပ်မှူးကြီးစောမောင်ကို ချစ်ခင်လေးစားမှုအမြဲရှိပါသည်။ မိသားစုအပေါ်လည်း သံယောဇဉ်ရှိပါသည်။ သို့သော် တိုင်းပြည်၏အရေး၊ တပ်မတော်၏အရေးကိစ္စဖြစ်သဖြင့် ပုဂ္ဂိုလ်ရေးချစ်ခင်လေးစားမှုကို အလေးမထားနိုင်ပဲ လုပ်သင့်လုပ်ထိုက်သည်ကို ဆောင်ရွက်လိုက်ရခြင်းဖြစ်ပါသည်။ ဤကိစ္စရပ်မှာ ကျွန်တော့်မှာတာဝန်ရှိသည်ဟု ပြောကြဆိုကြဝေဖန်ကြလျှင် ကျွန်တော်ခံယူရမည်သာ ဖြစ်ပါသည်။

နောက်ပိုင်းမှာ ဗိုလ်ချုပ်မှူးကြီးစောမောင်က ကျွန်တော့်ကိုတွေ့ချင်သည်ပြော၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ခွင့်ပြုချက်ရယူပြီး ကျွန်တော်သွားတွေ့ပါသည်။ နှစ်သိမ့်မှုပြုရပါသည်၊ တာဝန်ယူစောင့်ရှောက်ပါမည်ဟုလည်း ကတိပေးခဲ့ပါသည်။ အေးအေးဆေးဆေးတည်တည်ငြိမ်ငြိမ်ဖြင့် အပြောင်းအလဲတစ်ခုကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၀

ကျွန်တော်နှင့် ဒီပဲရင်းအရေးအခင်း

အခန်း အကြောင်းအရာ

၂၆။ ဒီပဲရင်းအဖြစ်အပျက်နှင့် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၆

ဒီပဲရင်းအဖြစ်အပျက်နှင့် ကျွန်တော်

ဒီအဖြစ်အပျက်နှင့် ပတ်သက်၍ ကျွန်တော်မသိပါဟု ပြောရင် ကျွန်တော် လိမ်ညာရာရောက်ပါမည်။ ကျွန်တော်က အတွင်းရေးမှူး (၁) ဆိုတော့ ဒီကိစ္စက လည်း နိုင်ငံရေးဖြစ်စဉ်ဖြစ်တာကြောင့် ကျွန်တော်မသိ၍မဖြစ် သိပါသည်။ အဲဒီ အချိန်မှာ ဒေါ်အောင်ဆန်းကြည်ကလည်း ယာဉ်တန်းရှည်ကြီးဖြင့် ရှေ့ပြေး မော်တော်ဆိုင်ကယ်အုပ်စုကြီးဖြင့် လှည့်လည်ကာ စည်းရုံးရေးတရားတွေ ဟောနေသည့်အချိန်ဖြစ်ပါသည်။ ဒီလို အုတ်အော်သောင်းနင်းဖြစ်ပေါ်နေသည့် အချိန်ဆိုတော့ အစိုးရအဖွဲ့အတွက် စိုးရိမ်စိတ်ဖြစ်ပေါ်နေတာကတော့ အမှန်ဖြစ်ပါ သည်။

အဲဒီလိုနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ယာဉ်တန်းရှည်ကြီးဟာ မန္တလေးမှ ထွက်ခွာပြီး လမ်းတလျှောက်စည်းရုံးရေးတရားတွေဟောရင်းနှင့် မုံရွာမြို့လည်း ရောက်ရော ဥက္ကဋ္ဌက ကျွန်တော်တို့လူကြီးပိုင်း ငါးယောက်၊ ခြောက်ယောက်ကို သူ့အခန်းသို့ ခေါ်လိုက်ပါသည်။ ကျွန်တော်တို့လူလည်းစုံရော တို့ဒေါ်အောင်ဆန်း စုကြည်ရဲ့ ယာဉ်တန်းကိုတားဆီးရမယ်၊ ဖြစ်တဲ့နည်းနဲ့တားဆီးရမယ်လို့ ပြောပါ သည်။ ထိုအချိန်တွင်ကျွန်တော်ကပဲ အကြမ်းဖက်တားဆီးတာမျိုးမလုပ်သင့်ကြောင်း ပြောသောအခါ ကျွန်တော့်တင်ပြမှုကိုလူကြီးက သဘောမတူပါ၊ အဲဒါကလည်း ကျွန်တော့်အတွက် ကောင်းသည်ဟုမြင်ပါသည်။ အဲဒီမှာတင်ပဲ ဒီကိစ္စနှင့် ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com

၍ ကျွန်တော့်ကို လုံးဝတာဝန်မပေးတော့ပဲ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကို ဦးဆောင်စေကာ အဖွဲ့ဝင်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကို လိုက်ပါစေလျက် ရဟတ်ယာဉ်ဖြင့် မုံရွာသို့စေလွှတ်လိုက်ပါသည်။

ကျွန်တော့်မှာလည်း တာဝန်ရှိပါသည်

ထိုအချိန်တိုင်းမှူးကတော့ ဗိုလ်မှူးချုပ်စိုးနိုင်ဖြစ်ပါသည်။ အသေးစိတ်စီစဉ်ညွှန်ကြားမှုတွေတော့ မသိတော့ပါ။ သို့သော် ထောက်လှမ်းရေးတပ်ဖွဲ့တွေက တိုင်းစစ်ဌာနချုပ်နယ်မြေ အတွင်းမှာ၊ တိုင်းမှူး၏ ကွပ်ကဲမှုအောက်မှာရှိတာကြောင့် တစ်ချို့ဖြစ်စဉ်တွေကို ကျွန်တော်သိနေရတာအမှန်ပဲဖြစ်ပါသည်။ ထို့ကြောင့် ဒီဖြစ်စဉ်ကြီးတစ်ခုလုံးမှာ ကျွန်တော် ဦးဆောင်ပါဝင်ဆောင်ရွက်ရခြင်း မဟုတ်သော်ငြားလည်း ကျွန်တော်သည် အစိုးရအဖွဲ့ဝင် ထိပ်ပိုင်းခေါင်းဆောင်တစ်ယောက်ဖြစ်တာကြောင့် ကျွန်တော့်မှာလည်းတာဝန်ရှိသည်ဟုခံယူပါသည်။ အစိုးရအဖွဲ့ဆိုတာ အဖွဲ့ဝင်အားလုံးတိုင်ပင်ခြင်း၊ အသိပေးခြင်းဖြင့် လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ရတာဖြစ်တာကြောင့် ဘယ်လိုကိစ္စရပ်မျိုးပဲဖြစ်ဖြစ်၊ ဖြစ်ပေါ်လာသည့်အကြောင်းတရားနှင့် အကျိုးဆက်များအပေါ်မှာ အစိုးရအဖွဲ့ဝင်အားလုံးမှာ တာဝန်ရှိကြတာပါပဲ၊ အားလုံးကတာဝန်ခံကြရမှာဖြစ်ပါတယ်ဟူ၍ ပြောလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်ချက်များ

အခန်း	အကြောင်းအရာ
၂၇။	ကိုးကန့်ဒေသ ငြိမ်းချမ်းရေး
၂၈။	ကိုးကန့်အဖွဲ့ ဗကပမှ ခွဲထွက်ခြင်း
၂၉။	ဝဒေသ ငြိမ်းချမ်းရေး
၃၀။	ဝအဖွဲ့နှင့် ငြိမ်းချမ်းရေး
၃၁။	လက်နက်နှင့် ငြိမ်းချမ်းရေးလဲခဲ့သည့် ဦးခွန်ဆာ
၃၂။	ကေအိုင်အေ ကချင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေး
၃၃။	ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ ရလလဖ ပအိုဝ်အဖွဲ့ဥပဒေဘောင်ထဲဝင်ရောက်ခြင်း
၃၄။	KNU နှင့် ငြိမ်းချမ်းရေး ကြိုးပမ်းမှုများ
၃၅။	ကော် စဝမ နှင့် ဗကပတပ်မဟာ ၇၆၈ ငြိမ်းချမ်းရေး
၃၆။	ဗကပ ၁၀၁ စစ်ဒေသအဖွဲ့ငြိမ်းချမ်းရေး
၃၇။	SSA အဖွဲ့နှင့် ငြိမ်းချမ်းရေး
၃၈။	ပအိုဝ်အမျိုးသားအဖွဲ့ (PNO) ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း
၃၉။	ပလောင်အဖွဲ့ (PSLA) နှင့် ငြိမ်းချမ်းရေး
၄၀။	KIA တပ်မဟာ (၄) အသွင်ပြောင်း KDA အဖွဲ့ငြိမ်းချမ်းရေး
၄၁။	မွန်ပြည်သစ်ပါတီနှင့် ငြိမ်းချမ်းရေး
၄၂။	နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၇

ကိုးကန့်ဒေသငြိမ်းချမ်းရေး

ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်ရေး ရပြီးကတည်းကစ၍ တိုင်းပြည်အတွင်း၌ အတွေးအခေါ်၊ အယူအဆမတူညီမှုများ ကြောင့်သော်လည်းကောင်း၊ လူမျိုးရေးအစွဲအလမ်းများကြောင့်သော်လည်းကောင်း အချင်းချင်းပဋိပက္ခများဖြစ်ကြကာ လက်နက်ကိုင်ဆန့်ကျင်မှုများ ပေါ်ပေါက်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ အစိုးရအဆက်ဆက်ကလည်း ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းခဲ့ကြသော်လည်း အောင်မြင်မှုမရရှိခဲ့ကြပါ။ မတူညီကြသော သဘောထား၊ ခံယူချက်တို့ကို ဆွေးနွေးကြ၊ ညှိနှိုင်းကြရာတွင် ငြိမ်းချမ်းရေးဆိုသော ကိစ္စသည် မလွယ်ကူတာကတော့ အမှန်ပင်ဖြစ်ပါသည်။ အထူးသဖြင့် နှစ်ဦး နှစ်ဖက်စလုံးက ရိုးသားဖြူစင်ကြပြီး တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ယုံကြည်မှု တည်ဆောက်နိုင်ကြမည်၊ အာဃာတတွေ ကင်းပျောက်ကြမှသာ ငြိမ်းချမ်းရေး တည်ဆောက်မှု ဖြစ်ထွန်းလာမှာဖြစ်သည်။

၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ စတင်တာဝန်ယူစကာလမှာ ငြိမ်းချမ်းရေးကြိုးပမ်းမည်ဆိုတာမှုလရည်မှန်းချက်ထဲမှာပါရှိထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့၏ ပြည်သူများသို့ ပြောကြားချက်များထဲတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုအမြဲတန်းပြောကြားခဲ့တာဖြစ်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းက ဗကပလက်အောက်ခံ ကိုးကန့်တိုင်းရင်း

www.burmeseclassic.com

www.burmeseclassic.com

ကိုးကန့်ဒေသငြိမ်းချမ်းရေးရသည့် အထိမ်းအမှတ်အဖြစ် ခေါင်းဆောင် ဦးဖုန်ကြားရှင်
နှင့် အတွင်းရေးမှူး(၁)တို့ ငြိမ်းချမ်းရေး ချိုးများလွှတ်ကြစဉ်

သား လက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များသည် ယခင်တုန်းက သူတို့၏ ခေါင်းဆောင်ဖြစ်ဖူးသော ဦးလော်စစ်ဟန်နှင့် တွေ့ဆုံကြပြီး ''သူတို့အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးချင်တယ်၊ ဗကပ ခေါင်းဆောင်တွေအပေါ်ကိုလည်း မယုံကြည်တော့ဘူး။ သူတို့ဒေသဖွံ့ဖြိုးတိုးတက်မှုလည်း ဘာမှမဖြစ်ထွန်းဘူး။ ကိုးကန့်တိုင်းရင်းသားတွေလည်း အလွန်ဆင်းရဲနွမ်းပါးနေကြပြီ၊ ဗကပခေါင်းဆောင်တွေကို သူတို့အယုံအကြည်မရှိတော့ဘူး။ ဒါကြောင့် ဗိုလ်ချုပ်ခင်ညွှန့်နဲ့ တွေ့ဆုံဆွေးနွေးချင်ပါတယ်။ ဦးလော်စစ်ဟန်ကူညီဆောင်ရွက်ပေးပါ''ဟု ပြောလာကြသည့် အတွက် ဦးလော်စစ်ဟန်သည် လားရှိုးမှာရှိသော ထောက်လှမ်းရေးတပ်မှူး ဗိုလ်မှူးသန်းအေး (ဗိုလ်မှူးကြီးသန်းအေး ကွယ်လွန်)နှင့် လာရောက်ဆက်သွယ်ပြီး အခြေအနေတွေရှင်းပြပါသည်။ ဒီကိစ္စရပ်သည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့်အကြောင်းအရာဖြစ်သောကြောင့် ဗိုလ်မှူးသန်းအေးသည် ချက်ချင်းရန်ကုန်သို့ ဆင်းလာပြီး ကျွန်တော်နှင့်တွေ့ဖို့ ခွင့်တောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကလည်း ဘာကိစ္စမှန်းမသိသော်လည်း အရေးကြီး၍သာ တွေ့ဖို့ ခွင့်တောင်းတာပဲဆိုပြီး တွေ့ဆုံဖို့ ခွင့်ပြုလိုက်ပါသည်။ ဗိုလ်မှူးသန်းအေး ရောက်လာပြီး အခြေအနေအရပ်ရပ်ကို ရှင်းပြတော့ ဒါသိပ်အရေးကြီးတာပဲဆိုပြီး ဒီကိစ္စကိုကျွန်တော်ဆက်လက်ဆောင်ရွက်ခွင့်ကို ဗိုလ်ချုပ်ကြီးစောမောင်နှင့် ဗိုလ်ချုပ်ကြီးသန်းရွှေတို့ကို သွားရောက်တင်ပြတော့ သူတို့ကလည်း သဘောတူကြပါသည်။ ထို့ကြောင့် အသေးစိတ်အစီအမံပြုလုပ်ပြီး ကျွန်တော်သည် ဗိုလ်မှူးသန်းအေးနှင့် မှာကြားစရာများကို အသေးစိတ်မှာကြားလိုက်ပါသည်။

ပဏာမတွေ့ဆုံမှုကို ပန်ဆိုင်းမှာလုပ်

ကျွန်တော်၏ကိုယ်စား ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ဖို့စတင်စီစဉ်ပါသည်။ အဲဒီအဖွဲ့မှာခေါင်းဆောင်အဖြစ် ဒုဗိုလ်မှူးကြီးတင်ဝင်း၊ ထောက်လှမ်းရေးအကူတပ်မှူး(နောင် အလုပ်သမားဝန်ကြီး)၊ အဖွဲ့ဝင်အဖြစ် ဗိုလ်မှူးသန်းအေးတို့ဖြစ်ကြပါသည်။ ၁၉၈၉ ခုနှစ်ထဲမှာစတင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပဏာမတွေ့ဆုံဆွေးနွေးမှုကို ကြ၊ကုတ်၊ ပန်ဆိုင်း (တရုတ်ပြည်ဘက်ကမ်း) ဟိုတယ်တစ်ခုမှာ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ကြပါသည်။ ထိုအချိန်တုန်းက ဗကပဗဟိုခွဲဟာ မုံးကိုးမှာရှိနေဆဲမို့ အထူးလျှို့ဝှက်ပြီး တွေ့ဆုံဆွေးနွေးမှုပြုလုပ်ကြရတာဖြစ်သည်။ အဲဒီတွေ့ဆုံဆွေးနွေးမှုရလဒ်နှင့် ဆွေးနွေးမှုအသေးစိတ်အချက်အလက်များကို အဖွဲ့ခေါင်းဆောင်က ကျွန်တော့်ကို အသေးစိတ်တင်ပြသည့်အပြင် တစ်ဖက်ပုဂ္ဂိုလ်များ၏သဘောထားနှင့် အယူအဆတို့ကိုပါ ထည့်သွင်းတင်ပြပါသည်။

ကိုးကန့်အဖွဲ့ လိုလားချက်

ကိုးကန့်အဖွဲ့၏ လိုလားချက်ကတော့ ဗကပလက်အောက်ကထွက်ပြီး ကိုးကန့်ဒေသဖွံ့ဖြိုးရေး၊ ကိုးကန့်လူမျိုးများ၏ စားဝတ်နေရေး ချောင်လည်ရေးတို့အတွက် တပ်မတော်နှင့် လက်တွဲ၍ ဆောင်ရွက်လိုသည်။ လောလောဆယ်တော့ လက်နက်တွေတော့ မစွန့်လွှတ်ချင်သေးဘူး။ သူတို့အပေါ်ယုံကြည်မှုဖြင့် တပ်မတော်အစိုးရက စိတ်ရှည်လက်ရှည်ဖြင့် ကူညီပေးဖို့တင်ပြကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြိမ်းချမ်းရေးရရှိပြီးနောက် အတွင်းရေးမှူး(၁)နှင့်အတူ
ကိုးကန့်ဒေသ လောက်ကိုင်သို့ ပထမဦးဆုံးအကြိမ် ရောက်ရှိရာ ကိုးကန့်တိုင်းရင်းသား
ခေါင်းဆောင်များက ကြိုဆိုကြစဉ်။

ကိုးကန့်အဖွဲ့၏ သဘောထားအမှန်ကိုသိရှိပြီးသည့်နောက် ဒုဗိုလ်မှူးကြီး တင်ဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယအကြိမ်တွေ့ဆုံဖို့ ထပ်မံစီစဉ်ရပြန်ပါသည်။ ဆွေးနွေးရမည့် အကြောင်းအရာများနှင့် လုပ်ပိုင်ခွင့်များကိုပါ သတ်မှတ်ပေးပြီး တစ်ဖက်အဖွဲ့၏ ချိန်းဆိုသည့်အချိန်၊ ချိန်းဆိုသည့်နေရာတို့တွင် ထပ်မံတွေ့ဆုံစေခဲ့ပါသည်။ နေရာကတော့ တရုတ်နိုင်ငံအတွင်းမှာပဲ ဖြစ်ပါသည်။

ကိုယ်တိုင်တွေ့ကြဖို့

ကျွန်တော်ကိုယ်တိုင် သူတို့ ခေါင်းဆောင်များနှင့် သူတို့ရဲ့ နယ်မြေထဲမှာ တွေ့ဆုံကြဖို့ ကြိုတင်ညှိနှိုင်းမှုတွေ လုပ်ကြခြင်းဖြစ်ပါသည်။ ကျွန်တော်နှင့် တွေ့ဆုံ ဆွေးနွေးကြဖို့ သူတို့ပေးသည့်နေရာကတော့ သူတို့စိုးမိုးထားသည့် နယ်မြေ ချင်းရှေဟော်ဆိုသော ရွာလေးတွင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကိုယ်တိုင် ငြိမ်းချမ်းရေးဆွေးနွေးဖို့ ခေါင်းဆောင်များ၏ ခွင့်ပြုချက်အရ ပထမဆုံးတိုင်းစစ်ဌာနချုပ်ရှိရာ လားရှိုးကိုသွားကြပါသည်။ ကျွန်တော်နဲ့ပါသည့် သူတွေကတော့ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်သန်းညွန့်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ်သိန်းဝင်း၊ ကျန်တာကတော့ ရုံးဌာနအကြီးအကဲများဖြစ်ကြသည်။ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများပါဝင်ကြပါသည်။

တိုင်းမှူးနှင့်အဖွဲ့ လိုက်ပါလာ

လားရှိုးရောက်သောအခါ တိုင်းမှူး ဗိုလ်ချုပ်မောင်သင့်နှင့်အဖွဲ့လိုက်ပါပြီး ကွမ်းလုံကို ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရသည်။ ကွမ်းလုံကနေ တပ်ခွဲတစ်ခွဲ လုံခြုံရေးလိုက်ပါလာပြီး မော်တော်ယာဉ်များဖြင့် စံပြရွာကိုသွားကြသည်။အဲဒီ စံပြရွာက တပ်မတော်၏ အစွန်ဆုံးစခန်းဖြစ်သည်။ အဲဒီစခန်းက ကျော်တာနဲ့ ကိုးကန့်လက်နက်ကိုင် တပ်ဖွဲ့များ၏ စိုးမိုးထားသည့်နယ်မြေဖြစ်ပါသည်။ အဲဒီစခန်းရောက်တော့ တိုင်းမှူးကို တပ်စုနှစ်စုထားခဲ့ပါ၊ တပ်စုတစ်စုလုံခြုံရေးနဲ့ သွားမည်ပြောတော့ တိုင်းမှူးက သဘောမတူချင်ဘူး၊ နောက်အကျိုးသင့်အကြောင်းသင့်ပြောပြတော့မှ သဘောပေါက်ပြီး တပ်စုတစ်စုလုံခြုံရေးနှင့် ကိုးကန့်အဖွဲ့ချိန်းဆိုထားသည့် ချင်းရွှေဟော်ကို ဆက်ထွက်ခဲ့ကြသည်။

အင်အား ၁၀၀၀ ခန့်ရှိ

စံပြရွာနှင့် ချင်းရွှေဟော်အကြား မြောက်ဘက်တောင်ကြောတွေပေါ်မှာ ကိုးကန့်လက်နက်ကိုင်တွေတန်းစီပြီး လုံခြုံရေးယူထားတာတွေ့ရသည်။အင်အားပြထားတာလည်းဖြစ်နိုင်သည်။ အင်အား ၁၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ အကယ်၍သာ ကျွန်တော့်မှာပါသည့် တပ်ခွဲတစ်ခွဲနှင့် သူတို့အင်အား ၁၀၀၀ ခန့် ယှဉ်ကြည့်ရင် အခြေအနေဘယ်လိုဖြစ်နိုင်သလဲဆိုတာ ခန့်မှန်း၍ရသည်။ ကျွန်တော်စီစဉ်လိုက်တာကတော့ သူတို့ကို ယုံကြည်မှုရှိသည်ဆိုတာကို ပြလိုက်တာ ဖြစ်ပါသည်။ ထို့ကြောင့် တပ်စုတစ်စုထဲခေါ်လာခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘာပြုလို့လုံခြုံရေးတပ် ခေါ်မလာတာလဲ

ချင်းရွှေဟော် ရွာအဝင်ရောက်တော့ ယခင်တုန်းက ချောင်းကူးတံတားကို ဘေလီသံပေါင်နှင့်တည်ဆောက်ထားတာပါ၊ ယခုတံတားမရှိတော့ပါဘူး။ သစ်ပင်ကြီးတစ်ပင်ကိုခုတ်လဲပြီး တံတားအဖြစ်လုပ်ထားတာပါ။ ကျွန်တော်တို့ ယာဉ်တန်းအဲဒီရောက်တော့ ကားပေါ်က အားလုံးဆင်းကြပြီး ပါလာတဲ့လုံခြုံရေးတပ်စုထဲက တပ်စိတ်နှစ်စိတ်ကို အဲဒီချောင်းကူးတံတားမှာထားခဲ့ပြီး လုံခြုံရေးတပ်စိတ်တစ်စိတ်နှင့် ကျွန်တော်တို့ရွာထဲကို ဝင်သွားကြသည်။ ကိုက် ၃၀၀ လောက်လျှောက်မိတော့ ကိုးကန့်ခေါင်းဆောင်တွေစောင့်နေသည့် ဝါးတဲ သုံးတဲတွေ့ရပါသည်။ အဲဒီတဲတွေရှေ့မှာ ကိုးကန့်ခေါင်းဆောင်များက တန်းစီပြီးကြိုနေကြသည်။ ရောက်ရောက်ချင်းပဲ ခေါင်းဆောင်ဦးဖုန်းကြားရှင်က လုံခြုံရေးလည်း မပါပါလား၊ ဘာကြောင့် လုံခြုံရေးတပ်ခေါ်မလာတာလဲဟု မေးတော့ ကျွန်တော်ကပဲ ခင်ဗျားတို့က ကျွန်တော့်လုံခြုံရေးကို တာဝန်ယူထားပြီး ဖြစ်လို့ ကျွန်တော့်အတွက် သီးခြားလုံခြုံရေးမလိုတော့လို့ လုံခြုံရေးခေါ်မလာတာ ပါလို့ ပြန်ဖြေလိုက်ပါသည်။

အဲဒီမှာတင် သူတို့အချင်းချင်း ကွိကျိ ကွိကျိတွေ ပြောသံကြားပြီး သူတို့ခေါ်သွားသည့် တဲထဲကိုလိုက်သွားကြသည်။ တဲထဲရောက်တော့ နေရာပေးသည့်ထိုင်ခုံတွေမှာ အသီးသီးထိုင်ကြပြီး ဧည့်ခံကျွေးမွေးမှုပြုလုပ်ကြပါသည်။ တအောင့်လောက်ကြာတော့ ကဲ ဆွေးနွေးကြရအောင်ဟု ပြောလိုက်တော့-

စတင်ဆွေးနွေး

ဦးဖုန်ကြားရှင်နဲ့ ဦးဖုန်ကြားဖူးတို့ ညီအစ်ကိုနှစ်ယောက်ကပဲ စတင်ဆွေးနွေးကြသည်။ သူတို့ပြောကြားချက်တွေကတော့ ကျွန်တော်ကြိုတင်သိရှိထားပြီး အကြောင်းအရာတွေပဲ ဖြစ်တာကြောင့် အားလုံးအဆင်ပြေချောမွေ့စွာပဲ ဆွေးနွေးပြီးမြောက်သွားသည်။ အချင်းချင်းကို ယုံကြည်မှုရှိအောင် တည်ဆောက်လိုက်သည့် အကျိုးရလဒ်ဖြစ်ပါသည်။ သူတို့အပေါ်အပြည့်အဝယုံကြည်မှုရှိ၍ လုံခြုံရေးတပ်ကို ယူမလာခြင်းဖြစ်သည်ဆိုတာကို သူတို့ယုံကြည်မှုဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ (၁) အဖွဲ့ဥက္ကဋ္ဌ တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်းကြားရှင်နှင့်အဖွဲ့အား ရန်ကုန်ဖြို့ ကုန်းမြင့်သာရှိ ဧရာဝတီရိုဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

ချက်ချင်းပြသလိုက်ခြင်းက ချက်ချင်းယုံကြည်မှုတည်ဆောက်လိုက်သည့် သာဓကပါ။ အလွန်ရိုးရှင်းသော လုပ်ရပ်လေးဖြင့် ယုံကြည်မှုကို တည်ဆောက်လိုက်တာပါပဲ။

ရိုးရှင်းသောတွေ့ဆုံမှု

ဆွေးနွေးပွဲကတော့ အလွန်ရှင်းပါတယ်။ သူတို့ဖြစ်ချင်တာ၊ သူတို့တိုင်းရင်းသားတွေအတွက် လိုအပ်ချက်တွေကို ရိုးရှင်းစွာဖြင့် တင်ပြကြတာပါပဲ။ ကျွန်တော်ကလည်း သူတို့လိုအပ်ချက်တွေဟာ အမှန်တကယ်လိုအပ်တာတွေဖြစ်နေတာကြောင့် အားလုံးလုပ်ပေးနိုင်တာချည်းပဲဖြစ်၍ သူတို့အတွက် ကျေနပ်အားရဖွယ်ဖြစ်ပါသည်။ ခေါင်းဆောင်များဖြစ်ကြသည့် ဦးဖုန်ကြားရှင်၊ ဦးဖုန်ကြာဖူး၊ ဦးရန်မိုးလျန်၊ ဦးရန်မိုးအန်း စသည့်ခေါင်းဆောင်ပိုင်းအားလုံးလည်း ဝမ်းမြောက်ဝမ်းသာ၊ ကျေနပ်အားရကြတာကြောင့် တရားဝင်ငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ကြေညာဖို့ တရားဝင်ဆောင်ရွက်ရန် လားရှိုးတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲအောင်မြင်မှုအခမ်းအနားပြုလုပ်ဖို့ ချိန်းဆိုခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရုံးစိုက်ရာ လောက်ကိုင်မြို့

ကျွန်တော်တို့အဖွဲ့လည်း ရန်ကုန်ပြန်ပြီး အကြီးအကဲများကို အခြေအနေ အရပ်ရပ်တင်ပြပြီးနောက် လားရှိုးမြို့ တိုင်းစစ်ဌာနချုပ်မှာ ကျင်းပမည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ တရားဝင်ထုတ်ပြန်မှုပြုလုပ်မည့်ရက်မတိုင်ခင် တစ်ရက်လားရှိုးသို့ ထွက်ခွာခဲ့ကြသည်။ နောက်ရက်မှာ တရားဝင်ဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေးအောင်မြင်မှု မှတ်တမ်းတင်အခမ်းအနားကျင်းပနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွက် အလွန်မဂ်ီလာရှိသော သမိုင်းဝင်သတင်းတစ်ရပ်ဖြစ်ပါသည်။ ရှမ်းပြည်နယ် မြောက်ပိုင်း အထူးဒေသ(၁)ဟုသတ်မှတ်ပြီး ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၏ လစာနှင့် စားစရိတ်များ သတ်မှတ်ပေးကာ ကိုးကန့်ဒေသ၏ ရုံးစိုက်ရာမြို့အဖြစ် လောက်ကိုင်မြို့ကို သတ်မှတ်ပေးခဲ့ပါသည်။ အဲဒီမှာ မြို့နယ်တစ်ခု၏ လိုအပ်ချက်များဖြစ်သော မြို့နယ်ရုံးအဆောက်အအုံများ၊ စာသင်ကျောင်း၊ ဆေးရုံများ ဆက်လက်တည်ဆောက်ခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်း ကောင်းအောင် လမ်းများပြုပြင်တည်ဆောက်ခြင်း၊ တံတားများတည်ဆောက်ပေးခြင်း၊ ဒေသခံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်ပေးမှုတွေကြောင့် ကိုးကန့်ဒေသသည် နေ့ချင်းညချင်း တိုးတက်ပြောင်းလဲလာမှုကို ကိုးကန့်တိုင်းရင်းသားများ လက်တွေ့ခံစားနေကြရသည်။

ဘိန်းအစားထိုး ပန်းကျုံစိုက်ပျိုးရေး

နောက်တစ်ဆင့်အားဖြင့် ဘိန်းစိုက်ပျိုးမှုပယောဂ်ရေးအတွက် ဘိန်းအစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေမှုတွေကြောင့် ဂျပန်နိုင်ငံက ဘိန်းအစားထိုးပန်းကျုံစိုက်ပျိုးရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ရာ အောင်မြင်မှုများရခဲ့ပါသည်။ ဂျပန်နိုင်ငံရဲ့ အာဏာရပါတီမှ ပန်းကျုံပညာရှင်များနှင့် ပန်းကျုံမျိုးစေ့များ ကူညီထောက်ပံ့ပေးမှုသည် အောင်မြင်ဖြစ်ထွန်းလာသဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်သည့်အတွက် ပန်းကျုံများများအထွက်ကောင်းလာကာ နောက်ဆုံး ဂျပန်နိုင်ငံသို့ပင် ပြန်ပို့ပို့ဆောင်နိုင်သည့် အခြေအနေမျိုးထိဖြစ်ထွန်းခဲ့သည်။ ယခင်ကတဲတွန်းလျှား များ၊

www.burmeseclassic.com

www.burmeseclassic.com

တဲအိမ်များဖြင့်သာ အနေများသော ကိုးကန့်ဒေသသည် ငြိမ်းချမ်းမှု ဖြစ်ထွန်းပြီးသည့်နောက်ပိုင်းမှာတွင် တိုက်တာအဆောက်အအုံများ၊ ကုန်တိုက်ကြီးများ၊ စတိုးဆိုင်ကြီး များ၊ ဟိုတယ်များဖြင့် သိသာစွာ တိုးတက်ဖွံ့ဖြိုးလာသည့်အပြင် မူးယစ်ပြတိုက်တည်ဆောက်ဖွင့်လှစ်ကာ မိမိပြည်သူများကိုပါ မူးယစ်ပညာပေးမှုများအထိ ဆောင်ရွက်လာနိုင်တာတွေ့ရပါသည်။

ဗကပအဖွဲ့၏ အုပ်ချုပ်မှုအောက်မှ ရှန်းထွက်ကာ နိုင်ငံတော်အစိုးရအဖွဲ့နှင့် ပူးပေါင်းကြိုးပမ်းမှုတွေကြောင့် အေးချမ်းတည်ငြိမ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ပြည်သူတို့၏ စားဝတ်နေရေး ချောင်လည်ဖြစ်ထွန်းလာခြင်းသည် ငြိမ်းချမ်းမှု၏ ရလဒ်ကောင်းများပင်ဖြစ်ပါကြောင်း ဖော်ပြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၈

ကိုးကန့်အဖွဲ့ ဗကပမှ ခွဲထွက်ခြင်း

၁၉၆၇ ခုနှစ်က မြန်မာ/တရုတ် ဆက်ဆံရေးမပြေလည်မှုကို အခြေခံအခွင့်ကောင်းယူကာ တရုတ်ပြည်မှာ ရောက်ရှိနေသော သခင်ဗသိန်းတင် ဦးဆောင်၍ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ဗကပအရှေ့မြောက်စစ်ဒေသကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၆၈ ခုနှစ် ဇန်နဝါရီလထဲမှာ မုံးကိုးရှိ တပ်မတော်စခန်းကို ဗကပတပ်များက တိုက်ခိုက်သိမ်းပိုက်ပြီး ဖောင်းဆိုင်၊ ကြူကုတ် (ပန်ဆိုင်း)ဒေသ ထိဝင်ရောက်လှုပ်ရှားခဲ့ကြသည်။ ယခင်ကာကွယ်ရေးလက်ကျန်များဖြစ်သော ဦးဖုန်ကြားရှင်၊ ဦးဖုန်ကြားဖူးတို့ကို စည်းရုံးသိမ်းသွင်းကာ တပ်ရင်းကြီး(၄၀၄) တပ်ရင်းမှူးဖြစ်လာသော ဦးဖုန်ကြားရှင် ခေါင်းဆောင်လျက် ကုန်းကြမ်းရှိ တပ်မတော်စခန်းကိုပါ တိုက်ခိုက်သိမ်းယူခဲ့ကြသည်။

ဖုန်ကြားရှင်ကို ပွဲထုတ်

ဤကဲ့သို့အားဖြင့် ဦးဖုန်ကြားရှင်ကို ပွဲထုတ်ပေးပြီး ဗကပ၏အရှေ့မြောက်စစ်ဒေသမှူး၊ ဗဟိုစစ်ကော်မရှင်အရန်ဗဟိုကော်မတီဝင်အဖြစ် နေရာပေးလာတာကိုတွေ့ရသည်။ နောက်ပိုင်းမှာ ဦးဖုန်ကြားရှင်နှင့် တင်ရီ(ခ)ယမ်ကွမ်းတို့ သဘောထားကွဲမှုများဖြစ်ပေါ်လာပြီး ဗဟိုမှာ ဗမာတွေပဲ အာဏာချုပ်ကိုင်ထားပြီး စစ်တိုက်တဲ့အခါကျတော့ တိုင်းရင်းသားတွေသာ စစ်တိုက်ရတယ်၊ သေတော့လည်း

www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းသားတွေပဲ သေရတယ်၊ တိုင်းရင်းသားဒေသတွေတိုးတက်ဖို့ဖြိုးမှုတော့ ဖြစ်ထွန်းမလာသေးဘူးဆိုပြီး ကိုယ်ရေးကိုယ်တာကနေ အယူအဆရေးရာပိုင်းပါ ပါဝင်လာကာ ကိုးကန့်ရော ဝတိုင်းရင်းသားခေါင်းဆောင်တွေပါ ဗကပထိပ်ပိုင်း ခေါင်းဆောင်များအပေါ် မကျေမနပ်ဖြစ်နေကြတာတွေ့ရသည်။ ထို့ကြောင့် ထလတ(၉) တပ်မှူး ဗိုလ်မှူးသန်းအေးကို ၁၉၈၇ ခုနှစ်က စတင်ကာ ကိုးကန့်ဒေသကို ထိုးဖောက်စည်းရုံးဖို့ တာဝန်ပေးခဲ့သည်။

ဗကပမှ ခွဲထွက်ရန်စီစဉ်ခြင်း

၁၉၈၇ ခုနှစ်ကစတင်ကာ ဦးလော်စစ်ဟန်၊ ဦးလော်စစ်မင်းတို့က တစ်ဆင့် ဦးဗုန်ကြားရှင်အုပ်စုနှင့် အဆက်အသွယ်များရခဲ့သည်။ ဒါကြောင့် ၁၉၈၈ ခုနှစ်ထဲမှာ ကိုးကန့်တပ်ဖွဲ့များ ဗကပမှ ခွဲထွက်ရန် စတင်စီစဉ်ခဲ့ကြကြောင်း သိရသည်။ ထိုသတင်းကို ဗကပဗဟိုက ရိပ်မိသွားသောကြောင့် ခွဲထွက်ဖို့ အစီအစဉ်ကို ဆိုင်းငံ့ထားလိုက်သည်ဟု သိရပါသည်။ ၁၉၈၉ ခုနှစ် ဧနီနဝါရီလထဲမှာ ကိုးကန့်သာမက တမဟ(၁၂) ဝ-ခရိုင်မှူးပါ ခွဲထွက်ဖို့ သဘောတူထားပါသည်ဟု သတင်းများ ကြိုတင်ရရှိခဲ့ပါသည်။ ၁၉၈၉ ခုနှစ် မတ်လ ၇ ရက်နေ့ လောက်ကိုင်ဒေသ်တွင် ကိုးကန့်ခေါင်းဆောင်များ စုဝေးပြီး ခွဲထွက်ရေးအတွက် စည်းဝေးကြသည်။ ၁၉၈၉ ခုနှစ် မတ်လ ၁၂ ရက်နေ့မှာ ဗကပထဲက ခွဲထွက်ကြောင်း ကြေညာသည်။ မတ်လ ၁၈ ရက်နေ့မှာ ဗကပဗဟိုခွဲရှိရာ မုံးကိုးကို တိုက်ခိုက်သိမ်းပိုက်ပြီး ဗကပခေါင်းဆောင်များကို တရုတ်ပြည်ထဲပို့ပေးလိုက်ကြသည်။

ထိုအချိန်မှာ ဦးလော်စစ်ဟန်မှတစ်ဆင့် တလတ(၉) တပ်မှူး ဗိုလ်မှူးသန်းအေးနှင့် ဆက်သွယ်ကာ ငြိမ်းချမ်းရေးဆွေးနွေးလိုကြောင်း အကြောင်းကြားလာသဖြင့် ၁၉၈၉ ခုနှစ် ဧပြီလထဲမှာ ထောက်လှမ်းရေးမှ ဒုဗိုလ်မှူးကြီးတင်ဝင်း၊ ဗိုလ်မှူးသန်းအေးတို့အဖွဲ့ကို ကြူကုတ်တစ်ဖက်ကမ်း ပန်ဆိုင်း တရုတ်နိုင်ငံ အတွင်းမှာ နှစ်ကြိမ်တိုင်တိုင် ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ အဆင်ပြေမှုများဖြစ်ပေါ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၉ ခုနှစ်၊ ဇွန်လတွင် လောက်ကိုင်မြို့သို့ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွှန့်နှင့်အတူ ရောက်ရှိစဉ် ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ တွေ့ရစဉ်

၁၉၈၉ ခုနှစ် ဇွန်လ ၂၈ ရက်နေ့မှာ အတွင်းရေးမှူး(၁) ကျွန်တော် ကိုယ်တိုင် ကိုးကန့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် စီစဉ်နိုင်ခဲ့ပါသည်။ ရန်ကုန်က တပ်မတော်လေယာဉ်ဖြင့် လားရှိုးသို့ထွက်ခွာပြီး လားရှိုးမှ ရဟတ်ယာဉ်ဖြင့် ကွမ်းလုံသို့ ဆက်လက်ထွက်ခွာခဲ့သည်။ ကျွန်တော်နှင့်အတူ လိုက်ပါလာသူများကတော့ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်သိန်းဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သန်းညွှန့်၊ ဒုဝန်ကြီးအချို့နှင့် ဒုဗိုလ်မှူးကြီးတင်ဝင်း (ထလရအကူတပ်မှူး)၊ လားရှိုးမှ တိုင်းမှူး ဗိုလ်ချုပ်မောင်သင့်နှင့် တလရ(၉)တပ်မှူး ဗိုလ်မှူးသန်းအေး တို့လိုက်ပါလာကြပါသည်။ ကွမ်းလုံမှ စံပြရွာသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ လုံခြုံရေးတပ်အနေနှင့် တပ်ခွဲတစ်ခွဲလိုက်ပါလာပါသည်။ တပ်ခွဲအင်အားကတော့ စစ်သည် ၇၀ ခန့် လိုက်ပါစောင့်ရှောက်ကြခြင်းဖြစ်ပါသည်။ စံပြရွာမှာ တပ်မတော်၏ တပ်စုတစ်စု တပ်စခန်းဖြစ်ပြီး တပ်မတော်၏ အစွန်ဆုံးစခန်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယင်းစခန်းမှကျော်လျှင် ချင်းရွှေဟော်၊ လောက်ကိုင်စသည်ဖြင့် ကိုးကန့်တပ်ဖွဲ့များ နေရာယူထားသည့် နယ်မြေဖြစ်ပါသည်။ ကိုးကန့်တပ်ဖွဲ့ခေါင်းဆောင် ဦးဖုန်ကြား ရှင်နှင့်အဖွဲ့က ကျွန်တော်နှင့်တွေ့ဆုံဆွေးနွေးရန် စောင့်ကြိုနေသည့်စခန်းက ချင်းရွှေဟော် စခန်းပါ။

ယုံကြည်မှုတည်ဆောက်ခြင်း

စံပြရွာရောက်သည့်အခါ ကျွန်တော်စဉ်းစားလိုက်တာကတော့ အခုကိုးကန့်တပ်ဖွဲ့များနေရာယူထားသည့် နယ်မြေဒေသအတွင်း ဝင်ရောက်ရတော့မည်။ ယခုငြိမ်းချမ်းရေးကိစ္စ ဆွေးနွေးကြမှာဖြစ်တာကြောင့် ကိုးကန့်ခေါင်းဆောင်များကတော့ သူတို့အင်အားပြထားမှာ သေချာသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှုမရှိကြသေးသည့်ကာလဖြစ်သဖြင့် ယုံကြည်မှုရှိလာအောင် ဆောင်ရွက်နိုင်ရေးသည် ယခုအခါမှာ အလွန်အရေးပါလှသည်။ ဒါကြောင့် သူတို့၏ ယုံကြည်မှုရအောင် လုပ်ရမည့် အချိန်ကာလဖြစ်သည်။ ဒါကြောင့် တပ်အင်အားနည်းနည်းဖြင့် သွားခြင်းသည် သံသယ ရှိနေမှုကို လျော့ပါးစေမည်။ ဒါကြောင့် "တိုင်းမှူး ခင်ဗျားလုံခြုံရေး တပ်စုနှစ်စုထားခဲ့ပြီး တပ်စုတစ်စုတည်းနဲ့သွားမယ်" ဟုပြောလိုက်ရာ တိုင်းမှူးက ချက်ချင်း "ဟာ ဘယ်ဖြစ်မလဲ ဗိုလ်ချုပ်" တဲ့၊ ကျွန်တော်က ဗိုလ်ချုပ်နှင့်တကွ အားလုံးအတွက် လုံခြုံရေးတာဝန်ရှိသူဖြစ်တာကြောင့် တစ်ခုခုဖြစ်လျှင် ကျွန်တော့်မှာ တာဝန်ရှိလာမှာပါ၊ ဒါကြောင့် တပ်ခွဲတစ်ခွဲလုံးခေါ်သွားဖို့ စီစဉ်ပါ့မယ်" ဟု တိုင်းမှူး ဗိုလ်ချုပ်မောင်သင့်က ပြောလာပါသည်။

ကျွန်တော်ကလည်း ကြိုတင်စဉ်းစားထားပြီးဖြစ်တာကြောင့် "ကိုသင့်အကယ်၍များ သံသယစိတ်ကြောင့် တိုက်ပွဲဖြစ်ပြီဆိုရင် ကျွန်တော်တို့က လူ ၇၀ ကျော်ပဲရှိမယ်၊ သူတို့က အင်အားထောင်ဂဏန်းရှိလိမ့်မယ်၊ ကျွန်တော်တို့ အားလုံးသေမှာပဲ၊ ကျွန်တော်လည်း မကျန်ဘူး၊ ခင်ဗျားလည်းကျန်မှာမဟုတ်ဘူး၊ အားလုံးကုန်သွားမှာပဲ။ ခုရုံးဖွဲ့ဖို့ ခင်ဗျားလည်းမရှိတော့ဘူး၊ ကျွန်တော်လည်း မရှိတော့ဘူးလေ၊ ဘာကိုစိုးရိမ်နေရတာလဲ။ ကျွန်တော်ကတော့ ယုံကြည်ကြီးသားပါ၊ သူတို့လည်း ငြိမ်းချမ်းရေးလိုချင်နေကြပြီဆိုတော့ ပြဿနာဖြစ်ရောင် လုပ်မှာ

www.burmeseclassic.com

www.burmeseclassic.com

၁၁.၉.၉၉ ရက်က ကျင်းပသော ရှမ်းပြည်နယ် မြောက်ပိုင်းအထူးဒေသ(၁) ကိုးကန့်ဒေသ (၁၀)နှစ်ပြည့် ဦးမ်းချမ်းရေးအထိမ်းအမှတ်အခမ်းအနားတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က အထူးဒေသ(၁) ကိုးကန့် တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်ကြားရှင် အား ခင်မင်ရင်းနှီးစွာနှုတ်ဆက်စဉ်

မဟုတ်ဘူးလို့ ယုံကြည်ထားပါတယ်'' လို့ပြောလိုက်တော့ တိုင်းမှူးလည်း သဘောပေါက်သွားပြီး တပ်စုတစ်စုဖြင့်သာ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။

တန်းစီပြီးအင်အားပြထား

ကျွန်တော်ထင်ထားသည့်အတိုင်း ကျွန်တော်တို့ယာဉ်တန်း၏ ဘယ်ဘက်တွင် သစ်ပင်ကျိုးတိုးကျဲတဲဖြစ်နေသည့် တောင်ကြော၊ တောင်တန်းပေါ်တွင် ကိုးကန့်တပ်ဖွဲ့များ အင်အားအပြည့် တန်းစီပြီး အင်အားပြထားသည့် သဘောတွေ့ရပါသည်။ အင်အားကတော့ ထောင်ဂဏန်းရှိတာကတော့ သေချာတာပေါ့။ ကျွန်တော်တို့၏ ညာဘက်မှာက နမ့်တိန်းချောင်းဆိုတော့ အကယ်၍များ တိုက်ပွဲဖြစ်လျှင် ကျွန်တော်တို့အားလုံးလွတ်လမ်းမရှိနိုင်ပါ။ ကျွန်တော်တို့ ယာဉ်တန်းတစ်နာရီ ကျော်ကျော်လောက်သွားလိုက်တော့ ချင်းရွှေဟော်ရွာအဝင် ချောင်းကူး

www.burmeseclassic.com

www.burmeseclassic.com

တံတားနေရာရောက်ပါသည်။ ယခင်က ဘေလီတံတားရှိသော်လည်း တံတားပျက်နေတာကြောင့် သစ်ပင်လုံးကြီးကြီးကိုလဲပြီး တံတားလုပ်ထားတာတွေ့ရပါသည်။ အဲဒီမှာ ကျွန်တော်လည်း ချက်ချင်းစိတ်ကူးပေါက်ပြီး တပ်စိတ်နှစ်စိတ် ဒီတံတားကူးနေရာမှာ ကျန်ခဲ့ရမည်၊ တပ်စိတ်တစ်စိတ်တည်းနှင့်ပင် သွားကြမည်ဆိုပြီး ဆက်ပြီး ထွက်ခွာခဲ့ကြသည်။ ကျွန်တော်နှင့် လိုက်ပါလာသည့် လူကြီးများအားလုံး စိုးရိမ်စိတ်ရှိကြမည်ဟုထင်ပါသည်။ ကျွန်တော်တို့ ကိုက် ၃၀၀-၄၀၀ လောက် သွားလိုက်တော့ ကိုးကန့်ခေါင်းဆောင် ဦးဖုန်ကြားရှင်နှင့်အတူ ဦးဖုန်ကြားဖူး၊ ဦးလီကျုံးချန်၊ ဦးရန်မိုးလျှန်၊ ဦးရန်မိုးအန်းတို့နှင့် ဦးလော်စစ်ဟန်၊ ဦးလော်စစ်မင်းတို့က စောင့်ကြိုနေကြပါသည်။ အဲဒီကုန်းမြင့်လေးပေါ်မှာ တဲသုံးလုံး ဆောက်ထားပြီး ဆွေးနွေးဖို့အလယ်တဲမှာ စီစဉ်ထားတာတွေ့ရပါသည်။

ကိုးကန့်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု

ကျွန်တော်တို့ကို တွေ့တွေ့ချင်းပဲ ဦးဖုန်ကြားရှင်နှင့် ဦးဖုန်ကြားဖူးတို့က "ဗိုလ်ချုပ်တို့ လုံခြုံရေးလဲ ပါမလာပါလား" လို့ ဆီးကြိုရင်း မေးပါတော့သည်။ ကျွန်တော်ကပဲ "ကျွန်တော်တို့၏ လုံခြုံရေးကို ခင်ဗျားတို့အားလုံး တာဝန်ယူထားပြီးပြီဆိုတော့ ကျွန်တော့်လုံခြုံရေးခေါ်လာစရာမလိုတော့ဘူးပေါ့၊ ဒါကြောင့် လုံခြုံရေးတပ်ခေါ်မလာတော့ဘူးလေ" လို့ပြောလိုက်တော့ သူတို့အံ့သြ၊ အံ့အားသင့်သွားတဲ့ပုံကို ရိပ်မိလိုက်ပါသည်။ သူတို့အချင်းချင်း တရုတ်လို့ ကွိကျို ကွိကျို ပြောတာကိုတော့ ကြားလိုက်မိပါတယ်။ ဘာရယ်လို့ သဲသဲကွဲကွဲ မသိလိုက်သော်ငြားလည်းပဲ သူတို့စိတ်ထဲမှာ တစ်ခုခုတော့ လွှမ်းမိုးသွားပြီလို့ ထင်လိုက်မိပါသည်။

ခဏတဖြုတ်နေပြီး အလယ်တဲမှာ ဆွေးနွေးပွဲလည်း စတင်ရာ ခင်ဗျားတို့ ဘက်ကပြောစရာရှိတာ စတင်ပြောကြပါလို့ ပြောပေးလိုက်တဲ့အခါမှာ ဦးဖုန်ကြားရှင်ကပဲ "ဒုဗိုလ်မှူးကြီးတင်ဝင်း၊ ဗိုလ်မှူးသန်းအေးတို့နှင့် မှာကြားလိုက်တဲ့အချက်အလက်အကြောင်းအရာများကို ကြိုတင်သိရှိထားပြီး ဖြစ်ပါတယ်။ အဲဒီအတွင်းသာ ဆောင်ရွက်ပေးမယ်ဆိုရင် နောက်ထပ်တောင်းဆိုစရာ မရှိတော့ပါ၊ အားလုံး

www.burmeseclassic.com

www.burmeseclassic.com

သဘောတူပါတယ်''လို့ပြောလာပါသည်။ ဒီတင် ဆွေးနွေးပွဲကပြီးစီး အောင်မြင်နေပြီဖြစ်ပါသည်။ ကျွန်တော်ကလည်း ကြိုတင်ပေးထားသည့် အချက်အလက်များကို ရှင်းလင်းစွာ နားလည်သဘောပေါက်အောင် ထပ်မံရှင်းလင်း ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်နိုင်ပါသည်။

ယုံကြည်မှုကို အလေးထား

ကျွန်တော်၏ကြိုတင်စိတ်ကူးစီစဉ်မှုအရ တပ်အင်အား၊ လုံခြုံရေးအင်အားကို အလေးမထားပဲ သူတို့အဖွဲ့အစည်းအပေါ် ယုံကြည်မှုကို အလေးထားပြသလိုက်ခြင်းသည် ကျွန်တော့်အပေါ် အပြည့်အဝယုံကြည်မှုကို ဖြစ်ပေါ်စေသည်ဟု ကောက်ချက်ဆွဲ၍ ရလိုက်ပါသည်။

မြိန်ရည်ယှက်ရည်ရှိသော ထမင်းပွဲ

အဲဒီချင်းရွှေဟော်မှာပဲ ကိုးကန့်အဖွဲ့က စီစဉ်ထားသည့် ထမင်းပွဲကို မြိန်ရေရှက်ရေ စားသောက်ကြပြီး ငြိမ်းချမ်းရေးအောင်မြင်မှုပွဲကို လားရှိုးတွင် ပြုလုပ်ရန် စီစဉ်ခဲ့ကာ ကျွန်တော်တို့တစ်ဖွဲ့လုံးလည်း ဝမ်းသာအားရစွာဖြင့် သူတို့အဖွဲ့ကို နှုတ်ဆက်ပြီးနောက် ချင်းရွှေဟော်ကနေ ပြန်လည်ထွက်ခွာခဲ့ကြပါသည်။ အဲဒီနေ့က ကွမ်းလုံမှာပဲ တစ်ညအိပ်ပြီး နောက်ရက်မှာ လားရှိုးက တစ်ဆင့် ရန်ကုန်သို့ ပြန်ခဲ့ကြပါသည်။

ရန်ကုန်ရောက်တော့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား ငြိမ်းချမ်းရေးရရှိမှုအခြေအနေနှင့် တိုင်းပြည်သို့ အသိပေးကြေညာမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ အားလုံးဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး ဆက်လက်ဆောင်ရွက်ဖွယ်ရာတွေကို သဘောတူညီချက်နှင့်သတ်မှတ်ချက်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၂၉

ဝဒေသငြိမ်းချမ်းရေး

ဝဒေသကလည်း ကိုးကန့်ဒေသ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အားကျကာ ဝခေါင်းဆောင်များကပါ အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးလိုကြောင်း လားရှိုးရှိ ထောက်လှမ်းရေးတပ်မှူး ဗိုလ်မှူးသန်းအေးထံသို့ ဆက်သွယ်မှုပြုလုပ်လာခဲ့ပါသည်။ အမှန်တကယ်အားဖြင့် ကိုးကန့်ခေါင်းဆောင်များနှင့် ဝခေါင်းဆောင်များသည် အချင်းချင်းလျှို့ဝှက်ဆက်သွယ်မှုများရှိနေကြပါသည်။ ထို့ကြောင့် ဝခေါင်းဆောင်တွေဟာ ငြိမ်းချမ်းရေးဆွေးနွေးဖို့ကို သူတို့အချင်းချင်း ကြိုတင်ညှိနှိုင်းမှု၊ ဆွေးနွေးမှုများ ကြိုတင်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

ဗိုလ်မှူးသန်းအေး၏ တင်ပြချက်အရ ဒုဗိုလ်မှူးကြီးတင်ဝင်း ဦးဆောင်သည့်အဖွဲ့ကိုစေလွှတ်ကာ ပဏာမဆွေးနွေးမှုများပြုလုပ်သည့်အခါ ကိုးကန့်ဒေသ ငြိမ်းချမ်းရေးရယူသလို အဲဒီပုံစံအတိုင်း ဆောင်ရွက်စေလိုကြောင်းကို ကြိုတင်သိရှိခဲ့ပါသည်။ ထို့ကြောင့် ဝခေါင်းဆောင်များဖြစ်ကြသော ဦးကျောက်ညီလိုင်းနှင့် ဦးပေါက်ယူချန်းတို့ ဦးဆောင်သောအဖွဲ့နှင့် ဟိုပန်မြို့မှာ နှစ်ကြိမ်၊ ကွမ်းလုံမြို့မှာ တစ်ကြိမ် ဆွေးနွေးပြီးသည့်နောက်မှာ အပြီးသတ်ဆွေးနွေးပွဲကို လားရှိုးမြို့ တိုင်းစစ်ဌာနချုပ်ထဲမှာပြုလုပ်ကာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအောင်မြင်မှုကြေညာနိုင်ခဲ့ပါသည်။ ဝဒေသက ကျယ်ဝန်းတော့ ဒေသခေါင်းဆောင်များနှင့် သူတို့အချင်းချင်း အကြိမ်ကြိမ် ဆွေးနွေးမှုတွေ လုပ်နေရတာကြောင့် ကိုးကန့်ဒေသလို မမြန်ပါ။

www.burmeseclassic.com

www.burmeseclassic.com

Secretary 1 Lt-Gen Khin Nyunt Inspecting the Basic Education State Primary School in Mong Pauk. 'ဝ' ဒေသ

အမှန် ပြောရရင် ဝဒေသက ခရိုင်အဆင့်ခေါင်းဆောင်တွေဟာ အစိုးရအဖွဲ့အပေါ် ယုံကြည်မှုအားနည်းနေတာကြောင့် စိတ်ရှည်ရှည်ထားပြီး သူတို့အားလုံးယုံကြည်မှုဖြစ်ထွန်းသည့်အထိ စောင့်နေရသည်။ ဦးမ်းချမ်းရေးကြေညာပြီးတာတောင် မြို့နယ်၊ ခရိုင်အဆင့် ဒေသတွေထဲကို အစိုးရဝန်ထမ်းများ ဝင်ရောက်ခွင့်ကို အတော်ကြာ စောင့်ဆိုင်းရသည့်အခြေအနေထိ ဖြစ်ခဲ့သည်။

စိတ်ရှည်ကြရပါသည်

ဦးမ်းချမ်းရေးဆွေးနွေးပွဲပြီး၍ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ဖို့ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဝန်ထမ်းအကြီးအကဲများ ဝင်ရောက်ရေးမှာတောင် အခက်အခဲများ ကြုံတွေ့ရပြီး စိတ်ရှည်ကြရပါသည်။ ဦးမ်းချမ်းရေးဆွေးနွေးပွဲပြီး၍ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် မိုင်းမောမြို့ကို စတင်ဝင်ရောက်သည့်အခါတွင် မြို့ထဲဝင်ခွင့်မရ၍ အပြင်တောထဲမှာအိပ်ပြီး ခွင့်ပြုချက်စောင့်ခဲ့ရသည့် ဖြစ်ရပ်မျိုးထိကြုံခဲ့ရပါသည်။ အဲဒီတုန်းက အိုးအိမ်ဦးစီးဌာန ညွှန်ကြားရေး

www.burmeseclassic.com

www.burmeseclassic.com

မှူးချုပ်ဖြစ်သူ ဦးအောင်ဖုန်း (နောင် သစ်တောရေးရာဝန်ကြီး) ခေါင်းဆောင်ကာ စိုက်ပျိုးရေးဝန်ကြီးဌာနက ဒေါက်တာမြမောင်၊ ကျန်းမာရေးဝန်ကြီးဌာနက ဒေါက်တာတင်ဦးနှင့် အခြားဌာနအကြီးအကဲများသည် ကွမ်းလုံကနေ ခြေလျင်ထွက်ခွာခဲ့ကြရာ မိုင်းမောမြို့အဝင်မှာ ဝင်ခွင့်မရှိ၍ ညအိပ်ပြီး စောင့်ခဲ့ရသည်။ နောက်ပန်ဆန်း ဗဟိုကနေ ခွင့်ပြုချက်ဖြင့် ညှိနှိုင်းမှုများပြုလုပ်ပေးတော့မှ ဝင်ခွင့်ရသည်။နောက်ပိုင်း မှာတော့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ အလွန်အဆင်ပြေ ချောမွေ့ခဲ့ ပါသည်။

ဗကပခေါင်းဆောင်များ တရုတ်ပြည်ပြန်ပို့

ဝ-ခေါင်းဆောင်များနှင့် ကျွန်တော်တို့ ငြိမ်းချမ်းရေး ဆွေးနွေးနေစဉ်မှာ ပဲ ဗကပဗဟိုခေါင်းဆောင်များဖြစ်တဲ့ သခင်ဗသိန်းတင် ဦးဆောင်သော ထိပ်ပိုင်း ဗဟိုခေါင်းဆောင်များကို ပန်ဆန်း တစ်ဖက်ကမ်းဖြစ်သည့် တရုတ်နိုင်ငံထဲသို့ သွားရောက်ပို့ဆောင်လိုက်ပြီး မိမိတို့အစီအစဉ်ဖြင့် တရုတ်နိုင်ငံထဲမှာ နေထိုင်ကြဖို့၊ ဝဒေသကို ပြန်လာဖို့မလိုတော့ကြောင်း၊ ဝဒေသဖွံ့ဖြိုးရေးအတွက် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်းပြောဆိုပို့ဆောင်လိုက်ကြောင်း သိရှိရပါသည်။ ဝတိုင်းရင်းသားတွေဟာ အလွန်ပင်ပန်းဆင်းရဲခံနိုင်သူများဖြစ်ကြသည်။ အလုပ်လည်းအလွန်ကြိုးစားကြတာကြောင့် တစ်နှစ်လောက်အတွင်းမှာ ဝဒေသဟာ သိသိသာသာ တိုးတက်ပြောင်းလဲသွားတာကို တွေ့ရပါသည်။ နောက်ပိုင်းမှာ ကျောက်ညီလိုင်းဟာ လေဖြတ်ပြီး ကျန်းမာရေးမကောင်းတော့တာကြောင့် ဦးပေါက်ယူချန်းကပဲ ခေါင်းဆောင်မှုယူကာ ဝဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့တာတွေ့ရပါသည်။

မြန်မာ/ထိုင်းနယ်စပ်သို့ ဝတပ်ဖွဲ့များပို့ဆောင်ခြင်း

ဝ-တိုင်းရင်းသားများနှင့် ပတ်သက်၍ ထူးခြားမှုတွေကို ပြောလိုပါသေးသည်။ ၁၉۹۶ ခုနှစ်လောက်က မြန်မာနှင့် ထိုင်းနိုင်ငံတို့ နယ်စပ်ပြဿနာဖြစ်ချိန် လွယ်လန်းဒေသနှင့် မုံးထော်၊ မုံးထ ဒေသတွေမှာ မိမိလက်မတော်

www.burmeseclassic.com

www.burmeseclassic.com

စခန်းတွေက ခပ်ကြဲကြဲဖြစ်နေတာကြောင့် နယ်စပ်ဒေသလုံခြုံရေး လိုအပ်ချက်အရ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကပဲ မြောက်ပိုင်းမှာရှိနေသည့် ဝတပ်ဖွဲ့အင်အား အနည်းဆုံးအင်အား ၃၀၀၀ ခန့်ကို လွယ်လန်းဒေသ၊ မုံးထော်၊ မုံးထဒေသများသို့ အမြန်ဆုံးဆွဲခေါ်ပေးရန် ကျွန်တော့်ကို တာဝန်ပေးခဲ့ပါသည်။ အဲဒါကြောင့် ဝ-ခေါင်းဆောင် ဦးပေါက်ယူချန်းနှင့် ညှိနှိုင်းပြီး တစ်ပတ်လောက်အတွင်း သတ်မှတ်ပေးသည့်ဒေသများသို့ ရောက်အောင်ပို့ဆောင်မှုပြုလုပ်ခဲ့သည်။ ဒါကတော့ ဝ-တိုင်းရင်းသားများ၏ သစ္စာရှိမှု၊ အမိန့်နာခံမှုနှင့် တပ်မတော်အစိုးရအပေါ် မည်မျှယုံကြည်လေးစားမှုရှိသည်ကို ဖော်ညွှန်းလိုတာကြောင့် ဒီဖြစ်စဉ်ပြန်လည်ဖော်ပြလိုက်ခြင်း ဖြစ်ပါ သည်။

ကိုးကန့်ဒေသကဲ့သို့ပင် ဘိန်းစိုက်ပျိုးမှု ပယောက်ရေးအတွက် အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းကို အကြီးအကျယ်လုပ်ခဲ့တာကို တွေ့ရပါသည်။ အထူးသဖြင့် ရာဘာစိုက်ပျိုးရေး၊ လက်ဖက်စိုက်ပျိုးရေး၊ လိုက်ချီးစိုက်ပျိုးရေး၊ ပျားလိမ္မော်စိုက်ပျိုးရေး၊ တောင်ယာစပါးစိုက်ပျိုးရေး တို့ကို အကြီးအကျယ် လုပ်ဆောင်ကြတာ တွေ့ရှိရသည်။

ယောင်ခစီမံချက်

ထိုင်းနိုင်ငံက ဒေါက်တာသက်ဆင် အစိုးရလက်ထက်တုန်းက တာချီလိတ်ဒေသ ယောင်ခကျေးရွာမှာ ဒေသဖွံ့ဖြိုးရေးအတွက် ဘတ်ငွေသန်း ၈၀ အသုံးပြုပြီး ယောင်ခစီမံချက်အမည်တပ်ကာ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများကို အကူအညီပေးခဲ့တာရှိခဲ့ပါသည်။ ၁၆ ခုတင်ဆေးရုံတစ်ခု၊ မူလတန်းကျောင်းတစ်ကျောင်း၊ စိုက်ပျိုး၊ မွေးမြူရေး ပညာပေးစခန်း ဖွင့်လှစ်ပြီး ပညာပေးလုပ်ငန်းများ၊ စနစ်တကျ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။ ယင်းယောင်ခစီမံချက်ကလည်း မူးယစ်ဆေးဝါး ပယောက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့သည့် စီမံချက်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုးကန့်နှင့်ဝဒေသငြိမ်းချမ်းရေးကို အားကျ

ကိုးကန့်နှင့် ဝဒေသတို့မှ တိုင်းရင်းသားခေါင်းဆောင်များသည် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူပြီး ဒေသဖွံ့ဖြိုးရေးတွေ ဆောင်ရွက်နေတာကို အခြားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကပါ အားကျလာကြကာ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးပြီး ဒေသဖွံ့ဖြိုးရေးတွေ ဆောင်ရွက်ပေးဖို့ ကမ်းလှမ်းလာတာကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်လက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ ရှေ့ဆင့်နောက်ဆင့်ပင် အောက်ပါတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းမှုတည်ဆောက်နိုင်ခဲ့ပါသည်-

(၁) ကျိုင်းတုံဒေသ မိုင်းမ၊ မိုင်းလားမှာ အခြေပြုတဲ့ ကော် (၈၁၅) ခေါ် ဦးစိုင်းလင်း (၁) ဦးလီမိရဲ့အဖွဲ့.

(၂) ဦးဆေးထင် ခေါင်းဆောင်သည့် SSA ရှမ်းအဖွဲ့.

(၃) ဦးထုမနော် ခေါင်းဆောင်သည့် KDA ကချင်အဖွဲ့.

၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလတွင် လားရှိုးမြို့၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွှန့် နှင့် အဖွဲ့သည် ဗကပမှ ထွက်ကာ ငြိမ်းချမ်းရေးရယူခဲ့သည့် "ဝ" တိုင်းရင်းသားခေါင်းဆောင် ကျောက်ညီလိုင်နှင့် အဖွဲ့အား တွေ့ဆုံနှုတ်ဆက်စဉ်

www.burmeseclassic.com

www.burmeseclassic.com

ဦးဇခုန်တိန်ရိမ်း

(၄) ဦးဇခုန်တိန်ရိမ်း ခေါင်းဆောင်သည့် ဗကပ (၁၀၁) အဖွဲ့.

(၅) ဦးအိုက်မုန်း ခေါင်းဆောင်သည့် ပလောင်အဖွဲ့.

(၆) KIA ကချင်အဖွဲ့.ကတော့ ဆွေးနွေးပွဲအကြိမ်ကြိမ်ပြုလုပ်ပြီးမှ ၁၉၉၄ ခုနှစ်ထဲရောက်မှ ဥပဒေဘောင်ထဲဝင်ရောက်လာခဲ့ပါသည်။

(၇) ဦးအောင်ခမ်းထီ ခေါင်းဆောင်သည့် ပအို၀်အဖွဲ့.

(၈) ဦးတာကလယ် ခေါင်းဆောင်သည့် ပအို၀်အဖွဲ့.

(၉) ဦးခူထဲဘူးဖဲ ခေါင်းဆောင်သော KNPP အဖွဲ့.၊ ဥပဒေဘောင်ထဲ ဝင်ရောက်ပြီးမှ ပြန်လည်ထွက်ခွာသွားသည့် အဖွဲ့.ဖြစ်သည်။

(၁၀)ဦးထွန်းကျော် ခေါင်းဆောင်သည့် ကယားအဖွဲ့.

(၁၁)ဦးသန်းစိုးနိုင် ခေါင်းဆောင်သည့် ကယန်းအဖွဲ့.

(၁၂)ဦးဂေဘရယ်ပြန်၊ ဦးဌေးကို ခေါင်းဆောင်သည့် ပဒေါင်အဖွဲ့.

(၁၃)ဦးနိုင်ရွှေကျင် ခေါင်းဆောင်သော မွန်ပြည်သစ်ပါတီအဖွဲ့.

(၁၄)ဦးနိုင်စိုက်ချမ်း ခေါင်းဆောင်သော မွန်ခွဲထွက်အဖွဲ့.

(၁၅)ဦးစောထွန်းဦး ခေါင်းဆောင်သော ရခိုင်ပြည်နယ် ဗကပအဖွဲ့.

(၁၆)ဦးခွန်ဆာ ခေါင်းဆောင်သော ရှမ်းပြည်တပ်မတော်သည် အပြီးအပိုင်လက်နက်စွန့်လွှတ်သည့်အဖွဲ့.ဖြစ်သည်။

ကိုးကန့်ဒေသက စတင်ဖြစ်ထွန်းခဲ့သည့် ငြိမ်းချမ်းရေးအသီးအပွင့်သည် မရှေးမနှောင်း ကာလအတွင်းမှာပင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့.အစည်း စုစုပေါင်း ၁၈ ဖွဲ့.အထိ ငြိမ်းချမ်းမှုဖြစ်ထွန်းခဲ့ပါသည်။

မိုင်းလားဒေသ ထူးခြားမှု

မိုင်းလားဒေသ၏ထူးခြားမှုကိုလည်း ပြောချင်ပါသည်။ ဦးစိုင်းလင်း(ခ) လီမိရဲ့ ခေါင်းဆောင်သော ဗကပကော် ၈၁၅ စစ်ဒေသနဲ့ တပ်မဟာ ၇၆၈ တို့.သည် မြန်မာနိုင်ငံအတွင်းမှ အလွန်နာမည်ကျော်ကြားသည့် ရွှေတြိဂံ.ဒေသကို အခြေခံကာ လှုပ်ရှားနေသည့် အခါလူမျိုးနှင့်ရှမ်းလူမျိုးတို့ ပူးပေါင်းပါဝင်သော

www.burmeseclassic.com

www.burmeseclassic.com

ဦးပေါက်ယူချုန်း ဦးဆောင်သော "ဝ" သွေးစည်းညီညွတ်ရေးအဖွဲ့၏
ပန်းဆန်းအနီး ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အတွင်းရေးမှူး(၁)တက်ရောက်အားပေး။

အဖွဲ့ဖြစ်ပါသည်။ မိုင်းလားရှားလေးသည် မြန်မာ/တရုတ် နယ်ခြားမှတ်တိုင်ကို ခွစီးထားသည့်ရှားလေးဖြစ်သဖြင့် တရုတ်နိုင်ငံသားများ အလည်အပတ်ဝင်ရောက်လာလေ့ရှိသည့် ရွာဖြစ်ပါသည်။ ဤအဖွဲ့အစည်း၏ ခေါင်းဆောင်များက တရုတ်နိုင်ငံက လာရောက်လည်ပတ်သည့် ခရီးသည်များကို မျှော်မှန်းကာ ခရီးသည်စွဲဆောင်မှုအစီအစဉ်များကို ဖန်တီးပြင်ဆင်ထားခြင်းကြောင့် တရုတ်လူမျိုးများအပြင် အခြားနိုင်ငံသားများပါ လာရောက်လည်ပတ်ကြသောကြောင့် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းကနေ ဝင်ငွေအလွန်ကောင်းသည့် အခြေအနေမျိုးဖြစ်ထွန်းလျက်ရှိပါသည်။ ယခင်ကာလက ဘိန်းစိုက်ပျိုးမှုဖြင့် စီးပွားရှာကြသည့် ကျေးရွာပေါင်း ၂၀၀ ကျော်ရှိတာကြောင့် ဘိန်းအထွက်နှုန်း အလွန်ကောင်းသည့်အပြင်လည်း ဖြစ်ပါသည်။ ငြိမ်းချမ်းရေး ဖြစ်ထွန်းပြီးနောက်မှာ နိုင်ငံတော်အစိုးရနှင့် UNDGP တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်း ခြောက်ခုစီ စီမံကိန်းကို ရည်မှန်းချက်ရှိရှိဖြင့် ဆောင်ရွက်နိုင်ခဲ့တာကြောင့် ၁၉၉၇ ခုနှစ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

မိုင်းလား၊ မိုင်းမဒေသကို မူးယစ်ဆေးဝါးကင်းမဲ့ဇုန်အဖြစ် တရားဝင်ကြေညာနိုင်ခဲ့သည်။ မူးယစ်ဆေးဝါးပြတိုက်ကြီးကိုလည်း စနစ်တကျ တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်ကိုလည်း တွေ့ရှိရသည်။

ရွှေတြိဂံ

စိုက်ပျိုးရေးအနေနှင့် ရာဘာ၊ ဖရဲသီးနှင့် ဆန်စပါးများကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့တာကြောင့်လည်း ဘိန်းအစားထိုး သီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် အလွန်အောင်မြင်ခဲ့တာကို တွေ့ရပါသည်။ ထို့ကြောင့်လည်း မူးယစ်ဆေးဝါးဖြင့် နာမည်ကြီးလျက်ရှိသည့် ဤဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဘိန်းအစားထိုးစိုက်ပျိုးရေးအောင်မြင်မှုနှင့် ခရီးသည်လုပ်ငန်းအောင်မြင်မှုတို့ကြောင့် နာမည်ဆိုးတွင်ရစ်နေသည့် ရွှေတြိဂံဒေသကို နာမည်ကောင်းဖြင့် အစားထိုးနိုင်ခဲ့တာကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃၀

"ဝ" အဖွဲ့နှင့် ငြိမ်းချမ်းရေး

ကိုးကန့်အဖွဲ့ ဗကပထဝမှ ခွဲထွက်ပြီးနောက် ဝအဖွဲ့ခေါင်းဆောင် ဦးကျောက်ညီလိုင်နှင့် ဦးပေါက်ယူချန်းတို့ကပါ ဗကပထဝမှ ခွဲထွက်လိုတာကြောင့် ၁၉၈၉ ခုနှစ် ဧပြီလ ၁၄ ရက်နေ့မှာ 'ဝ' ခေါင်းဆောင်များ ဗကပထဝက ခွဲထွက်ရေးအတွက် ဆွေးနွေးပွဲလုပ်ကြသည်။ ဧပြီလ ၁၇ ရက်နေ့မှာ ပန်ဆန်းမှ ဗကပဗဟိုကို "ဝ" လက်နက်ကိုင်တပ်ဖွဲ့များက သိမ်းပိုက်လိုက်ကြောင်း သိရသည်။ ထို့နောက် ၁၉၈၉ ခုနှစ် မေလထဲမှာ ငြိမ်းချမ်းရေး ဆွေးနွေးလိုကြောင်း ကမ်းလှမ်းလာတာကြောင့် ကကလှမ်းမှ ဒုဗိုလ်မှူးကြီး တင်ဝင်းနှင့် ဗိုလ်မှူးသန်းအေးတို့ကို နမ်းတစ်သို့ စေလွှတ်ခဲ့ရာ "ဝ"အဖွဲ့ ဦးကျောက်ညီလိုင်နှင့် ဦးပေါက်ယူချန်းတို့ ခေါင်းဆောင်သောအဖွဲ့နှင့်တွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

၁၉၈၉ ခုနှစ် ဇွန်လထဲတွင် နှစ်ဖက်ကိုယ်စားလှယ်များ ထပ်မံတွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်ရာ နားလည်မှုများရရှိခဲ့သည်။ ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ထဲတွင် အတွင်းရေးမှူး (၁)၊ တိုင်းမှူးဗိုလ်ချုပ်မောင်သင့်နှင့် ဗိုလ်ချုပ်သိန်းဝင်း၊ ဗိုလ်ချုပ်သန်းညွန့်၊ ဗိုလ်မှူးချုပ်မျိုးသန့်တို့နှင့် ဒုဝန်ကြီး အချို့ ညွှန်ကြားရေးမှူးချုပ် အချို့ပါဝင်လျက် ဝအဖွဲ့မှလည်း ဦးကျောက်ညီလိုင်၊ ဦးပေါက်ယူချန်းတို့ ခေါင်းဆောင်သည့်အဖွဲ့တို့ပါဝင်ကာ ဟိုပန်မြို့တွင် တွေ့ဆုံဆွေးနွေးသည်။ မပြီးမပြတ်

www.burmeseclassic.com

www.burmeseclassic.com



နိုဝင်ဘာ ၁၇ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု ၊ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၂)မှ "ဝ"တိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူချမ်းနှင့်အဖွဲ့အား ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဧေဟာဌ် လက်ခံတွေ့ဆုံစဉ်။

ဖြစ်သဖြင့် ကွမ်းလုံတွင် ထပ်မံဆွေးနွေးမှုပြုလုပ်ရာ ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်ဖြစ်ထွန်းခဲ့ပါသည်။

ခရိုင်အဆင့်ပြေလည်မှုမရှိ၍ ကြန့်ကြာခဲ့

"ဝ" အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးကြရာ၌ "ဝ"ဒေသအတွင်း၌ ခရိုင်အလိုက် "ဝ" ခေါင်းဆောင်များ အသီးသီးရှိကြရာ ဗဟိုမှ သဘောထားများကို ခရိုင်ခေါင်းဆောင်အချို့က ပြေလည်မှု မဖြစ်ကြတာကြောင့် အချိန်အနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com

ကြန့်ကြာမှုရှိခဲ့သော်လည်း ကိုးကန့်အဖွဲ့နှင့် ငြိမ်းချမ်းရေးရယူပြီးသည့်အချိန်မှာပင် "ဝ"အဖွဲ့ကလည်း ငြိမ်းချမ်းရေးရယူမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း သိရပါသည်။ သို့သော် ဒေသအလိုက်ခေါင်းဆောင်များ၏ လိုလားချက်များဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေး၊ တပ်ဖွဲ့များ နေရာချထားရေး၊ ဒေသဖွံ့ဖြိုးရေးတို့နှင့် ပတ်သက်၍ သဘောထားအမျိုးမျိုးဖြစ်ပေါ်နေမှုများကြောင့် ဗဟိုအဖွဲ့က အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်နေရမှုများကြောင့် အချိန်အတော်အသင့်ကြာမြင့်သွားကြောင်းသိရပါသည်။

ထမ်းစင်ဖြင့်ပို့ရ

အတွင်းရေးမှူး(၁)၊ ကျွန်တော်နှင့် ဝအဖွဲ့တို့သည် ဟိုပန်တွင်တစ်ကြိမ်၊ ကွမ်းလုံတွင် တစ်ကြိမ် စိတ်ရှည်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်မှုများကြောင့် ငြိမ်းချမ်းရေး အောင်မြင်ဖြစ်ထွန်းခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်သိရသလောက်တော့ ဗကပအဖွဲ့က ခွဲထွက်သည့်အချိန်တွင် ဗကပခေါင်းဆောင်များကို အခြေအနေရှင်းပြပြီး ပန်ဆန်းတစ်ဖက်ကမ်း တရုတ်နိုင်ငံအတွင်းသို့ ပို့ဆောင်ခဲ့ရကြောင်း၊ ဗကပ ဥက္ကဋ္ဌသခင်ဗသိန်းတင်မှာ လမ်းမလျှောက်နိုင်သဖြင့် ထမ်းစင်ဖြင့်ထမ်း၍ ချောင်း တစ်ဖက်ကမ်းသို့ ပို့ဆောင်ပေးလိုက်ရကြောင်းသိရသည်။ ဗကပဗဟို၏ နောက်ဆုံးအခြေအနေမှာ ဗဟိုခေါင်းဆောင်ပိုင်းတွင်သာ ဗမာလူမျိုးများဖြစ်နေ

နိုဝင်ဘာ ၁၇ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၂)မှ 'ဝ' တိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူချမ်းနှင့်အဖွဲ့အား ရန်ကုန်မြို့နှင့် အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၆-၄-၉၉ ရက်က ကျင်းပသော "ဝ" ဒေသ (၁၀)နှစ်မြောက် ဗြိမ်းချမ်းရေး အခမ်းအနားတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က "ဝ"တိုင်းရင်းသား ခေါင်းဆောင် ဦးပေါက်ယူချမ်းအား ဗြိမ်းချမ်းရေးအထိမ်းအမှတ်ဝတ်ပြုလက်ဆောင်ပေးအပ်စဉ်

ကြပြီး စစ်ဒေသခေါင်းဆောင်များနှင့် အောက်ခြေတပ်ဖွဲ့ဝင်များမှာ ကိုးကန့်နှင့် "ဝ" လူမျိုးများသာ အများစုဖြစ်တာကြောင့် ကိုးကန့်နှင့် "ဝ" တပ်ဖွဲ့များ ဗကပဗဟိုမှ ခွဲထွက်ရာတွင် အခက်အခဲအကျပ်အတည်းသိပ်မရှိလှကြောင်း သိရပါသည်။

ဝအမျိုးသားများ တရုတ်ပုံမပေါက်

"ဝ" လူမျိုးများ၏ ရုပ်လက္ခဏာနှင့် ပုံပန်းသဏ္ဌာန်မှာ တရုတ်နယ်စပ်တွင် နေထိုင်ကြသူများဖြစ်သော်ငြားလည်း တရုတ်ပုံပန်း ရုပ်လက္ခဏာမျိုးမဟုတ်ဘဲ ဗမာလူမျိုး အညာသားများ ပုံပန်းသဏ္ဌာန်ဖြစ်တာကြောင့် တရုတ်အနွယ်မဟုတ်ပဲ မြန်မာတိုင်းရင်းသား စစ်စစ်ဆိုတာ အထင်အရှားခန့်မှန်း၍ ရပါသည်။

စကားပြောဟန်ကို လေ့လာခြင်းအားဖြင့် ရိုးသားပွင့်လင်းမှုရှိသည်ဟု ခန့်မှန်းနိုင်ပါသည်။ ပင်ကိုစရိုက်ကလည်း ရိုးသားမှုရှိတာကြောင့် သူတို့အပေါ်မှာ ရိုးသားစွာ တဲ့ပြန်မှုပြုသူ၊ ရိုးသားပွင့်လင်းစွာပြောဆိုပြီး ပြောထားသည့်အတိုင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးသူဆိုလျှင် ထိုသူအပေါ် အပြည့်အဝယုံကြည်မှုရှိကြောင်း သူတို့၏ ပြုမူဆောင်ရွက်မှုအရ သိရပါသည်။

"ဝ" လူမျိုး၏စရိုက်သည် ပင်ပန်းဆင်းရဲမှုဒဏ်ကို ခံနိုင်ရည်မြင့်ရှိပြီး ကြိုးစားမှုနှင့် အမိန့်နာခံမှုရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃၁

လက်နက်နင့် ငြိမ်းချမ်းရေး လဲခဲ့သည့် ဦးခွန်ဆာ

အမ်တီအေအဖွဲ့ (MTA) ဦးခွန်ဆာ ခေါင်းဆောင်သော ထိုအဖွဲ့အစည်းကို မြန်မာနိုင်ငံတွင်မကပါ၊ နိုင်ငံတကာကပါ အလေးထားသိရှိနေသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ ဘာကြောင့်လဲဆိုလျှင် မူးယစ်ဆေးဝါး လုပ်ငန်းကြီးကို အထင်ကရ လုပ်ကိုင်ဆောင်ရွက်နေသည့် ဘိန်းဘုရင်လို အသိအမှတ်ပြုထားသည့်အပြင် ရှမ်းပြည်နယ်တောင်ပိုင်း မြန်မာ/ထိုင်းနယ်စပ်မှာ အင်အားကြီးမားသည့် လက်နက်ကိုင် အဖွဲ့အစည်းကြီးလည်းဖြစ်သောကြောင့်ဖြစ်ပါသည်။ ဒီလို ထင်ပေါ်ကျော်ကြားပြီး အင်အားကြီးမားတောင့်တင်းသည့်လက်နက်ကိုင်အဖွဲ့အစည်းကြီးကို ဦးဆောင်မှုယူထားသည့် ဦးခွန်ဆာဟာ ၁၉၉၅ ခုနှစ် နှစ်ဦးပိုင်းမှာ သူ၏လူယုံတစ်ယောက် ဖြစ်သည့် ဦးအောင်လှ ဆိုသူကို တာချီလိတ်မှာရှိတဲ့ ထောက်လှမ်းရေးတပ်မှူး ဗိုလ်မှူးသိန်းဟန်ဆီကို လွှတ်လိုက်ပြီး ငြိမ်းချမ်းရေး ဆွေးနွေးချင်သည်။ ဗိုလ်ချုပ်ခင်ညွှန့်နှင့်လည်း တွေ့ချင်သည်ဆိုပြီး ကမ်းလှမ်းတာရှိခဲ့ပါသည်။ အဲဒီအချိန်မှာ နယ်စပ်မှာလည်း ၀-တပ်ဖွဲ့တွေနဲ့ တိုက်ပွဲဖြစ်နေတာဆိုတော့ ဒါလှည့်စားတာပဲ ဖြစ်မယ်လို့ ယူဆပြီး "ဗိုလ်သိန်းဟန်၊ ငါမယုံဘူးကွာ၊ စဉ်းစား ဦးမယ်လို့ ပြောလိုက်ပါ" လို့ ပြန်ကြားလိုက်ပါသည်။ နောက်တစ်လလောက် ကြာတဲ့အခါမှာ ဒုတိယအကြိမ် ထပ်လွှတ်လိုက်ပြန်သည်။ ဒီတစ်ခါလွှတ်လိုက် တာကတော့ သူ၏လူရင်း လူယုံလောင်တိုင်း(ခ)တင်မောင်ဝင်း ဆိုသူကို တာချီလိတ်က

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးသိန်းဟံဆီကို လွှတ်လိုက်ပြန်သည်။ ဒီတစ်ခါတော့ ဦးခွန်ဆာကြီး ကိုယ်တိုင် ပြောကြားချက်တွေကို အသံသွင်းပြီး ယူလာပါသည်။ ဗိုလ်မှူးသိန်းဟံ ဆီက အခြေအနေအရပ်ရပ်သိရတာနဲ့ ဗိုလ်မှူးကြီးစန်းပွင့်ကို လွှတ်လိုက်ပြီး မှာကြားစရာတွေကို အသေးစိတ်မှာကြားချက်အတိုင်း လောင်တိုင်းက တစ်ဆင့် ပြန်ကြားလိုက်ပါသည်။ နောက်သိပ်မကြာပြန်ဘူး၊ လောင်တိုင်းပဲ တတိယအကြိမ် လွှတ်လိုက်ပြန်သည်။

ဘိန်းဘုရင်အမည်းစက်ကြီးကိုဖျက်လို

ဒီတစ်ခါလည်း အသံသွင်းပေးလိုက်ပါသည်။

သူ့အသက်လည်းကြီးပြီ၊ သူ့သမိုင်းကိုလည်း ကောင်းလာစေချင်ပြီ။

လက်နက်ကိုင်အဖွဲ့အစည်းတော်တော်များများလည်း အစိုးရနှင့် လက်တွဲ ဆောင်ရွက်နေကြပြီ၊ သူလည်းအစိုးရနှင့်အတူ လက်တွဲဆောင်ရွက်ချင်တယ်။ အေးအေးချမ်းချမ်းလည်းနေချင်ပြီ၊ ဘိန်းဘုရင်ဆိုတဲ့ အမည်းစက်ကြီးကိုလည်း ဖျက်လိုက်ချင်ပါတယ်လို့ တော်တော်ပြည့်ပြည့်စုံစုံကို ခံစားချက်နှင့် အသံသွင်း ပေးလိုက်တာလို့ ယုံကြည်တာနှင့် စတုတ္ထအကြိမ်အသေးစိတ် ဆွေးနွေးကြရအောင် အဖွဲ့တစ်ဖွဲ့လွှတ်လိုက်ပါ၊ လက်နက်ကိုင်လမ်းစဉ်ကိုတော့ စွန့်လွှတ်ရမယ်ဆိုတာ ကိုပါထည့်ပြောလိုက်ပါတယ်။

အဲဒီလို ကျွန်တော့်ဆီက ပြန်ကြားချက်လည်းရရော၊ စတုတ္ထအကြိမ်မှာ လည်း လောင်တိုင်းကိုပဲ လွှတ်လိုက်ပါသည်။ သူကလူအများကြီးမလွှတ်ဘူး၊ သူ့ဆီမှာလည်း စစ်ရေးတာဝန်ခံနှင့် ဒုတိယခေါင်းဆောင်ဖြစ်တဲ့ ဦးကျန်ဆူးရှင်နှင့် အတွင်းလူ သုံး-လေးယောက်လောက်ပဲ တိုင်ပင်ပြီး လျှို့ဝှက်စွာ ဆောင်ရွက်နေတာ ကြောင့် လူယုံစိတ်ချရသည့် သူတွေကိုပဲ လျှို့ဝှက်စေလွှတ်နေခြင်းဖြစ်ပါသည်။

စတုတ္ထအကြိမ် တောင်ကြီးမှာချိန်း

စတုတ္ထအကြိမ်တွေ့ဖို့ တောင်ကြီးမှာ ချိန်းထားတာကြောင့် လောင်တိုင်း သည် သံလွင်မြစ်ကူးပြီး လင်းခေး၊ မိုးနဲမှတစ်ဆင့် တောင်ကြီးသို့ရောက်လာခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။ ကျွန်တော့်ဘက်ကတော့ ဗိုလ်မှူးကြီးကျော်သိန်းရယ်၊ ဒုဗိုလ်မှူးကြီး စန်းပွင့်ရယ်၊ တောင်ကြီးက တပ်မှူး ဗိုလ်မှူးခင်ဇော်ရယ်ပါဝင်ပြီး ဆွေးနွေးကြပါသည်။ ကျွန်တော်၏ ပြန်ကြားချက်အတိုင်း သူတို့အားလုံး သဘောတူပါသည်။ အကြွင်းမဲ့လက်နက်စွန့်လွှတ်ခြင်းကိုလည်း လုပ်ပါ့မယ်။ အေးအေးချမ်းချမ်း အောင်အောင်မြင်မြင်ဖြစ်ထွန်းရေးအတွက် အတွင်းရေးမှူး(၁)ကိုယ်တိုင် တာဝန်ယူဆောင်ရွက်ပေးပါ။ အတွင်းရေးမှူး(၁) စီမံဆောင်ရွက်ပေးတဲ့အတိုင်း သဘောတူလက်ခံပါကြောင်း အသံသွင်းပြီးပေးလိုက်ပါသည်။ ကျွန်တော်လည်း ဒါတော့သေချာပြီဆိုပြီး ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ကို သွားရောက်အခြေအနေအပြည့်အစုံတင်ပြလိုက်တော့ သဘောတူကြပါသည်။ ကျွန်တော်နှင့် ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေးတို့ တိုင်ပင်ပြီး စီစဉ်ဆောင်ရွက်ရန် သဘောတူခွင့်ပြုလိုက်ပါသည်။

ဒါနဲ့ အသေးစိတ်အစီအမံတွေ ပြုလုပ်ဖို့ ပဋ္ဌမအကြိမ် အဖွဲ့တစ်ဖွဲ့လွှတ်ပေးပါ။ နှစ်ဦးနှစ်ဖက် အသေးစိတ်စီမံဆောင်ရွက်ရန်အတွက် ကြိုတင်ညှိနှိုင်းပြီး ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဟု မှာကြားလိုက်ပါသည်။

ပဋ္ဌမအကြိမ်ဆွေးနွေးဖို့ ဦးခွန်ရှန်ရောက်လာ

ပဋ္ဌမအကြိမ် ညှိနှိုင်းဆွေးနွေးဖို့ ဦးခွန်ဆာရဲ့ ဦးလေးအရင်း ဦးခွန်ရှန်ကို တောင်ကြီးကတစ်ဆင့် ရန်ကုန်ကိုလွှတ်လိုက်ပါသည်။ သူနဲ့အတူ ဦးကျော်မြင့်ဆိုသူလည်း ပါလာပါသည်။ ရန်ကုန်မှာ ကျွန်တော်ရယ်၊ ကျွန်တော့်ရဲ့ ဒုညွှန်မှူး ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ဗိုလ်မှူးကြီးကျော်သိန်းရယ်၊ ဒုဗိုလ်မှူးကြီးစန်းပွင့်ရယ် စည်ရိပ်သာမှာ တွေ့ဆုံပြီး အသေးစိတ်ညှိနှိုင်းမှုတွေလုပ်ခဲ့ကြသည်။ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ဆီကလည်း ဆက်လက်ဆောင်ရွက်ဖွယ်ရာများ ခွင့်ပြုချက်ရထားပြီးဖြစ်တာကြောင့် ဦးခွန်ဆာ၊ ဦးကျန်စုရှင်တို့နှင့် တွေ့ဆုံဆွေးနွေးပြီးမှ အသေးစိတ်ဆောင်ရွက်ဖွယ်ရာတွေဆောင်ရွက်မည်ဟု ဦးခွန်ရှန်နှင့်အဖွဲ့ဟာ့ဘာစ်ဆင့် ဟိုမိန်းသို့ ကြိုတင်အသိပေးစေပါသည်။ ကြိုတင်ဖြန့်ခွဲထားသည့် အမ်တီအေ တပ်တွေထဲမှ ကြိုတင်အသိပေး၍ရသည့် ခေါင်းဆောင်ပိုင်းကိုလည်း ကြိုတင်အသိပေးတာမျိုးလိုအပ်ကြောင်းကိုလည်း မှာကြားလိုက်ပါသည်။ ဟိုမိန်းသွားရမည့် တောင်ကလုမ်း

www.burmeseclassic.com

www.burmeseclassic.com

ရေးအဖွဲ့က အလွန်အဓိကကျပါတယ်။ အဲဒီအဖွဲ့မှာ ဒုဗိုလ်မှူးကြီးစန်းပွင့်၊ ဗိုလ်မှူးဥာဏ်လင်း၊ ဗိုလ်ကြီး ထွန်းထွန်းဦး၊ ဓာတ်ပုံကင်မရာ ဆရာကြီးတစ်ဦး၊ ဆက်သွယ်ရေးစက်ကိုင်တစ်ဦး စုစုပေါင်းငါးယောက်ဖြင့် ဖွဲ့စည်းပေးလိုက်ပါသည်။

ကျွန်တော်တို့တပ်ဘက်ကတော့ ဗိုလ်မှူးကြီးမိုးဟိန်း ဦးစီးသည့် တမခ (၅၅)မှ တပ်ရင်း ၁၀ ရင်းကို ဦးခွန်ဆာရှိရာ ဟိုမိန်းကို ဦးတည်ရန်၊ တပ်မမှူး ဗိုလ်မှူးကြီးပြည့်စုံ ဦးစီးသည့် တပ်ရင်း ၁၀ ရင်းက ကျိုင်းတုံ့ကနေ လွယ်လန်းကို ဦးတည်ရန်၊ ဗိုလ်မှူးကြီး သီဟသူရစစ်မောင် ဦးစီးသည့် တပ်ရင်း ၁၀ ရင်းက မုံးထော် မုံးထဘက်ကို ဦးတည်ရန်၊ စုစုပေါင်းတပ်ရင်း ၃၀ သည် ပထမအဆင့်အနေဖြင့် သံလွင်မြစ်၏ မြောက်ဘက်ခြမ်းမှာပဲ မြစ်ကူးစက်လှေများဖြင့် အသင့်ပြင်ထားရန်၊ အဲဒီအချိန်မှာ ထောက်လှမ်းရေးတပ်က ဒုဗိုလ်မှူးကြီးစန်းပွင့်၊ ဗိုလ်မှူးဥာဏ်လင်းတို့ အပါအဝင် ငါးယောက်တစ်ဖွဲ့၊ မိုးထော်/မိုးထဘက်မှာတော့ ထောက်လှမ်းရေးက ဗိုလ်မှူးသိန်းဟန်နှင့် အဖွဲ့တစ်ဖွဲ့၊ လွယ်လန်းကိုတော့ ထောက်လှမ်းရေးက ဗိုလ်မှူးစိုင်းအောင်သိန်းနှင့်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး အမ်တီအေ တပ်တွေရှိရာကို ကြိုတင်စေလွှတ်ရပါသည်။

နှစ်ဖက်စလုံး အတိုက်မရပ်

ဟိုမိန်းဌာနချုပ်မှာရှိတဲ့ ဒုတိယ ခေါင်းဆောင် ဦးကျန်စုရှင်က သူ့အမ်တီအေတပ်ဖွဲ့တွေဆီကို ကြိုတင်အမိန့်ပေးထားပြီးပြီ၊ ထောက်လှမ်းရေးတပ်ဖွဲ့ရောက်လာရင် သူတို့နဲ့ ညှိနှိုင်းဆောင်ရွက်ကြရမယ်၊ အသေးစိတ်ကို ထပ်ပြီးညွှန်ကြားမယ်ဆိုပြီး ကြိုတင်ညွှန်ကြားချက် အသီးသီးကို သူတို့တပ်ဖွဲ့များရှိရာသို့ ပို့ထားပြီးဖြစ်တာကြောင့် လွယ်လန်းဒေသတစ်ခုသာ အခက်အခဲဖြစ်နေသည်ဟု သိရသည်။ ဘာကြောင့်လဲဆိုတော့ လွယ်လန်း စခန်းကို ဝတပ်တွေက ဝိုင်းထားပြီး တိုက်ပွဲဖြစ်နေ၍ တိုက်ပွဲကို ရပ်တန့်အောင် လုပ်ယူရတာအလွန်ခက်ခဲသည်။ ဗိုလ်မှူးစိုင်းအောင်သိန်းနှင့်အဖွဲ့က တိုက်ပွဲဖြစ်နေသည့် လွယ်လန်းစခန်းအနီးကပ်ပြီး ဝတပ်ဖွဲ့ကိုရော၊ အမ်တီအေတပ်ဖွဲ့တွေကိုရော တိုက်ပွဲကို ရပ်တန့်ကြဖို့ ဆက်သွယ်အကြောင်းကြားပေမယ့် နှစ်ဖက်စလုံးက မရပ်ကြပဲ နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com

အမ်တီအေတပ်ကို လက်နက်ချလိုက်တော့ဟု ဦးကျန် ဆုရှင်က အမိန့်ပေးလိုက်တော့မှ၊ ဝတပ်ဖွဲ့က လွယ်လန်းစခန်းကိုသိမ်း၍ရတော့မှ တိုက်ပွဲလည်း ရပ်သွားသည်။

သံလွင်မြစ်ကူး

တကယ်တော့ ဒီအစီအစဉ်ကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ စတင်ဆောင်ရွက်ခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကြီးမောင်အေးနှင့် ကျွန်တော်တို့အဖွဲ့ဟာ တမ်ခ (၅၅)က တပ်မမှူးနှင့် ဗျူဟာမှူးတို့ကို နမ့်ဆန်လေဆိပ်မှာ အသေးစိတ်ညွှန်ကြားချက်ပေးပြီး သံလွင်မြစ်အထိ ချီတက်စေခဲ့သည်။

ဒုဗိုလ်မှူးကြီးစန်းပွင့်နှင့်အဖွဲ့ကိုတော့ သံလွင်မြစ်ကူးဖို့ အမ်တီအေတပ်ဖွဲ့က စက်လှေနဲ့ လာကြိုပြီး ဟိုမိန်းကိုခေါ်သွားပါသည်။ ဟိုမိန်း ရောက်တော့ ဦးခွန်ဆာ၊ ဦးကျန်ဆုရှင်တို့နှင့် တွေ့ဆုံဆွေးနွေးပြီး ကျွန်တော်မှာကြားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။

ဗိုလ်ချုပ်ကြီးမောင်အေးနှင့် ကျွန်တော်တို့က လေယာဉ်နှင့်ဟဲဟိုး-နမ့်ဆန်းကတစ်ဆင့် မိုင်းဆတ်ကို သွားကြသည်။ မိုင်းဆတ်မှာ ကျွန်တော်တို့က လိုအပ်ရင်ကွပ်ကဲဖို့ စောင့်ကြရတာဖြစ်သည်။ ဒုဗိုလ်မှူးကြီးစန်းပွင့်နှင့် မှာကြားလိုက်သည့် အစီအစဉ်အတိုင်း အားလုံးအဆင်ပြေသွားပြီဆိုရင်တော့ ကျွန်တော်တို့ ဆက်ကွပ်ကဲစရာမလိုပါ။ တကယ်အစီအစဉ် စလုပ်တော့လည်း အားလုံးအဆင်ပြေ သွားသည်။ ဦးခွန်ဆာ၏ ဟိုမိန်းဌာနချုပ်မှာ အဆင်ပြေသွားပြီ၊ လွယ်လန်းမှာလည်း အဆင်ပြေသွားပြီဆိုတော့ ကျန်တဲ့စခန်းတွေမှာလည်း အခက်အခဲမရှိတော့ပါ။

ယခုရေးသားချက်အတိုင်းကတော့ သိပ်အခက်အခဲမရှိသလိုဟူ၍ ထင်ရသော်လည်း တကယ်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်အရကတော့ အလွန်ခက်ခဲသိမ်မွေ့သည့် ကြိုးပမ်းဆောင်ရွက်မှုဖြစ် ပါသည်။

တကယ်လက်တွေ့ဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များကိုတော့ ချီးကျူးရပါမည်။ အမ်တီအေတပ်တွေကို စုစည်းပြီး လက်နက်တွေပါ သတ်မှတ်နေရာမှာ စုစည်းထားပြီးတော့မှ ခြေလျင်တပ်တွေကို ခေါ်ယူကာ နေရာယူစေတာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးခွန်ဆာတို့ကိုလေးစားချီးကျူးရပါသည်

တကယ်အားဖြင့်တော့ ဦးခွန်ဆာနှင့် ဦးကျန်ဆုရှင်တို့ကိုလည်း လေးစားချီးကျူးရပါမည်။ အလွန်တောင့်တင်းသည့် လက်နက်ကိုင်တပ်ဖွဲ့ကြီးကို လက်နက်များ စွန့်လွှတ်ပြီး ဖျက်သိမ်းမှုပြုလုပ်လိုက်ရသည်မှာ လွယ်ကူသည်တော့ မဟုတ်ပါ။ သူတို့၏ ဆုံးဖြတ်ချက်အလွန်ခိုင်မာလွန်းလို့သာ အစီအစဉ်အတိုင်း အဆင်ပြေခဲ့ခြင်းဖြစ်ပါသည်။

ဦးခွန်ဆာနှင့် မိသားစု၊ ဦးကျန်ဆုရှင်နှင့် မိသားစုကိုတော့ ရန်ကုန်သို့ ခေါ်ယူလာပြီး လျှို့ဝှက်စွာ လုံခြုံသည့်နေရာတွင် နေရာချထားပေးခဲ့ရပါသည်။ အမေရိကန်က ဦးခွန်ဆာကို တောင်းယူပါသေးသည်။ သို့သော် အမေရိကန်နှင့် ကျွန်တော်တို့တရားခံ လွှဲပြောင်းပေးရေးစာချုပ်လည်း ချုပ်ဆိုထားတာမရှိတာရယ်။ ဦးခွန်ဆာအဖွဲ့သည် တရားဝင်လက်နက်များ စွန့်လွှတ်လိုက်သည့်အဖွဲ့ဖြစ်တာ ရယ်ကြောင့်၊ တရားခံမဟုတ်ပါ။ အစိုးရက စောင့်ရှောက်ပေးရမည့်အဖွဲ့ ဖြစ်ပါသည်။

ဦးခွန်ဆာသည် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဘုရားဆင်းတုတော်ကို အမြဲ ကိုးကွယ်ဆည်းကပ်နေသူဖြစ်ပါသည်။ သူရန်ကုန်ကိုရောက်သည့်အခါ ကျွန်တော်ကို ထိုင်ကန်တော့ပြီး ဘုရားဆင်းတုတော်ကိုလျှူပါသည်။ ကျွန်တော်က ဦးခွန်ဆာ ခင်ဗျားက ကျွန်တော့်ထက်အသက်ကြီးတယ်။ ကျွန်တော်ငရဲကြီးလိမ့်မယ်ဟုပြောတော့ ငရဲမကြီးပါဘူးတဲ့။ ရှမ်းထုံးစံအရ အကြီးအကဲရယ် ကျေးဇူးရှင်ရယ်ဆိုတာ ကန်တော့ရပါတယ်လို့ ပြန်ပြောပါသည်။ အမှန်တော့ ဦးခွန်ဆာ သည် စိတ်ကောင်းရှိသူဖြစ်ပါသည်။ ရန်ကုန်တွင် နေထိုင်စဉ်ကာလ တလျှောက် လုံး အေးချမ်းသာယာစွာနေထိုင်သွားပါသည်။ အခုတော့ကွယ်လွန်သွားရှာပါပြီ။

သူကွယ်လွန်သွားချိန်မှာ ကူညီဆောင်ရွက်မပေးနိုင်တာရယ်၊ သူ့ရဲ့မိသားစု ကို ဆက်လက်စောင့်ရှောက်မပေးနိုင်ခဲ့တာကိုတော့ စိတ်မကောင်းဖြစ်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃၂

ကေအိုင်အေ ကချင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေး

ကျွန်တော်တို့ တပ်မတော်အစိုးရလက်ထက်မှာ ဒီလက်နက်ကိုင်အဖွဲ့ အစည်းအတွက် ငြိမ်းချမ်းရေး ကြိုးပမ်းမှုက တမူထူးခြားမှုရှိပါသည်။ ၁၉၈၉ ခုနှစ်အတွင်းမှ ကိုးကန့်နှင့် ဝတိုင်းရင်းသားများက ဗကပအဖွဲ့အစည်းထဲက ရုန်းထွက်ပြီး နိုင်ငံတော်အစိုးရနှင့်လက်တွဲကာ မိမိတို့ဒေသဖွံ့ဖြိုးရေးဆောင်ရွက်လာ ကြသလို ကျွန်တိုင်းရင်းသားအဖွဲ့အစည်းများကလည်း နိုင်ငံတော်အစိုးရနှင့် ငြိမ်း ချမ်းရေးရယူကာ မိမိတို့၏ ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတာ အလွန်အားရဖွယ်ကောင်းပြီး လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြစ်ထွန်းလာခြင်းသည် အလွန်ဝမ်းမြောက်ဖွယ်ကောင်းခဲ့ပါ သည်။

ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့

ယခုဖော်ပြမည့် KIA ကချင်လက်နက်ကိုင် အဖွဲ့အစည်း၏ ငြိမ်းချမ်းရေး ကြိုးပမ်းမှုသည် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ ပါဝင်ကြိုးပမ်းမှုကလည်း ထူးခြားပါသည်။ ငြိမ်းချမ်းရေးကြိုးပမ်းမှုမှာ သံအမတ်ကြီး(ငြိမ်း)ဦးလဝမ်၊ ဘာသာ ရေးခေါင်းဆောင်ကြီး ဦးဆဘွဲ့ဂျုန် အကျိုးဆောင်လူငယ် ဦးခွန်မြတ် တို့ဦးဆောင်

www.burmeseclassic.com

www.burmeseclassic.com

၂၃.၂.၁၉၉၄ ခုနှစ် ငြိမ်းချမ်းရေးအောင်မြင်ခြင်း အထိမ်းအမှတ် ပဒန်မနော်ပွဲတွင် အတွင်းရေးမှူး(၁)နှင့်အတူ ဆရာဆာဘွဲ့ဝှန်၊ ဦးခွန်မြတ်တို့ ဝမ်းမြောက်ဝမ်းသာ



ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်ခြင်း အထိမ်းအမှတ်အနေနှင့် ပဒန်မနော်ပွဲတွင် အတွင်းရေးမှူး(၁)နှင့်အတူ KIA ခေါင်းဆောင် ဦးတော်မိုင်၊ အကျိုးဆောင် ဦးဆာဘွဲ့ဝှန်

www.burmeseclassic.com

www.burmeseclassic.com

ပါဝင်ဆောင်ရွက်မှုကို ချန်လှပ်ထားပြီး မရနိုင်ပါ။ KIA အဖွဲ့အစည်းအတွင်းမှာ ဒေသခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ လူမျိုးစုခေါင်းဆောင်များ၊ ပညာတတ်လူငယ်ခေါင်းဆောင်များလည်း ပါဝင်နေကြတာကြောင့် မိမိအဖွဲ့အစည်းအတွင်းမှာ သဘောထားတွေ၊ ခံယူချက်တွေ တူညီကြရအောင် ခေါင်းဆောင်ပိုင်းက အချိန်ယူကြိုးပမ်းကြရပါသည်။ ယခင် ခေါင်းဆောင် ဦးဘရန်ဆိုင်းလက်ထက်ကစတင်ပြီး ငြိမ်းချမ်းရေးဖြစ်ထွန်းအောင် ကြိုးစားနေခြင်းဖြစ်ပါသည်။ ဆက်သွယ်မှုကို မဖြတ်ဖို့ စိတ်ရှည်ရှည်ထားပြီး ဆက်သွယ်ဆက်ဆံမှုပြုလုပ်ထားပေးရန် ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ကတစ်ဆင့် ကျွန်တော့်ထံ မကြာခဏ ဆက်သွယ်မှုတွေပြုလုပ် ခဲ့ကြတာဖြစ်သည်။

၂၃.၂.၉၄ ရက်နေ့ ခြစ်ကြိုးနှားမြို့တွင် KIA နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ
အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ်ဖြင့် ပဒန်မနှောပွဲ ကျင်းပရန် ရောက်ရှိနေကြသည့်
ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့၊ ဦးလဝမ်၊ ဦးဆဘွဲ့ဝှန်၊ ဦးခွန်မြတ်နှင့်
အတွင်းရေးမှူး(၁) KIA ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com

KIA အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ပဒန်မနောပွဲ ကျင်းပရန် ရောက်ရှိနေကြသည့် ကချင်တိုင်းရင်းသူများနှင့်အတူ အတွင်းရေးမှူး(၁)

တစ်မျိုးသားလုံး အေးချမ်းမှ

ကျွန်တော်တို့ဘက်ကလည်း နိုင်ငံတော်တစ်ခုလုံး တည်ငြိမ်အေးချမ်းမှု ရှိမှသာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့ တိုးတက်ဖြစ်ထွန်းအကောင်အထည်ပေါ်လာမှာဖြစ်တာကြောင့် ရိုးသားမှုကို အခြေခံလျက် သဘောထားဖြူစင်စွာဖြင့် စောင့်ဆိုင်းခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ခေါင်းဆောင် ဦးဘရန်ဆိုင်းလက်ထက် ငြိမ်းချမ်းရေးမဖြစ်ထွန်းခဲ့ပါ။ သူကွယ်လွန်သွားတာ ကြောင့် ခါးပြတ်သွားသလိုဖြစ်သော်ငြားလည်း ခေါင်းဆောင်သစ် ဦးဇော်မိုင် လက်ထက်မှာ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ဆက်လက်အကောင်အထည်ဖော်နိုင် ခဲ့ပါသည်။

ပထမပိုင်း လားရှိုးမြို့မှာ စတင်ဆွေးနွေးမှုတွေ လုပ်ခဲ့သည်။ အဲဒီအခါ တုန်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးကျော် (နောက်ပြန်ကြားရေးဝန်ကြီး၊ ယခုကွယ်လွန်)ခေါင်းဆောင်ပြီး ဆွေးနွေးပွဲစတင်ခဲ့ ကာပါ။ နောက် ပိုင်းမှာတော့ KIA အဖွဲ့၏တောင်းဆိုချက်အရ မြစ်ကြီးနားမှာ ဆွေးနွေးပွဲတွေ ဆက်လက်လုပ်ဆောင်ခဲ့ရပါသည်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်

www.burmeseclassic.com

www.burmeseclassic.com

KIA အမှဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အပြီးတွင် KIA ခေါင်းဆောင်များ အကျိုးတော်ဆောင်များနှင့်အတူ အတွင်းရေးမှူး(၁) တိုင်းမှူးဗိုလ်မှူးချုပ်စောလွင်၊ ဗိုလ်ချုပ်သိန်းဝင်း

တိုင်းမှူးဗိုလ်ချုပ် စောလွင် (နောင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး၊ ယခုကွယ်လွန်) က ဆက်လက် ဦးဆောင်ဆွေးနွေးခဲ့ရာမှာ ၁၉၉၄ ခုနှစ်ထဲရောက်မှ ငြိမ်းချမ်းရေးစတင်ဖြစ်ထွန်း အောင်မြင်ခဲ့ပါသည်။ အဲဒီအခါကျမှပဲ ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်း တွေ တိုင်းရင်းသားပြည်သူတွေရဲ့ လူမှုဘဝအေးချမ်းမှု၊ သာယာဝပြောမှုတွေကို ဆက်လက်ဆောင်ရွက်ပေးနိုင်ခဲ့တာပါ။ တိုင်းရင်းသား ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်နှင့် သိန္ဓိဌာန်စိတ်ဓာတ်တို့ကို အသိအမှတ်ပြုရပါမည်။ ငြိမ်းချမ်းရေးအကျိုး ဆောင်ပုဂ္ဂိုလ်ကြီးများကိုလည်း ချီးကျူးဂုဏ်ပြု လိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အထက်တန်းကျောင်းအား
ဝင်ရောက်စစ်ဆေးစဉ်



ကချင်ပြည်နယ်မှ ဦးစော်မိုင် ခေါင်းဆောင်သော KIA အဖွဲ့နှင့် အတွင်းရေးမှူး(၁)
တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူး(၁)က နှုတ်ဆက်ခြင်း ၁၉၉၄ ခုနှစ်၊ KIA အဖွဲ့နှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲအပြီး မြစ်ကြီးနား တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမအတွင်း ဦးဇော်မိုင်နှင့် နှုတ်ဆက်စဉ်

Chairman of the Work Committee for Development of Border Areas and National Races Secretary-1 of the State Law and Order Restoration Council Lt-Gen Khin Nyunt presents gift of Kachin national leader U Zaw Mai on 1 October. (Story page 1) - MNA Photo

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃၃

ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ ရလလဖ ပအိုဝ်အဖွဲ့ ဥပဒေဘောင်ထဲဝင်ရောက်ခြင်း

ရလလဖ ပအိုဝ်အဖွဲ့သည် ပအိုဝ်နီအဖွဲ့နှင့် ပအို့ဝ်ဖြူ ဟူ၍ နှစ်ဖွဲ့ကွဲလျက် ရှိရာ ယခုအဖွဲ့မှာ ပအိုဝ်နီအဖွဲ့ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်က အင်တော၊ ကျောက်ဝူ ဒေသမှ ဗကပ အလယ်ပိုင်းဗျူရိုမှ ဗိုလ်ခင်ညိ ခေါင်းဆောင်လျက် ပအိုဝ်အဖွဲ့နှင့် လာရောက်ပူးပေါင်းသည်။ ဗကပဗိုလ်ခင်ညို၏ ဦးဆောင်မှုဖြင့် တပ်ရင်းများ တိုးချဲ့ ဖွဲ့စည်းခြင်း၊ ဒေသခံပအိုဝ်လူထုကို စည်းရုံးသိမ်းသွင်းခြင်း၊ ဗကပ၏ မူဝါဒများအတိုင်း နယ်မြေလူထုအပေါ် ကျင့်ကြံ၊ ဗကပ၏ သဘောတရားရေး ဟောပြောဆွေးနွေးစည်းရုံးမှုများ ပြုလုပ်ခဲ့သည်။

ပအိုဝ်နီအဖွဲ့

၁၉၇၃ ခုနှစ်တွင် ဗကပ ဗဟိုမှ အသားမည်း မျိုးမြင့် ရောက်ရှိလာပြီး ဗကပ ၏လက်အောက်သို့ လုံးလုံးလျားလျားဝင်ရောက်ရေးတို့ကို စည်းရုံးဆွေးနွေးရာ လက်ခံရေးနှင့် လက်မခံရေးဟူ၍ အဖွဲ့နှစ်ဖွဲ့ ကွဲသွားသည်။ လက်ခံသူများ အဖွဲ့တွင် ဦးတာကလယ်၊ ဦးစိန်ရွှေ၊ ဦးစိုးအောင်လွင် တို့ပါဝင်ကြပြီး ဗကပ လက်အောက်ခံ ပအိုဝ်နီဟူ၍ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၆ ခုနှစ် ဧပြီလတွင် ဦးတာကလယ် ဦးဆောင်သော ပအိုဝ်နီအဖွဲ့တချို့ ဗကပ ဗဟိုသို့သွားရောက်၍ စစ်ရေးသင်တန်း၊ သဘောတရားရေးသင်တန်းများ တက်ရောက်ပြီးနောက် လက်နက်တချို့တပ်ဆင်ပေးလိုက်သည်။ ယင်းအဖွဲ့နှင့်အတူ ဗကပတပ်ရင်း ၄၀၄၆ ကိုပါ ထည့်ပေးလိုက်ကာ ပအိုဝ်ဒေသအတွင်း၌ ဗကပ၏ စစ်ရေးလှုပ်ရှားမှုများ စတင်ပြုလုပ်လာကြသည်။ ၁၉၈၃ ခုနှစ်မှာ ဗကပတပ်ရင်း ပန်ဆန်းသို့ ပြန်လည်ထွက်ခွာသွားသည်။ ဗကပ၏ ဩဇာလွှမ်းမိုးမှုနှင့် ဗကပ၏ လူထုအပေါ် ကျင့်ကြံဆောင်ရွက်မှုများကို နယ်မြေလူထုက လက်မခံခဲ့ကြပါ။

ရလလဖအတွင်းမှာ

၁၉၈၉ ခုနှစ်ထဲတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အသီးသီးတို့သည် ရှေ့ဆင့်နောက်ဆင့်ငြိမ်းချမ်းရေးရယူပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်

ဦးတာကလယ် (ရလလဖ) အဖွဲ့မှ
လက်ဆောင်ပေးအပ်စဉ် အတွင်းရေးမှူး(၁) က လက်ခံ

www.burmeseclassic.com

www.burmeseclassic.com

နေကြပြီဖြစ်တာကြောင့် ရလလဖအဖွဲ့ အတွင်းမှာပင် အယူအဆအမျိုးမျိုး ဖြစ်ပေါ်လာကြတာကို သိရှိရသည်။

၁၉၉၃ ခုနှစ် နိုဝင်ဘာလထဲတွင် အတွင်းရေးမှူး(၁) မိမိသည် ကယားပြည်နယ်လွိုင်ကော်မြို့တွင် လူထုနှင့်ဘာသာရေးခေါင်းဆောင်များကို ဖိတ်ကြားကာ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားအဖွဲ့အစည်းများကို ဖိတ်ခေါ်မှုပြုလုပ်ခဲ့သည်။

၁၉၉၄ ခုနှစ် ဇန်နဝါရီလတွင် တောင်ကြီးရှိ ရလလဖ အဖွဲ့မှ ကျွန်တော်တို့ ထောက်လှမ်းရေးတပ်ဖွဲ့သို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်၍ငြိမ်းချမ်းရေးဆွေးနွေးလိုကြောင်း ကမ်းလှမ်းလာသည်။ မတ်လထဲတွင် ဆီဆိုင်မြို့၌ တပ်မတော်ကိုယ်စားလှယ်အဖွဲ့နှင့် ရလလဖအဖွဲ့တို့ ပထမအကြိမ် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။

နောက်ဆုံးအကြိမ် ဆွေးနွေးပွဲပြုနိုင်

၁၉၉၄ ခုနှစ် ဧပြီလတွင် ဆီဆိုင်တွင် အပြုသဘောဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့သည်။ ၁၉၉၄ ခုနှစ် ဇွန်လတွင် တောင်ကြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ကိုယ်စားလှယ်အဖွဲ့တို့ အကျေအလည်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ သြဂုတ်လထဲတွင် စစ်ဌာနချုပ်၌ပင် နောက်ဆုံးအကြိမ်ဆွေးနွေးမှုများပြုလုပ်ရန် ငြိမ်းချမ်းရေးအတွက် သဘောတူညီမှုများ ရရှိခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၄ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ဆီဆိုင်မြို့၌ကျင်းပသော ဥပဒေဘောင်အတွင်း ဝင်ရောက်သည့်အခမ်းအနားသို့ အတွင်းရေးမှူး(၁) ကျွန်တော်တက်ရောက်ကာ ပအိုဝ်နီခေါင်းဆောင်များအား လှိုက်လှဲပျူငှာစွာကြိုဆို ဧည့်ခံမှုများပြုလုပ်ခဲ့ရာ နယ်မြေလူထုကလည်း ဝမ်းပန်းတသာ၊ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမှုပြုခဲ့ကြသည်ကို တွေ့ရပါသည်။

ပအိုဝ်ဒေသတစ်ခုလုံး ငြိမ်းချမ်းသာယာလာပြီဖြစ်တာကြောင့် ပအိုဝ်လူထုရော၊ ရှမ်းတိုင်းရင်းသားတွေရော နယ်မြေ အေးချမ်းသာယာမှုကို လက်တွေ့ခံစားကြရပြီ ဖြစ်ပါသည်။

O

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃၄

KNU နှင့် ငြိမ်းချမ်းရေးကြိုးပမ်းမှုများ

၁၉၈၉ ခုနှစ်ထဲတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအတော်များများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ အောင်မြင်ဖြစ်ထွန်းပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသော်လည်း KIA နှင့် KNU အဖွဲ့အစည်းကြီးများနှင့် အချို့အဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာရန် ကျန်ရှိနေကြသေးသည်။ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိမှသာ တစ်နိုင်ငံလုံးအနှံ့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ပေးနိုင်မှာဖြစ်သလို နိုင်ငံတစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စောက်ချကာ တစိုက်မတ်မတ်ဆောင်ရွက်နိုင်မှာဖြစ်ပါသည်။ ထို့ကြောင့်ပင် တပ်မတော်၏ထိုးစစ်ဆင်မှုများကို ရပ်ဆိုင်းထားပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွေကို ဆောင်ရွက်ခြင်းကို ဆက်သွယ်ရမည့်နေရာဌာနများ (CONT'ACT POINT) များ သတ်မှတ်ကာ စိတ်ရှည်စွာကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ပါသည်။

ကေအင်ယူမှကမ်းလှမ်းချက်

၁၉၉၃ ခုနှစ်ဇန်နဝါရီလထဲတွင် KNU မှ ဗိုလ်ချုပ်မြနှင့် ဦးထိန်မောင်တို့မှ ငြိမ်းချမ်းရေးဆွေးနွေးလိုကြောင်းကို ထိုင်းတပ်မတော်မှတဆင့် ကမ်းလှမ်းသည်ကို မိမိတို့ကလည်း ဆွေးနွေးရန်အဆင်သင့်ဖြစ်ကြောင်းပြန်ကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၀ ခုနှစ်၊ ဧပြီလတွင်တွန်းပခဲ့သော KNU ဗဟိုအလုပ်မှထောင်ခကာ်မတီဂင်နှင့် စီးပွားခရေးဌာန တာဝန်ခံ ဗိုလ်အောင်ဆန်းဦး၊ထောင်သည်အမှဲ့ လက်နက်နှင့်ငြိမ်းချမ်းရေးလိုလားပွဲအခမ်းအနားတွင် အတွင်းခရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်မှ ဗိုလ်အောင်ဆန်းအား နှုတ်ဆက်နေစဉ်။

၁၉၉၃ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် KNU ဥက္ကဋ္ဌဗိုလ်ချုပ်မြက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးနှင့် တစ်ပြည်လုံးမျက်နှာစုံညီဆွေးနွေးပွဲများပြုလုပ်ရေး၊ နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးတို့ကို ဖော်ပြထားသည့်အိတ်ဖွင့်ပေးစာ တစ်စောင်ပေးပို့ခဲ့ပါသည်။

ငြိမ်းချမ်းရေး ဖိတ်ခေါ်သံပြုခဲ့

၁၉၉၃ ခုနှစ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်အရ အတွင်းရေးမှူး(၁)သည် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကယားပြည်နယ်လွိုင်ကော်မြို့၌လည်းကောင်း၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မွန်ပြည်နယ်ရေးမြို့နှင့် သံဖြူဇရပ်မြို့တို့၌လည်းကောင်း၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ကရင်ပြည်နယ်ဘားအံနှင့် ကော့ကရိတ်မြို့နယ် မြပဒိုင်ကျေးရွာ၌လည်းကောင်း ပြည်သူလူထုနှင့်

www.burmeseclassic.com

ဘာသာရေးခေါင်းဆောင်များပါ တွေ့ဆုံကာ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများအနေနှင့် လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်မှုများကို ရပ်တန့်လျက် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုများလာရောက်ပြုလုပ်ကြပါရန် ဖိတ်ခေါ်ခဲ့ပါသည်။

ဗိုလ်ချုပ်မြနှင့် စစ်သံမှူးတွေ့ဆုံ

၁၉၉၃ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံဘန်ကောက်ရှိစစ်သံမှူး ဗိုလ်မှူးကြီးသိန်းဆွေသည် KNU ဌာနချုပ်သို့သွားရောက်၍ ဥက္ကဋ္ဌဗိုလ်ချုပ်မြနှင့်တွေ့ဆုံပြီး တပ်မတော်၏သဘောထားနှင့် ငြိမ်းချမ်းရေးဆွေးနွေးနိုင်မှုအချက်အလက်များကို ရှင်းလင်းပြခဲ့ပါသည်။

ဒီကေဘီအေပေါ်လာ

၁၉�># ခုနှစ်ထဲတွင် မြိုင်ကြီးဂူဆရာတော်၏ သာသနာပြုလုပ်ငန်းများနှင့် ပတ်သက်၍ KNU အဖွဲ့အတွင်းတွင် တားဆီးပိတ်ပင်မှုများဖြစ်ပေါ်လာတာကြောင့်

(၂၂-၂-၉၆) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁)မှ ဒုတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ လာရောက်ကြသော KNU ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တွင် လက်ခံတွေ့ဆုံစဉ်

www.burmeseclassic.com

www.burmeseclassic.com

KNU အဖွဲ့အတွင်းမှ ခွဲထွက်သော DKBA အဖွဲ့ပေါ်ပေါက်လာသည့် ပြဿနာ ရပ်နှင့်အခြားပြဿနာအခက်အခဲများကြောင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ရပ်ဆိုင်းသွားသည့်အခြေအနေရောက်ခဲ့သည်။

၁၉၉၅ ခုနှစ် မတ်လတွင် KNU မှ ငြိမ်းချမ်းရေးဆွေးနွေးလိုကြောင်း စာများပေးပို့လာသည့်အပြင် ငြိမ်းချမ်းရေးအကျိုးဆောင်များဖြစ်ကြသော ဦးထွန်းအောင်ချိန်၊ ဦးအေစိုးမြင့်၊ ဦးစောရစ်ချတ်၊ ဦးစောမာဂေကြီး၊ ဦးဟန်ဆင်သဒေါ၊ ဦးခွန်မြတ်တို့နှင့်ပါ KNU ဌာနချုပ်တွင် အကြိမ်ကြိမ်တွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရပါသည်။

၁၉၉၅ ခုနှစ် စက်တင်ဘာလထဲတွင် ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့သည် အတွင်းရေးမှူး(၁)နှင့်လာရောက်တွေ့ဆုံကြပြီး KNU ဥက္ကဋ္ဌဗိုလ်ချုပ်မြနှင့် ဆွေးနွေးခဲ့မှုအခြေအနေများကိုရှင်းလင်းတင်ပြကြပါသည်။ အတွင်းရေးမှူး(၁) ကျွန်တော်ကလည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများဖြစ်ထွန်းလာအောင် ကြိုးစားပေးကြရန် ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ကို မေတ္တာရပ်ခံမှုများပြုလုပ်ခဲ့ပါသည်။

၁၉၉၅ ခုနှစ် စက်တင်ဘာလထဲမှာပင် KNU အဖွဲ့မှ တရားဝင်ဆွေးနွေးမှု မပြုလုပ်မီ၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏သဘောထားနှင့် ရပ်တည်ချက်ကို အလွတ်သဘော လာရောက်ရှင်းပြပေးရန် မေတ္တာရပ်ခံသဖြင့် အောက်တိုဘာလထဲတွင် တပ်မတော်ထောက်လှမ်းရေးမှ ဗိုလ်မှူးကြီးကျော်သိန်းနှင့် ဒုဗိုလ်မှူးကြီးစန်းပွင့်တို့ ဦးဆောင်သောအဖွဲ့တစ်ဖွဲ့ကို ထိုင်းနိုင်ငံ မဲဆောက်မြို့ အနီးရှိ KNU စခန်း သို့စေလွှတ်လိုက်ပြီး KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်မြနှင့် ခေါင်းဆောင်များကို တွေ့ဆုံ ရှင်းလင်းပြောကြားမှုများ ပြုလုပ်ပေးခဲ့သည်။

ဆွေးနွေးပွဲများ အကြိမ်ကြိမ်လုပ်ခဲ့

၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်မှ ၁၉ ရက်နေ့အထိ KNU ဗဟိုကော်မတီဝင် ဦးမန်စဒ္ဓိလ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မော်လမြိုင်မြို့ သို့ရောက်ရှိလာကြပြီး တပ်မတော်မှ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူး ဗိုလ်မှူးကြီးအောင်သိန်းနှင့် တပ်မတော်ထောက်လှမ်းရေးမှ ဒုတိယညွှန်ကြားရေးမှူး

www.burmeseclassic.com

www.burmeseclassic.com

(၄-၇-၉၆) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)မှ တတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ လာရောက်ကြသော KNU ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တွင် လက်ခံတွေ့ဆုံစဉ်

ဗိုလ်မှူးကြီးကျော်ဝင်းတို့ ဦးဆောင်သောအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တွင် ပထမအကြိမ်ငြိမ်းချမ်းရေးဆွေးနွေးမှုပြုလုပ်ခဲ့ပါသည်။ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် KNU ကိုယ်စားလှယ်အဖွဲ့အား အတွင်းရေးမှူး(၁)ကျွန်တော်က ရန်ကုန်တွင် လက်ခံတွေ့ဆုံကာ ငြိမ်းချမ်းရေးဖြစ်ထွန်းရေးအတွက် ကြိုးစားကြဖို့မှာကြားလိုက်ပါသည်။

ရန်ကုန်မှာတွေ့ဆုံ

၁၉၉၆ခုနှစ် ဖေဖော်ဝါရီလ ၁၅ နှင့် ၁၆ ရက်နေ့တို့တွင် မော်လမြိုင်မြို့ တိုင်းစစ်ဌာနချုပ်တွင်ပင် KNU ကိုယ်စားလှယ်အဖွဲ့ကို ဖဒိုမန်းရှာဦးဆောင်လျက် တပ်မတော်ကိုယ်စားလှယ်အဖွဲ့နှင့် ဒုတိယအကြိမ်ငြိမ်းချမ်းရေးဆွေးနွေးမှုပြုလုပ်ခဲ့ပြန်ပါသည်။ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အဆိုပါ KNU ကိုယ်စားလှယ်အဖွဲ့ကို အတွင်းရေးမှူး(၁) ကျွန်တော်က ရန်ကုန်မှာလက်ခံတွေ့ဆုံလျက် ငြိမ်းချမ်းရေးအတွက် အစိုးရ၏ သဘောထားများကို ရှင်းလင်းပြခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၆ ခုနှစ် ဇွန်လ ၂၉ ရက်နေ့မှ ဇူလိုင်လ ၂ ရက်နေ့အထိ KNU မှ ဦးတာမလာဘော ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မော်လမြိုင်မြို့အရှေ့ တောင်တိုင်းစစ်ဌာနချုပ်၌ ဒုတိုင်းမှူးဗိုလ်မှူးချုပ်အောင်သိန်းနှင့် ထောက်လှမ်းရေး ဒုတိယညွှန်ကြားရေးမှူးဗိုလ်မှူးကြီးကျော်ဝင်းတို့ ဦးဆောင်သော တပ်မတော်ကိုယ် စားလှယ်အဖွဲ့တို့ငြိမ်းချမ်းရေးဆွေးနွေးမှု တတိယအကြိမ် ပြုလုပ်ခဲ့ကြပါသည်။ ဇူလိုင်လ ၄ ရက်နေ့တွင်အဆိုပါ KNU ဦးတာမလာဘော ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား အတွင်းရေးမှူး(၁)ကျွန်တော်က ရန်ကုန်တွင်လက်ခံတွေ့ဆုံခဲ့ပါသည်။

၁၉၉၆ ခုနှစ် အောက်တိုဘာလတွင် KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်မြက အလွတ်သဘောဆွေးနွေးရန်၊ ထောက်လှမ်းရေးမှ ကိုယ်စားလှယ်စေလွှတ်ပေးပါရန် မေတ္တာရပ်ခံသဖြင့် ဒုဗိုလ်မှူးကြီးစန်းပွင့်နှင့်အဖွဲ့အား မဲဆောက်မြို့အနီး KNU စခန်းသို့စေလွှတ်ပေးခဲ့ရပါသည်။ ထိုအဖွဲ့အားဗိုလ်ချုပ်မြကမှာကြားလိုသော အကြောင်းအရာများကို အလွတ်သဘောမှာကြားလိုက်သည်များကို မိမိထံပြန်လည်တင်ပြကြပါသည်။

၁၉၉၆ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ KNU အဖွဲ့မှ ဦးတာမလာဘော ဦးဆောင်သောအဖွဲ့သည် မော်လမြိုင်သို့ရောက်ရှိလာပြီး တိုင်းစစ်ဌာနချုပ်မှာပင် ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဗိုလ်မှူးကြီးကျော်ဝင်းတို့အဖွဲ့နှင့် စတုတ္ထအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးမှု ပြုလုပ်ခဲ့ပြန်ပါသည်။

အမေရိကန် ဝင်ရောက်စွက်ဖက်မှု

၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့မှ ၁၄ ရက်နေ့အထိ KNU မှ ဦးဆောင်ကာ DAB နှင့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများပါဝင်လျက် အမေရိကန်နိုင်ငံ အဖွဲ့အစည်းတစ်ခုက ကမကထပြု၍ မဲသရောတွင် အစည်းအဝေးတစ်ခုပြုလုပ်ခဲ့ပါသည်။ အမှန်ကတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်မဖြစ်ထွန်းအောင်၊ ငြိမ်းချမ်းရေးကိစ္စ အကောင်အထည်မပေါ်အောင် အမေရိကန်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှုတစ်ရပ်ဖြစ်ပါသည်။ အစည်းအဝေး

www.burmeseclassic.com

www.burmeseclassic.com

အမည်က တိုင်းရင်းသားလူမျိုးများနှီးနှောဖလှယ်ပွဲ (ETHNIC NATIONALITIES SEMINAR)ဖြစ်ပါသည်။ အမေရိကန်နိုင်ငံအဖွဲ့အစည်းတစ်ခုက အကုန်အကျခံကာ ကမကထပြုလျက်ဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသွားကြသည်ကိုတွေ့ရပါသည်။ အစည်းအဝေးအပြီးကြေညာချက်ထုတ်ပြန်ရာတွင် အမျိုးသားညီလာခံကို အသိအမှတ်မပြုကြောင်း ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားအင်အားစုနှင့် အစိုးအရအဖွဲ့တို့ သုံးပွင့်ဆိုင်ဆွေးနွေးမှုပြုလုပ်ရန်၊ အာဆီယံအဖွဲ့ဝင်အဖြစ်လက်မခံသေးပဲ ဆိုင်းငံ့ထားရန်၊ ဒီမိုကရေစီရေးနှင့် လူထုတိုက်ပွဲကို ထောက်ခံကြောင်း စသည့်အချက်များ ပါဝင်ပါသည်။

ဤကဲ့သို့ မဲသရောဆွေးနွေးပွဲပြီးသည့်နောက် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများလည်း ရပ်ဆိုင်းသွားပြီး KNU မှ စစ်ရေးလှုပ်ရှားမှုများပင်ပြန်လည်လုပ်ဆောင်လာခဲ့တာကိုတွေ့ရပါသည်။ သို့သော်ငြားလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စိတ်ဝင်စားမှုရှိပါလျှင် အဆက်အသွယ်ပြန်လည်ပြုလုပ်နိုင်အောင် KNU အဖွဲ့မှ ထောက်လှမ်းရေးနှင့် ဆက်ဆံရေးတာဝန်ခံဦးစီးစီးနှင့် အစိုးရဘက်မှ ဗိုလ်မှူးကြီးစန်းပွင့်တို့ကို CONTACT POINT များ အဖြစ်သတ်မှတ်ကာ ဆက်သွယ်မှုပြုလုပ်လျက်ရှိပါသည်။ ဤကဲ့သို့ဆက်သွယ် ဆက်ဆံမှုပြတ်တောက်မသွားအောင်စီစဉ်ဆောင်ရွက်ထားမှုကြောင့်လည်းကောင်း၊ ဦးခွန်မြတ်နှင့် တကွငြိမ်းချမ်းရေးအကျိုးဆောင်များ၏ ကြိုးပမ်းဆောင်ရွက်ပေးနေမှုကြောင့်လည်းကောင်း KNU ဥက္ကဋ္ဌကြီးဗိုလ်ချုပ်မြနှင့်တကွ ငြိမ်းချမ်းရေးလိုလားနေကြသော KNU ခေါင်းဆောင်များနှင့် အဆက်အသွယ်မပြတ်ရှိခဲ့သည်မှာ ဝမ်းမြောက်စရာဖြစ်နေပါသည်။

ငြိမ်းချမ်းရေးရောင်ခြည် ပြန်သန်းလာခဲ့

KNU ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်မြနှင့် ငြိမ်းချမ်းရေးလိုလားကြသော KNU ခေါင်းဆောင်များ၏ ဆန္ဒသဘောထားများနှင့်အညီ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့၏ ရန်ကုန်နှင့် ထိုင်းနိုင်ငံ မဲဆောက်၊ ရန်ကုန်နှင့် KNU ဥက္ကဋ္ဌကြီးနှင့်အဖွဲ့ရှိရာ ထိုင်းနိုင်ငံနေရာဒေသများသို့ ပင်ပန်းဆင်းရဲခံကာ ခေါက်တုံ့ခေါက်ပြန်လှုပ်ရှားသန်း

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလထဲတွင် ရန်ကုန်သို့ရောက်ရှိလာသော KNU အဖွဲ့မှ ပဏာမဆွေးနွေးပွဲ လာရောက်သူများကို ဝန်ကြီးချုပ်ဖြစ်သူ ကျွန်တော် ကိုယ်တိုင် မတွေ့ဆုံခဲ့စဉ် KNU ခေါင်းဆောင်များမှာ ဦးစိုးစိုး၊ ဦးစောဖေဒို၊ ဦးစောဂျော်နီနှင့် အကျိုးတော်ဆောင် ဦးခွန်မြတ်တို့ ဖြစ်ကြသည်။

ကြိုးပမ်းမှုများကြောင့် ၂၀၀၃ ခုနှစ်အတွင်းတွင် ငြိမ်းချမ်းရေးရောင်ခြည်များပြန်လည်သန်းခဲ့ပါသည်။

စောဘိုမြကိုယ်တိုင်လာမည်

၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်း KNU အဖွဲ့မှ ဦးစိုးစိုး၊ ဦးစောဂျော်နီ၊ ဦးစောဖေဒို တို့ ဦးဆောင်သောအဖွဲ့တစ်ဖွဲ့သည် ရန်ကုန်သို့ရောက်ရှိလာကာ တပ်မတော်ထောက်လှမ်းရေးအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံဆွေးနွေးမှု ပြန်လည် စတင်ခဲ့ပါသည်။ KNU ဥက္ကဋ္ဌကြီးဗိုလ်ချုပ်ကြီးစောဘိုမြက သူ၏လုံခြုံရေး တာဝန်ခံမည်ဆိုလျှင် ရန်ကုန်သို့သူကိုယ်တိုင်လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း မင်္ဂလာသတင်းကောင်းကိုပါပါးလိုက်သဖြင့် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

KNU အဖွဲ့သဘောထားနှင့် ဗိုလ်ချုပ်ကြီးစောဘိုမြ ရန်ကုန်သို့ လာရောက်ဆွေးနွေးလိုကြောင်း သတင်းစကားများကိုပါ နယကဉ္ဇာ့ဌာနကြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဒုတိယဉ္ဇာ့ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးတို့အား တင်ပြကာ သဘောထားများကို ရယူခဲ့ပါသည်။

နယကဉ္ဇာ့ဌနှင့် ဒုတိယဉ္ဇာ့ဌတို့၏ခွင့်ပြုချက်၊ လမ်းညွှန်ချက်တို့နှင့် အညီ KNU အဖွဲ့ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ခေါ်ယူရေးအတွက် ထိုင်းနိုင်ငံရှိ သံအမတ်ကြီး နှင့်စစ်သံမှူးတို့ကိုပါ အသေးစိတ်ညွှန်ကြားချက်များပေးပို့ကာ ထိုင်းနိုင်ငံအတွင်း ဆောင်ရွက်ဖွယ်ရာများကို ဆက်လက်ဆောင်ရွက်စေခဲ့ပါသည်။

ဉဿဌဦးစောဘိုမြကိုယ်တိုင် ရန်ကုန်သို့ရောက်

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် KNU ဉဿဌဦးစောဘိုမြ၊ ဦးထိန်မောင်၊ ဦးတူးတူးလေး၊ ဦးဒေးဗစ်ထော၊ ဦးစောကျော်နီတို့ ခေါင်းဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ခေါ်ယူရန် တပ်မတော်အထူးလေယာဉ်ကို ဘန်ကောက်သို့ စေလွှတ်ခဲ့ရပါသည်။ ထိုင်းတပ်မတော်ကလည်း လိုအပ်သောကူညီမှုများပြုလုပ်စီစဉ်ပေးမှုကြောင့် KNU ဉဿဌကြီး ဦးစောဘိုမြ ခေါင်းဆောင်သောငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို ဘန်ကောက်မှ ရန်ကုန်သို့လုံခြုံစွာဖြင့်ခေါ်ယူနိုင်ခဲ့ပါသည်။ ရန်ကုန်ရောက်သည့်အခါ တပ်မတော်ဧည့်ရိပ်သာတွင်လုံခြုံစိတ်ချစွာဖြင့် နေထိုင်နိုင်ရန် စနစ်တကျစီမံဆောင်ရွက်ပေးထားပါသည်။ ယင်းနေ့တွင် ဝန်ကြီးချုပ် ကျွန်တော်ကိုယ်တိုင်တပ်မတော်ဧည့်ရိပ်သာသို့ သွားရောက်၍ KNU ဉဿဌကြီးနှင့်အဖွဲ့အားနှုတ်ဆက်ကာ ဧည့်ဝတ်ပြုမှုပြုလုပ်ခဲ့ပါသည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် စတင်ကာ ဦးထူးထူးလေး၊ ဦးဒေးဗစ်ထောတို့နှစ်ဦး ဦးဆောင်သောအဖွဲ့နှင့် တပ်မတော်ထောက်လှမ်းမှုကိုယ်စား လှယ်အဖွဲ့တို့ အသေးစိတ်ဆွေးနွေးမှုများ စတင်ဆောင်ရွက်ခဲ့ကြပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုများမှာ အချိန်ရလာသည်နှင့်အမျှ တဘက်နှင့်တဘက် ယုံကြည်မှု၊ လေးစားမှု၊ ညီရင်းအစ်ကိုကဲ့သို့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပြောဆိုဆွေးနွေးမှုများကြောင့် သဘောထားနှင့်ခံယူချက်များကို တဘက်နှင့်တဘက်

www.burmeseclassic.com

www.burmeseclassic.com

ပိုမိုသိရှိလာကာ ဆွေးနွေးမှုများမှာ တိုးတက်ဖြစ်ထွန်းမှုရလဒ်ကောင်းများ ရရှိခဲ့ပါသည်။

မွေးနေ့ညစာစားပွဲ

ဝန်ကြီးချုပ် ကျွန်တော်ကိုယ်တိုင် KNU ဥက္ကဋ္ဌကြီးဦးစောဘိုမြ၏ မွေးနေ့ညစာစားပွဲကို ကျင်းပပေးခဲ့မှုကြောင့် တစ်ဦးနှင့်တစ်ဦးပိုမိုရင်းနှီးမှု၊ လေးစားယုံကြည်မှုများ ပိုမိုဖြစ်ထွန်းလာခဲ့ပါသည်။ နေ့စဉ်ဆွေးနွေးမှုအခြေအနေအရပ်ရပ်တိုးတက်ဖြစ်ထွန်းမှုများကို ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌကြီးတို့အား နေ့စဉ်တင်ပြကာ လမ်းညွှန်ချက်များကို ရယူဆောင်ရွက်ခဲ့ပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုသည် တစ်ပတ်ခန့်ကြာမြင့်လာသောအခါ ယုံကြည်လေးစားမှုများ ဖြစ်ထွန်းလာသဖြင့် အောင်မြင်မှုပန်းတိုင်သို့ရောက်လုနီးပါးဖြစ်ခဲ့သည်။

ဖိုးခိုမင်းကို ငါယုံတယ်

KNU ဥက္ကဋ္ဌကြီးဦးစောဘိုမြက ကျွန်တော့်ကို ပြန်ကာနီးတွင် ဖိုးခိုမင်းကို ငါယုံကြည်တယ်ကွာ၊ ငါအခုပြန်တော့မယ်၊ ငါ့ခေါင်းဆောင်တွေနဲ့ပြန်လည်ညှိနှိုင်းဆွေးနွေးပြီးပါက မင်းဆီပြန်လာမယ်၊ အဲဒီအခါမှာ ငြိမ်းချမ်းရေး အောင်မြင်မှုအတွက် လက်မှတ်ထိုးကြမှာပေါ့ကွာ၊ နောက်တခါငါလာဖို့ကိုလည်း လေယာဉ်ပျံလွှတ်ပြီးခေါ်ပေးပါကွာဟု ကျွန်တော့်ကိုမှာကြားသွားပါသည်။ သူပြောသော ဒီစကားလုံးများသည် သူ၏ရင်အတွင်းက ဖြစ်ပေါ်နေသည့်ရင်တွင်းစကားများကို နှုတ်မှရှိုးသားပွင့်လင်းစွာဖွင့်ထုတ်ပြောကြားခဲ့သည်ဟု ကျွန်တော်အပြည့်အဝ ယုံကြည်လိုက်ပါသည်။

သို့သော်လည်း သူ၏ကျန်းမာရေးချွတ်ယွင်းလာမှုကြောင့် ဆေးကုသမှုခံယူနေစဉ်မှာပင် ငြိမ်းချမ်းရေးမရယူနိုင်ခင်မှာ ကွယ်လွန်သွားခဲ့ရှာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၄ ခုနှစ်၊ မေဖော်ဝါရီလထဲတွင် ငြိမ်းချမ်းရေး ဆွေးနွေးရန်အတွက် ရန်ကုန်သို့ရောက်ရှိလာသော ကေအင်ယူအဖွဲ့ ခေါင်းဆောင်ကြီး ဦးစောဝိုလ်မြနှင့် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တို့ ဧည့်ရိပ်သာတွင် ရင်းနှီးစွာ တွေ့ဆုံကြစဉ် ရိုးသားမှုနှင့် ချစ်ကြည်ရင်းနှီးမှုက ပေါ်လွင်လျက်ရှိပါသည်။

၂၀၀၄ ခုနှစ်၊ နှစ်ဦးပိုင်းကာလက ထိုင်းတပ်မတော်မှ ငြိမ်းချမ်းရေးအတွက်များစွာ အထောက်အကူပြုပေးခဲ့သည်၊ ဗိုလ်ချုပ်ကြီးမြနှင့် အဖွဲ့ဝင် ဖဒိုဗိုးစိုး၊ ကိုခွန်မြင့်နှင့် ထိုင်းတပ်မတော် ဗိုလ်ချုပ်ကြီးများကိုအတူ တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃၅

ကော် ၈၁၅ နှင့် ဗကပ တပ်မဟာ ၇၆၈ ငြိမ်းချမ်းရေး

ကော် ၈၁၅ စစ်ဒေသမှူးမှာ ဦးစိုင်းလင်း (ခ) လီမီရှဲဖြစ်ပြီး အခါတိုင်း ရင်းသားအများစုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ တပ်မဟာ ၇၆၈ မှာ ရှမ်းတိုင်း ရင်းသားအများစုဖြစ်ပြီး ၁၉၈၉ ခုနှစ် ဧပြီလထဲတွင် ကော် ၈၁၅ အဖွဲ့ရော၊ တပ်မဟာ ၇၆၈ အဖွဲ့ပါ ဗကပထဲမှ ခွဲထွက်ကာ မေလထဲတွင် နှစ်ဖွဲ့ပူးပေါင်း လျက် ရှမ်းပြည်နယ်အရှေ့ပိုင်း စစ်ရေးနှင့်ဒေသန္တရအုပ်ချုပ်ရေးကော်မတီကို ဖွဲ့စည်း ခဲ့ကြသည်။ ဦးစိုင်းလင်းက ကိုးကန့်ခေါင်းဆောင်ဦးဖုန်ကြားရှင်၏ သားမက် ဖြစ်တာကြောင့် ကိုးကန့်အဖွဲ့ကဲ့သို့ ငြိမ်းချမ်းရေးရယူလိုကြောင်း မေလထဲမှာပဲ ဦးဖုန်ကြားရှင်မှတဆင့် ဆက်သွယ်လာခဲ့ကြသည်။

ထိုသတင်းရလျှင်ရချင်း လားရှိုးမှာနေသော ဦးလော်စစ်မင်းကို ဦးစိုင်းလင်းထံစေလွှတ်၍ ဆက်သွယ်မှုပြုလုပ်ခဲ့သည်။ ၁၉၈၉ ခုနှစ် ဇွန်လထဲတွင် တပ်မတော်ထောက်လှမ်းရေးတပ်မှ အဖွဲ့တစ်ဖွဲ့ကို မိုင်းလားသို့စေလွှတ်ကာ ငြိမ်း ချမ်းရေးဆွေးနွေးမှုစတင်ဆောင်ရွက်ခဲ့သည်။ ကိုးကန့်နှင့် "ဝ" အဖွဲ့အစည်းများ ကဲ့သို့ အခွင့်အရေးရမည်ဆိုပါက ဥပဒေဘောင်အတွင်းဝင်ရောက်မည်ဖြစ်ကြောင်း သဘောထားများရရှိသဖြင့် ကျိုင်းတုံတွင် တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ် ရန်စီစဉ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မိုင်းလားဒေသ ရှမ်း/အခါအမွဲ့ခေါင်းဆောင် ဦးစိုင်းလင်း ဦးဆောင်သောအမွဲ့ တွေ့ဆုံ



ပြည်မကျမ်းအရှေ့ရှိပြီးအနောက် ဦးစိုင်းလင်းအခါင်းဆောင်သည့် (ရှမ်း/အခါ)
တိုင်းရင်းသားကိုယ်စားလှယ်များ အတွင်းအရေးမှူး (၀) အား တွေ့ဆုံစဉ်

www.burmeseclassic.com

www.burmeseclassic.com

ကိုးကန့်နှင့် ဝတို့ကဲ့သို့

အတွင်းရေးမှူး (၁) ကျွန်တော်နှင့်ဝန်ကြီး၊ ဒုဝန်ကြီးအချို့လိုက်ပါကာ ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျိုင်းတုံမြို့မှာ ကော် စ၁၅ နှင့် တမဟာ ၇၆၈ ခေါင်းဆောင်များကို ဦးစိုင်းလင်းခေါင်းဆောင်လျက် ငြိမ်းချမ်းရေးဆွေးနွေးမှုပြုလုပ်ခဲ့ရာ ကိုးကန့်နှင့် "ဝ" ကဲ့သို့ပင် ငြိမ်းချမ်းရေး စတင်ဖြစ်ထွန်းခဲ့ပါသည်။ လောလောဆယ် လက်နက်စွန့်လွှတ်ရန်မလိုသေးပဲ ရေရှည်မှာတော့ အချိန်ကျရောက်လာလျှင် လက်နက်စွန့်လွှတ်မှု ပြုလုပ်ရန် သဘောတူညီခဲ့ကြပါသည်။

ရာဘာနှင့် သစ်သီးဝလံလေးများစိုက်ပျိုး

ကျိုင်းတုံ၏ မြောက်ခြမ်း မိုင်းလား၊ မိုင်းမ၊ မိုင်းပေါက်ဒေသတို့မှာ တရုတ်နိုင်ငံနှင့် နယ်စပ်ချင်းဆက်စပ်နေတာကြောင့် တရုတ်နိုင်ငံသားအများစု သည် ခရီးသည်များအဖြစ် မိုင်းလား၊ မိုင်းမ ဒေသသို့ လာရောက်လေ့လာကြ



Prime Minister General Khin Nyunt greets Shan State (East) Special Region-4 Chairman U Sai Lin and party at Zerouthiri Beikman. — MNA

www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ကော် ၈၁၅ နှင့်တမဟ ၇၆၈ အဖွဲ့များမှာ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းဖြင့် အထူးအောင်မြင်မှုရရှိနေတာကို တွေ့ရှိရပါသည်။ ရာဘာစိုက်ပျိုးရေး၊ သစ်သီးဝလံပင်များစိုက်ပျိုးရေးလုပ်ငန်းမှာလည်း အလွန်အောင်မြင်တာကြောင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နိုင်ခဲ့တာကိုလည်း တွေ့ရှိရပါသည်။

တရုတ်နိုင်ငံကမ္ဘာလှည့်ခရီးသည်လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အလွန်အောင်မြင်ဖြစ်ထွန်းလာတာကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများကိုပါ အလေးထား ဆောင်ရွက်နိုင်ပါသည်။ မကြာမီကာလကပင် မူးယစ်ဆေးဝါးပြတိုက်ကြီးဖြစ်ထွန်းလာကာ မူးယစ်ဆေးဝါးကင်းမဲ့ဇုန်အဖြစ် ပထမဆုံးကြေညာနိုင်ခဲ့ပါသည်။

O

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃၆

ဗကပ ၁၀၁ စစ်ဒေသအဖွဲ့ငြိမ်းချမ်းရေး

၁၉၈၉ ခုနှစ်ထဲတွင် ကိုးကန့်ဒေသ၊ "ဝ" ဒေသတို့ ဗကပအဖွဲ့အစည်းထဲမှ ထွက်လိုက်သည့်အခါ ဗကပဗဟိုကော်မတီဝင် မိသားစုများနှင့် လက်ကျန် ဗကပဗဟိုအဖွဲ့တို့သည် ကန်ပိုက်တီးဒေသရှိ ဗကပ ၁၀၁ စစ်ဒေသသို့ ထွက်ပြေးခိုလှုံခဲ့ကြသည်။ ၁၉၈၉ ခုနှစ် သြဂုတ်လ ၁၅ ရက်နေ့တွင် ဗကပ ၁၀၁ စစ်ဒေသ၏ ဌာနချုပ်ရှိရာ ပန်ဝါစခန်းတွင် ဗဟိုကော်မတီဝင်များ ပြန်လည်ဖွဲ့စည်းရေး၊ မြေအောက်လှုပ်ရှားမှုများပြုလုပ်ရေး၊ ဗကပ (၁၀၁) စစ်ဒေသမှူးဦးစခုန်တိန့်ယိန်းအား နိုင်ငံရေးဦးဆောင်အဖွဲ့တွင် ကော်မတီဝင်ခန့်အပ်ရေးတို့ကို အစည်းအဝေးပြုလုပ်သည်။ တချိန်တည်းမှာပင် ဗကပ၏ နှစ် ၅၀ ပြည့် အခမ်းအနားကိုပါ ကျင်းပပြုလုပ်ကြသည်။

ဦးစခုန်တိန့်ယိန်း

အဆိုပါဆွေးနွေးချက်များကို ဦးစခုန်တိန့်ယိန်းက လက်မခံခဲ့ပဲ စက်တင်ဘာလထဲတွင် အတွင်းရေးမှူး (၁) ကျွန်တော့်ထံ စာတစ်စောင်ပေးလိုက်ပါသည်။ မိမိထံမှ ပြန်ကြားရာတွင် ဗကပဗဟိုအဖွဲ့နှင့် ပြတ်သားမှုမရှိပါက ငြိမ်းချမ်းရေးဆွေးနွေးရန် မဖြစ်နိုင်ကြောင်းပြန်ကြားခဲ့သည်။ ထိုသို့သော ပြန်ကြား ချက်ကိုရရှိပြီးနောက် ဦးစခုန်တိန့်ယိန်းသည် သူ၏လက်အောက်ခံအဖွဲ့အစည်းများ၊ ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၃) ရက် ကြိုးမဲ့အမှတ်အသားဘာတူညီချက် ချရှိသည့်နေ့တွင် နိုင်ငံတော်ပြန်ပင်စိပ်ပြားမှတည်ဆောက်ရေးအဖွဲ့, အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ်ကြီးခင်ညွှန့်,မှ ဗကပရင်း (၁၀၁) တပ်မှူး ဦးစုရုန်ဟိန်,ယိန်းအား မြန်မာကြီးနားမြို့, မလိမ်းမပ်သာတွင် လက်မှတ်တွေ့,ဆုံစဉ်။

များနှင့်လျှို့ဝှက်ဆွေးနွေးမှုပြုလုပ်ခဲ့ကြသည်။ ဗကပ၏ စစ်အောင်နိုင်ရေး၊ အာဏာသိမ်းရေးလမ်းစဉ်ကို စွန့်လွှတ်ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းဖို့ ဗကပ ခေါင်းဆောင်မှုအောက်က ခွဲထွက်၍ အစိုးရနှင့် ဆက်သွယ်ဆောင်ရွက်ရန် သဘောတူညီကြကြောင်းသိရသည်။

၁၉၈၉ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဗကပ ၁၀၁ စစ်ဒေသကို ဒီမိုကရေစီတပ်မတော် (ကချင်) ဟုပြောင်းလဲလိုက်ကြောင်းကြေညာခဲ့သည်။ တစ်ချိန်ထဲမှာပဲ နဝတနှင့်ဆွေးနွေးလိုကြောင်းစာရေးဆက်သွယ်လာခဲ့သည်။ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပထမအကြိမ်ဆွေးနွေးပွဲကို ရှမ်းပြည်နယ် မြောက်ပိုင်း ကွမ်းလုံမြို့မှာ ပြုလုပ်ခဲ့ကြသည်။ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှာ ဒီမိုကရေစီတပ်မတော် NDA (K) သည် အစိုးရနှင့်ငြိမ်းချမ်းရေး ဆွေးနွေးရန် ဗကပဗဟိုသို့ အသိပေးအကြောင်းကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မြစ်ကြီးနားဆွေးနွေး

၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ မြစ်ကြီးနားတွင် တပ်မတော်နှင့် ၃တိယအကြိမ်ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ ဒီဇင်ဘာလတတိယပတ်တွင် ဗကပဗဟိုနှင့် အဖွဲ့ဝင်များကို ပန်ဝါမှ မောင်းထုတ်လိုက်ရာ ဗကပအဖွဲ့နှင့် အိမ်ထောင်စုဝင်များ တရုတ်ပြည်ထဲသို့ ပြေးဝင်သွားကြသည်။ တစ်ချို့ကလည်း NDA (K) နှင့်ပူးပေါင်းလိုက်ကြသည်။

၁၉၉၀ ပြည့်နှစ် ဇန်နဝါရီလထဲတွင် အတွင်းရေးမှူး (၁) မိမိနှင့် တွေ့ဆုံဆွေးနွေးပြီး တရားဥပဒေဘောင်အတွင်းသို့ အပြီးအပိုင်ဝင်ရောက်လာခဲ့သည်။ ဦးစခုန်တိန့်ယိန်းနှင့်အဖွဲ့သည် ငြိမ်းချမ်းရေးရယူပြီးသည့်နောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ အထူးသဖြင့် ချီဘွေမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်တိုးတက်ရေး၊ ရေအားလျှပ်စစ်လုပ်ငန်းများထူထောင်ရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃၇

SSA အဖွဲ့နှင့် ငြိမ်းချမ်းရေး

SSA ခေါင်းဆောင်ဦးဆေးထင်က ၁၉၈၉ ခုနှစ် သြဂုတ်လထဲတွင် ဦးလော်စစ်ဟန်ထံ စာရေးဆက်သွယ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပြုလုပ်လိုကြောင်း စာပါအကြောင်းအရာများမှာ ဒီမိုကရေစီရရှိရေး၊ တန်းတူညီမျှရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေးတို့ကို ဆွေးနွေးလိုကြောင်းပါရှိသည်။ ၁၉၈၉ ခုနှစ် စက်တင်ဘာလ တွင် ဒုတိယအကြိမ်ထပ်မံဆက်သွယ်ကာ တပ်မတော်ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံဆွေးနွေးလိုပါကြောင်း အဆိုပြုလာသဖြင့် စက်တင်ဘာလ ၂၀ ရက်နေ့ တွင် ထောက်လှမ်းရေးမှ ဒုဗိုလ်မှူးကြီးတင်ဝင်း (နောင်သံအမတ်ကြီး၊ ဝန်ကြီး) ဦးဆောင်သောအဖွဲ့နှင့် ဦးဆေးထင် ဦးဆောင်သောအဖွဲ့တို့ လားရှိုးမြို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

ဦးဆေးထင်၏ဆွေးနွေးချက်

ဦးဆေးထင်မှ ဆွေးနွေးရာတွင် ယင်းတို့၏ လက်နက်ကိုင်တပ်များ ရပ်တည်မှုနှင့် နေရာချထားမှုအတွက် လက်နက်မစွန့်လွှတ်လိုသေးကြောင်း၊ အားလုံးငြိမ်းချမ်းသွားလျှင် လက်နက်မကိုင်လိုတော့ကြောင်း၊ ဒေသဖွံ့ဖြိုးရေးကို ပူးပေါင်း ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လားရှိုးတွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံစဉ်
ဦးဆေးထင်၊ ဦးမထုနော်၊ ဦးဖုန်ကြားရှင်

စက်တင်ဘာလ ၂၄ ရက်နေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်သင့်၊ ဒုဗိုလ်မှူးကြီးတင်ဝင်းတို့အဖွဲ့နှင့် ဦးဆေးထင် ဦးဆောင်သော SSA အဖွဲ့တို့ထပ်မံတွေ့ဆုံပြီး တပ်ဖွဲ့များနေရာချထားရေးနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

တတိယအကြိမ်ဆွေးနွေး

၁၉၈၉ ခုနှစ် အောက်တိုဘာလတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဦးဆောင်သောအဖွဲ့နှင့် ဦးဆေးထင်ဦးဆောင်သောအဖွဲ့တို့ တတိယအကြိမ် ထပ်မံတွေ့ဆုံကြပြီး နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် တပ်ဖွဲ့များ နေရာချထားရေးကိစ္စရပ်များ ထပ်မံဆွေးနွေးခဲ့ကြသည်။

၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အတွင်းရေးမှူး(၁) ဦးဆောင်သောအဖွဲ့နှင့် ဦးဆေးထင်ဦးဆောင်သော SSA အဖွဲ့တို့ နောက်ဆုံးအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းရေးဆွေးနွေးမှု အပြီးသတ်ဆောင်ရွက်ကာ တရားဥပဒေ ဘောင်အတွင်းသို့ ဝင်ရောက်မှုကို သဘောတူခဲ့ကြပါသည်။



ဆဲလာ ဧနနမ်၊ နိုဝင်ဘာလတွင် လာမျိုးကြီ၌ အတွင်းရေးမှူး (၁) ဗိုလ်မှူးမင်ကြွန်နှင့် အခွဲ့ဝင်သည် SSA မှ ရှုထွေးပြီးဆောင်ယင် ဦးဆောင်သည့်အခွဲ့နှင့် တွေ့ဆုံစဉ်။



ဆဲလာ ဧနနမ်၊ နိုဝင်ဘာလတွင် လာမျိုးကြီ၌ အတွင်းရေးမှူး (၁) ဗိုလ်မှူးမင်ကြွန်နှင့် အခွဲ့ဝင်သည် SSA မှ ရှုထွေးပြီးဆောင်ယင် ဦးဆောင်သည့်အခွဲ့နှင့် တွေ့ဆုံပေးခဲ့ကြစဉ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃၈

ပအိုဝ်အမျိုးသားအဖွဲ့ (PNO)
ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း

ပအိုဝ်လက်နက်ကိုင်အဖွဲ့အစည်း၏ မူလအမည်ရင်းမှာ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ဟုခေါ်တွင်သည်။ ၁၉၇၃ ခုနှစ်ထဲတွင် ဗကပ ဗဟိုမှ အသားမည်းမျိုးမြင့်ပအိုဝ်ဒေသသို့ရောက်ရှိလာပြီး ဗကပ လက်အောက်သို့ ဝင်ရောက်ရေးနှင့်ပတ်သက်၍ စည်းရုံးဆွေးနွေးရာ လက်ခံလိုသူနှင့် လက်မခံလိုသူ အုပ်စုနှစ်ဖွဲ့ကွဲသည်၊ လက်ခံသူအဖွဲ့တွင် ဦးတာကလယ်၊ ဖားမူ၊ ဦးစိန်ရွှေ၊ ဦးစိုးအောင်လွင်တို့ ဦးဆောင်ကြပြီး လက်မခံသူအဖွဲ့တွင် သတုံဦးလှဖေ၊ ဦးကျော်စိန်၊ ဦးအောင်ခမ်းထီတို့ ဦးဆောင်လျက် ပအိုဝ်အမျိုးသားအဖွဲ့ဟု အမည်ပြောင်းကာ ငြိမ်းချမ်းရေးကို စိတ်ဝင်စားလာသည်။

၁၉၉၀ ပြည့်နှစ်ထဲတွင် တောင်ကြီးရှိ ထောက်လှမ်းရေးတပ်မှူးကို တာဝန်ပေးပြီး ပအိုဝ်အမျိုးသားအဖွဲ့နှင့် ဆက်သွယ်၍ ငြိမ်းချမ်းရေးဆွေးနွေးမှုအတွက် ဖိတ်ခေါ်ရန်ညွှန်ကြားခဲ့ရာ ထောက်လှမ်းရေးတပ်မှူးက ငြိမ်းချမ်းရေးအကျိုးဆောင် ဦးစံအောင်နှင့်အဖွဲ့မှတဆင့် အဆက်အသွယ်ရှိခဲ့သည်။

၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ရာ နိုင်ငံတော်၏ သဘောထားနှင့်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်မှုများနှင့် ပတ်သက်၍ ကြိုဆိုကြောင်းပြန်ကြားချက်များရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ခမ်းထီ

၁၉၉၁ ခုနှစ် ဧနီနဝါရီလတွင် ဦးအောင်ခမ်းထီထံမှ ငြိမ်းချမ်းရေးဆွေးနွေးရန် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေးကြရန် သဘောတူညီပါကြောင်း ပြန်ကြားချက်ထပ်မံရရှိခဲ့သည်။ ဖေဖော်ဝါရီလတွင် တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံးမှ ကိုယ်စားလှယ်အဖွဲ့နှင့် ပအိုဝ်အဖွဲ့တို့ စတင်ဆွေးနွေးကြရာ သဘောတူညီမှုများရရှိခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလထဲမှာပင် အတွင်းရေးမှူး(၁) နှင့် တိုင်းမှူးအပါအဝင်တပ်မတော် ကိုယ်စားလှယ်အဖွဲ့နှင့် ဦးအောင်ခမ်းထီခေါင်းဆောင်သော ပအိုဝ်အမျိုးသားအဖွဲ့ (PNO) တို့ တောင်ကြီးအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ငြိမ်းချမ်းရေးဆွေးနွေးမှု အပြီးသတ်ဆောင်ရွက်ကာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြပါသည်။

ရှမ်းပြည်နယ် ဦးအောင်ခမ်းထီ ခေါင်းဆောင်သော PNO ပအိုဝ်အမျိုးသားအဖွဲ့နှင့် တွေ့ဆုံစဉ် ကျောက်တစ်လုံးမြို့တွင် တွေ့ဆုံစဉ်

www.burmeseclassic.com

www.burmeseclassic.com

ပအိုဝ်ဒေသမွေတော်ကက္ကူစေတီပရဝုဏ်အတွင်း စေတီငယ်တစ်ဆူ ပြုပြင်မွမ်းမံမှုအပြီး ရေစက်ချအခမ်းအနားတွင် ဝန်ကြီးချုပ် ဦးခင်ညွန့်၊ ဇနီးနှင့် ပအို့တိုင်းရင်းသူ/သားများ

ပအို့ဒေသငြိမ်းချမ်းရေးဖြစ်ထွန်းပြီးနောက် ဝန်ကြီးချုပ်ဦးခင်ညွန့်နှင့် အဖွဲ့
ကက္ကူစေတီတော်သို့လှည့်လည်ဖူးမျှော်ကြည်ညိုစဉ်

www.burmeseclassic.com

www.burmeseclassic.com

ဝမ္ပတ ၄နှစ်၊ ဧပြီလ ၁၀ (၁၀) ရက်နေ့တွင် အထူးဗိုလ်ကြီးစစ်ဌာနချုပ် (စစ်ဆင်ရေးခေါင်းဆောင်)၌ မြန်မာ့ပြည်သူ PNO အဖွဲ့, ဥပဒေဆောင်အတွင်းဝင်ရောက်သည့် အမတ်အများတွေ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ဝင်းညွှန့်နှင့် တိုင်းရှုမှုဗိုလ်ချုပ်ဟင်းထောက်ကိုဘက်ရောက်ဝန်း

ကတ္တူဘုရားအတွင်း ပအိုဝ်ခေါင်းဆောင်များနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com

ဝန်ကြီးချုပ်ဦးခင်ညွန့်အား ကဏ္ဍုဘုရားအတွင်း ပအိုဝ်ခေါင်းဆောင်များနှင့်အတူ တွေ့ရစဉ်



ကဏ္ဍုဘုရားတွင် ဝန်ကြီးချုပ် ဦးခင်ညွန့် + စန်းနှင့် ပအိုဝ်ခေါင်းဆောင် ဦးအောင်ခမ်းထီ တို့အားရင်းနှီးစွာ တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၃၉

ပလောင်အဖွဲ့ (PSLA) နှင့် ငြိမ်းချမ်းရေး

၁၉၈၉ ခုနှစ်ထဲတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တော်တော်များများ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသော်လည်း ရှမ်းပြည်နယ် မြောက်ပိုင်းမှာလူပ်ရှားနေကြသည့် KIA တပ်မဟာ (၄) အဖွဲ့နှင့် ပလောင်အဖွဲ့ (PSLA) တို့မှာ ဆက်လက်လူပ်ရှားနေကြသဖြင့် KIA တပ်မဟာ (၄) အဖွဲ့နှင့် အဆက်အသွယ်ရရှိပြီးသည့်နောက် ၁၉၉၁ ခုနှစ် နှစ်ဦးပိုင်းမှာ ဦးမထုနော် ခေါင်းဆောင်သော KIA တပ်မဟာ (၄) ဥပဒေဘောင်အတွင်းသို့ ရောက်ခဲ့သည်။ ထိုအချိန်မှာ PSLA ပလောင်တစ်ဖွဲ့သာ ရှမ်းပြည်နယ် မြောက်ပိုင်းမှာ ကျန်ရှိတော့သဖြင့် ဆရာတော်၊ သံဃာတော်များမှတဆင့် ဆက်သွယ်ဆောင်ရွက်ခဲ့ သလိုလားရှိုးရှိ ထောက်လှမ်းရေးတပ်ဖွဲ့မှတဆင့်လည်း ဆက်သွယ်ဆောင်ရွက်ခဲ့ရသည်။

၁၉၉၁ ခုနှစ် ဧပြီလထဲမှာ ပလောင်အဖွဲ့မှ ကိုယ်စားလှယ်စေလွှတ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းလာသည်။ ဧပြီလ ၁၃ ရက်နေ့မှာ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့စေလွှတ်ကာ ပဏာမဆွေးနွေးမှုပြုလုပ်သည်။ ဧပြီလ ၂၃ ရက်နေ့တွင် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ထပ်မံစေလွှတ်ပြီး ဆွေးနွေးမှုဆက်လက်ပြုလုပ်ခဲ့သည်။ ၁၉၉၁ ခုနှစ် မေလတွင် ဥက္ကဋ္ဌ ဦးအိုက်မုန်းခေါင်းဆောင်သော အဖွဲ့လားရှိုးသို့ ရောက်ရှိလာပြီး တိုင်းမျူးဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုဌာ ရှုနှစ်ဖက် ထပ်ကပ်ကွင် လာအိမ်ရှင်ကြီး ၌ အတွင်းထရုတ်ရှေ့ (၁) ဖိုလ်ချုပ်ဝင်ညွှန့်နှစ်ဖက် အကို့ သည်ည ဗိုလ်ဟန်ရှမ်းအမျိုးကောင်စီသည် (PNC) ကိုယ်တိုင်ကာကွယ်ထားရှိသော ဓာတ်ခဲရုံကြီးတည်ရာ

www.burmeseclassic.com

www.burmeseclassic.com

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မိုင်ငံတော်ခန့်ကြေးမှတ် ဗိုလ်မှူးကြီးခင်ညွန့် ကွမ်းပြည်နယ်ကြက်ပိုင်း အထူးဒေသ(၇) ဥက္ကဋ္ဌ ဦးစိုးဝင်းမုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညိုလုံးတို့အား ရန်ကုန်မြို့ ကုန်းပြင် သာမိုရ် စေတီတော်ပေါ်တွင် ဝတ်ခဲ့ကြသည့် ဝတ်စုံထုတ်ခင်း။

(သတင်းစာ)



www.burmeseclassic.com

www.burmeseclassic.com

ပလောင်လူထုနှင့် ရဟန်းသံဃာတော်များ ထောက်ခံ

၁၉၉၁ ခုနှစ် မေလ ၂ ရက်နေ့တွင် လားရှိုးမြို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှာပင် အပြီးသတ်ငြိမ်းချမ်းရေးဆွေးနွေးမှုပြုလုပ်ပြီးနောက် တဆက်တည်းပင် ဥပဒေဘောင်အတွင်း ဝင်ရောက်ကြောင်း ကြေညာနိုင်ခဲ့ပါသည်။ ပလောင်ဒေသလူထုနှင့်ရဟန်းသံဃာတော်များကပါ ငြိမ်းချမ်းရေးအောင်မြင်မှုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံအားပေးမှု၊ ကြိုဆိုမှုများ ပြုလုပ်ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၄၀

KIA တပ်မဟာ ၄ အသွင်ပြောင်း KDA အဖွဲ့ငြိမ်းချမ်းရေး

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ ကွတ်ခိုင်၊ သိန်ဒေသတွင် လှုပ်ရှားလျက်ရှိသော KIA တပ်မဟာ ၄ အဖွဲ့သည် ၁၉၈၉ ခုနှစ် ကိုးကန့်နှင့် "ဝ" အဖွဲ့တို့ငြိမ်းချမ်းရေး ရယူပြီးသည့်အချိန်တွင် ခေတ္တတပ်မဟာမှူးဦးမထုနော်က ငြိမ်းချမ်းရေးဆွေးနွေးခွင့်အတွက် KIA ဗဟိုသို့တင်ပြရာ လောလောဆယ်ဆယ် မလုပ်ဖို့၊ အချိန်ဆွဲထားဖို့ ဗဟိုကပြန်ကြားခဲ့သည်။

ဦးမထုနော် ခွဲထွက်

ထိုအချိန်တွင် ဦးမထုနော်က KIA ဗဟိုမှခွဲထွက်ပြီး ငြိမ်းချမ်းရေးရယူနိုင်ရေးအတွက် လျှိုဝှက်၍ ယာယီကော်မတီဖွဲ့စည်းခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် တပ်မတော်နှင့်အဆက်အသွယ်ယူဖို့ ထလရ (၉) တပ်မှူး ဗိုလ်မှူးသန်းအေးထံသို့ ကိုယ်စားလှယ်စေလွှတ်၍ စတင်ဆက်သွယ်ခဲ့သည်၊ ဦးမထုနော်၏စာကို ပေးအပ်ခဲ့သည်။ စာပါအကြောင်းအရာမျိုးကတော့ KIA မှ ခွဲထွက်၍ ငြိမ်းချမ်းရေးရယူလိုကြောင်း၊ ကိုးကန့်နှင့် "ဝ" အဖွဲ့အစည်းများကဲ့သို့ သဘောထား၍ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးစေလိုကြောင်း ဖော်ပြပါရှိသည်။ လောလောဆယ်မှာ လက်နက်ကိုင်ခွင့်ပြုထားပေးရန်ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

KIA တပ်မဟာ(၄)အဖွဲ့ ဦးမထုနော်နှင့် အဖွဲ့ လားရှိုးတွင် တွေ့ဆုံစဉ်၊ အတွင်းရေးမှူး(၁)က နှုတ်ဆက်

၁၉၉၁ ခုနှစ် ဧနှစ်ဝါရီလထဲတွင် ဦးမထုနော်နှင့်အဖွဲ့က လားရှိုးသို့လာရောက်ပြီး တိုင်းမှူးနှင့် ပဏာမတွေ့ဆုံဆွေးနွေးမှုပြုလုပ်သည်။ ဧနှစ်ဝါရီလ ၁၅ ရက်နေ့မှာ အတွင်းရေးမှူး (၁) မိမိနှင့်တွေ့ဆုံဆွေးနွေးပြီးနောက် တရားဥပဒေဘောင်အတွင်း အပြီးအပြတ်ဝင်ရောက်လာခဲ့သည်။

ကွတ်ခိုင်၊ သိန္ဓီဒေသငြိမ်းချမ်းလာခဲ့

KIA တပ်မဟာ (၄) အဖွဲ့ငြိမ်းချမ်းရေးရယူပြီးသည့်နောက်တွင် ကွတ်ခိုင်၊ သိန္ဓီဒေသအတွင်း တည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အညီ နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့အတွက် လိုအပ်သည်များကို ဆက်တိုက်ဆောင်ရွက်အကောင်အထည်ဖော်ပေးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၄၁

မွန်ပြည်သစ်ပါတီနှင့် ငြိမ်းချမ်းရေး

၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့မှာ အတွင်းရေးမှူး (၁) မိမိသည် ရေးမြို့နှင့်သံဖြူဧရပ်သို့ သွားရောက်၍ ပြည်သူလူထုနှင့် တွေ့ဆုံကာ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးအတွက် ဆွေးနွေးကြဖို့ ဖိတ်ခေါ်မှု ပြုလုပ်ခဲ့ပါသည်။ ထိုအချိန်ကာလအတွင်းမှာပဲ ဘန်ကောက်မှာရှိသော ကျွန်တော်၏ စစ်သံမှူး ဗိုလ်မှူးကြီး သိန်းဆွေနှင့် ဥက္ကဋ္ဌ ဦးနိုင်ရွှေကျင်တို့ ဘန်ကောက်မှာ ပင်စတင်တွေ့ဆုံမှုများ ပြုလုပ်စေခဲ့ပါသည်။

မွန်ပြည်သစ်ပါတီနှင့် ပထမအကြိမ်ဆွေးနွေး

၁၉၉၃ ခုနှစ် နိုဝင်ဘာလထဲမှာပဲ မွန်ခေါင်းဆောင်များနှင့်စစ်သံမှူးတို့ ဘန်ကောက်မှာပင် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးမှုပြုလုပ်ပြန်ပါသည်။ စစ်သံမှူးထံဆွေးနွေးရမည့် အကြောင်းအရာနှင့် သဘောထားများကို ကြိုတင်လမ်းညွှန်ချက်ပေးထားပြီးဖြစ်သဖြင့် အစိုးရ၏ သဘောထား ရပ်တည်ချက်အတိုင်း ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလထဲတွင် နိုင်ရွှေကျင်နှင့်တစ်ကြိမ်၊ နိုင်ဟံသာနှင့်တစ်ကြိမ် တွေ့ဆုံပြီးနောက် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် တရားဝင် ငြိမ်းချမ်းရေး ဆွေးနွေးမှုပြုလုပ်ရန် တပ်မတော်လေယာဉ်ဖြင့် ဘန်ကောက်မှ မော်လမြိုင်သို့ ခေါ်ယူကာ တိုင်းမှူးဗိုလ်ချုပ်ကက်စိန် ခေါင်းဆောင်သောလမ်ဖွဲ့နှင့်

www.burmeseclassic.com

www.burmeseclassic.com

မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ ဦးနိုင်ရွှေကျင် နှင့် ဒုဥက္ကဋ္ဌ ဦးနိုင်ထင် တို့အား
အတွင်းရေးမှူး(၁) က ကြိုဆိုနှုတ်ဆက်စဉ်

နိုင်ထောမွန်ခေါင်းဆောင်သော မွန်ပြည်သစ်ပါတီတို့ ပထမအကြိမ် ဆွေးနွေးမှု ပြုလုပ်ခဲ့ပါသည်။ ရလဒ်ကောင်းများ ဖြစ်ထွန်းခဲ့သည်။

၁၉၉၄ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် မော်လမြိုင်မှာပင် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့သည်၊ တိုးတက်မှုရှိလာသည်။

၁၉၉၄ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် မော်လမြိုင်မှာပင် တတိယအကြိမ် ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ တပ်ဖွဲ့များနေရာချထားမှုနှင့် ညှိနှိုင်းဆွေးနွေးမှုများ တိုးတက်မှုရှိခဲ့သည်။ ၁၉၉၅ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် မွန်အဖွဲ့သည် ဘုရားသုံးဆူမှ မော်တော်ယာဉ်များဖြင့် မော်လမြိုင်သို့လာရောက်စဉ် စတုတ္ထအကြိမ် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။ ၁၉၉၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် နိုင်ထောမွန် ခေါင်းဆောင်သော မွန်အဖွဲ့သည် ဘုရားသုံးဆူမှ မော်လမြိုင်သို့ မော်တော်ယာဉ်များဖြင့် လာရောက်ဆွေးနွေးခဲ့ကြပြီးနောက် ၁၉၉၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ငြိမ်းချမ်းရေးဆွေးနွေးမှု သဘောတူညီမှုရရှိကြပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်သည့် အခမ်းအနားပြုလုပ်ခဲ့ကြသည်။ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့်

www.burmeseclassic.com

www.burmeseclassic.com

အခမ်းအနားသို့ မွန်ပြည်သစ်ပါတီ ဒု-ဥက္ကဋ္ဌ နိုင်ထင် ဦးဆောင်တက်ရောက်ပြီး တပ်ဖွဲ့ဝင် ၇၈၆၀ ယောက် လက်နက်မျိုးစုံ ၈၃၄၆ လက်တို့နှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည်။

၁၉၉၅ ခုနှစ် ဇွန်လထဲတွင် မွန်ပြည်သစ်ပါတီသည် ဥပဒေဘောင်အတွင်းဝင်ရောက်လာပြီးနောက် ဥက္ကဋ္ဌ ဦးနိုင်ရွှေကျင်သည် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် မိမိတို့ကိုလာရောက်တွေ့ဆုံသည်။ ရန်ကုန်နှင့် မော်လမြိုင်တို့တွင် ဆက်ဆံရေးရုံးများထားရှိရေးနှင့် ဒေသဖွံ့ဖြိုးရေး၊ တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

မွန်ပြည်သစ်ပါတီမှ မြိတ်၊ ထားဝယ်ခရိုင်တွင် အခြေပြုလှုပ်ရှားခဲ့သော ဦးအောင်သိုက်ဟင်း ဦးဆောင်သော အင်အား ၂၇၀ သည် မွန်ပြည်သစ်ပါတီမှ ခွဲထွက်၍ ၁၉၉၇ ခုနှစ် မေလ ၃၁ ရက်နေ့တွင် မြိတ်ခရိုင် ချောင်ချီဒေသ၌ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည်။

၁၉၉၅ ခုနှစ်၊ ဇွန်လ (၂၉)ရက်နေ့တွင် မွန်ပြည်သစ်ပါတီ တရားဥပဒေဘောင်အတွင်းဝင်ရောက်သည့် အခမ်းအနားတွင် မွန်ပြည်သစ်ပါတီ ဒုဥက္ကဋ္ဌနိုင်ထင်မှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် အား အမှတ်တရ ဘုရားရုပ်ပွားတော်တစ်ဆူ လက်ဆောင်ပေးအပ်စဉ်

www.burmeseclassic.com

www.burmeseclassic.com





မွန်ပြည်သစ်ပါတီအထွေထွေအတွင်းရေးမှူး နိုင်ရောစ အား
အတွင်းရေးမှူး(၁)က နှုတ်ဆက်စဉ်

www.burmeseclassic.com

www.burmeseclassic.com

၅.၁၂.၁၉၉၅ ရက်နေ့က ဝင်းကဆရာတော်ဘုရားကြီးက မွန်အမှဲ့
ဗြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ဖို့ ဦးဒွန်မြတ်ကို ဩဝါဒပေးနေစဉ်

မွန်ပြည်သစ်ပါတီ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးနောက် မွန်ပြည်နယ်အတွင်း
ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွန်တိုင်းရင်းသားခေါင်းဆောင်များနှင့်
အစိုးရအမှဲ့ဝန်ကြီး၊ ဒုဝန်ကြီးများ ပါဝင်လျက်၊ ညှိနှိုင်းဆွေးနွေးမှုပြုလုပ်စဉ်

www.burmeseclassic.com

www.burmeseclassic.com

မွန်ပြည်သစ်ပါတီမှ မြိတ်၊ ထားဝယ်ဒေသ၊ ပင်လယ်ပြင်ဒေသတွင် လှုပ်ရှားခဲ့သော လူငယ်ခေါင်းဆောင်နိုင်စိုက်ချမ်းသည် ၂၀၀၁ ခုနှစ်ထဲတွင် မွန်ပြည်သစ်ပါတီမှ နှုတ်ထွက်၍ ထားဝယ်ဒေသတွင် ကျန်ရှိနေသော မွန်ပြည်သစ်ပါတီမှတပ်ဖွဲ့ဝင် ၈၀ ခန့်ကို စုစည်းဦးဆောင်လျက်တပ်မတော်နှင့်ပူးပေါင်းကာ ပင်လယ်ပြင် လုံခြုံရေးကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ တဖက်နိုင်ငံမှ တရားမဝင် ငါးခိုးလှေများ၏ အန္တရာယ်မှ ထိထိရောက်ရောက် ကာကွယ်တားဆီးနိုင်မှုသည် နိုင်စိုက်ချမ်း ဦးဆောင်သည့် မွန်အဖွဲ့၏ ကြိုးပမ်းအားထုတ်ပေးမှုကအထိက ဖြစ်ပါသည်။ မွန်ပြည်သစ်ပါတီနှင့် ငြိမ်းချမ်းရေးအောင်မြင်ဖြစ်ထွန်းအောင် အကျိုးဆောင်ပေး သည့် ပုဂ္ဂိုလ်များသည် မိမိတို့၏ အန္တရာယ်ကို မငဲ့ပဲ၊ ငြိမ်းချမ်းရေး ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့တာကို ကျေးဇူးတင်ဂုဏ်ပြုရမှာဖြစ်ပါသည်။ အကျိုးဆောင် ပုဂ္ဂိုလ်များကတော့ ဦးခွန်မြတ်၊ နိုင်ဖေတင်နှင့် နိုင်ခင်မောင်တို့ ဖြစ်ကြပါ သည်။

ဘုရားသုံးဆူအနီးတွင် သီတင်းသုံးလျက်ရှိသော ဆရာတော်ကြီး၏ ဆန္ဒတော်နှင့် ပံ့ပိုးဆောင်ရွက်မှုများကလည်း အရေးပါလှပါသည်။

○

www.burmeseclassic.com

www.burmeseclassic.com

အခန်း ၄၂

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ

၁၉၈၉ ခုနှစ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးရပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ကြရာတွင် ဖွံ့ဖြိုးမှုနောက်ကျနေသော သူတို့၏ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပေးမည်ဟု ကျွန်တော်ကတိပေးခဲ့ပါသည်။ ဒါကလည်း ကျွန်တော်၏ နဝတ ဥက္ကဋ္ဌကြီးထံ ကြိုတင် တင်ပြပြီး၊ ခွင့်ပြုချက်ရယူထားပြီး အစီအမံလည်းဖြစ်သည်။ သူတို့တောင်းဆိုထားချက်တွေကလည်းသူတို့ပြည်သူတွေအတွက် အလိုအပ်ဆုံးလည်းဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားများနေထိုင်ကြသည့် နယ်စပ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေးကလည်းမကောင်း၊ တောင်ပေါ်ဒေသတွေလည်းဖြစ်တာကြောင့် ဆန်စပါးနှင့် ဂျုံပြောင်းတို့ စိုက်ပျိုးရေးအတွက် ခက်ခဲမှုရှိပါသည်။ ဆန်စပါးစိုက်ပျိုးရေးအတွက် မြေပြန့်မှာ နေကြသူတွေဆီက ဆန်တို့ဆားတို့ကို ဝယ်ကြရပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတွေကြောင့် တစ်နှစ်စာရအောင်၊ အထူးသဖြင့် ဆန်နှင့်ဆားကို စုဆောင်းကြရပါသည်။ ထိုဆန်နှင့် ဆားကိုဝယ်ဖို့ ငွေလိုအပ်တာကတော့ အမှန်ပါပဲ။

အဲဒီတော့ သူတို့အတွက် ငွေရပေါက်လွယ်ကူသည့် ဘိန်းကိုစိုက်ပြီး ထွက်လာသည့် ဘိန်းထုပ်သေးလေးကို ပလိုင်းထဲမှာဖြစ်ဖြစ်၊ ကျောပိုးအိတ်မှာ ဖြစ်ဖြစ်ထည့်လာပြီးမြေပြန့်ဈေးမှာရောင်းတော့တာပဲ၊ အဲဒီဘိန်းရောင်းရှိရသည့်

www.burmeseclassic.com

www.burmeseclassic.com

(၂၄ - ၃ - ၉၀) ရက်နေ့က အတွင်းအရေးမှူး(၁) နှင့် အခွဲ, ခန့်ခြေ့ သို့ ရောက်ရှိလာစဉ် ဒေသခံ တိုင်းရင်းသားများက ကြိုဆိုကြစဉ်။

ငွေနဲ့အပြန်မှာ ဆန်နှင့်ဆား၊ တခြားအသုံးအဆောင်ပစ္စည်းများဝယ်ပြီး ပြန်ကြတာပါပဲ။

ဒါဟာ သူတို့မိရိုးဖလာအလေ့အထပဲပေါ့၊ ဒါကြောင့်လည်း တိုင်းရင်းသားများနေကြသည့် တောင်ပေါ်ဒေသတွေမှာ ဘိန်းစိုက်ပျိုးရေးဟာ သူတို့အတွက် ဓလေ့တစ်ခုလိုဖြစ်နေကြတာပါ၊ ဒါကြောင့်လည်းတောတွင်းလက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ဘိန်းစိုက်ပျိုးရေးကိုတားဆီးမှုမပြုကြပဲ ခွင့်ပြုထားကြသည်။ တစ်ချို့ဆိုရင် ပါဝင်လုပ်ကိုင်နေကြတာတောင် ရှိခဲ့ပါသည်။

ဘိန်းနှင့်မူးယစ်ဆေး ထုတ်လုပ်မှု

ဗကပ အရှေ့မြောက်ဒေသဟာ ပဲခူးရိုးမ ဗကပဗဟိုမပြိုကွဲခင်က ဗကပ ဗဟိုခွဲပေါ့၊ နောက်ပိုင်း ပဲခူးရိုးမ ဗကပဗဟို ပြိုကွဲသွားသည့်နောက် ဗကပ ဗဟိုသည် ကိုးကန့်ဒေသ၊ "ဝ" ဒေသနှင့် ကျိုင်းတုံမြောက်ခြမ်းက မိုင်းလား၊ မိုင်းမဒေသ၊ မိုင်းယန်း၊ မိုင်းယောင်းဒေသအထိ လှုပ်ရှားလွှမ်းမိုးလာခဲ့ကြသည်၊ ဗကပ ဗဟိုဟာ ၁၉၈၀ ပြည့်နှစ် ပတ်ဝန်းကျင်ရောက်တော့ မြောက်ဘက်က

www.burmeseclassic.com

www.burmeseclassic.com

တရုတ်နိုင်ငံ၏ ကူညီပံ့ပိုးမှုတွေဖြတ်တောက်လိုက်သည့်အခါမှာ သူတို့လက်နက်ကိုင် တွေဆက်လက်ရပ်တည်နိုင်ဖို့ ဘိန်းနှင့်မူးယစ်ထုတ်လုပ်မှုကိုပါ အားပေးမှုအပြင် ပါဝင်ဆောင်ရွက်လာကြတာကို တွေ့ရပါသည်။ ရောင်းဝယ်ဖောက်ကားမှုတွေကရသည့်အခွန်အခတွေနှင့် ဗကပလက်နက်ကိုင်အဖွဲ့အစည်းများ ရပ်တည်နိုင်အောင် ကြိုးပမ်းလာတာ ထင်ထင်ရှားရှားတွေ့ရှိလာရပါသည်။

ဘိန်းကင်းမဲ့ဧရိယာ

၁၉၈၉ ခုနှစ်ထဲမှာ ကိုးကန့် "ဝ" မိုင်းလားဒေသက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးသည် တိုးတက်မလာပဲ ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်လာတာကြောင့် ဗကပအဖွဲ့အစည်းထဲက ခွဲထွက်ပြီး ဥပဒေဘောင်ထဲဝင်ရောက်လာခဲ့ကြပါသည်။ နိုင်ငံတော်အစိုးရအနေနှင့် ဒီဒေသတွေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘိန်းစိုက်ပျိုးရေးကို ရပ်တန့်စေပြီး အစားထိုးသီးနှံများဖြစ်သော ရာဘာ၊ ကြံ၊ လက်ဖက်၊ ကော်ဖီ၊ ဂျူ စိုက်ပျိုးရေးအပြင် ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ပေးသည့် ပန်းဂျုံစိုက်ပျိုးရေးကိုပါ အားပေးကူညီဆောင်ရွက်ပေးမှုတွေကြောင့် ဘိန်းစိုက်ပျိုးရေးဟာ တဖြည်းဖြည်းလျော့နည်းလာသည့်အပြင် နောက်ဆုံး ဘိန်းကင်းမဲ့ဧရိယာများအဖြစ် ကြေညာနိုင်သည်အထိ ဘိန်းတိုက်ဖျက်ရေးမှာ အောင်မြင်ဖြစ်ထွန်းလာတာကို တွေ့ရပါသည်။

အတွင်းရေးမှူး(၁) ချင်းပြည်နယ် ဖလမ်းမြို့သို့ ဒေသဖွံ့ဖြိုးရေးအတွက် ရောက်ရှိစဉ်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရသည် ၁၉၈၉ခုနှစ်က စတင်ပြီး နယ်စပ်ဒေသတိုင်းရင်းသားများ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကိုဖွဲ့စည်းကာ ဒေသဖွံ့ဖြိုးရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ပေးခဲ့ပါသည်။ ဗဟိုကော်မတီမှာဆိုလျှင် နဝတ ဥက္ကဋ္ဌ ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး နဝတအဖွဲ့ဝင်ဝန်ကြီးများပါဝင်ဖွဲ့စည်းပေးခဲ့သည်။ လုပ်ငန်းကော်မတီကိုတော့ အတွင်းရေးမှူး (၁) ကျွန်တော်ကို တာဝန်ပေးပြီး ဝန်ကြီးအချို့ ဒုဝန်ကြီးအချို့၊ အစိုးရဌာနအကြီးအကဲအချို့ ပါဝင်ဖွဲ့စည်းစေပြီး ဗဟိုကချမှတ်ပေးသည့်လုပ်ငန်းများကို လုပ်ငန်းကော်မတီက လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်ပေးရပါသည်။

အဓိကလိုအပ်ချက်က လမ်းပန်းဆက်သွယ်ရေး

ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ဒေသအားလုံးမှာ မျှမျှတတတိုးတက်ဖြစ်ထွန်းလာအောင် ဆောင်ရွက်ပေးခဲ့ရပါသည်။ အဓိက လိုအပ်ချက်များဖြစ်သော လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ကားလမ်းသစ်တွေဖောက်ပေးခြင်း၊ ကားလမ်းဟောင်းများပြုပြင်ခြင်း၊ နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီစလုံး မော်တော်ယာဉ်များသွားလာနိုင်အောင် ဆောင်ရွက်ပေးခြင်းကို ဦးစားပေးလုပ်ပေးရပါသည်။

တစ်ချိန်တည်းမှာပဲ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွေ ဖြစ်ထွန်းလာအောင် ကျွမ်းကျင်သူများစေလွှတ်ကာ စိုက်ပျိုးရေးမျိုးစေ့များ၊ ထွန်ယက်ကိရိယာများ၊ ကျွဲ၊ နွား မရှိသည့်နေရာများသို့ ကျွဲနွားများပို့ပေးခြင်း၊ ကြက်ဝက်မွေးမြူရေးလုပ်ငန်းများ ပို့ဆောင်ပေးခြင်း၊ ဒီဇယ်ဖြင့် ဆန်နှင့် ဆားလိုအပ်သည့်နေရာများသို့ပို့ဆောင်ပေးခြင်း စသည်ဖြင့် ဒေသ၏လိုအပ်ချက်ကို အတွင်းရေးမှူး (၁) ကိုယ်တိုင်ယင်းတို့ဒေသသို့ မကြာခဏသွားရောက်လေ့လာပြီး လိုအပ်သည့်များကို ဖြည့်ဆည်းပေးခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး

ဒါ့အပြင် လူသားအရင်းအမြစ်များပုံပိုးရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော စာသင်ကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနများကိုပါ လိုအပ်သည့် နေရာဒေသများမှာ ဖွင့်လှစ်ပေးသည့် အပြင် အဲဒီဆရာ/ဆရာမများကို နောက်ဆံမတင်းစေရအောင် နိုင်ငံတော်က လစာနှစ်ဆပေးပြီး စေလွှတ် တာဝန်ထမ်းစေခဲ့ပါသည်။

တိုင်းရင်းသားခေါင်းဆောင်များ

တိုင်းရင်းသားခေါင်းဆောင်တွေကိုယ်တိုင်ကလည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းတိုင်းမှာ အားတက်သရော၊ ပူးပေါင်းပါဝင်ဆောင်ရွက်ကြတာကြောင့်လည်း တိုင်းရင်းသားများ၏ဒေသဖွံ့ဖြိုးရေးဟာ လျှင်လျှင်မြန်မြန်ဖြစ်ထွန်းလာတာကိုလည်း တွေ့ရပါသည်။ ဒေသဖွံ့ဖြိုးမှု အရှိန်အဟုန်သည် အလွန်မြန်ဆန်သည်ဟုဆိုနိုင်ပါသည်။ ငါးနှစ်၊ ဆယ်နှစ်အတွင်းမှာပင် တချို့နေရာဒေသတွေက ရွာအဆင့်ကနေ ခေတ်မီမြို့အဆင့်အထိ တိုးတက်ဖြစ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

လာသည်ကိုတွေ့ရသည်။ ဥပမာအားဖြင့် ဒီတိုင်းရင်းသားဒေသတွေသည် တရုတ်နိုင်ငံနယ်စပ်နှင့် အလွန်နီးစပ်တာကြောင့် ဒီဘက်မှာ ရာဘာတွေ၊ ကြံတွေ၊ ကော်ဖီ၊ လက်ဖက်တွေ စိုက်နေတာတွေ့ရတော့ တဘက်နိုင်ငံက သကြားစက်တွေ ထောင်ပြီး ကြံတွေဝယ်ကြသည်၊ ရာဘာအဝယ်ဒိုင်တွေဖွင့်ပြီး ရာဘာထွက်ကုန်များကို ဝယ်ကြသည်။ လက်ဖက်ခြောက်အကြမ်းတွေ ဝယ်ပြီး သူတို့ဘက်မှာ အချောထည်ဖြစ်အောင်ပြုပြင်ကာ စနစ်တကျထုပ်ပိုးပြီး တဘက်ကိုပြန်ရောင်းကြသည်။ အခုဆိုရင် ကိုးကန့်ဒေသက လောက်ကိုင်တို့၊ ကုန်းကြမ်းတို့ ၊ ချင်းရွှေဟော်တို့ ဆိုတာ မြို့ကြီးပြကြီးလိုဖြစ်နေကြပါပြီ။

"ဝ" ဒေသမှာဆိုရင်လည်း ပန်ဆန်းတို့၊ မိုင်းမောတို့၊ နန်းတစ်တို့၊ ဟိုတောင်း၊ မိုင်းဖျန်တို့ဆိုတာမြို့ကြီးတွေလိုဖြစ်ထွန်းနေကြပါပြီ။ မိုင်းလား၊ မိုင်းမတို့၊ မိုင်းယန်း၊ မိုင်းယောင်းတို့ဆိုရင်လည်း မြို့ကြီးတွေလို ခေတ်မီသည့် အနေအထားမျိုး ဖြစ်ထွန်းနေကြတာကိုတွေ့နေရပါသည်။

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှာလည်း ဒေသဆိုင်ရာခေါင်းဆောင်များတက်တက်ကြွကြွ ဆောင်ရွက်ကြသည်နှင့် အညီ အထိုက်အလျောက်တိုးတက်မှုတွေကတော့ ဖြစ်ထွန်းကြတာအမှန်ပင်ဖြစ်ပါသည်။ ၂၀၀၄ ခုနှစ် နောက်ပိုင်းအခြေအနေကတော့ မည်သို့မည်ပုံ ဖြစ်ထွန်းနေကြသည် ဆိုတာတော့ ကျွန်တော်လည်း အရောက်အပေါက်မရှိတာကြောင့် အခြေအနေ အနေအထားကိုတော့ မသိနိုင်တော့ပါကြောင်း အမှန်အတိုင်းဝန်ခံရပါသည်။

ပြည်ထောင်စုစိတ်ဓာတ်

၁၉၈၉ ခုနှစ်က ၂၀၀၄ ခုနှစ်အထိ ဆယ်နှစ်ကျော်ကာလအတွင်းမှာတော့ တိုင်းရင်းသားများ၏ နယ်စပ်ဒေသတွေ တိုးတက်ဖြစ်ထွန်းမှုကတော့ အမှန်တကယ်ပါပဲ။ ကျွန်တော်ကလည်း သူတို့၏ဒေသတွေ အနှံ့ရောက်အောင်သွားပြီး ပြည်သူတွေ၏ ဘဝတိုးတက်ဖြစ်ထွန်းဖို့၊ ပြည်နယ်အစွန်အဖျားနှင့် ပြည်မအတိုလမ်းပန်းဆက်သွယ်မှုကောင်းမွန်စေဖို့၊ ဆန်နှင့်ဆားမရလို့၊ မရှိလို့ငတ်ပြတ်နေတာ မဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com



တာချီလိတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ တာချီလိတ်လေဆိပ်သို့ ရောက်ရှိစဉ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မလိခရိပ်သာ၌ ကျင်းပသော ကချင်ရိုးရာဓလေ့ အင်လိုအင်နန်(ကောက်သစ်) ညစာစားပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များ၊ ကချင်တိုင်းရင်းသား၊ တိုင်းရင်းသူများ ငြိမ်းချမ်းခြင်းအထိမ်းအမှတ် မဂ်လာမောင်းနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်

www.burmeseclassic.com

www.burmeseclassic.com

အောင်၊ ဒို့အပြင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပယောက်သွားစေရအောင် ဦးတည်ချက်ထားပြီး ဆောင်ရွက်နိုင်ခဲ့တာကြောင့်လည်း တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကနေ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာလည်း တဆက်တည်း ဖြစ်ထွန်းလာခဲ့ကြမှာဖြစ်ပါသည်။

ဖွံ့ဖြိုးရေးကောလိပ်နှစ်ခု

နယ်စပ်ဒေသလူငယ်လူရွယ်တွေ ပညာတတ်တွေဖြစ်ပြီး ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်အောင်ဆိုပြီး ရန်ကုန်နှင့်မန္တလေးမြို့တို့မှာ နယ်စပ်ဒေသ တိုင်းရင်းသားများဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး အဲဒီကဘွဲ့ရလာသည့် လူငယ်တွေကို သူတို့ ကျွမ်းကျင်ရာ ဘာသာရပ်အလိုက် သူတို့ရဲ့အရပ်ဒေသတွေမှာ ကိုယ့်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ကိုင်နိုင်အောင်စီမံဆောင်ရွက်မည်ဆိုသည့် ရည်မှန်းချက်၊ ဦးတည်ချက်ဖြင့် ဒီကောလိပ်နှစ်ခုကို ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါသည်။ ယခုအခြေအနေတော့ ကျွန်တော်မသိတော့ပါ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်က ပန်နန်းခင်မြို့သို့ ရောက်ရှိခဲ့စဉ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ ဤသို့ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းသားများ အလွန်ရိုးသား

၁၉၈၉ ခုနှစ်က စတင်၍ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေးကို ဦးတည်ရည်မှန်းချက်ပြုလျက် တိုင်းရင်းသားများ၏ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ အလွန်အောင်မြင်ဖြစ်ထွန်းခဲ့သလို မူးယစ်ဆေးဝါးတိုက်ဖျက်ရေးပါ တပေါင်းတည်းအောင်မြင်ဖြစ်ထွန်းခဲ့ပါသည်။ အမှန်တကယ်အားဖြင့် တိုင်းရင်းသားတွေဟာ အလွန်ရိုးသားကြပါသည်။ လောဘ၊ ဒေါသ၊ မောဟတွေအလွန်နည်းကြပြီး တစ်နှစ်စာ ဝမ်းစာရှိနေလျှင် သူတို့ဘဝအေးချမ်းတယ်လို့ ထင်မှတ်နေကြသူတွေပါ။ အဲဒီဒေသတွေဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတွေကြောင့်သာ လူမျိုးအချင်းချင်း အနေဝေးနေကြတာပါ၊ ကားလမ်းမရှိ၊ ရထားလမ်းမရှိ၊ ခြေလျင်လမ်းသာရှိတာကြောင့် တစ်ရွာနှင့်တစ်ရွာသွားလာရေးတောင် အလွန်ခက်ခဲကြပါသည်။

BURMESE CLASSIC

ကျွန်တော်ဆိုလျှင် နယ်စပ်ဒေသ အလွန်ခက်ခဲသည့် နေရာတွေကို ရဟတ်ယာဉ်ဖြင့် မရောက်ရောက်အောင်သွားပြီး သူတို့အတွက် လိုအပ်ချက်တွေ ဖြည့်ဆည်းပေးသည့်အခါ အလွန်ဝမ်းသာပီတိ ဖြစ်ကြတာကို တွေ့ရပါသည်။ တိုင်းရင်းသားတွေဟာ ရှိတာလေးနဲ့ဖြစ်သလိုနေတတ်ကြသည့် လောဘကင်းသူတွေပါ၊ သူတို့နှင့်စကားပြောရတာကိုက အေးငြိမ်းသည့် အရသာခံစားမှုကို ကူးစက်ခံစားရလိုက်သလို ရင်မှာဖြစ်ပေါ်စေပါသည်။

ပူတာအိုခရိုင်ထဲမှာ

ကချင်ပြည်နယ်မြောက်ဘက်အစွန်း ပူတာအိုခရိုင်ထဲက နောင်မွန်မြို့၊ ဂူဘား၊ ပန်းနန်းဒင် ဆိုတဲ့နေရာတွေ၊ အရှေ့ဘက်က ချီဘွေ၊ ပန်းဝါ၊ ကန်ဘိုက်တီး၊ စိန်လုံ၊ လွယ်ဂျယ်စသည့် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်နေရာများ အထိရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေးတွေဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းက မုံးကိုး၊ ဖောင်းဆိုင်၊ ကုန်းကြမ်း၊ လောက်ကိုင်ချင်းရွှေဟော်စသည် နယ်နမိတ်အစပ်က နေရာဒေသတွေ၊ "ဝ" ဒေသထဲမှာဆိုရင်လည်း နန်းတစ်၊ မိုင်းမော၊ ပန်ဆန်း၊ ဟိုတောင်း၊ မိုင်းဖျန်အထိရောက်ရှိကာ ဒေသခံတိုင်းရင်းသားတွေနှင့် တွေ့ဆုံပြီး လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်နယ်အရှေ့ပိုင်း

ရှမ်းပြည်နယ်အရှေ့ပိုင်းက မိုင်းယမ်း၊ မိုင်းခတ်၊ မိုင်းမ၊ မိုင်းလား၊ မိုင်းယောင်းဒေသများအပြင် ပါလျှိုး၊ ကျိုင်းလတ်ဆိုသည့် တစ်ချိန်က တရုတ်ဖြူတွေ ဌာနချုပ်လုပ်ခဲ့သည့်နေရာတွေအထိ ရောက်အောင်သွားပြီး မြန်မာ၊ လာအိုနယ်စပ်နှင့် မဲခေါင်မြစ်ကြောင်းအခြေအနေများကို လေ့လာရင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေပါဆောင်ရွက်နိုင်ခဲ့သည်။ ရှမ်းပြည်နယ်တောင်ဘက်ခြမ်း ထိုင်းနိုင်ငံနှင့်ဆက်စပ်တည်ရှိနေသည့် မိုင်းတုံ၊ မိုင်းဆတ်၊ ပုံပါကျင်မြို့နယ်တွေထဲက အစွန်အဖျားရွာတွေကိုအထိ ရောက်ရှိခဲ့ပါသည်။

တစ်ချိန်က ဘိန်းဘုရင်လို့ကျော်ကြားခဲ့သည့် ဦးခွန်ဆာ၏ မြို့၊ ဦးခွန်ဆာ၏ ဌာနချုပ်လုပ်ခဲ့သည့် ဟိုမိန်းမြို့ကိုလည်း မကြာခဏာရောက်ပြီး မြို့အုပ်ချုပ်ရေးမှူးအဖွဲ့တွေ စာသင်ကျောင်း၊ ဆေးရုံများဖွင့်လှစ်နိုင်သည်အထိ ဆောင်ရွက်ပေးခဲ့ရပါသည်။

BURMESE CLASSIC

ကယားပြည်နယ်မှာ

ကယားပြည်နယ်ထဲမှာ ဆိုရင်တော့ KNPP အဖွဲ့ဟာ ဥပဒေဘောင်ထဲဝင်ရောက်ပြီးကာမှ တောတွင်းသို့ ပြန်လည်ဝင်ရောက်သွားခြင်းကြောင့် အစွန်အဖျားဒေသဖွံ့ဖြိုးရေးတွေကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့တာတော့ အမှန်ပါပဲ။

ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်

ကရင်ပြည်နယ်အတွင်းမှာ ဆိုရင်လည်း ငြိမ်းချမ်းရေးမရသေးသောကာလဖြစ်တာကြောင့် အစွန်အဖျားကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို မလုပ်နိုင်သေးသော်လည်း မြို့များနှင့်လမ်းပန်းဆက်သွယ်ရေးကောင်းအောင်လို့တော့ အခွင့်သာသလို ဆောင်ရွက်ပေးခဲ့ရတာတွေရှိပါသည်။ မွန်ပြည်နယ်မှာလည်း အစွန်အဖျားဒေသတွေ ဖွံ့ဖြိုးရေးနှင့်ပတ်သက်လို့တော့ ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်မှုမရှိခဲ့တာအမှန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

ချင်းပြည်နယ် အတွင်းမှာတော့ အဓိကတော့ လမ်းပန်းဆက်သွယ်ရေးမကောင်းတာရယ်၊ စိုက်ပျိုးရေးလုပ်ငန်းများ ထိထိရောက်ရောက်မလုပ်နိုင်ခဲ့တာတွေကတော့ အားနည်းချက်တွေဖြစ်ပါသည်။ ဒါပေမဲ့ ရိုဒ်ရေအိုင်နားက ရိုခေါဒါကျေးရွာ၊ ကျီးခါးကျေးရွာတွေကိုတော့ နယ်စပ်အဝင်အထွက်ကုန်သွယ်မှုလမ်းကြောင်းဖြစ်အောင် စီမံပေးနိုင်ခဲ့ပါသည်။ ထူးခြားမှုကတော့ ကဘော်ချိုင့်ဝှမ်းဒေသစေတီတို့ သနန်တို့လိုနေရာတွေမှာ စိုက်ပျိုးရေးဖြစ်ထွန်းအောင်၊ လမ်းပန်းဆက်သွယ်ရေးကောင်းအောင် လမ်းတံတားများတည်ဆောက်ပေးမှုတွေကို ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ ကလေး၊ တမူးလမ်းကောင်းမွန်ရေးအတွက် အိန္ဒိယတပ်မတော်နှင့် တပ်မတော်အချင်းချင်း ဆက်သွယ်ဆက်ဆံကြပြီး ချစ်ကြည်ရေးလုပ်ငန်းများအဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

BURMESE CLASSIC

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်အတွင်းမှာတော့ ချောင်းမြောင်းတွေအလွန်ပေါများတာကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ ကန့်သတ်မှုတွေကြောင့် နွေရာသီလမ်းများသာ ကြိုးစားလုပ်ခဲ့ရပါသည်။ မောင်းတောက ကြိမ်ချောင်း၊ တောင်ပြိုလက်ဝဲထိ လမ်းကြမ်းကိုလည်းကောင်း၊ ကြိမ်ချောင်းကနေ မြောက်ဘက်သမန်းသား၊ ဝေလာတောင်၊ အောင်သပြေ (အမ်တူလာ၊ ဘော်တူလာ) နယ်စပ်အထိ နွေရာသီကားသွားနိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ မောင်းတောမှ တောင်ဘက်စစ်တွေထိ ရောက်မည့်လမ်းကြမ်းကိုပါ တည်ဆောက်ပေးနိုင်ခဲ့သော်လည်း ယခုတော့ ပျက်စီးနေပြီထင်ပါသည်။

နယ်စပ်ဒေသလုံခြုံရေးအတွက် ရေရှည်စီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် ကျေးရွာသစ်ပေါင်း ၁၁ ရွာခန့်တည်ဆောက်ပေးကာ လှည်း၊ နွားနှင့် ထွန်ယက်ကိရိယာများ၊ စိုက်ပျိုးမြေနေရာများ၊ ဖန်တီးဖွဲ့စည်းထုတ်ပေးခဲ့သော အစီအမံများသည်လည်း ယခုအခြေအနေအရ မည်သို့ဖြစ်ပေါ်နေသည်ဆိုတာတော့ မသိတော့ပါ။

www.burmeseclassic.com

စစ်တွေ-ရန်ကုန်တိုက်ရိုက်လမ်း

အလွန်ထူးခြားသည့် အစီအမံကတော့ စစ်တွေမှ ရန်ကုန်သို့ တိုက်ရိုက်ပေါက်သည့် ကားလမ်းမကြီးကို ငွေကြေးကုန်ကျမှုမြောက်မြားစွာဖြင့် စီမံဆောင်ရွက်ပေးခဲ့ခြင်းပဲဖြစ်ပါသည်။ ကားလမ်းကောင်း၊ မကောင်း ဆိုတာတော့ မသိနိုင်တော့ပါ။

ဒေသအာဏာပိုင်တွေ၊ ပြည်နယ်အစိုးရအဖွဲ့တွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွေက လမ်းပန်းဆက်သွယ်ရေး အမြဲကောင်းမွန်နေအောင် ဆက်လက်ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါသည်။ တာဝန်ရှိသူများ အောက်ခြေဖြစ်ပျက်နေသည့် အခြေအနေများကို သိရှိနေအောင်၊ အခါမလပ် ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ ပံ့ပိုးဆောင်ရွက်ပေးခြင်းများ၊ ဆက်လက်တင်ပြဆောင်ရွက်ခြင်းများ ပြုလုပ်နေကြရမှာဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးက တာဝန်ရှိသူများ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး တာဝန်ခံဆောင်ရွက်ကြရသူများကလည်း အစွန်အဖျားဒေသတွေကို အလေးထားအာရုံစိုက်ကာ၊ ဆောင်ရွက်ပေးသင့်သည်များ၊ ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်နေကြရမှာ အမှန်ပင်ဖြစ်ပါသည်။

BURMESE CLASSIC

(၅)

မိသားစုဘဝ

အခန်း	အကြောင်းအရာ
၄၃။	ကျွန်တော့်ဘဝနှင့် ကျွန်တော့်မိသားစု
၄၄။	မောင်တစ်ထမ်း မယ်တစ်ရွက်
၄၅။	အိမ်ထောင်ဦးစီးတာဝန်ထမ်းဆောင်မှု

အခန်း ၄၃

ကျွန်တော်ဘဝနှင့် ကျွန်တော်မိသားစု

BURMESE CLASSIC

ကျွန်တော်သည် ၁၉၆၄ ခုနှစ် မတ်လတွင် ဆေးကျောင်းတက်နေသူ မခင်ဝင်းရွှေ နှင့် လက်ထပ်ခဲ့ပါသည်။ ကျွန်တော်က ရှမ်းပြည်နယ် လွယ်လင်မြို့မှာ တပ်ရင်းဌာနချုပ် အခြေစိုက်ထားသည့် အမှတ်(၁၈) ခြေလျင်တပ်ရင်းက တပ်စုမှူး ဗိုလ်ခင်ညွန့် ဘဝပါ။ ဆေးတက္ကသိုလ်ကျောင်းသူ မခင်ဝင်းရွှေက ဆေးတက္ကသိုလ် တတိယနှစ် စာမေးပွဲဖြေပြီးတဲ့အချိန်မှာ ရန်ကုန်တိုင်းတရားရုံးမှာ တက်ရောက် လက်မှတ်ထိုးခဲ့ကြတာဖြစ်သည်။ ကျွန်တော်က နမ့်ဆန်မြို့မှာ တပ်စုမှူးတာဝန် ထမ်းဆောင်နေစဉ်မှာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ တိုင်းဦးစီးချုပ်ဖြစ်သူ ဗိုလ်မှူးကြီးတင့်ဆွေက ကျွန်တော်ကိုတွေ့ပြီး သူ၏အမှတ်(၃)စစ်ဗျူဟာဌာနချုပ်မှာ တွဲဖက်တာဝန် ထမ်းဆောင်စေခဲ့ပါသည်။ သူ၏ ကိုယ်ရေးအရာရှိတာဝန်လည်း ပူးတွဲထမ်းဆောင်ရသည်။

မိန်းမယူဖို့ ရန်ကုန်ဆင်း

အဲဒီအချိန်မှာပင် ခွင့် ၁၀ ရက်ယူပြီး ရန်ကုန်ကို မိန်းမယူဖို့ ဆင်းလာခဲ့တာ ပါ။ ကြိုတင်အချိန်းအချက်ပြုထားပြီးဖြစ်တာနှင့် သူ၏စာမေးပွဲနောက်ဆုံးနေ့လည်း ပြီးရော နောက်တစ်နေ့မှာ ရုံးမှာတက်လက်မှတ်ထိုးကြပြီး ညနေမှာ မီးရထားဖြင့် ရွှေညောင်ကိုခေါ်လာခဲ့တာဖြစ်သည်။ ရွှေညောင်ဘူတာမှာ ဗိုလ်မှူးကြီးတင့်ဆွေ၏

ဇနီး မမစန်းက လာကြိုနေပါသည်။ တောင်ကြီးရောက်တော့ ဗိုလ်မှူးကြီးတင့်ဆွေ၊ မမစန်းတို့အိမ်မှာ တစ်ညတည်းပြီး နောက်နေ့မှာ နမ့်ဆန်ကို ဆက်ထွက်ခဲ့ကြသည်။ ကျွန်တော်တို့ နမ့်ဆန်မှာ နှစ်လနီးပါးအတူနေကြပြီး ဆေးတက္ကသိုလ်ပြန်ဖွင့်ကာနီးမှာ ကျောင်းဆက်တက်ဖို့ ကျွန်တော့်ဇနီး မခင်ဝင်းရွှေကို ရန်ကုန်ကိုပြန်လွှတ်လိုက်ရပါသည်။ အဲဒီလိုနှင့် ကျွန်တော့်ဇနီး ဆရာဝန်ဖြစ်သည်အထိ ကျောင်းပြန်တက်လိုက်၊ ကျောင်းပိတ်တဲ့အခါ ခဏပြန်လာလိုက်နှင့် အိမ်ထောင်သည်ဘဝကို စခဲ့ရပါသည်။

ဒေါက်တာခင်ဝင်းရွှေ မော်လမြိုင်မြို့ မိခင်နှင့်ကလေးဆေးရုံတွင်
တာဝန်ထမ်းဆောင်စဉ် ၁၉၇၀ ခုနှစ်

သားနှစ်ယောက်နှင့် သမီးတစ်ယောက်

BURMESE CLASSIC

၁၉၆၅ ခုနှစ်မှာ ကျွန်တော့်သားကြီး မောင်ဇော်နိုင်ဦးကို ရန်ကုန်မှာ မွေးပါသည်။ အဲဒီအချိန်က ကျွန်တော်သည် ပုသိမ်မြို့အနောက်တောင်တိုင်း စစ်ဌာနချုပ်သို့ စစ်ဦးစီးမှူး(တတိယတန်း)အဖြစ် ပြောင်းရွှေ့ရောက်ရှိနေပြီဖြစ်တာကြောင့် သားဦးမွေးသည့်အချိန်မှာ ကျွန်တော့်ဇနီးအနား၀ယ် ကျွန်တော်မရှိပါ။ ၁၉၆၈ ခုနှစ်မှာတော့ သားငယ် မောင်ရဲနိုင်ဝင်းကို မင်္ဂလာဒုံ စစ်ဆေးရုံမှာ မွေးပါသည်။ အဲဒီအခါမှာ ကျွန်တော်သည် အမှတ် ၇၇ ခြေမြန်တပ်မသို့ တပ်မမှူး၏ ဦးစီးအရာရှိအဖြစ် တာဝန်ထမ်းရွက်နေချိန်ဖြစ်၍ ဒုတိယသားမွေးဖွားချိန်မှာ ဇနီး၀ယ်တွင် ကျွန်တော်ရှိနေပါသည်။ သမီးငယ် မသင်းမြတ်မြတ်ဝင်းကိုတော့ မော်လမြိုင်မြို့ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးမှာ မွေးပါသည်။ အဲဒီတုန်းကလည်း ကျွန်တော့်ဇနီး၀ယ်မှာ ကျွန်တော်မရှိပါ။ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးကြီးတင့်ဆွေနှင့် တိုင်းမှူး၏ကိုယ်ရေးအရာရှိ ကျွန်တော်တို့ဟာ မြိတ်ဘက်ကို ရောက်နေသည့်အချိန်မို့ ဇနီးမီးဖွားကြောင်း ကြေးနန်းပို့အကြောင်းကြားတော့မှ

သိရသည်။ ကျွန်တော့်မှာ ဒီသားနှစ်ယောက်နှင့် သမီးတစ်ယောက်၊ အားလုံး သားသမီးသုံးယောက်ပဲ ရှိပါသည်။ သားကြီးကတော့ ၁၀ တန်းအောင်တာနှင့် စစ်တက္ကသိုလ်တက်၊ အရာရှိဖြစ်လာပြီး နောက်ဆုံးတပ်ရင်းမှူးအထိ ဖြစ်လာသည်။ သားငယ်ကတော့ ၁၀ တန်းအောင်ပြီး ဆေးတက္ကသိုလ်တက်ခွင့်ရတာကြောင့် ဆရာဝန်ဖြစ်လာသည်။ သို့သော် သုံးနှစ်တာဝန်ထမ်းဆောင်ပြီး သူ၀ါသနာပါရာ Information Technology လုပ်ငန်းကို တစိုက်မတ်မတ်လုပ်ခဲ့တာကြောင့် တိုင်းပြည်အတွက် IT ပညာရပ်ဖြင့် အများကြီး အကျိုးပြုနိုင်ခဲ့ပါသည်။

သမီးငယ်ကတော့ ကျွန်ပျူတာတက္ကသိုလ်ဘွဲ့ရပြီး အိမ်ထောင်ကျသွားတာနှင့် သူ့ခင်ပွန်းမောင်တင်ထွန်း၏ စီးပွားရေးလုပ်ငန်းများမှာ ကူညီဆောင်ရွက်ပေးနေရသူဖြစ်သည်။ ၂၀၀၄ ခုနှစ်ထဲတွင် ကျွန်တော့်ကို အရေးယူလိုက်တော့ ကျွန်တော့်သားနှစ်ယောက်ရော၊ သားမက်ကိုပါ အရေးယူခံလိုက်ရတာကြောင့် ပြစ်ဒဏ်အသီးသီးကျခံခဲ့ကြရပါသည်။ ကျွန်တော့်ကို ပြစ်ဒဏ်ကခွင့်လွှတ်လိုက်သည့်အခါသာ သားနှစ်ယောက်ကို ခွင့်လွှတ်ပေးလိုက်တာဖြစ်သည်။ သားမက်ကတော့ဆက်လက်ပြစ်ဒဏ်ကျခံနေရဆဲပဲ ဖြစ်သည်။

ဗိုလ်မှူးချုပ်ခင်ညွှန့် + ဒေါက်တာခင်ဝင်းရွှေ
သားသမီးသုံးဦးနှင့်အတူ

BURMESE CLASSIC .com

ဒုဗိုလ်မှူးကြီးခင်ညွှန့် ဒေါက်တာခင်ဝင်းရွှေ
ခလရ (၂၀) တပ်ရင်းမှူးဘဝ ရရှိင်ပြည်နယ်



၂၀၀၀ ပြည့်နှစ် သာယာသောမိသားစုဘဝ
မြေးများနှင့် အတူတွေ့ရစဉ်



အာဏာနိုတည်ဆောက်ချိန်

ကျွန်တော် တပ်မမှူး၏ ဦးစီးအရာရှိတာဝန်ထမ်းဆောင်စဉ်ကာလတွန်းက ထူးခြားဖြစ်စဉ်တွေ ပြန်ပြောင်းအမှတ်ရမိနေပါသည်။ ဗကပဗဟိုကို ဥက္ကဋ္ဌ သခင်သန်းထွန်း ဦးဆောင်ပြီး ပဲခူးရိုးမကို အခြေပြုကာ မြန်မာတစ်နိုင်ငံလုံး ထိန်းချုပ်နိုင်ရေးအတွက် ပဲခူးရိုးမကြီး၏ အရှေ့ခြမ်း၊ အနောက်ခြမ်းနှင့် တောင်ခြေကွင်းစပ် ကျေးရွာများအားလုံးကို စည်းရုံးပြီးနောက် ဗကပ၏ အာဏာနိုတည်ဆောက်ရေးကို ကြိုးပမ်းလျက်ရှိကြသည်။

ဗကပအဖွဲ့ထဲမှ ဝေဖန်ရေးလုပ်မိသူတွေဆိုရင်လည်း အစိုးရ၏ သူလျှို၊ အစိုးရ ဒေါက်တိုင်ဆိုပြီး ဖြုတ်ထုတ်သတ်တွေလုပ်နေတာကြောင့် ပဲခူးရိုးမဒေသ တစ်ကြောလုံးတွင် မတည်မငြိမ် ဖြစ်နေကြသည့်အချိန်တွင် တမခ ၇၇ နှင့် စစ်ဆင်ရေးတပ်တွေဟာ ပဲခူးရိုးမအရှေ့ခြမ်း၊ အနောက်ခြမ်းတို့မှာ ဖြန့်ခွဲကာ စစ်ဆင်ရေး အရှိန်အဟုန်ကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြသည်။ တမခ ၇၇ တပ်ရင်းတွေဟာ ၁၉၆၆၊ ၁၉၆၇၊ ၁၉၆၈ ခုနှစ်အထိ ဆက်တိုက်စစ်ဆင်ရေးတပ်များ၏ ပိုက်စိပ်တိုက် လှုပ်ရှားစစ်ဆင်မှုများကြောင့် ဗကပဗဟိုကလည်း အတည်တကျ မနေနိုင်တော့ဘဲ အုပ်စုများခွဲကာ ရှောင်တိမ်းနေကြရသည့် အခြေအနေသို့ရောက်ခဲ့သည်။

သခင်သန်းထွန်း တပည့်မြကြီး သေနတ်ကြီးထမ်းလို့

အဲဒီအချိန်မှာပဲ သခင်သန်းထွန်း၏တပည့် မြကြီးဆိုသူက သူ့ဆရာကို ပစ်သတ်ပြီး ထွက်ပြေးခဲ့သည်။ အဲဒီတုန်းက ရှေ့တန်းတပ်မဌာနချုပ်က ကျွဲပွဲဘိုတဲ့ဝင်းထဲမှာ ယာယီအခြေပြုထားတော့ အဲဒီတပ်မရှေ့တန်းဌာနချုပ်ထဲကို မြကြီးဟာ သေနတ်ကြီးထမ်းပြီး ဝင်လာတော့မှ သူ့ရဲ့ထွက်ဆိုချက်အရ သခင်သန်းထွန်းသေပြီ၊ ဧရယျဝတီမြို့နယ်ထဲက မြရာပင်ကျောမှာ မြှုပ်နှံထားနိုင်တဲ့ယမ်ဆိုတာသိရတော့သည်။ အလင်းဝင်ရဲဘော်ကိုဘခက်ကလည်း ကျွန်တော်တို့နှင့်အတူရှိနေတာကြောင့် ဗကပဗဟို၏သတင်းကို ပိုမိုအတည်ပြုနိုင်ခဲ့တာဖြစ်သည်။ နောက်တစ်ချက်က ဗကပဗဟိုကော်မတီဝင် ရဲဘော်မြက ဗဟိုကနေထွက်ပြေးလာပြီး သခင်သန်းထွန်း

၏ အလောင်းကိစ္စနှင့် ရှိနိုင်သည့်နေရာကို ခန့်မှန်းပေးနိုင်မှုကြောင့် ထိုနေရာတစ်ဝိုက်ကို အသေးစိပ်ရှာဖွေလိုက်သည့်အခါ ဥက္ကဋ္ဌသခင်သန်းထွန်း၏ အလောင်းကို တွေ့ရှိပြီး လိုအပ်သောမှတ်တမ်းများရယူကာ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပေးခဲ့ကြသည်။ ယင်း၏အရိုးပြာကိုတော့ ရှေ့တန်းတပ်မဌာနချုပ်ထဲမှ ကျွန်တော်နှင့် ကိုဘခက်တို့၏ အိပ်ရာကြားမှာ ယာယီအားဖြင့် ထိန်းသိမ်းထားခဲ့ရသည်။

သခင်သန်းထွန်း အရိုးပြာ

သခင်သန်းထွန်း၏ အရိုးပြာမြှုပ်နှံမှုကိုတော့ တပ်မမှူးက ကျွန်တော့်ကို လျှို့ဝှက်စွာ တာဝန်ပေးတာနှင့် ကျွန်တော်ဆောင်ရွက်ခဲ့ရပါသည်။ ဆောင်ရွက်ပုံကတော့ ဒီလိုပါ၊ အရိုးပြာတွေကို ကျည်ဆံသေတ္တာအလွတ်ထဲမှာ ထည့်သောခတ်ပြီး ပင်လယ်ဝသွားရောက်မြှုပ်နှံဖို့ တာဝန်ပေးပါသည်။ ကျွန်တော်နှင့် ဗိုလ်ကြီးအေးခိုင်တို့ဟာ တပ်မမှူး၏တာဝန်ပေးချက်အရ ရန်ကုန်သို့ ထိုသေတ္တာကို သယ်ဆောင်ကာ ဧရာဝတီ ရေတပ်စခန်းက အသင့်စောင့်နေသည့် PGM စစ်ရေယာဉ်ပေါ်သို့ ယူဆောင်ခဲ့ပါသည်။ စစ်ရေယာဉ်မှူးက ဗိုလ်မှူးသန်းထွန်းအောင်ဖြစ်ပါသည်။ သူကတော့ ကျွန်တော်တို့လုပ်ရမည့် အလုပ်ကို မသိပါ။ ကျွန်တော်တို့နှစ်ယောက်ကို ပင်လယ်ဝသို့ လိုက်ပို့ရန် တာဝန်ပေးလိုက်ခြင်းဖြစ်သည်ဟု သိရပါသည်။ ခန့်မှန်းခြေ နေ့လယ် ၁၂ နာရီလောက်မှာ ပင်လယ်ဝကို ထွက်ခဲ့ပါတယ်။ ၂ နာရီနီးပါးလောက်ကြာမည်ထင်ပါသည်။ ပင်လယ်ဝလဲရောက်ရော ကျွန်တော်တို့ ယူလာသည့်သေတ္တာကြီးကို ရေထဲပစ်ချလိုက်ပါတော့သည်။

သေတ္တာကြီးရေထဲမြှုပ်ဝင်သွားတော့မှ စစ်ရေယာဉ်ကို ပြန်လှည့်ခိုင်းပြီး ဧရာဝတီရေတပ်စခန်းသို့ ပြန်ခဲ့ပါသည်။ သဘော်ပြန်လှည့်လာပြီး မကြာလိုက်ပါဘူး၊ ကျောက်တန်းမြို့နယ်ထဲ ပင်လယ်ကမ်းခြေက မီးပြရှာနှင့် မလှမ်းမကမ်းလောက်မှာ ကျွန်တော်တို့သဘော်ဟာ သောင်တင်သွားပါသည်။ ရေကျချိန်ဖြစ်သဖြင့် သောင်ခုံပေါ်မှာ အနားယူသွားသလိုဖြစ်သွားတာကြောင့် ရေတက်ချိန်အထိ စောင့်နေရပါတော့သည်။ ည ၇ နာရီ၊ ၈ နာရီလောက်ရောက်တော့မှ ရေတက်

လာပြီး သောင်ခုံပေါ်ကလွတ်ထွက်လာကာ ရန်ကုန်ကိုအလွန်မိုးချုပ်မှပဲ ပြန်ရောက်ပါသည်။

စစ်ရေယာဉ်မှူး ဗိုလ်မှူးသန်းထွန်းအောင်ဟာ ဒီလမ်းကြောင်းကို အလွန်ကျမ်းကျင်သူပါ၊ ဒီလိုသောင်တင်လိမ့်မယ်လို့ မထင်မှတ်ခဲ့သူပါ၊ တကယ်သောင်တင်သွားတော့ သူလည်းအလွန်အံ့သြမိတယ်ဟု ပြောပါသည်။ ဒီဖြစ်ရပ်ကတော့ တိုက်ဆိုင်မှုပါပဲ။ ထူးဆန်းတာပဲလားတော့ မသိပါ၊ ဖြစ်ရပ်က တကယ့်အမှန်ဖြစ်ရပ်ပါပဲဟု ပြောချင်ပါသည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်သို့

၁၉၆၉ ခုနှစ်ထဲမှာ တမခ (၇၇) တပ်မမှူး ဗိုလ်မှူးကြီးတင့်ဆွေသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်ကို တိုင်းမှူးအဖြစ်ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတော့ ကျွန်တော်လည်း တိုင်းမှူး၏ ကိုယ်ရေးအရာရှိအဖြစ်ဖြင့် တစ်ပါတည်းပြောင်းရွှေ့ရပါသည်။ အဲဒီကာလတုန်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ကွပ်ကဲမှုအောက်တွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ပါဝင်ကြပြီး စစ်ဆင်ရေး၊ စီမံခန့်ခွဲရေးအပြင် တိုင်းမှူးက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ စည်းရုံးရေးတာဝန်ဖြစ်သည့် ဒေသပါတီစည်းရုံးရေးကော်မတီဥက္ကဋ္ဌတာဝန်ကိုပါ ပေးအပ်ထားတာကြောင့် အလုပ်တာဝန်အလွန်များပါသည်။

စီးပွားရေးလုပ်ငန်းများဖြစ်သည့် ရာဘာစိုက်ပျိုးထုတ်လုပ်ရေး၊ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေး၊ ပုလဲမွေးမြူထုတ်လုပ်ရေးတို့အပြင် ပင်လယ်ပြင်ရေလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးတို့ကိုပါ ကြိုးစားလုပ်ဆောင်နေရသည်။ ထိုအချိန်ကာလတုန်းက နယ်မြေခံ တပ်ရင်းက သိပ်မများတော့ စစ်ဆင်ရေးကို သိပ်မလုပ်နိုင်ပါ။ နယ်မြေလုံခြုံရေး၊ နယ်မြေစည်းရုံးရေးနှင့် နိုင်ငံတော်၏ စီးပွားရေးအထောက်အကူဖြစ်ထွန်းရေးကိုသာ အလေးထားဆောင်ရွက်ခဲ့ရပါသည်။သထုံခရိုင်အတွင်းမှာသာ တမခ ၇၇ ၏ နည်းဗျူဟာတစ်ခုနှင့် တပ်ရင်း သုံးရင်းသာ စစ်ဆင်ရေးလုပ်နေတာတွေ့ရသည်။

ကျွန်တော် မော်လမြိုင်ကိုပြောင်းရတော့ ကျွန်တော့်နေ့စဉ်လည်း မော်လမြိုင်က အမျိုးသမီးနှင့်ကလေးဆေးရုံကြီး (ယခင်အမေရိကန်ဆေးရုံ)ကို လက်ထောက်ဆရာဝန်အဖြစ်နှင့် ပြောင်းရွှေ့ရောက်ရှိလာပါသည်။ အဲဒီတုန်းက တိုင်းစစ်ဌာနချုပ်မှာ ဒုတိုင်းမှူးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူများက ဗိုလ်မှူးကြီးသိန်းငွေ၊ ဗိုလ်မှူးကြီးခင်မောင်သန်း၊ ဗိုလ်မှူးကြီးဗန်ကူးလ်တို့ ဖြစ်ကြပြီး စစ်ဦးစီးမှူး ပထမတန်းက ဒုတိယဗိုလ်မှူးကြီးခင်ကျော်ညိ၊ ဦးစီးအရာရှိ ပထမတန်း(စစ်ရေး)က ဒုဗိုလ်မှူးကြီးဘထွေး၊ ဦးစီးအရာရှိ (စစ်ထောက်) ဒုဗိုလ်မှူးကြီးစိုးမြင့်တို့ဖြစ်ပါသည်။ ဘားအံမှာကတော့ တပ်မဟာ ၁၁ ရှိပြီး တပ်မဟာမှူးက ဗိုလ်မှူးကြီး စံမြတ်ရွှေပါ။

ဦးနုခေါင်းဆောင်သော ပြည်ပြေးအဖွဲ့

အဲဒီကာလတုန်းက ဦးနုခေါင်းဆောင်သော ပြည်ပြေးလက်နက်ကိုင်အဖွဲ့အစည်းက ထိုင်းနိုင်ငံနယ်စပ်တွင် အခြေပြုပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရေး၊ ထားဝယ်၊ သံဖြူဧရပ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွေထဲမှာ အများဆုံးလှုပ်ရှားကြသည်။ မြို့ရွာတွေကို ခြိမ်းခြောက်တာမျိုး လုပ်ကြသည်။ ဒါပေမဲ့ ပြည်ပြေးအဖွဲ့ဟာ သိပ်မကြာလိုက်ပါဘူး၊ သူတို့ထဲမှာ အချင်းချင်းသဘောထားကွဲလွဲမှုတွေ၊ အချင်းချင်းမကျေနပ်မှုတွေ၊ အချင်းချင်း အာဏာပြိုင်မှုတွေနှင့် ကွဲကြပြဲကြပြီး နောက်ဆုံးတော့ ပြည်ပြေးအဖွဲ့သည် ပြိုကွဲပျက်စီးသွားပါသည်။

ရေးမြို့မီးလောင်မှုဖြစ်

ကျွန်တော် ရုတခဏမှာ တာဝန်ထမ်းဆောင်စဉ်ကာလမှာ ထူးခြားမှုကြီးတွေကတော့ ရေးမြို့ကြီး မီးလောင်မှုဖြစ်တာ တစ်မြို့လုံးနီးပါး ကုန်တာပါပဲ။ အဲဒါတိုင်းမှူး၏စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်မှုဖြင့် မြို့သစ်ကို ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည်။ မှောင်ခိုစီးပွားရေးလုပ်ငန်းကတော့ အကြီးအကျယ်ထွန်းကားနေသည့်အချိန်ဖြစ်သည်။ မော်လမြိုင်တွင် ထိုင်းနိုင်ငံထုတ်ပစ္စည်းမျိုးစုံ ဈေးကြီး၊

ဈေးငယ် အသွယ်သွယ်မှာ ကြိုက်တာဝယ်၍ ရပါသည်။ မောင်ခိုစီးပွားရေးလုပ်ငန်း တိုက်ဖျက်ရေးဆိုပြီး နည်းမျိုးစုံနှင့် လုပ်သော်ငြားလည်း အရာမရောက်ခဲ့ပါ။ အမှုထမ်းအရာထမ်းအားလုံးနီးပါးက မောင်ခိုစီးပွားရေးလမ်းကြောထဲမှာ မျောဝင်နေကြတာဆိုတော့ ဒါကိုဖြိုခွင်းရာမှာ အလွန်ခက်ခဲခဲ့တာ အမှန်ပဲဖြစ်ပါသည်။

သဘော်ကျောက်ဆောင်ဝင်တိုက်

နောက်ထပ်ထူးခြားသည့် ဖြစ်စဉ်တစ်ခုကတော့ တိုင်းမျိုး၏ ပင်လယ်ပြင်ခရီးစဉ်မှာ မြိတ်ကနေ ပုလဲကျွန်းကို စစ်ရေယာဉ် PGM နှင့် သွားကြစဉ် တနင်္သာရီရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီးအက်ဖ်ပီတာလည်းပါသည်။ ပုလဲကျွန်းမှာ ပုလဲထုတ်လုပ်မှုများကို စစ်ဆေးပြီး ကော့သောင်းကို ဆက်လက်ထွက်ခွာလာရာမှာ လန်ပိကျွန်းအနီးရောက်တော့ ကျောက်ဆောင်ကိုဝင်တိုက်မိပြီး PGM သဘော်၏ ဝမ်းဗိုက်ကြီး တစ်လံလောက်ပေါက်ပြဲသွားပါတော့သည်။ အဲဒီမှာ ရေတွေသဘော်ဝမ်းဗိုက်ထဲ ဒလဟောစီးဝင်လာပါသည်။ အဲဒါမှာ တပ်မတော်ရေက တပ်ဖွဲ့ဝင်တွေ၏ ကိုယ်စီတာဝန်ကျေပွန်မှုကြောင့် ဒလဟောစီးဝင်နေသည့် ရေတွေကိုတားနိုင်ခဲ့ပါသည်။ ဘယ်လိုလုပ်သလဲဆိုတော့ စစ်ရေယာဉ်ပေါ်မှာ ပါလာသည့် ရေစုပ်စက်လေးလုံးနှင့် စီးဝင်နေသည့်ရေများကို တပြိုင်တည်း စုပ်ထုတ်ကြရသည်။ တစ်ချို့ရဲဘော်တွေက ရေထဲခုန်ချပြီး ခေါင်းအုံးများကိုဖောက်၊ အတွင်းကမ္ဘီများဖြင့် ပေါက်ပြဲနေသည့် သဘော်ဝမ်းဗိုက်ထဲကို ထိုးသွင်းပိတ်ဆို့မှုတွေ လုပ်လိုက်တော့ ရေဒလဟောဝင်နေမှုကို တားဆီးနိုင်ခဲ့သည်။ ရဲဘော်များ၏ ခေါင်းအုံးများလည်း တော်တော်ကုန်သွားသည်။ ရေစုပ်စက်ကလည်း သာမန်အားဖြင့် ရေယာဉ်ပေါ်မှာ စက်တစ်လုံးသာရှိစမြဲပါ။ အခုတော့ ဖမ်းမိထားသည့် မောင်ခိုငါးလှေက ယူထားသည့် ရေစုပ်စက်အပိုသုံးလုံးပါတာကြောင့် ရေစုပ်စက် လေးလုံးနဲ့ ရေတွေစုပ်ထုတ်လိုက်နိုင်တာရယ်၊ ခေါင်းအုံးများဖြပြီး ပိတ်ဆို့နိုင်တာရယ်ကြောင့် ရေအဝင်အားကို တားဆီးနိုင်ခဲ့တာပါပဲ။ အခက်အခဲတစ်ခုတွေ့ရင် ကိုယ်စီတာဝန်သိတတ်ဖို့ရယ်၊ ကိုယ်စီတာဝန်

ကို ကျေပွန်စွာထမ်းရွက်နိုင်ဖို့ရယ်သည် အလွန်အရေးပါလှပါသည်ဟူ၍ ပြောချင်ပါသည်။

ကျွန်တော်သည် ဗိုလ်မှူးကြီးတင့်ဆွေ (နောင်စက်မှု ၁ ဝန်ကြီး) ထံ လက်ဦးဆရာအနေနှင့် ပညာရပ်အတော်များများကို သင်ကြားလေ့လာခွင့်ရခဲ့တာကြောင့် အကျင့်စရိုက်ကအစ၊ စီမံခန့်ခွဲမှုပညာရပ်များ၊ စည်းရုံးရေးအတတ်ပညာများ၊ တွေးခေါ်မြော်မြင်မှုအတတ်ပညာများအပြင် ခေါင်းဆောင်တစ်ယောက်တွင် ရှိရမည့် အရည်အချင်းများကိုပါ လေ့လာဆည်းပူးရရှိခဲ့ပါသည်။ ဒါကြောင့်လည်း ကျွန်တော်၏ လက်ဦးဆရာ ဖခင်သဖွယ်လေးစားချစ်ခင်ခဲ့ရပါသည်။

တပ်ခွဲမှူးဗိုလ်မှူးဘဝ

၁၉၇၃ ခုနှစ် ဇွန်လထဲမှာ အမှတ်(၁) ရှမ်းသေနတ်ကိုင်တပ်ရင်းကို တပ်ခွဲမှူး (ဗိုလ်မှူး) ရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ အဲဒီတပ်ရင်းက မော်ဘီမှာဆိုတော့ ကျွန်တော့်ဇနီးပါ ရန်ကုန်တိုင်းဒေသန္တရ ကျန်းမာရေးဌာနသို့ ပြောင်းရွှေ့ခွင့်ရတာကြောင့် မော်ဘီ တပ်ရင်းဌာနချုပ်မှာ မိသားစုအတူတကွ နေခွင့်ရခဲ့ပါသည်။ ကျွန်တော်ကတော့ အမှတ် (၇၇) ခြေမြန်တပ်မ၏ ကွပ်ကဲမှုအောက် တပ်ရင်းဆိုတော့ ပဲခူးရိုးမမှာစစ်ဆင်ရေးတာဝန် ထမ်းရွက်ရသည်။ အဲဒီမှာ လက်ရှိနိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တပ်ရင်း တစ်ရင်းတည်းအတူ တာဝန်ထမ်းရွက်ခဲ့ရပါသည်။ စစ်ဆင်ရေးနယ်မြေက ကျွန်တော့်အတွက် မစိမ်းပါ။ ယခင် တမခ ၇၇ တုန်းက ဒီနယ်မြေမှာပဲ စစ်ဆင်ရေးလုပ်ခဲ့ရတာဆိုတော့ နယ်မြေဒေသကျွမ်းကျင်မှုရှိပြီးသားဟူ၍ဆိုနိုင်ပါသည်။ အဲဒီအချိန်ထိ ဗကပ ဗဟိုသည် ပဲခူးရိုးမမှာ အင်အားဆုတ်ယုတ်နေသော်ငြားလည်း စစ်နည်းပရိယာယ်ပြောင်းလဲကျင့်သုံးမှုကြောင့် ဆက်လက်ရှင်သန်နေတုန်းဟု ဆိုနိုင်ပါသည်။ တိုက်ခိုက်ရေးစစ်ကြောင်းနှစ်ကြောင်း ဖွဲ့စည်းပြီး တပ်မတော်၏ အားနည်းသောစခန်းငယ်များကို အလစ်အငိုက်ဝင်တိုက်ခြင်း၊ ချုံခိုတိုက်ခိုက်ခြင်းစသည့် စစ်နည်းပရိယာယ်များဖြင့် အတော်အတန်အောင်မြင်မှုရစေခဲ့သည်ဟုဆိုလျှင် မမှားပါဘူး။

တပ်မမှူးဗိုလ်မှူးကြီးထွန်းရီ

ကျွန်တော်တို့ ရှမ်း(၁)တပ်ရင်းက တပ်ခွဲလိုက် ဖြန့်ခွဲလှုပ်ရှားရာမှာ ပဲခူးရိုးမကြီးကို အရှေ့နှင့်အနောက် အခေါက်ပေါင်းများစွာ ကျော်ဖြတ်ပြီး ဗကပ အစုအဖွဲ့ကွဲတွေကို ရှာဖွေရှင်းလင်းရေး လုပ်ခဲ့ရပါသည်။ အဲဒီတုန်းက တမခ ၇၇ တပ်မမှူးက ဗိုလ်မှူးကြီးထွန်းရီ (ယခုဗိုလ်ချုပ်ကြီးထွန်းရီ-ဦးမ်း) ကွယ်လွန်ဖြစ်ပြီး နည်းဗျူဟာမှူးတွေက ဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူးကြီးဖေမြိုင်နှင့် ဗိုလ်မှူး ကြီးကျော်စိန်ဝင်း တို့ဖြစ်ကြပါသည်။

မြန်မာနိုင်ငံ၏ နဝိုလီယန်

တပ်မမှူး ဗိုလ်ချုပ်ကြီးထွန်းရီသည် စစ်ဗျူဟာမှူး တာဝန်ထမ်းဆောင်စဉ်က ရှမ်းပြည်မြောက်ပိုင်း ကွမ်းလုံမြို့ကို ဗကပတို့ စစ်အင်အားအလုံးအရင်းဝင်ရောက်တိုက်ခိုက်စဉ် ရက်ပေါင်း ၄၀ ကွမ်းလုံ တိုက်ပွဲဟူ၍ အလွန်နာမည်ကြီးသည့် တိုက်ပွဲတွင် ဗကပများ ကွမ်းလုံကို မသိမ်းနိုင်ပဲ အကျအဆုံးများစွာဖြင့် ပြန်လည်ဆုတ်ခွာထွက်ပြေးခဲ့ရသည်။ ထိုတိုက်ပွဲကို အနီးကပ်ကွပ်ကဲကာ ကွမ်းလုံမြို့ကို ရန်သူလက်မကျရောက်အောင် ကယ်တင်နိုင်ခဲ့သည့် စစ်ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံ၏ နဝိုလီယံဟု နာမည်ရခဲ့ခြင်း ဖြစ်ပါသည်။ တပ်မမှူးဖြစ်သူ ဗိုလ်မှူးကြီးထွန်းရီသည် စစ်ပညာအလွန်ကျွမ်းကျင်သည့် ပုဂ္ဂိုလ်ဖြစ်တာကြောင့် ပဲခူးရိုးမ ဗကပ ဗဟိုအဖွဲ့သည် တဖြည်းဖြည်း ပြိုကွဲပျက်စီးသွားတော့တာပါပဲ၊ ဒါအမှန် တရားဖြစ်ပါသည်။

O



အတွင်းရေးမှူး(၁)၏ မြေးအကြီးဆုံး သက်နှံးဝတ်စဉ်က
ဘုန်းတော်ကြီးကျောင်းတွင် ဝမ်းသာပီတိဖြစ်နေပုံ

အခန်း ၄၄

မောင်တစ်ထမ်း၊ မယ်တစ်ရွက်

ယခုရေးသားဖော်ပြချက်ကတော့ ကျွန်တော်ကို အရေးယူပြီး ထောင်ဒဏ်ချမှတ်လိုက်သော်လည်း မိမိနေအိမ်ဝင်းအတွင်းတွင် အကျယ်ချုပ်ဖြင့် နေခွင့်ပြုခဲ့သည့်ကာလ။ အကျယ်ချုပ်ဆိုသော်ငြားလည်း ခြံဝင်းအတွင်းမှ အပြင်လုံးဝထွက်ခွင့်မရှိ၊ အိမ်ခြံဝင်းပတ်လည်တွင် လုံခြုံရေးအပြည့်ဖြင့် နေရစဉ်ကာလမှာ သားသမီးနှင့် မြေးများသိရှိထားရန် မှတ်တမ်းရေးသားထားမှုကို ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။

မယ်တစ်ရွက်

သားတို့ သမီးတို့ကို သိထားစေချင်တာကတော့ နိုင်ငံတော်၏တာဝန်ကို ဖေဖေ ထမ်းရွက်ခဲ့သလိုပဲ မေမေကလည်း နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် တစ်ဖက်တစ်လမ်းက နိုင်ငံတော်ရဲ့ တာဝန်ကို ထမ်းရွက်ခဲ့မှုများနှင့်ပတ်သက်၍ သိထားစေချင်ပါသည်။ မေမေက ဆရာဝန်ဘွဲ့ကို ၁၉၆၆ ခုနှစ်ထဲမှာရရှိခဲ့ပြီး လက်ထောက်ဆရာဝန်ဘဝဖြင့် ရန်ကုန်တိုင်းဒေသန္တရ ကျန်းမာရေးဌာန မော်လမြိုင်တိုင်းဆေးရုံခွဲ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ရွှေပြားတိုက်နယ်ဆေးရုံ၊ ရန်ကုန်တိုင်း တောင်ဥက္ကလာပက မိခင်/ကလေးဆေးရုံ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ကစလ (၁) ဆေးခန်းတို့တွင် ၁၉၉၈ ခုနှစ်အထိ အသီးသီး

မြန်မာနိုင်ငံ ကလေးဆေးရုံကြီးတွင် ရင်ချင်းဆက်အမှာ ညီအစ်မ အေးအေးငြိမ်း၊ အိအိငြိမ်း တို့ကို အောင်မြင်စွာ ခွဲစိပ်ကုသပေးသည့် ဆရာဝန်များ၊ သူနာပြုများသို့ မိသားစုအလှူငွေ ပေးအပ်စဉ်

ပြောင်းရွှေ့တာဝန်ထမ်းရွက်ခဲ့သည်။ ၁၉၉၈ ခုနှစ် မတ်လထဲရောက်မှ အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်က စက်ရုံများအတွက် ဆေးမှူးချုပ် (ဒုတိယညွှန်ကြားရေးမှူး) အဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။ ဖေဖေ၏ အရိုန်အဝါဖြင့် ရာထူးများ ကျော်လွှားရယူခဲ့ခြင်းမျိုး မရှိခဲ့ဘူးပါ။

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ

ဖေဖေအတွင်းရေးမှူး(၁) တာဝန်စတင်တာဝန်ယူချိန်မှာ စေတနာ့ဝန်ထမ်းလူမှုရေးလုပ်ငန်းများကိုပါ ပါဝင်ဆောင်ရွက်ဖို့ တိုက်တွန်းတာကြောင့် ၁၉၉၁ ခုနှစ်က စတင်ပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှာ တွဲဖက်အတွင်းရေးမှူးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ အဲဒီတုန်းက အသင်းဥက္ကဋ္ဌက ဒေါက်တာဒေါ်တင်တင်မွန်း၊ ဒုတိယဥက္ကဋ္ဌက ပါမောက္ခဒေါက်တာဒေါ်ကြူကြူဆွေ၊ အတွင်းရေးမှူးက ဒေါက်တာဒေါ်ညီညီ တို့ဖြစ်ကြပါသည်။ ၁၉၉၅ ခုနှစ် အသင်း၏အမှုဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းသည့်အခါမှာ ဥက္ကဋ္ဌက ပါမောက္ခဒေါက်တာဒေါ်ကြူကြူဆွေ၊ ဒုတိယဥက္ကဋ္ဌက ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ ဖြစ်လာကြပါသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဖွဲ့စည်းပုံ စည်းမျဉ်းအရ လေးနှစ်တစ်ကြိမ် အမှုဆောင်ကော်မတီကို ပြန်လည်ရွေးချယ်မှုတွေ လုပ်ရခြင်းကြောင့် ၁၉၉၉ ခုနှစ်မှာ ဥက္ကဋ္ဌအဖြစ် ပါမောက္ခ

ဒေါက်တာဒေါ်ကြူကြူ၏ ဒုဥက္ကဋ္ဌအဖြစ် ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ပဲ ပြန်လည်အရွေးခံခဲ့ကြရပါသည်။

၂၀၀၃ ခုနှစ်ကျတော့ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဥက္ကဋ္ဌအဖြစ် အရွေးခံရပြီး တာဝန်များ ထမ်းရွက်နေစဉ်မှာပဲ ၂၀၀၄ ခုနှစ်ကျတော့ ဖေဖေ့ကို အရေးယူလိုက်တော့ မေမေလည်း အလိုအလျောက် အဲဒီတာဝန်က ရပ်စဲခံခဲ့ရပါသည်။ မေမေက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှာ ၁၉၉၁ ခုနှစ်က စတင်၍ ၁၉၉၅ ခုနှစ်အထိ တွဲဖက်အတွင်းရေးမှူး တာဝန်ဖြင့် ပြည်နယ်နှင့်တိုင်း ၁၄ ခုသို့ လှည့်လည်ကာ သားဆက်ခြားစီမံချက်ကို ဆွေးနွေးခြင်း၊ ပညာပေးခြင်း၊ မိခင်နို့ချိုစနစ်တကျ တိုက်ကျွေးရေး၊ အဆုတ်တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ ခုခံအားကျဆင်းမှုရောဂါ ကာကွယ်ရေး၊ တိုက်ဖျက်ရေး စသည်တို့ကို တစိုက်မတ်မတ် ဆွေးနွေးခြင်း၊ ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရပါသည်။

၁၉၉၆ ခုနှစ်မှ စတင်ကာ ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် UNHCR နှင့် ပူးပေါင်းလျက် PROJECT TO ENHANCE ALL REPRODUCTIVE LIVES စီမံကိန်းအကောင်အထည်

မိခင်နှင့် ကလေးအမွှဲ. ဒုဥက္ကဋ္ဌတာဝန်ဆောင်ရွက်စဉ်၊ မူကြိုကလေးများနှင့် တွေ့ဆုံစဉ်

ဖော်ဆောင်ရွက်မှုကို တာဝန်ရှိသူများနှင့်အတူ ကျေးရွာများအထိ ကွင်းဆင်းကာ ကျေးရွာလူထုနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုများကို ဆန်းစစ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်းကို တွေ့ရသည်။

၁၉၉၆ ခုနှစ်ထဲမှာပင် UNFPA နှင့် ပူးပေါင်းဆောင်ရွက်သော STRENGTHENING OF BIRTH SPACING IN 72 TOWNSHIPS စီမံချက်တွင်လည်းကော်မတီခေါင်းဆောင်အနေဖြင့် စီမံချက်ဝင်ပြည်နယ်/တိုင်း အချို့သို့ သွားရောက်၍ သားဆက်ခြားသင်တန်းများ ပို့ချပေးခဲ့ရသည်။ အလားတူပင် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ကာ ဒလမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော ခုခံအားကျဆင်းမှုရောဂါ ကာကွယ်တိုက်ဖျက်ရေး စီမံချက် အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးမှုများကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေနှင့် ပြုလုပ်ပေးခဲ့ရသည်။

မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ခု-ဥက္ကဋ္ဌ ဒေါက်တာဒေါခင်ဝင်းရွှေ ကျေးလက်ဒေသများ ကွင်းဆင်းဆောင်ရွက်စဉ်

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှာ

ဒီအပြင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် မိခင်/ကလေး သေဆုံးမှုနှုန်းကျဆင်းရေး ရည်မှန်းချက်ဖြင့် မြို့နယ်များတွင် သားဖွားခန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ၁၉၉၄ ခုနှစ် မတ်လတွင် ပုသိမ်မြို့၌ လည်းကောင်း၊ ၁၉၉၄ ခုနှစ် သြဂုတ်လတွင် ပခုက္ကူမြို့၌လည်းကောင်း၊ ၁၉၉၅ ခုနှစ် မတ်လတွင် မုံရွာမြို့၌လည်းကောင်း၊ ၁၉၉၆ ခုနှစ် ဧနီနဝါရီလတွင် မြိတ်မြို့၌လည်းကောင်း၊ ၁၉၉၆ ခုနှစ် မတ်လတွင် စစ်ကိုင်းမြို့၌လည်းကောင်း၊ ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကော့သောင်းမြို့၌လည်းကောင်း၊ ၁၉၉၇ ခုနှစ်ထဲတွင် တောင်ကြီးမြို့၌လည်းကောင်း၊ ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပန်းတနော်မြို့၌လည်းကောင်း၊ ၁၉၉၈ ခုနှစ် နိုဝင်ဘာလတွင် တာချီလိတ် မြို့၌လည်းကောင်း၊ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကျိုင်းတုံမြို့၌လည်းကောင်း၊ ၁၉၉၉ ခုနှစ် သြဂုတ်လတွင် ရွှေတောင်မြို့၌လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ် မေလတွင် ကျောက်တန်းမြို့နယ်တွင်လည်းကောင်း သားဖွားခန်းများကို မေမေ ကိုယ်တိုင်သွားရောက်ဖွင့်လှစ်ပေးခဲ့ရသည်။

ဗိုလ်ခင်ညွှန့်နှင့် မခင်ဝင်းရွှေတို့ လက်ထပ်စဉ်က အသိသက်သေလိုက်ပါပေးသူ မတင်တင်လင်း၊ ယခုမျက်စေ့ဆရာဝန်ကြီးဖြစ်နေပါပြီ။ အမှတ်တရများပြောကြားစဉ်

မြန်မာနိုင်ငံမိခင်/ကလေးစောင့်ရှောက်ရေးအဖွဲ့. ဥက္ကဋ္ဌတာဝန်ထမ်းရွက်စဉ်
ကျေးလက်ဒေသသို့ ကွင်းဆင်းဆောင်ရွက်စဉ်



၁၉၉၀ ပြည်နှစ် ဒေါက်တာခင်ဝင်းရွှေ ဖောင်ကြီးသင်တန်း တက်ရောက်စဉ်
ပညာရေး ကျန်းမာရေး ဝန်ကြီး ဒေါက်တာဦးဖေသိန်းနှင့် ထမင်းဝိုင်းတွင်အတူ

မေမေ ဒေါ်ခင်ဝင်းရွှေ ဟာ ၁၉၉၁ ခုနှစ်က စတင်၍ ၂၀၀၄ ခုနှစ်အထိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှာ တာဝန်ထမ်းဆောင်ခဲ့စဉ် ကာလတစ်လျှောက်လုံး မြို့နယ်သားဖွားခန်းများ ဖွင့်လှစ်ပေးခြင်း၊ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးရေးနှင့် မိခင်များ တစ်ဖက်တစ်လမ်းက ဝင်ငွေရှိရေး နည်းလမ်းဆွေးနွေးခြင်း၊ နေ့ကလေးထိန်းဌာနများ ဖွင့်လှစ်ပေးခြင်း၊ ဆင်းရဲနွမ်းပါးသော မိခင်များ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှိအောင် အိမ်တွင်းသက်မွေးပညာသင်တန်းများ မြို့နယ်တိုင်းတွင် ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းတို့အပြင် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ဦးရွက်ပြုသည့် အမျိုးသားကျန်းမာရေးစီမံကိန်းရေးဆွဲပြုစုရာတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခြင်းတို့ကိုပါ ပြုလုပ်ခဲ့သည်။

နိုင်ငံတကာ NGO အဖွဲ့များမှလည်းပါဝင်ခဲ့

နိုင်ငံတကာ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခြင်း၊ စာတမ်းများပြုစုတင်ပြခြင်းတို့ကိုပါ အခါ အားလျော်စွာ ပြုလုပ်ခဲ့ရာ အဲဒါတွေကို ပြန်ပြောရမယ်ဆိုရင်-

၁၉၉၆ ခုနှစ်တွင် ကျင်းပသော SEMINAR ON WOMEN'S REPRODUCTIVE HEALTH တွင် THE ROLE OF NGO'S IN PROMOTING WOMEN'S HEALTH စာတမ်းတင်သွင်းခြင်း၊ SEMINAR ON KNOWLEDGE, ATTITUDES AND PRACTICES RELATED TO BIRTH TRADITIONS IN A SELECTED RURAL AREA OF MYANMAR တွင် အကြံပေးပုဂ္ဂိုလ်အဖြစ် ပါဝင်ဆွေးနွေးခြင်း၊

၁၉၉၇ ခုနှစ်တွင် REGIONAL WORKING GROUP MEETING ON WOMEN'S HEALTH DEVELOPMENT: COUNTRY PROFILES MYANMAR သို့ တက်ရောက်ဆွေးနွေးခဲ့ခြင်း၊

၁၉၉၉ ခုနှစ်တွင် REGIONAL CONSULTATION ON VIOLENCE AGAINST WOMEN AND THE ROLE OF

(၃.၁၁.၉၈) ရက်နေ့ ပူတာအိုသို့ စစ်သံမှူးနှင့် နေ့များခရီးစဉ်တွင်
အတွင်းရေးမှူး(၁)၏နေ့လိုက်ပါဖိုဆောင်ပေးစဉ်

HEALTH SECTOR, MYANMAR တွင် အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ စသည်တို့ကို အားတက်သရော ပူးပေါင်းပါဝင်ဆွေးနွေးခြင်း၊ စာတမ်းများတင်သွင်းခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ

မြန်မာနိုင်ငံ၏ အမျိုးသမီးများကဏ္ဍနှင့် ပတ်သက်၍ ယခင်က မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသာရှိခဲ့ရာက ၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမှာ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် နိုင်ငံတကာ အမျိုးသမီးညီလာခံကြီးကနေ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတိုင်းမှာ အမျိုးသားအဆင့်ယန္တရား (NATIONAL MECHANISM / MACHINERY) တစ်ခုဖွဲ့စည်းကြဖို့ မူတစ်ရပ်ချမှတ်ခဲ့ပါသည်။ အဲဒီအစီအစဉ်ကြီးကို မြန်မာနိုင်ငံက လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာနက ဝန်ကြီး ဦးဆောင်

သည့်အဖွဲ့တက်ရောက်ပြီး မြန်မာနိုင်ငံ ပြန်ရောက်သည့်အခါ အမျိုးသမီးညီလာခံက ချမှတ်ပေးလိုက်သည့်မူအရ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတွင် အတွင်းရေးမှူး(၁) ဖေဖေကိုယ်တိုင်ဦးဆောင်ကာ အမျိုးသမီးများ ဖွဲ့ဖြိုးတိုးတက်ရေးအတွက် အစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ပြီးနောက် ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့မှာ "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ" ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ အဲဒီအမျိုးသမီးကဏ္ဍအတွက် အမျိုးသမီး ရေးရာကော်မတီကို စတင်ဖွဲ့စည်းသည့် ဇူလိုင်လ ၃ ရက်နေ့ကိုပဲ "မြန်မာ အမျိုးသမီးများနေ့" အဖြစ် သတ်မှတ်ကာ မြန်မာအမျိုးသမီးများ၏ သမိုင်းမှတ်တိုင် တစ်ခု စတင်စိုက်ထူလိုက်ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီတွင် လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ရမည့် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါခင်ဝင်းရွှေ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ လှည့်လည်ဆွေးနွေးဟောပြောစဉ်

နိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယင်းကော်မတီ၏ အဓိကလုပ်ငန်းတာဝန်ကတော့ အမျိုးသမီးများဘဝ ဖွံ့ဖြိုးရေးနှင့် ဘဝလုံခြုံရေးဆိုင်ရာများ တာဝန်ခံဆောင်ရွက်ရမှာဖြစ်တာကြောင့် လုပ်ငန်းအဖွဲ့များ စနစ်တကျဖွဲ့စည်း ဆောင်ရွက်ခဲ့ရသည်။ အဆိုပါ လုပ်ငန်းအဖွဲ့များကတော့-

(၁) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊
(၂) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊
(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(၄) ယဉ်ကျေးမှုထိန်းသိမ်းရေး၊
(၅) ပြန်ကြား/ဆက်သွယ်ရေး၊
(၆) အပြည်ပြည်ဆိုင်ရာ ဆက်သွယ်/ဆက်ဆံရေး၊
(၇) အမျိုးသမီးဆိုင်ရာ ဥပဒေများ ပြန်လည်သုံးသပ်အကြံပေးရေး၊
(၈) အမျိုးသမီးငယ်ရွယ်များ ဘက်စုံဖွံ့ဖြိုးရေး၊
(၉) လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊

လုပ်ငန်းအဖွဲ့များဖြစ်ကြပြီး ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဗဟိုအဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြတာကို တွေ့ရသည်။ အဲဒီကော်မတီထဲမှာ မေမေက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင်အဖြစ်ဖြင့် တက်ကြွစွာ ပါဝင်ထမ်းရွက်ခဲ့တာကို တွေ့ရသည်။

လူမှောင်ခိုလုပ်ငန်းကယ်တင်ရေးတွင် ပါဝင်ခဲ့

မြန်မာနိုင်ငံက အမျိုးသမီးငယ်ရွယ်သူများသည် လူမှောင်ခိုလုပ်ငန်းဖြင့် စီးပွားရှာနေကြသော ဒုစရိုက်သမားများ၏ စည်းရုံးသိမ်းသွင်းမှုဖြင့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ ရောင်းစားခြင်းခံခဲ့ကြရသည်။ ၂၀၀၂ ခုနှစ်ထဲမှာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်တွေသည် တိုင်းနှင့်ပြည်နယ်များသို့ အကြိမ်ကြိမ်

သွားရောက်ကာ ဒေသခံ တိုင်းရင်းသူ သွေးချင်းများနှင့် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းဆွေးနွေးခြင်း၊ ပညာပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြရသည်။ လူမှောင်ခိုပွဲစားများ၏ သွေးဆောင် ဖြားယောင်းမှုခံရပြီး တစ်ဖက်နိုင်ငံသို့ရောက်ရှိကာ အကြမ်းဖက်မှုအမျိုးမျိုး ခံစားနေကြရာမှ ကယ်တင်ရေးအဖွဲ့များ၏ ကူညီဆောင်ရွက်ပေးမှုဖြင့် မိမိနိုင်ငံသို့ ပြန်ရောက်လာသူ အမျိုးသမီးများကိုလည်းယင်းတို့၏ မိဘများထံ ပြန်လည်အပ်နှံပေးခြင်း၊ ပညာပေးဆွေးနွေးခြင်းတို့ကိုလည်း အခါအားလျော်စွာ ဆောင်ရွက်ပေးခဲ့ကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ ကော်မတီဟာ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်ထဲမှာ UN လက်ထောက်အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ AMNESTY INTERNATIONAL UK အဖွဲ့၊ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ SENIOR REPORTING OFFICER နှင့်အဖွဲ့၊ AUS-AID အဖွဲ့၊ AUSTRALIAN REVIEW AND SCOPING MISSION အဖွဲ့၊ INTERNATIONAL COMMITTEE ON RED-CROSS (ICRC) အဖွဲ့ အစရှိသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး အမျိုးသမီးရေးရာနှင့်ပတ်သက်သော လုပ်ငန်းများ ဆွေးနွေးဆောင်ရွက်ခြင်းများအပြင် လူမှောင်ခိုနှင့် လူကုန်ကူးမှု (TRAFFICKING IN PERSONS) ပြဿနာရပ်များနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြရသည်။

အမျိုးသမီးရေးရာကော်မတီ

ယင်းအပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)၊ လူကုန်ကူးခြင်းကို တိုက်ဖျက်သည့် ကုလသမဂ္ဂဆိုင်ရာ အစီအစဉ် (UN INTER AGENCY PROEJCT ON HUMAN TRAFFICKING IN THE GREATER MEKONG SUB-REGION UN-IAP) အဖွဲ့၊ ကလေးသူငယ်များ စောင့်ရှောက်ရေးအဖွဲ့ (SAVE THE CHILDREN SC-UK) တို့ ပူးပေါင်းကျင်းပသည့် လူကုန်ကူးမှုဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲ (NATIONAL SEMINAR ON

TRAFFICKING IN PERSONS) ကို ၂၅.၅.၂၀၀၃ ရက်နေ့နှင့် ၂၆.၅.၂၀၀၃ ရက်နေ့တို့မှာ ရန်ကုန်မြို့ ဒုံးဆစ်အင်းလျားကန်ဟိုတယ်တွင် ကျင်းပဆောင်ရွက်ခဲ့ကြ သည်။

အဲဒီဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုကာကွယ်တားဆီးရေး၊ တိုက်ဖျက်ရေးတို့အတွက် အလွန်အရေးပါတာကြောင့် ဖေဖေအတွင်းရေးမှူး(၁) ကိုယ်တိုင်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပေးခဲ့ရသည့်အပြင် အဲဒီနေ့ ပထမပိုင်းမှာ ပါမောက္ခဒေါက်တာ ဒေါ်မေမေရီ ကလည်းကောင်း၊ ဒုတိယပိုင်းမှာ မေမေ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေကလည်းကောင်း သဘာပတိအဖြစ် ဆောင်ရွက်ကြရသည်ကိုလည်း တွေ့ရသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ဤကဲ့သို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် NGO အဖွဲ့အစည်းမဟုတ်ဘဲ ကော်မတီတစ်ရပ်သာဖြစ်နေသဖြင့် ကော်မတီဝင်များဖြင့် အမျိုးသမီးကဏ္ဍတစ်ရပ်လုံးကို ဆောင်ရွက်ရာတွင် အမျိုးသမီးထုတစ်ရပ်လုံး ပါဝင်စေသည့် အဖွဲ့အစည်းပုံသဏ္ဌာန်မျိုး ဆောင်ရွက်နိုင်စွမ်းမရှိတာရယ်၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော NGO အဖွဲ့အစည်းများနှင့်လည်း ဆက်သွယ် ဆောင်ရွက်ရာတွင် ကန့်သတ်မှုများရှိနေတာကြောင့်ရယ်၊ ကန့်သတ်မှုကင်းသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် မြန်မာနိုင်ငံအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ထိရောက်စွာ အမျိုးသမီးထုကြီးတစ်ရပ်လုံး ပါဝင်လုပ်ရှားဆောင်ရွက်နိုင်ခြင်းကြောင့် ယခင်အမျိုးသမီးရေးရာကော်မတီ၏ ဆောင်ရွက်ဆဲ လုပ်ငန်းရပ်များအပြင် တိုးချဲ့ဆောင်ရွက်ဖွယ်လုပ်ငန်းငါးရပ်ဖြစ်သော ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး၊ စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့် စီမံရေးရာ တိုင်းရင်းသားရေးရာတို့ကိုပါ တိုးချဲ့ဆောင်ရွက်ခဲ့ကြသည်။

အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ လုပ်ငန်းစဉ်များသည် ယခင်အမျိုးသမီးရေးရာကော်မတီ၏ လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်တာကြောင့် အဆိုပါကော်မတီတွင် တက်ကြွစွာပါဝင်ဦးဆောင်လုပ်ရှားဆောင်ရွက်ကြသူများဖြင့် အမာခံထားကာ တိုးချဲ့ဖွဲ့စည်းမှုများပြုလုပ်ခဲ့ကြရသည်။

ဒါကြောင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်မှာ တာဝန်ပေးအပ်ခြင်းခံရသော ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များသည် ၂၀၀၄ ခုနှစ် ဧပြီလမှ စတင်ကာ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ကွင်းဆင်းကာ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးခြင်း၊ တိုင်းနှင့်ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတို့တွင် တိုးချဲ့ဖွဲ့စည်းမှုများကို ဆက်တိုက်ဆောင်ရွက်ခဲ့ကြရသည်။

အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် လုပ်ငန်းသဘောအရ ဆက်သွယ်၊ ဆက်ဆံဆောင်ရွက်ရသော ဝန်ကြီးဌာနများဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့နှင့် ဆက်သွယ်၊ ဆက်ဆံကာ ပူးပေါင်းဆောင်ရွက်ရလေ့ရှိသည့်အပြင် နိုင်ငံတကာ NGO အဖွဲ့အစည်းများနှင့်ပါ မကြာခဏ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခဲ့ကြရသည်။ အချို့နိုင်ငံတကာ NGO အဖွဲ့အစည်းများသည် အစိုးရနှင့်၊ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရန်ဆန္ဒမရှိကြသည့်အခါမျိုးတွင် အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့နှင့် ဆက်သွယ်ဆောင်ရွက်လာတာမျိုးရှိတတ်ပါသည်။ ဒါကြောင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့သည် အမျိုးသမီးကဏ္ဍအတွက် အလွန်အရေးပါကြသော အဖွဲ့အစည်းများဖြစ်ကြသည်။

သားတို့သမီးတို့ကို အသိပေးလိုက်ရသည်

သားတို့သမီးတို့၏ မေမေ ဒေါက်တာဒေါခင်ဝင်းရွှေသည် စက်မှု(၂) ဝန်ကြီးဌာနတွင် ဆေးမှူးချုပ် (ဒုတိယညွှန်ကြားရေးမှူး) တာဝန်အပြင် မြန်မာ

နိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့မှာ စေတနာ့ဝန်ထမ်းအမျိုးသမီးများ စောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဘဝလုံခြုံရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများမှာ ၂၀၀၄ ခုနှစ် အောက်တိုဘာလအထိ တက်ကြွစွာဦးဆောင်ဦးရွက်ပြု ကြိုးစားထမ်းရွက်ခဲ့ကြောင်းကို သားတို့သမီးတို့အားလုံးသို့ အသိပေးလိုက်ရပါသည်။

o

အခန်း ၄၅

အိမ်ထောင်ဦးစီး၏ တာဝန်ထမ်းဆောင်မှု

ကျွန်တော်သည် ၁၉၅၉ ခုနှစ်က စတင်လျက် တပ်မတော်အတွက် ပေးအပ်သည့် တာဝန်များကို ဦးလှည့်မသုန် ကျိုးကျိုးနှံနှံထမ်းရွက်ခဲ့တာ ၄၅ နှစ်တိုင်တိုင်ရှိခဲ့ပါသည်။ တပ်မတော်အတွင်း ဝင်ရောက်ခဲ့သည်မှာလည်း ဝါသနာပါလွန်းမို့ ဘာမျှော်မှန်းချက်မှ မထားဘဲ အားတက်သရော ကြိုးစားပမ်းစားထမ်းရွက်ခဲ့တာ အမှန်တရားပါပဲ။ အရာရှိငယ်ဘဝမှစတင်ကာ ဆရာကောင်းသမားကောင်းများထံမှ နည်းနာများခံယူကာ နည်းမှန်လမ်းမှန် စေတနာအမှန်ဖြင့် တပ်မတော်အပေါ်တွင်သော်လည်းကောင်း တိုင်းပြည်အပေါ်တွင်သော်လည်းကောင်း၊ ပြည်သူများအပေါ်တွင်သော်လည်းကောင်း၊ သစ္စာရှိရှိဖြင့် ရိုးသားဖြောင့်မှန်စွာပေးအပ်သည့်တာဝန် အသီးသီးကို ကျေပြွန်အောင်ထမ်းရွက်ခဲ့တာ အမှန်ပင်ဖြစ်ပါသည်။

သို့သော်ငြားလည်း ၂၀၀၄ ခုနှစ်ထဲရောက်တော့ ကံအကြောင်းမလှသဖြင့် တပ်မတော်အကြီးအကဲများ၏ အရေးယူမှုကို ခံရကာ ထောင်ဒဏ် ၄၄ နှစ်ပြစ်ဒဏ်ချမှတ်ကာ တပ်မတော်အတွင်းကရော၊ အစိုးရအဖွဲ့အတွင်းကပါ ထုတ်ပယ်ခြင်းခံခဲ့ရပါသည်။ တရားသဘောဖြင့်မြင်ကာ ကံ ကံ၏အကျိုးပဲလို့ ရှုမြင်လျက် ပေးအပ်သည့် ပြစ်ဒဏ်များကို ရဲရဲကြီးခံယူခဲ့ပါသည်။ မည်သူ့ကိုမှ အပြစ်မတင်ပါ။ တည်ငြိမ်အေးချမ်းမှုအရိပ်အာဝါသအောက်မှာ အေးချမ်းစွာပင် နေဖြစ်သွားပါသည်။

နဝေးဥယျာဉ်အရောင်းဆိုင်

ကျွန်တော့်အိမ်ခြံဝင်းအတွင်းက အမှတ်တရပစ္စည်းလေးများအရောင်းဆိုင်လေး

ကျွန်တော့်အိမ်ခြံဝင်းအတွင်းက ပန်းချီပြခန်း

ယခုတော့ ကံကောင်းထောက်မလို့ အချိန်မတိုင်မီ လွတ်မြောက်လာတာကြောင့် စောင်မကြည့်ရှုသူအားလုံးကို ကျေးဇူးတင်မိနေပါသည်။ မေတ္တာတွေလည်း ပို့ဖြစ်နေပါသည်။ သို့သော်ငြားလည်း စိတ်မကောင်းတာတစ်ခုတော့ ဖြစ်မိပါသည်။ ငါတပ်မတော်အတွင်းမှာ ၄၅ နှစ်လုံးလုံး တာဝန်ထမ်းရွက်ခဲ့တာမှာ ဘာမှ ခံစားခွင့်မရှိခဲ့ပါလား။ တပ်မတော်မှ အငြိမ်းစားပေးခြင်းမဟုတ်၊ ထုတ်ပယ်ခြင်းခံရတာကြောင့် အငြိမ်းစားလစာတို့ ထောက်ပံ့ကြေးတို့ ဘာတစ်ခုမှ ခံစားခွင့်မရှိခဲ့ပါ။ ဒါတစ်ခုတော့ စိတ်မကောင်းဖြစ်မိတာ အမှန်ပါပဲ။

ကျွန်တော်သည် တပ်မတော်၏တာဝန်အပြင် နိုင်ငံတော်၏ တာဝန်များ ထမ်းရွက်ခဲ့ရာတွင် အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးချုပ်တာဝန်များ ထမ်းရွက်ခဲ့သော်လည်း တပ်မတော်ကပေးအပ်သည့် ဗိုလ်ချုပ်ကြီး၏လစာကိုသာ ခံစားရယူခဲ့ပါသည်။ ဒါကလည်း ကျွန်တော်တို့တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များ ညှိနှိုင်းတိုင်ပင်ပြီး နယ်ဘက်လစာကို မယူဘဲ တပ်မတော်၏လစာကိုသာ ရယူခဲ့ခြင်း

နဝေးဥယျာဉ်ပန်းချီပြခန်း

ဖြစ်ပါသည်။ ဒါကလည်း ကြံ့ကြိုက်တုန်းမို့ တင်ပြခြင်းဖြစ်ပါသည်။ အခြားရည်ရွယ်ချက်မပါဝင်ပါ။

ယခုဆိုရင် အေးချမ်းသည့်မိသားစုဘဝဖြင့် မိသားစုတစ်ခုလုံးတာဝန်ကို ကိုယ့်အားကိုယ်ကိုးဖြင့် စတင်ထမ်းရွက်နေပြီဖြစ်ပါသည်။ ကျွန်တော်၏ အိမ်ခြံဝင်းထဲမှာ ပန်းချီပြခန်းရယ်၊ အမှတ်တရပစ္စည်းလေးများ ရောင်းသည့်ဆိုင်ခန်းလေးရယ်၊ ကော်ဖီဆိုင်ရယ် ဖွင့်ထားခဲ့ပေမယ့် ကော်ဖီဆိုင်ကိုတော့ ယာယီအားဖြင့် ပိတ်ထားပြီး အဆောက်အအုံကို ပြန်လည်တည်ဆောက်မှု ပြုလုပ်နေပါသည်။ ဒီ့အပြင် မိသားစုအတွက် ပုံမှန်ဝင်ငွေရရှိနေအောင် စားသောက်ဆိုင်ဖွင့်လှစ်ဖို့ပြင်ဆင်မှု ပြုလုပ်နေပါသည်။ မကြာခင်မှာ ဖွင့်လှစ်နိုင်လိမ့်မည်ဟု ထင်မြင်ပါသည်။ မိမိ၏ အိမ်ခြံဝင်းအတွင်းမှာပင် အေးချမ်းသည့် မိသားစုဘဝလေးဖြင့် သင့်တင့်လျောက်ပတ်သည့် ပုံမှန်ဝင်ငွေလေးရရှိနေလျှင်ပင် လုံလောက်သည်ဟု ယူဆချက်ဖြင့် ကျွန်တော်၏ လက်ရှိဘဝကို အရှိအတိုင်း တင်ပြလိုက်ရပါသည်။

○

(ည)

ကျွန်တော်နှင့်
ပညာရေး ကျန်းမာရေး ယဉ်ကျေးမှု

အခန်း	အကြောင်းအရာ
၄၆။	ကျွန်တော်နှင့် ပညာရေးကဏ္ဍ
၄၇။	ကျွန်တော်နှင့် ကျန်းမာရေးကဏ္ဍ
၄၈။	ကျွန်တော်နှင့် ယဉ်ကျေးမှု အနုပညာကဏ္ဍ
၄၉။	ရန်ကုန်တက္ကသိုလ် စိန်ရတု အခမ်းအနားမြင်ကွင်းများ

www.burmeseclassic.com

အခန်း ၄၆

ကျွန်တော်နှင့် ပညာရေးကဏ္ဍ

ကျွန်တော် အတွင်းရေးမှူး(၁) တာဝန်စတင်ထမ်းရွက်စဉ်ကာလက ပညာရေးဝန်ကြီးက ဒေါက်တာဖေသိန်းဖြစ်ပါသည်။ မြန်မာနိုင်ငံပညာရေးကော်မတီကို ဖွဲ့စည်းသည့်အချိန်မှာ ကျွန်တော်က ပညာရေးကော်မတီ၏ဥက္ကဋ္ဌ တာဝန်ယူရသည်။ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍသည် အလွန်နောက်ကျနေတာအမှန်ဖြစ်ပါသည်။ ပညာတတ်တွေ၊ ပညာထူးချွန်ထက်မြက်သူ အတော်များများဟာ နိုင်ငံခြားသို့ ထွက်ဖို့၊ နိုင်ငံခြားမှာပဲ အဆင့်မြင့်ပညာတွေသင်ယူပြီး နိုင်ငံခြားမှာပဲ အလုပ်လုပ်ကြဖို့ကို အထက်တန်းလွှာနှင့် အလယ်အလတ်အလွှာတွေမှာ ယင်းစိတ်ကူးပဲ ရှိနေကြတာပါ။ ဒါကလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု အလွန်နောက်ကျနေတာရယ်၊ ပညာရေးစနစ်က ခေတ်နောက်ကျနေတာရယ်ကြောင့် ဒီလိုမျိုးဖြစ်နေကြတာဖြစ်ပါသည်။ ဒါကြောင့်လဲ ပညာရေးကဏ္ဍကို အစစအရာရာ ပြုပြင်ပြောင်းလဲဖို့ စည်းမျဉ်းစည်းကမ်း ကန်သတ်ချက် တွေ၊ ဘဏ္ဍာငွေကန်သတ်ချက် တွေကြောင့် ထင်သလောက်ဆောင်ရွက်နိုင်မှု မရှိခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း စေတနာထားပြီးလုပ်နိုင်သလောက်၊ လုပ်၍ရသရွေ့ ကြိုးစားခဲ့ပါသည်။

အင်းစိန် အ.ထ.က သင်ကြားမှုနှင့် သင်ယူမှု အထောက်အကူပြု အခမ်းအနားဖွင့်ပွဲ

ကျောင်းကုန်းမြို့နယ်၊ ညောင်သာယာကျေးရွာ
အ.မ.က ကျောင်းဆောင်သစ်လွှဲပြောင်းပွဲ အခမ်းအနား

သင်ရိုးညွှန်းတမ်းများ ပြင်ခဲ့

အခြေခံအဆင့်မှာ သင်းရိုးညွှန်းတမ်းများ ပြုပြင်မှုတွေ၊ ကျောင်းနေရယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ ကျောင်း၏ ဥပဓိရပ်ကောင်းမွန်ရေးတွေကို စတင်ဆောင်ရွက်ခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အလှူရှင်များ၏ အကူအညီကိုရယူပြီး ရန်ကုန်မြို့အတွင်းမှာ မူလတန်းကျောင်းများကို အသစ်ပြန်လည်တည်ဆောက်မှုများ၊ ပြုပြင်မွမ်းမံပေးမှုများ၊ တိုးချဲ့တည်ဆောက်ပေးမှုများ အများအပြားကိုဆောင်ရွက်ပေးခဲ့ပါသည်။ ဒုတိယအဆင့်ပိုင်းကျတော့လည်း အလယ်တန်းကျောင်းတွေ၊ အထက်တန်းကျောင်းတွေ ပြုပြင်ပေးခြင်း၊ အသစ်တည်ဆောက်ပေးခြင်းများကို ပုဂ္ဂလိက တည်ဆောက်ရေးလုပ်ငန်းလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ဖြစ်တွန်းလာခြင်းဖြစ်ပါသည်။

ထူးခြားမှုကတော့ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေကြေး လုံးဝမပါဝင်ဘဲ စေတနာရှင်ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ နိုင်ငံခြားရောက် မိတ်ဆွေအပေါင်းအသင်းများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၏ ပံ့ပိုးကူညီမှုများဖြင့် ကျောင်းတိုင်းတွင် ကွန်ပျူတာများတပ်ဆင်ကာ IT နည်းပညာပေါင်းစပ်၍ ပညာသင်ကြားရေးစနစ်တစ်ခုကို ထူထောင်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အမျိုးဝင်များ၊ အင်းတိုင်အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းဆောင်သစ်လွှဲပြောင်း ပေးအပ်ပွဲနှင့် မာတီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓါတ်ပုံရိုက်ကြစဉ်

စိန်ရတုအခမ်းအနားကြီး

အဆင့်မြင့်ကဏ္ဍမှာတော့ ဝန်ကြီးဦးပန်းအောင်၊ ဒုဝန်ကြီး ဒေါက်တာသန်းညွှန့်တို့ တာဝန်ထမ်းစဉ်ကာလမှာ ရန်ကုန်တက္ကသိုလ်ကြီး၏ စိန်ရတုအခမ်းအနားကြီးကို ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခဲ့ပါသည်။ နိုင်ငံတော်က တာဝန်ရှိပုဂ္ဂိုလ်များ၊ တက္ကသိုလ်ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူဟောင်းကြီးများ နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး ပူးပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည့် ကာလဖြစ်ပါသည်။ ၁၉၉၅-၉၆ ခုနှစ် ရန်ကုန်တက္ကသိုလ်၏ ၇၅ နှစ်မြောက် စိန်ရတုကာလမှာ ရန်ကုန်တက္ကသိုလ်ကြီး၏ ဥပဓိရုပ် အသွင်အပြင်သစ်ဖြစ်ထွန်းလာအောင် ဖော်ဆောင်နိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကြီး၏ ဘွဲ့နှင်းသဘင်ခန်းမကြီး၊ ဝိဇ္ဇာနှင့်သိပ္ပံဌာနအားလုံး၏ စာသင်ဆောင်ကြီးများ၊ ကျောင်းသားကျောင်းသူများ စုပေါင်းအခမ်းအနားများပြုလုပ်ကြသည့် Recreation Centre အဆောက်အအုံ၊ ကျောင်းသူ ကျောင်းသား အဆောင်များ၏ ထမင်းစားဆောင်အားလုံးကို အဆင့်အတန်းမြင့်မြင့် မွမ်းမံပြင်ဆင်မှုတွေ ပြုလုပ်ပေးနိုင်ခဲ့သည့်အပြင် စိန်ရတုအထိမ်းအမှတ်အဆောက်အအုံကြီးကိုပါ အသစ်တည်ဆောက်ပေးခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုအခမ်းအနား ဖွင့်ပွဲကျင်းပစဉ်၊ ဝန်ကြီးဦးပန်းအောင် ဒုဝန်ကြီးဒေါက်တာသန်းညွှန့်တို့နှင့်အတူ အတွင်းရေးမှူး(၁) တက်ရောက်စဉ်

ရန်ကုန်တက္ကသိုလ် စိန်ရတုအခမ်းအနား

ရန်ကုန်တက္ကသိုလ် စိန်ရတုအခမ်းအနား

ယင်းကဲ့သို့ရန်ကုန်တက္ကသိုလ် ပရဝုဏ်တစ်ခုလုံးမှာရှိသမျှ အဆောက်အအုံများအားလုံး သစ်လွင်ခိုင်ခဲ့အောင် ပြုပြင်မွမ်းမံတည်ဆောက်မှု ပြီးစီးသည့် အထိမ်းအမှတ်ပွဲများကျင်းပခဲ့ကြရာမှာ ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းကြီးများ၊ တက္ကသိုလ် ဆရာ ဆရာမများ၊ အဆောင်လိုက်ကျောင်းသား ကျောင်းသူများ ပျော်ပျော်ရွှင်ရွှင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် တက်ရောက်ပါဝင်ခဲ့ကြသည်မှာ အလွန်အားရဖွယ်ဖြစ်ပါသည်။ အဲဒီတုန်းက တက်ရောက်ခဲ့သည့် ဝန်ကြီးများသည်လည်း တက္ကသိုလ် ကျောင်းသားဟောင်းကြီးတွေ ဖြစ်ကြပါသည်။ ကျွန်တော်နှင့်အတူ ပညာရေးဝန်ကြီး ဦးပန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီး ဦးအုံးကျော်၊ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ဘုန်းမြင့်၊ ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်မျိုးသန့်၊ ကျန်းမာရေးဝန်ကြီး ဗိုလ်ချုပ်သန်းညွှန့်၊ ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ် သိန်းဝင်း တို့လည်း မိမိတို့၏ ငယ်စဉ်ကျောင်းသားဘဝကို ပြန်လည်ရောက်ရှိသွားသလို ခံစားကြရတာအမှန်ပဲ ဖြစ်ပါသည်။

ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်အတွင်း မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ
တက်ရောက်လာစဉ်၊ ဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးပါဝင်
အလှူရှင်-ဟောင်ကောင်ရောက် မြန်မာပြည်ဖွား မိတ်ဆွေများ

တက္ကသိုလ်ပရဝုဏ်ကြီး သာယာချမ်းမြေ့အောင် ဆောင်ရွက်ခဲ့

နောက်ပိုင်းကျတော့ တက္ကသိုလ်ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့လိုက် ပြုလုပ်သည့်အခန်းအနားတွေမှာပါ ကျွန်တော်နှင့်အတူ ပတ်သက်ဆက်နွယ်သည့် ဝန်ကြီးများကိုပါ ဖိတ်ကြားမှုတွေ ပြုလုပ်လာတာကြောင့် အဲဒီအခန်းအနားတွေမှာ စကားပြောရတာတွေ၊ ဆုချီးမြှင့်မှုပြုလုပ်ပေးခဲ့ရတာတွေကြောင့် ရန်ကုန် တက္ကသိုလ်ပရဝုဏ်ကြီးဟာ သာယာချမ်းမြေ့ဖွယ်၊ ပျော်ရွှင်ဖွယ်ရာများဖြင့် အမှတ် တရကာလများဖြစ်ပါသည်။ တကယ်တော့ ရန်ကုန်တက္ကသိုလ်တစ်ခုတည်း မဟုတ်ပါဘူး၊ ပြုပြင်မွမ်းမံမှုတွေ၊ တိုးချဲ့တည်ဆောက်မှုတွေသည် လှိုင် တက္ကသိုလ် ပရဝုဏ်ထဲက အဆောက်အအုံများအားလုံး၊ တက္ကသိုလ်များ လေ့လော်အသင်း အသစ်တည်ဆောက်ပေးခြင်း၊ တက္ကသိုလ်လေ့လော်ရွက်တိုက်အသင်း အဆောက် အအုံများတိုးချဲ့၊ မွမ်းမံမှုများပြုလုပ်ပေးခဲ့ခြင်း၊ တက္ကသိုလ်ဓမ္မာရုံကြီးကို တိုးချဲ့ မွမ်းမံ ပြုပြင်ပေးခဲ့ခြင်းများအပြင် နိုင်ငံခြားဘာသာတက္ကသိုလ်ကြီးကိုလည်း အကြီးစားပြုပြင်မွမ်းမံခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ အဝေးသင်တက္ကသိုလ် အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တက္ကသိုလ် ရေကူးကန်နှင့် ဘောလုံးကွင်းများ၊ တင်းနစ်ကွင်းများပြုပြင်မွမ်းမံခြင်း၊ မိုးလုံလေလုံ

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန နိုင်ငံဆက်သွယ်ရေးကြီးဌာန ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နှင့်ရှင်လုပ်ဆော တက္ကသိုလ်၊ ကာလမိပ် အရာရှိအရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်အခမ်းအနားတွင် သင်တန်းဘက်ရောက်ကြသည့် ဆရာ ဆရာမများအား ဦးဇင်းနီးနီး တွေ့ဆုံနှုတ်ဆက်နေစဉ်။

အားကစားရုံသစ်တစ်ခု တည်ဆောက်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။

ဒါတွေတင်မကသေးပါဘူး၊ အင်းစိန်ကြီးကုန်းက အင်ဂျင်နီယာတက္ကသိုလ်ကြီးကို အကြီးစားမွမ်းမံပြင်ဆင်ခြင်း၊ လမ်းမတော်က ဆေးတက္ကသိုလ်(၁)နှင့် မြောက်ဥက္ကလာပ ဆေးတက္ကသိုလ်(၂)တို့ကိုပါ ဥပဓိရုပ်ကောင်းအောင် အကြီးစားပြင်ဆင်မွမ်းမံမှုများ၊ မန္တလေးတက္ကသိုလ် ပြင်ဆင်မွမ်းမံမှုများ၊ တောင်ကြီးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်၊ ဖားအံတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပဲခူးတက္ကသိုလ်၊ စစ်တွေတက္ကသိုလ် တို့ကိုပါ ပြုပြင်မွမ်းမံခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းများကိုပါ ပြုလုပ်ပေးခဲ့ပါသည်။

ဤကဲ့သို့ ရန်ကုန်တက္ကသိုလ်ကြီး၏ စိန်ရတုအခမ်းအနားကြီးနှင့် တစ်ဆက်တည်းတက္ကသိုလ်များအားလုံးကို ဥပဓိရုပ်ကောင်းအောင် ပြုပြင်မွမ်းမံမှု၊ တိုးချဲ့တည်ဆောက်မှုတွေပြုလုပ်၍ အရိုန်အဟုန်ရနေတုန်းမှာပဲ တက္ကသိုလ်ကျောင်းသား/ကျောင်းသူများအတွက် မျှော်မှန်းမထားသော ပြဿနာတစ်ခုကြောင့် တက္ကသိုလ်များအားလုံးကို ယာယီပိတ်လိုက်ရသည့် အခြေအနေမျိုး ရောက်ခဲ့ပါသည်။

မြို့နှင့်မည်မျှကွာရမည်

ဒီအခြေအနေကစတင်ပြီး တက္ကသိုလ်ကျောင်းများမှာ ပြဿနာတစ်ခုပေါ်လိုက်၊ ကျောင်းများပိတ်လိုက်ရတာမျိုး နောင်မဖြစ်ပေါ်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကိုခံယူကာ တက္ကသိုလ်အသစ်များ ပြန်ခွဲထုတ်လိုက်သည့်အခြေအနေမျိုး ရောက်ခဲ့ရပါသည်။ ဤကဲ့သို့ တက္ကသိုလ်သစ်များ တည်ဆောက်ရာတွင်လည်း မြို့နှင့်မည်မျှကွာဝေးရမည်ဆိုသည့် မူတစ်ရပ်ချမှတ်ပေးထားခြင်းကြောင့် ထိုချမှတ်ထားသည့်မူနှင့်အညီ နေရာများရွေးချယ်သတ်မှတ်ကာ တက္ကသိုလ်သစ်များကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမူအတိုင်း တက္ကသိုလ်သစ်များတည်ဆောက်မှုနှင့် ပတ်သက်၍ မြို့နှင့်ဝေးကွာခြင်း၊ ကျောင်းသား/ကျောင်းသူအဆောင်များ မရှိသည့်အတွက် ကျောင်းသူများအတွက် အခက်အခဲများ ပိုမိုရင်ဆိုင်နေရခြင်းတို့ကြောင့် ကျောင်း



ရန်ကုန်တက္ကသိုလ် စိန်ရတုအခမ်းအနား

သား/ကျောင်းသူများ၊ မိဘများ၊ ဆရာ၊ ဆရာမများက မကြိုက်ကြတာအမှန်ဖြစ်သည်။ မကြိုက်ကြတာလည်း သဘာဝကျပါသည်။ မြို့နှင့်ဝေးတာကြောင့် သွားရေးလာရေးခက်ခဲခြင်း၊ ရေရှည်တွင် ပို့ဆောင်ရေးပြဿနာ ရင်ဆိုင်ရခြင်း၊ မိဘများအတွက် ကုန်ကျစရိတ်ပိုမိုများပြားခြင်း၊ ဆရာ ဆရာမများအတွက်လည်း သွားရေး လာရေးခက်ခဲခြင်းများဖြင့် ရင်ဆိုင်နေကြရပါသည်။

အသစ်တည်ဆောက်လိုက်သည့် တက္ကသိုလ်များကိုကြည့်မည်ဆိုလျှင်-

(၁)	ဒဂုံတက္ကသိုလ်	မြောက်ဒဂုံ
(၂)	စီးပွားရေးတက္ကသိုလ်	ရွာသာကြီး
(၃)	အရှေ့ပိုင်းတက္ကသိုလ်	သံလျင် ကျိုက်ခေါက်
(၄)	အနောက်ပိုင်းတက္ကသိုလ်	ထန်းတပင် လှိုင်သာယာ
(၅)	နည်းပညာတက္ကသိုလ်	လှိုင်သာယာ
(၆)	ကွန်ပျူတာတက္ကသိုလ်	ရွှေပြည်သာ
(၇)	မအူပင်တက္ကသိုလ်	မအူပင်

(၈)	မအူပင်နည်းပညာတက္ကသိုလ်	မအူပင်
(၉)	ရေကြောင်းပညာတက္ကသိုလ်	သီလဝါ
(၁၀)	အာကာသနှင့်လေကြောင်းပညာ တက္ကသိုလ်	မိတ္ထီလာ
(၁၁)	ယဉ်ကျေးမှုတက္ကသိုလ်	တောင်ဒဂုံ
(၁၂)	စီးပွားရေးတက္ကသိုလ်	မိတ္ထီလာ
(၁၃)	ပင်လုံတက္ကသိုလ်	ပင်လုံ
(၁၄)	ကွန်ပျူတာတက္ကသိုလ်	ပင်လုံ၊ လွယ်လင်
(၁၅)	လွယ်လင်နည်းပညာတက္ကသိုလ်	လွယ်လင်
(၁၆)	ကျိုင်းတုံတက္ကသိုလ်	ကျိုင်းတုံ
(၁၇)	ဗန်းမော်တက္ကသိုလ်	ဗန်းမော်
(၁၈)	ကျောက်ဆည်တက္ကသိုလ်	ကျောက်ဆည်
(၁၉)	ရတနာပုံတက္ကသိုလ်	မန္တလေး
(၂၀)	စစ်ကိုင်းပညာရေးတက္ကသိုလ်	စစ်ကိုင်း
(၂၁)	မုံရွာစီးပွားရေးတက္ကသိုလ်	မုံရွာ
(၂၂)	ကလေးတက္ကသိုလ်	ကလေးမြို့
(၂၃)	ကလေးနည်းပညာတက္ကသိုလ်	ကလေးမြို့
(၂၄)	စစ်တွေတက္ကသိုလ်	စစ်တွေ
(၂၅)	စစ်တွေနည်းပညာတက္ကသိုလ်	စစ်တွေ ရေချမ်းပြင်
(၂၆)	ပုသိမ်နည်းပညာတက္ကသိုလ်	ပုသိမ်
(၂၇)	မြိတ်တက္ကသိုလ်	မြိတ်
(၂၈)	မြိတ်နည်းပညာတက္ကသိုလ်	မြိတ်
(၂၉)	မြိတ်ကွန်ပျူတာတက္ကသိုလ်	မြိတ်
(၃၀)	ထားဝယ်တက္ကသိုလ်	ထားဝယ်
(၃၁)	မကွေးဆေးတက္ကသိုလ်	မကွေး
(၃၂)	တောင်ငူတက္ကသိုလ်	တောင်ငူ

(၃၃)	အေးသာယာနည်းပညာတက္ကသိုလ်	အေးသာယာ တောင်ကြီး
(၃၄)	ပခုက္ကူနည်းပညာတက္ကသိုလ်	ပခုက္ကူ
(၃၅)	ပခုက္ကူကွန်ပျူတာတက္ကသိုလ်	ပခုက္ကူ
(၃၆)	မြစ်ကြီးနားနည်းပညာတက္ကသိုလ်	မြစ်ကြီးနား
(၃၇)	မြစ်ကြီးနားကွန်ပျူတာတက္ကသိုလ်	မြစ်ကြီးနား
(၃၈)	ပြည်နည်းပညာတက္ကသိုလ်	ပြည်
(၃၉)	ဘားအံနည်းပညာတက္ကသိုလ်	ဘားအံ
(၄၀)	ဖားအံကွန်ပျူတာတက္ကသိုလ်	ဘားအံ/မြိုင်ကလေး
(၄၁)	တိုင်းရင်းဆေးတက္ကသိုလ်	မန္တလေး
(၄၂)	အထက်မြန်မာနိုင်ငံယဉ်ကျေးမှု တက္ကသိုလ်	ရွှေစာရံ
(၄၃)	အထက်မြန်မာနိုင်ငံ ဝန်ထမ်း တက္ကသိုလ်	ဧီးပင်ကြီး
(၄၄)	မြင်းခြံကောလိပ်	မြင်းခြံ
(၄၅)	မြင်းခြံနည်းပညာကောလိပ်	မြင်းခြံ
(၄၆)	မိုးညှင်းကောလိပ်	မိုးညှင်း
(၄၇)	မိုးညှင်းနည်းပညာကောလိပ်	မိုးညှင်း
(၄၈)	ထားဝယ်တက္ကသိုလ်	ကမြောကင်း

တို့ဖြစ်ကြပါသည်။

ဝန်ကြီးဦးပန်းအောင်က မီးရထားဝန်ကြီးဌာနသို့လည်းကောင်း၊ ဒေါက်တာသန်းညွှန့်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဌာနသို့လည်းကောင်း ပြောင်းရွှေ့သွားကြသည့်အခါ၊ ပညာရေးဝန်ကြီးအဖြစ် ဦးသန်းအောင်နှင့် ဒုတိယဝန်ကြီးအဖြစ် ဦးမျိုးညွှန့်တို့ ပြောင်းရွှေ့ရောက်ရှိတာဝန်ထမ်းဆောင်ကြပါသည်။

O

အခန်း ၄၇

ကျွန်တော်နှင့် ကျန်းမာရေးကလေး

ကျန်းမာရေးဝန်ကြီး ဒေါက်တာဖေသိန်းလက်ထက်မှာ ကျွန်တော်သည် အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရပါသည်။ မြန်မာနိုင်ငံ၏ ကျန်းမာရေးကလေးကိုပွင့်ပွင့်လင်းလင်းပြောရမည်ဆိုလျှင် အခြားနိုင်ငံများ၊ အိမ်နီးနားချင်းနိုင်ငံများနှင့်ယှဉ်ကြည့်လျှင် အလွန်အားနည်းနေသေးတာကို တွေ့ရပါသည်။ ၁၉၈၈ ခုနှစ်က ကျွန်တော်တို့ အစိုးရစတင်တာဝန်ယူစဉ်ကာလမှာ ရန်ကုန်မြို့တော်အပါအဝင် မြို့ကြီးပြကြီးများ၊ မြို့နယ်အဆင့်အထိ ကျန်းမာရေးစောင့်ရှောက်မှုများသည် အလွန်အားနည်းနေသလို ကျေးလက်ဒေသအဆင့်မှာလည်း ပိုမ၊ပြီးတောင် အားနည်းမှုများရှိနေတာကို တွေ့ရသည်။ ထို့ကြောင့် ကျန်းမာရေးကော်မတီအစည်းအဝေးကို မကြာခဏခေါ်ယူကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုသွက်လက်လာအောင် ကြိုးစားခဲ့ရသည်။

ဆေးရုံအဆောက်အအုံတွေ ဖြည့်ဆည်းပေးခဲ့ရ

အထူးသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို စတင်ပြုပြင်ပါသည်။ ဆေးရုံအဆောက်အအုံတွေက နှစ်ပေါင်းတစ်ရာကျော်နေပြီဖြစ်၍ ပျက်စီးယိုယွင်းမှုတွေများနေတာကြောင့် အကြီးစားပြုပြင်မွမ်းမံမှုတွေ၊ အားဖြည့်တည်ဆောက်ပြုပြင်မှုတွေ အတော်လုပ်ယူရသည်။ ဆေးရုံကြီး ပရဝုဏ်အတွင်းမှာရှိသည့် လူနာ

ဆေးတက္ကသိုလ်(၁)တွင် ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံအသီးသီးမှ ဆရာဝန်ကြီးများ ဆေးတက္ကသိုလ်မှ ဆရာကြီးများအား အတွင်းရေးမှူး(၁)က တွေ့ဆုံဆွေးနွေးမှုများ ဖြေလုပ်စဉ်-၁၉၉၀ ပြည့်နှစ်

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ရင်ချင်းဆက်အမှာခွဲစိပ်မှုအောင်မြင်ခြင်း အထိမ်းအမှတ် ဆရာဝန်ကြီးများနှင့် သူနာပြုများနှင့်အတူ အတွင်းရေးမှူး(၁)နှင့် ကျန်းမာရေးဒုဝန်ကြီး ဒေါက်တာသန့်ဇင်၊ (အေးအေးငြိမ်း၊ အိအိငြိမ်း)

ဆောင်တွေအပြင် ဝန်ထမ်းနေအိမ်များ၊ အဆောက်အအုံများအားလုံးကို ခိုင်ခံ့မှုနှင့် သန့်ရှင်းသပ်ရပ်မှုရှိလာအောင် ပြုပြင်မွမ်းမံမှုတွေ လုပ်ပေးခဲ့ပါသည်။ ဆေးရုံဝင်းအတွင်းမှာ အလိုအပ်ဆုံးဖြစ်သည့် ဆရာဝန်နှင့် သူနာပြုများ၊ ကျွမ်းကျင်ပညာရှင်များ၊ အကူဝန်ထမ်းများလွဲ၍ အောက်ခြေဝန်ထမ်းအများစုကို ဒလဘက်မှာ နေရာသတ်မှတ်ပေးပြီး လိုအပ်သော နေအိမ်တန်းလျားများတည်ဆောက်ပေးခဲ့သည်။ ဆေးရုံကြီး၏ မျက်နှာချင်းဆိုင်မှာရှိသည့် ကူးစက်ရောဂါဌာနကိုလည်း တနေရာသို့ ရွှေ့ပြောင်းပြီး ဦးနှောက်နှင့်အာရုံကြော အထူးကုဌာနသာလျှင်ထားကာ အဆောက်အအုံတွေကိုပါ အကြီးစားပြင်ဆင်မွမ်းမံမှုများ လုပ်ကိုင်ခဲ့ပါသည်။

ဒါ့အပြင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၊ အနောက်ပိုင်းဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ တောင်ဥက္ကလာပဆေးရုံကြီးများကိုလည်း အကြီးစားပြုပြင်မွမ်းမံမှုတွေလုပ်ပေးခဲ့ရသည့်အပြင် အရိုးအထူးကုဆေးရုံကြီးဆိုလျှင် အလွန်အဆင့်နိမ့်နေသဖြင့်တော်တော်ကိုပြုပြင်မွမ်းမံပေးခဲ့ရပါသည်။ မန္တလေးဆေးရုံကြီးဆိုလျှင်လည်းစနစ်တကျမရှိပဲ အဆောက်အအုံများရုပ်ထွေးပွေလီနေသဖြင့် တော်တော့်ကိုရှင်းလင်းအောင်၊ သန့်ရှင်းမှုဖြစ်ထွန်းလာအောင် လုပ်ယူခဲ့ရပါသည်။

ဆေးရုံအားလုံးလိုလိုမှာ

ဆေးရုံအားလုံးလိုလိုမှာလည်း ဆရာဝန်မပြည့်စုံမှု၊ သူနာပြုနည်းပါးမှု၊ ဆရာဝန်နှင့် သူနာပြုအချိုးမညီမျှမှု၊ ဆေးဝါးမလုံလောက်မှုများ ဖြစ်ပေါ်နေတာကြောင့် ဘတ်ဂျက်လိုအပ်နေမှုအပိုင်းမှာ ဦးစားပေးအလိုက် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပေးရသည့်အခြေအနေမျိုးရောက်ခဲ့ရပါသည်။ ဆေးဝါးမလုံလောက်မှုကတော့ အဆိုးဝါးဆုံးဖြစ်ပါသည်။ လိုအပ်သောဆေးဝါးများကို ကာယကံရှင်လူနာကပဲ ဝယ်ယူမှီဝဲရသည်မျိုးဖြစ်နေ၍ သက်သာမှုအသင့်အတင့်ရအောင် စရိတ်မျှပေးကျန်းမာရေးစောင့်ရှောက်မှုကို ဖန်တီးပေးခဲ့သည့်အပြင် စေတနာကောင်းသည့်အလှူရှင်များကိုဖိတ်ခေါ်ကာ မရှိဆင်းရဲနွမ်းပါးသူများအတွက် အထောက်အကူဖြစ်အောင် ဆေးဝါးအတွက် ငွေပဒေသာပင် စိုက်ထူပေးခဲ့မှုများလည်း လုပ်ပေးခဲ့သည်။ ဒါပေမဲ့ လုံးဝပြေလည်မှုတော့ မရခဲ့ပါ၊ အသင့်အတင့် အထောက်အကူပြုမှုတော့ရခဲ့သည်ဟု ဆိုနိုင်ပါသည်။

ဆေးကုသရေး အထောက်အကူပြုပစ္စည်းများ

ဆေးရုံတွေမှာရှိသည့် ဆေးကုသမှု အထောက်အကူပြုကိရိယာများကလည်း အလွန်အမင်းခေတ်နောက်ကျနေတာကြောင့် တိုးတက်ဖြစ်ထွန်းနေသည့် ကုသရေး အထောက်အကူပြုပစ္စည်းကိရိယာတွေကို တဖြည်းဖြည်းချင်းပဲ ဖြည့်တင်းပေးနေရသည့် အခြေအနေမျိုးဖြစ်ပါသည်။ တချို့အလှူရှင်များပေါ်လာသည့်အခါမှာ အဆိုပါဆေးရုံအတွက် အဆင်ပြေသွားပါသည်။

တိုင်းနှင့်ပြည်နယ်မှာ ပိုဆိုး

တိုင်းနှင့်ပြည်နယ်ဆေးရုံကြီးတွေဆိုလျှင် ပိုပြီးအခြေအနေဆိုးတာများပါသည်။ ဦးစားပေးအလိုက် အဆင့်မြင့်ခြင်းများ တိုးချဲ့တည်ဆောက်ပေးရသည်များလည်း အခါအားလျော်စွာ ဆောင်ရွက်ပေးခဲ့ရသည်။ မြို့နယ်ဆေးရုံတွေဆိုလျှင်များသောအားဖြင့် ၁၆ ခုတင် အဆင့်လောက်သာဖြစ်နေတာကြောင့် ၂၅ ကုတင်အဆင့်၊ ခုတင် ၅၀ အဆင့်သို့ တိုးမြှင့်ပေးမှုများကိုလည်း အခါအားလျော်စွာ ဆောင်ရွက်ပေးမှုများ လုပ်ရပါသည်။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်စရာများက အလွန်ပဲများပြားသည်။ ကျန်းမာရေးစီမံချက်ရေးဆွဲပြီး နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း အလေးထား လုပ်ကိုင်ခဲ့ရပါသည်။ စစ်အစိုးရဆိုတာလည်း နိုင်ငံတကာအဖွဲ့အစည်းတွေက လိုလိုလားလားနှင့် စေတနာထား ကူညီပံ့ပိုးမှုကတော့ အလွန်နည်းပါးပါသည်။ မိမိ၏စေတနာရှင် ပြည်သူများ၏ ကူညီပံ့ပိုးမှုကိုသာ အလေးထားဆောင်ရွက်ရသည်က များပါသည်။



အမျိုးသားအားကစားပွဲတော်အတွက် သားကြီး ဗိုလ်မှူးစော်နိုင်ဦး လေထီးအလွတ်ခုန် (Free Fall) လေ့ကျင့်စဉ် ဖခင်နှင့်အတူ တွေ့ရစဉ်

နိုင်ငံတကာဆက်ဆံရေး အားနည်း

မြန်မာနိုင်ငံမှာ အဖြစ်များသည့်ရောဂါတွေ လျော့ကျသွားအောင် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ရတာမျိုးတွေလည်း ရှိခဲ့သည်။ ဒီလိုကိစ္စရပ်မျိုးတွေကတော့ WHO တို့ UNDP တို့ UNICEF တို့နှင့်ပူးပေါင်း ဆောင်ရွက်ရတာတွေလည်း ရှိပါသည်။ သူတို့ဆီက အကူအညီတွေ ထိထိရောက်ရောက်ရရှိအောင် ကြိုးစားရတာမျိုးများလည်း ရှိပါသည်။ ဒါပေမဲ့ တခါတရံ ဒေသဆိုင်ရာ အာဏာပိုင်တွေအောက်ခြေအဆင့်ဝန်ထမ်းအချို့၏ နားလည်မှုလွဲမှားမှုများ၊ အားနည်းချက်ယွင်းမှုများကြောင့် ပြဿနာပေါ်ခဲ့တာတွေ၊ ပြေလည်မှုရအောင် ပြန်လည်ရှင်းလင်း လုပ်ဆောင်ရတာတွေလည်း မကြာခဏကြုံခဲ့ရသည်။ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုလျှင်တော့ မြန်မာလူမျိုးအများစုဟာ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်မှာ ဝင်ဆံ့မှုအားနည်းတာကြောင့်လည်း ပါပါသည်။ ဒါပေမဲ့ သာမန်ပြည်သူ အားနည်းတာက အကြောင်းမဟုတ်သော်လည်း ဌာနဆိုင်ရာတာဝန်ရှိသူ၊ ဒေသအာဏာပိုင်အဆင့်ဆင့် တာဝန်ရှိသူများ၏ အားနည်းချက်ကတော့ မဖြစ်သင့်ပါ။ ဒီလိုဖြစ်ရပ်မျိုးများလာရင်တော့ နိုင်ငံအတွက် အကျိုးယုတ်



သူနာပြုတက္ကသိုလ်တိုးချဲ့အဆောက်အဦတွင် လေ့ကျင့်နေမှု စစ်ဆေးခြင်း

စေတာပါဖြစ်ပါသည်။ ဒါမျိုးတွေမဖြစ်အောင်တော့ ပညာပေးမှုများ အများကြီး လိုအပ်သေးသည်ဟု မြင်ပါသည်။

တိုင်းရင်းဆေး

ကျွန်တော်တို့ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသအများစုမှာတော့ တိုင်းရင်းဆေးဝါးများကိုသာ အသုံးများတာကြောင့် မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်မှုကိုလည်း တဖက်တလမ်းက အားပေးဆောင်ရွက်မှုတွေလုပ်ရပြန်ပါသည်။ တိုင်းရင်းဆေးဝါးသမားတော်များ ညီလာခံကျင်းပပေးပြီး အချင်းချင်းပညာရပ်များ ဖလှယ်ကြတာမျိုး၊ တိုင်းရင်းဆေးဝါးပြပွဲကို နှစ်စဉ်ကျင်းပပေးတာမျိုးများ လုပ်ဆောင်စေပြီး တိုင်းရင်းဆေးဝါးတို့အားပေးခဲ့တာကြောင့်လည်း တိုင်းရင်းဆေးဝါးထုတ်လုပ်မှုအဆင့် အတန်းမြင့်မားလာသည့်အပြင် ကျေးလက်နေပြည်သူများအတွက် များစွာအထောက်အကူပြုခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ပေးနိုင်မှုကတော့ တိုင်းရင်းဆေးတက္ကသိုလ်ကြီးတစ်ခုကို မန္တလေးမြို့မှာ တည်ထောင်ပေးနိုင်ခဲ့တာကြောင့် အရည်အချင်းရှိသော တိုင်းရင်းဆေးသမားတော်များ

နစ်စဉ်မွေးထုတ်ပေးနိုင်ခဲ့ခြင်းသည် အလွန်ထူးခြားသော ဆောင်ရွက်ပေးမှု ဖြစ်သည်။ ဒါကတော့ မြန်မာတိုင်းရင်းဆေးဝါးကဏ္ဍ တခေတ်ဆန်းလာအောင် ဖော်ဆောင်ပေးလိုက်သည့် ဆောင်ရွက်ပေးမှုပဲ ဖြစ်ပါသည်။

မကွေးဆေးတက္ကသိုလ်

နောက်ထူးခြားမှုတစ်ခုကတော့ မြန်မာနိုင်ငံအလယ်ပိုင်း မကွေးမြို့မှာ ဆေးတက္ကသိုလ်ကြီးတစ်ခု ထူထောင်ပေးလိုက်ခြင်းအားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း ဒေသမှ ကျောင်းသားကျောင်းသူများ၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်က ကျောင်းသူကျောင်းသားများအတွက် များစွာအထောက်အကူဖြစ်စေပါသည်။

မြို့ကြီးတွေအပါအဝင် မြို့တိုင်းမြို့တိုင်းမှာရှိသည့် ဆေးရုံများ၊ အဆင့်မြှင့်ဖို့ရယ်၊ ဆေးဝါးတွေပြည့်ပြည့်စုံစုံ ဖြည့်တင်းပေးနိုင်ဖို့ရယ်၊ ဆရာဝန်နှင့် သူနာပြုများ ပြည့်ပြည့်စုံစုံရှိကြဖို့ရယ် ကျေးလက်ဒေသအထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေး ပညာပေးမှုလုပ်ငန်းများကို စီမံကိန်း၊ စီမံချက်များဖြင့် စနစ်တကျဆောင်ရွက်ကြရဦးမှာ ဖြစ်ပါသည်။ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဆိုင်ရာဝန်ထမ်းအကြီးအကဲများသည် ကျေးလက်ဒေသအထိ ရောက်အောင်သွားပြီး

Secretary - 1 of the State Law and Order Restoration Council Lt-Gen Khin Nyunt receives Mrs. Hj-Mien Sugandhi, State Minister for Women Affairs of the Republic of Indonesia.

ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ ပညာပေးခြင်းများ အခါမလပ်ပြုလုပ်ပေးရန် လိုအပ်လျက်ရှိနေပါကြောင်း အသိပေးလိုပါသည်။

အမျိုးသားအားကစားပွဲတော်ကျင်းပရာ သုဝဏ္ဏအားကစားကွင်းကြီးအတွင်းတွင် အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားခွဲ အတွင်းရေးမှူး(၁) အဖွင့်မိန့်ခွန်းပြောကြားစဉ်

အခန်း ၄၈

ကျွန်တော်နှင့် ယဉ်ကျေးမှုအနုပညာကဏ္ဍ

ကျွန်တော်တို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တိုင်းပြည်၏တာဝန်ကို စတင်တာဝန်ယူစဉ်ကာလမှာ ယခုပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် နေရာတွင် ကွင်းပြင်ကြီးမှာ ချုံနွယ်ပိတ်ပေါင်းများဖြင့် မြို့လယ်ခေါင်တွင် အမြင်မတင့်မတယ် အရုပ်ဆိုးဖွယ်ဖြစ်နေသဖြင့် ထိုချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းစေရာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ခြေတော်ရင်း၊ ပြည်သူ့လွတ်တော် အဆောက်အအုံကြီး၏ ရှေ့မျက်နှာစာမြင်ကွင်းကျယ်ကြီး ပေါ်ထွန်းလာခဲ့ပါသည်။

မြင်ကွင်းကျယ်ပန်းဥယျာဉ်ကြီး

ထိုသို့ အလွန်တင့်တယ်ဖွယ် မြင်ကွင်းကျယ်ကြီးကို ပန်းဥယျာဉ်ကြီးအဖြစ် လုပတင့်တယ်စွာပုံဖော်ဖန်တီးရန် နိုင်ငံတော်အကြီးအကဲ၏ တာဝန်ပေးချက်အရ ကျွန်တော်သည် ပညာရှင်များနှင့်တိုင်ပင်ကာ ကော်မတီအသီးသီးဖွဲ့စည်းပြီး ပန်းဥယျာဉ်ကြီးကို စတင်တည်ဆောက်ခဲ့ရပါသည်။ ဆင်ဖြူတော်ရပ်များခြံရံလျက်ရှိသည့် ရေပန်းကြီးကိုဗဟိုပြု၍ ပြည်သူ့ရင်ပြင်ကြီးကို စတင်တည်ဆောက်ခဲ့ပါသည်။ ဒီရင်ပြင်တော်ကြီး၏ ဝဲယာမှာ ပန်းမျိုးစုံအမြဲမပြတ်ပွင့်ဖူးနေသည့် ပန်းဥယျာဉ်အတွင်း လာရောက်အပန်းဖြေသူများအတွက် စားသုံးနိုင်ရန်အတွက် စားသောက်ဆိုင်ကြီးတစ်ခုကိုပါ အဆင့်အတန်းမြင့်မြင့် တည်ဆောက်ပေးခဲ့ပါသည်။

နဝေးဉယျာဉ်ဖွင့်ပွဲအခမ်းအနား

ဒီ့အပြင် ပြည်ထောင်စုစိတ်ဓာတ်ကို အမြဲတန်းကိန်းအောင်းနေစေရန် ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုအေးရိပ်ငြိမ်နှင့် တိုင်းရင်းသားတို့၏ ရိုးရာနေအိမ်များကိုလည်းကောင်း၊ နံနက်စောစော လမ်းလျှောက်ကြသူများအတွက် ကျန်းမာရေး လေ့ကျင့်နိုင်ရန် လေ့ကျင့်ကွင်းနှင့် လူငယ်များအတွက် ရေလွှာလျှောစီး ကစားကွင်းများကိုပါ တည်ဆောက်ပေးခဲ့ပါသည်။

ပြည်သူ့ရင်ပြင်တွင်းမှာ

အဲဒီ ပြည်သူ့ရင်ပြင်ထဲတွင်ပင် ယဉ်ကျေးမှုပြတိုက်ကြီးတည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အဆောက်အအုံအတွက် အုတ်မြစ်ချပြီးကာမှ နေရာကျဉ်းမြောင်းမှု ဖြစ်နေတာကြောင့် ယခင်အမျိုးသားပြတိုက်နေရာဟောင်း မြေကွက်လပ်အလွတ်ကြီးနေရာသို့ ပြောင်းရွှေ့၍ ဒုတိယအကြိမ် အုတ်မြစ်ချကာ လက်ရှိဖြစ်ထွန်းနေသည့် အမျိုးသားပြတိုက်ကြီးကို စတင်ဆောက်လုပ်ခဲ့ရပါသည်။

အမျိုးသားပြတိုက်ကြီး

အဲဒီတုန်းက ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးက ဗိုလ်ချုပ် အောင်ရဲကျော် ဖြစ်ပါသည်။ နိုင်ငံတော်၏တစ်ခုတည်းသော အမျိုးသားပြတိုက်ကြီးဖြစ်တာ ကြောင့် အချိန်ယူပြီး တဖြည်းဖြည်းချင်း တည်ဆောက်ခဲ့ရပါသည်။ ဒီပြတိုက်ကြီး တည်ဆောက်မှုပြီးစီးသည့်အခါ သေတ္တာများအတွင်းမှာ သိမ်းဆည်း ထားသော ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းပစ္စည်းများကို စနစ်တကျ ခင်းကျင်း ပြသထားနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ နောက်ဆုံးဘုရင် သီပေါမင်း အသုံးပြုခဲ့သော သီဟာသန ပလ္လင်တော်ကြီးကိုလည်း သီးခြားခန်းမကြီးထဲတွင် ခမ်းခမ်းနားနား ဂုဏ်ယူဖွယ်ရာ ပြသနိုင်ခဲ့သည့်အပြင် မြန်မာတို့၏ ရည်လျားလှသည့် ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှု သမိုင်းကြောင်းကိုပါ အခန်းကဏ္ဍစုံလင်စွာဖြင့် ဤပြတိုက်ကြီးအတွင်းတွင် ပြသနိုင်ခဲ့ပါသည်။

ဤယဉ်ကျေးမှုပြတိုက်ကြီးအတွင်းမှာ မြန်မာဘုရင်တို့၏ နန်းစဉ်ရတနာ ပစ္စည်းများ၊ နန်းတွင်း သုံးအဆောင်အယောင်ဆိုင်ရာပစ္စည်းများ၊ မြန်မာတို့၏ မြင့်မားသည့်၊ မျိုးရိုးစဉ်ဆက်ကို ဖော်ညွှန်းသည့် ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်း မြောက်မြားစွာကိုပါ ပြသနိုင်ခဲ့ပါသည်။



နဝေးဉယျာဉ်ဖွင့်ပွဲအခမ်းအနား ဘိုကလေးတင်အောင်၊ ဦးမောင်မောင်ကြီး၊ ဦးတင့်အောင်

ပျူလူမျိုးတို့၏ ယဉ်ကျေးမှုပစ္စည်းများ

ထို့အပြင် လူသားတို့၏အစ ပရိုင်းမိတ်ပစ္စည်းများ၊ ပျူလူမျိုးတို့၏ ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ၊ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကိုးကွယ်မှုဆိုင်ရာ ဗုဒ္ဓဘာသာရုပ်ပွားတော်မြတ်များ၊ စာပေယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ၊ ရှေးဟောင်းပန်းချီ လက်ရာများ၊ တူရိယာပစ္စည်းများ၊ ကျေးလက်ဒေသဆိုင်ရာပစ္စည်းများ စသည်ဖြင့် အလွန်တန်ဖိုးကြီးမားသော ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးဘာသာ၊ သာသနာဆိုင်ရာ၊ အမျိုးဂုဏ်၊ ဓာတိဂုဏ်ကို ဖော်ညွှန်းသော ရှေးဟောင်းသမိုင်းဆိုင်ရာ ပစ္စည်းမျိုးစုံကို ပြသထားနိုင်ခဲ့ပါသည်။

ဦးဟန်တင်၏ လက်ရာများ

ပြတိုက်ကြီး၏ ရှေ့မျက်နှာစာမှာဆိုလျှင်လည်း ပထမမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည့် အနော်ရထာမင်း၏ ရုပ်တု၊ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် ဘုရင်နောင်မင်းတရားကြီး၏ ရုပ်တု၊ တတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ရုပ်တုကြီးများကို ခုံညားထည်ဝါစွာ ထုလုပ်ပြသထားနိုင်ခဲ့ပါသည်။ ဤရုပ်တုကြီးသုံးခုကတော့ မြန်မာပန်းပုဆရာကြီး ဦးဟန်တင်၏ လက်ရာများပဲဖြစ်ပါသည်။

ပန်းပုဆရာကြီး ဦးဟန်တင်သည် ယခုခေတ်ကာလမှာ အလွန်ကျော်ကြားခဲ့သည့် ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ ကျွန်တော်နှင့် ဆရာကြီး ဦးဟန်တင် စတင်တွေ့မိသည်ကတော့ ကော့သောင်းမှာ ဘုရင်နောင်၏ ရုပ်တုကြီးထုလုပ်ထားရှိရန် ညှိနှိုင်းတိုင်ပင်ကြရာမှ စတင်တွေ့မိခြင်းဖြစ်ပါသည်။ ကျောက်ရေတွင်းမှာရှိသည့် သူ၏ နေအိမ်ဝင်းထဲမှာ ဘုရင်နောင်၏ ရုပ်လုံးရုပ်ကြွကို ရှုံ့ဖြင့် စတင်ပုံဖော်ကာ တစ်ပတ်လျှင် တစ်ကြိမ်ခန့် ရုပ်လုံးပုံကြမ်းကို စစ်ဆေးကြည့်ရှုလိုက်၊ ပြုပြင်စရာရှိတာတွေပြုပြင်၊ ဖြည့်စွက်စရာရှိတာတွေဖြည့်စွက်လိုက်နှင့် အကောင်းဆုံး ဘုရင်နောင်၏ ရုပ်တုကြီးပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ အဲဒီရုပ်တုကြီး ပြီးစီးသည့်နောက်မှာ အမျိုးသားပြတိုက်ကြီး၏ ရှေ့မျက်နှာစာမှာထားရှိရန် အနော်ရထာ၊ ဘုရင်နောင်နှင့် အလောင်းဘုရားစသည့် ရုပ်တုကြီးသုံးခုကို ဆက်လက်ထုလုပ်

ဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ ဤအမျိုးသားပြတိုက်က ဘုရင့်နောင်ရုပ်တုကြီးကို အလွန်သဘောကျသဖြင့် ဤရုပ်တုကြီး အတိုင်းအတာအတိုင်း တာချီလိတ်မှာ ထုလုပ်ထားရှိနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာကြီး ဦးဟန်တင်၏ အလေ့အကျင့်ကတော့ နိုင်ငံတော်နှင့် သက်ဆိုင်သည့် ရုပ်လုံးရုပ်ကြွများထုလုပ်တော့မည်ဆိုလျှင် ရှေးဦးစွာ ဘုရားဝတ်ပြု၊ တရားထိုင် ပုတီးစိတ်ပြီးမှ၊ အာရုံခံမှုကို အကြိမ်ကြိမ်ပြုလုပ်ပြီးကာမှ စိတ်ကြိုက်အာရုံရမှ သာရုပ်တုပုံကြမ်းကို ဖော်ခြင်းဖြစ်ကြောင်း သူ၏အလေ့အကျင့်ကို သူ၏ပြောကြားချက်အရ သိရှိခဲ့ရပါသည်။ ယခုတော့ ဤပုဂ္ဂိုလ်ကြီးမရှိတော့ပါ၊ ကွယ်လွန်သွားရှာပြီဖြစ်ပါသည်။

ယဉ်ကျေးမှုတက္ကသိုလ် ထူထောင်

နိုင်ငံတော်အကြီးအကဲ၏ လိုလားချက်အရ ယဉ်ကျေးမှုတက္ကသိုလ်ကြီး တစ်ခုထူထောင်ရန် တာဝန်ပေးချက်အရ ကျွန်တော်သည် ချင်းချောင်းရိပ်သာဟု ခေါ်သည့် ကမ္ဘောဇရိပ်သာ အဆောက်အအုံကြီးမှာ စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရသည်။ ဤနေရာမှာ ဖွင့်လှစ်ရခြင်းမှာ အမြန်ဖွင့်လှစ်လိုကြောင်းသိရသဖြင့် ယာယီဖွင့်လှစ်လိုက်ရခြင်းဖြစ်ပါသည်။ နောက်တစ်နှစ်ခန့်ကြာတော့မှ တောင်ဒဂုံမြို့သစ်မှာ တက္ကသိုလ်သစ်ကြီးကို စတင်တည်ဆောက်ခဲ့ရာ နှစ်နှစ်ခန့်ကြာတော့မှ တက္ကသိုလ်သစ်ကြီး တည်ဆောက်မှုပြီးသည်နှင့် ကမ္ဘောဇရိပ်သာကနေ တောင်ဒဂုံလက်ရှိ တက္ကသိုလ်ကြီးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရခြင်း ဖြစ်သည်။

နောက်တစ်ဆင့်အနေနှင့် အထက်မြန်မာနိုင်ငံအတွက် ယဉ်ကျေးမှုတက္ကသိုလ်ကြီးကို မန္တလေးမြို့အနီးက ရွှေစာရံအရပ်မှာ ထပ်မံဖွင့်လှစ်ပေးခဲ့သည်။ အဲဒီအချိန်တုန်းက ယဉ်ကျေးမှုကို ဝါသနာပါကြသည့် လူငယ်များအတွက် အခွင့်အလမ်းများ ဖြစ်ထွန်းစေခဲ့သည့်အပြင် ယဉ်ကျေးမှုနှင့်အနုပညာရှယ်ဆိုင်ရာ ဘွဲ့ဒီဂရီရသည့် လူငယ်များ ပေါ်ထွက်လာတာကြောင့် မြန်မာ့ရိုးရာအနုပညာရပ်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုတို့ကို နိုင်ငံတကာသို့ ဖြန့်ကျက်နိုင်ပြီဖြစ်သည်။

ပရိုင်းမိတ်များ

ပရိုင်းမိတ်နှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်သည် အင်္ဂလန်နိုင်ငံသံအမတ်ကြီး တာဝန်ထမ်းဆောင်နေစဉ် ကျွန်တော့်ထံသို့ ပရိုင်းမိတ်၏ သမိုင်းကြောင်းကွင်းဆက်တစ်ခုကို တင်ပြသဖြင့် ထိုကွင်းဆက်မှတစ်ဆင့် မြိုင်မြို့နယ်အတွင်းက ရှာဖွေတွေ့ရှိခဲ့ဖူးသည့် ပရိုင်းမိတ်ပစ္စည်းတစ်ခုကို ပြတိုက်အတွင်း သိမ်းဆည်းထားကြောင်း ဖော်ထုတ်သိရှိရပါသည်။ ထိုသမိုင်းကွင်းဆက်အရ ပရိုင်းမိတ်သစ် ရှာဖွေရေးစီမံချက်ရေးဆွဲကာ ရန်ကုန်တက္ကသိုလ်မှ ဆရာများနှင့် ထောက်လှမ်းရေးတပ်ဖွဲ့မှ အရာရှိများပူးပေါင်းကာ မြိုင်မြို့နယ် ဗဟင်းဒေသမှာ ပရိုင်းမိတ် ရှာဖွေရေးလုပ်ငန်းကို စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ နောက်ပိုင်းမှာ ပြင်သစ်နိုင်ငံမှ ပညာရှင်များ၊ အမေရိကန်နိုင်ငံမှ ပညာရှင်များနှင့် ပူးပေါင်းရှာဖွေမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ပါသည်။ ဗဟင်းဒေသမှ ရှာဖွေရရှိခဲ့သည့် ပရိုင်းမိတ်အသစ်များ၊ ကျောက်ဖြစ်ရုပ်ကြွင်းအမြောက်အမြား ကို အမျိုးသားပြတိုက်ကြီးမှာ ဝုံကြွားစွာပြသထားနိုင်ခဲ့ပါသည်။ ယင်းတွေ့ရှိခဲ့သည့် ပရိုင်းမိတ်များသည် ပညာရှင်များ၏ လေ့လာအတည်ပြုချက်အရ လွန်ခဲ့သော နှစ်ပေါင်း သန်း ၄၀ ကျော်က လူတူပရိုင်းမိတ်များဖြစ်ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

နန်းတော်ကြီးများ

ကျွန်တော်တို့ မြန်မာနိုင်ငံသည်နှစ်ပေါင်းထောင်ချီဖြစ်တွန်းခဲ့သည့်ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ကိုယ့်ထီးကိုယ့်နန်းဖြင့် ခုံညားထည်ဝါစွာ အရှေ့တောင်တလွှားမှာ ရပ်တည်ခဲ့တာ အထင်အရှားပဲဖြစ်ပါသည်။ ဒါပေမဲ့ ဘုရင်များနန်းစိုက်ခဲ့သည့် နန်းတော်အဆောက်အအုံဆိုရှိ မန္တလေးမြို့ ရတနာပုံနန်းတော် (မြနန်းစံကျော် နန်းတော်)တစ်ခုသာ အထင်ကရ ကျန်ခဲ့သော်ငြားလည်း ဒုတိယကမ္ဘာစစ်ကာလက အင်္ဂလိပ်တွေ ဗုံးကြဲပစ်လိုက်သဖြင့် နန်းတော်ကြီးမီးလောင်ပျက်စီး သွားခဲ့ရပါသည်။

ပထမမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့် အနော်ရထာမင်းစော၏ နန်းတော်ဆိုလည်းမရှိတော့ပါ။ အင်းဝနန်းတော်ဆိုလျှင်လည်း အုတ်ခုံသာကျန်ပြီး

မြို့ရိုးနှင့်ကျုံးပျက်တို့သာ အမှတ်တရ ကျန်ခဲ့ပါတော့သည်။ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် ဘုရင်နောင်၏ နန်းတော်ဆိုလျှင် ပဲခူးမြို့က လူနေရပ်ကွက်တွေဖုံးလွှမ်းထားမှုကြောင့် ပျောက်ကွယ်နေသကဲ့သို့ တွေ့ရပါသည်။ ဘုရင်နောင်၏ နန်းတော်ဆိုရင် ရွှေရောင်တဝင်းဝင်းနှင့် အလွန်ကြီးကျယ်ခမ်းနားလှကြောင်းကို နိုင်ငံခြားသားများကိုယ်တိုင်က တဆုံတသြမှတ်တမ်းတင်ခဲ့ကြသည်ကို ဖတ်ရှုရသည်။ ဒါပေမဲ့ တကယ်လက်တွေ့မှာ အဲဒီနန်းတော်ကြီးက ပျောက်ဆုံးနေပါပြီ။ လူနေရပ်ကွက်ကြီးဖြစ်နေတာကြောင့် နန်းတော်ကုန်းကို တော်တော်ရှာယူရသည်။ တကယ့်လက်တွေ့မှာတော့ ယခင်ကလက ရွှေရောင်တဝင်းဝင်းနဲ့ နန်းတော်ကြီးသည် ကျူးကျော်တဲများ၊ ခန်းမီးတဲများအောက်မှာ ပျောက်ကွယ်နေခြင်းဖြစ်ပါသည်။ သို့သော်ငြားလည်း လူမျိုးဂုဏ်ကို ပြန်လည်မြှင့်တင်ဖို့ဆိုရာမှာ သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်တွေကို စနစ်တကျပြန်လည်ဖော်ထုတ်ရန် လိုအပ်သည်ဆိုသည့်ခံယူချက်နှင့် နန်းတော်နေရာဟောင်းတွေမှာ မူလနန်းတော်များ၏ ပုံစံအတိုင်း ပြန်လည်တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။

မန္တလေးနန်းတော်ကြီး

မန္တလေးနန်းတော်ကြီးကိုတော့ မန္တလေးတိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်လက်ထက်မှာ တိုင်းမှူးဦးဆောင်ပြီး မူလပုံစံအတိုင်း ပြန်လည်တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့ကာလမှာ မန္တလေးက မြန်နန်းစံကျော် နန်းတော်ကြီးဟာ ထည်ထည်ဝါဝါ ခမ်းခမ်းနားနား ပြန်လည်မြင်တွေ့နေကြရပြီ ဖြစ်ပါသည်။ အုတ်ခုံအတိုင်းထားလျှင် နန်းတော်ပျက်နေရာဟောင်းကြီးပဲ မြင်တွေ့ရမှာပါ။ တစ်ချို့သော သမိုင်းဆရာတွေက အုတ်ခုံအတိုင်းပဲထားစေချင်ကြသည်။ လူသားတွေဟာ တစ်ဦးနှင့်တစ်ဦး အတွေးအခေါ် အယူအဆချင်းမတူညီကြပါဘူး။ ကိုယ်သန်ရာသန်ရာ၊ ကျွမ်းကျင်ရာ ကိုသာပြောဖြစ်ကြတာပါ။ အတွေးအခေါ် အယူအဆတွေကတော့ တူချင်မှ တူကြမှာပါ။ ဝေဖန်မှုတွေကတော့ လွတ်လွတ်လပ်လပ် ကြိုက်သလိုဝေဖန်ခွင့် ရှိကြပါသည်၊ ဝေဖန်နိုင်ကြပါသည်။

ကမ္ဘောဇသာဒီနန်းတော်ကြီး

ဟံသာဝတီနန်းတော်(ခေါ်) ကမ္ဘောဇသာဒီ နန်းတော်ကြီးကိုတော့ လူနေရပ်ကွက်အတွင်းက အုတ်ခုံကုန်းကြီးကို တိုင်းမှူး ဗိုလ်ချုပ်အေးသောင်က ရှာဖွေဖော်ထုတ်ပေးခဲ့ပါသည်။ နောက်ပိုင်းမှာ ဘုရင့်နောင်မင်းတရားကြီး၏ ညီလာခံနန်းတော်ကြီး၊ ဘုရင့်အိပ်ဆောင်နှင့် မိဖုရားများအိပ်ဆောင်နေရာများကို ထပ်မံဖော်ထုတ်ကာ နန်းတော်ကြီးကို မူလပုံစံအတိုင်း ပြန်လည် တည်ဆောက်ခဲ့သည်။ ဘုန်းတော်ကြီးကျောင်းတိုက်ကြီးနှင့် လူနေအိမ်ခြေတွေကိုလည်း ပြည်သူနှင့် အကြိမ်ကြိမ်တွေ့ဆုံကာ စနစ်တကျ နေရာချထားပေးခဲ့တာကြောင့် ယခုဆိုလျှင် အလွန်တင့်တယ်သည့်မြင်ကွင်းကြီးနှင့် သမိုင်းအစဉ်အလာ ကြီးမားခဲ့သော အလွန်ခံ့ညားထည်ဝါခဲ့သော ကမ္ဘောဇသာဒီ နန်းတော်ကြီးကို မြင်တွေ့နေကြရပြီဖြစ်သည်။

နန်းတော် အထောက်အထားပုံစံများကတော့ ကျောင်းအုပ်ဆရာကြီးဆရာကြီးဦးသက်တင် မှတ်တမ်းပြုစုခဲ့သော မှတ်တမ်းအရ မြန်မာမှုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ပုံဖော်တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။ ဤနန်းတော်ကြီးကို တည်ဆောက်ရန် မြေများစတင်တူးဖော်ရာမှာ မြေအောက်ကကျွန်းတိုင်ကြီးများ ပေါ်ထွက်လာတာကြောင့် နန်းတော်ကြီး ပြန်လည်တည်ဆောက်ရာမှာ သမိုင်းအစဉ် အလာနှင့်အညီ များစွာအထောက်အကူပြုမှုများရရှိခဲ့သည်။ ဤနန်းတော်ကြီး တည်ဆောက်ရာမှာ ယဉ်ကျေးမှုဝန်ကြီးက ဗိုလ်ချုပ် ကြည်အောင်ဖြစ်ပြီး အလွန်စိတ်ဝင်စားဖြင့် ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

ဦးအောင်ဇေယျနန်းတော်ကြီး

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ နန်းတော်ကြီးကိုတော့ ရွှေဘုံမှာ ခဏပဲနန်းစိုက်ခဲ့ခြင်းဖြစ်၍ နန်းတော်ပုံစံကို တမ္ပဝတီ ဦးဝင်းမောင်က အနီးစပ်ဆုံး ပုံစံထုတ်ကာ ယဉ်ကျေးမှုဝန်ကြီး ဦးဝင်းစိန် လက်ထက်မှာ ဝန်ကြီးကိုယ်တိုင်ကြီးကြပ်ပြီး တည်ဆောက်ခဲ့တာဖြစ်ပါသည်။ သမိုင်းနှင့်အနည်းငယ်လွဲချော်မှုတော့ရှိကောင်းရှိနိုင်ပါသည်။ ဒါပေမဲ့ နန်းတော်ဆိုသည့် ခံ့ညားထည်ဝါမှုနှင့် ဘုရင်နန်းစိုက်ခဲ့သည့် ငါးမည်ရပြည်ရွှေဘို ဆိုတာကိုတော့ အထင်အရှား ဖော်ညွှန်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ပုဂံယဉ်ကျေးမှုပြတိုက်

ပုဂံယဉ်ကျေးမှုပြတိုက်ကြီးကိုတော့ ကျွန်တော်ကိုယ်တိုင် အနီးကပ်ကြီးကြည်ပ်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာမှုပညာရှင် ဦးဝင်းမောင်က ပုံစံထုတ်ပေးပြီးဆောက်လုပ်ရေးဝန်ကြီးဌာနက အင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်ပေးခဲ့တာဖြစ်သည်။ မြန်မာမှုဗိသုကာ ပုဂံခေတ်လက်ရာများပေါ်လွင်စေရန် ပုဂံမှာတည်ရှိသည့်စေတီ၊ ပုထိုးများအတွင်းမှာရှိသည့် နံရံဆေးရေးပန်းချီများမှလည်းကောင်း၊ အပြောက်အမွှန်း ပုဂံခေတ်လက်ရာများကိုတော့ စေတီပုထိုးများ၏အတွင်း/အပြင်ရှိ ဗိသုကာလက်ရာများအတိုင်း ကူးယူပုံဖော်ထားခြင်းဖြစ်ပါသည်။ ဒါကြောင့် မြန်မာနိုင်ငံ၏ ကျက်သရေဆောင် ဂုဏ်ယူရမည့်ယဉ်ကျေးမှုပြတိုက်ကြီးတစ်ခု ဖြစ်သည်ဆိုတာ ပေါ်လွင်လျက်ရှိပါသည်။ ပြတိုက်ကြီး၏အတွင်းမှာ ထားသိုပြသမှုအစီအမံကတော့ ယဉ်ကျေးမှုဝန်ကြီးဌာနက ညွှန်ကြားရေးမှူး ဒေါ်နုမြစ်၏ အကြံဉာဏ် အစီအမံများဖြင့် ခင်းကျင်းပြသထားခြင်းဖြစ်ပါသည်။ ပန်းချီပညာရှင် အများအပြားတို့၏ ပန်းချီလက်ရာပေါင်းစုံကိုလည်း ဤပြတိုက်ကြီးအတွင်းမှာ မြင်တွေ့ရမှာဖြစ်သည်။ ဦးဆောင်ရေးဆွဲပေးသူကတော့ ပန်းချီဆရာကြီး ဦးသောင်းဟန် ဖြစ်ပါသည်။

ပုဂံမြို့ဟောင်းကြီးသည် ယခင်ကာလက ရှေးဟောင်းဘုရားများအကြားမှာ လူနေအိမ်ခြေများဖြင့် အလွန်မတင့်မတယ်သည့် မြင်ကွင်းကြီးပါပဲ။ နိုင်ငံခြားသားများ၏ ကဲ့ရဲ့ဖွယ်ရာ မြင်ကွင်းကြီးဖြစ်နေတာကြောင့် မန္တလေးတိုင်းမှူး ဗိုလ်ချုပ် ထွန်းကြည် လက်ထက်မှာပင် ပုဂံမြို့သစ်တည်ဆောက်ကာ မြို့ဟောင်းမှ လူနေအိမ်ခြေများကို မြို့သစ်သို့ ရွှေ့ပြောင်းပေးခဲ့ရပါသည်။ ပထမပိုင်းရွှေ့ပြောင်းမှုမှာ မကြေမလည်ဖြစ်ကြသော်လည်း ယခုအချိန်မှာတော့ ပုဂံမြို့သစ်ဟာ အလွန်စည်ကားလျက်ရှိနေတာကို တွေ့ရသည်။ စနစ်တကျရှိသော မြို့သစ်ဖြစ်နေပြီး လူနေမှုအဆင့်အတန်းပါ အလွန်ပြောင်းလဲမြင့်မားနေပြီ ဖြစ်ပါသည်။ မြို့ဟောင်းအတွင်းမှာလည်း စေတီပုထိုးအဟောင်းများသည် စနစ်တကျဖြစ်နေပြီး ရှေးဟောင်းသမိုင်းကို လေ့လာကြသော နိုင်ငံခြားသားဧည့်သည်များအတွက်လည်း လေ့လာမှတ်သားမှုအတွက် စနစ်တကျ ဖြစ်စေခဲ့ပါသည်။

ပုဂံရှေးဟောင်းနန်းတော်ကြီး

ပုဂံရှေးဟောင်းနန်းတော်ကြီးကိုတော့ အနော်ရထာမင်းစောနှင့် ကျန်စစ်သားမင်းကြီး၏ နန်းတော်ရာနေရာမှ တူးဖော်ရရှိသည့် ရှေးဟောင်းအမွေအနှစ်များ၊ ရှေးဟောင်းအနေအထားများ မူလအတိုင်းမပျက်မယွင်းရှိနေစေရန် နန်းတော်နေရာဟောင်းကို သမိုင်းလေ့လာသူများလေ့လာနိုင်အောင် အခြေအနေမပျက်ထားရှိပါသည်။ နန်းတော်သစ်ကြီးကိုတော့ ရှေးဟောင်းနန်းတော်ဟောင်း နေရာအနီးမှာပင် ပြန်လည်တည်ဆောက်ပေးခဲ့ရာ ယခုအခါ အလွန်ခံ့ညားထည်ဝါသည့် နန်းတော်ကြီးနှင့် နန်းတော်ဟောင်းနေရာတို့ကို ပူးတွဲလေ့လာနိုင်ကြပြီ ဖြစ်ပါသည်။

ဆိုကရေးတီးပြိုင်ပွဲ

ကျွန်တော်၏ အထူးခြားဆုံးဆောင်ရွက်နိုင်မှုကတော့ နှစ်စဉ်ကျင်းပနေကျ ဖြစ်သည့် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးပဲ ဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ တာဝန်ပေးလမ်းညွှန်ချက်ကိုရယူကာ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်ရအောင်၊ လျော့ပါးမသွားစေရအောင်၊ တိုင်းတပါးယဉ်ကျေးမှုများ ရောနှောလွှမ်းမိုးမသွားစေရအောင် မြန်မာ့ယဉ်ကျေးမှု ဆိုကရေးတီးပြိုင်ပွဲကြီးကို အနုပညာကဏ္ဍစုံမှ မြန်မာ့ရိုးရာပညာရှင်ကြီးများ၏ အကြံဉာဏ်များကို ခံယူကာ အဆိုပါ ပညာရှင်ကြီးများ၏ ဦးဆောင်မှုဖြင့် မြန်မာ့ရိုးရာ ဆိုကရေးတီးပြိုင်ပွဲကြီးကို နှစ်စဉ်နှစ်တိုင်း ခြိမ့်ခြိမ့်သဲသဲ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပါသည်။ ဤ ပြိုင်ပွဲကြီးက မွေးထုတ်ပေးလိုက်သည့် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ရ အနုပညာရှင်များ၊ အကပညာရှင်များ၊ တေးရေးပညာရှင်များ၊ အဆိုပညာရှင်များအဖြစ် ကျော်ကြားနေကြပြီ ဖြစ်ပါသည်။

လှေသဘင်ပွဲတော်

ဒီ့အပြင် မြန်မာတို့၏ သူ့ကျွန်မခံလိုသည့် ဓာတိသွေး ဓာတိမာန်ကို ဖော်ညွှန်းသည့် လှေသဘင်ပွဲတော်နှင့် မြင်းခင်းသဘင်ပွဲတော်များကိုလည်း

ကျင်းပကာ အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားစေသည့် ကြိုးပမ်းဆောင်ရွက်မှုများ ကိုလည်း ခွင့်ပြု ချက်ရသည့် ကာလများမှာ ကျင်းပမှုများပြုလုပ်ခဲ့ပါသည်။

ရေးမြို့တော်ဟောင်းများ

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ပျူခေတ်ကာလမှစတင်ကာ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ဟံသာဝတီခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် စသည်ဖြင့် ကိုယ့်ထီးကိုယ့်နန်းဖြင့် ယဉ်ကျေးမှုထွန်းကားခဲ့သည့် နိုင်ငံဖြစ်ပါသည်။ မြတ်စွာဘုရားပွင့်တော်မူသည့်ကာလကို ပြန်ကြည့်မည်ဆိုလျှင်တော့ သုဝဏ္ဏာဘူမိခေတ်ကာလသည် အစောဆုံးဟူ၍ ဆိုနိုင်ပါသည်။ ဒါကြောင့် မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ဘာသာတရားထွန်းကားမှုတို့သည် အလွန်ရှေးကျပါသည်။ ဒီအလွန်ရှေးကျလှသော အထောက်အထားများနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုတို့သည် ယခုတိုင် အထင်အရှားပင်ရှိနေကြပါသည်။ ထိုယဉ်ကျေးမှု အမွေအနှစ်များ၊ ရှေးဟောင်းအထောက်အထား အမှတ်အသားများ၊ ရှေးဟောင်းမြို့ဟောင်းနေရာများကို မပျက်မယွင်းစေရအောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ကြရမှာဖြစ်ပါသည်။

အင်းယားဆောင်ကျောင်းသူများ၏ အငြိမ့်သဘင်ဖြေဖျော်ပွဲ

ခေတ်အဆက်ဆက် တည်ဆောက်ပေးခဲ့ကြသည့် ယဉ်ကျေးမှုပြတိုက်ကြီးများ၊ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများကိုလည်း ဆက်လက်ထိန်းသိမ်းခြင်း၊ ယိုယွင်းပျက်စီးမှုမရှိအောင် ထိန်းသိမ်းခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို လာရောက်လေ့လာသူများအတွက် စိတ်ဝင်တစားဖြစ်အောင် စနစ်တကျစီမံဆောင်ရွက်သင့်ပါကြောင်း ပြည်သူများအတွက် အသိပေးလိုပါသည်။

ပုဂံဘုရားများပြုပြင်မွမ်းမံမှု

၁၉၆၇ ခုနှစ်က ထင်ပါသည်။ ပုဂံလျင်ကြီး လှုပ်ခတ်ပြီးသည့်နောက် စေတီပုထိုးအမြောက်အများ မြေခပျက်စီးခြင်းဘဝရောက်ခဲ့တာကြောင့် ပြန်လည်ပြုပြင်မွမ်းမံမှုများ ပြုလုပ်ခဲ့သော်လည်း ပြိုပျက်ပြီးအုဋ္ဌံပုံ၊ အုဋ္ဌကုန်းများအဖြစ်အများအပြားဖြစ်တည်လျက်ရှိနေပါသည်။ ဒါကြောင့် ပြိုပျက်နေဆဲ ဘုရားပုထိုးများနှင့် အုဋ္ဌကုန်းများကို မူလပုံစံအတိုင်း ရှေးဟောင်းလက်ရာအတိုင်း ပြန်လည်ပြုပြင်ခဲ့ရပါသည်။ အချို့စေတီတော်များကို ထီးတော်တင်လှူခြင်းကို ပြုပြင်မွမ်းမံသူတကာများ၏ ဆန္ဒနှင့်ဆောင်ရွက်ပေးခဲ့ရပါသည်။ ထိုသို့ ပြုပြင်မွမ်းမံရာတွင်လည်း ရှေးဟောင်းယဉ်ကျေးမှုအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ဒီနေရာမှာ ပြန်လည်မွမ်းမံမှုအတွက် အတွင်းရေးမှူး(၁)ကိုယ်တိုင် တကာပြုလုပ်၍ မွမ်းမံပြုပြင်ပေးရန်၊ ပုဂံဒေသသာသနာပြု ဆရာတော်ကြီးဖြစ်သော အလိုတော်ပြည့်ဆရာတော်ကြီးက လမ်းညွှန်ချက်ပြုတာကြောင့် ထိုစေတီတော်ကြီး နှစ်ဆူကို အနီးကပ်ကြီးကြပ်ကာ ရှေးဟောင်းလက်ရာမပျက် စနစ်တကျ ဆောင်ရွက်ခဲ့ရပါသည်။

အလိုတော်ပြည့်စေတီတော်ဆိုလျှင် ဂူဘုရားဖြစ်တာကြောင့် ဂူအုဋ္ဌရိုးများ နိမ့်ကျမှုပင် ဖြစ်ပေါ်နေတာကြောင့်၊ ထပ်မံနိမ့်ကျကာ ပြိုကျမသွားအောင် သံဘောင်များဖြင့် ထိန်းရခြင်း၊ နံရံဆေးရေးများ မပျက်ရအောင် မှန်တံခါးဖြင့် ကာရံခြင်းတို့ကို ပြုလုပ်ထားရပါသည်။

အလိုတော်ပြည့်ဆရာတော်ကြီးနှင့် ဦးခင်ညွန့်တို့ ဓနိုးမောင်နံ

ဓမ္မရာဇာ ဘုရားကြီးဆိုရင်လည်း ရှေးဟောင်းလက်ရာမထိခိုက်ရအောင် အကြီးစားပြုပြင်မွမ်းမံမှုပြုလုပ်ကာ ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များ အသစ်တင်လှူခြင်း၊ ရွှေသင်္ကန်းများ လုံးတော်ပြည့် ကပ်လှူပူဇော်ခြင်းတို့ကို ရှေးဟောင်းယဉ်ကျေးမှုအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် စနစ်တကျ ဆောင်ရွက်ခဲ့ရပါသည်။ ကျွန်တော့်အနေနှင့် အလွန်ကုသိုလ်ရခဲ့ပါသည်။ စီမံလမ်းညွှန်မှုပြုခဲ့သော အလိုတော်ပြည့်ဆရာတော်ဘုရားကြီးကိုလည်း၊ အစဉ်အမြဲ ရှိခိုးဦးတင်လျက်ရှိပါသည်။

O

အခန်း ၄၉

ရန်ကုန်တက္ကသိုလ်စိန်ရတု အခမ်းအနားမြင်ကွင်းများ

ရန်ကုန်တက္ကသိုလ်ကြီး စတင်ပေါ်ထွန်းခဲ့ပြီးနောက် ၇၅ နှစ်ပြည့် စိန်ရတု အခမ်းအနားကြီးကို ခမ်းနားစွာကျင်းပကြရန် ၁၉၉၅ ခုနှစ်ထဲမှာ ပညာရေးဝန်ကြီး ဦးပန်းအောင် နှင့် ဒုတိယဝန်ကြီး ဒေါက်တာသန်းညွန့် တို့က အစီအမံများရေးဆွဲပြီး ကျွန်တော့်ကိုလာရောက်တင်ပြကြပါသည်။ ကျွန်တော်က အတွင်းရေးမှူး(၁)လည်းဖြစ်၊ မြန်မာနိုင်ငံပညာရေးကော်မတီရဲ့ ဥက္ကဋ္ဌတာဝန်လည်း ယူထားတာကြောင့် ကျွန်တော့်ကိုလာရောက်တင်ပြကြခြင်း ဖြစ်ပါသည်။

တကယ်တော့ မြန်မာ့ပညာရေးသမိုင်းကြောင်းသည် ဗြိတိသျှကိုလိုနီခေတ်ကာလကတည်းက အခက်အခဲပေါင်း မြောက်မြားစွာကြားကနေ ပေါ်ထွန်းလာခဲ့သည့် တက္ကသိုလ်ကြီး၏ စိန်ရတုအခမ်းအနားကြီးကို စည်စည်ကားကား ခမ်းခမ်းနားနားဖြင့် အမှတ်တရဖြစ်အောင် ဆောင်ရွက်သင့်သည်ဟူ၍ စိတ်မှာဖြစ်ပေါ်ခဲ့ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီတက္ကသိုလ်မှာ ပညာရင်နှီးသောက်ယူဆည်းပူးခဲ့တာကြောင့် ပညာရေးဌာနမှ တာဝန်ရှိသူ များနှင့်တိုင်ပင်ကာ စိန်ရတုအခမ်းအနားကြီးကို တက္ကသိုလ်ကျောင်းသား ကျောင်းသူဖောင်းကြီးများနှင့် လက်ရှိတက္ကသိုလ်တွင် ပညာဆည်းပူးနေကြသည့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများပါဝင်ကာ နိုင်ငံတော်အစိုးရက ဦးဆောင်ဦးရွက်ပြု ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုအခမ်းအနားတွင် ဆုရရှိသော ဆေးတက္ကသိုလ် ကျောင်းသူ/သားများအား ဘွဲ့နှင်းသဘင်ခန်းမအတွင်း အတွင်းရေးမှူး(၁)က နှုတ်ဆက်စဉ်

ကျွန်တော်က ရန်ကုန်တက္ကသိုလ် စစ်ကိုင်းကျောင်းဆောင်မှာ ၁၉၅၇ ခုနှစ်မှစ၍ သုံးနှစ်နေခဲ့ပါသည်။ အဲဒီတုန်းက ကျောင်းသားဘဝပြန်ပြောရမည်ဆိုရင် စစ်ကိုင်း၊ ပင်းယ၊ ပဲခူး၊ သထုံ နှင့် အင်းဝ ကျောင်းဆောင်များကို ဗဟိုဆောင်များဟုခေါ်ပါသည်။ ကျောင်းဆောင်အဟောင်းများဖြစ်၍ အထူးသဖြင့်ရေချိုးခန်း၊ အိမ်သာတွေက တော်တော်ဆိုးသည်၊ အနံ့အသက်မကောင်းတာကို ပြောချင်တာပါ။ အိမ်သာတက်တော့မည်ဆိုရင် အပေါ်ပိုင်းစွပ်ကျယ်ပါချွတ်ပြီး ပုဆိုးဟောင်းနှင့် အိမ်သာထဲဝင်ရသည်။ အိမ်သာနံ့က လူနှင့်အဝတ်အစားကိုပါကပ်ပြီး ပါလာလို့ စွပ်ကျယ်တောင် ဝတ်သွားရမ်မဖြစ်ပါ။ အိမ်သာကထွက်လာပြီဆိုလျှင်လည်း ရေချိုးခန်းဆက်ဝင်ပြီး ရေချိုးလိုက်ရသည်။ ဒါမှ အိမ်သာနံ့က ကပ်ပါမလာတော့ပဲ ပျောက်သွားပါသည်။ ဗဟိုဆောင်တွေအားလုံးဟာ ဒီအတိုင်းချည်း ဖြစ်ပါသည်။

အခင်းနှင့်နံရံတွေပါကြွေပြားကပ်

ထို့ကြောင့် စိန်ရတုအခမ်းအနားမှာ ပညာရေးဘတ်ဂျက်ကို တော်တော်များများသုံးပြီး အမျိုးသားဆောင်၊ အမျိုးသမီးဆောင်အားလုံးကို ပြုပြင်မွမ်းမံမှုပြုလုပ်ခဲ့ပါသည်။ အထူးသဖြင့် အိမ်သာ၊ ရေချိုးခန်းများကိုသန့်ရှင်းပြီး ကြွေပြားများကပ်ကာ အနံ့အသက်လုံးဝပျောက်သွားအောင် လုပ်လိုက်တော့ မြေပြင်မှာရှိသည့် Septic Tank တွေကိုပါ အသစ်ပြန်လုပ်ပြီး သန့်ရှင်းအောင်လုပ်ပေးပါသည်။ ထမင်းစားဆောင်တွေကိုလည်း အခင်းရော၊ နံရံရော ကြွေပြားများပါကပ်ပြီး သန့်ရှင်းသစ်လွင်သွားအောင် ပြုပြင်မွမ်းမံပေးခဲ့ရသည်။ ရန်ကုန်တက္ကသိုလ်ကြီးတစ်ခုလုံး သစ်လွင်တောက်ပြောင်သွားအောင် ပြင်ဆင်မွမ်းမံမှုများ လုပ်ပေးခဲ့ရသည်။ ဘွဲ့နှင်းသဘင်ခန်းမကြီး အပါအဝင် စာသင်ဆောင်အားလုံးကိုပါ အကြီးစားပြုပြင်မွမ်းမံမှုများ လုပ်ခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုအခမ်းအနားတွင် ဒေါ်ခင်ဝင်းရွှေ ကသီရိဆောင် ဂါတ်ပုံပြုပွဲ အခမ်းအနား တက်ရောက်စဉ်

စိန်ရတုခန်းမကြီး

ထူးခြားမှုတစ်ခုကတော့ စိန်ရတုခန်းမကြီးတစ်ခုကို ခမ်းနားထည်ဝါစွာ အသစ်တည်ဆောက်ပေးခြင်း၊ တက္ကသိုလ်များမှာရုံကြီးကိုလည်း ဘုရားခန်းကိုတိုး ချဲ့လိုက်ပြီး အကြီးစားပြင်ဆင်မွမ်းမံမှုတွေလုပ်ပေးခြင်း၊ တက္ကသိုလ်များ လှေလှော် အသင်း အဆောက်အအုံကို အသစ်တည်ဆောက်ပေးခြင်း၊ ရေကူးကန်ကို ပြုပြင် မွမ်းမံခြင်း၊ ဘောလုံးကစားကွင်းသုံးကွင်းကို စံမီကွင်းများအဖြစ် ပြုပြင်တည် ဆောက်ပေးခြင်း၊ တင်းနစ်ကွင်းများပြုပြင်ခြင်း၊ မိုးလုံလေလုံအားကစားရုံတစ်ခု အသစ်တည်ဆောက်ပေးခြင်းတို့ကို အချိန်မီတည်ဆောက်မှုများ ပြုလုပ်ခဲ့ပါသည်။

တက္ကသိုလ်အပန်းဖြေရိပ်သာ

တက္ကသိုလ်အပန်းဖြေရိပ်သာ(Recreation Center)ကိုလည်း အကြီးစား ပြင်ဆင်မွမ်းမံမှုလုပ်ပြီး ဘာသာရပ်ဆိုင်ရာအသင်းအဖွဲ့များ၏ အခမ်းအနားများ ပြုလုပ်နိုင်အောင် စီမံဆောင်ရွက်ပေးမှုကြောင့်လည်း ကျောင်းသား ကျောင်းသူများ ၏ ဘာသာရပ်ဆိုင်ရာ အခမ်းအနားများ၊ ဂုဏ်ပြုဆုပေးပွဲများ၊ ဟောပြောပွဲများ ပြုလုပ်နိုင်သည်အထိ လက်တွေ့အသုံးပြုခဲ့ရသည်ကိုလည်း ကြုံခဲ့ရပါသည်။

ရတနာဆောင်အား ပြုပြင်မွမ်းမံပေးပြီးနောက်
ကျောင်းသူများနှင့် ပျော်ရွှင်စွာ အမှတ်တရတွေ့ရစဉ်

လှိုင်တက္ကသိုလ် နယ်မြေဝင်းထဲမှာလည်း ကျောင်းဆောင်အားလုံးပြုပြင်မွမ်းမံမှုတွေ၊ မိုးလုံလေလုံအားကစားရုံကြီးကို အသုံးပြုနိုင်အောင် ပြုပြင်မွမ်းမံပေးမှုတွေ၊ စာသင်ခန်းမကြီး (Theater) နှစ်ခုကိုလည်း အကြီးစားပြင်ဆင်မွမ်းမံမှုတွေ လုပ်ပေးခဲ့တာကြောင့်လည်း ကျောင်းသား ကျောင်းသူများအတွက် အလွန်အသုံးတည့်သွားတာကိုလည်း တွေ့ရပါသည်။

သစ်လွင်လှပ အမြင်တင့်တယ်အောင်

ရန်ကုန်တက္ကသိုလ် စိန်ရတုအခမ်းအနားကို ဗဟိုပြုပြီး တက္ကသိုလ်ပရိုဂျက်အတွင်းရှိ အဆောက်အအုံများအားလုံးကို သစ်လွင်လှပအောင်၊ အမြင်တင့်တယ်အောင် အဓိပတိလမ်းမကြီးကအစ တက္ကသိုလ်အဝင်ဂိတ်ကြီးပါမကျန် ခုံညားထည်ဝါအောင် ပြုပြင်မွမ်းမံမှု၊ အမြင်တင့်တယ်အောင် သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ပေးမှုပြုလုပ်ရတာကိုပဲ ကျေနပ်အားရမိပါသည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုအခမ်းအနား ကာလအတွင်းမှာ မိတ်ဆုံစားပွဲများ၊ ဟောပြောပွဲများ၊ ကျောင်းသားဟောင်းကြီးများနှင့် မျိုးဆက်သစ်ကျောင်း

သား/ကျောင်းသူများ တွေ့ဆုံပွဲများ၊ ဘာသာရပ်ဆိုင်ရာအသင်းအဖွဲ့များမှ ဆုပေးပွဲများ၊ မိတ်ဆုံစားပွဲများကျင်းပကြရာမှာ ဝန်ကြီး၊ ဒုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများကိုပါဖိတ်ကြားပြီး မျိုးဆက်သစ် ကျောင်းသူ ကျောင်းသားများနှင့် တွေ့ဆုံကြခြင်း၏ မြင်ကွင်းနှင့်အနှစ်သာရမှာ အလွန်အားရကြည်နူးဖွယ်၊ ဝမ်းမြောက်ပီတိဖြစ်ဖွယ် မြင်ကွင်းများဖြစ်ပါသည်။

အမှတ်တရမြင်ကွင်း

စိန်ရတုအခမ်းအနားကြီး ကျင်းပသည့် အမှတ်တရ နေ့မှာတော့ စိန်ရတုခန်းမကြီးနှင့် တက္ကသိုလ်အပန်းဖြေရိပ်သာကြီးတို့မှာ ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့အသီးသီးက ဆရာ ဆရာမများ ဦးဆောင်လျက် မျိုးဆက်သစ် ကျောင်းသူ ကျောင်းသားများက မိမိတို့ကျွမ်းကျင်ရာ အစားအသောက်မျိုးစုံဖြင့် စတုဒီသာဧည့်ခံကျွေးမွေးမှုမြင်ကွင်းဟာ အလွန်ကြည်နူးဖွယ်၊ ဝမ်းမြောက်ဖွယ်၊ ကျေနပ်အားရဖွယ် အမှတ်တရမြင်ကွင်းများပင် ဖြစ်ပါသည်။

ဒိုးပတ်သံတွေလွှမ်း

အဲဒီကာလတုန်းက တက္ကသိုလ် ပရဝုဏ်အတွင်းမှာ ဒိုးပတ်သံတွေလွှမ်းနေတာကို တွေ့ခဲ့ရပါသည်။ ကျွန်တော်တို့ စစ်ကိုင်းဆောင်က ယခင်တုန်းက ဒိုးပတ်ဝိုင်းဟာ အလွန်နာမည်ကြီးပါသည်။ အဲဒီကာလတုန်းက အဆောင်မှူးက ဆရာဦးကျော်အောင် (စာရေးဆရာ)လက်ထောက်အဆောင်မှူးက ဆရာဦးကျင်တင်၊ ဒိုးပတ်ဝိုင်းခေါင်းဆောင်က ကိုစိန်ဝင်း(သစ်တော)တို့ဖြစ်ကြပြီး တက္ကသိုလ်သမဂ္ဂ ရွေးကောက်ပွဲမှာ ကျောင်းသားတပ်ဦးရယ်၊ ကျောင်းသားရဲခေါင်(ယခင်DSO)အဖွဲ့တို့အားပြိုင် စည်းရုံးကြရာမှာ ဒိုးပတ်ဝိုင်းတွေက အဓိကပါဝင်ကြသည်။ ဒီဒိုးပတ်ဝိုင်းတွေကြောင့်လည်း တက္ကသိုလ်ပရဝုဏ်ဟာ ပျော်မြူးကြည်နူးဖွယ်ကောင်းခဲ့သည်။ ကျောင်းသားဆိုတာကတော့ ဟိုဘက်က ကျွေးရင်လည်း သွားစားလိုက်တာပဲ၊ ဒီဘက်ကကျွေးရင်လည်း သွားစားလိုက်တာပါပဲ။ အမာခံ အမြှောတွေကလွဲ၍ ကြံ့ရာကိုသွားလိုက်၊ လူစည်ကားရာကို ဝိုင်းအုံလိုက်

ပျော်စရာတွေပါပဲ။ ဒီလိုမြင်ကွင်းတွေကတော့ နောက်ပိုင်းမရှိတော့ပါဘူး။ ရှေ့မီ နောက်မီတွေက ပြန်ပြောမှပဲ နောက်လူတွေသိရတော့မယ့် မြင်ကွင်းများပဲ ဖြစ်ပါသည်။

ကျွန်တော်တို့ ကျောင်းသားဘဝတုန်းကဆိုရင် မနက်ပိုင်းနှင့် နေ့ခင်းပိုင်းကတော့ ကိုယ်ယူသည့်ဘာသာရပ်အလိုက် အတန်းတွေလိုက်တက်နေရ၍ မအားလှပါ။ ညနေပိုင်းကျရင်တော့ အဆောင်၏အောက်ထပ်မှာရှိသည့် S&R လို့ခေါ်တဲ့ စာဖတ်ခန်း/ဧည့်ခန်းထဲမှာ သတင်းစာဖတ်၊ ပြီးတော့ ရေချိုးပါသည်။ ညနေ ၄ နာရီထိုးတာနှင့် ထမင်းစားခန်း (Dining Hall) သွားပြီး ထမင်းစားတာပါပဲ။ ဟင်းပန်းကန်က နှစ်ယောက်စာထည့်ထားတော့ နောက်လူအတွက် ပိုပိုသာသာလေး ကျန်အောင်စားရတာပေါ့။ ထမင်းစားပြီးတာနှင့် ကိုယ့်အဆောင်ထဲက သူငယ်ချင်းဖြစ်ဖြစ်၊ ဘေးအဆောင်က သူငယ်ချင်းဖြစ်ဖြစ် ကြဲ့ရာနှင့် အဓိပတိလမ်းပေါ်မှာ လမ်းလျှောက်ပြီးသည်နှင့် ဘွဲ့နှင်းသဘင်ခန်းမ (Convocation Hall) ဘေးကအပေါက်ကနေထွက်ပြီးတော့ အင်းယားကန်ပေါင်ပေါ်မှာ လမ်းလျှောက်ကြ သည်။ အင်းလျားကန်ဘေးမှာ ယခင်တုန်းက ဘာဈေးဆိုင်မှ မရှိကြသေးပါဘူး။ အင်းလျားဆောင်ရှေ့က လှေလှော်အသင်းဝင်ပေါက်နားမှာ ဘူးသီးကြော်ဆိုင်ရှိသည်။ ဘူးသီးကြော်ဆိုင် အကြောင်းပြပြီး ရတနာဆောင်နှင့် အင်းလျားဆောင် ဘက်လှည့်လျှောက်ရင်း တခါတရံလည်း ဘူးသီးကြော်ဆိုင် ဝင်စားဖြစ်သည်။ များသောအားဖြင့်တော့ မစားဖြစ်ပါ။ အင်းလျားဆောင်ရှေ့ကပတ်ပြီး အင်းဝဆောင်ဘက်ကတဆင့်နေ စစ်ကိုင်းဆောင်ကို ပြန်ဝင်ကြသည်။ တခါတရံကျတော့ လဲ ရတနာဆောင်ဘက်ပြန်လှည့်ပြီး ဘွဲ့နှင်းသဘင် ခန်းမဘေးပေါက်ကနေပြန်ဝင် အဓိပတိလမ်းကို ပြန်လျှောက်ပြီးမှ ပင်းယဆောင်ရှေ့တံခါးကနေ စစ်ကိုင်းဆောင်ကို ပြန်ဝင်ကြသည်။

တခါတလေကျတော့ ကျွန်တော်တို့သူငယ်ချင်း သုံး/ဇွေးယောက် အဖော်ညီပြီး တက္ကသိုလ်ဓမ္မာရုံရှေ့က ဈေးဆိုင်တန်းမှာ ကော်ဖီဝင်သောက်ကြသည်။ နောက်မြေနီကုန်း ဆန်းသီရိရုပ်ရှင်ရုံမှာ ည ၉ နာရီခွဲပွဲကြည့်သည်။ ည ၁၁ နာရီခွဲ ၁၂ နာရီလောက်ပြီးတော့ တခါတလေ အင်းစိန်လိုင်းဘတ်စ်ကားရှိလျှင်

တက္ကသိုလ်စိန်ရတုအခမ်းအနားနေ့ အမှတ်တရ မြင်ကွင်း

တက္ကသိုလ်စိန်ရတုအခမ်းအနားတွင် လမ်းတလျှောက်ကျောင်းသား/ကျောင်းသူများ
ပညာရေးဝန်ကြီး၊ ဒုဝန်ကြီးများနှင့်အမှတ်တရ ပျော်စရာမြင်ကွင်းပါ

ဘတ်စ်ကားစီးပြီး ကျောင်းကိုပြန်ရသည်။ ဘတ်စ်ကားမရှိတော့ဘူးဆိုလျှင်လည်း မြေနီကုန်းကနေ ကျောင်းကိုခြေလျင်လျှောက်ပြီး ပြန်ကြရတာတွေလဲ ရှိခဲ့သည်။ ဒါတွေကတော့ ကျွန်တော်တို့တက္ကသိုလ်ကျောင်းသားဘဝ ဖြစ်ရပ်ကလေးတွေပါ။ အခုတော့ ဆန်းသီရိရုပ်ရှင်ရုံမရှိတော့ဘူး၊ ဓမ္မာရုံရှေ့က ဈေးတန်းလည်းမရှိတော့ဘူး၊ လှည်းတန်းအဝိုင်းကြီးရော၊ အဝိုင်းလေးရော မရှိတော့ပါ။ တက္ကသိုလ် ယူနီယံကြီးလည်း မရှိတော့ပါ။ တရားသဘောနှင့်ကြည့်ရင်တော့ ဘာမျှမမြဲဘူး ဟုဆိုရမှာပါ။

စိန်ရတုအခမ်းအနားကာလမှာပေါ့၊ အမှတ်တရ ဖြစ်ရပ်ကလေးပါ။ ကျွန်တော်တို့ စစ်ကိုင်းဆောင်က ကျောင်းသားဟောင်းကြီးပေါ့။ ဦးတင်လှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ်ပါ။ စိန်ရတုကာလမှာ ကျောင်းသားဟောင်းကြီးတွေ မိမိတို့မူလနေခဲ့ကြသည့် အဆောင်တွေမှာ လာရောက်ပြီး ကူညီကြပါသည်။ ရံပုံငွေ ထည့်ဝင်ကြ၊ မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံကြကာ ညစာစားပွဲများကျင်းပကြ၊ ဟာပြောပွဲများကျင်းပကြနဲ့ အလွန်ပျော်စရာကောင်းပါသည်။ စစ်ကိုင်းဆောင်ရှေ့မှာ ဟော်ပွဲရှင်ပွဲလုပ်ဖို့ လူစုပြီး တိုင်ပင်နေကြတုန်းမှာ စောစောက ဦးတင်လှကြီးဟာ မတ်တတ်ရပ်နေရာကနေ ပျောခွေကာလဲကျသွားတာ တွေ့ရပါသည်။ နှလုံးရောဂါ (Heart Attack) ဖြစ်တာပါပဲ။ ချက်ချင်းတက္ကသိုလ်ဆေးရုံကို ပို့လိုက်ပေမယ့် ဆေးရုံမရောက်မီ လမ်းခုလတ်မှာပဲ အသက်ပျောက်သွားရှာတာပါ။ ဆေးရုံရောက်၍ ဆရာဝန်ကစစ်လိုက်တော့ နှလုံးမခုန်တော့ပါဘူး၊ အဲဒီဖြစ်ရပ်ကလည်း အမှတ်တရဖြစ်ရပ်တစ်ခုပါ။

စိန်ရတုအခမ်းအနားကာလထဲမှာပဲ အဝေးသင်တက္ကသိုလ် Distance Education ဌာနက အဆောက်အအုံများကိုပါ တိုးချဲ့တည်ဆောက်ပေးမှုများလည်း လုပ်ပေးခဲ့ပါသည်။ ထို့ကြောင့် တက္ကသိုလ်ပရဝုဏ်တစ်ခုလုံးဟာ သစ်လွင်တောက်ပပြီး လက်ရှိပညာဆည်းပူးနေကြသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားဟောင်းကြီးများ ပူးပေါင်းလက်တွဲကာ ပွဲလမ်းသဘင်များ၊ ဟာပြောပွဲများ၊ စကားရည်လုပွဲများ၊ မိတ်ဆုံစားပွဲများ ကျင်းပလျက်ရှိကြသည့်မြင်ကွင်းဟာ အလွန်ကြည်နူးစရာ အမှတ်တရမြင်ကွင်းများပဲ ဖြစ်ပါ

သည်။ ကျွန်တော်လည်း အဲဒီအချိန် ကာလတုန်းက ကိုယ့်ကိုယ်ကို တက္ကသိုလ် ကျောင်းသားဘဝ ပြန်ရောက်သွားသလို ခံစားခဲ့ရပါသည်။

နေ့ဒေါခင်ဝင်းရွှေ

ကျွန်တော့်နေ့ဒေါခင်ဝင်းရွှေက ပထမ မာလာဆောင်မှာ တစ်နှစ်နေ ပြီးတော့ နောက်နှစ်မှာ အင်းလျားဆောင်ပြောင်းနေရသည်။ နောက်ပိုင်းမှာတော့ တကောင်း ကျောင်းဆောင်မှာနေပြီး ဆရာဝန်ဖြစ်တာပါပဲ။ ကျွန်တော်က တက္ကသိုလ်တက်နေတုန်းကာလမှာတော့ ကျွန်တော်တို့နှစ်ယောက် သမီးရည်းစားမဖြစ်ကြသေးပါ။ ကျွန်တော် ဗိုလ်ဖြစ်တော့မှသာ သမီးရည်းစားဖြစ်ပြီး သူဆရာဝန်မဖြစ်ခင်မှာပဲ လက်ထပ်ဖြစ်သွားတာပါ။ လက်ထပ်ပြီးသော်လည်း ကျောင်းဆက်တက်ရင်းနှင့် ဆရာဝန်ဖြစ်အောင် ကြိုးစားရင်းဖြင့် ဆရာဝန်ဖြစ်လာတာပါ။ ယခင်တုန်းက Pre Medical ဆိုတာရှိသည်။ စာတော်သူတွေကို Pre Medical ကိုရွေးပြီး စတိုင်ပင်ပေးသည်။ သူက Pre Medical 4th Batch ပါ။ ဗိုလ်မှူးချုပ် မြသိန်းဟန်တို့နှင့်အတူ Same Batch ပါပဲ။ အခုတော့ Pre Medical ဆိုတာမရှိတော့ဘူးထင်ပါသည်။

အင်းလျားဆောင်ကျောင်းသူဟောင်းအမေစု

ရန်ကုန်တက္ကသိုလ် စိန်ရတုကာလတုန်းက အင်းလျားဆောင်သူ ကျောင်းသူဟောင်းကြီး အမေစုဆိုတာ အင်းလျားဆောင်အခမ်းအနားတိုင်းမှာ တွေ့ရပါတယ်။ အသက် ၉၀ ရှိနေပြီ၊ အလွန်ကျန်းမာပြီး အလွန်စိတ်ကောင်းရှိသူ ကျောင်းသူဟောင်းကြီးပါ။ ကျွန်တော်တို့ကတော့ ရင်းနှီးချစ်ခင်မှုဖြင့် အမေစုလို့ပဲ ခေါ်ဖြစ်ပါသည်။ အခုတော့ မရှိတော့ပါ၊ ကွယ်လွန်သွားပါပြီ။ ယခု ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူး ဒေါက်တာတင်ထွန်း၏ အဖွားပါ။ အလွန်စကားပြောကောင်းပြီး နှစ်လိုခင်မင်ဖွယ်ကောင်းတဲ့ အဖွားပါပဲ။ အမှတ်တရဖြစ်လို့ ဖော်ပြခြင်းဖြစ်ပါသည်။



ရန်ကုန်တက္ကသိုလ် စိန်ရတုကာလ အင်းလျားဆောင်ကျောင်းသူဟောင်းများနှင့်အတူ
တွေ့ရသည့် အတွင်းရေးမှူး(၁)

ယခုတော့ ရန်ကုန်တက္ကသိုလ်ကြီးကို ပြန်လည်ပြုပြင်ပြီး ယခင်အတိုင်း ရန်ကုန်တက္ကသိုလ်ကြီး ပြန်လည်တောက်ပြောင်လာအောင် ဆောင်ရွက်နေကြပြီ ဟုသိရတော့ အလွန်ဝမ်းသာမိပါသည်။ ရန်ကုန်တက္ကသိုလ်နယ်မြေကြီး ပြန်လည်စည်ကားလာမည့် မြင်ကွင်းကို ပြန်လည်မှန်းဆနေမိပါတော့သည်။

သစ်ပုတ်ပင်ကြီး

ရန်ကုန်တက္ကသိုလ်ကြီး၏ အမှတ်သင်္ကေတဖြစ်သည့် သစ်ပုတ်ပင်ကြီးလည်း ရှိနေသေးသည်။ သက်တော်ရှည် ထူးခြားသောသင်္ကေတ အမှတ်တရအပင်ကြီးပင်ဖြစ်သည်။ ယခင်တုန်းက တက္ကသိုလ်ကြီးနှင့် ပတ်သက်သည့် တေးသီချင်းများ အမြောက်အမြား ရေးဖွဲ့ခဲ့ကြသလို ကျွန်တော်တို့ခေတ်ကာလမှာ တက္ကသိုလ် ကျောင်းသား/ကျောင်းသူ အဆိုကျော်မြောက်မြားစွာလည်း ပေါ်ထွန်းခဲ့ပါသည်။ အနုပညာရှင်များလည်း ပေါ်ထွန်းခဲ့ပါသည်။ ကျွန်တော် မှတ်မိသလောက်ကတော့ ကျွန်တော်တို့၏ စစ်ကိုင်းဆောင်ကျောင်းသားဟောင်းဖြစ်သူ

ကိုသန်းလှိုင် ပေါ်ထွက်ခဲ့ပါသည်။ စန္ဒယား နီနီတို့၊ ကိုလှထွဋ်တို့၊ တေးရေးဆရာ ကိုလေးလွင်၊ အဆိုတော် စီလေးတို့၊ နွဲ့ယဉ်ဝင်းတို့၊ ကန့်ကော်တော မျိုးအောင်တို့၊ တက္ကသိုလ်အေးမောင်တို့၊ တက္ကသိုလ် လဲ့လဲ့တို့၊ နောက်လဲအများကြီးပါပဲ၊ တချို့လည်း မမှတ်မိတော့ပါဘူး။ ဒီလိုပျော်စရာကောင်းသည့် ဘဝလေးကိုတော့ ဘယ်တော့မှမေ့၍ မရနိုင်တော့ပါလို့ ဆိုလိုက်ချင်ပါသည်ခင်ဗျား။

ရုပ်ရှင်မင်းသား ကောလိပ်ဂျင်နေဝင်းဆိုရင် အလွန်ကျော်ကြားသည့် အနုပညာရှင်ဖြစ်ပါသည်။ ဒေါ်ဝါဝါဝင်းရွှေဆိုရင်လည်း အလွန်ကျော်ကြားခဲ့သည့် အနုပညာရှင်ဖြစ်ပါသည်။

o

(၄)

ကျွန်တော်နှင့် ရန်ကုန်မြို့တော်

အခန်း **အကြောင်းအရာ**

၅၀။ ကျွန်တော်နှင့်ရန်ကုန်မြို့တော်

၅၁။ ရန်ကုန်မြို့ပတ်ဝန်းကျင်က မြို့သစ်များကို ဖော်ထုတ်ခဲ့ခြင်း

အခန်း ၅၀

ကျွန်တော်နှင့် ရန်ကုန်မြို့တော်

ကျွန်တော်ကျောင်းသားဘဝ ၁၉၅၆ ခုနှစ် ပတ်ဝန်းကျင်က ရန်ကုန်တက္ကသိုလ်တွင် အဆင့်မြင့်ပညာတွေစတင်သင်ယူစဉ်ကာလတုန်းက ရန်ကုန်မြို့တော်ကြီးသည်ကျူးကျော်ရပ်ကွက်တွေနှင့် မြင်ကွင်းအလွန်ဆိုးနေပြီဖြစ်ပါသည်။ အဲဒီတုန်းက ဘတ်စ်ကားတွေက စစ်ကျန်ကားတွေကို မြန်မာမှုနှင့် ဘော်ဒီတင်ထားသည့် ဘတ်စ်ကားတွေပါ၊ ဟီးနိုးကားဆိုတာမရှိသေးပါ။ တက္ကသိုလ်ကနေ ရန်ကုန်မြို့ထဲ ပြေးဆွဲသည့်ကားက နဂါးရုပ်တပ်ထားတဲ့ကားပါ၊ မြို့ထဲမှာရှိကြသည့် အခြားကားလိုင်းတွေကလည်း မြန်မာမှုဘော်ဒီတင်ထားသည့် ဘတ်စ်ကားမျိုးတွေပဲ အဲဒီတုန်းက ကားလိုင်းတွေကို တိရစ္ဆာန်အရုပ်တွေနှင့်လိုင်းနံမယ်ပေးထားတာပါ။ ဒါပေမဲ့ကားစီးရတာ အလွန်အဆင်ပြေပါသည်။ မတ်တတ်ရပ်စီးရလောက်အောင် လူကျပ်တည်းမှုမရှိသေးပါ။ မြို့ထဲအထိသွားမှ တစ်မတ်ပဲပေးရတယ်၊ ခေတ်မီမြို့တော်ကြီးတော့မဖြစ်သေးဘူး။ ဒါပေမဲ့ သွားရေး၊ လာရေး၊ စားရေး၊ သောက်ရေး အဆင်ပြေသည်ဟုဆိုနိုင်ပါသည်။ အဲဒီတုန်းက ကျွန်တော်တက္ကသိုလ်ကျောင်းစရိတ်က တစ်လလုံးမှ ၇၅ ကျပ်ပဲသုံးရသည်။ ရွှေတာသုံးစွဲတာကြောင့် လောက်ငှခဲ့ပါသည်။

ဖွံ့ဖြိုးရေးအာရုံ မစိုက်နိုင်

ဖဆပလ အစိုးရခေတ်ကာလမှာ ပြည်တွင်းသောင်းကျန်းမှုမျိုးစုံကြောင့် မြို့ရွာများ တည်ငြိမ်အေးချမ်းရေးကိုသာ အစိုးရကအာရုံစိုက်လုပ်ကိုင်နေရပြီး တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် စီမံကိန်းကြီးတွေမလုပ်နိုင်သေးပါ။

ပြည်တော်သာ စီမံကိန်းဆိုပြီးတော့သာ လေပစ်နေတုန်းဟုထင်ပါသည်။ မြို့တော်စည်ပင်သာယာရေးလုပ်ငန်းများ ထိထိရောက်ရောက်မလုပ်နိုင်သေးပါ။ ရန်ကင်းမြို့သစ် တည်ဆောက်ရေးသာ လုပ်နိုင်သေးတယ်ဟု ထင်ပါသည်။

အိမ်စောင့်အစိုးရ

အိမ်စောင့်အစိုးရခေတ်ကာလမှာ ရန်ကုန်မြို့တော်သန့်ရှင်းရေးကို တော်တော်လုပ်နိုင်ခဲ့ပါသည်။ တောင်ဥက္ကလာပမြို့သစ်၊ မြောက်ဥက္ကလာပမြို့သစ်၊ သာကေတမြို့သစ်များ တည်ဆောက်ပြီး ကျူးကျော်ရပ်ကွက်တွေကို အတော်အသင့် ရှင်းလင်းနေရာချထားမှုလုပ်နိုင်ခဲ့သည်။ တော်လှန်ရေးကောင်စီအစိုးအရ လက်ထက်

:C Secretary (1) Maj-Gen Khin Nyunt co dially talks with residents of Dawon Myothit.—MNA Photo

ဒဂုံမြို့သစ်တည်ဆောက်ရေးကို အတွင်းရေးမှူး(၁)နှင့်အဖွဲ့
လှည့်လည်စစ်ဆေးရာတွင် ရွှေပြောင်းလာသည့်ပြည်သူများနှင့် တွေ့ဆုံစဉ်

မှာ သုဝဏ္ဏမြို့သစ်စီမံကိန်းဖြင့် ဝန်ထမ်းအိမ်ရာများတည်ဆောက်၍ တန်ဖိုးနည်း အိမ်ရာစီမံချက်ဖြင့် ဝန်ထမ်းများအတွက် စနစ်တကျနေရာချထားမှု ပြုလုပ်ပေးနိုင်ခဲ့တာကို တွေ့ရပါသည်။

အတွင်းရေးမှူး(၁)နှင့် (၂)

၁၉၈၈ ခုနှစ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရ လက်ထက်မှာ ရန်ကုန်မြို့တော်၏ မြင်ကွင်းသည် အလွန်အရုပ်ဆိုး၊ အကျည်းတန်မှုဖြစ်နေတာကြောင့် အစိုးရအဖွဲ့၏တာဝန်ပေးချက်အရ အတွင်းရေးမှူး(၁)နှင့်အတွင်းရေးမှူး(၂)တို့ကမြို့တော်စနစ်တကျဖြစ်ရေးနှင့်သာယာလှပရေးအတွက် တာဝန်ယူဆောင်ရွက်ခဲ့ကြရပါသည်။ လွတ်လပ်ရေးမရမီ ခေတ်ကာလက ရန်ကုန်မြို့တော်သည်။ အရှေ့တောင်အာရှမှာအလှဆုံးမြို့တော်ဖြစ်ခဲ့တယ်လို့ သိခဲ့ရပါသည်။

ရန်ကုန်ကိုစံထားပြီး စင်ကာပူတည်ဆောက်

စင်ကာပူမြို့တော်တည်ဆောက်စဉ်က ရန်ကုန်မြို့တော်ကို လာရောက်လေ့လာပြီးမှ တည်ဆောက်ခဲ့သည်ဟုသိရသည်။ ကိုလိုနီခေတ်ကာလက ရန်ကုန်မြို့တော်ကို စနစ်တကျတည်ဆောက်ခဲ့တာအမှန်ဖြစ်သည်။

လွတ်လပ်ရေးရပြီးခေတ်ကာလရောက်တော့ တဖြည်းဖြည်းချင်း ယိုယွင်းပျက်စီးမှုတွေဖြစ်လာသည်ဟုဆိုနိုင်ပါသည်။ ပြည်တွင်းဆူပူသောင်းကျန်းမှုတွေကြောင့် ကျေးလက်နေပြည်သူများသည် အေးချမ်းမှုရှိတာရယ်၊ အလုပ်အကိုင်တွေရှိနေတာရယ်ကြောင့် ရန်ကုန်မြို့ပေါ်တက်လာကြပြီး ကျူးကျော်ရပ်ကွက်များ ထူထောင်ကာ ဘဝကိုရုန်းကန်ခဲ့ကြရပါသည်။ ဤသို့အားဖြင့်ကျူးကျော်ရပ်ကွက်များသည် တိုးသည်ထက်တိုးလာ၊ သိပ်သည်းကျပ်တည်းမှုလည်းဖြစ်လာတာကြောင့် ကျန်းမာရေးရှထောင့်အရရော လူမှုရေးရှထောင့်အရရော ခဏ်းဝါးလှသည်ကို တွေ့ရသည်။

လုပ်ဖို့အခွင့်အရေးရလာ

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ခေတ်ကာလတုန်းက ကျွန်တော်သည် ဂျာမနီ၊ ဆွစ်ဇာလန်၊ အင်္ဂလန်မြို့ကြီးများသို့ ရောက်တော့ ရန်ကုန်မြို့တော်ကြီးကို အဲဒီလို သာယာလှပအောင် လုပ်နိုင်ရင်တော့ သိတ်ကောင်းမှာပဲ စိတ်ကူးထဲမှာ ပေါ်ခဲ့ပါသည်။ ယခုတာဝန်အရလုပ်ကိုင်ဖို့ အခွင့်အရေးရပြီဆိုရော ရန်ကုန်မြို့တော်ကြီးကို မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်အောင် လုပ်နိုင်သလောက်တဖြည်းဖြည်းချင်း လုပ်ခဲ့ရပါသည်။

ပန်းဥယျာဉ်တွေထူထောင်

ပထမဝိုင်းမှာ မြို့တွင်းလမ်းတွေချဲ့သည်၊ လမ်းတွေကောင်းအောင်လုပ်သည်။ ပန်းဥယျာဉ်တွေပြုပြင်သည်၊ ပန်းဥယျာဉ်အသစ်တွေတည်ထောင်သည်။ ပထမဆုံးပန်းဥယျာဉ်ကြီးကတော့ ပြည်လမ်းကပြည်သူ့ဥယျာဉ်ကြီးပါ။ ကျူးကျော်တွေနှင့် ချုံနွယ်ပိတ်ပေါင်းတွေကို အရင်ရှင်းလင်းပြီး အင်ဂျင်နီယာပညာရှင်များနှင့်

ရွှေတိဂုံစေတီတော်ကြီး၏ မြောက်ဘက်ရှိ သွေးဆေးကန်ကြီးကို ကျူးကျော်တဲများ ပြောင်းရွှေ့ပေးပြီး သာယာအောင် ပြုပြင်ခဲ့စဉ်

ကန်တော်ကြီးဥယျာဉ်ကို ဂန်ကုန်မြို့တော်ကျက်သရေအောင် ဥယျာဉ်ကြီးအဖြစ် တည်ဆောက်

ပြုပြင်မွမ်းမံရေးလုပ်ငန်းတိုင်းကို စံချိန်မီ တည်ဆောက်ရန်လိုအပ်

ရေရှည်တည်ဖြစ်ရှိအောင် စနစ်တကျ အစီအမံများ ချမှတ်ဆောင်ရွက်

ရန်ကုန်

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိုးချဲ့ဖွံ့ဖြိုးရေး(ရန်ကုန်) အကန့်အသတ်မဲ့ပြိုင်ပွဲကမ္ဘာ့ဥယျာဉ်ကြီးအလေးကို ယမန်နှစ်က ဧပြီလတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်နှင့် နီးကပ်နေရာရှိပတ်ဝန်းကျင်၊ နိုင်ငံတော်ဝန်ကြီးဌာန၊ ဒီလိုမျှမဟုတ်ပဲ ကမ္ဘာ့ဘဏ်ကြီးမှ ပေးချေသည့် ၁၀၀-သို့ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိုးချဲ့ဖွံ့ဖြိုးရေး(ရန်ကုန်) ဘဏ်ငွေပေးချေမှုကိုလည်းသောက်ဆုံးလုပ်ငန်းယမန်ပတ်ပတ်ဝန်းကျင်၊ ရန်ကုန်တိုင်း- ထောက်ပံ့-သက်သာရေးနှင့် ပြည်ထောင်စု-ပြည်ပ ရင်းနှီးမြှုပ်နှံမှု ရရှိရေးဆောင်ရွက်ခဲ့ကြရာ ရန်ကုန်တိုင်း-ဝန်ကြီးချုပ်ကိုယ်တိုင် ဦးဆောင်-အမှုဆောင်-ပါဝင်ကြောင်း ရန်ကုန်မြို့ပတ်ဝန်း၊ ရန်ကုန်ပြည်နယ်ရေ-ကုန်းပေါ်ရေ-ရေကြောင်းပေါ်ရေ ရေကူးကန်ကြီးများ ရန်ကုန်မြို့ပတ်ဝန်း၊ ရန်ပယမ်ကြီးများ နိုင်ငံတော် ဝေးလမ်းဆက်သွယ်ရေးနှင့် ဒုတိယ-ရေကားတံတားနှင့် ဒုတိယ-ရေကားတံတားကြီးများ ရန်ကုန်-ပုဇွန်တောင်-အမှတ်(၁) ပင်လယ်ကြီးများ ရန်ကုန်မြို့ပတ်ဝန်း၊ ရန်ပယမ်ကြီးများ ရေကြောင်းပေါ်ရေ ရေကူးကန်ကြီးများ ရန်ကုန်-ပုဇွန်တောင်-ပန်းတနီ-ကျောက်ဆီ-ကျောက်ပန်းတောင်း-ကျိုက်ထီးရိုး-ကျိုက်ဟိုရီ-ဘားအံ-ပုသိမ်-

များ ပြုပြင်ခြင်း၊ ကန်ပေါင်ရိုးတလျှောက် လှပအောင်ပြင်ဆင်ခြင်း၊ ပန်းဥယျာဉ်များ တည်ထောင်ခြင်း၊ စားသောက်ဆိုင်များ စနစ်တကျဖြစ်စေခြင်းတို့ဖြင့် မြို့တော်ကိုပဏာတင့်တယ်အောင် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

ကျူးကျော်တွေ့ရှေ့ပြောင်း

နိုင်ငံတကာမြို့တော်တွေကို မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်အောင်၊ ကျူးကျော်ရပ်ကွက်နေပြည်သူများ အိမ်ပိုင်မြေပိုင်ဖြစ်အောင်ဆိုပြီး ကျူးကျော်ရပ်ကွက်တွေ စတင်ရှေ့ပြောင်းမှုတွေလုပ်ရပါသည်။ ပထမပိုင်းမှာအလွန်ခက်ခဲသည်။ ပြည်သူအများစုကအလွန်စိတ်ဆင်းရဲကြတာအမှန်ဖြစ်သည်။ သို့သော်ကျူးကျော်နေထိုင်မှုဟာ ကျန်းမာရေးကိုလည်းထိခိုက်၊ လူနေမှုဘဝမှာလည်းနိမ့်ကျ၊ မီးဘေးအန္တရာယ်လဲစိုးရိမ်ရ ဆိုတော့စီမံကိန်းကိုမဖြစ်မနေဆောင်ရွက်ရသည်။ ပထမပိုင်း မြို့သစ်နေရာရွှေးချယ်မှုလုပ်၊ ကွင်းဆင်းတိုင်းတာမှုတွေလုပ်ဆောင်၊ မြို့ကွက်ပုံဖော် လမ်းတွေဖောက်၊ လျှပ်စစ်မီးတွေစိုက်၊ ရေရှိရေးစီစဉ်၊ အိမ်ဆောက်ပစ္စည်းများ ဈေးသက်သာစွာဝယ်ယူနိုင်အောင်စီစဉ်ဆောင်ရွက်ပြီးမှ ရပ်ကွက်တွေ စတင် ရွှေ့ပြောင်းပြီး၊ မြို့သစ်များ တည်ဆောက်ခြင်းဖြစ်ပါသည်။

မြို့သစ်များ

မြို့သစ်များဖြစ်သည့် ဒဂုံမြို့သစ်၊ ရွှေပြည်သာမြို့သစ်၊ လှိုင်သာယာမြို့သစ်များကို ရန်ကုန်မြို့တော်၏ ဆင်ခြေဖုံးမြို့သစ်များအဖြစ် တည်ဆောက်ကာ စနစ်တကျရွှေ့ပြောင်းမှုတွေပြုလုပ်ပေးခဲ့သည်။ မျက်နှာလွှဲခဲပစ်ဆိုတာမျိုးမဟုတ်ပဲ တပ်မတော်မှကားများဖြင့်တပ်မတော်သားများကိုယ်တိုင်လိုက်ပါသယ်ယူရွှေ့ပြောင်းပို့ဆောင်ပေးမှုတွေ လုပ်ပေးခဲ့သည်။ အိမ်တစ်ဆောင်ဖြစ်ဖို့အလွန်ခက်ခဲတာကြောင့် ပထမတော့ယာယီတဲများဖြင့်သာ နေကြရပြီး နောက်ပိုင်းတဖြည်းဖြည်းချင်းတည်ဆောက်ကြရတာဖြစ်ပါသည်။

တဲပေါ်မှ တိုက်ပေါ်တင်ခဲ့

အဲဒီလိုကျူးကျော်ရပ်ကွက်တွေရှေ့ပြောင်းပေးပြီးသော်လည်း မြင်ကွင်းမလှ စနစ်တကျမဖြစ်၊ စနစ်တကျလမ်းတောင်မရှိသည့် ရပ်ကွက်တချို့လည်းရှိနေသေးတာကြောင့် မြို့တော်အင်္ဂါနှင့်လည်းညီအောင် စနစ်တကျရပ်ကွက်တွေလည်းဖြစ်ထွန်းလာအောင် အဲဒီရပ်ကွက်တွေကိုလည်း အဆင့်မြှင့်တင်မှုတွေလုပ်ခဲ့ရသည်။ အဲဒီကတော့ ကျူးကျော်တဲတွေမဟုတ်ပါဘူး၊ မြေပိုင်ဆိုင်မှုရှိထားသူတွေပါ။ ဒါပေမဲ့ငွေကြေးမတတ်နိုင်၍ အိမ်သစ်မဆောက်နိုင်သူတွေပါ၊ သူတို့ကိုတော့ ငွေကြေးကုန် ကျမှုမရှိစေပဲ တဲပေါ်ကတိုက်ပေါ်တင်သည့် စီမံချက်ကိုဆက်လက်အကောင်အထည်ဖော်ပါသည်။ ကန်ထရိုက်လုပ်သူတွေနှင့် စနစ်တကျညှိနှိုင်းဆောင်ရွက်ရတာပါ။ ကန်ထရိုက်တိုက်ဆောက်တာ အနည်းဆုံးနှစ်နှစ်ခန့်ကြာတာဖြစ်၍၊ ဒီနှစ်နှစ်ခန့်တော့တနေရာမှာအိမ်ခန်းငှားနေပြီး တိုက်ပြီးတဲ့အခါမှာ တိုက်ပေါ်မှာ နေရာချထားပေးသည့်စနစ်ပါပဲ။ တစ်ချို့ဆိုရင်တစ်ခန်းမကပါဘူး၊ နှစ်ခန်းရသည့်သူ သုံးခန်းရသည့်သူတွေတောင်ရှိကြပါသည်။ ဒီလိုနည်းဖြင့် ရန်ကုန်မြို့တော်ကြီးကို မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်အောင်လုပ်ခဲ့သော်ငြားလည်းပဲ တခြား

ရန်ကုန်မြစ်အတွင်း စွန့်ပစ်နေသည့် မိလ္လာစနစ်ကို မြစ်အတွင်း မစွန့်ပစ်တော့ပဲ ဗိုလ်တထောင်ကမ်းနားတွင် သန့်စင်သည့် နည်းစဉ်ဖြင့် ပြုပြင်ပေးသည့် စနစ်ကို စစ်ဆေးကြည့်ရှုစဉ်

စက်မှုဇုံများ တည်ဆောက်ရေးကို လှည့်လည်စစ်ဆေးစဉ်

မြို့တော်တွေနှင့် ယှဉ်ကြည့်ရင်တော့ လုပ်ရမည့်လုပ်ငန်းတွေကတော့ အများကြီး ကျန်ပါသည်။ မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်အောင် မြို့တော်စည်ပင်သာယာရေး ကော်မတီတစ်ခုတည်းနှင့်လုပ်ခဲ့ရခြင်းမဟုတ်၊ အခြားသောဝန်ကြီးဌာနများ ပါဝင်သောကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဝန်ကြီးဌာနများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် အကောင်အထည်ပေါ် ဖြစ်ထွန်းခဲ့ခြင်းဖြစ်ပါသည်။

စက်မှုဇုံများ ထူထောင်ပေး

ရန်ကုန်မြို့တော်၏ ဆင်ခြေဖုံးမြို့သစ်များဖြစ်သော ဒဂုံမြို့သစ်၊ ရွှေပြည်သာမြို့သစ်၊ လှိုင်သာယာမြို့သစ်တွေနှင့်တွဲပြီး စက်မှုဇုံတွေလည်း တည်ဆောက်ပေးခဲ့သည်။ ရည်ရွယ်ချက်ကတော့ မြို့သစ်ကိုရောက်လာကြသည့် ပြည်သူများအတွက် စက်ရုံတွေပေါ်ထွန်းလာလျှင် အဲဒီစက်ရုံတွေမှာ အလုပ်အကိုင် ရလာစေရအောင် စီမံဆောင်ရွက်ပေးခဲ့တာဖြစ်ပါသည်။ ဒီလိုမြို့သစ်စနစ်တကျ တည်ဆောက်ပေးခဲ့သော်ငြားလည်း မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်အောင်မပြုတ်

ဆောင်ရွက်ရမည့်လုပ်ငန်းတွေကတော့ အများပြားရှိနေခဲ့သည်။ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဒေသအာဏာပိုင်တွေ၏ ပူးပေါင်းပါဝင်စီမံခန့်ခွဲဆောင်ရွက်မှုတွေကတော့ အမြဲမပြတ်ဆောင်ရွက်နေကြရမှာ ဖြစ်ပါသည်။

ဗိတ်ဆို့မှုကြားက တည်ဆောက်

ကျွန်တော်တို့ခေတ်ကာလမှာ ဒီလိုမြို့သစ်တွေတည်ဆောက်တည်ထောင်ပေးခဲ့တဲ့အပြင် -

အမျိုးသားပြတိုက်ကြီး၊
မူးယစ်ပြတိုက်ကြီး၊
မဂ်လာဒုံလေဆိပ်သစ်ကြီး၊
မီးရထားခုံးကျော်တံတားကြီးများ၊
ဘုရင့်နောင်မြစ်ကူးတံတားကြီး၊
အောင်ဇေယျမြစ်ကူးတံတားကြီး၊
မဟာဗန္ဓုလမြစ်ကူးတံတားကြီး၊
ရန်ကုန်-သန်လျင် အမှတ်(၂)မြစ်ကူးတံတားကြီး၊
ရွှေပြည်သာမြစ်ကူးတံတားကြီး၊
ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်ခြင်း၊
တိရစ္ဆာန်ဥယျာဉ်ကြီး အဆင့်မြှင့်ခြင်း၊
သိမ်ကြီးဈေးသစ်ကြီး တည်ဆောက်ခြင်း၊
ကွန်ဗင်းရှင်းစင်တာကြီး တည်ဆောက်ခြင်း၊
ဗိုလ်တထောင်က မိလ္လာစွန့်ပစ်စနစ်စက်ရုံ တည်ဆောက်ခြင်း၊
ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တည်ဆောက်ခြင်း
ဒဂုံတက္ကသိုလ်၊
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊
ရန်ကုန်အနောက် ပိုင်းတက္ကသိုလ်၊
လှိုင်သာယာနည်းပညာတက္ကသိုလ်၊

ရွှေပြည်သာ ကွန်ပျူတာတက္ကသိုလ်၊
သန်လျင်သီလဝါ ရေကြောင်းပညာတက္ကသိုလ်၊
လေးထောင့်ကန် စီးပွားရေးတက္ကသိုလ်၊
သွားဘက်ဆိုင်ရာတက္ကသိုလ်၊
နိုင်ငံတကာထေရဝါဒ သာသနာပြုတက္ကသိုလ်၊
ဒဂုံမြို့သစ် ယဉ်ကျေးမှုတက္ကသိုလ်၊
ရန်ကုန်ဆေးရုံကြီးပြုပြင်မွမ်းမံခြင်း၊
မျက်စိဆေးရုံသစ်ကြီး တည်ဆောက်ခြင်း
နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံသစ်ကြီးတည်ဆောက်ခြင်း

စသည့် မြို့တော်၏မဖြစ်မနေ လိုအပ်ချက်အဆောက်အအုံများကို တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများကို အနောက်နိုင်ငံကြီးများ၏ ပိတ်ဆို့တားဆီးထားမှုများ အကြားကပင်တတ်နိုင် သမျှဆောင်ရွက်ခဲ့ပါသည်။ အကယ်၍သာ အနောက်နိုင်ငံကြီးများ၏ ပိတ်ဆို့တားဆီးမှုများမရှိပါက ဒီထက်မကဆောင်ရွက်နိုင်မှာ အမှန်ပင်ဖြစ်ပါသည်။

ရန်ကုန်မြို့ယာဉ်ကြော ပိတ်ဆို့မှု

ယခုချိန်ကာလမှာတော့ ရန်ကုန်မြို့တော်အတွင်းမှာ မော်တော်ယာဉ်ပေါင်းများကြီးမားစွာတိုးပွားလာသော်ငြားလည်းပဲ လမ်းများ၏မူလအခြေအနေနှင့် လိုက်လျောညီထွေမဖြစ်တော့သဖြင့်ယာဉ်ကြောပိတ်ဆို့ခြင်း၊ ခရီးကြန့်ကြာခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုများကြောင့် မြို့နေပြည်သူအများအတွက် နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲမှုများနှင့်ကြုံတွေ့နေကြပါသည်။ ထိုအခက်အခဲကို စနစ်တကျစီမံဆောင်ရွက်တတ်သည့် ပညာရှင်အစစ်အမှန်များနှင့် တိုင်ပင်စီမံဆောင်ရွက်သင့်ပါသည်။

ရေမြောင်းများ ပိတ်ဆို့

ထို့အပြင်မိုးရာသီမှာအမြဲကြုံတွေ့နေရသည့် ရေမြောင်းများပိတ်ဆို့နေမှု၊ ရေစီးရေလာမမှန်ကန်မှုကြောင့် မော်တော်ကားလမ်းပေါ်တွင် ရေကြီးနေမှုများ မကြာခဏဖြစ်၍ မော်တော်ယာဉ်များမသွားနိုင်ပဲ ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏကြုံတွေ့နေကြရပါသည်။ အဆောက်အအုံအသစ်များတည်ဆောက်ရာမှာ ရေမြောင်းများပိတ်ပြီး တည်ဆောက်မှုကြောင့်လည်းကောင်း၊ မူလရှိရင်းစွဲမြောင်းများတွင် အမှိုက်သရိုက်နှင့်မြေကြီးများ၊ သဲများပိတ်ဆို့နေခြင်းကြောင့်လည်းကောင်း မူလရှိရင်းစွဲမြောင်းမကြီးများရှိရာသို့ ရေလမ်းကြောင်းပိတ်ဆို့နေမှုကြောင့် လည်းကောင်း၊ မူလမြောင်းမကြီးအချို့ ပိတ်ဆို့နေခြင်းကြောင့် မကြုံစဖူးရေကြီး ရေလျှံမှုများမကြာခဏဖြစ်ပေါ်နေတာကို တွေ့ရှိနေရပါသည်။ စင်ကာပူမြို့ကြီး တည်ဆောက်စဉ်ကာလက ရန်ကုန်မြို့တော်၏ ရေနှင့်မိလ္လာစနစ်ကို အတုယူကာ တည်ဆောက်ခဲ့သည်ဟု ကြားသိခဲ့ရပါသည်။ ဤကဲ့သို့အလွန်စနစ်တကျရှိပြီး၊ အလွန်ကောင်းမွန်ခဲ့သည့် အစီအမံအတိုင်း ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်းလည်း အကြံပြုတင်ပြလိုက်ပါသည်။

ကန်တော်ကြီးနှင့် အင်းယားကန်

ရန်ကုန်မြို့တော်အတွင်းမှ ယခင်ဗြိတိသျှဆောက်ကာလက စတင် ဖော်ထုတ်ပေးခဲ့သော ကန်တော်ကြီးနှင့် အင်းယားကန်တို့ကို အမြဲသာယာ လှပနေအောင် ရေများအမြဲသန့်ရှင်းနေအောင်၊ ရွှံ့နွံများဖြင့် ရေကန်ကြီးများ တိမ်ကောမသွားအောင်၊ နှစ်စဉ်တူးဖော်ခြင်း၊ ရွှံ့နွံများ ဖယ်ရှားခြင်း၊ ရေများ သန့်ရှင်းနေအောင် ပြုပြင်ခြင်း၊ ပန်းမာန်သစ်ပင်များဖြင့် လှပဝေဆာနေအောင် ပြုပြင်မွမ်းမံပေးခြင်းများ နှစ်စဉ်မပြတ် ပြုပြင်မွမ်းမံမှုများ ပြုလုပ်နေသင့်ပါ ကြောင်း။

O

အခန်း ၅၁

ရန်ကုန်မြို့ ပတ်ဝန်းကျင်က မြို့သစ်များဖော်ထုတ်ခဲ့ခြင်း

ရန်ကုန်မြို့တော်ကြီးကို အင်္ဂလိပ်အုပ်စိုးသော ကိုလိုနီခေတ်ကာလ စတင်တည်ဆောက်ခဲ့ရာမှာ အလွန်စနစ်ကျလှသဖြင့် အရှေ့တောင်အာရှမှာ အလွန်လှပသော၊ စနစ်ကျသော မြို့တော်ကြီးဖြစ်ခဲ့ပါသည်။ ဒါကြောင့်လည်း စက်မှုမြို့ကို တည်ဆောက်သည့်အချိန်မှာ ရန်ကုန်မြို့၏ စနစ်တကျ တည်ဆောက်ထားမှုကို အတုယူကာ တည်ဆောက်ခဲ့သည်ဟု ဂုဏ်ယူဖွယ်သတင်းများပင်ကြားခဲ့ရပါသည်။

သို့ပါသော်လည်း လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းလက်နက်ကိုင်ဆန့်ကျင်ဆူပူသောင်းကျန်းမှုတွေကြောင့် ရန်ကုန်တိုင်းအတွင်းက ကျေးလက်နေပြည်သူများနှင့် မြစ်ဝကျွန်းပေါ်ဒေသက ကျေးလက်နေပြည်သူအများသည် အေးချမ်းမှုရှိသော အလုပ်အကိုင်အခွင့်အလမ်းပေါများရာ ရန်ကုန်မြို့တော်သို့ ပြောင်းရွှေ့အခြေချလာခဲ့ကြသည်။ ထိုအချိန်ကာလမှစတင်ကာ ရန်ကုန်မြို့တော်အတွင်း ရပ်ကွက်များ တိုးတက်ဖြစ်ထွန်းလာခြင်း၊ အထူးသဖြင့် စနစ်မကျသော ပျံ့ကျရပ်ကွက်များ၊ ကျူးကျော်ရပ်ကွက်များဖြစ်ထွန်းလာခြင်းကြောင့် ရန်ကုန်မြို့ကြီးသည် မူလပုံစံ၊ မူလစနစ်အတိုင်း မဟုတ်တော့ပဲ ကျူးကျော်ရပ်ကွက်များဖြင့် မြို့တော်အင်္ဂါရပ်နှင့်မညီတော့သည့် အခြေအနေသို့ ရောက်ခဲ့ပါသည်။

ရပ်ကွက်များမှာလည်း စနစ်တကျ မဟုတ်တော့ပဲ ပျံ့ကျဖြစ်သလို တည်ဆောက်ကြတာကြောင့် လမ်းကြိုလမ်းကြားများဖြင့် လူမှုရေးအရလည်းကောင်း၊



ဒဂုံမြို့သစ်စီမံကိန်းတည်ဆောက်မှုကို အတွင်းရေးမှူး(၁)နှင့် တိုင်းမှူးအဖွဲ့တို့ လှည့်လည်စစ်ဆေးကြစဉ်

ကျန်းမာရေးအရလည်းကောင်း ဘေးအန္တရာယ်အရလည်းကောင်း စိုးရိမ်ဖွယ်ရာ အခြေအနေမျိုး ရောက်ခဲ့ရပါသည်။ ထိုသို့သော အခြေအနေကြောင့် အိမ်စောင့် အစိုးရခေတ်ကာလတွင် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် သာကေတ မြို့သစ်များကို ဖော်ထုတ်ကာ အချို့ရပ်ကွက်များကို ပြောင်းရွှေ့နေရာချထားပေးခဲ့ကြပါသည်။

၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလ ရောက်သောအခါ ရန်ကုန်မြို့ကြီး၏ လူဦးရေကလည်း အဆမတန် တိုးတက်လာခြင်း၊ ကျူးကျော်ရပ်ကွက်များကလည်း တိုးတက်ဖြစ်ထွန်းလာခြင်း၊ လူမှုရေးရှုထောင့်၊ ကျန်းမာရေးရှုထောင့်အရလည်း အခြေအနေဆိုးဝါးနေခြင်း၊ မီးသတ်ကားများပင် ဝင်ထွက်မှုအခက်အခဲကြောင့် မီးဘေးအန္တရာယ်အတွက် အမြဲစိုးရိမ်ကြောင့်ကြမှုဖြစ်ပေါ်နေခြင်းတို့ကြောင့် ဤပြဿနာများကို ဖြေရှင်းဖို့ နည်းလမ်းရှာကြံခဲ့ရပါသည်။

မြို့သစ်တစ်မြို့ တည်ဆောက်ဖို့ရာမှာ ဘက်ပေါင်းစုံ ပြည့်စုံရေးအတွက် အလွန်ခက်ခဲပါသည်။ ငွေကြေးကုန်ကျမှုကလည်း အလွန်များပြားပါသည်။ သို့သော် လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသည့် ပြည်သူများ၏ ဘဝလုံခြုံရေး၊ ကိုယ်ပိုင်အိမ်ရာဖြစ်ထွန်းရေးအတွက် မဖြစ်မနေလုပ်ကိုင်မှသာ မြို့တော်၏ အင်္ဂါရပ်နှင့်ညီညွတ်ပြီး ကျူးကျော်နေထိုင်သူများအတွက် အိမ်ပိုင်မြေပိုင်ဖြစ်ထွန်းရေးအတွက် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို ရယူကာ မြို့သစ်စီမံကိန်းများကို စတင်ဆောင်ရွက်ခဲ့ရပါသည်။

၁၉၈၉ ခုနှစ်အတွင်းမှာ စတင်ပြီး လှိုင်သာယာမြို့သစ်၊ ရွှေပြည်သာမြို့သစ် စီမံကိန်းကို စတင်ခဲ့ရပါသည်။ လမ်းများစတင်ဖောက်လုပ်ခြင်း၊ မီးတိုင်များ စိုက်ထူခြင်း၊ ရေရှိရေးအတွက် အဝီစီတွင်းများ တူးဖော်ခြင်း၊ ရေကန်များ တူးဖော်ခြင်းတို့ကို ပြုလုပ်ခဲ့ရပါသည်။ လမ်းကောင်းလာခြင်း၊ မီးရှိလာခြင်း၊ ရေကောင်းရေသန့်ရှိလာတော့မှ ကျူးကျော်ရပ်ကွက်များကို တပ်မတော်ကမော်တော်ယာဉ်များဖြင့် ရွှေ့ပြောင်းပေးခဲ့ရပါသည်။ အိမ်ဆောက်ရာတွင် အဆင်ပြေစေရန် ဝါး၊ နို၊ ထရန်းများကိုပါ တန်ဖိုးနည်းဖြင့်ရရှိအောင် စီမံဆောင်ရွက်ပေးခဲ့ရပါသည်။

၁၉၉၀ ပြည့်နှစ်ထဲရောက်တော့မှ ပိုမိုကောင်းမွန်ပြီး စနစ်ကျသော ဒဂုံမြို့သစ်စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ရပါသည်။ ဒဂုံမြို့သစ်တောင်ပိုင်းကို ကျူးကျော်ရပ်ကွက်များ၊ အမြင်မတင့်တယ်သည့်ရပ်ကွက်များကို ရွှေ့ပြောင်းနေရာချထားပေးခဲ့ရပါသည်။ ဒဂုံမြို့သစ်မြောက်ပိုင်းမှာတော့ လုပ်သက်ပြည့်ကာနီး

ဒလမှ လက်ခုပ်ကုန်းသို့ ကားလမ်းတည်ဆောက်ပြုပြင်မှုများ လှည့်လည်စစ်ဆေးစဉ် ကျေးလက်ပြည်သူအများနှင့် တွေ့ဆုံမှုမြင်ကွင်း

အနှစ် ၂၀ အထက်ဝန်ထမ်းများကို ပထမပိုင်းမှာ နေရာချထားပေးပြီး နောက်ပိုင်းကျမှ အနှစ် ၂၀ အောက် လုပ်သက်ရသူများကို အဆင့်လိုက်နေရာချထားပေးခဲ့ရပါသည်။

ဤမြို့သစ်နေရာများသည် ယခင်က လယ်ကွင်းများဖြစ်သဖြင့် မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနမှ ကျွမ်းကျင်သူ ပညာရှင်များနှင့်တိုင်ပင်ကာ စနစ်တကျ ပုံစံရေးဆွဲ မြို့ကွက်ဖော်ထုတ်ပြီးမှ အဆင့်လိုက်၊ အပိုင်းလိုက် စနစ်တကျ စီမံဆောင်ရွက်ခဲ့ရပါသည်။ မြို့တစ်မြို့ရဲ့ အင်္ဂါရပ်နှင့်ပြည့်စုံအောင် စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း၊ ဈေး၊ ပန်းဥယျာဉ်၊ ရေကန်၊ စေတီပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ အုပ်ချုပ်ရေးရုံး၊ ပြည်သူ့ရဲတပ်ဖွဲ့စသည်ဖြင့် မြို့တစ်မြို့၏အင်္ဂါရပ်နှင့် ပြည့်စုံအောင် အကွက်ချပုံစံများ ရေးဆွဲပြီးမှ စနစ်တကျ ပုံစံအတိုင်း တည်ဆောက်ပေးခဲ့ရပါသည်။

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်တွေကတော့ နောက်ပိုင်းမှာ အိမ်ရာစီမံကိန်းများ၊ စက်မှုဇုန်များအဖြစ် ပုံစံထုတ်ကာ စနစ်တကျ ဆက်လက်အကောင်အထည်ဖော်ခဲ့ရပါသည်။ နောက်ပိုင်းမှာ ခမ်းနားထည်ဝါသော ဒဂုံတက္ကသိုလ်ကြီးနှင့် ယဉ်ကျေးမှုတက္ကသိုလ်ကြီးတို့ကို ဆက်လက်အကောင်အထည်ဖော်တည်ဆောက်ပေးခဲ့ရပါသည်။

အိမ်ယာစီမံကိန်းနှင့် စက်မှုဇုံများ တည်ဆောက်မှု စီမံချက်ပုံစံကို
စစ်ဆေးကြည့်ရှုစဉ်

Secretary (1) of SLORC Maj-Gen Khin Nyunt and party inspect the drainage canal between No zo Ward and Thaichaung vill in southern sector of Dagon Myoma.—MNA Photo

ဒဂုံမြို့သစ်တည်ဆောက်ရေးတွင် ရေနုတ်တူးမြောင်း တူးဖော်ရေးလုပ်ငန်းကို စစ်ဆေးကြည့်ရှုစဉ်

လှိုင်သာယာမြို့သစ်ကတော့ ပထမပိုင်းမှာ အလွန်ဆင်းရဲသော ရပ်ကွက်နေ ပြည်သူများအတွက် အကုန်အကျသက်သာအောင် စီမံဆောင်ရွက်ပေးခဲ့ရာမှ ထိုမြို့သစ်တွင်နေရာချထားပေးသော ဆင်းရဲသား ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေဖြစ်ထွန်းလာအောင် စက်မှုဇုံတွေကို ဆက်လက်တည်ထောင်ပေးခဲ့ခြင်းဖြစ်ပါသည်။ ယခုဆိုလျှင် လှိုင်သာယာမြို့သစ်သည် အစည်ကားဆုံး၊ စီးပွားရေးလုပ်ကွက် အကောင်းဆုံးမြို့အဖြစ် ဖြစ်ထွန်းနေပြီဖြစ်ပါသည်။ လှိုင်သာယာမြို့သစ်အတွက် ထူးခြားမှုကတော့ ပန်းလှိုင်ဆေးရုံသစ်ကြီးနှင့် ပန်းလှိုင်ဂေါက်ကွင်းသစ်ကြီးတွေ ဖြစ်ထွန်းနေသည့်အပြင် ဘုရင့်နောင်အမှတ်(၁)တံတားအပြင်၊ အမှတ်(၂)တံတားကြီးပါ တည်ဆောက်ခဲ့ရာ ပြီးစီးနေပြီဖြစ်ကြောင်းဟု သိရှိရသဖြင့် လှိုင်သာယာမြို့သစ်အတွက်ရော၊ မြစ်ဝကျွန်းပေါ်ကပြည်သူ တွေအတွက်ပါ ဝမ်းသာစရာကောင်းသော သတင်းဖြစ်ပါသည်။

ရွှေပြည်သာမြို့သစ်ကတော့ အိမ်ပိုင် မြေပိုင်မရှိကြသော ကျူးကျော်ရပ်ကွက်နေပြည်သူများကို နေရာချထားပေးခြင်းအပြင် ဝန်ထမ်းအကြီးအကဲများကိုပါ နေရာချထားပေးခြင်းဖြစ်ရာ နောက်ပိုင်းမှာ စက်မှုဇုံကိုပါ တည်ဆောက်ပေးခဲ့တာကြောင့် ထိုမြို့နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများပါ ပေါ်ထွန်းခဲ့တာကြောင့် ယခုဆိုလျှင် မြို့သစ်နေပြည်သူများအတွက် ပိုမိုအဆင်ပြေနေကြပြီလို့ ခန့်မှန်းမိပါသည်။

တပ်မတော်အစိုးရလက်ထက်မှာ မြို့သစ်စီမံကိန်းများ ဖော်ထုတ်ပေးခြင်းသည် အိမ်ပိုင်မြေပိုင်မရှိသူများအတွက် အိမ်ပိုင်၊ မြေပိုင်များ ဖြစ်ထွန်းစေသည့်

အပြင် စက်မှုဇုံများပါ တဆက်တည်း တည်ထောင်ပေးခဲ့တာကြောင့် အလုပ်အကိုင် အခွင့်အလမ်းများပါ ဖြစ်ထွန်းလာကာ စားဝတ်နေရေးအတွက် ဝိုမိုအဆင်ပြေစေခဲ့ သည်ဟု ယုံကြည်မိပါသည်။

မြို့သစ်စီမံကိန်းများသည် တပ်မတော်အစိုးရ လက်ထက်မှာ ပြီးမြောက် အောင် တည်ဆောက်ပေးနိုင်ခဲ့တာကြောင့် ရန်ကုန်မြို့တော်အတွက် အတော်အသင့် အဆင်ပြေခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဒီမိုကရေစီခေတ်ကာလမှာ အကောင်အထည် ဖော်မည်ဆိုလျှင်တော့ အလွန်မလွယ်လှသည့် စီမံကိန်းများပင် ဖြစ်ပါသည်။

ယခုဆိုလျှင် လှိုင်သာယာ စက်မှုဇုံများ၊ ရေမြောင်းတလျှောက် ကျူးကျော် တဲများ အစီအရီပြန်လည်ဖြစ်ထွန်းနေသည်မှာ မြင်မကောင်းအောင်ပင် တွေ့ရှိနေရ ပါသည်။ ဘယ်လိုရှင်းကြမလဲဆိုတာတော့ ခန့်မှန်းရခက်နေပြီ ဖြစ်ပါသည်။

O

(၄)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ချက်များ

အခန်း **အကြောင်းအရာ**

၅၂။ မူးယစ်ဆေးဝါးကင်းစင်ရေး ဆောင်ရွက်ချက်များ

အခန်း ၅၂

မူးယစ်ဆေးဝါးကင်းစင်ရေး ဆောင်ရွက်ချက်များ

မြန်မာနိုင်ငံသည် ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းတို့မှ အလွန်နာမည်ကြီးပြီး နိုင်ငံတကာ၏ စွပ်စွဲမှုတွေကို အမြဲခံနေရသောနိုင်ငံ ဖြစ်ပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာ၊ ဖြန့်ဖြူးရာတွင် အလွန်နာမည်ကြီးသည့် ရွှေတြိဂံဒေသသည်လည်း မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့ ဆက်စပ်ပေါင်းဆုံရာနေရာ ဖြစ်သော်ငြားလည်း မြန်မာနိုင်ငံက အဓိကအခရာဖြစ်နေပါသည်။

ဘိန်းစိုက်ပျိုးရာဒေသ

မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးရာ အဓိကနေရာဒေသတွေက ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတို့ဖြစ်ရာ ထိုဒေသများမှ မူးယစ်ဆေးဝါးထုတ်လုပ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းမှတစ်ဆင့် ထိုင်းနိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါးမှောင်ခိုကုန်သည်များက သယ်ယူပို့ဆောင်ကြပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ဖို့ ဓာတုဗေဒပစ္စည်းများ မြန်မာနိုင်ငံတွင်မရှိပါ။ ထိုဓာတုဗေဒပစ္စည်းများကို မူးယစ်ကုန်သည်များက သယ်ယူလာကြကာ ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ မှောင်ခိုလမ်းကြောင်းများမှ ခိုးသွင်းလေ့ရှိကြပါသည်။ ယခုနောက်ပိုင်းကာလမှာတော့ တစ်ခါတစ်ရံ တရုတ်နိုင်ငံကတစ်ဆင့်လည်း

ရန်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄) မိုင်းလားတွင် ၁၉၉၇ ခုနှစ် ဧပြီလ (၂၂)ရက်နေ့က ဘိန်းပယောက်သည့် အထိမ်းအမှတ် ပြတိုက်ဖွင့်ပွဲ အခမ်းအနား ပြုလုပ်ခဲ့သည်။

မိုင်းလားဒေသတွင် မူးယစ်ကင်းမဲ့ရန်ကြေငြာပြီး၊ မူးယစ်ပြတိုက်ဖွင့်ပွဲ အခမ်းအနားတွင် အတွင်းရေးမှူး(၁)က မိန့်ခွန်းပြောကြားစဉ်

ခိုးသွင်းခိုးထုတ်ခြင်းများ ပြုလုပ်လာတာကို ကြုံတွေ့ရပါသည်။ ယခင်ကာလက မူးယစ်မှောင်ခိုကုန်သည်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့တို့ ပူးပေါင်းကာ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ ပြည်ပသို့သယ်ပို့ပေးခြင်းတို့ လုပ်ဆောင်နေကြတာကြောင့်နှစ်ပေါင်းကြာရှည်စွာဖြစ်တွန်းရှင်သန်ခဲ့ကြတာဖြစ်ပါသည်။

ဘိန်းအစားထိုးသီးနှံ

၁၉၈၈ ခုနှစ် နောက်ပိုင်း တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများ အပစ်အခတ်ရပ်ဆဲကြပြီးသည့်နောက်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စီမံကိန်းကို နိုင်ငံတော်အစိုးရနှင့် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်လာကြတာကြောင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး အစီအစဉ်များ စတင်ဖြစ်ထွန်းလာခဲ့သည်။ အထူးသဖြင့် ကိုးကန့်ဒေသ၊ ဝဒေသနှင့် မိုင်းလားဒေသတို့မှာ ပထမပိုင်းတွင် ရာဘာစိုက်ပျိုးရေးနှင့် ကြံစိုက်ပျိုးရေး၊ ဝက်မွေးမြူရေးနှင့် ကြက်မွေးမြူရေးတို့ကို နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဆောင်ရွက်မှုဖြင့် စတင်ခဲ့ရာ အောင်မြင်မှုရလဒ်များ ရရှိခဲ့သည်။

ပန်းဂျုံစိုက်ပျိုးရေး

နောက်ပိုင်းအစီအစဉ်အနေဖြင့် ဂျပန်နိုင်ငံအစိုးရ၏ ပါတီမှ ပန်းဂျုံစိုက်ပျိုးရေးအတွက် ပန်းဂျုံမျိုးစေ့နှင့် စိုက်ပျိုးရေးကျွမ်းကျင်သူပုဂ္ဂိုလ်များ စေလွှတ်ကာ ကိုးကန့်ဒေသမှာ စတင်စမ်းသပ်စိုက်ပျိုးမှုပြုလုပ်ခဲ့သည်။ ပထမစတင် စမ်းသပ်စိုက်ပျိုးမှုအနေနှင့် သုံးဧကခန့် စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းခဲ့တာကြောင့် ဒုတိယနှစ်မှာ ဧက ၃၀၊ နောက်နှစ်မှာ ဧက ၃၀၀၊ နောင်နှစ်မှာ ဧက ၃၀၀၀ စိုက်ပျိုးဖြစ်ထွန်းခဲ့သည်။ ပိုလျှံသည့် ပန်းဂျုံများကိုလည်း ဂျပန်နိုင်ငံက ပြန်လည်ဝယ်ယူခဲ့သည်။ ကိုးကန့်ဒေသ အောင်မြင်မှုများကိုကြည့်ပြီး ဝဒေသကလည်း ပန်းဂျုံစိုက်ပျိုးရေးကို တောင်းဆိုတာကြောင့် ဝဒေသကိုပါ မျိုးစေ့များ ပို့ပေးကာ စမ်းသပ်စိုက်ပျိုးမှုများ ပြုလုပ်စေခဲ့သည်။ ဝဒေသမှာ ပိုမိုအောင်မြင်တာက ရာဘာနှင့် လက်ဖက်စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေးလုပ်ငန်းများက ပိုမိုအောင်မြင်ဖြစ်ထွန်းတာကို တွေ့ရပါသည်။ နိုင်ငံတော်အပိုင်းကတော့ ဆန်ထောက်ပံ့ပေးခြင်း၊ ထွန်စက်စခန်းများဖွင့်လှစ်ထူထောင်ကာ ထွန်ယက်ပေးခြင်း၊ ဝက်နှင့်ကြက်မွေးမြူရေးလုပ်ငန်းများ ထူထောင်ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်။ ဤကဲ့သို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စီမံကိန်းကို လက်တွေ့အားဖြင့် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့တာကြောင့် UNDP ကပါ ပူးပေါင်းပါဝင်ပံ့ပိုးဆောင်ရွက်မှုများပါ ဖြစ်ထွန်းလာခဲ့သည်။



ရန်ကုန်မြို့ရှိ မူးယစ်ဆေးဝါးပယျောက်ရေးအသိပေးအမှတ် ပြတိုက်ကြီးကို တွေ့ရစဉ်။

မူးယစ်ဆေးဝါး ကင်းမဲ့ရေး

ဘိန်းနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းနှင့် အစားထိုးသီးနှံများ စိုက်ပျိုးရေး၊ ဝက်၊ ကြက်မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာတာ ကြောင့်၊ မိုင်းလားဒေသမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို သိသိသာသာ ကြိုးပမ်းဆောင်ရွက်ခဲ့တာကြောင့်လည်းကောင်း၊ မူးယစ်ဆေးဝါးပြတိုက်ကြီး တည်ဆောက်ကာ ပညာပေးမှုများကြောင့်လည်းကောင်း၊ မူးယစ်ဆေးဝါး ကင်းမဲ့ရေး အဖြစ် ပထမဆုံးကြေညာနိုင်ခဲ့ပါသည်။ ဝဒေသကလည်း မိုင်းလားဒေသကို နမူနာယူကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို ပြင်းပြင်းထန်ထန် ဆောင်ရွက်ခဲ့ရာမှ ၂၀၀၅ ခုနှစ်မှာ မူးယစ်ဆေးဝါးကင်းမဲ့ရေးအဖြစ် ကြေညာခဲ့တာတွေ့ရသည်။ ကိုးကန့်ဒေသကလည်း ဘိန်းအစားထိုး ပန်းဂျုံနှင့် ရာဘာ၊ ကြံစိုက်ပျိုးရေးလုပ်ငန်းများ သိသာထင်ရှားစွာ အောင်မြင်ဖြစ်ထွန်းခဲ့တာကြောင့် မူးယစ်ဆေးဝါးပြတိုက်ကြီး တည်ဆောက်ကာ ပြည်သူများသို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးပယောက်ရေးလုပ်ငန်းများကို ပညာပေးရင်းနှင့် မူးယစ်ကင်းမဲ့ရေးအဖြစ် ကြေညာနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့တာကို တွေ့ရှိရသည်။

ယခင်က မူးယစ်ဆေးဝါးဘုရင်ဟူ၍ နာမည်ကြီးခဲ့သော ဦးခွန်ဆာနှင့် သူ၏ MTA အဖွဲ့အစည်းသည်လည်း လက်နက်အားလုံးကို စွန့်လွှတ်ကာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့တာကြောင့် အနောက်နိုင်ငံများက ဘိန်းဘုရင် အစားထိုးဖို့ကို ဝဒေသမှ ခေါင်းဆောင်ဦးပေါက်ယူချန်းဖက်သို့ ဦးလှည့်ခဲ့တာကို တွေ့ရပါသည်။ အမှန်တကယ် ဘိန်းစိုက်ပျိုးခြင်း၊ ဟီးရိုးအင်းဟုခေါ်သည့် မူးယစ်ဆေးဝါးထုတ်လုပ်ရေးတို့မှာ မူးယစ်ဆေးဝါး မှောင်ခိုကုန်သည်များကသာ ဂိုဏ်းကြီးများထူထောင်ကာ ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ မူးယစ်ဆေးဝါးများ သယ်ပို့ပေးခြင်း၊ ဓာတုပစ္စည်းများ တင်သွင်းပို့ဆောင်ခြင်းတို့ကို ပြုလုပ်နေကြတာကြောင့် နိုင်ငံတစ်ခုကို လက်ညှိုးထိုးပြနေတာထက် မူးယစ်ဆေးဝါးဂိုဏ်းကြီးများကို ဖော်ထုတ်တိုက်ဖျက်သွားကြရမှာဖြစ်သည်။

မူးယစ်ဆေးဝါး မီရှိ.ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများ၊ သံတမန်များ၊ စစ်သံမှူးများနှင့် သတင်းစာဆရာများကို တွေ့.ရစဉ်။

အထူးစီမံကိန်း သတ်မှတ်ဆောင်ရွက်

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့်ပတ်သက်၍ တပ်မတော်အစိုးရ လက်ထက်မှာ အထူးစီမံကိန်းကြီးတစ်ရပ်အဖြစ် သတ်မှတ်ကာ ဘိန်းစိုက်ပျိုးခင်းများ ဖျက်ဆီးခြင်း၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများကို အခါအားလျော်စွာ ဖျက်ဆီးခြင်းတို့ ပြုလုပ်ခဲ့တာကြောင့် အတိုင်းအတာတစ်ခုအနေနှင့် အောင်မြင်သည်ဟု ဆိုနိုင်ပါသည်။ ပညာပေးခြင်းအနေဖြင့် ရန်ကုန်မြို့မှာ မူးယစ်ဆေးဝါးပြတိုက်ကြီးကို ခမ်းနားထည်ဝါစွာ တည်ဆောက်ပြီး လူငယ်များ၊ ကျောင်းသူကျောင်းသားများကို ပညာပေးခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးပွဲများပြုလုပ်ခြင်း၊ စာသင်ကျောင်းများတွင် မူးယစ်ဆေးဝါးအကြောင်း၊ လူသားအားလုံးကို လူညွှန့်တုံးစေသည့် ဖြစ်ရပ်များအကြောင်း ဟောပြောခြင်း၊ ဆွေးနွေးပညာပေးခြင်းတို့ကိုလည်း အခါမလပ်ပြုလုပ်ပေးခဲ့သည်။

မူးယစ်ဆေးဝါးသုံးစွဲခဲ့သည့် လူငယ်များအတွက် မူးယစ်ဆေးဝါးဆိုင်ရာ ပညာပေးရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများဖြစ်သည့် ယခင်ကသည်းကွင်း

စခန်းကို ပြန်လည်ပြုပြင်မွမ်းမံကာ ရွှေပြည်အေးစခန်း အမည်သစ်ဖြင့်လည်းကောင်း၊ ယခင်ဝက်ထီးကန်စခန်းဟောင်းကို ပြန်လည်ပြင်ဆင်ကာ ရွှေပြည်သာစခန်းအမည်သစ်ဖြင့်လည်းကောင်း၊ ကွတ်ခိုင်မြို့အနီးတွင် စခန်းသစ်တစ်ခုဖွင့်လှစ်၍လည်းကောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပယောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။ ဒီအပြင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအသင်းကို ဖွဲ့စည်းကာ နိုင်ငံတကာ NGO နှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ

ကျွန်တော်တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး တာဝန်စတင်ယူစဉ်ကာလ ၁၉၈၃ ခုနှစ်မှ စတင်ကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမေရိကန်အစိုးရ၏ US DEA UNITED STATES DRUG ENFORCEMENT ADMINISTRATION အဖွဲ့နှင့် ဆက်သွယ်ဆက်ဆံဆောင်ရွက်ခဲ့ရပါသည်။ အဲဒီကာလက မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် မိုးဟိန်းစစ်ဆင်ရေးများတွင် လိုအပ်သည့် သတင်းအချက်အလက်များကို အမေရိကန်သံရုံးရှိ DEA တာဝန်ခံက တစ်ဆင့်ရယူလေ့ရှိသည်။

၁၉၈၈ ခုနှစ်ကာလကဆိုလျှင် အမေရိကန်သံရုံးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်ရန် ဗိုလ်မှူးကျော်သိန်းကို တာဝန်ပေးအပ်ထားရာ အမေရိကန်သံရုံးမှ DEA တာဝန်ခံ MR. GREG KORNILOFF နှင့်လည်းကောင်း၊ လေကြောင်းဓာတ်ပုံကျွမ်းကျင်သူ CIA မှ MR. STEVE ALLERS တို့နှင့်လည်းကောင်း ဆက်သွယ်မှုအများဆုံး ပြုလုပ်ရပါသည်။ ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့သည့် မိုးဟိန်းအဆင့်(၂) စစ်ဆင်ရေးအတွက် မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက် မိုင်းဆတ်၊ ပုံပါကျင်အရှေ့ဘက်ခြမ်းတစ်လျှောက် UWSA 'ဝ' တပ်ဖွဲ့များနေရာယူထားသည့် လေကြောင်းဓာတ်ပုံများကို အမေရိကန်သံရုံးကနေပေးပို့ရရှိသဖြင့် မိုးဟိန်း

စစ်ဆင်ရေးများအတွက် များစွာအထောက်အကူဖြစ်ခဲ့ပါသည်။ UWSA 'ဝ' အဖွဲ့အစည်းသည် ယခုငြိမ်းချမ်းရေးဆောင်ရွက်ခဲ့သော အဖွဲ့အစည်းမဟုတ်ပါ၊ ယခင်ကတည်းက ရှမ်းပြည်နယ် တောင်ခြမ်းတွင် ဖွဲ့စည်းထားသော လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ယခုတော့ ယင်းအဖွဲ့အစည်းမရှိတော့ပါ။

မူးယစ်ဆေးဝါးဆိုင်ရာ အထူးအစည်းအဝေး

၁၉၉၀ ပြည့်နှစ်တွင် ကုလသမဂ္ဂ၏ ၁၇ ကြိမ်မြောက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ အထူးအစည်းအဝေးအား အမေရိကန်နိုင်ငံ နယူးယောက်မြို့ UN ရုံးချုပ်တွင် ကျင်းပရာ ထိုစဉ်က နိုင်ငံခြားရေးဒုဝန်ကြီးဦးအုံးကျော်တက်ရောက်ခဲ့ရာ ထောက်လှမ်းရေးမှ ဗိုလ်မှူးကျော်သိန်းပါ အဖွဲ့ဝင်အဖြစ် လိုက်ပါစေခဲ့ပါသည်။ ထိုအစည်းအဝေးပြီးသည့်အခါ ဝါရှင်တန်သို့ ဆက်လက်ထွက်ခွာပြီး အမေရိကန်ကွန်ဂရက်မှ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကော်မတီဥက္ကဋ္ဌ MR. CHARLES RANGEL နှင့် သွားရောက်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းပြနိုင်ခဲ့ပါသည်။

၁၉၉၀ ပြည့်နှစ်အတွင်းမှာပင် ဒုဗိုလ်မှူးကြီးကျော်သိန်း ဦးဆောင်၍ မူးယစ်ဆေးဝါးဆိုင်ရာ အစည်းအဝေး (TOKYO SUMMIT MEETING) ကို ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ကျင်းပရာသို့တက်ရောက်စေခဲ့ရာ UNFDAC (UNITED NATION FUND FOR DRUG ABUSE CONTROL) မှ တာဝန်ရှိပုဂ္ဂိုလ်များအပြင် G7 နှင့် AUSTRALIA မှ ကိုယ်စားလှယ်များနှင့်ပါ အစည်းအဝေးပြင်ပတွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများ အကြောင်း ရှင်းလင်းဆွေးနွေးနိုင်ခဲ့ပါသည်။

၁၉၉၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပသော UNFDAC မှ တာဝန်ရှိသူများနှင့် မြန်မာ၊ ထိုင်း၊ တရုတ်နိုင်ငံတို့ပါဝင်သော အစည်းအဝေးတွင် ဒုဝန်ကြီး ဦးအုံးကျော် ခေါင်းဆောင်လျက် ဒုဗိုလ်မှူးကြီးကျော်သိန်းပါ လိုက်ပါတက်ရောက်ကာ မြန်မာ၊ ထိုင်း၊ တရုတ်

သုံးနိုင်ငံ ပူးပေါင်းလျက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ၊ သတင်းဖလှယ်ရေးလုပ်ငန်းများ၊ FOCAL POINT များ သတ်မှတ်ရေးတို့ကို ဆွေးနွေးကြပြီး ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ခဲ့ကြပါသည်။

မူးယစ်ဆေးဝါး မီးရှို့ပွဲ

၁၉၉၀ ပြည့်နှစ် ဇွန်လထဲတွင် မြန်မာနိုင်ငံ DEA တာဝန်ခံအသစ် MR. ANGELO SALADINO နှင့် ပူးပေါင်းကာ မူးယစ်ဆေးဝါး မီးရှို့ပွဲများကို စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ဖြစ်သည့် ဇွန်လတိုင်းတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပနိုင်ခဲ့ပါသည်။

အမေရိကန်နိုင်ငံ CONGRESS မှ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကော်မတီဥက္ကဋ္ဌ CONGRESS MAN MR. CHARLES RANGEL အပါအဝင် လွတ်တော်အမတ် သုံးဦးတို့သည် ၁၉၉၂ ခုနှစ်ထဲတွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး နယ်စပ်တွင် ပြုလုပ်ခဲ့သော မူးယစ်ဆေးဝါး မီးရှို့ပွဲသို့ တက်ရောက်လေ့လာခဲ့ကြပါသည်။

၁၉၉၄ ခုနှစ်မှစ၍ AUSTRIA နိုင်ငံ VIENNA မြို့ရှိ UN ရုံးတွင် ပြုလုပ်သည့် COMMISSION ON NARCOTIC DRUGS (CND) နှစ်စဉ်အစည်းအဝေးသို့ ဗိုလ်မှူးကြီးကျော်သိန်းသည် အဖွဲ့ခေါင်းဆောင်အဖြစ်ဖြင့် တက်ရောက်စေခဲ့သည်။ ၂၀၀၄ ခုနှစ်အထိ ရှစ်ကြိမ်တိတိ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှုများကိုပြည့်ပြည့်စုံစုံရှင်းလင်းဆွေးနွေးမှုများပြုလုပ်နိုင်ခဲ့ပါသည်။

၁၉၉၄ ခုနှစ်မှ စတင်ကာ ASOD MEETINGS (ASEAN SENIOR OFFICIALS ON DRUG) အစည်းအဝေးများသို့ တက်ရောက်ခွင့်ရခဲ့သည်။ မြန်မာနိုင်ငံသည် ထိုအချိန်က အာဆီယံအဖွဲ့ဝင်နိုင်ငံမဖြစ်သေးသော်လည်း OBSERVER STATUS လေ့လာသူအဖြစ် တက်ရောက်ရသော်လည်း၊ တံခါးပိတ်အစည်းအဝေးများတွင်ပါ တက်ရောက်ခွင့်ရခဲ့ပါသည်။ အာဆီယံအဖွဲ့ဝင် ဖြစ်လာသောအခါ နှစ်စဉ်နှစ်တိုင်း ပုံမှန်အစည်းအဝေးများတွင်

၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အထူးဒေသ(၂) " ဝ " ဒေသ ဗဟင်းကျေးရွာအနီးရှိ ဘိန်းခင်းများ ဖျက်ဆီးသည့် အခမ်းအနားသို့ အတွင်းရေးမှူး(၁)နှင့်အဖွဲ့၊ ရောက်ရှိစဉ်။

နှစ်စဉ် ဇွန်လတွင် ကျင်းပမြဲဖြစ်သော မူးယစ်ဆေးဝါး မီးရှို့ပွဲအခမ်းအနားသို့ အတွင်းရေးမှူး(၁) နှင့် တိုင်းမှူး၊ ဝန်ကြီးများ၊ သံတမန်များ၊ ရဲအရာရှိကြီးများ တက်ရောက်ခဲ့ကြစဉ်

ဖမ်းဆီးရမိမှုးယစ်ဆေးဝါးနှင့် ဓါတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်း
အခမ်းအနားသို့ တက်ရောက်လာကြသော သံတမန်များ

ဖမ်းဆီးရမိသည့် မှုးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ
မီးရှို့ခြင်း ဖျက်ဆီးခြင်းတို့ကို ပြုလုပ်နေစဉ်

တက်ရောက်ဆွေးနွေးနိုင်ခဲ့တာကြောင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နေကြောင်း အာဆီယံနိုင်ငံ အားလုံးသို့ သတင်းဖြန့်ဝေနိုင်ခဲ့ပါသည်။

လေးနိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး

၂၀၀၂ ခုနှစ် မြန်မာ၊ ထိုင်း၊ တရုတ်၊ အိန္ဒိယ လေးနိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ပူးပေါင်းမှု အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီး ဦးတင်လှိုင်နှင့် အတူ ဗိုလ်မှူးချုပ်ကျော်သိန်းက အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့ရပါသည်။ အစည်း အဝေးက ဘန်ကောက်မှာ ကျင်းပခြင်းဖြစ်တာကြောင့် နိုင်ငံခြားသတင်း ထောက် များ၏ မေးမြန်းမှုများကို အကျေအလည် ဖြေကြားပေးနိုင်ခဲ့သည့်အပြင် ထိုင်းနိုင်ငံ နယ်စပ်မှတစ်ဆင့် တာချီလိတ်သို့ ဝင်ရောက်လေ့လာနိုင်အောင် စီစဉ်ပေးမှုများ ပြုလုပ်ခဲ့တာကြောင့် သတင်းထောက်များ၏ ကျေနပ်မှုကို ဖြည့်ဆည်းနိုင်ခဲ့ပါ သည်။

အမှန်တကယ်ဆောင်ရွက်မှု ပေါ်လွင်စေခဲ့

၁၉၉၂ ခုနှစ်က စတင်၍ အမေရိကန်နိုင်ငံမှ CRIME AND NARCOTICS CENTRE (CNC) နှင့် မြန်မာနိုင်ငံမှ တပ်မတော်ထောက်လှမ်းရေး က ဦးဆောင်လျက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် စိုက်ပျိုးရေးဝန်ကြီးဌာနတို့မှ ကိုယ်စား လှယ်များလိုက်ပါကာ မြန်မာနိုင်ငံ၏ ဘိန်းအထွက်တိုင်းတာမှု (OPIUM YIELD STUDY) ကို ရဟတ်ယာဉ်များဖြင့် ဘိန်းခင်းများရှိရာသို့ ကွင်းဆင်းတိုင်းတာမှု များ နှစ်စဉ်ပြုလုပ်ခဲ့ပါသည်။ ဤတိုင်းတာမှု အစီအစဉ်ကို နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၏ ပကတိအရှိအတိုင်း၊ ဖြစ်စဉ် ဖြစ်ရပ်အမှန်အတိုင်း ကမ္ဘာကသိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဤအစီ အစဉ်ကို ၂၀၀၄ ခုနှစ်အထိ အမေရိကန်နိုင်ငံ မူးယစ်အထူးအဖွဲ့နှင့် တပ်မတော် ထောက်လှမ်းရေးတို့ နှစ်စဉ်နှစ်တိုင်း ပြုလုပ်ခဲ့ကြတာကြောင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးမှာ အမှန်တကယ်ဆောင်ရွက်နေမှုကို ပေါ်လွင်စေ ခဲ့ပါသည်။



ရှမ်းပြည်နယ်အရှေ့.ပိုင်း အတူးဒေသ(၄) မိုင်းလားတွင် ၁၉၉၇ ခုနှစ် ဧပြီလ (၂၂)ရက်နေ့က ဘိန်းပရောက်သည့် အထိမ်းအမှတ် ပြတိုက်ဖွင့်ပွဲ အခမ်းအနား ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံဆောင်ရွက်မှုကို အသိအမှတ်ပြုခဲ့ရ

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံမှ ကျယ်ကျယ်ပြန့်ပြန့်သိရှိသဘောပေါက်စေရန် အတွက် ၂၀၀၂ ခုနှစ် မေလထဲတွင် တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ခေါင်းဆောင်စေလျက် ကိုယ်စားလှယ်အဖွဲ့.တစ်ဖွဲ့.ကို အမေရိကန်နိုင်ငံသို့ စေလွှတ်ခဲ့ပါသည်။ ယင်းအဖွဲ့.သည် အမေရိကန်နိုင်ငံ အိမ်ဖြူတော်၏ မူးယစ်ဆေးဝါးဆိုင်ရာ ပေါ်လစီချမှတ်သည့်အဖွဲ့. OFFICE OF NARCOTICS CONTROL POLICY (WHITE HOUSE) မှ ကိုယ်စားလှယ်များနှင့် တစ်ကြိမ်၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန STATE DEPARTMENT မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး (မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတာဝန်ယူထားသူ) MR RANDI BEERS ဦးဆောင်သောအဖွဲ့.နှင့်တစ်ကြိမ်၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီး MR MATT DALCY(နိုင်ငံရေး)နှင့် တစ်ကြိမ်၊ အမေရိကန် JUSTICE DEPARTMENT မှ ASSISTANT ATTOR-

NEY GENERAL နှင့်တစ်ကြိမ်၊ အမေရိကန် TREASURY DEPARTMENTမှ ASSISTANT SECRETARY OF TREASURY နှင့်တစ်ကြိမ်၊ အမေရိကန် CIA ရုံးချုပ်၌ CRIME AND NARCOTICS CENTRE မှ တာဝန်ရှိသူများနှင့်တစ်ကြိမ်၊ အမေရိကန် DRUG ENFORCEMENT ADMINISTRATION (DEA) ရုံးမှ ADMINISTRATOR ဦးစီးအဖွဲ့နှင့် တစ်ကြိမ် အသီးသီးတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ရွက်မှုများနှင့် အမေရိကန်နိုင်ငံ၏ လိုလားချက်များအား အကျေအလည် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးခဲ့သည့်အဖွဲ့များအားလုံးကပင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း၊ သို့သော်လည်း လက်ရှိနိုင်ငံရေးအခြေအနေအရ စစ်အစိုးရအပေါ် တိုက်ရိုက်ထောက်ခံမှုများ၊ အားပေးမှုများ မဆောင်ရွက်နိုင်ကြောင်းကို ရှင်းပြကြပါသည်။ ယင်းတို့၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့များဖြစ်သော CNC နှင့် DEA အဖွဲ့တို့ကလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံကလည်း ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ပြုလုပ်သွားရန် ဆွေးနွေးခဲ့ကြပါသည်။

၂၀၀၄ ခုနှစ်ထိ ဆောင်ရွက်

အထက်ဖော်ပြပါ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတကာမှ သိရှိလာအောင် တစ်ဖက်ကကြိုးပမ်းဆောင်ရွက်ခဲ့သလို တစ်ဖက်ကလည်း မူးယစ်ဆေးဝါးပယျောက်ရေးအတွက် နှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်ထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်ကာ ဘိန်းခင်းများဖျက်ဆီးခြင်း၊ ဘိန်းချက်စက်ရုံများရှာဖွေဖော်ထုတ်ဖျက်ဆီးခြင်း၊ ဘိန်းမှောင်ခိုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများအား ရှာဖွေဖော်ထုတ်အရေးယူခြင်း၊ မူးယစ်ဆေးဝါးဖော်စပ်ချက်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းကာ ဘိန်းကင်းမဲ့ဧရိယာများအဖြစ် ကြေညာနိုင်ရေး

ဆောင်ရွက်ခြင်းစသည်ဖြင့် ကြိုးပမ်းမှုများကို ၂၀၀၄ ခုနှစ်အထိ မိမိအနေဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျွန်တော် အရေးယူခံရပြီးသည့်နောက်ပိုင်း အခြေအနေများကိုတော့ မသိတော့ပါ။ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နေမှု အခြေအနေများ မည်သို့မည်ပုံ တိုးတက်ဖြစ်ထွန်းလာသည်များကို မသိရှိနိုင်တော့ပါ။ မူးယစ်ဆေးဝါး အများအပြား နိုင်ငံအတွင်း ပျံ့နှံ့နေသည်ကိုတော့ မကြာခဏ သတင်းများ ကြားသိနေရပါသည်။ လူမျိုး၏ ကိုယ်ခံအားတွေ ကျဆင်းစေသည့် အရိပ်နိမိတ်များပင်ဖြစ်ပါသည်။

ယခင်က မူးယစ်ဆေးဝါးဖမ်းဆီးရမိပစ္စည်းများကို မကြာခဏ မီးရှို့ဖျက်ဆီးမှုတွေ လုပ်နိုင်ခဲ့သော်လည်း၊ ယခုအခါမှာ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ မီးရှို့ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ လှုပ်ရှားမှုများလည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ဆောင်ရွက်မှုများ အလွန်နည်းပါးနေသေးသည်ဟု ထင်မြင်မိပါသည်။

○

(၃)

ကျွန်တော်နှင့် နိုင်ငံတကာဆက်ဆံရေး

အခန်း **အကြောင်းအရာ**

၁၃။ ကျွန်တော်နှင့် နိုင်ငံတကာဆက်ဆံရေး

၁၄။ မြန်မာနှင့် အာဆီယံအကြောင်း

၁၅။ ထိုင်းနိုင်ငံတွင်ကျင်းပသည့် ဘင်းမ်စတက်
(BIMSTEC) အစည်းအဝေးတက်ရောက်ခြင်း

၁۶။ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့
ဝန်ကြီးချုပ်ခရီးစဉ်တွင် လက်မှတ်ထိုးခဲ့မှုများ

အခန်း ၅၃

ကျွန်တော်နှင့် နိုင်ငံတကာဆက်ဆံရေး

တပ်မတော်အစိုးရ နိုင်ငံတော်၏တာဝန် စတင်တာဝန်ယူစဉ်ကာလအစ ကတည်းက နိုင်ငံတကာရဲ့ ထိုးနှက်မှုတွေ၊ ဖိအားပေးမှုတွေ အကြီးအကျယ် ခံခဲ့ရသည်။ အထူးသဖြင့် အမေရိကန်နိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများရဲ့ ဖိအားပေးမှုတွေက အလွန်ပြင်းထန်လွန်းသည်။ နိုင်ငံတကာမှာလည်း ဒီမိုကရေစီ ထွန်းကားရေးကို ပိုမိုအလေးပေးကြီးပမ်းနေကြသည့်ကာလဖြစ်၍ စစ်အစိုးရအပေါ် မကျေမချမ်း ဖြစ်နေကြတာ အမှန်ဖြစ်သည်။

အမေရိကန်နှင့် ဥရောပနိုင်ငံတွေက အကဲခတ်သမားတွေ၊ လေ့လာသူတွေ၊ သတင်းသမားတွေ တော်တော်များများ လာရောက်လေ့လာကြ၊ တွေ့ဆုံမေးမြန်းမှုတွေပြုလုပ်ကြနှင့် ဆက်တိုက်ပြုလုပ်ကြလေသည်။

ဗိုလ်ခင်ညွှန့် မင်းပဲတွေ့ပြီးပြောလိုက် အာညောင်းလို့

စောစောပိုင်းကတော့ ဗိုလ်ချုပ်မှူးကြီးစောမောင်ကို တွေ့ဆုံမေးမြန်းမှုတွေ၊ သတင်းချုပ်တာတွေ လုပ်ကြသည်။ နောက်ပိုင်းမှာတော့ "ကိုခင်ညွှန့်၊ ငါမတွေ့တော့ဘူးကွာ၊ မောင်ရင်ပဲတွေ့ပြီး ပြောသင့်တာပြောပေါ့ကွာ၊ ကိုယ်လည်း ရှင်းပြရလွန်းတော့ အာညောင်းနေပြီ၊ တို့နိုင်ငံရဲ့ အနေအထားနဲ့ အခြေအနေ မသိတော့ ရှင်းပြရတာခက်တယ်ကွ" အဲဒီလိုနဲ့ပဲ နောက်ပိုင်းလာတဲ့သူ တော်တော်များများကို

ကျွန်တော်ပဲ တွေ့ဆုံရှင်းပြမှုတွေ လုပ်ခဲ့ရသည်။ ဂါရဝပြုဖို့သက်သက် လာရောက်သူများကိုတော့ ဗိုလ်ချုပ်မှူးကြီးစောမောင်က လက်ခံတွေ့ပါသည်။

၁၉၉၂ ခုနှစ်နောက်ပိုင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌ ဖြစ်လာတော့လည်း ယခင်မူအတိုင်းပါပဲ၊ ရင်းနှီးတဲ့နိုင်ငံတွေကပုဂ္ဂိုလ်တွေ၊ အာဆီယံနိုင်ငံများကပုဂ္ဂိုလ်တွေတွေ့တာတော့ ဥက္ကဋ္ဌ ကိုယ်တိုင်တွေ့ဆုံမှုတွေ လုပ်ပါတယ်။ သံအမတ်ခန့်အပ်လွှာပေးတာတို့၊ တွေ့ဆုံဂါရဝပြုတာတို့ကတော့ ဥက္ကဋ္ဌကိုယ်တိုင်တွေ့သည်။ သာမန်တွေ့ဆုံမေးမြန်းမှုတွေ၊ အစိုးရဒါ်ပေါ်လစီပိုင်းဆိုင်ရာ မေးမြန်းမှုတွေကျတော့ အတွင်းရေးမှူး(၁)ကပဲ တွေ့ဆုံရှင်းလင်းမှု၊ ဖြေကြားမှုတွေ လုပ်ရပါသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံကလာကြသည့် ပုဂ္ဂိုလ်တွေ၊ သတင်းသမားတွေ၊ ဆီနိုတ်တာတွေ၊ ကွန်ဂရက်အမတ်တွေဆိုလျှင် အတွင်းရေးမှူး(၁)နှင့်ပဲ တွေ့ဆုံဖြေကြားမှုတွေ၊ ရှင်းလင်းဆွေးနွေးမှုတွေ လုပ်ခဲ့ရသည်။ ဥက္ကဋ္ဌကိုတော့ ဂါရဝပြုရုံသက်သက်ပဲ တွေ့ဖြစ်ကြပါသည်။

အမေရိကန်နှင့် အနောက်နိုင်ငံကလာကြသည့် ပုဂ္ဂိုလ်တော်တော်များများဟာ ကျွန်တော်နှင့် တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ကြတော့ တချို့လည်း ရင်းနှီးကျွမ်းဝင်မှုရှိကြပါသည်။ လာရောက်တွေ့ဆုံသူများ ကျေနပ်အောင်လည်း နိုင်ငံ၏အခြေအနေမှန်ကို စိတ်ရှည်စွာရှင်းလင်း ဆွေးနွေးပေးတာကြောင့်လည်း ကျေနပ်သွားကြပါသည်။ အထူးသဖြင့် အစိုးရရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပေါ်လစီတွေ တိုင်းပြည်အေးချမ်းတည်ငြိမ်ရေး၊ တိုင်းရင်းသားများ စည်းလုံး ညီညွတ်ရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါးပယောက်ရေးနှင့် ရှေ့ဆောင်ရွက်မည့် အစီအမံများကို ပွင့်ပွင့်လင်းလင်းရှင်းလင်းပေးနိုင်ခဲ့တာကြောင့်လည်း ကျေနပ်လက်ခံကြပါသည်။ သို့သော် သူတို့နိုင်ငံပြန်ရောက်လျှင် အများစုလက်ခံလာအောင် ပြန်လည်ရှင်းပြဖို့ကတော့ ခက်ခဲမှုရှိသည်ဆိုတာတော့ ရောက်လာသည့် ပုဂ္ဂိုလ်အများစုက ပြောကြသည်။ ဒါလည်း သဘာဝကျပါသည်။ ဘာဖြစ်လို့လဲဆိုလျှင် နိုင်ငံတကာမှာက စစ်အစိုးရဆိုတာကို လက်မခံကြ၊ ဒီမိုကရေစီစနစ်ကိုပဲ လိုလားကြတာဆိုတော့ ကျွန်တော်တို့နိုင်ငံအတွက် အကျပ်အတည်း ဖြစ်ရပါသည်။

၂၀၁၄ ခုနှစ်အတွင်းက ကုလသမဂ္ဂအထူးကိုယ်စားလှယ် (ဦးမိုး) မစ္စတာအစ္စမေးရ်ရာစလီ မိမိအိမ်သို့ လာရောက်တွေ့ဆုံစဉ်

အလွန်မျှတသောပုဂ္ဂိုလ်

နိုင်ငံတကာ သုတေသီပညာရှင်များဖြစ်ကြသည့် အမေရိကန်နိုင်ငံက ပါမောက္ခဂျေစတိုင်းဘတ်တို့၊ အင်္ဂလန်နိုင်ငံက ရောဘတ်တေလာတို့ဆိုရလျှင် အလွန်မျှတသည့်ပုဂ္ဂိုလ်တွေဖြစ်ကြပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေတွေရယ်၊ အလွန်များပြားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ အနေအထားရယ်၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကြီး၏အကြား တည်ရှိနေရသည့် ပထဝီ-နိုင်ငံရေးအနေအထားတွေရယ်က နိုင်ငံတော်ရဲ့ အကျပ်အတည်းဖြစ်ပေါ်မှုကို ဒီပုဂ္ဂိုလ်များက သဘောပေါက်နားလည်ကြတာကြောင့် သူတို့ဆီက ကောင်းသော အကြံဉာဏ်များလည်း ရရှိခဲ့ပါသည်။

ကျွန်တော်နှင့် အလွန်ရင်းနှီးပြီး ဆက်ဆံရေးအလွန်ကောင်းကြသည့် ပုဂ္ဂိုလ်တွေလည်း တွေ့ကြုံခဲ့ရသည်။ အထူးသဖြင့် UNHCR ခေါ်သည့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး၊ နောက်ပိုင်းမှာ မြန်မာနိုင်ငံအတွက် လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စစ်အိုဂါတာဆိုလျှင် ဂျပန်နိုင်ငံသူလည်း

ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း၏ ဥက္ကဋ္ဌ-မစ္စတာဝါတာနာဘေး မိမိအိမ်သို့ လာရောက်တွေ့ဆုံစဉ် ၂၀၁၃ ခုနှစ်အတွင်း ဂျပန်သံရုံးသံမှူးကြီးနှင့်အတူ

ဖြစ်တာကြောင့် မြန်မာနိုင်ငံအပေါ် အလွန်နားလည်မှုရှိသည့် အမျိုးသမီးကြီးဖြစ်ပါသည်။ သူမထံက အထောက်အကူပြုမှု များစွာရရှိခဲ့ပါသည်။

နောက်တစ်ယောက်ကတော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ့အစ္စမေးလ်ရာဇာလီပါ။ သူကတော့ အစိုးရနှင့် နိုင်ငံရေးအဖွဲ့အစည်းများ ပြေလည်မှုဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေသူဖြစ်သည်။ မလေးရှားနိုင်ငံသားဖြစ်ပြီး ယခင်ဝန်ကြီးချုပ်ဒေါက်တာမဟာသီယာကိုယ်တိုင်ရွေးချယ်ပေးသည့် ပုဂ္ဂိုလ်ဖြစ်တာကြောင့် သဘောထားကောင်းမွန်သူ၊ သမာသမတ်ကျသူ ဖြစ်သည်။

အလွန်စိတ်ကောင်းရှိသူ

နောက်တစ်ဦးကတော့ ကုလသမဂ္ဂ၏ ဒုတိယအတွင်းရေးမှူးချုပ်အဖြစ် စေတနာ့ဝန်ထမ်းဆောင်ရွက်လျက်ရှိသူ မစ္စတာ J.V. Reed ဆိုလျှင် မြန်မာနိုင်ငံ

ကို တစ်နှစ်လျှင် နှစ်ကြိမ်ခန့်လာရောက်ပြီး နိုင်ငံတကာ၏ အခြေအနေတွေ၊ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ထားရှိသည့်သဘောထား၊ ကုလသမဂ္ဂ၏ လတ်တလောရင်ဆိုင်ဖြေရှင်းဆောင်ရွက်ပေးနေရသည့် အခြေအနေအရပ်ရပ်တို့ကို ရှင်းလင်းပြသသည့်အပြင် မြန်မာနိုင်ငံအတွက် ကောင်းရာကောင်းကျိုးဖြစ်ထွန်းရေးအတွက် ဆွေးနွေးပြီး အကြံကောင်း၊ ဉာဏ်ကောင်းပေးသူဖြစ်ပါသည်။ မြန်မာနိုင်ငံ၏အကျိုး လိုလားသူဖြစ်သည့်ပြင် အလွန်စိတ်ကောင်းရှိသူဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်အကြီးအကဲများ၊ နိုင်ငံခြားရေး ဝန်ကြီးများအားလုံးကတော့ မြန်မာနိုင်ငံအပေါ် အလွန်စိတ်ကောင်းရှိကြပြီး နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တိုးတက်ဖြစ်ထွန်းရေးအတွက် အလွန်လိုလားကြသူများ ဖြစ်ကြပါသည်။

အမေရိကန်က မျိုးစုံလုပ်

အမေရိကန်အစိုးရကတော့ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအကြောင်းပြချက်၊ လူအခွင့်အရေးအကြောင်းပြချက်နှင့် ဖိအားအမျိုးမျိုးပေးခဲ့သည့်အပြင် ပိတ်ဆို့

၂၀၁၃ ခုနှစ်အတွင်းက အမေရိကန်နိုင်ငံမှ ကွန်ဂရက်အမတ်၊ အငြိမ်းစားမစ္စတာ ရဒ်ချတ်စင် မိမိအိမ်သို့ လာရောက်လည်ပတ်တွေ့ဆုံစဉ်

၂၀၁၂ ခုနှစ်အတွင်းက စကီးပူနိုင်ငံ
ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင် မိမိအိမ်သို့
လာဂျောက်လည်ပတ်စဉ်

တရုတ်နိုင်ငံကြီးက ကြိုဆို

အဲဒီလို အမေရိကန်အစိုးရနှင့် အမေရိကန်လွှတ်တော်တို့က မြန်မာနိုင်ငံ အပေါ် ထွက်ပေါက်မရအောင် နည်းမျိုးစုံဖြင့် ပိတ်ပင်တားဆီးမှုတွေကြောင့် နိုင်ငံတော်၏ ထွက်ပေါက်တစ်ခုရှာသည့်အခါ မြောက်ဘက်မှာရှိသည့် တရုတ်နိုင်ငံကြီးက လက်ကမ်းကြိုဆိုခဲ့တာကိုတွေ့ရသည်။ တရုတ်နိုင်ငံကလည်း ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုထူထောင်ထားတာရယ်၊ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးကို မျှော်မှန်းချက်ရှိတာရယ်ကြောင့် လက်ကမ်းကြိုဆိုခဲ့သည်။ အဲဒီလို တစ်ဖက်က ပိတ်ပင်တားဆီးမှု၊ ပိတ်ဆို့ထားမှုတွေလုပ်နေပေမယ့် တစ်ဖက်က လက်ကမ်းကြိုဆိုနေတာကြောင့် လက်ကမ်းကြိုဆိုသည့်ဘက်ကို အခြေအနေအကြောင်းကြောင်းတွေကြောင့် ရောက်ရှိသွားတာ အမှန်ပါ။ ဒါကတော့ သဘာဝပါ။

မောင်းထုတ်သည့်သူရှိနေလျှင် ကြိုဆိုသည့်ဘက်ကိုရောက်သွားတာ မထူးဆန်းပါ။ ဖြစ်တတ်သည့်သဘောပါ။ ဒါပေမဲ့ ရေရှည်နိုင်ငံ၏ အကျိုးစီးပွားကို မျှော်မှန်းပြီး လုပ်တတ်ဖို့၊ နေတတ်ဖို့တော့ လိုအပ်ပါသည်။ ကြိုးဆွဲရာမကမိဖို့၊ ကြားနေတတ်ဖို့လည်း လိုအပ်ပါသည်။

အာဆီယံခေါင်းဆောင်များ လိုလားမှု

မြန်မာနိုင်ငံဟာ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှာ အာဆီယံအသင်းဝင်နိုင်ငံဖြစ်ခဲ့သည်။ အဲဒါကလည်း ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာဘာန်ဟန်း၏ အထူးလိုလားအားပေးမှုအပြင် အာဆီယံအသင်းဝင်ခေါင်းဆောင်များအားလုံး၏ လိုလားဆန္ဒရှိမှုတို့ကြောင့် အာဆီယံအသင်းဝင်ဖြစ်လာခဲ့တာဖြစ်သည်။ အဲဒီတုန်းက အာဆီယံခေါင်းဆောင်တွေက အင်ဒိုနီးရှားသမ္မတကြီး မစ္စတာဆူဟာတို၊ ဖိလစ်ပိုင်သမ္မတဗိုလ်ချုပ်ကြီးရာမို့စ်၊ ဘရူးနိုင်းဘုရင် ဘိုကီးယား၊ မလေးရှားဝန်ကြီးချုပ် ဒေါက်တာမဟာသီရာ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ မစ္စတာဘာန်ဟန်း စင်ကာပူဝန်ကြီးချုပ် မစ္စတာဂိုချောက်တောင်တို့ဖြစ်ကြပြီး ဒီခေါင်းဆောင်များက အလွန်လိုလားကြတာကြောင့် မြန်မာနိုင်ငံ၏ အဆိုပြုချက်ရတာနှင့် ချက်ချင်းအသင်းဝင်အဖြစ် အသိအမှတ် ပြုလိုက်ကြပါသည်။

အာဆီယံအစည်းအဝေး ကျင်းပတိုင်းမှာ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ ကျွန်တော်ဟာ အဖွဲ့ဝင်အဖြစ်ဖြင့် အမြဲလိုက်ပါခဲ့ရပါသည်။ ဥက္ကဋ္ဌ လိုအပ်ချက်တွေကို ကျွန်တော်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့က အနီးကပ်ကူညီဆောင်ရွက်ပေးဖို့ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော့်အနေနှင့် အာဆီယံခေါင်းဆောင်များအပြင် အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုဝန်ကြီးများနှင့်ပါ ရင်းနှီးကျွမ်းဝင်ရှိခဲ့ကြပါသည်။

ကျွန်တော်နှင့် ဝန်ကြီးချုပ်ဖြစ်စကာလနှင့် အာဆီယံထိပ်သီးအစည်းအဝေး

၂၀၀၃ ခုနှစ် ကျွန်တော်ဝန်ကြီးချုပ်ဖြစ်လာသည့်အခါမှာ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ ကျင်းပတဲ့ အာဆီယံအစည်းအဝေးမှာ ဝန်ကြီးချုပ်အနေနှင့် နိုင်ငံ

ထိုင်းတပ်မတော်မှ ဗိုလ်ချုပ်ကြီးနဝုဒုန်နှင့်အမှဲ. ချစ်ကြည်ရေးခရီး
လာရောက်စဉ် အတွင်းရေးမှူး(၁)က ကြိုဆိုလာစဉ်နှင့် ညှိုးဝပ်ပြုမှု ဆောင်ရွက်စဉ်

ကိုယ်စားပြုတက်ရောက်ခဲ့ရသည်။ အဲဒီအချိန်ကာလသည် ဒီပဲယင်း အရေးအခင်း ဖြစ်ပြီးစ ကာလဖြစ်တာကြောင့် နိုင်ငံရေး အကျပ်အတည်းအလွန်ဖြစ်နေချိန်ဖြစ်၍ ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်၊ ဝန်ကြီးချုပ်ဂိုချောက်တောင်တို့က အထူးကူညီ အားပေးမှုပြုကြသည်။ အဲဒီအချိန်ကာလသည် နိုင်ငံရေးအကျပ်အတည်းကာလ လည်းဖြစ်ပြန်၊ ဝန်ကြီးချုပ်ကလည်း အသစ်စက်စက်ဆိုတော့ သာမန်အားဖြင့် မြန်မာနိုင်ငံအတွက် အခက်အခဲပေါင်းစုံနှင့် ရင်ဆိုင်ရမည့်အနေအထားဖြစ်ပါသည်။ ဒါပေမဲ့ ကျွန်တော်၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုက တိုင်းပြည်အတွက် အခြေအနေကောင်းကို ဖြစ်ပေါ်စေခဲ့သည်ဟုဆိုလို့ရပါသည်။

ဖြစ်စဉ်ဖြစ်ရပ်က ဒီလိုပါ၊ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကို အစည်းအဝေး သွားခါနီး နှစ်ရက်အလိုမှာ နိုင်ငံခြားရေး ဒုဝန်ကြီး ဦးခင်မောင်ဝင်းနှင့် တိုင်ပင်ခဲ့ ပါသည်။ အဲဒီအချိန်က ဝန်ကြီးဦးဝင်းအောင် နိုင်ငံခြားရေးဝန်ကြီးများ အစည်း အဝေးကို ကြိုတင်သွားရောက်နေပြီဖြစ်၍ ဒုဝန်ကြီးနှင့်သာ တိုင်ပင်ဆောင်ရွက်

ခဲ့ရခြင်းဖြစ်ပါသည်။ ဒီအစည်းအဝေးမှာ မြန်မာနိုင်ငံအပေါ် ဆွေးနွေးမှု၊ မှတ်ချက်ချမှုတော့ လုပ်မှာသေချာသည်။ ဒီလိုအခြေအနေမျိုးဖြစ်ပေါ်မလာအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု လုပ်ကြမည်ဆိုပြီး တိုင်ပင်ပါသည်။ အာဆီယံအစည်းအဝေးထုံးတမ်းစဉ်လာအရ အစည်းအဝေးကြီး မကျင်းပမီတစ်ရက် ညနေမှာ ညစာစားပွဲလုပ်ပြီး အလွတ်သဘောကြိုတင်ညှိနှိုင်းမှုတွေ လုပ်ကြပါသည်။ အဲဒီအချိန်မှာ အာဆီယံခေါင်းဆောင်များကို ကြိုတင်အသိပေးဆွေးနွေးမှုလုပ်ဖို့ ကြံရွယ်ချက်နှင့် စာတမ်းတစ်စောင် ကျွန်တော်တို့ ပြုစုသည်။ အာဆီယံခေါင်းဆောင်များ ကျေနပ်အားရမှုရှိအောင် စာမျက်နှာလေးမျက်နှာရှိသည့် စာတမ်းကိုပြုစုပါသည်။ စာတမ်းကို အပြန်အလှန်လေ့လာပြီး ပြင်ဆင်ဖြည့်စွက်မှုအကြိမ်ကြိမ်လုပ်ကာ ကျွန်တော်နှင့် အတူ ယူဆောင်သွားခဲ့သည်။

မစ္စတာသက်ဆင်၏ ကူညီမှု

အစည်းအဝေးကြီးမတိုင်မီညမှာပဲ အလွတ်သဘော ညစာစားပွဲလုပ်ကြသည်။ အဲဒီမှာ ကျွန်တော့်ဘေးမှာထိုင်တဲ့ မစ္စတာသက်ဆင်ကို ကျွန်တော်လုပ်ချင်တာကို ပြောပြပါသည်။ အဲဒီမှာ သက်ဆင်ရဲ့ အစီအစဉ်နဲ့ "ယခု Dinner ပြီးရင် Private အခန်းထဲမှာ ကျွန်တော်တို့ခေါင်းဆောင်များချည်းပဲ တံခါးပိတ်ဆွေးနွေးဖို့ရှိပါတယ်။ ဗိုလ်ချုပ်ကြီးခင်ညွန့်က အဲဒီမှာတင်ပြစရာရှိပါတယ်" ဆိုပြီး ကြိုတင်ဖိတ်ကြားလိုက်ပါသည်။

ထမင်းစားပွဲလည်းပြီးရော ကြိုတင်စီမံထားတဲ့ Private အခန်းမှာ ကျွန်တော်တို့ခေါင်းဆောင်တွေချည်းပဲ စုံလင်တော့မှ ကျွန်တော်က ပြုစုထားတဲ့ စာတမ်းအတိုင်း ခေါင်းဆောင်များအားလုံးကို ရှင်းပြပါသည်။ အဲဒီမှာ ဒေါက်တာမဟာသီက "ဂျင်နရယ်ခင်ညွန့် တင်ပြတာ အလွန်ကောင်းပါတယ်။ ကျွန်တော် သဘောကျတယ်။ ကျွန်တဲ့ပုဂ္ဂိုလ်များ ဘာဆွေးနွေးစရာရှိပါသလဲ၊ ရှိရင် ဂျင်နရယ်ခင်ညွန့်ကို မေးနိုင်ပါတယ်" လို့ ပြောလိုက်တော့ မစ္စတာသက်ဆင်၊ မစ္စတာဂိုချောက်တောင် တို့က မရှိပါဘူးတဲ့။ ကျွန်တော်တို့လည်း သဘောကျပါတယ်တဲ့။ နောက် အင်ဒိုနီးရှားမှ သမ္မတမစ္စစ်မဂါဝတီကို မေးတော့လည်း မေးစရာ

မရှိပါဘူးတဲ့၊ ဖိလစ်ပိုင်သမ္မတ မစ္စစ်အာယိုးရိုးကို မေးတော့လည်း ပြောစရာ မရှိပါဘူး၊ အများဆန္ဒအတိုင်း သဘောတူပါတယ်တဲ့။ အဲဒီလို အခြေအနေဖြစ်ပေါ်လာတာကြောင့် "က ဒါဖြင့်ရင် မနက်ဖြန် ဆွေးနွေးကြမယ့် Argenta One မှာ ထည့်ထားတဲ့ မြန်မာနိုင်ငံ Subject ကိုဖြုတ်လိုက်ပါတော့၊ ဆွေးနွေးစရာ မရှိတော့ဘူးပေါ့" အဲဒီမှာ ကျွန်တော် အားလုံးကိုလက်ဆွဲနှုတ်ဆက်ပြီး ဝမ်းမြောက်ဝမ်းသာဖြင့် ဟိုတယ်မိမိအခန်းသို့ ပြန်ရောက်ခဲ့သည်။

ထိပ်သီးအစည်းအဝေးစတော့

နောက်နေ့ အာဆီယံထိပ်သီးအစည်းအဝေး စတင်သည့်အချိန်မှာ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် Subject သည် လုံးဝဆွေးနွေးခြင်းမရှိ၊ မေးမြန်းစုံစမ်းခြင်းလည်း မရှိတော့သည့်အတွက် သတင်းဌာနအသီးသီးနှင့် အနောက်အုပ်စုနိုင်ငံများ၏ အံ့ဩသည့် အနေအထားရောက်ရှိခဲ့တာကိုလည်း သိရှိရပါသည်။ ဒါကတော့နိုင်ငံရေးအကျပ်အတည်းတစ်ခုကို ကျော်လွှားနိုင်ခဲ့ခြင်းပဲ ဖြစ်ပါသည်။

ထိုင်းနိုင်ငံနှင့် ဆက်ဆံရေးကတော့ အလွန်အရေးပါလှပါသည်။ နယ်နိမိတ်ချင်း ရှည်လျားစွာ ဆက်စပ်နေတာကြောင့် စီးပွားရေးအရရော၊ လူမှုရေးအရရော၊ ဘာသာရေးအရရော၊ ယဉ်ကျေးမှုအရပါ အလွန်အရေးပါသည်။ နှစ်နိုင်ငံဆက်ဆံရေးကောင်းသည်နှင့်အမျှ စီးပွားရေးအရရော၊ တည်ငြိမ်အေးချမ်းမှုအရပါ နှစ်နိုင်ငံလုံးအတွက် များစွာအထောက်အကူဖြစ်စေခဲ့ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ၊ စီးပွားရေးအထောက်အကူပြုလုပ်ငန်းများမှာ အတူယူစရာတွေ၊ နမူနာယူစရာတွေ အများအပြားရှိနေပါသည်။ နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်နေသည်နှင့်အမျှ စီးပွားကုန်သွယ်မှုမှာ နှစ်နိုင်ငံစလုံးအတွက်များစွာ အထောက်အကူပြုနေတာကို တွေ့ရှိရပါသည်။ အထူးသဖြင့် ဝန်ကြီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ်တို့၏ အတွေးအမြင်နှင့် သဘောထားခံယူချက်ကောင်းသည်နှင့်အမျှ နှစ်နိုင်ငံဆက်ဆံရေးဟာလည်း ကောင်းမွန်စေခဲ့သည်ကို တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်ကတော့ အဓိကကျပါသည်။ ပြည်သူအများ၏ လေးစားမှုကိုလည်း ခံယူရရှိထားသဖြင့် အခက်အခဲအကျပ်အတည်းကြုံတိုင်း ဘုရင်က

ဝင်ရောက်ဖြေရှင်းပေးလျှင် ပြေလည်လေ့ရှိသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့အစိုးရနှင့် အလွန်ရင်းနှီးသောပုဂ္ဂိုလ်များကတော့ ဗိုလ်ချုပ်ကြီးချောင်ဗာလစ်ယောင်ချိုင်ယု၊ ဗိုလ်ချုပ်ကြီးပတ်ခ်အကာနီဘွတ်၊ ဗိုလ်ချုပ်ကြီးဆူချင်ဒါး၊ ဗိုလ်ချုပ်ကြီးသာဝုန်း၊ ဗိုလ်ချုပ်ကြီးချစ်တား၊ ဝန်ကြီးချုပ်သက်ဆင်၊ နိုင်ငံခြားရေးဝန်ကြီးဆူဒါကီးယက်တို့ ဖြစ်ကြပါသည်။

ခေါင်းဆောင်ကြီးလီကွမ်ယု

ကျွန်တော်အလွန်လေးစားတဲ့သည့် ပုဂ္ဂိုလ်ကတော့ စင်ကာပူနိုင်ငံက ခေါင်းဆောင်ကြီး မစ္စတာလီကွမ်ယုပါ။ ဒီပုဂ္ဂိုလ်ကြီးကို ၁၉၉၃ ခုနှစ်ထဲမှာ အတွင်းရေးမှူး(၁)အနေနှင့် သွားရောက်ဂါရဝပြုစဉ် ရင်းရင်းနှီးနှီးတွေ့ဆုံပြောကြားမှုများသည် မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သည့် ပြောကြားချက်များဖြစ်ပါသည်။ မြန်မာနိုင်ငံအပေါ် စေတနာရှိပြီး ဖွံ့ဖြိုးတိုးတက်စေချင်သည်။ စစ်အစိုးရအနေနှင့် ကြာရှည်စွာမရပ်တည်ပဲ အရပ်သားအစိုးရအသွင်ပြောင်းလဲဖို့၊ တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကို အတုယူဖို့၊ နိုင်ငံရေးပါတီအဖွဲ့



၁၉၉၃ ခုနှစ်အတွင်းက စင်ကာပူခေါင်းဆောင်ကြီး လီကွမ်ယုကို
အတွင်းရေးမှူး(၁)အနေနှင့် သွားရောက်တွေ့ဆုံဂါရဝပြုစဉ် ဝန်ကြီးချုပ်၊
ဒုဝန်ကြီးချုပ်တို့ကိုပါ တွေ့ဆုံ



ကုလသမဂ္ဂဝိုစတာပြပွဲ ကျင်းပစဉ် ကုလသမဂ္ဂမှ တာဝန်ရှိသူများ သံတမန်များနှင့်အတူ
အတွင်းရေးမှူး(၁) တက်ရောက်လားပေးမှု

အစည်းများနှင့် ရင်းနှီးမှုရှိအောင် ဆောင်ရွက်ဖို့၊ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအဓိကကျသဖြင့် ဒါကို အလေးထားဆောင်ရွက်ဖို့၊ နိုင်ငံတကာအသိုင်း အဝိုင်းနှင့်လည်း အဆင်ပြေအောင်၊ နိုင်ငံတကာနှင့်လည်း ဝင်ဆန့်အောင် ကြိုးစားဖို့ စိတ်ရည်လက်ရည် ညီငယ်တစ်ယောက်ကဲ့သို့ ရင်းနှီးပွင့်လင်းစွာနွေးနွေးခဲ့တာ အလွန်လေးစားဖွယ်ကောင်းပါသည်။ ယခုတော့ ဒီပုဂ္ဂိုလ်ကြီးလိုလားသည့်ပုံစံမျိုး မြန်မာနိုင်ငံအနေဖြင့် ဖြစ်ထွန်းလာ၍ ဝမ်းသာစရာကောင်းပါသည်။ စီးပွားရေး အခြေအနေ တိုးတက်ကောင်းမွန်အောင် ဆက်လက်ကြိုးပမ်းဖို့သာလိုပါတော့သည်။

ခေါင်းဆောင်ကြီးဆူဟာတို

နောက်တစ်ယောက်ကတော့ အင်ဒိုနီးရှားမှာ နိုင်ငံခေါင်းဆောင်ကြီး ဆူဟာတိုပဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံအပေါ် သံယောဇဉ်ရှိသူ၊ ကျေးဇူးတရား မမေ့သည့်ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ နယ်ချဲ့တွေ၏လက်အောက်က လွတ်မြောက်ဖို့

ထိုင်းနိုင်ငံ တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့လာရောက်စဉ်
ခေါင်းဆောင်ဗိုလ်ချုပ်ကြီးနဝုဒုန်နှင့်အတူ ရင်းနှီးစွာ တွေ့ရစဉ်

ကြိုးပမ်းနေဆဲ၊ တိုက်ပွဲတွေပြင်းထန်နေဆဲမှာ မြန်မာနိုင်ငံက ဒါကိုတာလေယာဉ် တစ်စီးစာ လက်နက်ခဲယမ်းများ လှေ့ပို့ဝှက်စွာ အကူအညီပေးခဲ့မှုကြောင့် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲမှာ အောင်မြင်မှုရခဲ့တာကို အမြဲသတိရကြောင်း ကျွန်တော်နှင့် တွေ့ဆုံသည့်အခါမှာ ပြောပြတာကို ကြားခဲ့ရပါသည်။ ကျေးဇူးတရားကို မမေ့တတ်တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ သားသမီးများ၏ လောဘကြီးမှုတွေကြောင့် ဇာတ်သိမ်းမလှရာရသော်လည်း စိတ်ကောင်းရှိသူ လေးစားထိုက်သော ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်းတင်ပြရပါသည်။

○

www.burmeseclassic.com

အခန်း ၅၄

မြန်မာနှင့် အာဆီယံအကြောင်း

၁၉၆၇ ခုနှစ်တွင် အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့သည် အာဆီယံအဖွဲ့ကို စတင်ထူထောင်ခဲ့ကြသည်။ ထိုသို့တည်ထောင်စဉ် မြန်မာနိုင်ငံကိုလည်း အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ကမ်းလှမ်းမှုများ ရှိခဲ့သည်ဟု ကြားသိရသော်လည်း ထိုအချိန်က မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးဝါဒ အလေးထား ဦးစားပေးမှုများအရ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ခြင်းမရှိဟုသိရသည်။ ထိုအချိန်ကာလကလည်း အရှေ့နှင့်အနောက်အုပ်စုများအကြား စစ်အေးတိုက်ပွဲများပြင်းထန်နေသည်သာမက ဗီယက်နမ်စစ်ပွဲကြီးဖြစ်ပွားနေချိန်လည်းဖြစ်၊ ထိုအချိန်က အာဆီယံအဖွဲ့ဝင် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကလည်း အမေရိကန်က ဖွဲ့စည်းထူထောင်ထားသော အရှေ့တောင်အာရှစစ်ရေးအဖွဲ့ (ဆီးတိုး) ဝင်ဖြစ်နေတာကြောင့်လည်း ဘက်လိုက်မှုမဖြစ်အောင် ရှောင်လိုက်ခြင်းဖြစ်ပါသည်။

မဟာဗျူဟာလှေလာရေးအဖွဲ့ စည်းဝေး

၁၉၈၀ ပြည့်နှစ် နောက်ပိုင်းနှင့် ၁၉၉၀ ပြည့်နှစ်အစောပိုင်းကာလတွင် ကွန်မြူနစ်နိုင်ငံများ၏ နိုင်ငံတကာအခြေအနေများကလည်း ပြောင်းလဲသွားသလို စစ်အေးတိုက်ပွဲများလည်း ပြီးဆုံးသွားချိန်မှာ ၁၉၈၈ ခုနှစ် အရေးအခင်းကြောင့် တပ်မတော်အစိုးရ တာဝန်ယူချိန် ရောက်ရှိလာပါသည်။ ၁၉၈၉ ခုနှစ်ထဲမှာ

၂၀၀၃ ခုနှစ်၊ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပသော

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသောမလေးရှားမဟာဗျူဟာလေ့လာရေးအဖွဲ့၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းကိုစေလွှတ်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ တပ်မတော်အစိုးရ တက်ရောက်လာသည့် ဖြစ်ရပ်အခြေအနေ မှန်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပညာရှင်များသာမက အမေရိကန်၊ ဗြိတိန် အပါအဝင် အနောက်နိုင်ငံများမှ ပညာရှင်များ ပါတက်ရောက်ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲမှာ ဦးခင်မောင်ဝင်းက မြန်မာနိုင်ငံ၏ ဖြစ်စဉ်ဖြစ်ရပ်အခြေအနေ အာစီယံအစည်းအဝေးသို့ ဝန်ကြီးချုပ်အဖြစ် မှန်များကို ဝင်ရောက်ဆွေးနွေးနိုင်ခဲ့သဖြင့် တက်ရောက်ရာတွင် လေဆိပ်၌ ကြိုဆိုစဉ် ထိုဆွေးနွေးပွဲမှစတင်ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများက မဟာဗျူဟာလေ့လာရေး ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံကိုပါ ဆက်လက်ဖိတ်ကြားလာခဲ့ပါသည်။ မြန်မာနိုင်ငံကလည်း မိမိနိုင်ငံ၏ အခြေအနေမှန်ဖြစ်ရပ် မှန်များကို အကျေအလည် ဆွေးနွေးခွင့်ရသဖြင့် နှစ်စဉ်နှစ်တိုင်း ထိုဆွေးနွေးပွဲများကို အာဆီယံအဖွဲ့ဝင် မဖြစ်သေးသော်ငြားလည်းပဲ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများစည်းဝေး

၁၉၉၄ ခုနှစ်ထဲတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး Prasong Soonsiri သည် မြန်မာနိုင်ငံသို့ လာရောက်ပြီး ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တွေ့ဆုံကာ ၁၉၉၄ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို မြန်မာ

နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးကိုစေလွှတ်ပြီးတက်ရောက်ခွင့်ပြုပါရန် လာရောက်ဖိတ်ကြားခြင်းဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း ထိုင်းနိုင်ငံ၏ ဧည့်သည်အနေဖြင့် တက်ရောက်နိုင်ပါကြောင်း မေတ္တာရပ်ခံခဲ့ပါသည်။ ထိုဖိတ်ကြားချက်အရ ထိုစဉ်ကနိုင်ငံခြားရေးဝန်ကြီး ဦးအုံးကျော်နှင့်ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းတို့ တက်ရောက်ခဲ့ကြပါသည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်စေခြင်းဖြစ်ပါသည်။ ဆွေးနွေးပွဲသို့တက်ရောက်ဆွေးနွေးခြင်းမျိုး မဟုတ်ပါ၊ အာဆီယံနိုင်ငံများက မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်ဖြစ်လာရေးအတွက်ကို မျှော်မှန်းပြီး မြန်မာနိုင်ငံက စိတ်ဝင်စားလာအောင် ကြိုတင်ဖိတ်ကြားမှုများ ပြုလုပ်နေခြင်းဖြစ်ပါသည်။

၁၉၉၅ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ဘရူနိုင်းနိုင်ငံတွင် ကျင်းပခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ အိမ်ရှင်ဘရူနိုင်းနိုင်ငံက



၂၀၁၂ ခုနှစ်အတွင်းက စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး (ဦးမီး) မစ္စတာကျော်ယိုးက မိမိနေအိမ်သို့ လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်

၁၅.၇.၂၀၀၂ ရက် ဘရူနိုင်း စုလတန်၏ မွေးနေ့ပွဲ သံအမတ်ကြီး၏ ဖိတ်ကြားချက်အရ အတွင်းရေးမှူး(၁) တက်ရောက်စဉ်

ဖိတ်ကြားမှုပြုသဖြင့် နိုင်ငံခြားရေးဝန်ကြီး ဦးအုံးကျော်တက်ရောက်ခဲ့ပြန်ပါသည်။ ထိုအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်ဖြစ်ရေးအတွက် ပထမဆုံးလိုအပ်ချက် ဖြစ်သည့် Treaty of Amity and Cooperation အဖွဲ့ဝင်ဖြစ်လိုကြောင်း တရားဝင်လျှောက်ထားချက်ကို အိမ်ရှင် ဘရူနိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ တရားဝင်ပေးအပ်ခဲ့ပါသည်။ ဤသို့ ဤအဆိုပြုလျှောက်ထားလွှာပေးအပ်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွက် အာဆီယံအဖွဲ့ဝင်ဖြစ်ရေးကို လမ်းပွင့်သွားခြင်းဖြစ်ပါသည်။

အာဆီယံထိပ်သီးအစည်းအဝေးသို့

၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ကျင်းပသော အာဆီယံထိပ်သီးညီလာခံသို့ အိမ်ရှင်ထိုင်းနိုင်ငံ၏ ဧည့်သည်အဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးတွင် အဖွဲ့ဝင်

မဖြစ်သေးသော မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံအကြီးအကဲများကို ဖိတ်ကြားသဖြင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ထိုဆွေးနွေးပွဲတွင် အာဆီယံအဖွဲ့၏ နှစ် ၃၀ ပြည့်၊ အရှေ့တောင်အာရှ ၁၀ နိုင်ငံအဖွဲ့ဝင်ဖြစ်ရေးအတွက် ဦးတည်ဆွေးနွေးခဲ့ကြသည်။ ၁၉၉၆ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသော အာဆီယံထိပ်သီးညီလာခံသို့လည်း အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံ၏ ဧည့်သည်အဖြစ် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်ခဲ့ပါသည်။

၁၉၉၇ ခုနှစ်တွင် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမဟာသီမိုဟာမက်၏ ဖိတ်ကြားချက်အရ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပါသည်။ နှစ်နိုင်ငံခေါင်းဆောင်အချင်းချင်း သီးသန့်ဆွေးနွေးရာတွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် အာဆီယံနှစ် ၃၀ ပြည့် အခမ်းအနား၌ မြန်မာနိုင်ငံအနေနှင့် အာဆီယံအဖွဲ့ဝင်ဖြစ်ရေးကို လိုလားပါကြောင်း မလေးရှားဝန်ကြီးချုပ်က မေတ္တာရပ်ခံခဲ့သည်ဟု သိရပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် ဇနီး ဒေါက်တာခေါ်ခင်ဝင်းရွှေ တို့ကို မေ ၅ ရက်က မိတ်ဆက်ပေးစဉ်။ ၂၀၀၃-ခု

ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း မိမိနိုင်ငံရှိ အဖွဲ့ဝင်များနှင့်တိုင်ပင်ပြီး စဉ်းစား ဆောင်ရွက်မည် ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်ဟု သိရှိရပါသည်။ ထို့နောက်ဝိုဋ်၊ ၁၉၉၇ ခုနှစ် ဝန်ကြီးများအစည်းအဝေးဌာ မြန်မာနိုင်ငံသည် တင်းပြည့်အာဆီယံ အဖွဲ့ဝင်ဖြစ်လာခဲ့ပါသည်။

ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၉၅ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ အာဆီယံထိပ်သီးညီလာခံသို့ ပုံမှန်တက်ရောက်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ် ညီလာခံသို့ ဝန်ကြီးချုပ်အသစ်စက်စက် ဗိုလ်ချုပ်ကြီးခင်ညွှန့် တက်ရောက်ခဲ့ပါသည်။ အာဆီယံ အဖွဲ့၏ အစဉ်အလာအရ အကျွမ်းဝင်စဉ်လိုက်ဆိုလျှင် အာဆီယံဥက္ကဋ္ဌ၏ ရာထူးကို မြန်မာနိုင်ငံအနေနှင့် ၂၀၀၇ ခုနှစ်တွင် ဆက်ခံရမည်ဖြစ်သဖြင့် ထိပ်သီး အစည်းအဝေး လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

သို့သော်ငြားလည်း နိုင်ငံရေး အခြေအနေ အကြောင်းကြောင်းတွေကြောင့် မလုပ်ဖြစ်ခဲ့ရာ ယခု ၂၀၁၄ ခုနှစ်ထဲရောက်မှ ဥက္ကဋ္ဌတာဝန်ဖြင့်ဆောင်ရွက်ကြောင်း သိရှိရပါသည်။ အချိန်နောက်ကျခဲ့သော်ငြားလည်း အာဆီယံအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို ရယူလိုက်ရသဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာ မြင့်မားသွားသည်မှာ အမှန်ပင်ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းမှာ အာဆီယံဥက္ကဋ္ဌ တာဝန်ယူကာ အာစီယံ အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကိုလည်း ဝမ်းသာဂုဏ်ယူ မိပါသည်။

အာဆီယံအဖွဲ့ကြီး အရေးပါ

ယခုအခြေခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သည့် အာဆီယံအဖွဲ့ကြီးသည် နိုင်ငံတကာမှာ အလွန်အရေးပါလာသည့် အဖွဲ့အစည်းအဖြစ် ခိုင်မာစွာရပ်တည် နိုင်နေပြီဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုရှိကြသဖြင့် နိုင်ငံတကာကပင် အလေးထားလာကြသည်ကို တွေ့ရပါသည်။ ယခုဆိုလျှင် ဆွေးနွေးဘက်နိုင်ငံများအနေနှင့် တရုတ်နိုင်ငံ၊

ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါသွားသော အတွင်းရေးမှူး(၁)နှင့် နေ့စဉ်အား ဒေါက်တာမဟာသီနှင့် နေ့တို့က ညှိုခံပွဲတွင် နှုတ်ဆက်စဉ်



စင်ကာပူ ချစ်ကြည်ရေးခရီးစဉ်တွင် ဝန်ကြီးချုပ် မစ္စတာဂိုချောက်တောင်နှင့် တွေ့ဆုံစဉ်



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ အင်ဒိုနီးရှားနိုင်ငံသို့
လေ့လာရေးသွားရောက်ကြစဉ်

ဘရူနိုင်းနိုင်ငံ ဘုရင်၏ မွေးနေ့အထိမ်းအမှတ်ပွဲသို့ အတွင်းရေးမှူး(၁)နှင့်စေနီးတို့
တက်ရောက်ခဲ့ကြစဉ်

ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သြစတြေးလျှနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကနေဒါနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ဥရောပသမဂ္ဂ (EU) နိုင်ငံများကပါ စိတ်ဝင်စားစွာပါဝင်ဆွေးနွေးမှုများ ပြုလုပ်လာသည်ကိုတွေ့ရှိရပါသည်။

အာဆီယံစီးပွားရေး

အထူးသဖြင့် အာဆီယံနိုင်ငံများ၏ စီးပွားရေးသည် အလွန်တည်ငြိမ်အေးချမ်းပြီး နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ ပုံပိုးကူညီမှုများပြုလုပ်ခဲ့ကြသည့်အပြင် အာဆီယံအသိုက်အဝန်း ထူထောင်ရေးကိုပါ ဆက်လက်ကြိုးပမ်းနေကြပြီဖြစ်တာကြောင့် နောင်အနာဂတ်အတွက် မျှော်မှန်းချက်များ၊ အလားအလာများမှာ အလွန်အားရကျေနပ်ဖွယ်ပင်ဖြစ်သည်ဟု ထင်မြင်မိပါသည်။



ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးခရီး
သွားရောက်စဉ် အတွင်းရေးမှူး(၁)ပါ အတူလိုက်လာစဉ်

မိမိတို့ မြန်မာနိုင်ငံအနေနှင့် အာဆီယံအဖွဲ့အတွင်း ထိပ်တန်းသို့ ရောက်ရှိနေကြသော စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကို အတုယူကာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ယခုထက်ပိုမိုလျင်မြန်စွာ ဖြစ်ထွန်းလာအောင် ကြိုးပမ်းကြဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

O

အခန်း ၅၅

ထိုင်းနိုင်ငံတွင် ကျင်းပသည့် ဘင်းမ်စတက် (BIMST EC) အစည်းအဝေး တက်ရောက်ခြင်း

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပသော ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဝန်ကြီးချုပ်ဒေါက်တာသက်ဆင်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ဝန်ကြီးချုပ်ဖြစ်သူ ကျွန်တော်သည် နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းတို့ လိုက်ပါလျက် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် ရန်ကုန်မှထွက်ခွာရာ ဘန်ကောက်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် GEN - THAMMARAK ISSARANGURA နှင့်အဖွဲ့က ကြိုဆိုကြသည်။ နေ့လယ်ပိုင်းတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်အား သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေသည့် ကဏ္ဍပေါင်းစုံကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးရာတွင် ထိုင်းဝန်ကြီးချုပ်က ဤသို့ပြောကြားခဲ့သည်။ "ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပင်လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးများတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆန္ဒရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ စီးပွားရေးနှင့် ဆက်ဆံရေးကိစ္စရပ်များကို ပိုမိုတိုးတက်ဖြစ်ထွန်းရေးလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

(BIMST-EC) တောင်အာရှဒေသ
နိုင်ငံများအဖွဲ့ ထိပ်သီးအစည်းအဝေးသို့
ဝန်ကြီးချုပ်အနေဖြင့် တက်ရောက်ရာတွင်
မိန့်ခွန်းပြောကြားစဉ်၊ ထိုင်းနိုင်ငံ-၂၀၀၃ ခုနှစ်

ဘုရင်မင်းမြတ်အား တွေ့ဆုံဂါရဝပြု

ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ရောက်ရှိနေကြသော ကျွန်တော်အပါအဝင် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများသည် ဇူလိုင်လ ၃၀ ရက်နေ့ ညနေတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ KLAI KANGWON PALACE၌ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒုလျှာဒက်ဂ်အား သွားရောက်တွေ့ဆုံဂါရဝပြုကြသည်။ ထိုသို့တွေ့ဆုံနှုတ်ဆက်ဂါရဝပြုရာတွင် ကျွန်တော်အပါအဝင် ဘင်္ဂလားဒေ့ရ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာ၊ ဘူတန်နိုင်ငံဝန်ကြီးချုပ် လွန်ပိုဂျင်မီသင်သော၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာရှားဗဟာဒူးဒူဗား၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတမဒမ်ချန်ဒရိကာဘန်ဒရာနိုက်ကေး ကုမာရာတွန်ဂါ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့ တက်ရောက်ကြသည်။

မြည်တောင်ရုပ်မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးဆင့်ညွှန့် အတွေ့တည်းမိသည့် ဟိုတယ်မှ ဖြန်လည်ထွက်ရာတွင် ထိုင်မိုင်ဝိုင်ရာ မြန်မာနိုင်ငံ

ရန်ကုန် မြို့တော် ၁

ဗိုလ်ချုပ်ကြီးချုပ် ဗိုလ်ချုပ်ကြီးစင်ညွှန့်သည် မူလိုက် ဒုဝရက် နဲ့နက် ဂုနာရီခွဲတွင် ထိုင်းနိုင်ငံ ကြီးပွားနေကျင်းပသည့် ပထမသင်္ကြန် ဘင်းမ်စတောက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲသခင်မ်းအနားသို့

■ ၁ ဧပြီလ ၁

ပြည်တောင်ရုပ်မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစင်ညွှန့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှကျင်းပသည့် ပထမသင်္ကြန် ဘင်းမ်စတောက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအစမ်းအနားတွင် ဝိုင်ရှန်းမြို့ကြားနေ။ (သတင်းဓာတ်)

ထိုင်းဘုရင်မင်းမြတ်က အစိုးရအဖွဲ့အကြီးအကဲအားလုံးကို ခင်မင်စွာ လက်ဆွဲနှုတ်ဆက်ပြီး ဤကဲ့သို့ တွေ့ဆုံရတာဝမ်းမြောက်ကြောင်း၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေသွားကြဖို့၊ မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြဖို့၊ မိမိတို့နိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနှင့် မဏ္ဍိမဒေသ၏ ရှေးဟောင်း စာပေများ မပျောက်ပျက်အောင် ထိန်းသိမ်းကြဖို့ ပြောကြားခဲ့သည်။ ယင်းနောက် ဘန်ကောက်မြို့သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ကြသည်။

ဝန်ကြီးချုပ်၏ ညစာစားပွဲ

ဇူလိုင်လ ၃၀ ရက် ည ၉ နာရီတွင် ဘန်ကောက်မြို့ အစိုးရအိမ်တော်၌ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့် ဇနီးခွန်းယင်းဖို့ဒ်ဂျမန်ရှင်နာဝပ်တို့ တည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ ဘင်းမ်စတက်အဖွဲ့နှင့် ကျွန်တော်အပါအဝင် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။ ဇနီးပါလာကြသူများက ဇနီးများနှင့်အတူ တက်ရောက်ကြသည်။

ဇူလိုင်လ ၃၁ ရက် နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနခွဲကျင်းပသော ပထမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့အကြီးအကဲများအားလုံးနှင့် ဝန်ကြီးများ၊ ဒုဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများတက်ရောက်ကြသည်။ ဖွင့်ပွဲအခမ်းအနား အစီအစဉ်အရ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဒေါက်တာသက်ဆင်ရှင်နာဝပ်က ကြိုဆိုသည့် မိန့်ခွန်းပြောကြားပြီးနောက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအသီးသီးမှ အစိုးရအဖွဲ့အကြီးအကဲများက ဆက်လက်၍ မိန့်ခွန်းပြောကြားကာ ခေတ္တရပ်နား၍ ဓာတ်ပုံရိုက်ကြသည်။

နံနက် ၁၁ နာရီတွင် ဘင်းမ်စတက်အစည်းအဝေးဆက်လက်ကျင်းပရာ ဒေသတွင်းခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ရေသယံဇာတလုပ်ငန်း၊ တိုင်းရင်းဆေးဝါးဖွံ့ဖြိုးရေးလုပ်ငန်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်း၊ ဆင်းရဲမွဲတေမှုလျှော့ချရေးလုပ်ငန်းရပ်များကို ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးကြသည်။ ထို့နောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းကို

(ယာယီအနှိုင်)

အတည်ပြုကြရာ ထိုကြေညာစာတမ်းတွင် အောက်ဖော်ပြပါ အရေးကြီးအချက်များ ပါဝင်သည်-

(က) အဖွဲ့၏အခေါ်အဝေါ်အား ယခုအချိန်မှစတင်ပြီး ဘင်းမ်စတက် (ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု) ဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် - BIM-STEC-BAY OF BENGAL INITIATIVE FOR MULTI-SECTORAL TECHNICAL AND ECO-NOMIC COOPERATION ဟု ပြောင်းလဲခေါ်ဝေါ်ရန် သဘောတူညီခဲ့ကြသည်။

(ခ) ဘင်းမ်စတက်၏ ယခုတိုင်ရရှိခဲ့သည့် အောင်မြင်မှုများဖြစ်သော ဘင်းမ်စတက် လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ရေး ဆိုင်ရာ မူဘောင်သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ် ဘင်းမ်စတက်ခရီးသွားလာရေးနှစ် စတင်နိုင်ခြင်းနှင့်ခရီးသွား လာရေးလုပ်ငန်းအတွက် တစ်နှစ်ကာလ လုပ်ငန်းအစီအစဉ် ချမှတ်နိုင်ခြင်း၊ ဘင်းမ်စတက်ကုန်သည်ကြီးများအသင်းထူထောင်ခြင်း၊ ဖူးကက်ကျွန်းတွင် ပထမအကြိမ် ဘင်းမ်စတက်လူငယ်များ ဘောလုံးယှဉ်ပြိုင်ပွဲ ကျင်းပခဲ့ခြင်း၊ ဘန်ကောက်မြို့တွင် ဘင်းမ်စတက်လုပ်ငန်းများအား ပံ့ပိုးဆောင်ရွက်ပေးခြင်းဆိုင်ရာ ဘင်းမ်စတက်ဗဟိုဌာန ဖွဲ့စည်းထူထောင်ခြင်းနှင့် မြန်မာနိုင်ငံတွင် ၉၀

ဓာတ်ငွေ့အသုံးပြုရေး စက်ရုံတည်ဆောက်နိုင်ခဲ့ခြင်းတို့အတွက် အားရကျေနပ်ကြောင်းနှင့် ရှေ့သို့တစ်ဆင့်အရှိန်အဟုန်တိုးမြှင့်၍ ဆောင်ရွက်သွားကြရန် ကတိ ကဝတ်ပြုကြသည်။

(ဂ) ဘင်းမ်စတက်အဖွဲ့ကြီးမှ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် အထူးသတ်မှတ်ပေးထားသော ကဏ္ဍများဖြစ်သည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ စွမ်းအင်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာ၊ ငါးလုပ်ငန်း၊ သိပ္ပံနှင့်နည်းပညာပြည်သူများအကြားထိတွေ့ဆက်ဆံမှု ကဏ္ဍတို့တွင် အလေးထားပူးပေါင်းဆောင်ရွက်သွားရန်၊ သို့ရာတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာ၌ ယင်းကဏ္ဍများတွင်သာ ကန့်သတ်ဆောင်ရွက်ရန်မဟုတ်ကြောင်း သဘောတူညီကြသည်။

ဘင်းမ်စတက်အဖွဲ့ကြီး၏ ပူးပေါင်းဆောင်ရွက်မှုများကို ယဉ်ကျေးမှု၊ ပညာရေး၊ လူထုကျန်းမာရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် မိရိုးဖလာ အသိပညာများ ကာကွယ်စောင့်ရှောက်ရေး၊ ကျေးလက်အဖွဲ့အစည်း

Prime Minister General Khin Nyunt, heads of government of BIMST-EC member countries call on King of Thailand

YANGON, 31 July — Prime Minister of the Union of Myanmar General Khin Nyunt and heads of government of BIMST-EC member countries, who were in Thailand to attend the First BIMST-EC Summit, called on King of Thailand His Majesty Bhumibol Adulyadej at Klai Kangwon Palace in Hua Hin at 5.30 pm yesterday.

Present on the occasion were Prime Minister of the People's Republic of Bangladesh Begum Khaleda Zia, Prime Minister of Bhutan Lyonpo Jigmi Y Thinley, Prime Minister of the Republic of India Dr Manmohan Singh, Prime Minister of the Union of Myanmar General Khin Nyunt, Prime Minister of Nepal Mr Sher Bahadur Deuba, Prime Minister of the Democratic Socialist Republic of Sri Lanka Madame Chandrika Bandaranaike and Prime Minister of the Kingdom of Thailand Dr Thaksin Shinawatra.

MNA

Prime Minister General Khin Nyunt greets King of Thailand His Majesty Bhumibol Adulyadej. — MNA

ဖုံးဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဆောင်ရွက်ရေး၊ ဆောက်လုပ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဇီဝနည်းပညာ၊ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ သုတေသနပြုလုပ်ရေး၊ သဘာဝဘေးအန္တရာယ် တားဆီးရေး၊ ကာကွယ်ရေးကဏ္ဍများတို့တွင် ပူးပေါင်း ဆောင်ရွက်မှုများ တိုးချဲ့ရေးအတွက် နည်းလမ်းများ ရှာဖွေပူးပေါင်း ဆောင်ရွက်မှုများ တိုးချဲ့ရေးအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် သဘောတူညီကြသည်။

(ဃ) ဘင်းမ်စတက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများ အပြည့်အဝရရှိရေးအတွက် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများ အချိန်မီပြီးစီးရေး အပါအဝင် လုပ်ဆောင်နိုင်သည့် လုပ်ငန်းများအားလုံးကို ဆောင်ရွက်သွားကြရန် သဘောတူညီကြသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံစီ၏ အထူးလိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားကြရန်ဖြစ်သည်။

(c) ဘင်းမ်စတက်၏ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုတွင် အဖွဲ့ဝင်နိုင်ငံများအတွင်း ခရီးသွားလာရေးလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့ရေးအတွက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဲ့သို့သော အဓိကကျသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်သည်ဟု အသိအမှတ်ပြုကြသည်။ သို့ပါ၍ အဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်းလမ်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ပြုလုပ်လျက်ရှိသည့်ဒေသဆိုင်ရာစီမံကိန်းအဆိုပြုချက် ဆွေးနွေးမှုများ လျင်မြန်စွာ အရှိန်အဟုန်တိုးမြှင့် အကောင်အထည်ဖော်နိုင်ရေးအတွက် အင်အားပြည့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီကြသည်။

(စ) စွမ်းအင်ကဏ္ဍ၌ စွမ်းအင်ကို စဉ်ဆက်မပြတ်နှင့် အထိရောက်ဆုံး အသုံးပြုနိုင်ရေးကို အားပေးရန်အတွက် ရေနံနှင့်ရေအား လျှပ်စစ် စီမံကိန်းများ၊ လျှပ်စစ်နှင့်သဘာဝဓာတ်ငွေ့လိုင်းများ ဆက်သွယ်ရေး၊ လောင်စာသုံးစွမ်းအင်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်နည်းပညာများ တိုးတက်ရေးတို့ကို ဆောင်ရွက် ကြရန် သဘောတူညီကြသည်။

(ဆ) ခရီးသွားလာရေးကဏ္ဍတွင် အဖွဲ့ဝင်နိုင်ငံများ သဘာဝ၊ ယဉ်ကျေး မှုနှင့် သမိုင်းကြောင်းဆိုင်ရာ ဆွဲဆောင်နိုင်မှုအင်အားများကို အများဆုံး အကျိုးဖြစ်ထွန်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန် သဘောတူညီ ကြသည်။ ထို့ပြင် ဘင်းမ်စတက်နိုင်ငံများအကြား ခရီးသွားလာမှု လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်မှုတို့ကို အသိအမှတ်ပြုကြသည်။

(ဇ) စီးပွားရေးလုပ်ငန်းများအတွက် ခရီးသွားလာရေး လွယ်ကူ ချောမွေ့ အောင် ဆောင်ရွက်ရန် သဘောတူညီကြသည်။ ယင်းသို့ပြုလုပ်ရာ တွင် ဘင်းမ်စတက်လုပ်ငန်းခရီးသွားလာရေး ကတ်ပြား/ဗီဇာများ စတင်အသုံးပြုရေးကိုလည်း သဘောတူညီကြသည်။

(စျ) ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအခွင့်အလမ်းများကို အပြည့်အဝအသုံးပြုနိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အတူ တကွ ပူးပေါင်းဆောင်ရွက်မှုအလားအလာများ ရှာဖွေဖော်ထုတ်ရန် အားပေးတိုက်တွန်းကြသည်။

(ည) ဘင်းမ်စတက်ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု ပိုမိုပြုလုပ်ရေး ကို တက်ကြွစွာ တိုးမြှင့်ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ စာနယ်ဇင်းသမားများ၊ ကျောင်းသူကျောင်းသားများနှင့် တက္ကသိုလ် ဌာနများ၊ အားကစားသမားများ အပြန်အလှန်သွားရောက်လည်ပတ် ခြင်း စသည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊ ရုပ်ရှင်ကားများ၊ ရုပ်မြင်သံကြားနှင့် ဂီတအစီအစဉ်များစသည့် အနုပညာနှင့်

ဖျော်ဖြေရေးကဏ္ဍများတွင်လည်း အပြန်အလှန်ဖလှယ်မှု ပြုလုပ်ရေးကို အားပေးရန် ဆုံးဖြတ်ကြသည်။

(၄) ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအားလုံး ညှိနှိုင်းဆောင်ရွက်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးများအား တာဝန်ပေးအပ်ရန် သဘောတူညီကြသည်။ နောက်တစ်ကြိမ်ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ၂၀၀၆ ခုနှစ်တွင် အိန္ဒိယသမ္မတနိုင်ငံ၌ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် ထိုင်းနိုင်ငံ ချေးငွေသန်း ၁၀၀

ဤခရီးစဉ်တွင် မြန်မာနိုင်ငံအတွက် ထူးခြားသောရလဒ်ကောင်းတစ်ခုရရှိခဲ့သည်ဟုဆိုရပါမည်။ အကြောင်းကတော့ ဝန်ကြီးချုပ်ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့် ကျွန်တော်သည် ပုဂ္ဂိုလ်ရေး ရင်းနှီးမှုရှိတာကြောင့် ကျွန်တော်တို့နှစ်ဦးတွေ့ကြစဉ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က "ခင်ဗျားတိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အသုံးပြုနိုင်ဖို့အတွက် ကျွန်တော်ငွေချေးပါမည်၊ အတိုးနှုန်းနည်းနည်းပဲယူပါ့မည်၊ ငွေ Amount က ဒေါ်လာသန်း ၁၀၀ နီးပါးဖြစ်မည်၊ နိုင်ငံခြားရေးဝန်ကြီးနှစ်ယောက် ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်ပါ" ဟုပြောလာတဲ့အတွက် ကျွန်တော်ကလည်း အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး "ခင်ဗျားချေးမယ့်ငွေကို ယူပါ့မယ်၊ နိုင်ငံခြားရေးဝန်ကြီးနှစ်ယောက်ဆွေးနွေးပြီး လုပ်ထုံးလုပ်နည်းအတိုင်း ချေးငွေစည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ကြတာပေါ့" လို့ အဖြေပေးခဲ့ပါသည်။

ရန်ကုန်ပြန်ရောက်တော့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ချက်ချင်းတင်ပြရာ ဥက္ကဋ္ဌကလည်း သဘောတူညီတာကြောင့် ဝန်ကြီးများနှင့် အထူးအစည်းအဝေးကျင်းပပြီးတော့ ဝန်ကြီးဌာနများအလိုက် အမှန်တကယ်လိုအပ်နေသော ယန္တရားပစ္စည်းများ၊ စက်ပစ္စည်းများ လိုအပ်ချက်များကို ဝန်ကြီးဌာနအလိုက် စာရင်းပြုစုတင်ပြရန် စီစဉ်ခဲ့ပါသည်။ ချေးငွေရယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ သင့်လျော်သည့် အတိုးနှုန်းသတ်မှတ်ခြင်းတို့နှင့်ပတ်သက်၍ စည်းမျဉ်း

ထိုင်းနိုင်ငံတွင် ကျင်းပသည့် ပထမအကြိမ် BIMST.EC အစည်းအဝေး

စည်းကမ်း၊ လုပ်ထုံးလုပ်နည်းဆိုင်ရာများကို ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးဦးစီး၍ ဆက်လက်ဆောင်ရွက်စေပြီး ပစ္စည်းဝယ်ယူရေးအဖွဲ့ကို ဒုတိယဝန်ကြီးတစ်ယောက်ကို ဦးဆောင်စေလျက် အဖွဲ့ဝင်များအဖြစ် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် စနစ်တကျဖွဲ့စည်းပေးကာ ဆက်လက်ဆောင်ရွက်စေခဲ့သည်။

ကတ္တရာစေးတန်ချိန်

ဝန်ကြီးဌာနအသီးသီးက လိုအပ်သော စက်ပစ္စည်းများ၊ ယန္တရားများနှင့် ပတ်သက်၍ ချေးငွေပမာဏ ဘောင်အတွင်းဝင်အောင် ဝန်ကြီးများနှင့် အကြိမ်ကြိမ် အစည်းအဝေးပြုလုပ်ပြီး အမြန်အကောင်အထည်ဖော်ခဲ့ပါသည်။ ကျွန်တော် မှတ်မိသလောက်ကတော့ ကတ္တရာစေးတန်ချိန် တစ်သိန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှု(၁) ဝန်ကြီးဌာနများအတွက် စက်ပစ္စည်းနှင့် ယန္တရားကြီးများ၊ အထပ်မြင့်အဆောက်

အခုံများအတွက် မီးသတ်ပစ္စည်းကိရိယာများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး အဖွဲ့နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးအဖွဲ့တို့အတွက် ကတ္တရာခင်းယာဉ်များ စသည်ဖြင့် အမှန်တကယ်လိုအပ်သည့် ပစ္စည်းများကို ထိုင်းနိုင်ငံရှိ ကုမ္ပဏီများမှ တဆင့်ဝယ်ယူပေးခဲ့ခြင်းဖြစ်ပါသည်။ ဒါတွေကတော့ နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုကို အခြေခံ၍ ဖြစ်ထွန်းလာသော နိုင်ငံအတွက် ဖွံ့ဖြိုးရေးဆောင်ရွက်မှုများမှာ များစွာ အထောက်အကူဖြစ်စေသည့် ရလဒ်ကောင်းများပဲ ဖြစ်ပါသည်။ အိမ်နီးချင်း နိုင်ငံအချင်းချင်း ထူထောင်တည်ဆောက်ထားသည့် ချစ်ကြည်ရင်းနှီးမှုရလဒ် ကောင်းပင်ဖြစ်သည်ဟု ဆိုချင်ပါတော့သည်။

ထိုင်ဝမ်ပြည်ထောင်စု ဗဟိုဝန်ကြီးချုပ်ရုံးတော်ရှေ့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ပရိုတိုကောလ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဦးထောင်ထား ပြုစုစောင့်ရှောက်ခံနေကြရသော ဝန်ထမ်းများ ရုပ်ပုံ။ (သတင်းဓာတ်ပုံ)
ဗဟိုဝန်ကြီးချုပ်ရုံးတွင် ဒီရေနုတ်ကြောဝန်ကြီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ပရိုတိုကောလ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ထိုင်ဝမ်ပြည်ထောင်စု ဗဟိုဝန်ကြီးချုပ်ရုံးတော်ရှေ့ရှိ ဝန်ထမ်းများ ရုပ်ပုံတူပြုလုပ်ထားကြသည်ကို ကျေးဇူးတင်ရှိကြောင်းပြုပုံ။ (သတင်းဓာတ်ပုံ)

www.burmeseclassic.com

အခန်း(၅၆)

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ဝန်ကြီးချုပ်ခရီးစဉ်တွင် လက်မှတ်ရေးထိုးခဲ့မှုများ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် (၁၁.၇.၂၀၀၄) ရက်နေ့မှ (၁၈.၇.၂၀၀၄) ရက်နေ့ထိ ဝန်ကြီးအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပါသည်။

ထိုခရီးစဉ်တွင် ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များ ဆွေးနွေးခြင်းအပြင် သမ္မတ မစ္စတာဟူကျင်တောင်ကိုပါ ဂါရဝပြုတွေ့ဆုံခဲ့ပါသည်။ ထိုခရီးစဉ်တွင် ပိုကင်းမြို့အတွင်း SCIENCE PARK ကို လေ့လာခြင်းနှင့်စွယ်တော်မြတ်ဘုရားကျောင်းသို့ ကျောက်စိမ်းဆင်းတုတော်လျှာဒါန်းခြင်းနှင့် စွယ်တော်မြတ်အား ဖူးမျှော်ခြင်းပြုခဲ့ပါသည်။

တရုတ်နိုင်ငံ၏ စီစဉ်ပေးထားချက်အတိုင်း နောက်ရက်များတွင် ရှန်ဟိုင်းသို့ ထွက်ခွာ၍ ဟောဘေးပြည်နယ်က (THREE GORGES DAM PROJECT) သို့ သွားရောက်လေ့လာခြင်း၊ ရှန်ဟိုင်းရှိ စက်မှုဇုန်များသို့လေ့လာခြင်း၊ ရှင်ကျင့်မြို့ အထူးစီးပွားရေးဇုန်သို့ သွားရောက်လေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။



ဝန်ကြီးချုပ်နှစ်ဦးတို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြစဉ်

ပီကင်းမြို့တော်တွင်ရှိစဉ် ဝန်ကြီးချုပ် မစ္စတာဝမ်ကျားပေါင်နှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ ဆွေးနွေးပြီးနောက် အောက်ပါနှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုးခဲ့ကြပါသည်။

၁။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာကို ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဝန်ကြီးမစ္စတာဝမ်ရှိုးတုန်းတို့ လက်မှတ်ရေးထိုးသည်။

၂။ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတည်ဆောက်ရေး စီမံကိန်းဆိုင်ရာ စာလွှာ။

၃။ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်လုပ်ငန်းစီမံကိန်းများ၏ ပင်မစီမံချက်ရေးဆွဲရေးဆိုင်ရာ စာလွှာ။

၄။ သံလျင်-ကျောက်တန်း-စက်မှုဇုန်အတွက် ပင်မလုပ်ငန်းစီမံချက်ဆိုင်ရာ စာလွှာ။

၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အတိုးမဲ့ချေးငွေရင်မီဘီယွမ်သန်း(၅၀) ဖြင့် ရထားသံလမ်းများ ရယူရေးဆိုင်ရာစာလွှာ။ အဆိုပါ စာချွန်လွှာ (၄)ခုကို ဒုဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဒုဝန်ကြီးမစ္စတာ ယုကွမ်ကျိုးတို့ လက်မှတ်ရေးထိုးကြသည်။

၆။ မြန်မာနိုင်ငံ ဆက်သွယ်ရေးကွန်ယက်တည်ဆောက်ရေးစီမံကိန်း အတွက် ထောက်ပံ့ရေးစာချုပ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသာဦးနှင့် ZTE ကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာဟိုဝေကွေ့ တို့လက်မှတ်ရေးထိုးကြသည်။

၇။ တကောင်းတောင် နိုကာယ်သတ္တုစုမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းသဘောတူစာချုပ်ကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် Non-Ferrous Metal Mining Co., Ltd ဥက္ကဋ္ဌ မစ္စတာ ကျန်းကျန့်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

တရုတ်နိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်နှင့် တွေ့ဆုံစဉ်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့. တရုတ်ပြည်သို့ ခရီးစဉ်

၈။ ပျော့ဖတ်စက်ရုံများ တည်ဆောက်ရန်အတွက် နားလည်မှု စာချုပ်လွှာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်နှင့် Metallurgical Construction (Group) Corporation ဥက္ကဋ္ဌ မစ္စတာ ရန်းချန်ဟန်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

၉။ ချေးငွေပေးဆပ်ရေး ပြန်လည်ညှိနှိုင်းမှု သဘောတူစာချုပ်ကို ဒုဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တရုတ်နိုင်ငံပို့ကုန်နှင့် အာမခံချေးငွေကော်ပိုရေးရှင်း (SINOSURE)ဥက္ကဋ္ဌ မစ္စတာထန်ရန်ရှင်း တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

အထက်ဖော်ပြပါ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှု စာချုပ်လွှာများ၊ စာလွှာများ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ပြည်သူ့ခန်းမဆောင်ကြီးအတွင်းတွင် နှစ်နိုင်ငံဝန်ကြီးချုပ်နှစ်ဦးနှင့် အဖွဲ့ဝင်များ ရှေ့မှောက် လက်မှတ်ရေးထိုးပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

O

www.burmeseclassic.com

(ပ)

မြန်မာနိုင်ငံအတွက် ROAD MAP ရေးလုပ်ငန်းစဉ် ခုနစ်ရပ်

အခန်း **အကြောင်းအရာ**

၁၇။ မြန်မာနိုင်ငံအတွက် ရေးလုပ်ငန်းစဉ် ခုနစ်ရပ် **(ROAD MAP)**

www.burmeseclassic.com

အခန်း(၅၇)

မြန်မာနိုင်ငံအတွက် ရေလုပ်ငန်းစဉ် ခုနစ်ရပ်

(ROAD MAP)

မျက်မှောက်ကာလ ကမ္ဘာလောကတစ်ခုလုံးတွင် စစ်အစိုးရအုပ်ချုပ်သော နိုင်ငံဆိုသည်မရှိသလောက်ပင်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးမှုသည် ယနေ့ကမ္ဘာမှာ ခေတ်အစားဆုံးဖြစ်သည်။ မြန်မာနိုင်ငံသို့လာရောက်ကြသည့် ဧည့်သည်အများစုကတော့ ကျွန်တော်တို့ စစ်အစိုးရကို မကြိုက်ဘူးဟု ပွင့်ပွင့်လင်းလင်း မပြောကြပါ၊ မကြိုက်ကြတာတော့ အမှန်ပါပဲ။ ဒီနေ့ကမ္ဘာမှာရေပန်းစားနေသည့် ဒီမိုကရေစီ ဖြစ်ထွန်းရေးကိုပါ ဦးတည်သည့် အဓိပ္ပာယ်သက်ရောက်သည့် ဆွေးနွေးပြောကြားမှုများကိုသာ မကြာခဏကြားရပါသည်။ သူတို့အသုံးအနှုန်းကတော့ တိုင်းပြည်တိုးတက်ဖြစ်ထွန်းရေးအတွက် "ROAD MAP" ရှိထားဖို့လိုသည် ဆိုသည့် ဆွေးနွေးမှုများကို မကြာခဏကြားသိနေရပါသည်။

ကျွန်တော်အလွန်လေးစားသော စင်ကာပူခေါင်းဆောင်ကြီး လီကွမ်ယုကလည်း ထိုအဓိပ္ပာယ်မျိုးများကိုပင် စေတနာထားပြောကြားခဲ့သည်များကို ကြားခဲ့ရပါသည်။ ကျွန်တော်နှင့် အလွန်ရင်းနှီးသော မိတ်ဆွေများ၊ အမေရိကန်နိုင်ငံမှ လာရောက်ကြသော ကွန်ဂရက်နှင့် ဆီးနိတ်တို့မှ ပုဂ္ဂိုလ်များကလည်း ထိုနည်းအတိုင်းဆွေးနွေးလေ့ရှိကြပါသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် "ROAD MAP" ကို နားရည်ဝနေတာကြောင့် ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့

"ROAD MAP" အကြောင်း မကြာခဏတင်ပြပါသည်။ အချိန်မကျသေးမီ ထားလိုက်ပါဦးဟုသာ အဖြေရခဲ့ပါသည်။ သို့သော် ကျွန်တော်ကတော့ "ROAD MAP" အချိန်မရွေး ထလုပ်လိုပါကလုပ်နိုင်ရန် ကြိုတင်ပြင်ဆင်စဉ်းစားထားမှုများ ရှိနေပါသည်။

"ROAD MAP" ကိစ္စလုပ်ကြရအောင်

၂၀၀၃ ခုနှစ် ကျွန်တော့်ကို ဝန်ကြီးချုပ်တာဝန်ပေးအပ်သည့်အချိန်မှာပင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျွန်တော့်ကိုခေါ်ပြီး "ခင်ဗျားမကြာခဏ တင်ပြနေတဲ့ "ROAD MAP" ကိစ္စကို လုပ်ကြရအောင်၊ ခင်ဗျားပဲတရားသူကြီးချုပ်၊ ရှေ့နေချုပ်တို့နှင့် တိုင်ပင်ပြီး ကျွန်တော့်ကိုတင်ပြပါ" ဟု ပြောလာသည့်အတွက် ကျွန်တော်အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ ထို့ကြောင့် ကျွန်တော်လည်း အချိန်မဆိုင်းတော့ပဲ တရားသူကြီးချုပ်နှင့် ရှေ့နေချုပ်တို့ကိုခေါ်ယူပြီး ကျွန်တော် ကြိုတင်ပြင်ဆင်ထားသည့် "ROAD MAP" အစီအစဉ်ကို ချပြဆွေးနွေးခဲ့ကြပါသည်။ ကျွန်တော်တို့သုံးယောက်သား လိုတိုးပိုလျှော့နှင့် ဥပဒေကြောင်းနှင့်

ညီညွတ်အောင် နိုင်ငံတကာကျင့်သုံးမှုများကိုပါ ဆွေးနွေးညှိနှိုင်းပြီး ထွက်ပေါ်လာသည့် ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကို ဥက္ကဋ္ဌကြီးထံတင်ပြပါသည်။ ဥက္ကဋ္ဌက ပြင်ဆင်ဖြည့်စွက်မှုမပြုတော့ဘဲ တပ်မတော်အစိုးရ၏ ကာလတစ်လျှောက်လုံး ကြိုးပမ်းဆောင်ရွက်မှုကြောင့် တိုးတက်ဖြစ်ထွန်းလာမှုများကို ပဏာမပြောကြားပြီးမှ "ROAD MAP" ပါ ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကို ရှင်းလင်းတင်ပြရန်နှင့် ဤလုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံတော်သို့ အသိပေးကြေညာရန် လမ်းညွှန်မှုပေးပါသည်။

ထိုလုပ်ငန်းစဉ်ခုနစ်ရပ်ပါ "ROAD MAP" ကြေညာချက်နှင့် ပတ်သက်၍ ရန်ကုန်မြို့ရှိ လွတ်တော်ခန်းမဆောင်ကြီးတွင် ပြောကြားခဲ့သည့် ကြေညာချက်အပြည့်အစုံကို ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံအတွက် ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ် (ROAD MAP)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်မှ နိုင်ငံတော်၏ ရှေ့သွားမည့် မူဝါဒ လမ်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည့် မိန့်ခွန်း

ယနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး "ကိုယ်စိတ်နှစ်ဖြာ ကြည်သာ ရွှင်လန်း ချမ်းမြေ့ကြပါစေ"။

ယနေ့ ရှင်းလင်းတင်ပြမယ့် အကြောင်းအရာတွေကတော့ နိုင်ငံတော်ရဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ပြည်သူတစ်ရပ်လုံးအတွက်ပါ သိရှိဖို့လိုအပ်တဲ့ နိုင်ငံတော်ရဲ့ အရေးပါတဲ့ အကြောင်းအရာတွေကို အပိုင်းသုံးပိုင်းခွဲပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမပိုင်း ကတော့ မိမိတို့အစိုးရ နိုင်ငံတော်ရဲ့တာဝန်ယူတဲ့ကာလက စတင်ပြီး ယနေ့အထိ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး အဖြစ် ဖြစ်ထွန်းလာရေး ရည်မှန်းချက်ထားပြီး နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ နေ့ညမနား ကြိုးပမ်းဆောင်ရွက်မှုနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ တက်ညီလက်ညီ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်

ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် နိုင်ငံတော်ကြီး ဘက်စုံတိုးတက်ဖြစ်ထွန်းလာမှုတွေကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒုတိယပိုင်း မှာ ရှင်းလင်းတင်ပြမှာကတော့ နိုင်ငံတော်ရဲ့ နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို အကျဉ်းရုံးပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

တတိယပိုင်း ကတော့ လက်ရှိနိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ အရပ်ရပ်နဲ့အညီ နိုင်ငံတော်ရဲ့ သမိုင်းကြောင်းအခြေခံတွေနဲ့ မိမိလူမျိုးရဲ့ ယဉ်ကျေးမှုလေ့စရိုက်တွေအပေါ် အခြေခံပြီး အနာဂတ်ကာလမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ရှေ့ဆက်လက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဝိုင်းအနေနဲ့ တင်ပြရမယ်ဆိုရင်-

ယနေ့အချိန်အခါမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေးနဲ့ မိမိနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားစေရေး ရည်မှန်းချက်နဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာစေဖို့ ဘက်စုံကဏ္ဍစုံက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဒီလိုအမျိုးသားရေး ပန်းတိုင်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးသို့ ဦးတည်လျှောက်လှမ်းရာမှာ နိုင်ငံတော်အတွင်း အေးချမ်းသာယာမှု၊ စည်ပင်ဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရေးအပြင် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ပင်မ မဏ္ဍိုင်များဖြစ်တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ထွန်းကားပြန့်ပွားနေစေရေးအတွက် ကိုပါ တိကျခိုင်မာတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့ဟာ တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းပြီး အပြန်အလှန် အကျိုးပြုနေတဲ့ အကျိုးတရားများပဲ ဖြစ်ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်ထွန်းမှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှာဖြစ်သလို နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပတ်ဝန်းကျင်ကောင်းတွေ ဖြစ်ထွန်းမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံတွေကို ပေါ်ထွန်းလာစေမှာ ဖြစ်ပါတယ်။ ဒါဟာလည်း အမျိုးသား စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို မြှင့်တင်ပေးနိုင်မှာလည်း ဖြစ်ပါတယ်။

အလားတူပဲ အမျိုးသားစီးပွားရေး တိုးပွားစည်ပင်မှု အခြေခံကောင်းတွေဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်ထောင်စုကြီး အခွန်ရှည်တည်တံ့ခိုင်မြဲရေးတို့ကို ပိုမိုထွန်းကားခိုင်ခံ့စေပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုတို့ကို ဖော်ဆောင်ပေးမှာ ဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့ တပ်မတော်အစိုးရ နိုင်ငံတော်ရဲ့တာဝန်ကို ရယူခဲ့ရချိန်မှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ကို ပထမဦးစားပေးလုပ်ငန်း တာဝန်ကြီးများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရင်း တစ်ပြိုင်တည်းမှာပဲ အမျိုးသား စီးပွားရေးဘဝ ခိုင်မာတောင့်တင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေမယ့် စီးပွားရေး၊ လူမှုရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေ ပေါ်ထွန်းလာစေရအောင် အမျိုးသားစီမံကိန်း အဆင့်ဆင့်ကိုချမှတ်ပြီး စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ဒီအမျိုးသားစီမံကိန်းများကိုလည်း မိမိပြည်တွင်းမှာရှိတဲ့ သယံဇာတစွမ်းအား၊ မိမိနိုင်ငံသူ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များနဲ့ ပြည်သူများရဲ့ စွမ်းအား၊ မိမိတို့ကြိုးပမ်းတည်ဆောက်ဆဲ၊ တည်ဆောက်သွားမယ့် စီးပွားရေးနဲ့ ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများရဲ့ စွမ်းအားတို့ကို အခြေခံပြီး မိမိနိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ကိုယ့်အမျိုးသားရေး စွမ်းအားစုများရဲ့ စွမ်းပကားကို အားပြုပြီး တစ်မျိုးသားလုံးရဲ့ ပူးပေါင်းပါဝင်မှု စွမ်းအားနဲ့ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့အတွက် ယနေ့အချိန်အခါမှာ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်မှာ ရောက်ရှိဖြစ်ထွန်းနေပြီဖြစ်သလို နိုင်ငံတော်အတွင်း အမျိုးသားစည်းလုံးညီညွတ်မှု အခြေခံကောင်းတွေ၊ အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေခံ အဆောက်အအုံတွေ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံတွေ၊ လူမှုရေးဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံတွေ၊ နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံ

အဆောက်အအုံတွေစတဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်း၊ အကျိုးရလဒ်ကောင်းတွေ များစွာပေါ်ထွန်းနေပြီဖြစ်တာ တွေ့ကြရမှာဖြစ်ပါတယ်။

မိမိတို့နိုင်ငံတော်ရဲ့ တာဝန်ကို ရယူခဲ့ရချိန်ဟာ နိုင်ငံတော်ရဲ့ စီးပွားရေး ဆုတ်ယုတ်ကျဆင်းနေချိန်ဖြစ်သလို အဖျက်အမှောင်သမားများရဲ့ ဖျက်ဆီးမှုနဲ့ လုယက်မှုများကြောင့် စက်ရုံအလုပ်ရုံတွေ အပါအဝင် အခြားသောဖွံ့ဖြိုးမှု အခြေခံ အဆောက်အအုံများ လုံးဝနီးပါး ပျက်စီးယိုယွင်းနေတဲ့ အခြေအနေရှိခဲ့တာ အားလုံး သတိရကြလိမ့်မယ်လို့ထင်ပါတယ်။ ဒါ့အပြင် တစ်နိုင်ငံလုံးဟာ လမ်းပန်း ဆက်သွယ်မှုတွေ ပြတ်တောက်ပြီး နိုင်ငံတော်ရဲ့ လုပ်ငန်းအားလုံး ရပ်တန့်နေတဲ့ အချိန်ဖြစ်ပါတယ်။

အဲဒီတုန်းက နိုင်ငံတော်ရဲ့ စီးပွားရေးဟာ ၁၉၈၆ ခုနှစ်က စတင်ပြီး နှစ်စဉ်ဆက်တိုက်ကျဆင်းလာခဲ့ရာမှာ ၁၉၈၈-၈၉ ခု ဘဏ္ဍာနှစ်မှာ တစ်မျိုးသားလုံးရဲ့ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး (GDP) ဟာ ကျပ်သန်း ပေါင်း ၄၇,၁၄၁ သာ ရှိတော့တဲ့ အနိမ့်ဆုံး အခြေအနေကို ရောက်ရှိခဲ့ချိန် ဖြစ်ပါတယ်။

မိမိတို့ နိုင်ငံတော်ရဲ့တာဝန်ယူရချိန်မှာ အမျိုးသားစီးပွားရေးမူဝါဒကို ပုဂ္ဂလိကအခန်းကဏ္ဍကို အားပေးတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲ ကျင့်သုံးခဲ့တဲ့အတွက် အမျိုးသားစီးပွားရေး စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာလည်း လိုက်လျောညီထွေ ပြင်ဆင်ဆောင်ရွက်ခဲ့ရပါတယ်။

တစ်ဆက်တည်းမှာပဲ ပျက်စီးယိုယွင်းနေတဲ့စက်ရုံအလုပ်ရုံတွေ၊ စီးပွားရေး အခြေခံအဆောက်အအုံတွေကို ပြန်လည်တည်ဆောက်ရင်း နိုင်ငံတော်ဖွံ့ဖြိုးရေး အတွက် အထူးလိုအပ်နေတဲ့ လမ်းမကြီးတွေ၊ မြစ်ကူးချောင်းကူး တံတားကြီး တွေ၊ ဆည်မြောင်း တာတမံတွေ၊ တက္ကသိုလ်ကောလိပ်တွေနဲ့ ဆေးရုံကြီးတွေ စတဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံး ဖြန့်ကျက် တည်ဆောက်ခဲ့ရပါတယ်။

ဒီလို နေ့ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက် နိုင်ငံတော်ရဲ့ "GDP" ဟာလည်း ပြန်လည်ဦးမော့လာခဲ့ပြီး ၁၉၈၈-၈၉ ခု ဘဏ္ဍာနှစ်ရဲ့ ကျပ်သန်းပေါင်း

၄၇,၀၀၀ ကျော် အခြေအနေကနေ ၁၉၉၀-၉၁ ခုဘဏ္ဍာနှစ်မှာကျပ်သန်းပေါင်း ၅၀,၂၆၀ စတင်ရရှိသည်အထိ တိုးတက်ပြောင်းလဲလာခဲ့တာ တွေ့နိုင်ပါတယ်။ ၁၉၈၉-၉၀ ပြည့် ဘဏ္ဍာနှစ်မှ ၁၉၉၉၁-၉၂ ခု ဘဏ္ဍာနှစ်အထိ သုံးနှစ်တာကာလအတွင်း "GDP" တိုးတက်မှုနှုန်းဟာ တစ်နှစ်ပျမ်းမျှ ၅.၉ အထိ တိုးတက်လာခဲ့ပါတယ်။

၁၉၉၂-၉၃ မှ ၁၉၉၅-၉၆ ကာလတို့ လေးနှစ်စီမံကိန်းကာလ ကုန်ဆုံးချိန်မှာ နိုင်ငံတော်ရဲ့ GDP ဟာ တစ်နှစ်ပျမ်းမျှ ၇.၅ ရာခိုင်နှုန်း တိုးတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တာ တွေ့ရပါတယ်။

ဆက်လက်ပြီးတော့ ၁၉၉၆-၉၇ မှ ၂၀၀၀-၂၀၀၁ ဒုတိယကာလတို့ ၅ နှစ် စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

ဒီဒုတိယကာလတို့ ၎င်းနှစ်စီမံကိန်းကာလမှာ လက်ရှိဖြစ်ထွန်းနေတဲ့ စီးပွားရေးအခြေခံကောင်းတွေ တည်ငြိမ်ခိုင်မာစေဖို့နဲ့ မြန်မာ့စီးပွားရေးကို အရှိန်မှန်မှန်နဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်စေမယ့် လမ်းကြောင်းမှန်ပေါ်မှာ တည်ငြိမ်စွာဖြစ်ထွန်းလာစေဖို့ စနစ်တကျ မျှော်မှန်းကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက် စီမံကိန်းပြီးဆုံးချိန် GDP ဟာ တစ်နှစ်ပျမ်းမျှ ၈.၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့တာ တွေ့ရပါတယ်။

လက်ရှိအကောင်အထည်ဖော်နေဆဲဖြစ်တဲ့ ၂၀၀၁-၂၀၀၂ မှ ၂၀၀၅-၂၀၀၆ ကာလတို့ ၄၊်းနှစ်စီမံကိန်းဟာ ယခု ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာနှစ်မှာ စီမံကိန်းတတိယနှစ်ကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ဒီ ၎င်းနှစ်တာကာလအတွင်း GDP ကို တစ်နှစ်ပျမ်းမျှ ၁၀.၇ ရာခိုင်နှုန်း တိုးတက်ဖို့ ရည်မှန်းထားရာမှာ စီမံကိန်း ဒုတိယနှစ်ဖြစ်တဲ့ ၂၀၀၂-၂၀၀၃ ခု ဘဏ္ဍာနှစ်မှာ ၁၁.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့တာ တွေ့နိုင်ပါတယ်။ တစ်ဦးချင်း အသားတင်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးဟာဆိုရင်လည်း ၂၀၀၂-၂၀၀၃ ခု ဘဏ္ဍာနှစ်အဆုံးမှာ ၁၀၅,၉၄၀ ကျပ်အထိ တိုးတက်လာခဲ့တာ တွေ့နိုင်ပါတယ်။

ဒါ့အပြင် မိမိတို့အစိုးရလက်ထက်မှာ အလုပ်လက်မဲ့ဦးရေ လျော့နည်းသွားစေရန် နည်းလမ်းမျိုးစုံဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု

ကြောင့် အလုပ်လက်မဲ့ဦးရေ ၁၀ သန်းခန့်ကို အလုပ်အကိုင်များ ထပ်မံပေးနိုင်ခဲ့၍ ၁၉၈၈ ခုနှစ်ကာလက အလုပ်သမားဦးရေ ၁၉ သန်းခန့်မှ ယခု ၂၉ သန်းခန့်အထိ တိုးတက်ဖြစ်ပေါ်နေပြီဖြစ်ပါတယ်။

လယ်ယာကဏ္ဍကို ဆက်လက်တင်ပြပါ့မယ်

ဒီလို အမျိုးသားစီးပွားရေးဘဝ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ရာမှာ စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုနှင့် အခြားသော စီးပွားရေးကဏ္ဍများကိုလည်း တိုးတက်ဖြစ်ထွန်းမယ့် စီးပွားရေးစနစ်ဖြစ်ထွန်းလာရေးကို အမျိုးသားစီးပွားရေး မူဝါဒအဖြစ် ချမှတ်ပြီး ဘက်စုံကဏ္ဍစုံ တိုးတက်ဖြစ်ထွန်းရေးကို နိုင်ငံတော်အစိုးရအနေနဲ့ အထူးအလေးထား ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

ပထမပိုင်းမှာ နိုင်ငံတော်ရဲ့ အဓိကအသီးအနှံဖြစ်တဲ့ စပါးကို အခြေခံပြီး စိုက်ဧက တိုးချဲ့ဖို့၊ ခေတ်မီစိုက်ပျိုးနည်း စနစ်များနဲ့ အထွက်တိုးမျိုးကောင်းမျိုးသန့်များ အသုံးပြုဖို့၊ စိုက်ပျိုးရေ ရရှိရေးနည်းလမ်းအသွယ်သွယ်နဲ့ ဆောင်ရွက်သွားဖို့ အာရုံစူးစိုက် ဆောင်ရွက်ခဲ့ပါတယ်။

မိမိတို့စတင် တာဝန်ယူစ ကာလမှာ စပါးအထွက်နှုန်းဟာ တစ်နှစ်တင်းသန်း ၆၅၄ သာ ရှိခဲ့ပါတယ်။ ဒါကြောင့် မိုးစပါးအပြင် သီးထပ်နွေစပါး စိုက်ပျိုးမှုကို အားပေးပြီး တစ်နှစ်စပါးတင်း သန်း ၁၀၀၀ ထွက်ရှိရေး ဦးတည် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ၁၉၉၅-၉၆ ခု ဘဏ္ဍာနှစ်ကနေ ၁၉၉၇-၉၈ခု ဘဏ္ဍာနှစ်အထိ နှစ်စဉ် စပါးတင်း သန်း ၈၀၀ ကျော် ထွက်ရှိလာခဲ့ပြီး ၁၉၉၉-၂၀၀၀ ပြည့် ဘဏ္ဍာနှစ်မှာ စပါးတင်း ၉၆၅ သန်း ထွက်ရှိလာခဲ့ရာက ၂၀၀၀-၂၀၀၁ ခု ဘဏ္ဍာနှစ်က စပြီး မူလရည်မှန်းချက်ဖြစ်တဲ့ တစ်နှစ်စပါးတင်း သန်း ၁,၀၀၀ ရရှိလာခဲ့ပြီ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးမှာ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်တဲ့ စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်း တာတမံတွေ၊ ရေထိန်းတံခါးကြီးတွေ၊ မြစ်ရေတင် စီမံကိန်းတွေနဲ့ မြေအောက်ရေရှိရေး စီမံကိန်းတွေကို တစ်နိုင်ငံလုံး ဖြန့်ကြက်ပြီး တည်ဆောက်ပေးလျက်ရှိပါတယ်။

ဒီရေရှိရေးစီမံကိန်းတွေမှာ ရေအားလျှပ်စစ်စီမံကိန်းများ၊ တွဲဖက်ပါဝင်တဲ့ စီမံကိန်းများကအစ ဆည်တမံများ စုဖွဲ့တည်ဆောက်တဲ့ အင်ယန်စား၊ အလတ်စား စီမံကိန်းများအထိ ပါဝင်ပြီး ၁၉၈၈ ခုနှစ်ကစလို့ ယခုအချိန်အထိ မိမိတို့အစိုးရ လက်ထက်မှာ ဆည်မြောင်း တာတမံ စီမံကိန်းပေါင်း ၁၅၀ နှင့် ရေမရှိနိုင်သည့် ဒေသများမှာ မြစ်ရေတာင်စီမံကိန်းပေါင်း ၂၆၅ ခုကိုပါ တည်ဆောက်ပေးနိုင်ခဲ့တဲ့ အတွက် စိုက်ပျိုးရေးဖြစ်ထွန်းတဲ့ မြေဧက နှစ်သန်းကျော် တိုးပွားဖြစ်ထွန်းလာခဲ့ ပြီလည်းဖြစ်ပါတယ်။

ဒီဆည်မြောင်းတာတမံ ၁၅၀ အတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ် သန်းပေါင်း ၆၃,၄၉၄ သန်းကျော် ကျခံသုံးစွဲပြီးလည်း ဖြစ်ပါတယ်။ လက်ရှိ မှာလည်း ဆည်မြောင်း တာတမံ စီမံကိန်း ၃၉ ခုကို တည်ဆောက်လျက်ရှိနေပြီ ဖြစ်သလို စီမံကိန်း ၈၄ ခုကို ဆက်လက်တည်ဆောက်သွားဖို့ စီစဉ်ဆောင်ရွက် နေပြီလည်း ဖြစ်ပါတယ်။

သားငါးကဏ္ဍကို တင်ပြပါ့မယ်-

လယ်ယာကဏ္ဍနဲ့ တစ်ဆက်တစ်စပ်တည်းမှာပဲ မြန်မာ့ရေမြေသဘာဝ အရ အဖြစ်ထွန်းနိုင်ဆုံး စီးပွားရေးကဏ္ဍတစ်ရပ်ဖြစ်တဲ့ သားငါးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း နိုင်ငံတော်အစိုးရအနေနဲ့ အထူးအာရုံစူးစိုက်အားပေး ဆောင်ရွက်ခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော်ကဏ္ဍမှာရော ပုဂ္ဂလိကကဏ္ဍမှာပါ သားငါးမွေးမြူ ထုတ်လုပ်မှု လုပ်ငန်းများနဲ့ ရေလုပ်ငန်းများကို အရှိန်အဟုန်နဲ့တိုးချဲ့ဆောင်ရွက် ခဲ့တဲ့အတွက် သားငါးကဏ္ဍဟာ ၁၉၉၂-၉၃ ခုနှစ်မှ ၁၉၉၅-၉၆ ခုနှစ် ပထမ ကာလတို စီးပွားရေးစီမံကိန်းကာလမှာ တစ်နှစ်ပျမ်းမျှ ၄.၆ရာခိုင်နှုန်း၊ ၁၉၉၆-၉၇ ခုနှစ်မှ ၂၀၀၀-၂၀၀၁ ခုနှစ် စီမံကိန်းကာလမှာ တစ်နှစ်ပျမ်းမျှ ၁၂.၇ ရာခိုင်နှုန်း တိုးတက်လာခဲ့သလို ၂၀၀၁-၂၀၀၂ ခု ဘဏ္ဍာနှစ်မှာ ၁၂.၆ ရာခိုင်နှုန်း၊ ၂၀၀၂-၂၀၀၃ ခု ဘဏ္ဍာနှစ် မှာ ၁၂.၀ ရာခိုင်နှုန်း မှန်မှန်ကြီး ရရှိဖြစ်ထွန်းနေတာ တွေ့နိုင်ပါတယ်။

ယခုအခြေအနေမှာ ရေချိုရေငန် ငါးပုစွန်ထုတ်လုပ်မှုမှာ ၁၉၈၇-၈၈ ခု ဘဏ္ဍာနှစ်က တန်ပေါင်း ၆၈၁,၀၀၀ သာ ထုတ်လုပ်နိုင်ရာက ၂၀၀၂-၂၀၀၃ ခုနှစ်မှာ တန်ပေါင်း ၁,၅၇၉,၀၀၀ ထုတ်လုပ်လာနိုင်နေပြီ ဖြစ်ပါတယ်။

သစ်တောကဏ္ဍကို ဆက်လက်တင်ပြပါမယ်-

လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍတို့နဲ့ယှဉ်တွဲပြီး မြန်မာနိုင်ငံတော်ရဲ့ ထုထည်ပမာဏကြီးမားစွာ ဖြစ်တည်နေတဲ့ သဘာဝသယံဇာတ အရင်းအမြစ်တစ်ခုကတော့ သစ်တောကဏ္ဍပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ရဲ့ နယ်မြေဧရိယာပမာဏရဲ့ ၅၂.၂၈ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းလျက်ရှိနေပြီး နိုင်ငံတကာသို့တိုင် ကျော်ကြားတဲ့ မြန်မာ့ကျွန်းသစ်အပါအဝင် တန်ဖိုးကြီးမားတဲ့ သစ်ပင်၊ ဝါးပင်မျိုးကွဲပေါင်းများစွာဟာ မြန်မာ့သစ်တောအတွင်း ကြွယ်ဝစွာ ပေါက်ရောက်လျက်ရှိနေပါတယ်။

သစ်တောထိန်းသိမ်းကာကွယ်မှု၊ သစ်တောစိုက်ခင်းများ ပျိုးထောင်မှုများပြုလုပ်လျက်ရှိတဲ့အတွက် ၁၉၈၈-၈၉ ခု ဘဏ္ဍာနှစ်မှာ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော ၈က ၂၄.၈ သန်း၊ သဘာဝနယ်မြေဖွံ့စည်းမှု ၈က ၁.၃၅ သန်း သာရှိရာက ၂၀၀၂-၂၀၀၃ ခု ဘဏ္ဍာနှစ်မှာ ကြိုးဝိုင်း ကြိုးပြင် ကာကွယ်တော ၈က ၃၅.၀၅ သန်း၊ သဘာဝနယ်မြေဖွံ့စည်းမှု ၈က ၃.၃၆ သန်းရှိလာခဲ့ပြီ ဖြစ်ပါတယ်။ သစ်တောစိုက်ခင်းအနေနဲ့ဆိုရင်လည်း ၁၉၉၈-၉၉ ခု ဘဏ္ဍာနှစ်မှ ၂၀၀၂-၂၀၀၃ ခု ဘဏ္ဍာနှစ်အတွင်း အထူးကျွန်းစိုက်ခင်းများ အပါအဝင် ယခုအချိန်မှာ သစ်တောစိုက်ခင်း၈က တစ်သန်း တစ်သိန်းနီးပါးရှိနေပြီဖြစ်ပါတယ်။

ဒီလို သစ်တောကဏ္ဍ တိုးတက်ဖြစ်ထွန်းနေတဲ့ အခြေအနေ အချိန်အခါကောင်းမှာ သစ်အခြေခံ စက်မှုလုပ်ငန်းများ ထူထောင်ပြီး တန်ဖိုးမြှင့် သစ်အခြေခံပစ္စည်းများ (Value Added) တိုးမြှင့်ထုတ်လုပ်မှုများကိုပါ ဆောင်ရွက်နေပြီ လည်းဖြစ်ပါတယ်။

စက်မှုလက်မှုကဏ္ဍကို ဆက်လက်တင်ပြပါ့မယ်-

မိမိတို့ခေတ်ကာလမှာ ခေတ်မီစက်မှုကုန်ထုတ်လုပ်ငန်းများကို အခြေခံတဲ့ စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းလာစေဖို့အတွက် နိုင်ငံတော်ပိုင် စက်မှု လုပ်ငန်းကြီးများရဲ့စွမ်းဆောင်မှု အရည်အသွေးကို မြှင့်တင်ပေးပြီး စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနေသလို ဒေသအလိုက် စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးတို့အတွက် တိုင်းနဲ့ပြည်နယ်အနှံ့မှာ ပုဂ္ဂလိက ကဏ္ဍရဲ့ စက်မှုဇုန်ကြီး ၁၈ ဇုန်နှင့် နောက်ထပ် တိုးချဲ့စက်မှုဇုန်များကိုပါ တည်ဆောက်ပေးခဲ့ပါတယ်။ အဲဒီ ပုဂ္ဂလိက စက်မှုဇုန်များက မော်တော်ယာဉ် ထုတ်လုပ်မှု၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်မှု၊ အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်မှု၊ ကုန်ထုတ်စက်ရုံကြီးများ အတွက် အပိုပစ္စည်းများ ထုတ်လုပ်မှုများအပြင် ဆပ်ပြာစက်ရုံလို စက်ရုံငယ်များကိုပါ တည်ဆောက်နိုင်သည့် အခြေအနေမျိုးထိ တိုးတက်လာကြပြီ ဖြစ်ပါတယ်။

နိုင်ငံတော်ပိုင် စက်ရုံများကိုလည်း ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးနှင့် အရည်အသွေးမြင့်မားသည့် ကုန်ပစ္စည်းများ နိုင်ငံတော်အတွက် သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံသစ် အကြီး၊ အလတ်၊ အသေး ပေါင်း ၂၅၇ ခုကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ပုဂ္ဂလိက ကဏ္ဍအနေနဲ့လည်း စက်ရုံပေါင်း ၂၄,၂၉၃ ခု တိုးတက်ဖြစ်ထွန်းလာခဲ့ပါတယ်။ ဒါကြောင့် ၁၉၈၈ ခုနှစ် ကာလက နိုင်ငံပိုင်ရော၊ ပုဂ္ဂလိကပိုင်ပါ စက်ရုံပေါင်း ၂၇,၄၃၀ ခုရှိခဲ့ရာက ယခုဆိုလို့ရှိရင် စက်ရုံပေါင်း ၅၁,၉၈၀ ခုရှိနေပြီဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်ကြီးကို ခေတ်မီတိုးတက်သည့် စက်မှုနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ပိုင်ရော ပုဂ္ဂလိကပိုင်ကိုပါ တစ်စတစ်စ တိုးမြှင့်တည်ထောင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စက်မှုကဏ္ဍ မြှင့်တင်ရေး ကြိုးပမ်းချက်များ ဖြစ်ပါတယ်။

လမ်းတံတားကဏ္ဍနဲ့ ပတ်သက်လို့ ဆက်လက်တင်ပြပါ့မယ်-

ဒီလိုထူးခြားအောင်မြင်နေတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းတွေ ဖြစ်ထွန်းလာစေဖို့ ထိထိရောက်ရောက် အထောက်အကူပြုနေတာကတော့ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်တစ်ဝန်းလုံးမှာ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိတဲ့ လမ်းမကြီးများ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများအပါအဝင် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများရဲ့ တိုးတက်ဖြစ်ထွန်းမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။

မိမိတို့အစိုးရခေတ်ကာလမှာ မြစ်ကူးချောင်းကူးတံတားကြီးများနဲ့အတူ လမ်းမကြီးများကို နိုင်ငံတော်ရဲ့ အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက် ကွန်ရက်ယှက်သွယ် ဖောက်လုပ်ခဲ့တဲ့အတွက် ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းလို မြစ်ချောင်းပေါများလှတဲ့ ဒေသများနှင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်ရဲ့ နယ်မြေဒေသအစိတ်အပိုင်းများအားလုံးဟာ အခြားသော နယ်မြေဒေသများနဲ့ တစ်ဆက်တစ်စပ်တည်းရှိလာခဲ့ပြီ ဖြစ်ပါတယ်။

ဒါကြောင့် ၁၉၈၈ ခုနှစ်မှာ လမ်းပေါင်း ၄၆၁ လမ်းမှာ လမ်းပိုင်းအရှည် ၁၃,၆၀၀ မိုင်ရှိခဲ့ရာက မိမိတို့အစိုးရ လက်ထက်မှာ လမ်းသစ် ၅၅ ခု၊ လမ်းမိုင်ပေါင်း ၂,၀၀၀ ခန့် အသစ်တိုးပွား ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်ပါတယ်။

တံတားများအနေနဲ့ ကြည့်ရင်လည်း ၁၉၈၈ ခုနှစ်မတိုင်မီက ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားနဲ့ စစ်တောင်းမြစ်ကူး စစ်တောင်းတံတားတို့သာ အထင်ကရရှိခဲ့ရာက ယနေ့ဆိုရင် ဧရာဝတီမြစ်ကူးတံတားကြီး ခုနှစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားနှစ်စင်း၊ သံလွင်မြစ်ကူးတံတားသုံးစင်း အပါအဝင် ပေ ၁၈၀ အထက်မြစ်ကူးချောင်းကူး တံတားပေါင်း ၁၅၈ စင်း အသစ်ပေါ်ထွန်းလာခဲ့ပြီ ဖြစ်ပါတယ်။

လက်ရှိမှာလည်း မြန်မာနိုင်ငံမှာ အရှည်ဆုံး တံတားဖြစ်လာမယ့် သံလွင်တံတား(မော်လမြိုင်)နဲ့ ဧရာဝတီတံတား (ရတနာပုံ)တို့ အပါအဝင် တည်ဆောက်ဆဲတံတား ၃၅ စင်းရှိပြီး တည်ဆောက်ဖို့ စီစဉ်ဆောင်ရွက်နေတဲ့ တံတားပေါင်း ၂၃ စင်းရှိနေပြီ ဖြစ်ပါတယ်။

ရထားပို့ဆောင်ရေးကဏ္ဍနဲ့ ပတ်သက်လို့လည်း တင်ပြပါမယ်-

ရထားပို့ဆောင်ရေး ကဏ္ဍမှာဆိုရင်လည်း ရွှေညောင်-ရပ်စောက် ရထားလမ်း၊ အောင်ပန်း-ပင်လောင်း-လွှိုင်ကော် ရထားလမ်း၊ နမ့်စန်-မိုးနဲ့ရထားလမ်း၊ ရွှေညောင်-နမ့်စန် ရထားလမ်းစတဲ့ ရှမ်းပြည်နယ်က ရထားလမ်းသစ်တွေ၊ အဆင့်မြင့် ဥမင်လိုဏ်ခေါင်းကို ဖြတ်သန်းတည်ဆောက်မယ့် ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းနဲ့ ရိုးမပတ်ရထားလမ်းစတဲ့ ရထားလမ်းသစ်များကို အချက်အချာကျတဲ့ဒေသများမှာ ဆက်စပ်ဖောက်လုပ်ပေးခဲ့ပါတယ်။

ဒါ့ကြောင့် ၁၉၈၈ ခုနှစ်မှာ ရထားလမ်းခရီးမိုင်ပေါင်း ၁,၉၇၆ မိုင်ကျော်သာရှိရာက မိမိတို့ခေတ်ကာလမှာ ရထားလမ်း ခရီးမိုင် ၁,၀၁၂ မိုင်ကျော်တိုးပွားလာတဲ့အတွက် ယခုဆိုရင် နိုင်ငံတော်အတွင်း ရထားလမ်းခရီးမိုင် ၂,၉၀၀ ကျော် ၃,၀၀၀ နီးပါး ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

လေကြောင်းနဲ့ ရေကြောင်းပို့ဆောင်ရေးကဏ္ဍနဲ့ ပတ်သက်လို့တင်ပြရမယ်ဆိုရင်-

နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီး အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိရာမှာ အပြည်ပြည်ဆိုင်ရာ လေကြောင်းနဲ့ ရေကြောင်းပို့ဆောင်ရေး၊ ပြည်တွင်းလေကြောင်းနဲ့ ရေကြောင်းပို့ဆောင်ရေးကဏ္ဍများ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာစေဖို့ နိုင်ငံတော်အစိုးရအနေနဲ့ စနစ်တကျစီမံမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒီလိုစနစ်တကျစီမံမြှင့်တင်ပေးမှုတွေကြောင့် လေကြောင်း ပို့ဆောင်ရေးကဏ္ဍမှာ ၁၉၈၈ ခုနှစ် ကာလတုန်းက လေကြောင်းပို့ဆောင်ရေးအတွက် အသုံးပြုနိုင်တဲ့ လေယာဉ်ကွင်းပေါင်း ၂၁ ကွင်းသာရှိခဲ့ရာက ယခုဆိုရင် လေယာဉ်ကွင်း ၂၇ ကွင်းအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်သလို ဖော်ကာ F-28 ကျက် လေယာဉ်ဆင်းသက်နိုင်တဲ့ လေယာဉ်ကွင်းအနေနဲ့ ယခင်ကခြောက်ကွင်းသာရှိခဲ့ရာက ယနေ့ဆိုရင် ၁၈ ကွင်းအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

ထပ်မံပြီးလည်းရှိပြီး လေယာဉ်ကွင်းများကို လေယာဉ်ကြီးများ ဆင်းသက်နိုင်အောင် ပြေးလမ်းများအဆင့်မြှင့်တိုးချဲ့ ဆောင်ရွက်ပေးနေတဲ့အပြင် လေယာဉ်ကွင်းသစ်ခုနစ်ကွင်းကိုလည်း အသစ်တည်ဆောက်ပေးလျက်ရှိပါတယ်။

အလားတူပဲ ရေကြောင်းပို့ဆောင်ရေး ကဏ္ဍမှာ သီလဝါ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား၊ သာကေတဆိပ်ခံတံတား၊ အလုံဆိပ်ခံတံတား၊ မြန်မာ့စက်မှုဆိပ်ကမ်းစတဲ့ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနဲ့ ဆိပ်ခံတံတားတွေ၊ ခေတ်မီကုန်စည်ကိုင်တွယ်မှုဆိုင်ရာ နည်းစနစ်နဲ့ ပစ္စည်းကိရိယာတွေ၊ နိုင်ငံတကာအဆင့်မီကုန်သေတ္တာစခန်းတွေ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ပါတယ်။

အထူးသဖြင့် လေကြောင်းနဲ့ ရေကြောင်းပို့ဆောင်ရေးကဏ္ဍမှ ထူးခြားတဲ့ တိုးတက်ဖြစ်ထွန်းမှုတစ်ခုအနေနဲ့ မြန်မာနိုင်ငံ ရေကြောင်း ပညာတက္ကသိုလ်နဲ့ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကို မြန်မာနိုင်ငံမှာ ပထမဆုံးအနေနဲ့ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး နိုင်ငံတကာအဆင့်မီ ရေကြောင်းပညာရှင်များ၊ ရေကြောင်းဆိုင်ရာ ဗိသုကာများနဲ့ အင်ဂျင်နီယာများ၊ လေကြောင်းနဲ့ အာကာသဆိုင်ရာပညာရှင်များ၊ ဗိသုကာများ၊ အင်ဂျင်နီယာများ ပေါ်ထွန်းလာစေဖို့ ပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေးနေပြီ ဖြစ်ပါတယ်။

ဆက်သွယ်ရေးကဏ္ဍကို ဆက်လက်တင်ပြပါ့မယ်-

နိုင်ငံတော်ရဲ့ နယ်မြေဒေသ အစိတ်အပိုင်းအသီးသီးမှာ ဖြန့်ကျက်နေထိုင်ကြတဲ့ တိုင်းရင်းသား ပြည်သူများအချင်းချင်း ဆက်သွယ်ဆက်ဆံရေး တိုးတက်ဖြစ်ထွန်းစေဖို့ ဆက်သွယ်ရေးကဏ္ဍ မြှင့်တင်မှုအစီအမံများကိုလည်း အရှိန်အဟုန်နဲ့ဆောင်ရွက်ပေးခဲ့ပါတယ်။ အထူးသဖြင့် နိုင်ငံတကာမှာ တိုးတက်ပြောင်းလဲနေတဲ့ သတင်းနဲ့ ဆက်သွယ်ရေးဆိုင်ရာ နည်းပညာသစ်များကို အသုံးပြုပြီး နိုင်ငံတကာ ဆက်သွယ်ရေးစနစ်ကွန်ရက်မှာ လိုက်လျောညီထွေ ချိတ်ဆက်ထားနိုင်နေပြီ ဖြစ်တာတွေ့ကြရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဆယ်လူလာတယ်လီဖုန်းစနစ်၊ CDMA တယ်လီဖုန်းစနစ်၊ GSM တယ်လီဖုန်းစနစ်တို့ကို ထူထောင်ပေးထားပြီးဖြစ်တဲ့အပြင် Information and Communication Technology (ICT) ခေါ်တဲ့ သတင်းနဲ့ ဆက်သွယ်ရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် Data Communication, E-mail, Internet, Intranet တို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

ကွန်ပျူတာ ဆက်သွယ်ရေးစနစ်အနေနဲ့ ရန်ကုန်မြို့နဲ့ မန္တလေးမြို့တို့မှာ Packet Switching System တပ်ဆင်ထားပြီးဖြစ်တဲ့အတွက် Data Line နဲ့ e-mail Line များအသုံးပြုနိုင်နေပြီ ဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအားကဏ္ဍကို ဆက်လက်တင်ပြပါ့မယ်-

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများရဲ့ လူနေမှုဘဝ အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာတာနဲ့အမျှ လျှပ်စစ်ဓာတ်အား အသုံးပြုမှုမှာလည်း ပိုမိုတိုးပွားလာလျက်ရှိတဲ့အတွက် လျှပ်စစ်စွမ်းအား လိုအပ်ချက်ကို လိုက်လျောညီထွေဖြည့်ဆည်းပေးနိုင်စေဖို့ စနစ်တကျ စီမံကြိုးပမ်းဆောင်ရွက်လျက်လည်း ရှိပါတယ်။

ဒီလို စနစ်တကျ စီမံကိန်းများ ချမှတ်ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၈၈ ခုနှစ်မှာ လျှပ်စစ်ဓာတ်အားသုံးစွဲမှုဓာတ်အားယူနစ်သန်းပေါင်း ၂,၂၂၆.၄၅ သန်းသာ ရှိခဲ့ရာက ယခုဆိုရင် ယူနစ်သန်းပေါင်း ၅,၀၆၄.၂၀ သန်း အသုံးပြုနိုင်နေပြီဖြစ်လို့ ၂.၂၇ ဆ တိုးမြင့်စွမ်းဆောင်ပေးနိုင်ခဲ့တာ တွေ့ကြရမှာ ဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် ရေအားလျှပ်စစ်စက်ရုံတွေ၊ ရေနွေးငွေ့သုံးစက်ရုံတွေ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံတွေ၊ ဒီဇယ်ဆီသုံးစက်ရုံတွေ တည်ဆောက်နိုင်ခဲ့တဲ့အတွက် စက်တပ်ဆင်မှုအင်အားမှာ ၁၉၈၈ ခုနှစ်က မဂ္ဂါဝပ် ၇၀၆.၈၂ မဂ္ဂါဝပ်သာရှိခဲ့ရာက ယခုဆိုရင် မဂ္ဂါဝပ် ၁,၂၁၉.၈၁ မဂ္ဂါဝပ်ရှိလာခဲ့ပြီဖြစ်လို့ နှစ်ဆနည်းပါးတိုးတက်လာခဲ့ပြီဖြစ်ပါတယ်။

ဒီလို လျှပ်စစ်ဓာတ်အားတိုးတက် ထုတ်လုပ်နိုင်ဖို့အတွက် မိမိတို့အစိုးရလက်ထက်မှာ ရေအားလျှပ်စစ်စီမံကိန်း ၂၈ ခု၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ စီမံကိန်း ၆ ခု တိုးတက်တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

၂၈၀ မဂ္ဂါဝပ်ထုတ်လုပ်မယ့် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ ၇၈၀ မဂ္ဂါဝပ် ထုတ်လုပ်မယ့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းများ အပါအဝင် လျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်း ၁၁ ခုကို တည်ဆောက်နေပြီလည်း ဖြစ်ပါတယ်။ ဒီစက်ရုံစီမံကိန်း ၁၁ ခု အကောင်အထည်ပေါ်လာတဲ့အခါမှာ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁,၉၆၀ ကျော် ထပ်မံထွက်ရှိလာမှာ ဖြစ်ပါတယ်။

ပညာရေးကဏ္ဍနဲ့ပတ်သက်လို့ ဆက်လက်တင်ပြပါဦးမယ်

နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်သည်နှင့်အမျှ ရရှိဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို အနာဂတ်ကာလတိုင် ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် လူစွမ်းအားအရင်းအမြစ်များ ဘက်စုံကဏ္ဍစုံမှာ ပေါ်ထွန်းလာစေဖို့ ပြုစုပျိုးထောင်ရေးဟာ ပညာရေးကဏ္ဍရဲ့ အမျိုးသားရေးတာဝန်တွေပဲ ဖြစ်ပါတယ်။ ဒီတာဝန်များအပြင် နိုင်ငံတကာမှာ တိုးတက်ပြောင်းလဲနေတဲ့ သိပ္ပံနဲ့ နည်းပညာရပ်များ မိမိနိုင်ငံတော်အတွင်း ထွန်းကားပြန့်ပွားစေရေးအတွက်လည်း စနစ်တကျ စီမံဆောင်ရွက်ရမှာဖြစ်ပါတယ်။

အမျိုးသားပညာရေးမြှင့်မားရေး အထူးလေးနှစ်စီမံကိန်းမှာ ပညာရေးဝန်ကြီးဌာနသာမက ကျန်းမာရေးဝန်ကြီးဌာန၊ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနနဲ့ အခြားသောဝန်ကြီးဌာနများအောက်ရှိ အဆင့်မြင့်ပညာကဏ္ဍများကိုပါ ထည့်သွင်းစီမံအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

ပညာသင်ယူမှု အခွင့်အလမ်းများ တစ်နိုင်ငံလုံးမှာ ဖြန့်ကျက် တိုးပွားဖြစ်ထွန်းလာစေဖို့ အခြေခံပညာအထက်တန်းကျောင်းများနဲ့ တက္ကသိုလ်၊ ကောလိပ်များကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ဒါကြောင့် ၁၉၈၈ ခုနှစ်မှာ အခြေခံပညာကျောင်းပေါင်း ၃၃,၇၄၇ ကျောင်းသာရှိခဲ့ရာ ၂၀၀၃ ခုနှစ်မှာ အခြေခံပညာကျောင်းခွဲနဲ့ တွဲဖက်ကျောင်းများ အပါအဝင် အခြေခံပညာကျောင်းပေါင်း ၄၀,၀၄၉ ကျောင်း ရှိလာခဲ့ပါတယ်။ ကျေးလက်ဒေသများမှာ အလယ်တန်းပညာဆက်လက် သင်ယူနိုင်မယ့် အခွင့်အလမ်းတွေ တိုးတက်ဖြစ်ထွန်းလာစေဖို့ မူလတန်းလွန် ကျောင်းများ တိတ်ထွင်ဖွင့်လှစ်ပေးခဲ့ရာမှာလည်း ယခုဆိုရင် မူလတန်းလွန် ကျောင်းပေါင်း ၃,၈၀၀ ရှိခဲ့ပြီဖြစ်ပါတယ်။

အခြေခံပညာကျောင်းများ တိုးတက်ပွားများလာတာနဲ့အညီ ဆရာ ဆရာမ အင်အားဟာလည်း ၁၉၈၈ ခုနှစ်က ၁၇၃,၀၀၀ ကျော်သာ ရှိခဲ့ရာက ၂၀၀၃ ခုနှစ်မှာ ၂၂၂,၀၀၀ ကျော်ရှိလာခဲ့ပါတယ်။ အခြေခံပညာကျောင်းသူကျောင်းသား အင်အားဟာလည်း ၁၉၈၈ ခုနှစ်မှာ ငါးသန်း နှစ်သိန်းကျော် (၅,၂၃၉,၈၇၈)

ဦးရှိခဲ့ရာက ယခုဆိုရင် ၇ သန်း ၅ သိန်းကျော် (၇,၅၅၀,၈၉၆) ဦးအထိ တိုးတက် လာခဲ့တာကို တွေ့ရပါတယ်။

မိမိတို့နိုင်ငံဟာ ကိုလိုနီစနစ်ရဲ့ ဆိုးမွေတွေကြောင့်သော်လည်းကောင်း၊ ခေတ်အဆက်ဆက်ရဲ့ အားနည်းချက်တွေကြောင့်သော်လည်းကောင်း သက်ကြီးစာမတတ်သူဦးရေဟာ များပြားခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် မိမိတို့တာဝန်ယူတဲ့ကာလမှာ စာမတတ်သူ လျော့ပါးရေးနှင့် ပညာတတ်ရေးအတွက် အသုံးလုံးကြေသင်တန်းများကို အစွန်အဖျားနယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံး ဖြန့်ကျက်ဖွင့်လှစ်ပေးခဲ့တာကြောင့် သက်ကြီးစာမတတ်သူအင်အား ၅၀၀,၉၆၃ ဦးဟာ စာတတ်မြောက်သွားကြပြီဖြစ်ပါတယ်။ စာတတ်မြောက်မှု ရာခိုင်နှုန်းဟာ လည်း ၇၈ ရာခိုင်နှုန်းကနေ ၉၂.၂ ရာခိုင်နှုန်းသို့ တိုးတက်ရောက်ရှိလာပြီ ဖြစ်ပါတယ်။

အဆင့်မြင့်ပညာကဏ္ဍမှာဆိုရင်လည်း ပြည်ထောင်စုကြီးရဲ့ နယ်မြေအစိတ်အပိုင်းဒေသများအားလုံးမှာ အဆင့်မြင့် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းလာစေဖို့နဲ့ ဒေသအလိုက် လူစွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေဖို့ ဦးတည်ပြီး ပြည်နယ်နဲ့တိုင်း ၁၄ ခုမှာ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု သတ်မှတ်ကာ အဲဒီအထူးဒေသကြီးများကို အခြေခံပြီး တက္ကသိုလ်၊ ကောလိပ်များကို ဖြန့်ကျက်တိုးချဲ့ ဖွင့်လှစ်ပေးခဲ့ပါတယ်။

ဒီလိုတိုးချဲ့ဖွင့်လှစ်ပေးခဲ့တဲ့အတွက် မြန်မာနိုင်ငံအတွင်းမှာ ၁၉၈၈ ခုနှစ်က တက္ကသိုလ်နဲ့ ကောလိပ်ပေါင်း ၃၂ ခုသာရှိခဲ့ရာက ယခုဆိုရင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နဲ့ ကောလိပ်ပေါင်း ၁၅၄ ခုအထိ ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

ဒီလိုတက္ကသိုလ်ကောလိပ်တွေ အရှိန်အဟုန်နဲ့ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့တဲ့အတွက် ပညာရေးအခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာတာနဲ့အမျှ ၁၉၈၈ ခုနှစ်မှာ တက္ကသိုလ်၊ ကောလိပ် ကျောင်းသူ ကျောင်းသား တစ်သိန်း သုံးသောင်းကျော်သာ ရှိခဲ့ရာက ယခု ၂၀၀၃ ခုနှစ်မှာ တက္ကသိုလ်၊ ကောလိပ် ကျောင်းသူကျောင်းသားပေါင်း ရှစ်သိန်း ကိုးသောင်းကျော် ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

သင်ကြားရေးအပိုင်းကိုကြည့်ရင်လည်း ၁၉၈၈ ခုနှစ်က ပါမောက္ခမှသည် နည်းပြအဆင့်ထိ တက္ကသိုလ်ဆရာ ဆရာမပေါင်း ၅,၆၀၀ ကျော်သာ ရှိခဲ့ရာက ယခုဆိုရင် ၁၆,၆၀၀ ကျော်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့တာ တွေ့နိုင်ပါတယ်။

ဒါ့အပြင် ၁၉၈၈ ခုနှစ်မှာ မြန်မာနိုင်ငံအတွင်း မဟာဘွဲ့အဆင့်အထိသာ ပေးနိုင်ခဲ့သော်လည်း ယခုအခါမှာ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များမှာ ၂၀၀၃ ခုနှစ်မှာ မဟာသုတေသနဘွဲ့ ၁၈ မျိုး၊ မဟာဘွဲ့ ၄၀ မျိုး၊ ပါရဂူဘွဲ့ ၂၀ မျိုး အပါအဝင် ဒီပလိုမာနဲ့ ဘွဲ့အမျိုးအစားပေါင်း ၁၅၀ ခုအထိ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့သင်ကြားလေ့ကျင့်ပေးနိုင်ပြီ ဖြစ်ပါတယ်။

ဆေးဘက်ဆိုင်ရာတက္ကသိုလ်များမှာ ဖွင့်လှစ်ပေးနေတဲ့ မဟာဘွဲ့နဲ့ ပါရဂူဘွဲ့ ၉၀ မျိုး၊ နည်းပညာတက္ကသိုလ်များနဲ့ ကွန်ပျူတာတက္ကသိုလ်များမှာ ဖွင့်လှစ်သင်ကြားပေးနေတဲ့ မဟာဘွဲ့နဲ့ ပါရဂူဘွဲ့ ၇၃ မျိုးတို့ အပါအဝင်ဆိုရင် မြန်မာနိုင်ငံတက္ကသိုလ်နဲ့ ကောလိပ်များမှာ သင်ကြားပေးနေတဲ့ ဒီပလိုမာနဲ့ ဘွဲ့အမျိုးအစားပေါင်း ၃၁၃ မျိုးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

ဒါကြောင့် ၁၉၈၈ ခုနှစ်မှာ တက္ကသိုလ်အသီးသီးကနေ မဟာဘွဲ့ရ ၂၆၆ ဦးသာ ထွက်ရှိလာခဲ့သော်လည်း မိမိတို့အစိုးရလက်ထက်မှာ တိုးချဲ့ဖွင့်လှစ်ခဲ့တဲ့ မဟာဘွဲ့သင်တန်းများနဲ့ ပါရဂူဘွဲ့သင်တန်းများက ထွက်ပေါ်လာတဲ့ ပညာသင်များအနေနဲ့ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း သုံးနှစ်တာကာလမှာ မဟာဘွဲ့ရ ၉,၄၇၄ ဦးနဲ့ ပါရဂူဘွဲ့ရ ၂၀၆ ဦး ပေါ်ထွန်းလာခဲ့တာ တွေ့နိုင်ပါတယ်။

နည်းပညာကဏ္ဍကို ဆက်လက်တင်ပြပါ့မယ်-

နည်းပညာကဏ္ဍမှာဆိုရင်လည်း မိမိတို့အစိုးရလက်ထက်မှာ သိပ္ပံနဲ့ နည်းပညာဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များကို ပြည်နယ်နဲ့တိုင်းအားလုံးမှာ ဖြန့်ကျက်ထူထောင်ဖွင့်လှစ်ပေးလျက်ရှိတာကြောင့် ယခုဆိုရင် နည်းပညာတက္ကသိုလ်လေးခု၊ ကွန်ပျူတာတက္ကသိုလ်နှစ်ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တစ်ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ ခု၊ အစိုးရကွန်ပျူတာကောလိပ်

၂၄ ခုနှစ် အစိုးရစက်မှုလက်မှုသိပ္ပံ ၉ ခုအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်ပါတယ်။

နည်းပညာတက္ကသိုလ်များအနေနဲ့ ယခင်ခေတ်ကာလက မဟာဘွဲ့သာ ပေးနိုင်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှာ မဟာဘွဲ့ရ ၂၂ ဦးသာ မွေးထုတ်ပေးနိုင်ခဲ့သော်လည်း မိမိတို့ခေတ်ကာလမှာ ပါရဂူဘွဲ့သင်တန်း ၁၉ မျိုး၊ မဟာဘွဲ့သင်တန်း ၂၇ မျိုးအပါအဝင် ဘွဲ့၊ ဒီပလိုမာသင်တန်း ၇၃ မျိုး တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့တာကြောင့် ၂၀၀၀-၂၀၀၁ ခု ပညာသင်နှစ်မှ ၂၀၀၂-၂၀၀၃ ခု ပညာသင်နှစ်အတွင်း သုံးနှစ်တာကာလမှာ မဟာဘွဲ့ရ ၁,၄၂၄ ဦးနဲ့ ပါရဂူဘွဲ့ရ ၁၂၈ ဦးအထိ ပေါ်ထွန်း လာခဲ့ပြီဖြစ်ပါတယ်။

ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်လို့ ဆက်လက်တင်ပြပါ့မယ်-

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်ရာမှာ မိမိနိုင်ငံသူ နိုင်ငံသားများ ပညာရည်မြင့်မားဖို့အပြင် ကျန်းမာကြံ့ခိုင်ဖို့လည်း အဓိကလိုအပ်ပါတယ်။ ပြည်သူအများ ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးမြင့်မြင့်မားမား၊ ပြည့်ပြည့်ဝဝ ရရှိလာခြင်းဟာ နိုင်ငံတော်ရဲ့ လူမှုရေးကဏ္ဍအဆင့်အတန်းတိုးတက်မြင့်မားမှုကိုလည်း ဖော်ညွှန်းပြသနိုင်ပါတယ်။

ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာမှုကိုကြည့်ရင် ၁၉၈၈ ခုနှစ်မှာ အထူးကုဆေးရုံကြီးများ၊ အထွေထွေနှင့် အထူးကုဆေးရုံကြီးများ အပါအဝင် ဆေးရုံပေါင်း ၆၁၇ ရုံသာရှိခဲ့ရာက ယခု ၂၀၀၃ ခုနှစ်မှာ ဆေးရုံပေါင်း ၇၅၇ ရုံရှိလာခဲ့ပြီဖြစ်ပါတယ်။ အလားတူပဲ ဒေသန္တရဆေးပေးခန်း ၈၄ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁,၄၁၄ ခုတို့ တစ်နိုင်ငံလုံးမှာ ဖြန့်ကျက်ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။

ဆေးရုံကြီး အသစ် ၁၄၀ တိုးပွားလာခဲ့သလို ဆေးရုံများကို အဆင့်မြှင့်တင်ပေးလျက်ရှိရာမှာလည်း ၂၅ ခုတင်ဆံ့မှသည် ခုတင် ၅၀၊ ခုတင် ၁၀၀ မှ ခုတင် ၂၀၀ နောက်ဆုံး ခုတင် ၃၀၀ ဆံ့ ဆေးရုံကြီးများအထိ ဆေးရုံပေါင်း ၁၁၄ ရုံကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်မှာ ဆေးပညာဆိုင်ရာ တက္ကသိုလ်လေးခုသာ ရှိခဲ့ရာက ယခုအခါမှာ ကျန်းမာရေးဝန်ကြီးဌာနအောက်မှာတွင်ပဲ ဆေးပညာဆိုင်ရာ တက္ကသိုလ် ၁၄ ခု တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ပါတယ်။ ယခင်ခေတ်ကာလက ဘွဲ့လွန်ဒီပလိုမာဘွဲ့သင်တန်း ၁၀ မျိုးနဲ့ မဟာဘွဲ့သင်တန်း ၁၃ မျိုးသာ သင်ကြားပေးခဲ့ရာက ယခုအခါမှာ ဘွဲ့လွန်ဒီပလိုမာသင်တန်း ၂၈ မျိုး၊ ဆေးပညာမဟာသိပ္ပံဘွဲ့သင်တန်း ၂၆ မျိုး၊ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်း (DR.Med. Sc) ၇ မျိုး၊ ပါရဂူဘွဲ့သင်တန်း (Ph.D) ၂၉ မျိုးအထိ တိုးချဲ့သင်ကြားပေးလျက်ရှိနေပြီဖြစ်ပါတယ်။

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနဲ့ ပတ်သက်လို့လည်း တင်ပြပါဦးမယ်

မိမိတို့အစိုးရလက်ထက်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကြိုးပမ်းနိုင်ခဲ့တာကြောင့် ရရှိဖြစ်ထွန်းလာခဲ့တဲ့ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာမှုရဲ့ အကျိုးရလဒ်ကောင်းများအနေနဲ့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပိုမိုအလေးထားအရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသဆိုင်ရာ ဝန်ကြီးဌာနအသစ်တစ်ခုကိုလည်း ထပ်မံဖွဲ့စည်းပေးပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝမြှင့်မားရေးတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မူလပထမက ငြိမ်းချမ်းရေးရရှိလာခဲ့တဲ့ နယ်မြေဒေသများမှာသာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပေမယ့် နောက်ပိုင်းကာလမှာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခဲ့တဲ့ နိုင်ငံအဝှမ်း နယ်စပ်ဒေသများအားလုံးကို တိုးချဲ့လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခုဆိုရင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ် ၇ ခု၊ တိုင်း ၂ ခုမှာရှိတဲ့ မြို့နယ် ၆၈ မြို့နယ် ပါဝင်တဲ့ ဒေသ ၁၈ ခုမှာ အကောင်

အထည်ဖော်ဆောင်ရွက်နေပြီး ခန့်မှန်းခြေအားဖြင့် နယ်မြေဒေသ ဧရိယာ စတုရန်းမိုင် စုစုပေါင်း ၈၃,၄၁၅.၃၄ ကို လွှမ်းခြုံထားနိုင်ပြီဖြစ်ပါတယ်။ ဒီဒေသများအတွင်းမှာ တိုင်းရင်းသားပြည်သူပေါင်း ၅.၃ သန်းကျော် ပေါင်းစည်း နေထိုင်လျက်ရှိတာကြောင့် လူသားချင်းစာနာသည့် ပံ့ပိုးဆောင်ရွက်ဖွယ်ရာများကို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းကဏ္ဍများဟာလည်း ဖွံ့ဖြိုးမှုနောက်ကျနေမှုကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေတဲ့ လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေး၊ သတ္တုရှာဖွေရေး စသည့်လုပ်ငန်းကဏ္ဍများ ဖြစ်တာကြောင့် နယ်စပ်ဒေသနေ ပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေပါတယ်။

နယ်စပ်ဒေသဖွံ့ဖြိုးရေး ပင်မစီမံကိန်းတစ်ရပ်ကို ချမှတ်ပြီး ၁၉၉၃-၉၄ ခု ဘဏ္ဍာနှစ်မှ ၁၉၉၅-၉၆ ခု ဘဏ္ဍာနှစ်အထိ ပထမကာလကို ၃ နှစ်စီမံကိန်း၊ ၁၉၉၆-၉၇ ခု ဘဏ္ဍာနှစ်မှ ၂၀၀၀-၂၀၀၁ ခု ဘဏ္ဍာနှစ်အထိ ပထမ ၅ နှစ်စီမံကိန်း၊ ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်အထိ ဒုတိယ ၅ နှစ် စီမံကိန်းများအဖြစ် အဆင့်ဆင့် ကူးပြောင်းပြီး အမျိုးသားစီးပွားရေးစီမံကိန်းများနဲ့ လိုက်လျောညီထွေစွာ ပိုင်းခြားသတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။

နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအစုံမှာ ဖြန့်ကျက်ပြီး စနစ်တကျနဲ့ အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ပေးလျက်ရှိတဲ့အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ စတင်ခဲ့တဲ့ ၁၉၈၉ ခုနှစ်က စတင်ပြီး ၂၀၀၃ ခုနှစ် အထိကာလအတွင်း နယ်စပ်ဖွံ့ဖြိုးရေး လုပ်ငန်းအဝဝအတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၄၅,၇၆၂.၈၇ သန်းနဲ့ အမေရိကန်ဒေါ်လာ ၅၀၆ သန်းကျော် သုံးစွဲခဲ့ပြီး ဖြစ်သလို နယ်စပ်ဒေသများဟာလည်း ဘက်စုံကဏ္ဍစုံမှာ ထူးထူးခြားခြား တိုးတက်ဖြစ်ထွန်းနေတာကို တွေ့မြင်နေရပြီ ဖြစ်ပါတယ်။

ယခုဆိုရင် ယခင်ခေတ်ကာလက ဖွံ့ဖြိုးမှု နောက်ကျခဲ့တဲ့ ကချင်ပြည်နယ်က ပန်ဝါ၊ ရှမ်းပြည်နယ်က လောက်ကိုင်၊ နမ့်တစ်၊ ပန်ဆန်း၊ မိုင်းလားစတဲ့ နယ်စပ်မြို့များဟာ ရန်ကုန်မြို့တော်ကြီးနဲ့မခြား ခေတ်မီတိုက်တာအဆောက်အအုံတွေ၊ နိုင်ငံတကာအဆင့်ရှိ ဟိုတယ်ကြီးတွေ၊ အဆင့်မြင့် ကုန်တိုက်ကြီးတွေနဲ့ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးမှုတွေကြောင့်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ဟာ ပိုမိုခိုင်ခံ့စေလျက် ရှိပါတယ်။

ဒုတိယပိုင်းအနေနဲ့-

မိမိတို့အစိုးရ ဘာကြောင့်တိုင်းပြည်ရဲ့ တာဝန်ကိုယူခဲ့ရသလဲဆိုတာရယ်၊ တာဝန်ယူပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံရေးဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်တိုးတက်မှုများကို ယနေ့နိုင်ငံတော်မှာ တာဝန်ရှိနေသူများနဲ့၊ ပြည်သူများအနေနဲ့ ဖြစ်ရပ်မှန်များအတိုင်း ပြန်လည်သိရှိနိုင်ကြစေရန် တင်ပြသွားမှာ ဖြစ်ပါတယ်။

မိမိတို့အနေနဲ့ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့ကစပြီး နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို မလွဲမရှောင်သာ လွှဲပြောင်းယူခဲ့ရခြင်းဟာ သမိုင်းရေးလိုအပ်ချက်အရပဲ ဖြစ်ပါတယ်။ နိုင်ငံအတွင်း ဆူပူအကြမ်းဖက် ဆန္ဒပြမှုတွေရဲ့ နောက်ကွယ်က နိုင်ငံရေးပယောဂ ပူးကပ်မှုတွေကြောင့် ထိတ်လန့်တုန်လှုပ်ချောက်ချားဖွယ်ကောင်းတဲ့ မင်းမဲ့စရိုက် လှုပ်ရှားမှုကြီး ပေါ်ပေါက်ခဲ့တာကြောင့် ရှောင်လွှဲလို့ မရတော့တာနဲ့ မိမိတို့ဝင်ရောက်တာဝန်ယူခဲ့ရတာ ဖြစ်ပါတယ်။

ငြင်းပယ်မရတဲ့ သမိုင်းကြောင်းတစ်ခုကို ပုံဖျက်ပြီး သမိုင်းကြောင်းအပေါ် မရိုးသားခဲ့သူတွေက ၁၉၈۸ ခုနှစ် အရေးအခင်းကာလ ဆူပူအုံကြွ ဆန္ဒပြမှုတွေကို ဒီမိုကရေစီ အရေးတော်ပုံကြီးရယ်လို့ နားဝင်ချိုအောင် ဘယ်လိုပဲပြောနေကြပေမယ့် သေချာသရုပ်ခွဲ ကြည့်လိုက်မယ်ဆိုရင် နိုင်ငံရေးအမြတ်ထုတ်ချင်ကြတဲ့သူတွေနဲ့ အနောက်နိုင်ငံကြီးများရဲ့ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် ယိမ်းယိုင်ပါသွားသူတွေ၊ ဒီမိုကရေစီ အရေခြုံထားတဲ့ လက်ဝဲအယူအဆရှိသူတွေ စုစည်းမိကြပြီး ယခင်အစိုးရအပေါ် မကျေနပ်မှုကြောင့် ဆန္ဒပြသူတွေကို မင်းမဲ့စရိုက်ဝင်အောင် တမင်

ဖန်တီးကြတာပဲ ဖြစ်ပါတယ်။ နိုင်ငံရေး အမြတ်ထုတ်လိုတဲ့ ရည်ရွယ်ချက်နဲ့ ဆူပူဆန္ဒပြပွဲ၊ တောင်းပွဲ၊ တိုက်ပွဲတွေ လုပ်နေတဲ့အုပ်စုနဲ့ အချိန်အခါကောင်းကို စောင့်ပြီး လုယက်တိုက်ခိုက်တဲ့အုပ်စုက လူများစုဖြစ်လာတာကြောင့် တိုင်းပြည်မှာ မင်းမဲ့စရိုက်တွေ လွှမ်းမိုးပြီး ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးလုနီးပါး ဖြစ်ခဲ့ရပါတယ်။ မိဘပြည်သူများဟာလည်း အခက်အခဲ၊ အကျပ်အတည်းတွေနဲ့ ဘေးဒုက္ခတွေကို ရင်ဆိုင်နေရတာကြောင့် တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် တာဝန်တွေရှိနေတာနဲ့အညီ မလွဲမရှောင်သာတော့ဘဲ နိုင်ငံတော်ရဲ့ တာဝန်ကိုယူခဲ့ရတာ အမှန်ပဲဖြစ်ပါတယ်။

နိုင်ငံဘော်တစ်ခုလုံးရဲ့တာဝန်ကို ရယူထမ်းဆောင်လိုက်ရတဲ့အချိန်ကစပြီး တည်ငြိမ်အေးချမ်းမှုပျက်ယွင်းနေတဲ့ နိုင်ငံတစ်ဝန်းလုံးရဲ့ အခြေအနေတွေကို ပုံမှန်ပြန်ဖြစ်လာအောင် ဆောင်ရွက်ပေးရုံသာမက အနာဂတ်ကာလမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် ပုံဖော်ပေးရမယ်ဆိုတဲ့ သမိုင်းပေးတာဝန်ဟာလည်း မိမိတို့အစိုးရအပေါ် ကျရောက်လာခဲ့ပါတယ်။ ကမ္ဘာနဲ့အဝှမ်း နိုင်ငံရေး၊ စီးပွားရေးဖြစ်ပေါ်ပြောင်းလဲနေမှုအခြေအနေများအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုဖြစ်လာအောင် ဒီမိုကရေစီကျင့်စဉ်များနဲ့ အညီ အမျိုးသားရေးမူဝါဒ/လမ်းစဉ်များကို စနစ်တကျ ချမှတ်ကျင့်သုံးပြီး ဆောင်ရွက်ရမယ်လို့ ခံယူထားပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးနဲ့ ဆီလျော်ညီညွတ်တဲ့ ဒီမိုကရေစီ နိုင်ငံအဖြစ် ပုံဖော်ရမယ်ဆိုတာကို ယုံကြည်ထားပါတယ်။

ဒါကြောင့်လည်း မိမိတို့တာဝန် စယူတဲ့နေ့မှာပဲ ရွေးကောက်ပွဲကျင်းပပေးမယ်လို့ ကြေညာခဲ့ပြီး ပါတီစုံစနစ်ကို စတင်ပုံဖော်ပေးခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းသွားနိုင်ရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် နိုင်ငံရေးပြောင်းလဲမှုတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ မိမိတို့ရဲ့ လုပ်ဆောင်ချက်တွေဟာ မြေစမ်းခရမ်းဖျိုး လုပ်ဆောင်နေတာမျိုး မဟုတ်ဘဲ အတိတ်ကာလက ကျင့်သုံးခဲ့တဲ့ ဒီမိုကရေစီ စနစ်တွေထဲက အားနည်း

ချက်၊ အားသာချက်တွေကို လေ့လာပြီး အကင်းမသေသေးတဲ့ သမိုင်းရဲ့ဒဏ်ရာ ဒဏ်ချက်တွေကို ကုစားရင်း အနာဂတ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဖော်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ ဒီမိုကရေစီဆိုတာဟာ သက်ဆိုင်ရာနိုင်ငံရဲ့ သမိုင်းကြောင်းအခြေခံနဲ့ ပကတိအခြေအနေပေါ်မှာသာ တည်မြဲရပ်လုံးဖော်ကြရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်သုံးမှုဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တူညီမှုမရှိနိုင်တာတော့ အမှန်ပဲ ဖြစ်ပါတယ်။ ဒီနေ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတဲ့ နိုင်ငံတွေနဲ့ မိမိတို့နိုင်ငံရဲ့ နောက်ခံသမိုင်းကြောင်းနဲ့ ပထဝီအနေအထားတွေ၊ လူမျိုးရဲ့ယဉ်ကျေးမှု ဓလေ့စရိုက်တွေဟာ ကွဲပြားခြားနားမှုတွေ ရှိနေပါတယ်။

ဒီလို ကွဲပြားခြားနားမှုတွေကြောင့် မိမိတို့အနေနဲ့ တိုင်းတစ်ပါးက ဒီမိုကရေစီကို ပုံတူကူးချပြီး ချက်ချင်းပုံဖော်ပြောင်းလဲလို့ မရနိုင်တာ အမှန်ပဲ ဖြစ်ပါတယ်။

မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံဟာ ပထဝီမြေအနေအထားအရ ရေစီးသန်တဲ့ ချောင်းတွေ၊ မြစ်တွေ ပေါများပါတယ်။ မြင့်မားမတ်စောက်တဲ့ တောင်တောတွေလည်း ရှိပါတယ်။ ဒါကြောင့် တစ်နေရာနဲ့ တစ်နေရာ လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့အတွက် ကူးသန်းသွားလာမှု ခက်ခဲမှုတွေ ရှိခဲ့ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ မျိုးပြားလှတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြတယ်။ ဘာသာစကား၊ ယဉ်ကျေးမှုအနည်းငယ်စီကွဲပြားပြီး ဒေသအလိုက် ပြန့်ကျဲနေထိုင်ကြတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် အချို့ဒေသတွေဟာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျပြီး ကျန်ခဲ့ရပါတယ်။

ဒါ့အပြင် လွတ်လပ်ရေးရပြီးကတည်းက အတွေးအခေါ် အယူအဆအမျိုးမျိုးကြောင့် နိုင်ငံနဲ့အဝှမ်း ပေါ်ပေါက်ခဲ့တဲ့ လက်နက်ကိုင်ဆန့်ကျင်မှုများက ပြည်တွင်းအေးချမ်းတည်ငြိမ်မှုနဲ့ တိုးတက်ဖွံ့ဖြိုးမှုကို များစွာ အနှောင့်အယှက်ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဖွံ့ဖြိုးမှုနောက်ကျခဲ့ရခြင်းဖြစ်ပါတယ်။ ယနေ့တိုင်လည်း နယ်စပ်ဒေသအချို့မှာ အရိုးစွဲအောင် သွေးခွဲခြင်းခံထားရတဲ့ တိုင်းရင်းသားသွေးချင်းအချို့ရဲ့ လက်နက်ကိုင်ဆန့်ကျင်မှုများ ရှိနေဆဲဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေ၊ အခက်အခဲတွေကြောင့် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားများနေထိုင်ရာ အစွန်အဖျား ဒေသများဟာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစစအရာရာ ခေတ်နောက်ကျပြီး ကျန်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အတွင်းမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အားနည်းခဲ့ရပါတယ်။ အဲဒီလို ပြည်တွင်း တည်ငြိမ်အေးချမ်းမှု မရခဲ့တာကြောင့် ခေတ်မီတိုးတက်တဲ့ နိုင်ငံတစ်ခု ဖြစ်ပေါ်လာရေးအတွက် အင်မတန် ခက်ခဲမှုများနဲ့ ရင်ဆိုင်ရတာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၅၀ ကျော် သက်တမ်းမှာ အခြားသော နိုင်ငံများနှင့် ယှဉ်ကြည့်ရင် ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူနေမှု အဆင့်အတန်း နောက်ကျခဲ့တယ်ဆိုတာ မဆန်းပါဘူး။ ဒီလိုဖြစ်ပေါ်နေတဲ့ အနာဟောင်း၊ ဒဏ်ရာဟောင်းတွေကို မကုစားဘဲ ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် နေ့ချင်းညချင်း ကူးပြောင်းတည်ဆောက်ဖို့ဆိုတာ လွန်စွာ ခက်ခဲပါတယ်။

ဒါကြောင့် မိမိတို့တာဝန်ယူခဲ့တဲ့ အချိန်ကစပြီး နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ တာဝန်ကို စတင်ထမ်းဆောင်တဲ့အချိန်မှာ ပထမဆုံးထုတ်ပြန်ကြေညာတဲ့ ကြေညာချက် ၁/၈၈ ကို ကြည့်မယ်ဆိုရင်လည်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ပြည်သူလူထု စားဝတ်နေရေးအတွက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်မယ်ဆိုတဲ့ အချက်တွေကို အတိအလင်း ကြေညာပြီး ဆောင်ရွက်ခဲ့တယ်ဆိုတာ အားလုံးအသိ ဖြစ်ပါတယ်။

နိုင်ငံတော်မှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးအခြေခံများ ဖြစ်ထွန်းရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ ဆောင်ရွက်ခြင်းဟာ ဒီမိုကရေစီစနစ်အတွက် လိုအပ်တဲ့ အခြေခံအုတ်မြစ်တွေ ဖြစ်တယ်လို့ ယုံကြည်ထားပါတယ်။

မိမိတို့အစိုးရအနေနဲ့ တိုင်းရင်းသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စီမံကိန်းတွေ ချမှတ်ပြီး မြန်မြန်ဆန်ဆန် ဆောင်ရွက်နေတဲ့ တစ်ချိန်တည်းမှာပဲ

တိုင်းရင်းသား လက်နက်ကိုင် အင်အားစုတွေကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ရေးအတွက် အပြန်အလှန်နားလည် ယုံကြည်မှုတွေနဲ့ ညှိနှိုင်း ဆောင်ရွက်နိုင်ခဲ့တာကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၇ ဖွဲ့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ ဥပဒေဘောင်အတွင်း ဝင်ရောက်လာရေးဟာ သာမန်အားဖြင့် ကြည့်ရင်တောင် အလွန်ခက်ခဲတဲ့ ပြောင်းလဲဖြစ်ပေါ်မှုဖြစ်ပါတယ်။ နှစ်ပေါင်း ၄၀ ကျော် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း သွေးချောင်းစီး တိုက်ပွဲပေါင်းများစွာ ဖြစ်ပွားခဲ့ကြပြီး နှစ်ဖက်စလုံး သေကျေထိခိုက် ဆုံးရှုံးမှုတွေ၊ ပြည်သူအများ ဒုက္ခဆင်းရဲ ခံစားနေရမှုတွေစတဲ့ အနိဋ္ဌာရုံဘဝက လွတ်မြောက်အောင် ဆောင်ရွက်ခဲ့ရတာဟာ မလွယ်ကူတာ အမှန်ပဲ ဖြစ်ပါတယ်။ ယခင်အစိုးရများအဆက်ဆက် မဆောင်ရွက်နိုင်ခဲ့တာကို မိမိတို့အစိုးရက အောင်မြင်မှုရအောင် ကြိုးပမ်းခဲ့ရခြင်း ဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုနှင့် ရိုးသားဖြူစင်သော သဘောထားများဖြင့် ဆောင်ရွက်ခဲ့တာကြောင့် ယခုလိုအောင်မြင်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခါမှာတော့ အဲဒီအဖွဲ့များက တိုင်းရင်းသားခေါင်းဆောင်များဟာ သူတို့ရဲ့ ဒေသတွင်းသာမက နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရေး လုပ်ငန်းတွေမှာပါ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်နေပြီဖြစ်တာကို ဝမ်းမြောက်ဖွယ်တွေ့ရှိရပါတယ်။

တတိယအပိုင်းအနေနဲ့-

ယခုဆက်လက်ပြီးတင်ပြမှာကတော့ မိမိတို့အစိုးရရဲ့ ရှေ့ဆက်လက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမယ့် နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ် အဆင့်ဆင့် ဖြစ်ပါတယ်။ မိမိတို့ပြည်ထောင်စု မြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသား လူမျိုးပေါင်း တစ်ရာကျော်ဖြင့် နှစ်ပေါင်းထောင်ချီကာ စည်းလုံးညီညွတ်စွာ ဥမကွဲ သိုက်မပျက် စုစည်းနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အလွန်အလေးထား တည်ဆောက်နေရသည့်

နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး စသည့်ဝါဒလမ်းစဉ်ကို ချမှတ်ခဲ့ခြင်းဖြစ်ပါတယ်။

အဆိုပါ အမျိုးသားရေးမူဝါဒနှင့်အညီ အနာဂတ်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်ဦးတည်ချက် လေးရပ်၊ စီးပွားရေးဦးတည်ချက် လေးရပ်နှင့် လူမှုရေးဦးတည်ချက်လေးရပ်တို့ကို ချမှတ်ကာ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ပန်းတိုင်သို့ စနစ်တကျ ချီတက်နေသည့် ကာလဖြစ်ပါတယ်။

ဒီနေရာမှာ အလွန်အရေးပါဆုံးဖြစ်တဲ့ နိုင်ငံရေးဦးတည်ချက်လေးရပ်ကို ပြန်ပြောရမယ်ဆိုရင် -

(၁) နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊

(၂) အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊

(၃) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊

(၄) ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးတို့ဖြစ်ပါတယ်။

အဲဒီနိုင်ငံရေးဦးတည်ချက်လေးရပ်ထဲမှာပင် နိုင်ငံတော်ကို ဘယ်လို တည်ဆောက်မယ်ဆိုတာကို ရှင်းရှင်းလင်းလင်းဖော်ပြထားပြီး ဖြစ်တာကို တွေ့ရပါတယ်။ ဒါကြောင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးသည် အနာဂတ် နိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးအပါဆုံး သော့ချက်ပင် ဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့အစိုးရသည် နိုင်ငံတော် တည်ဆောက်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်အဆင့်ဆင့်ကို စနစ်တကျ ဆက်လက်ဆောင်ရွက်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်-

ပထမအဆင့် - ၁၉၉၆ ခုနှစ်က စတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း။

ဒုတိယအဆင့် - အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပ ပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း။

တတိယအဆင့် - အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ရေးဆွဲခြင်း။

စတုတ္ထအဆင့် - ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုခြင်း။

ပဉ္စမအဆင့် - ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပခြင်း။

ဆဋ္ဌမအဆင့် - ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော် အစည်းအဝေးများ ကျင်းပခြင်း။

သတ္တမအဆင့် - လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်းတို့ဖြစ်ပါတယ်။

ဒါဟာ မြန်မာနိုင်ငံရဲ့ Road Map ဖြစ်ပါတယ်။

အားလုံးခြုံပြီး နိုဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့-

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ နှစ်ပေါင်းထောင်ချီဥမက္ခဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် ပြည်ထောင်စုကြီး၏ သမိုင်းကြောင်းအစဉ်အလာကို မထိခိုက်သော၊ မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ အမျိုးဂုဏ် ဓာတိဂုဏ်ကို မထိပါးစေသော၊ အမျိုးသားရေးစရိုက်လက္ခဏာကို မယိုယွင်းစေသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ပီပြင်စွာ ထွန်းကားရေးသည် အဓိကဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးမူဝါဒဖြစ်သည့် တို့တာဝန်အရေးသုံးပါးနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် ၁၂ ရပ်နှင့်လည်း ဆီလျော်ညီညွတ်သော ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းလာရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးတို့အတွက် မိမိတို့အစိုးရက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အထက်မှာ ဖော်ပြခဲ့သည့် နိုင်ငံရေးလုပ်ငန်းစဉ်ခုနစ်ရပ်ကို အကောင်အထည်ပေါ်အောင် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြဖို့၊ ဒေသအာဏာပိုင်များနှင့် အစိုးရဌာနဆိုင်ရာတာဝန်ရှိသူ အသီးသီးကလည်း တက်တက်ကြွကြွ ကူညီပံ့ပိုးဆောင်ရွက်ကြဖို့ ပြောကြားလိုပါတယ်။

ဒါ့အပြင် ယခုလိုနိုင်ငံတော်နှင့် တိုင်းရင်းသားများ၏ ရေရှည်အကျိုးစီးပွားအလို့ငှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်သည့် အမျိုးသားရေးပန်းတိုင်သို့ ချီတက်ရာမှ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ခိုင်ခိုင်မြဲမြဲ နှလုံးသွင်းကာ အမျိုးသားရေးလမ်းကြောင်း မှန်ပေါ်မှာ မတိမ်းမစောင်းရအောင် တည့်မတ်မှန်ကန်စွာ ချီတက်နိုင်ဖို့လည်း အလွန်အရေးကြီးလှပါတယ်။

မိမိတို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးဆိုရာမှာလည်း အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းဖို့နဲ့ စီးပွားရေး အခြေခံအဆောက်အအုံများ ခိုင်ခိုင်မာမာ တည်ထောင်ထားပြီးဖြစ်ဖို့အတွက် မိမိပြည်တွင်းမှာရှိကြတဲ့ သယံဇာတ စွမ်းအား၊ မိမိနိုင်ငံသူနိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပြည်သူ့တစ်ရပ်လုံးရဲ့ စုစည်းညီညွတ်သော ပြည်သူ့စွမ်းအားတို့ ပေါင်းစည်းကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးရဲ့ ယခုချိတက်မယ့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆိုတဲ့ ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူ့တစ်ရပ်လုံးတက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းကြဖို့၊ ဒါ့အပြင် အစိုးရဌာန တာဝန်ရှိသူ အဆင့်ဆင့်နှင့် ဒေသအာဏာပိုင်များ၊ အစိုးရမဟုတ်သော ပုဂ္ဂလိကအဖွဲ့အစည်း အသီးသီးတို့ကပါ ဝိရိယအား ပိုမိုစိုက်ထုတ်ကြဖို့နဲ့ မှန်ကန်သော အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်မှာ တည့်မတ်မှန်ကန်စွာ ချီတက်ကြဖို့ တိုက်တွန်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

O

www.burmeseclassic.com

အခန်း ၅၈

နိုင်ငံတော်ဝန်ကြီးချုပ် တာဝန် ထမ်းဆောင်မှု

ကျွန်တော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ အတွင်းရေးမှူး(၁) တာဝန်ဝတ္တရားများကို ၁၉၈၈ ခုနှစ် စက်တင်ဘာလမှစတင်ကာ ၂၀၀၃ ခုနှစ် ဩဂုတ်လအထိ နိုင်ငံတော်၏ တာဝန်များကို ထမ်းရွက်ခဲ့ရပါသည်။ ထိုကာလ တစ်လျှောက်လုံးတွင် နိုင်ငံတော်အကြီးအကဲဥက္ကဋ္ဌဖြစ်သူသည် ဝန်ကြီးချုပ်တာဝန် ကိုပါ ပူးတွဲတာဝန်ယူခဲ့ပါသည်။ ထိုကာလတစ်လျှောက်လုံးတွင် အတွင်းရေးမှူး (၁)သည် ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ဝန်ကြီးချုပ်၏လုပ်ငန်းတာဝန်များကို ဝန်ကြီးချုပ်၏ ကိုယ်စား ရုံဖန်ရုံခါ ဆောင်ရွက်ခဲ့ရပါသည်။

ကျွန်တော့်အား ၂၀၀၃ ခုနှစ် ဩဂုတ်လတွင် ဝန်ကြီးချုပ်၏ လုပ်ငန်း တာဝန်များကို အပြည့်အဝထမ်းရွက်နိုင်စေရန် ဝန်ကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးအပ်ခဲ့ပါသည်။ ထိုအချိန်တွင် ကျွန်တော့်အတွက် လုပ်ငန်းတာဝန်များ ထမ်းရွက်ရာတွင် ထူးထူးခြားခြား ပြောင်းလဲဆောင်ရွက်ရမှုမရှိလှပါ။ အစိုးရ အဖွဲ့၏ ကက်ဘိနက်အစည်းအဝေးကို ဦးဆောင်ဦးရွက်ပြုကာ၊ ဆောင်ရွက်ပေးရ ခြင်းနှင့် အာဆီယံအစည်းအဝေးတွင် ဝန်ကြီးချုပ်အဖြစ်ဖြင့် တက်ရောက် ဆွေးနွေး ရခြင်း၊ အာဆီယံနိုင်ငံများနှင့် မိတ်ဘက်နိုင်ငံများမှ ဝန်ကြီးချုပ် အချင်းချင်း ဖိတ်ကြားပါက အစည်းအဝေးသော်လည်းကောင်း၊ ချစ်ကြည်ရေးခရီးစဉ်အဖြစ်

လည်းကောင်း သွားရောက်ရခြင်းတို့သာ ပိုမိုထူးခြားလာခြင်းဖြစ်ပါသည်။

နောက်ထပ်အစဉ်အလာတစ်ခုက ဝန်ကြီးချုပ်တာဝန် စတင်ထမ်းရွက်လျှင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အိမ်နီးနားချင်းနိုင်ငံများသို့ မိတ်ဆက်သည့်အနေဖြင့် ချစ်ကြည်ရေးခရီးသွားရောက်ရသည့် အစဉ်အလာရှိပါသည်။ သို့သော်ငြားလည်း ကျွန်တော့်အနေနှင့် ဝန်ကြီးချုပ်တာဝန်ထမ်းရွက်မှုကာလမှာ တိုတောင်းသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးသို့ မိတ်ဆက် ချစ်ကြည်ရေးခရီးအဖြစ် ပြည့်စုံအောင် သွားရောက်နိုင်ခြင်းမရှိခဲ့ပါ။ သို့သော်လည်း အတွင်းရေးမှူး(၁)အနေနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများသို့ မကြာခဏရောက်ဖူးသဖြင့် နိုင်ငံခေါင်းဆောင်များနှင့် ရင်းနှီးပြီးသား ဖြစ်ကြပါသည်။

ကျွန်တော်ဝန်ကြီးချုပ်ဖြစ်ပြီးနောက် ၂၀၀၃ ခုနှစ် အောက်တိုဘာလထဲမှာ အာဆီယံထိပ်သီးအစည်းအဝေးကျင်းပရာ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ လည်းကောင်း၊ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဒီဇင်ဘာလအတွင်းက ဂျပန်ဝန်ကြီးချုပ် အနေနှင့် အိမ်ရှင်အဖြစ် ကျင်းပခဲ့သော အာဆီယံနှင့် ဂျပန်ထိပ်သီးအစည်းအဝေး သို့လည်းကောင်း တက်ရောက်ခဲ့ရပါသည်။

ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ ၂၀၀၄ ခုနှစ် ဇွန်လတွင် လည်း ကောင်း၊ ၂၀၀၄ ခုနှစ် သြဂုတ်လထဲတွင် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအို နိုင်ငံများသို့လည်းကောင်း၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် စင်ကာပူနိုင်ငံ သို့လည်းကောင်း မိတ်ဆက်ချစ်ကြည်ရေးခရီးအဖြစ် သွားရောက်ခဲ့ပါသည်။

အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝန်ကြီးချုပ် ဘီဂမ်ခါလီ ဒါဇီယာ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးအဖြစ် ၂၀၀၄ ခုနှစ် ဧပြီလ အတွင်းက သွားရောက်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ် ဇူလိုင်လထဲမှာတော့ တရုတ်နိုင်ငံ ဝန်ကြီးချုပ် ဝမ်ကျားပေါင်၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံချစ်ကြည်ရေးအရရော လုပ်ငန်းပိုင်းဆွေးနွေးဆောင်ရွက်ဖွယ်ရာများအရပါ ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများပါ လိုက်ပါလျက် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ပါသည်။ ထိုခရီး စဉ်အတွင်းမှာ လုပ်ငန်းပိုင်းဆိုင်ရာများ ဆွေးနွေးပြီး နှစ်ဦးနှစ်ဖက် နားလည်မှု စာလွှာများနှင့် သဘောတူစာချုပ်အချို့ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ လက်မှတ်

ရေးထိုးမှုများသည် နှစ်ဦးနှစ်ဖက်ကြိုတင်ဆွေးနွေးညှိနှိုင်းထားပြီးအကြောင်းအရာများဖြစ်ကြပါသည်။ အသေးစိတ်အကြောင်းအရာများကိုတော့ တရုတ်ပြည်သွားသီးခြားခရီးစဉ်မှတ်တမ်းတွင် ဖော်ပြထားပါသည်။

ကျွန်တော် ဝန်ကြီးချုပ်ဘာဝန် ထမ်းဆောင်စဉ်ကာလမှာ တိုတောင်းသဖြင့် တိုင်းပြည်နှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ဆောင်မှုကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။ သို့သော်လည်း ROAD MAP ခုနှစ်ဆင့်ကိုတော့ စတင်အကောင်အထည်ဖော်ပေးနိုင်ခဲ့ခြင်းဖြင့်သာ ကျေနပ်နှစ်သိမ့်ခဲ့ရပါသည်။





The Prime Minister, General Khin Nyunt, and his Malaysian counterpart, Mr Abdullah Ahmad Badawi, shake hands on the steps of the Putrajaya administrative complex near Kuala Lumpur last Tuesday.

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဝိုလ်ချုပ်ကြီး ခင်ညွှန့်အား မလေးရှားနိုင်ငံဝန်ကြီးချုပ် ဘီဒီအဒွေဒူ လာဘင်ဟာဒီ အာမက်ဘာဒါဝီက ကွာလာလမ्पူ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထွက်ခွာရန် ဝန်ကြီးချုပ်မှ အထူးယာဉ်တန်းသို့ ပို့ဆောင်နေကြောင်း။

(သတင်း)

Prime Ministers Koizumi and General Khin Nyunt welcome each other in Tokyo.

နိုင်ငံတော်ဝန်ကြီးချုပ် ဝိုလ်ချုပ်ကြီးခင်ညွှန့်၏ သုံးနိုင်ငံ ခရီးစဉ်



ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်နှင့်အတူ အမှတ်တရ တွေ့ရစဉ်

ဗျပန်နိုင်ငံတို့ကျိုတွင် ပြုလုပ်သော အာစီယံခေါင်းဆောင်များနှင့်
ဗျပန်ဝန်ကြီးချုပ်တို့ ဆွေးနွေးပွဲကျင်းပစဉ်

ဝန်ကြီးချုပ်၏ ကမ္ဘောဒီယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင်
ဝန်ကြီးချုပ် ဟွန်ဆန်ခေါင်းဆောင်သောအဖွဲ့နှင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက်
တွေ့ဆုံဆွေးနွေးကြစဉ်

အမှတ်တရ စုပေါင်းဓါတ်ပုံရိုက်

ပြည်ထောင်စုပြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးလီကွမ်ယူ၊ ဝန်ကြီး ဦးထောင်ဆား ပြန်မာ ရွတ်ကြည်လေး ကိုယ်စားလှယ်အဖွဲ့ ဗင်ယားနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မနုဘာမစ်တေးဆီမန်ခုနှင့် အပြီ. ဝင်းမှာ ညာဘက် ၁၀ရက်က ဇီယန်ကျင်းမြို့ရှိ သမ္မတအိမ်တော်ရှေ့တွင် အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် လာအိုနိုင်ငံသမ္မတကြီးနှင့် အမှတ်တရ စုပေါင်းဓါတ်ပုံရိုက်စဉ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတကြီး တွေ့ဆုံဂါရဝပြု နှုတ်ဆက်စဉ်



ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် ခေတ္တနိုင်ငံတော်အကြီးအကဲလွတ်တော်
ဥက္ကဋ္ဌနှင့်အတူ အမှတ်တရ



ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်

လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်



ပြည်ထောင်စုပြန်တမ်းတော်နိုင်ငံတော်ဦးခေါင်းဆောင်ကြီးဖျာပါဒိုလ်ချုပ်ကြီး ဝင်ညွှန့်နှင့် လာအိုပြည်သူ့ဒီမိုကရေတစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစွတာ ဘွန်ညွှဲဒိုရာဗျစ်တို့ သဘာပတိ သင်းလွတ်တော်အဆောက်အအုံ ရှေ့၌ ကျင်းပသော ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ သလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

www.burmeseclassic.com

(ဏ)

အခြားတင်ပြစရာများ

အခန်း	အကြောင်းအရာ
၅၉။	မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး
၆၀။	ဓရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေး
၆၁။	အဝေးပြေးလမ်းမကြီးများ အဆင့်မြင့်တင်ခဲ့မှု
၆၂။	ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်သည့် ကျွန်တော်၏ အားနည်းချက်များ
၆၃။	အုပ်ချုပ်ရေးယန္တရားနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တာဝန်ခံယူမှုများ တာဝန်ကျေအောင် ဆောင်ရွက်မှုများ
၆၄။	ယနေ့မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်နေသည့် အခြေအနေနှင့် ကျွန်တော့်အမြင်

www.burmeseclassic.com

အခန်း ၅၉

မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ် နိုင်ငံဖြစ်သည်နှင့်အညီ ဗုဒ္ဓ၏ယဉ်ကျေးမှုအဆုံးအမများမှာ ဆင်းသက်ဖြစ်ထွန်းလာသည့် ရိုးရာယဉ်ကျေးမှုများကို ခေတ်အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်လာသည့် နိုင်ငံဖြစ်သည်။ ဗုဒ္ဓ၏ဟောကြားချက် တရားဝမ္မနှင့် ဗုဒ္ဓ၏ ယဉ်ကျေးမှုများကို ဗုဒ္ဓ၏သားတော်များ ဖြစ်ကြသည့် သံဃာတော်အရှင်မြတ်များက အကြိမ်ကြိမ်သံဃာယနာတင်ကာ ဗုဒ္ဓ၏ ဟောကြားချက်စစ်စစ်များကို မပျက်မယွင်း၊ မတိမ်းမစောင်းရအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ပါသည်။

ကုန်းဘောင်ခေတ်အထိ ယိုယွင်းမှုမရှိ

ဗုဒ္ဓ၏ဟောကြားချက်တရားဝမ္မများနှင့်အတူ ပေါ်ထွန်းလာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုသည် သရေခေတ္တရာနိုင်ငံတော်ကြီးမှသည် ပုဂံ၊ ပင်းယ၊ အင်းဝ ခေတ်စသည်ဖြင့် ခေတ်အဆက်ဆက်ပျက်ယွင်းတိမ်းစောင်းမှုမရှိအောင် ထိန်းသိမ်းလာခဲ့သည်မှစ၍ အင်းဝခေတ်တွင်မြန်မာ့ရိုးရာယဉ်ကျေးမှုသည် အထွန်းကားဆုံးကာလ၊ အခြေခံအုတ်မြစ်ခိုင်မြဲလာသောကာလ ဖြစ်ခဲ့ပါသည်။ မြန်မာ့ယဉ်ကျေးမှုသည် ကုန်းဘောင်ခေတ်အထိ ယိုယွင်းပျက်စီးမှုမရှိခဲ့ပါ။ ဗြိတိသျှတို့၏ နယ်ချဲ့အုပ်စိုးမှုအောက်ရောက်တော့မှ အနောက်တိုင်းယဉ်ကျေးမှုများ ရောယှက်ပါဝင်လာသည်ကို တွေ့ရသည်။

၂၀၁၃ ခုနှစ်အတွင်းက နဝေးဥယျာဉ်ပန်းချီပြခန်း၊ ကော်ဖီဆိုင်နှင့် လက်ဆောင်ပစ္စည်း အရောင်းဆိုင်များ ဖွင့်ပွဲတွင် တက်ရောက်အားပေးသော စာရေးဆရာကြီး ဦးကိုကိုမောင်ကြီး နှင့် ရဲဘော်ဘခက်တို့အား ဦးခင်ညွှန့်က နှုတ်ဆက်စဉ်

ထိုသို့ ဗြိတိသျှတို့၏ ကိုလိုနီနယ်ချဲ့အုပ်စိုးမှု ရောက်သည့်တိုင်အောင် မျိုးချစ်ပုဂ္ဂိုလ်အများအပြားပေါ်ထွန်းခဲ့မှုကြောင့်အမျိုးသားကျောင်းများမြန်မာနိုင်ငံ အနှံ့ပေါ်ထွန်းခဲ့သည်။ ထိုအမျိုးသားကျောင်းများမှ မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး၊ တိုင်းတပါးယဉ်ကျေးမှုထိုးဖောက်ခြင်းမှ ကာကွယ်တားဆီးရေး၊ မျိုးချစ်စိတ်ဓာတ်ခိုင်မာတောင့်တင်းရေးအတွက် လူငယ်လူရွယ်များအတွင်း စည်းရုံးသိမ်းသွင်းနိုင်မှုကြောင့် မြန်မာရိုးရာယဉ်ကျေးမှုသည် မဆိုစလောက်သာ ယိုးယွင်းမှုရှိခဲ့ပြီး ခံသာသည်ဟု ဆိုနိုင်ပါသည်။

လမ်းစဉ်ပါတီခေတ်အထိ သိသိသာသာပျက်စီးမှုမရှိသေး

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်ကာလအထိ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုများသည် သိသိသာသာယိုယွင်းမှု မရှိသေးသည်ကို တွေ့ရပါသည်။

ယခုဒီမိုကရေစီခေတ်ကာလရောက်သည့်အခါ ကိုယ့်ရိုးရာယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုများသည် မြင်လို့မကောင်း ရှုလို့မကောင်းအောင် ယိုယွင်းမှုများ တွေ့ရပါသည်။ မြန်မာတို့၏ ဝတ်စားဆင်ယင်မှုတွင် အမျိုးသားများက ပုဆိုးနှင့် တိုက်ပုံအင်္ကျီကို ဝတ်ဆင်မှုများပြီး အမျိုးသမီးများက ထဘီနှင့် အပေါ်အင်္ကျီ လက်တို၊ လက်ရှည်၊ ရင်စေ့၊ ရင်ဖုံးတို့ဝတ်ဆင်လာခဲ့ကြရာမှ ယခုအခါ ဝတ်စားဆင်ယင်မှုပုံစံများ ပြောင်းလဲဖြစ်ထွန်းလာသည်ကို တွေ့ရသည်။

အိန္ဒြေသိက္ခာရှိရှိ ဝတ်ဖို့လို

ခေတ်ရေစီးကြောင်း ပြောင်းလဲမှုအပေါ် အခြေအနေနှင့် အချိန်အခါ ပြောင်းလဲသင့်သည်၊ ပြောင်းလဲတာကိုအပြစ်မဆိုလိုပါ၊ အိန္ဒြေသိက္ခာရှိရှိဝတ်စား ဆင်ယင်မှုတော့ရှိသင့်ပါသည်။ ယခုတော့ နိုင်ငံခြားဝတ်စားဆင်ယင်မှု ပုံစံကို အတုယူပြီးနိုင်ငံခြားပုံစံအတိုင်း အရှက်အကြောက်မဲ့စွာဖြင့် ဝတ်စားဆင်ယင် နေကြတာကတော့ ကြည့်လို့မကောင်း၊ မြင်လို့မတော်လှပါ။

ဝတ္ထုလည်ပင်ခြည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ထောက်ပံ့ရေးသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစင်ညွှန့်. အထက်(၂)လသာသို့ပြုပြင်သော သင်ကြားမှုနှင့်သင်ယူမှုအတောတိုအလုပ် ပြုခန်းဖွင့်ပွဲအခမ်းအနားတွင်လုပ်ကြည့်ခဲ့စဉ်။ (ရုပ်ကြမ်း-၄)

လသာ အ.ထ.က (၂)သို့
အတွင်းရေးမှူး(၁)
သွားရောက်စစ်ဆေးစဉ်

နိုင်ငံတော်ဝန်ကြီးချုပ် ဝိုလ်ချွတ်ကြီးခင်ညွှန့်, မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့, တတိယတောင်ပြိုင်ပွဲလေးခု ဟိုဦးစီးအဖွဲ့, အရည်းအထေးသို့, တက်ရောက်နဲ့ကြသည့် ဟိုဦးစီးအဖွဲ့,ဝင်များ၊ လေ့လာသူများနှင့် စာပေပညာရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းကျွေးခဲ့ပွဲသို့ တက်ရောက် လာကြသော စည်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(ယာပုံနှင့် ဆောက်ပုံ) (မြန်မာ့အလင်း)

ကိုးရီးယားရပ်ရှင်ကားများ

ကိုးရီးယားရပ်ရှင်ကားတွေ အများအပြားဝင်ရောက်လာပြီး ယင်းဇာတ်ကားများထဲက ဝတ်စားဆင်ယင်မှုနှင့် စရိုက်လက္ခဏာတွေကတော့ ရှုမြင်လို့ပင် မကောင်းတော့ပါ၊ သားသမီးက မိဘအပေါ်ဆက်ဆံမှုက ကြမ်းတမ်း၊ ယုတ်ညံ့ပါသည်။ မိန်းကလေးများ အရက်ဆိုင်မှာ အရက်တွေသောက်သည်၊ ညအချိန်မတော်မှ အရက်မူးပြီး အိမ်ပြန်ကြသည်။ အရက်မူးလွန်၍ မည်သူက လိုက်ပို့မှန်းတောင်မသိတော့၊ တချို့ကျတော့ အိမ်သို့ပင်ပြန်မရောက်တော့ပဲ ဟိုတယ်မှာ တစ်ညအိပ်ပြီးမှပြန်ရောက်လာကြသည်။ မည်သူနှင့် အိပ်မှန်းတောင်မသိတော့၊ ဒီလိုဇာတ်လမ်းတွေကအများအပြားဝင်နေကြတော့ လူငယ်လူရွယ်တွေ အတွက် အတုမြင်၊ အတတ်သင်ဆိုတာမျိုး ဖြစ်တတ်ပါသည်။

အမျိုးသားစာပေတစ်သက်တာဆုရရှိသူ စာရေးဆရာကြီး ဦးထင်ဖတ် (မောင်ထင်) အား ဆုချီးမြှင့်စဉ်

ပြန်ကနဦး ဝေဖန်ရေးတော်ပေါင်းများ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးသန်းရွှေ၏ ၅ ရက်က မိတ္တီလာမြို့၊ စီးပွားရေးတက္ကသိုလ် ဝင်စာသင်ခန်း ဆောက်လုပ်ပြီးမှတို့ ကြည့်ရှုစစ်ဆေးခဲ့စဉ် (သတင်း-စက္ကရုဏ်း) (သတင်းစဉ်)

မိတ္တီလာမြို့ စီးပွားရေး တက္ကသိုလ် တည်ဆောက်နေမှုအား ဝန်ကြီးချုပ်က သွားရောက်စစ်ဆေးစဉ်

အရှက်လုံ့ရုံသက်သက်

ဝတ်စားဆင်ယင်မှုကလည်း အလွန်ဆိုးပါသည်။ အရှက်လုံ့ရုံသက်သက်လောက်ပဲ ဖြစ်ပါသည်။ ဘောင်းဘီအတို တကယ့်အတိုဆုံးကို ချက်ဖော်ပြီး ဝတ်ကြသည်။ ယခုခေတ်စားနေသည့် ဒီဇိုင်းနာများ၊ ဓာတ်ပုံဆရာများကလည်း

နိုင်ငံတော်ကြီးမှ ဂုဏ်ပြုခြင်းခံရပြီး ပြိုကွဲခင်းဘေးရောက်ခဲ့သော် တပ်သားကြီးတွေ ဟစ်ကြိုးပေး ဆည်ဘဲလေးကို၊ တပ်ထောက်ခံကြသည့် ပရိသတ်ကြီးတို့ ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရှိကြောင်း ဗဟိုပြု ညီလာခံတွင် ကျေးဇူးတင်ခဲ့ကြပုံ၊ တပ်ထောက် ထောင်ကြီးထား ရုပ်သည်များကိုလည်း ချီးမြှင့်ခဲ့ကြပုံ ဖော်ပြထားခြင်း

ခေတ်အမီဆုံးဖြစ်အောင် ဒီဇိုင်းထုတ်ပြီး မော်ဒယ်များအား ဝတ်ဆင်စေပြီး ဓာတ်ပုံဆရာများကလည်း အပေါ်လွင်ဆုံးဖြစ်အောင် ရိုက်ပြကြသည်။ အလွန်တော့ ကျော်ကြားကြပါသည်။ ကောင်းတာလား၊ မကောင်းတာလား မည်သူမှ မပြောကြပါ၊ ကြည့်ကောင်းကြ၍ထင်ပါသည်။ အားလုံးရေငုံနှုတ်ပိတ်နေကြသည်ကို တွေ့ရပါသည်။

ဆိုကရေးတီး ခေတ်မစားတော့

မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုကရေးတီးပြုင်ပွဲတွေကောင် သိပ်ခေတ်မစားတော့ပါ၊ နောက်ရောက်ကုန်ပါပြီ၊ အမျိုးသားရေးစိတ်ဓာတ်တို့ ၊ မျိုးချစ်စိတ်ဓာတ်တို့ဆိုတာ ဘယ်ရောက်ကုန်မှန်းမသိတော့ပါ။ ခေတ်ရေစီးကြောင်းမှ အားလုံးနည်းပါး မျောပါနေကြသလားတော့မသိတော့ပါ၊ ယခုအချိန်မှာတော့ တာဝန်ရှိသူများရော၊ တာဝန်မရှိသူများကပါ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးကို ဝိုင်းဝန်း၍ အလေးထား ဆောင်ရွက်သင့်ကြပါကြောင်း တင်ပြလိုက်ရပါသည်။

○

www.burmeseclassic.com

အခန်း ၆၀

ရောဝတီမြစ်ကြောင်း ထိန်းသိမ်းရေး

နိုင်ငံတိုင်း၊ နိုင်ငံတိုင်းတွင် အသက်သွေးကြောသဖွယ် လူမှုရေး၊ စီးပွားရေးအတွက် အဓိကအထောက်အကူပြုနေသည်မှာ မြစ်ချောင်းများပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများသည် ဧရာဝတီ၊ချင်းတွင်း၊စစ်တောင်း၊ သံလွင် အစရှိသော မြစ်ကြီးများဖြစ်ကြပြီး ဧရာဝတီမြစ်ကြီးသည် မြန်မာနိုင်ငံအား ဘက်စုံအကျိုးပြုနေသော မြစ်ကြီးဖြစ်ပါသည်။ ထို့နည်းတူစွာ အာဆီယံနိုင်ငံ အချို့ကိုအကျိုးပြုပေးနေသည့် မဲခေါင်မြစ်ကတော့ ဒေသတစ်ခုလုံးကို အကျိုးပြုပေးနေသော မြစ်ဖြစ်သည်။

ဧရာဝတီရေကြောင်းပြောင်း

မြန်မာနိုင်ငံအတွက် အဓိကအသက်သွေးကြောမြစ်ဖြစ်သည့် ဧရာဝတီမြစ်ကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေကြသလို ဧရာဝတီမြစ်ကြီးကို ပြုပြင်ထိန်းသိမ်းမှုမရှိပဲ သဘာဝအတိုင်းပဲထားကြတာပေါ့ဆိုပြီး လျစ်လျူရှုထားရင်တော့ ဒီမြစ်ကြီးဘေးမှာ ရှိကြသည့် မြို့တွေ၊ ကျေးရွာတွေအတွက် တစ်နေ့နေ့တွင် ဆိုးကျိုးတွေဖြစ်ပေါ်လာမည်မှာ အမှန်ဖြစ်သည်ဟု စိုးရိမ်ပူပန်ကြသူတို့လည်း ရှိပါသည်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ညောင်တုန်းဆရာတော်ဘုရားကြီးအား
၂၀၁၂ ခုနှစ်အတွင်းက ညောင်တုန်းမြို့သို့ သွားရောက်ဖူးမြော်ပူဇော်စဉ်

ဧရာဝတီမြစ်ကြီး၏ ရေကြောင်းပြောင်းလဲမှုသည် တစ်နှစ်နှင့်တစ်နှစ်မတူ၊ ဧရာဝတီရေလမ်းကြောင်းသည် မြစ်၏အထက်ပိုင်းမှာ မိုးရေချိန်များလာသည်နှင့်အမျှ ရေစီးကြောင်းပြောင်းလဲမှုတွေဖြစ်ပေါ်ကာ ကမ်းပါးတစ်လျှောက်ရေတိုက်စားမှုများဖြစ်ပေါ်လေ့ရှိပါသည်။ ထိုအခါ တစ်ချို့သော မြို့များ၊ ရွာများမှ ရေတိုက်စားမှုကြောင့်ကမ်းပါးများပြိုကာ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ရေးဟောင်းအဆောက်အအုံများ မြစ်အတွင်းမျောပါ ပျက်စီးသွားကြတာတွေ မကြာခဏကြုံတွေ့နေရပါသည်။ မြစ်ဆုံဆည်ကြီးရပ်ဆိုင်းလိုက်သည်နှင့် မပြီးသေးပါ၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေတိုက်စားနိုင်သည့် နေရာဒေသများ၊ မြို့များ၊ ရွာများအနီး မြစ်ကြောင်းထိန်းသိမ်းမှုတွေကို အမြဲမပြတ်ဆောင်ရွက်ကြရမှာဖြစ်ပါသည်။

ဟသံတမြို့၊ မိုးညိုမြို့ရေတိုက်စားခံရ

ဧရာဝတီမြစ်အတွင်း မြစ်ကြောင်းထိန်းသိမ်းမှုများ စနစ်တကျ မဆောင်ရွက်နိုင်တာကြောင့် တစ်ချို့မြို့တွေရွှေ့လိုက်ရတာမျိုးရှိပါသည်။ ဥပမာအားဖြင့် မိုးညိုမြို့၊ တစ်ချို့မြို့တွေတစ်ခြမ်းပဲ့သွားကြတာမျိုး၊ ဥပမာအားဖြင့် ဟသံတမြို့၊ အလားတူပင် ရပ်ကွက်အချို့ရွှေ့ပြောင်းလိုက်ရတာမျိုး၊ ကျေးရွာတစ်ချို့ ရွှေ့ပြောင်းလိုက်ရတာမျိုး တွေ့ကြုံခဲ့ရပါသည်။

ကျွန်တော်ကိုယ်တိုင် ကြုံခဲ့ရတာမျိုးတစ်ခုကို ပြန်သတိရမိပါသည်။ ၂၀၁၄ ခုနှစ် သြဂုတ်လထဲမှာ ကလေးဝဆရာတော်ကြီး၏ မွေးနေ့အလှူပွဲသို့ ဆရာတော်ကြီး၏ ဖိတ်ကြားချက်အရ တက်ရောက်ခဲ့ပါသည်။ ထိုအလှူပွဲမှာ ညောင်တုန်းမြို့မှ သက်တော် ၉၃ နှစ်ရှိ သက်တော်ရှည်ဆရာတော်ကြီး ဦးသြသထာဘိဝံသနှင့် တွေ့ဆုံဖူးမြော်စဉ် ဆရာတော်ကြီးက "တကာကြီး၊ တကာကြီးတွေ့မှ ညောင်တုန်းမြို့ရေဘေးမှ လွတ်မြောက်သွားခဲ့တာကို ပြန်ပြီးသတိရ မှတ်မိနေတယ်၊ တကာကြီးကော မှတ်မိရဲ့လား" လို့ ဆရာတော်ကြီးက မေးပါသည်။ ကျွန်တော်လည်း လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော် ၃၀ တုန်းက အကြောင်းအရာကို ပြန်စဉ်းစားမိပြီး မှတ်မိလိုက်တာကြောင့် မှတ်မိပါသည်ဘုရားလို့ ပြန်ဖြေကြားတော့ ဆရာတော်ကြီးကဆက်ပြီး မိန့်ကြားပါတယ်၊ ထိုကာလတုန်းက ညောင်တုန်းတံတားကြီးလည်း မရှိသေးဘူး။ ဧရာဝတီမြစ်ရေတိုက်စား၍ ညောင်တုန်းမြို့ကို ကာရံထားတဲ့ ရေတားတမံကြီးက နှစ်စဉ်ရေတိုက်စား ပဲ့ပြိုပြီး ပါးနေပြီ၊ အဲဒီမှာ တစ်မြို့လုံးကလည်း စိုးရိမ်နေကြပြီ၊ ရေတားတမံကြီး ကျိုးပေါက်သွားလျှင် မြို့ထဲရေတွေဒလဟောဝင်လာပြီး မြို့ကြီးပျက်တော့မှာပဲလို့ စိုးရိမ်နေကြတယ်၊ အဲဒီအချိန်မှာ ဘုန်းကြီးကလူကြီး ၄/၅ယောက်ကို ဖွဲ့စည်းပေးပြီး ဧရာဝတီတိုင်းက တိုင်းမှူးဆီစေလွှတ်လိုက်တယ်၊ တိုင်းမှူးက သူအာဏာမပိုင်ဘူးလို့ ဖြေကြားလိုက်တော့ သူတို့လည်းစိတ်ပျက်ပြီးပြန်လာကြတာပေါ့။

အဲဒီတုန်းက ညောင်တုန်းဆရာတော်ကြီးက သံဃမဟာနာယကအဖွဲ့ဝင်ဆိုတော့ ရင်းနှီးတဲ့သူ စဉ်းစားလိုက်တော့ အတွင်းရေးမှူး(၁)ရှိတာပဲဆိုပြီး ဆရာတော်ကြီးက ကမ္ဘာအေး မဟာနာယကဆရာတော်ကြီး သီတင်းသုံးရာသို့

ကျွန်တော့်ကိုခေါ်ပြီး ညောင်တုန်းမြို့အခြေအနေကို ရှင်းပြကာ တကာကြီး ကူညီပေးပါဟု မိန့်ကြားပါသည်။ ကျွန်တော်ကလည်း ကောင်းပါပြီ ဘုရား၊ တပည့်တော်ညောင်တုန်းကိုလိုက်ကြည့်ပြီး စီစဉ်ပေးပါ့မယ်လို့ ပြန်လျှောက်ထားပါသည်။

ကျွန်တော်သည် နောက်တစ်နေ့တွင်ပင် ရေလမ်းကြောင်းထိန်းသိမ်းရေးညွှန်ကြားရေးမှူးချုပ်၊ နောင်ဒုဝန်ကြီး ဦးဖေသန်းနှင့်အဖွဲ့ကိုပါခေါ်ပြီး ရေလမ်းကြောင်းထိုးဝင်နေသည့် ရေတားတမံရှိရာ နေရာကို စစ်ဆေးကြည့်သောအခါ အမှန်တကယ်ပဲ ရေတားတမံ ကျိုးပေါက်သွားနိုင်သည့်အခြေအနေမျိုးတွေ့ရတာကြောင့် ချက်ချင်းရေတားတမံ ခိုင်ခံ့အောင်အရေးပေါ်စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ညောင်တုန်းမြို့သည် ရေလွှမ်းမိုးမှုအန္တရာယ်မှ လွတ်မြောက်သွားခဲ့တာကို ကျွန်တော်ကိုယ်တွေ့ကြုံခဲ့ရပါသည်။

ဒါနဲ့ ပတ်သက်လို့ ဆရာတော်ကြီးက အမှတ်တရဖြစ်နေ၍ ပြန်ပြီး အစဖော်ပေးတာကြောင့် ပြန်လည်သတိရကာ ပြန်လည်ဖော်ပြပေးခြင်းဖြစ်ပါသည်။ ဒါကတော့ သာဓကအနေနှင့် ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေးသည် မိုးမကျမီကာလမှာ ကြိုတင်လေ့လာတွက်ချက်၍ ဆောင်ရွက်သင့်တာတွေဆောင်ရွက်ကြရမှာဖြစ်ကြောင်း တင်ပြလိုတာဖြစ်ပါသည်။

ဧရာဝတီထိန်းသိမ်းရေး အာရုံစိုက်သူနည်းပါး

ယခုကာလမှာတော့ ပြည်သူတွေကရော၊ နိုင်ငံရေးသမားတွေကရော၊ သတင်းမီဒီယာပုဂ္ဂိုလ်တွေကပါ မြစ်ဆုံစီမံကိန်းကြီးကိုသာ အာရုံထားမိကြပြီး ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းမှုကိုတော့ သတိတရရှိသူ နည်းပါးနေသေးသည်ဟု ထင်မြင်မိပါသည်။ အမှန်တကယ်ကတော့ ဧရာဝတီမြစ်ကြီး ထာဝရပုံမှန်စီးဆင်းနေခြင်း၊ ရေစီးရေလာကောင်းမွန်နေခြင်း၊ ရေလမ်းကြောင်းမှန်မှန်ကန်ကန်စီးဆင်းနေခြင်း၊ ဧရာဝတီမြစ်ဘေးမှမြို့ရွာများအတွက် ထာဝရအန္တရာယ်ကင်းစေခြင်း၊ ဧရာဝတီမြစ်ကူးတံတားကြီးများကလည်းအများအပြားဖြစ်ထွန်းနေပြီဖြစ်တာကြောင့် ဒီတံတားကြီးများရေရှည်ခိုင်မြဲနေစေခြင်းဆိုသည့် ရလဒ်ကောင်းများဖြစ်ထွန်းနေ

အောင် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်ကြရမှာ ဖြစ်ပါသည်။

လေးမျက်နှာ ငသိုင်းချောင်း

ကျွန်တော်ရည်ရွယ်ရင်းကတော့ ဧရာဝတီမြစ်ကြီးက အဓိကကျ၍ ဧရာဝတီမြစ်ကိုသာ ဦးစားပေးဖော်ညွှန်းနေသော်လည်း ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်တို့သည်လည်း မြစ်ကြောင်းထိန်းသိမ်းရေးကို တာဝန်ရှိသူများက ကြိုတင်တွက်ချက်စဉ်းစားဆောင်ရွက်သင့်ကြပါသည်။ ကျွန်တော်ကြုံခဲ့သည့် မြို့တစ်မြို့ကတော့ လေးမျက်နှာမြို့ပါ။ ဧရာဝတီမြစ်၏ အပွား ငဝန်မြစ်ပေါ်မှာ တည်ရှိနေသည့်မြို့ဖြစ်ပါသည်။ ငဝန်မြစ်ရေ တိုက်စားမှုကြောင့် မြို့တစ်မြို့လုံးနီးပါး အန္တရာယ်ဖြစ်လာတာကြောင့် မြို့ကိုငဝန်မြစ်၏ အရှေ့ဘက်ကမ်းသို့ ရွှေ့ပြောင်းပြီး မြို့သစ်တည်ခဲ့ရတာလည်းကြုံတွေ့ခဲ့ရပါသည်။ အလားတူပဲ ငသိုင်းချောင်းမြို့ဆိုရင်လည်း မြစ်ရေတိုက်စားမှုကြောင့် အန္တရာယ်ကိုစိုးရိမ်နေရသည့် မြို့ထဲတွင် တစ်မြို့အပါအဝင်ဖြစ်ပါသည်။ ဒါကြောင့် နိုင်ငံတော်၏အရေးပါသော မြစ်ချောင်းများကို ရေလမ်းကြောင်း မှန်ကန်စွာစီးဆင်းနိုင်ရေးအတွက် အမြဲမပြတ် ပြုပြင်ထိန်းသိမ်းကြရန် အရေးကြီးလှပါကြောင်း တင်ပြလိုက်ရပါသည်။

○

www.burmeseclassic.com

အခန်း ၆၁

အဝေးပြေးလမ်းများ အဆင့်မြှင့်တင်ခဲ့မှု

ယခုဖော်ပြမည့်အကြောင်းအရာကတော့ ဆင်းရဲနွမ်းပါးမှုနှင့် ဝင်ငွေထွက်ငွေမလုံလောက်မှုကြောင့်မဟုတ်ပဲ ကိုယ်ကျိုးစီးပွားကို အခြေခံသော လောဘကြီးမှုအကြောင်းအရာနှင့် ပတ်သက်၍ ကြုံခဲ့ရသည်ကို တင်ပြရခြင်းဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်အစိုးရအဖွဲ့ထဲမှ ဝန်ကြီးဌာနတစ်ခုမှ တာဝန်ရှိသူများ၏ လောဘကြီးမှုကို တင်ပြရခြင်းဖြစ်ပါသည်။

ဝန်ကြီးဌာနများက တာဝန်ယူတည်ဆောက်ကြသည့် ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကားလမ်းများအဆင့်မြှင့်တင်ရေး လုပ်ငန်းများမှာ အလွန်မှအားနည်းသည်များကို တွေ့ကြရမည်ဖြစ်ပါသည်။

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး

ဥပမာအားဖြင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးပြုပြင်ရေးလုပ်ငန်းများတွင် ခိုင်ခဲ့သောအဆင့်မြှင့်လမ်းမကြီးဖြစ်ရေးအတွက် ပုဂ္ဂလိကကုမ္ပဏီများသို့ အပိုင်းလိုက်ပြုပြင်မွမ်းမံမှုများစတင်ဆောင်ရွက်ခွင့်ပြုလုပ်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအချို့က ကျေနပ်မှုမရှိကြောင်း သိရှိခဲ့ရပါသည်။ တာဝန်ရှိသူတို့ မကျေနပ်မှု ရှိသော်လည်း အမှန်တကယ်လက်တွေ့အကောင်အထည်ပေါ်လာသည့်အခါ ခရီးဝေးသွားကားကြီး၊ ကားငယ်များနှင့်

ခရီးသွားပြည်သူလူထုအတွက် အလွန်အဆင်ပြေသွားသည်ကို ကြုံခဲ့ရပါသည်။ ယနေ့မြန်မာနိုင်ငံ၏ အဝေးပြေးခရီးသွားလုပ်ငန်းသည် အရှေ့တောင်အာရှအဆင့်မီ အောင် ဆက်လက်ကြိုးစားရပါမည်။

ကျိုင်းတုံ-တာကော်လမ်း

ပြည်နယ်များတွင်ရှိကြသည့် ကျိုင်းတုံ-တာချီလိတ်လမ်း၊ ကျိုင်းတုံ-တာကော်လမ်းဆိုလျှင် ဝန်ကြီးဌာနတာဝန်ယူပြုပြင်မွမ်းမံမှုပြုလုပ်ခဲ့ရာတွင် နှစ်စဉ်နှစ်တိုင်းမိုးရာသီရောက်လျှင် ကားများသွားလို့မရအောင် ပျက်စီးမှုနှစ်စဉ်ကြုံတွေ့နေကျလမ်းများဖြစ်ပါသည်။ ယင်းလမ်းများအား ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီများအား တာဝန်ပေးလိုက်ရာ ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်းသည် သုံးနှာရီကျော်ကျော်နှင့် ခရီးပေါက်လျက်ရှိပါသည်။ ယခင်ကာလ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူစဉ်တုန်းကဆိုလျှင် ကျိုင်းတုံမှ တာချီလိတ်သို့ တစ်ပတ် (သို့မဟုတ်) ဆယ်ရက်ခန့်ကြာတတ်ပါသည်။ ယခုတော့ အချိန်ကုန်သက်သာပြီး ခရီးသည်များရော၊ ကုန်ပစ္စည်းသယ်ယူမှုများမှာပါ အလွန်အဆင်ပြေနေကြကြောင်း ကြားသိနေရပါသည်။

မြစ်ကြီးနား-ပူတာအို

မြစ်ကြီးနား-ပူတာအိုလမ်းဆိုလျှင် မိုးရာသီ၌ ကားလမ်းကို အသုံးပြု၍မရတာကြောင့် ပူတာအိုအတွက် ရိက္ခာနှင့် ကုန်ပစ္စည်းများကို လေယာဉ်ဖြင့်ပို့ဆောင်ပေးနေရသည့် အခြေအနေဖြစ်ခဲ့ပါသည်။ ယခုတော့ ပုဂ္ဂလိက တာဝန်ယူမှုဖြင့် အဆင်ပြေနေလိမ့်မည်ဟု ထင်မြင်မိပါသည်။

ဒီဖြစ်စဉ်တွေကတော့ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ တာဝန်ယူနိုင်မှု၊ ရိုးသားမှု၊ ကြိုးစားမှုတို့အားနည်းနေတာကြောင့်လည်း ကုန်စည်စီးဆင်းမှုပိုင်းမှာရော၊ ပြည်သူတွေ၏ ခရီးသွားလာမှုအတွက်ပါ ကြုံခဲ့ရသည့် အခက်အခဲများပင်ဖြစ်ပါသည်။ ယခုတော့ ခရီးဝေးလမ်းပိုင်း အတော်များများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ မျှဝေတာဝန်ပေးမှုများ တိုးတက်ဖြစ်ထွန်းလာတာကြောင့် ခရီးဝေး

လမ်းကြောင်းများမှာ အလွန်အဆင်ပြေချောမွေ့မှုများဖြစ်ထွန်းလာတာကို ကိုယ်တွေ့အဖြစ် ကြုံခဲ့ရပုံများကို တဆင့်ဖောက်သည်ချလိုက်ရခြင်း ဖြစ်ပါသည်။

စီးပွားကုန်သွယ်မှု လမ်းနှစ်သွယ်

ယခုဆိုလျှင် စီးပွားကုန်သွယ်မှုလမ်းကြောင်းနှစ်ခုဖြစ်သော ရန်ကုန်-ဖားအံ-မြဝတီလမ်းကြောင်းနှင့် မန္တလေး-လားရှိုး-မူဆယ်လမ်းကြောင်းတို့သည် မြန်မာနိုင်ငံ၏ အခြေခံကုန်ပစ္စည်းများ၊ အခြေခံလူတန်းစားများအတွက် အသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အထည်များတင်သွင်းကြသလို ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးတို့မှ ထုတ်ကုန်ပစ္စည်းများကို ထုတ်ကုန်အနေနှင့် ပို့ဆောင်ရာ အဓိကကုန်သွယ်မှုလမ်းကြောင်းများဖြစ်ပါသည်။ အဆိုပါနယ်စပ်ကုန်သွယ်မှုလမ်းကြောင်းနှစ်ခုသည် မြန်မာနိုင်ငံ၏ စီးပွားကုန်သွယ်မှုနှင့် အခြေခံကုန်ပစ္စည်းများကို ပို့ဆောင်ပေးရာ လမ်းကြောင်းများဖြစ်သဖြင့် ဤလမ်းကြောင်းများသည် ရာသီမရွေးအစဉ်ကောင်းမွန်ချောမွေ့နေရမှာဖြစ်ပါသည်။

ဤလမ်းကြောင်းများကို ပုဂ္ဂလိကလုပ်ပိုင်ခွင့်ပေးလိုက်သဖြင့် ရှစ်ဘီးယာဉ်ကြီးများ၊ ဆယ်ဘီးယာဉ်ကြီးများ၊ ကွန်တိန်နာကားကြီးများဖြင့် အသွားအလာအဆင်ပြေနေသည်ဟူ၍ သတင်းများကြားသိနေရပါသည်။ ဤသာဓကများကို ကြည့်ခြင်းအားဖြင့် အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်ခွဲဝေသုံးစွဲမှုတွင် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံတော်အတွက် အလွန်အရေးပါလှသည်ကို သိသာစွာဖော်ညွှန်းလျက်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။

○

www.burmeseclassic.com

အခန်း ၆၂

ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်သည့် အားနည်းချက်များ

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း အတွင်းရေးရေးမှူး(၁) က တာဝန်ယူဆောင်ရွက်ရပါသည်။ နိုင်ငံတစ်နိုင်ငံတိုးတက်ဖို့ဆိုရာတွင် လူသားအရင်းအဖြစ်တိုးတက်ဖြစ်ထွန်းရေးနှင့် လူတန်းစေ့ကျန်းမာသန်စွမ်းရေးသည် အလွန်အရေးပါလှပါသည်။

တပ်မတော်အစိုးရ တာဝန်ယူမှု

၁၉၈၈ ခုနှစ်နောက်ပိုင်းတပ်မတော်အစိုးရတာဝန်ယူဆောင်ရွက်ချိန်တွင် အနောက်အုပ်စုနိုင်ငံများ၏ ဘက်စုံကဏ္ဍစုံမှ ပိတ်ဆို့တားဆီးမှုများဖြင့် စီးပွားရေးဖျက်ချုံ့ကျအောင်ဆောင်ရွက်ထားမှုတွေကြောင့် ပြဿနာပေါင်းစုံ၊ ဒုက္ခပေါင်းစုံကို တတ်နိုင်သမျှရင်ဆိုင်ဖြေရှင်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုန်းကန်ကြိုးပမ်းခဲ့ရသည်။ နိုင်ငံအတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် လူ့အခွင့်အရေးဆိုင်ရာစွပ်စွဲမှုများ၊ မူးယစ်ဆေးဝါးဆိုင်ရာစွပ်စွဲမှုများကို တတ်အားသမျှဖြေရှင်းကာ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကိုလည်း အောင်မြင်မှုများရအောင် ကြိုးပမ်းခဲ့ရပါသည်။ တစ်ဖက်ကလည်း နိုင်ငံတကာ

ဆေးသုတေသနဖွင့်ပွဲနှင့် စာတမ်းဖတ်ပွဲ ကျင်းပစဉ်



မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှု တွေ့ရစဉ်။

ဆက်ဆံရေးကိစ္စများကို အလေးထားဆောင်ရွက်ရင်း အာဆီယံအဖွဲ့ဝင်ဖြစ်လာ အောင်လည်း ကြိုးပမ်းခဲ့ရာမှာ အတိုင်းအတာတစ်ခုအနေနှင့် ထိရောက်ဖြစ်ထွန်း ခဲ့ပါသည်။

သံရုံးမြေတစ်ဝက် ခွဲရောင်းခဲ့ရသည်

ကျွန်တော်တို့ နိုင်ငံအနေနှင့် နိုင်ငံ၏အကျယ်အဝန်းပမာဏနှင့်ဆီလျော်ဖြစ်ထွန်းရမည့် လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေရှိရေးသည်လည်း အလွန်အားနည်းခဲ့တာကြောင့် လမ်း၊ တံတားများတည်ဆောက်ရေးနှင့် ဆည်မြောင်းတာတမံများတည်ဆောက်ရေးကိုပါအလေးထားဆောင်ရွက်ခဲ့ရပါသည်။ ယင်းသို့ပိတ်ဆို့တားဆီးထားမှုများအကြားက အခြေခံအဆောက်အအုံများတည်ဆောက်နိုင်ခဲ့တာကလည်း ဂျပန်နိုင်ငံတွင်ရှိသော သံရုံးမြေတစ်ဝက်ကို ခွဲဝေရောင်းချလိုက်ရသည့် ဝင်ငွေရရှိလာတာကြောင့် အဆိုပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။

ရရှိသောဘတ်ဂျက် အလွန်နည်း

ကျွန်တော်တာဝန်ခံရသည့် ပညာရေး၊ ကျန်းမာရေးတိုးတက်ဖြစ်ထွန်းမှုအတွက် ဝန်ကြီးဌာနအလိုက်ရရှိသည့် ဘတ်ဂျက်ခွဲဝေရရှိမှုသည် အလွန်အရေးပါလှပါသည်။ အမှန်တကယ်အားဖြင့်တော့ နိုင်ငံတော်ကခွဲဝေပေးသည့် ဘတ်ဂျက်မှ ပညာရေး၊ ကျန်းမာရေး ကဏ္ဍအတွက် အလွန်နည်းပါးပါသည်။ ခွဲတမ်းရရှိသည့် ဘတ်ဂျက်အရသာ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများကို ခွဲဝေသုံးစွဲရသဖြင့်

နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်းကြီးဝင်ဦးနု၊ ဗဟိုပြု ဝန်ကြီး ပြုန်းကျော်ဦးရင်းဆေး သမားတော်များညီလာခံ(၂၀၀၂)နှင့် တပ်ဆောက်လာသော ပြုန်းဝ ဦးရင်းဆေးသမားတော်ကြီးများ ဓာတ် ရုပ်လို့ အားလေးစားမြတ်နိုးကြောက်ရွံ့သည်။

တိုင်းရင်းဆေးသမားတော်ကြီးများ၏ ညီလာခံတွင် ကျင်းပသည့် ညစာစားပွဲ၌ သမားတော်ကြီးများအား နှုတ်ဆက်စဉ်

ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့မှာ အလွန်အားနည်းခဲ့ရပါသည်။ အမှန်မှာပြည်တွင်းသုံးဌေးဘတ်ဂျက်ခွဲဝေပေးရသူမှာ အတွင်းရေးမှူး (၁) ကျွန်တော်ပင်ဖြစ်ပါသည်။ သို့သော် ကျွန်တော်ခွဲဝေပေးနိုင်သည့် ဘတ်ဂျက်ငွေကြေးပမာဏာကပင် ကန့်သတ်ချက်ဖြင့် ခွဲဝေပေးရခြင်း ဖြစ်တာကြောင့် ကျွန်တော်တာဝန်ခံရသည့် ပညာရေးနှင့် ကျန်းမာရေးဌာနများသို့ လုံလောက်စွာ ခွဲဝေပေးနိုင်ခြင်း မရှိခဲ့တာအမှန်ပါပဲ။

အခြားသောအရေးပါသည့် ဝန်ကြီးဌာနများသို့ ကြိုတင်ခွဲဝေသတ်မှတ်ထားပြီးဖြစ်တာကြောင့် ပညာရေးနှင့်ကျန်းမာရေးအတွက် အားနည်းခဲ့ရခြင်းဖြစ်ပါသည်။ အခြားသောဦးစားပေးလုပ်ငန်းများစွာရှိနေတာကြောင့်လည်း ကျွန်တော်တာဝန်ခံရသည့် ဝန်ကြီးဌာနများအတွက် ပေးချင်တိုင်းလည်းပေးလို့မရ၊ လုပ်ချင်တိုင်းလည်း လုပ်လို့မရနိုင်ခြင်းဖြစ်ပါသည်။

ကျွန်တော့်အနေနှင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့မှာ တာဝန်ခံဆောင်ရွက်ရသလို၊ အစိုးရအဖွဲ့တစ်ခုလုံးအတွက်လည်း အစိုးရအဖွဲ့ဝင်တစ်ဦးဖြစ်နေတာကြောင့် အဆိုပါအားနည်းချက်များသည် ကျွန်တော့်မှာလည်း တာဝန်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

O

www.burmeseclassic.com

အခန်း ၆၃

အုပ်ချုပ်ရေးယန္တရားနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ တာဝန်ခံမှုများ၊ တာဝန်ကျေအောင် ဆောင်ရွက်မှုများ

ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့သည့် ကာလတစ်လျှောက်လုံး ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များနှင့် အတွေ့အကြုံများအရ အမှန်အတိုင်းတင်ပြရမည်ဆိုလျှင် ယခင်ကာလ ၁၉၈၈ ခုနှစ်မတိုင်မီ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရခေတ်ကာလက အုပ်ချုပ်ရေးယန္တရားသည် ပုံမှန်လည်ပတ်လျက်ရှိပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအနေနှင့် တတ်နိုင်သမျှ တာဝန်ကျေပွန်မှုကို အလေးထားဆောင်ရွက်ခဲ့ကြတာ အများစုဖြစ်ပါသည်။ ၁၉၈၈ ခုနှစ်ကာလ နောက်ပိုင်းနိုင်ငံတော်ငြိုပ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကာလ ပထမပိုင်းတွင် တာဝန်ပိုင်းဆိုင်ရာလေးစားမှု၊ ကြိုးစားမှုများရှိခဲ့ပါသည်။

မိမိဝန်ကြီးဌာန နာမည်ကောင်းရဖို့ ဦးစားပေး

အုပ်ချုပ်ရေးယန္တရားဆိုတာကလည်း ဦးဆောင်ဦးရွက်ပြုမှုအပေါ်တွင် အများကြီးမူတည်ပါသည်။ အုပ်ချုပ်ရေးယန္တရားမှာဆိုလျှင် ဝန်ကြီးကစပြီး အောက်ခြေအဆင့်ဆင့်သည် မိမိဝန်ကြီးဌာန၏ တာဝန်ခံထားမှုကို အောင်မြင်ဖြစ်ထွန်းအောင် ရိုးသားမှုကိုအခြေခံ၍ ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါသည်။ ကျွန်တော့်အမြင်ပြောရမည်ဆိုလျှင် တစ်ချို့သောဝန်ကြီးများက မိမိဝန်ကြီးဌာန

နာမည်ကောင်းရရှိအောင်တစ်ချို့ကိစ္စများတွင် တရားနည်းလမ်းတကျ အောက်ခြေကို တာဝန်ပေးတာမျိုး မလုပ်တော့ပဲ မမှန်မကန်အမှားအယွင်းများလုပ်စေပြီး မိမိဝန်ကြီးဌာန နာမည်ကောင်းရရေးအတွက် အမိန့်ပေးစနစ်နှင့် ဆောင်ရွက်ခဲ့ကြတာလည်း တွေ့ကြုံခဲ့ရပါသည်။ နောက်ပိုင်းရောက်တော့ဝန်ကြီးဌာနများက အပြိုင်အဆိုင်တွေ ဖြစ်လာပြီး အတူမြင် အတတ်သင်ဆိုသလို မကောင်းသော အလေ့အကျင့်များပြန်ပွားလာကာ အုပ်ချုပ်ရေးယန္တရားအတွင်း မကောင်းသော အမှုအကျင့်များ ဖြစ်ထွန်းလာခဲ့ပါတော့သည်။

ဆိုးမွေများ အရိုးစွဲနေသေး

ယခုအချိန်ကာလသည် တပ်မတော်အစိုးရမဟုတ်တော့ပါ။ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်သဖြင့် ယခင်ကာလကလို အမိန့်ပေးစနစ်နှင့် အုပ်ချုပ်ရေးယန္တရားအတွင်းမှာ ဆောင်ရွက်၍မရသည့် ခေတ်ပြောင်းကာလဖြစ်လာသော်ငြားလည်း ယခင်ခေတ်ကာလ၏ ဆိုးမွေများသည် အရိုးစွဲသလို ဆက်လက်ဖြစ်ထွန်းနေတာကိုတွေ့ရှိရပါသည်။ အောက်ခြေက လိမ်ချင်ညာချင်သည့်သူများကလည်း အထက်ကိုဆက်ပြီး ညာနေလိမ်နေကြသည်။ အထက်ကလည်း အောက်ကညာတာကို မသိချင်ယောင်ဆောင်သလိုနေကြတာလည်း တွေ့နေရသည်။ တချို့သောဝန်ကြီးဌာနများကလည်း ယခင်အစဉ်အလာအတိုင်း ဆက်လက်ကျင့်သုံးနေကြတာကို တာဝန်ရှိသူဝန်ကြီးဆိုသူများကလည်း သိလျက်နှင့် မသိချင်ယောင်ဆောင်နေကြသည်ကို မြင်တွေ့ကြားသိနေရပါသည်။ ဝန်ကြီးဌာနအားလုံးကိုတော့မဆိုလိုပါ၊ တစ်ချို့သော ဌာနများကိုသာ ရည်ရွယ်ဆိုလိုခြင်းဖြစ်ပါသည်။

မိုင်းရှူးရတနာမြေကိစ္စ

ကျွန်တော်ကြုံခဲ့ရသည့် ဥပမာတစ်ခုပြုရမည်ဆိုလျှင် ယခုထင်ပေါ်ကျော်ကြားနေသည့် မိုင်းရှူးရတနာမြေအကြောင်းပါ၊ ကျွန်တော့်ကို သတင်းပေးသူတစ်ဦးက ဓာတ်ပုံများနှင့်အတူ မိုင်းရှူးအနီးက တောင်ပေါ်မှာ ပတ္တမြားတွေ

ထွက်နေပါသည်။ ခိုးပြီးတူးဖော်ပြီး မှောင်ခိုလမ်းကြောင်းကနေ ထိုင်းနိုင်ငံကို သွားရောက်ရောင်းချနေကြသည်။ ထိုင်းက ကျောက်မျက်ပညာရှင်များက မိုင်းရှားမှ ထွက်သည့် ပတ္တမြားရိုင်းကို မီးဖုတ်လိုက်သည့်အခါ အရည်အသွေးကောင်းသည့် ပတ္တမြားဖြစ်လာပါကြောင်း သတင်းများရရှိသဖြင့် ဆိုင်ရာဝန်ကြီးဌာနကို စုံစမ်းတင်ပြရန် တာဝန်ပေးလိုက်ပါသည်။ အချိန်ကာလနှစ်ပတ်ခန့်အကြာမှာ အဆိုပါဝန်ကြီးဌာနမှ ပြန်လည်တင်ပြရာတွင် အဆိုပါသတင်းမှာ မဟုတ်မမှန်ပါကြောင်း ပြန်လည်တင်ပြသည်ကိုကြုံရပါသည်။ အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသအာဏာပိုင်သို့လည်း စုံစမ်းပြီး ပြန်လည်တင်ပြရန် တချိန်တည်းတပြိုင်တည်း ညွှန်ကြားခဲ့ရာ ဒေသအာဏာပိုင်ကလည်း အဆိုပါသတင်းမှာ မမှန်ကန်ပါကြောင်း Negative သတင်းကိုသာ တင်ပြလာတာကို တွေ့ရပါသည်။

ကျွန်တော့်အနေနှင့် ပြန်လည်တင်ပြချက်များအပေါ် ကျေနပ်မှုမရှိတာကြောင့် ကျွန်တော့်ဌာနမှပင် သီးခြားအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီးစေလွှတ်တာဝန်ပေးလိုက်ရာ နှစ်ပတ်ခန့်အကြာမှာပင် ဓာတ်ပုံမှတ်တမ်းများဖြင့် ပြန်လည်တင်ပြလာပါသည်။ ကျောက်ခိုးတူးနေသူ အင်အား ၁၀၀ ကျော် ၂၀၀ နီးပါးသည် နေ့စဉ်နှင့်အမျှ ခိုးတူးကာ ထိုင်းနိုင်ငံသို့ မှောင်ခိုလမ်းကြောင်းဖြင့် ရောင်းဝယ်နေမှုများကို အထောက်အထားများဖြင့် မြင်တွေ့ရသဖြင့် နိုင်ငံတော်အကြီးအကဲထံတင်ပြလျက် ဥပဒေပြဋ္ဌာန်းကာ ရတနာမြေသတ်မှတ်၍ ဆက်လက်ဆောင်ရွက်ခဲ့ရပါသည်။ ယင်းဖြစ်ရပ်ကတော့ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် တကယ့်ဖြစ်စဉ်ဖြစ်ရပ်အမှန်ပင်ဖြစ်ပါသည်။

ဒါမျိုးလည်း ယခုရှိမည်

ဒီလိုဖြစ်စဉ်ဖြစ်ရပ်မျိုးများသည် ယခုလည်းရှိနေဆဲဖြစ်နေမည်ဟု ထင်ပါသည်။ ဌာနဆိုင်ရာ အသီးသီးမှာတော့ လာဘ်ပေးလာဘ်ယူမှုတွေကတော့ ယခင်ကာလထက်တောင် ပိုမိုဆိုးဝါးနေသည်ဟု ထင်ပါသည်။ ငွေမပေးလျှင် လွယ်လွယ်ကူကူမဖြစ်ပါ။ ကာလတစ်ခုတော့ ကြန့်ကြာမှု၊ အထစ်အငေါ့ရှိမှုများ ဖြစ်တတ်ပါသည်။ ထိုက်သင့်သည့် ပေးကမ်းမှုပြုလိုက်ရင်တော့ ချက်ချင်း သို့မဟုတ်

တိုင်းရင်းသားလူမျိုးများအားလုံး လူမျိုးမရွေး ဘာသာမရွေး မျှတစွာဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးရေးစီမံကိန်းကြီး(၃)ရပ် ချမှတ်အကောင်အထည်ဖော်ပေးနေ

ပြည်သူအားလုံးက မိမိတို့တွင်လည်း တာဝန်ရှိသည်ဆိုသည့် သဘောထားခံယူချက်ထားရှိ ပြည်ထောင်စုစိတ်ဓာတ်အခြေခံလျက် ညီးစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်

တိုးချဲ့တည်ဆောက်လိုက်သည့် လှိုင်လင်ခရိုင် ဆေးရုံကြီး

အမြန်ဆုံးအဆင်ပြေသွားနိုင်ပါသည်။ ဒါကလည်း ဘယ်မှာသွား အခြေခံသလဲ ဆိုတော့ ဝင်ငွေနှင့် ထွက်ငွေမမျှတမှုအပေါ်အခြေခံပါသည်။ များသောအားဖြင့် ဝင်ငွေနှင့်ထွက်ငွေ မမျှတမှု၊ စားသောက်ကုန်ကအစ ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်မားနေမှု၊ ငွေတန်ဖိုးကျဆင်းနေမှု၊ အိမ်ဈေး၊ မြေဈေးတွေ မတန်တဆ ကြီးမြင့်နေမှုတွေကြောင့် အခြေခံလူတန်းစားများမှာ အခက်အခဲကြုံတွေ့နေရတာ အမှန်ဖြစ်ပါသည်။ တစ်ချို့ပုဂ္ဂိုလ်များကျတော့လည်း လာဘ်ယူမှုဖြင့် ကြီးပွားချမ်းသာကြသူများလည်း ရှိနေကြပါသည်။

လာဘ်ပေးလာဘ်ယူလျော့အောင် ချက်ချင်းမလွယ်

အုပ်ချုပ်ရေးယန္တရားကို ပြန်လည်တည့်မတ်လာအောင်၊ လာဘ်ပေး လာဘ်ယူမှုတွေလျော့ပါးသွားအောင် လုပ်ဆောင်ဖို့ကတော့ ချက်ချင်းကြီး မလွယ်ကူပါ၊ ကာလတစ်ခုတော့လိုအပ်ပါသည်။ ကုန်ထုတ်လုပ်ငန်းများ တိုးတက်

ဖြစ်ထွန်းအောင်၊ ခိုင်မာသည့်စီးပွားရေးပေါ်လစီချမှတ်ပြီး လက်တွေ့အကောင်အထည်ပေါ်အောင် ဆောင်ရွက်ကြရပါမည်။ အထူးသဖြင့် လယ်ယာကဏ္ဍကို တိုးတက်ဖြစ်ထွန်းအောင် လက်တွေ့ကျသော ပံ့ပိုးဆောင်ရွက်မှုများဖြင့် ဆောင်ရွက်ရလိမ့်မည်ဟု ထင်မြင်ပါသည်။

ရေကြီးတဲ့နေရာ ကြီး၊ မိုးခေါင်တဲ့နေရာ ခေါင်

အခြားသောနိုင်ငံများ၏ ပေးစာ ကမ်းစာများကို မျှော်မှန်းပြီး ရောင့်ရဲတင်းတိမ်တာမျိုးမဖြစ်စေဘဲ ကိုယ့်အားကိုယ်ကိုးဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လက်တွေ့ကျကျ တစ်နိုင်ငံလုံး ဖြန့်ကျက်ပြီး အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်ပါသည်။ ယခုအချိန်ကာလ မိုးရာသီမှာ အောက်မြန်မာနိုင်ငံတွင် မိုးများပြီး ရေကြီးရေလျှံ၍ ပြည်သူတွေ ရေလွတ်ရာသို့ ရှောင်တိမ်းကြရသလို လယ်ယာမြေတွေလည်း ရေကြီးရေမြုပ်၍ ပျိုးပင်စိုက်ပင်များ ပျက်စီးမှုတွေလည်း အများအပြား ဖြစ်ပေါ်နေပါသည်။ သို့သော် အထက်အညာဒေသမှာတော့ မိုးမရှာ၍ မိုးရေမရဖြစ်ကာ စိုက်ပျိုးတောင်သူတွေ ဒုက္ခတွေ့နေကြသည်ဆိုတာတွေကိုလည်း ကြားသိနေရပါသည်။ ပြဿနာရပ်များကို လက်တွေ့ကျကျ ဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်နေသည်ဟု ထင်မြင်ယူဆတင်ပြရပါသည်။

○

www.burmeseclassic.com

အခန်း ၆၄

ယနေ့မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်နေသည့် အခြေအနေနှင့် ကျွန်တော့်အမြင်

ကျွန်တော်သည် ယခင်စစ်အစိုးရလက်ထက်က အတွင်းရေးမှူး(၁) တာဝန်ယူခဲ့ရသည့် တာဝန်ရှိသူတစ်ဦးပါ။ သို့သော် နံပါတ်(၁)ခေါင်းဆောင် မဟုတ်ပါ။ အစိုးရအဖွဲ့က ချမှတ်ထားသည့် ပေါ်လစီကို အကောင်အထည်ဖော်ရာမှာ ကျွန်တော်၏ လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်ပေးထားသည့်တာဝန်အရ အကောင်းဆုံးဖြစ်အောင် ကြိုးစားထမ်းရွက်ခဲ့တာ အမှန်ဖြစ်ပါသည်။

ခရီးထွက်ချိန် များသည်

ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့သည့်ကာလတစ်လျှောက်လုံးမှာ မြန်မာနိုင်ငံအနှံ့ နယ်စပ်ဒေသအပါအဝင် ကျေးလက်ဒေသများအထိ ရောက်အောင် ခရီးထွက်ပြီး ပြည်သူ၏ဘဝကို လေ့လာကာ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တာချည်းဖြစ်ပါသည်။ ရုံးအတွင်း ကုလားထိုင်တွင် ထိုင်ပြီး အလုပ်လုပ်သည့်အချိန်ထက် ကျေးလက်နှင့်နယ်စပ်ဒေသတွေ ခရီးထွက်သည့်အချိန်က ပိုများပါသည်။ ထိုသို့ ခရီးထွက်ပြီး ပြည်သူ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးခဲ့တာ အမှန်ပဲဖြစ်ပါသည်။ ကိုယ်ရည်ကိုယ်သွေးခြင်းမဟုတ်ပါ၊ အမှန်ကို တင်ပြခြင်းဖြစ်ပါသည်။

လွဲမှားစွာ ကောက်ချက်ချမှုရှိ

ထိုကဲ့သို့ခရီးထွက်ပြီး လှုပ်ရှားဆောင်ရွက်ပေးနေမှုကိုကြည့်ပြီး တချို့သော ပုဂ္ဂိုလ်များ၊ လူအလွှာများက အတွင်းရေးမှူး (၁)သည် အာဏာအရှိဆုံးပုဂ္ဂိုလ်ဟု လွဲမှားစွာ ကောက်ချက်ချကြပါသည်။ မိမိတို့၏ အဝန်းအဝိုင်းနှင့် မိမိပတ်ဝန်းကျင် အကွက်အကွင်းကိုသာမြင်ပြီး လူဦးရေ သန်းပေါင်း ၅၀ ကျော် အဝန်းအဝိုင်း၏ လိုအပ်ချက်များ၊ စားဝတ်နေရေး ကျပ်တည်းနေမှုများ၊ အထွေထွေလိုအပ်နေမှုများကိုမမြင်ပဲ မိမိနှင့်ပတ်ဝန်းကျင် အသိုက်အဝန်းအတွက်သာ ကြည့်မြင်ကြသူများက အများအပြားဖြစ်နေပါသည်။

ဘက်စုံပိတ်ဆို့မှု

ကျွန်တော်တို့ တပ်မတော်အစိုးရလက်ထက်မှာ အနောက်နိုင်ငံကြီးများ၏ ဘက်ပေါင်းစုံပိတ်ဆို့တားဆီးထားမှုများကြောင့် အကျပ်အတည်းများစွာကို ရင်ဆိုင်ခဲ့ကြရသဖြင့် စက်ရုံ၊ အလုပ်ရုံများ မဖွင့်နိုင်မှု၊ ကုန်ထုတ်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်မလုပ်နိုင်မှုများကြောင့် အလုပ်လုပ်နိုင်သည့် လူကြီးလူငယ်အင်အားစုများသည် ထိုင်းနှင့် မလေးရှားနိုင်ငံများသို့ ဒုက္ခဆင်းရဲခံကာ သွားရောက်အလုပ်လုပ်ကြတာအမှန်ဖြစ်သည်။ မိမိနိုင်ငံ၏ အလုပ်လုပ်နိုင်သည့် စွမ်းအားစုများကို အလုပ်မပေးနိုင်မှုကြောင့် ပြည်ပနိုင်ငံသို့ တရားဝင်လမ်းကြောင်းရော၊ တရားမဝင်လမ်းကြောင်းကပါ ထွက်ခွာ၍ အလုပ်လုပ်နေကြတာ အမှန်ဖြစ်ပါသည်။ဒါနှင့် ပတ်သက်၍ ကျွန်တော်တို့အစိုးရတွင်လည်း တာဝန်ရှိပါသည်။ အလုပ်မပေးနိုင်၍ အလုပ်ပေးနိုင်သည့် တိုင်းပြည်သို့ ထွက်ခွာ၍ မိသားစု စားဝတ်နေရေးအတွက် သွားရောက်အလုပ် လုပ်ကြရတာ သဘာဝပင်ဖြစ်ပါသည်။

အလွန်မှ ကောင်းလေစွ

ယခုဆိုရင် အခြေအနေနှင့် အချိန်အခါလည်းပြောင်းနေပြီ၊ နိုင်ငံတကာမှာ ကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်ကိုလည်း ကူးပြောင်းရောက်ရှိလာပြီဖြစ်၍ အနောက်အုပ်စုနိုင်ငံကြီးများကလည်း ပိတ်ဆို့တားဆီးမှုများကို ဖြေလျှော့ပေးနေ



ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ဒေသဖွံ့ဖြိုးရေးအတွက် ရောက်ရှိစဉ်

သည့်အပြင် အချို့သောကဏ္ဍများတွင် ကူညီထောက်ပံ့မှုများပင် ပေးနေကြပြီ ဖြစ်ပါသည်။

ဒီလိုအချိန်ကာလမျိုးမှာ နိုင်ငံအကျိုးစီးပွားအတွက်၊ မိမိတို့ပြည်သူတွေ၏ ဘဝမှလုံစည်ပင်ရေးအတွက် ရှေ့ကိုမျှော်မှန်းပြီး တူညီမှုရတာကို ပူးပေါင်း လုပ်ကြ၊ မတူညီတာတွေ ခဏချန်ထားခဲ့၊ နောင်အခါ အခွင့်ကြုံရင် ပြန်တိုင်ပင်ဆွေးနွေး ကြဆိုလျှင် အလွန်ပင်ကောင်းလေစွဟု ထင်မြင်မိပါသည်။

ယနေ့နိုင်ငံအတွင်း ဖြစ်ပျက်နေသည်ကို ကြည့်လျှင် နောက်ကြောင်းတွေကို ပဲ ပြန်ဖော်နေကြပြီး မိမိတို့ကိုယ်ကိုသူရဲကောင်းလိုမျိုးပုံဖော်နေသူများ၊ ပညာရှင်ကြီးတွေလို၊ ပရောဟိတ်ကြီးတွေလို ဟောပြောပို့ချနေကြသူများသာ များနေကြပြီး နိုင်ငံတော်၏ ရှေ့ရေးအတွက်၊ ပြည်သူတွေ၏ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရေး အတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်မှုကို ဘယ်လိုလုပ်ကြမလဲ ဆိုတာကို ဝိုင်းဝန်းဆွေးနွေးကြ၊ အကြံကောင်းဉာဏ်ကောင်းများပေးကြ ပူးပေါင်းပြီး လက်တွေ့အကောင်အထည်ဖော်ကြလျှင် အလွန်ကောင်းလေစွဟု ထင်မြင်ပါသည်။

အဆင်းရဲဆုံးနိုင်ငံဖြစ်ဆဲ

ယခုဆိုရင် ကျွန်တော်တို့နိုင်ငံသည် အာဆီယံနိုင်ငံများထဲမှာ အဆင်းရဲဆုံးနိုင်ငံဖြစ်နေဆဲဖြစ်ပါသည်။ ပြည်သူ့အများစုသည် စားဝတ်နေရေး ကျပ်တည်းနေကြပါသည်။ နိုင်ငံခြားက ငွေတွေချေးပြီး ဝေမျှပေးမည်ဆိုလည်း နည်းလမ်းကောင်းမဟုတ်ပါ။ ချေးငွေဆိုတာ တစ်နေ့ပြန်ဆပ်ရပါမည်။ ဘယ်သူက ပြန်ဆပ်မှာလဲ၊ တက်သည့် နောက်အစိုးရကရော ဒီအကြွေးကို ပြန်ဆပ်ချင်ပါ့မလား၊ လတ်တလော အခြေအနေကို စဉ်းစားလုပ်တာမျိုး မဖြစ်သင့်ဟု ထင်မြင်ပါသည်။

ရေရှည်အတွက် စဉ်းစားကြပြီး ပူးပေါင်းလုပ်ကြ၊ ဝိုင်းဝန်းအကြံဉာဏ်ပေးကြ၊ စကားရည်လုနေတာမျိုးမဟုတ်ပဲ ရှေ့အနာဂတ် နှစ်ပေါင်း ၅၀၊ နှစ်ပေါင်း ၁၀၀ အထိ ကြိုတွက် ကြိုစဉ်းစားဆောင်ရွက်ကြမည်ဆိုလျှင် ကောင်းလေစွဟု မြင်ပါသည်။

လူငယ်များ ပြည်တွင်းမှာအလုပ်လုပ်ကြဖို့

လတ်တလော စဉ်းစားဆောင်ရွက်သင့်တာကတော့ နိုင်ငံခြား တိုင်းပြည်များတွင် သွားရောက်အလုပ်လုပ်နေကြသည့် လူသားအရင်းအမြစ်များ မိမိနိုင်ငံအတွင်း ပြန်လည်အလုပ်လုပ်နိုင်အောင် လုပ်ငန်းများ၊ လုပ်ကွက်များ ဖော်ထုတ်ပေးရေးသည် အဓိကကျသည်ဟု မြင်ပါသည်။

တိုင်းရင်းသားအမွဲ့အစည်းအများစု နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်လာ
ခဲ့ကြသည့် နယ်စပ်ဒေသများအားလုံးနီးပါး တည်ငြိမ်အေးချမ်းပြီး ပြုံကြီးဖြိုးကြီးနှင့်မခြား တိုးတက်နေ
နိုင်ငံတော်၏ မူဝါဒလမ်းစဉ်ခွဲနှစ်ရပ် အောင်မြင်စွာဖြစ်ထွန်းရေး တိုင်းရင်းသား ပြည်သူ့အားလုံး လက်တွဲကြိုးပမ်း

ယခုဆောင်ရွက်နေသည့် သီလဝါ အထူးစီမံကိန်း၊ ထားဝယ်အထူးစီမံကိန်းများ မြန်မြန်အကောင်အထည်ဖော်အောင် လုပ်ကြဖို့၊ ဝိုင်းဝန်းကြိုးစားပေးကြဖို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများကို ဆွဲဆောင်မှုတွေ ပေးပြီး အမြန်ဆုံးအကောင်အထည်ပေါ်အောင် ဆောင်ရွက်ကြဖို့ကောင်းသည်ဟု ထင်မြင်ပါသည်။ အစည်းအဝေးတွေ ထိုင်ပြီး ငြင်းခုံနေကြရုံးနှင့် အချိန်ကုန်သွားတာမျိုးတော့ မဖြစ်သင့်ဘူးဟု ထင်မြင်ပါသည်။

အကြံပေးပုဂ္ဂိုလ်ကြီးများ

နိုင်ငံတော်မှာ အကြံကောင်း၊ ဉာဏ်ကောင်းများ ပေးနေကြသည်ဆိုသည့် အကြံပေးပုဂ္ဂိုလ်ကြီးများကလည်း လက်တွေ့ကျသည့် အကြံဉာဏ်များပေးပြီးကောင်းသောအကြံဉာဏ်နှင့် လက်တွေ့ကျသည့် နည်းလမ်းများဖြစ်ပါကလည်း ပုဂ္ဂိုလ်စွဲ အဖွဲ့အစည်းစွဲ အာဏာရှိအစွဲမထားပဲ တိုင်းပြည်၏အကျိုးစီးပွား၊ ပြည်သူ့အများ၏ အကျိုးစီးပွားကိုသာ ကြည့်မြင်ပြီး ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း တင်ပြရပါသည်။

အသေးစား၊ အလတ်စားကုန်ထုတ်လုပ်ငန်း

အသေးစား အလတ်စား ကုန်ထုတ်လုပ်ငန်းများ မြန်မြန် အကောင်အထည်ဖော်သင့်ပါသည်။ ယခုဆိုလျှင် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်နေကြသည့် အောက်ခြေအလုပ်သမားများ သန်းချီပြီး သွားရောက် အလုပ်လုပ်နေကြသူတွေကြောင့် ကျေးရွာများတွင် လူငယ်၊ လူလတ်များ မရှိသလောက် ကြုံတွေ့နေရပါသည်။ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်နေသူများ ကိုယ့်နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာကြပြီး အသေးစား အလတ်စား ကုန်ထုတ်လုပ်ငန်းများမှ ပြန်လည်လုပ်ကိုင်နိုင်ကြလျှင် ကောင်းလေစွဟု မျှော်မှန်းမိပါသည်။

o

www.burmeseclassic.com

(၈)

ထာဝရ ဘက်စုံ အလုံးစုံ

အခန်း အကြောင်းအရာ

၆၅။ လောကချမ်းသာရုပ်ပွားတော်ကြီး ပင့်ဆောင်ပူဇော်မှု

၆၆။ ထာဝရဘက်စုံ ရွှေတိဂုံ

၆၇။ လွယ်မောက်တောင်(ခ)ခမောက်တောင်စေတီတော် ထီးတော်တင်လှူခြင်း

၆၈။ ဗုဒ္ဓဘာသာ လေးနှိုင်ငံ ထိပ်သီးအစည်းအဝေး

www.burmeseclassic.com

အခန်း ၆၅

လောကချမ်းသာရပ်ပွားတော်ကြီး ပင့်ဆောင်ပူဇော်မှု

လောကချမ်းသာဘုရားကြီး ဖြစ်ပေါ်လာမည့် စကျင်တောင်က စကျင်ကျောက်တုံးကြီး ပေါ်ထွန်းလာမှုကလည်း အလွန်ထူးခြားမှုတစ်ရပ်ဖြစ်ပါသည်။ အဲဒီစကျင်ကျောက်တုံးကြီးက စကျင်တောင်မှာ ကျောက်ဆစ်ပညာရှင် ဦးတော်တော်၏ လုပ်ကွက်အတွင်း စတင်ပေါ်ထွန်းလာခြင်းဖြစ်ပါသည်။ ဒီစကျင်ကျောက်တုံးကြီး စတင်တွေ့ရှိလျှင် တွေ့ရှိချင်း အလွန်ကြီးမားထူးခြားသည့် ကျောက်တုံးကြီးပဲ၊ ကျောက်တုံးကြီးအရှိအတိုင်း ရုပ်ပွားတော်ကြီး ထုဆစ်ပြီး နိုင်ငံတော်ကိုလျှဒါန်းလိုသည့်ဆန္ဒဖြစ်ထွန်းလာမှုကြောင့် ဦးတော်တော်အနေနှင့် ကျွန်တော်၏တပည့် ဦးကျော်အေး(သြစတြေးလျှနိုင်ငံဆိုင်ရာ မြန်မာသံရုံးသံမှူးကြီး)မှတစ်ဆင့် ကျွန်တော့်ထံ အဆက်အသွယ်ပြုလုပ်ခဲ့တာ ဖြစ်သည်။ ထိုသတင်းရလျှင်ရချင်းပဲ စကျင်တောင်သို့ ပညာရှင်အဖွဲ့နှင့်အတူ သွားရောက်လေ့လာပြီး ပညာရှင်အဖွဲ့နှင့် တိုင်ပင်ဆွေးနွေးမှုပြုလုပ်ရာ ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းများမှာ အလွန်ကြီးမားကျယ်ပြန့်တာကြောင့် ရန်ကုန်သို့ ပြန်လာကာ နိုင်ငံတော်အကြီးအကဲထံ တင်ပြခွင့်ပြုချက်ယူခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ ခွင့်ပြုချက်ရရှိသည်နှင့် တာဝန်ရှိသူအသီးသီး၊ ပညာရှင်အသီးသီးတို့နှင့် တိုင်ပင်ဆွေးနွေးကာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ဖွယ်ရာများကို အချိန်မီ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်မှုများ လုပ်ခဲ့သည်။ မိုးရာသီမတိုင်မီ ဘုရားကြီးအကြမ်းထည်

စကျင်တောင်ခြေမှ ရန်ကုန်သို့

ပြီးမြောက်အောင် ထုဆစ်မှုပြုလုပ်ပြီး မိုးရာသီရောက်၍ စကျင်တောင်ခြေသို့ ရေအမြင့်ဆုံးရောက်ချိန်မှာ ရေကြောင်းခရီးဖြင့် ကျောက်တော်ကြီးအား ရန်ကုန်သို့ ပင့်ဆောင်ရန် အမြန်နှုန်းဖြင့် စီမံဆောင်ရွက်ခဲ့ရပါသည်။ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အချိန်ကာလအားဖြင့် နှစ်လ သုံးလခန့်သာ အချိန်ရသဖြင့် ဤအစီအမံတွင် ပါဝင်ဆောင်ရွက်ပေးရမည့် မန္တလေးတိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မီးရထားဝန်ကြီး ဦးပန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေတို့နှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရပါသည်။

ကြည်ညိုဖွယ်ဖြစ်အောင်

ဘုရားကြီး၏ ပုံတော်ကို အလွန်ကြည်ညိုဖွယ်ဖြစ်အောင် ပန်းချီဆရာကြီး ဦးသောင်းဟန်ကို ရေးဆွဲပုံတော်ထုတ်ပေးဖို့၊ ပန်းပုရုပ်ထုကိုတော့ ပန်းချီ ပန်းပုသင်တန်းကျောင်း ကျောင်းအုပ်ကြီး အင်ဂြိမ်းစားကို ပုံစံကြမ်းထုလုပ်ပေးဖို့၊ ရုပ်ပွားတော်ကြီးထုဆစ်ပေးဖို့ကိုတော့ ဆရာဦးတော်တော်နှင့်မိသားစုကို တာဝန်တွေ အသီးသီးအပ်နှင်း ဆောင်ရွက်ခဲ့ရပါသည်။ စကျင်ကျောက်တုံးကြီး ပေါ်ထွက်လာမှု

ရန်ကုန်သို့ ပင့်ဆောင်စဉ်

က အမြင့် ၂၇ ပေကျော်ရှိနေပြီး အောက်ခြေငုတ်ဖြတ်ထုတ်ရန် လိုအပ်သဖြင့် ကျောက်ထုတ်ကုမ္ပဏီတစ်ခုနှင့် ညှိနှိုင်းမေတ္တာရပ်ခံကာ ခေတ်မီကိရိယာဖြင့် ကျောက်ငုတ်ကို ဖြတ်ထုတ်ခဲ့သည်။

ရန်ကုန်ပင့်ဆောင် ပူဇော်ဖို့

နိုင်ငံတော်အကြီးအကဲ၏ဆန္ဒက ရန်ကုန်သို့ ပင့်ဆောင်ပူဇော်ဖို့ လမ်းညွှန်ချက်ပေးထားတာကြောင့် ပူဇော်ထားရမည့်နေရာကို လိုက်လံရှာဖွေရာ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်သည်သာ အသင့်လျော်ဆုံးဖြစ်ကြောင်း ရှာဖွေတွေ့ရှိရသည်။ နိုင်ငံတော်အကြီးအကဲကလည်း နေရာရွေးချယ်မှုကို သဘောတူညီသည့်



လောကချမ်းသာရုပ်ပွားတော်ကြီးအား
ယနေ့ဖူးမျှော်ကြည်ညြိုဖွယ်ရာ မြင်ကွင်း



အတွက် ဗရောဝတီမြစ်ကြောင်းအတိုင်း ရေကြောင်းမှပင့်ဆောင်လာပြီး လှိုင်မြစ်မှ တစ်ဆင့် မင်းဓမ္မကုန်းသို့ မီးရထားလမ်းယာယီပြုလုပ်ကာ မီးရထားဖြင့် မင်းဓမ္မကုန်းသို့ပင့်ဆောင်ပူဇော်ရန် အသေးစိတ် စီမံဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရပါသည်။

အချိန်နှစ်လသာရှိ

စကျင်တောင်ခြေတွင် ရပ်ပွားတော်မြတ်ကြီးကို အကြမ်းထုဆစ်မှုနှင့် ဗရောဝတီမြစ်ကြောင်းမှ ရန်ကုန်သို့ ပင့်ဆောင်မှုအတွက် အချိန်ကာလအားဖြင့် နှစ်လခန့်သာ အချိန်ရမှာဖြစ်တာကြောင့် ဆောင်ရွက်ဖွယ်ရာများကို အမြန်ဆောင်ရွက်ကြရပါသည်။ စကျင်တောင်ခြေရင်းသို့ ရေအမြင့်ဆုံးရောက်ချိန်တွက်ချက်မှုမှာ အလွန်အရေးပါသဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်း ကိုယ်တိုင်ဦးစီးကာ ဧရိယာလအတွင်း ရေအတက်ဆုံးအချိန်ကို ရက်၊ နာရီ အတိအကျရရှိအောင် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်လောက်က ရယူခဲ့သည့် မှတ်တမ်းများကို လေ့လာတွက်ချက်၍ ရက်၊ နာရီတို့ကို အဖြေထုတ်ယူခဲ့ရပါသည်။

ဝမ်းပြားကမ်းထိုးရေယာဉ် လိုအပ်

ရပ်ပွားတော်ကြီးပင့်ဆောင်နိုင်ရေးအတွက် ဝမ်းပြား၊ ကမ်းထိုး၊ ကုန်တင်ရေယာဉ် အကြီးစားကြီးကိုလည်း ရှာဖွေကြရပါသည်။ ဗရောဝတီမြစ်မှ စကျင်တောင်ခြေသို့ ကမ်းထိုးရေယာဉ်ကြီး ဝင်ထွက်ရာလမ်းကြောင်းကိုလည်း ရှာဖွေလေ့လာကာ လမ်းကြောင်းရှင်းလင်းမှု၊ လယ်ကန်သင်းများကို ဖြိုဖျက်ကာ ရေလမ်းကြောင်းပေါ်အောင် ဆောင်ရွက်မှုတို့ကို အချိန်မီ ဆောင်ရွက်ကြရပါသည်။

ရေအတက်ဆုံးအချိန်

ဧရိယာလအတွင်း ရေအတက်ဆုံးအချိန်ရောက်လျှင် စကျင်တောင်ခြေနှင့် ဗရောဝတီမြစ်အကြား လယ်ကွင်းများပေါ်တွင် ရေအနက်ခြောက်ပေခန့်အထိ ဖြစ်ပေါ်လေ့ရှိတာကြောင့် အဲဒီရေအတက်ဆုံးစံချိန်ရအောင် ရက်၊ နာရီတို့ကို ကြိုတင်တွက်ချက်ရသည်။ ယခင်မှတ်တမ်းများနှင့် လက်ရှိရာသီဥတုအခြေအနေတို့ကို



ရုပ်ပွားတော်ကြီး

လေ့လာမှတ်သားကာ အနီးစပ်ဆုံးဖြစ်အောင် တွက်ချက်၍ ပြင်ဆင်မှုများကို အချိန်မီ ပြီးမြောက်အောင် ဆောင်ရွက်ခြင်း၊ ညှိနှိုင်းပေါင်းစပ်ခြင်း၊ ကြိုတင် ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ခြင်းတို့ကို မနားတမ်း ဆောင်ရွက်ခဲ့ရပါသည်။

ရုပ်ပွားတော်ကြီး တွဲပေါ်ဘယ်လိုတင်မလဲ

မိုးရထားဝန်ကြီး ဦးပန်းအောင်ဘက်ကလည်း ရုပ်ပွားတော်ကြီး ထုဆစ်နေသည့် စကျင်တောင်ကနေ ကမ်းထိုးရေယာဉ်ဆိုက်ကပ်မယ့်နေရာအကြားမှာ ရုပ်ပွားတော်ကြီးပင့်ဆောင်မည့် ပက်လက်ရထားတွဲဖြင့် အဲဒီရထားကြီးပြေးဆွဲဖို့ သံလမ်းကိုခင်းရမှာ ဖြစ်ပါသည်။ ရုပ်ပွားတော်ကြီးကို ရထားတွဲပေါ်မှာ ဘယ်လို

တင်ဆောင်မည်ဆိုတာကိုလည်း နည်းမျိုးစုံစဉ်းစားဆောင်ရွက်ရသလို ရန်ကုန်အပိုင်းမှာလည်း ရုပ်ပွားတော်ကြီးပင့်ဆောင်လာသည့် ကမ်းထိုးရေယာဉ်ကြီးဆိုက်ကပ်မည့်နေရာပြင်ဆင်ခြင်း၊ အဲဒီနေရာကနေ မင်းဓမ္မကုန်းအထိ ရထားဖြင့် ပင့်ဆောင်နိုင်ရေးအတွက် ရထားသံလမ်းခင်းခြင်း၊ ရထားခေါင်းတွဲများ ပြင်ဆင်ခြင်း၊ မင်းဓမ္မတောင်ခြေမှ တောင်ပေါ်သို့ ရုပ်ပွားတော်မြတ်ကြီးကို ပင့်ဆောင်နိုင်ရေးအတွက် ပြင်ဆင်ခြင်းတို့ကို တစ်ပြိုင်တည်းဆောင်ရွက်နေကြရပါသည်။ အဲဒီအချိန်အခါတုန်းက ကြီးမားသည့် ကရိန်းကြီးများမရှိသေးသဖြင့် မီးရထားဌာနမှာ အသုံးပြုနေသည့် ဂျိုက်ကြီးများဖြင့် ၉လီဖားတုံးများ၊ သဲများ တဖြည်းဖြည်းချင်း မြှင့်တင်သည့်စနစ်ဖြင့် ပင့်ဆောင်နိုင်ရေးတို့ကို ကြိုတင် ပြင်ဆင် ကြရပါသည်။

အခက်အခဲများစွာကို ကျော်လွှားကာပင့်ဆောင်

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေကလည်း ရုပ်ပွားတော်ကြီးပင့်ဆောင်မည့် ကမ်းထိုးရေယာဉ်ကြီးနှင့် တွဲရေယာဉ်၊ တွန်းရေယာဉ်၊ ဆွဲရေယာဉ်များပါဝင်သည့် ရေယာဉ်အုပ်စုကြီးဖြင့် ရန်ကုန်က စတင်ထွက်ခွာပြီး စကျင်တောင်ခြေသို့ အချိန်ကိုက်ရောက် စီစဉ်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

မန္တလေးတိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ကလည်း ရုပ်ပွားတော်မြတ်ကြီး စကျင်တောင်ခြေမှ ဘာသာရေးထုံးတမ်းအစဉ်အလာနှင့်အညီ မြန်မာ့ရိုးရာယဉ်ကျေးမှုအပြင်အဆင်များဖြင့် လှေတပ်ကြီးချီကာ ပင့်ဆောင်နိုင်ရေးအတွက် ပြင်ဆင်ခြင်း၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရုပ်နားပူဇော်ခံမည့်နေရာများပြင်ဆင်ခြင်း၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရှင်းလင်းခြင်းတို့ကို စတင်ဆောင်ရွက်ကြရပါသည်။

ရုပ်ပွားတော်မြတ်ကြီးထုဆစ်ရေးအတွက် တာဝန်ယူထားသည့် ကျောက်ဆစ်ပညာရှင်ဦးတော်တော်နှင့် မိသားစုကလည်း အချိန်မီပြီးမြောက်နိုင်ရေးအတွက် စကျင်တောင်ခြေတွင် ကြိုးစားဆောင်ရွက်လျက်ရှိကြရာ စကျင်တောင်ခြေတွင် ပွဲတော်ကြီးကျင်းပနေသလိုပါပဲ။ လုပ်ငန်းဆောင်ရွက်နေကြသူများ၊ လာရောက်လှုဒါန်းမှုပြုကြသူများ၊ လာရောက်လေ့လာနေကြသူများဖြင့် အလွန်စည်ကားလျက်ရှိနေတာကို တွေ့မြင်နေရပါသည်။

ဝမ်းမြောက် ကြည်ညိုဖွယ်ရာ မြင်ကွင်း

၂၀၀၀ ပြည့်နှစ် ဇူလိုင်လ ၁၀ ရက် နံနက်စောစောတွင် ရုပ်ပွားတော်မြတ်ကြီးပင့်ဆောင်မှုကို စကျင်တောင်ခြေတွင် စတင်ဆောင်ရွက်ကြရပါသည်။ ရုပ်ပွားတော်ကြီး ယာယီကိန်းဝပ်စံပယ်တော်မှုသည့် ဖောင်တော်ကြီးကို ရှေ့ကဆွဲရေယာဉ်ဖြင့်ဆွဲကာ နောက်ကရေယာဉ် နှစ်စင်းဖြင့် ထိန်းလျက် ဧရာဝတီမြစ်ကြောင်းအတိုင်းပင့်ဆောင်လျက်ရှိရာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ကမ်းနဖူးမှ ဖူးမြော်ပူဇော်မှုများဖြင့် အလွန်ဝမ်းမြောက်ကြည်နူးဖွယ်ရာ မြင်ကွင်းကြီးပင်ဖြစ်တော့သည်။ ဧရာဝတီမြစ်ကြောင်းအတိုင်း တွဲတေးတူးမြောင်းသို့ဝင်ကာ

ရန်ကုန်အဝင်တွင် လှိုင်မြစ်ထဲသို့လှည့်၍ ဖောင်တော်ဆိပ်ပြုလုပ်ထားသည့် ဘုရင့်နောင် တံတားနှင့် အောင်ဧယျတံတားနှစ်စင်းအကြား၌ ဖောင်တော်ဆိပ်တွင် ရောမောစွာ ဆိုက်ကပ်နိုင်ခဲ့ပါသည်။ ဖောင်တော်ဆိပ်တွင် ယာယီကိန်းဝပ်စံပယ်တော်မူပြီး ပြည်သူအများ၏ ပူဇော်မှုကို ရက်အတော်ကြာခံယူပြီး မင်းဓမ္မတောင်ခြေသို့ အခမ်းအနားဖြင့် ပင့်ဆောင်တော်မူခဲ့ကြပါသည်။

ဥာဏ်တော်အမြင့်ဆုံး

မင်းဓမ္မတောင်တော်ပေါ်တွင် ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရန် ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ခြင်း၊ တန်ဆောင်းတော်ကြီးတည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးကို ကြည်ညိုဖွယ်ဖြစ်အောင် အရောသတ် ထုဆစ်ခြင်း၊ မင်းဓမ္မတောင်တော်တစ်ခုလုံး ရှင်းလင်းခြင်း၊ မှန်ချပ်များဖြင့် ကာရံခြင်းစသည့် လုပ်ငန်းများကို အချိန်ယူဆောင်ရွက်ပြီးနောက် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၏ ဩဝါဒကိုခံယူလျက် ဘာသာ၊ သာသနာဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့် အညီ ဆောင်ရွက်ဖွယ်အဆင့်ဆင့်ကို စနစ်တကျ စီမံဆောင်ရွက်ခဲ့ရပါသည်။ ဒါကြောင့်လည်း မြန်မာနိုင်ငံတွင် ဥာဏ်တော်အမြင့်ဆုံး အလွန်ကြည်ညိုဖွယ်ရာ ရုပ်ပွားတော်မြတ်ကြီးကို အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် အများပြည်သူတို့၏ ဖူးမြော်ပူဇော်ခြင်းကို ခံယူလျက်ရှိနေပြီဖြစ်ကြောင်းတင်ပြရပါသည်။

○

www.burmeseclassic.com

အခန်း ၆၆

ထာဝရာဘက်စုံ ရွှေတိဂုံ

မြန်မာလူမျိုးတို့၏ အထွတ်အမြတ်၊ ပွင့်တော်မူပြီးခဲ့သော ဗုဒ္ဓဘုရားရှင်လေးဆူတို့၏ ဓာတ်တော်၊ မွေတော်၊ အသုံးအဆောင်ပစ္စည်းတော်များ ဌာပနာထားတော်မူသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးသည် နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီဖြစ်တာကြောင့် အိုမင်းဟောင်းနွမ်းမှုများ၊ ရေးဟောင်းပစ္စည်းများနှင့် ရေးဟောင်းလက်ရာများ ပျက်စီးယိုယွင်းမှုများ ဖြစ်လာတာကိုတွေ့မြင်နေရပါသည်။ ဒါကြောင့် စေတီတော်ကြီးနှင့်တကွ သာသနိုက အဆောက်အအုံများကို ပြုပြင်မွမ်းမံမှုများ ပြုလုပ်ရန် ၁၉၈၉ ခုနှစ်မှ စတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

စောင်းတန်းလေးသွယ် စတင်ပြင်ဆင်

အတွင်းရေးမှူး(၁)က ဦးဆောင်ဦးရွက်ပြုကာ စောင်းတန်းကြီးလေးသွယ်ကို စတင်မွမ်းမံပြင်ဆင်မှုများပြုလုပ်ရန် ကော်မတီအရပ်ရပ်ဖွဲ့စည်းကာ ရွှေတိဂုံစေတီတော်ကြီး၏ ဩဝါဒစရိယဆရာတော်ကြီးများထံမှ ဩဝါဒကိုခံယူလျက် တောင်ဘက် စောင်းတန်းကြီးကို စတင်ပြင်ဆင်မှုလုပ်ခဲ့ပါသည်။ စောင်းတန်းကြီး၏ သက်တမ်းမှာ နှစ်ပေါင်းရာကျော်နေပြီဖြစ်ခြင်း၊ အမာခံသစ်သားများ ဆွေးမြည့်နေပြီဖြစ်ခြင်းတို့ကြောင့် လုံးဝဖျက်သိမ်းပြီး အသစ်တည်ဆောက်ရမည့် အခြေအနေ



ရွှေထီးတော်ကြီး၏ အစိတ်အပိုင်းများကို စေတီတော်အထက်သို့
မတင်လျှုမီ၊ ရင်ပြင်တော်တွင် လှည့်လည်အပူတော်ခံယူစဉ်

ဖြစ်ပေါ်ခဲ့ပါသည်။ ထို့ကြောင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဖြစ်သူ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးသူရမြင့်မောင်ကို တာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်။

စောင်းတန်းလေးသွယ်

တောင်ဘက်စောင်းတန်းတော်ကြီးကို မူလအတိုင်းအတာထက်ပိုမို ကျယ်ဝန်းစေပြီး ဖိနပ်မစီးရသော်ငြားလည်း အမြဲသန့်ရှင်းစေရန် ကြွေပြားများခင်းခြင်း၊ မြန်မာမှုအနုလက်ရာများဖြင့် တင့်တယ်စေခြင်း၊ မူလနိုဗွာန်ကုန် ရောင်းချသူများ ပိုမိုကျယ်ဝန်းသည့်ဆိုင်ခန်းများဖြစ်စေခြင်း စသည့်ဂုဏ်အင်္ဂါရပ်များ ပြည့်စုံအောင် စနစ်တကျ တည်ဆောက်စေခဲ့သည်။ တောင်ဘက်စောင်းတန်းတော်ကြီး၊ အရှေ့ဘက်စောင်းတန်းတော်ကြီး၊ မြောက်ဘက်စောင်းတန်းတော်ကြီးများကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တည်ဆောက်မှုများပြုလုပ်ခဲ့သည်။

အနောက်ဘက်စောင်းတန်းတော်ကြီးကတော့ ယခင်ကပြန်လည်ပြုပြင်ထားပြီး ဖြစ်သဖြင့် ခိုင်ခံ့နေမှုကို အခြေတည်ကာ အမိုးပိုင်းများကိုသာ အကြီးစားမွမ်းမံ ပြင်ဆင်ခြင်း၊ တိုင်လုံးကြီးများကို မြန်မာမှုအနုပညာများဖြင့် တန်ဆာဆင်ခြင်း၊ စက်လှေကားတပ်ဆင်ခြင်းတို့ကို ပြုလုပ်ခဲ့ရပါသည်။ ထိုသို့ စောင်းတန်းကြီး လေးသွယ်တည်ဆောက်ခြင်း၊ မွမ်းမံခြင်းများပြုလုပ်ရင်းဖြင့် တောင်ဘက် စောင်းတန်းအနီးတွင် ဓာတ်လှေကားအသစ်ပြုလုပ်ခြင်း၊ အရှေ့ဘက်နှင့် မြောက် ဘက်စောင်းတန်းကြီးများအနီးတွင် ဓာတ်လှေကားများအသစ် တည်ဆောက်ခြင်း တို့ကို ဆက်တိုက်ပြုလုပ်ခဲ့ပါသည်။

ထို့ပြင် တောင်ဘက်စောင်းတန်းတော်ကြီးထိပ်တွင်သာ ခြသေ့ကြီး နှစ်ကောင်ရှိထားသဖြင့် အရှေ့ဘက်စောင်းတန်းထိပ်၊ မြောက်ဘက်စောင်းတန်းထိပ် နှင့် အနောက်ဘက်စောင်းတန်းထိပ်ဦးတို့တွင် ခြသေ့ကြီးများကိုပါ ဆက်လက် တည်ဆောက်မှုများ ပြုလုပ်ခဲ့ရာ စေတီပုထိုးတော်ကြီးများ၏ အင်္ဂါရပ်နှင့် ပြည့်စုံစေ ခဲ့ပါသည်။

ရွှေထီးတော်ကြီး၏ အစိတ်အပိုင်းများ စေတီတော်အထက်သို့ မတင်လှူမီ ရင်ပြင်တော်တွင် လှည့်လည်အပူတော်ခံယူစဉ်

စောင်းတန်းတော်ကြီးလေးသွယ်ပြီးမြောက်ပြည့်စုံသွားပြီ ဖြစ်သောအခါ စေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ သာသနိုက အဆောက်အအုံအားလုံးနည်းပါးကို ခိုင်ခံ့မှုရှိအောင်၊ မြန်မာမှုများပီပြင်အောင် ဆက်လက်ပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရင်ပြင်တော်ပတ်လည်တစ်လျှောက်လုံးကိုလည်း ကြွေပြားများ၊ စကျင်ကျောက်ပြားများ ခင်းကျင်းခြင်း၊ ရေစီးရေလာကောင်းအောင် ပြုပြင်မွမ်းမံခြင်းတို့ကို အကြားအလပ်မရှိစေဘဲ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့သောကြောင့် ရွှေတိဂုံစေတီတော်ကြီး၏ ထာဝရာဂက်စုံလုပ်ငန်းမှာ ပြီးမြောက်အောင်မြင်ခဲ့သလို စေတီတော်ကြီးမှာ အလွန်သပ်ရပ်ကြည်ညိုဖွယ်ဖြစ်ထွန်းနေတာကိုလည်း ဖူးမျှော်ရပါသည်။

ထီးတော်ကြီး၏ အနေအထား

ဤကဲ့သို့ စေတီတော်ကြီး၏ ထာဝရာဂက်စုံပြုပြင်မွမ်းမံမှုများကို လေးနှစ်ခန့်ဆောင်ရွက်ပြီးနောက် ထီးတော်ကြီး၏အနေအထားကို အာရုံပြုမိပါသည်။



အတွင်းရေးမှူး(၁) ကိုယ်တိုင် စေတီတော်ကြီး၏ ဌမ်းတော်ပေါ်သို့
၃၄ ကြိမ်တိတိ တက်ရောက်စစ်ဆေးခြင်း ရတနာပဓာနများ တပ်ဆင်ပေးခြင်းတို့
ပြုလုပ်ပေးနေစဉ်

ပုလဂ ရွှေထီးတော်ကြီးပြုပြင်မွမ်းမံမှုအတွက် အစီအမံတွင် မပါဝင်ခဲ့သော်လည်း ထာဝရဘက်စုံလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရင်းဖြင့် ရွှေထီးတော်ကြီး၏ အခြေအနေကို လေ့လာမှုပြုလုပ်ရန် စိတ်ကူးပေါ်ခဲ့ပါသည်။

အဆိုပါထီးတော်ကြီးမှာ ကိုလိုနီခေတ်ကာလက မင်းတုန်းမင်းတရားကြီး တင်လှူပူဇော်ခဲ့ခြင်းဖြစ်သဖြင့် နှစ်တစ်ရာကျော်နေပြီဖြစ်တာကြောင့် အားနည်းမှု၊ ရှုတ်ယွင်းမှုများရှိနေသည်မှာ အမှန်ပင်ဖြစ်ပါမည်။ ထို့ကြောင့် ရွှေထီးတော်ကြီးကို တက်ရောက်စစ်ဆေးဖို့ ဩဝါဒစရိယဆရာတော်ကြီးများထံမှ ဩဝါဒကို ခံယူကာ ခွင့်ပြုချက်ရသည်နှင့် အင်ဂျင်နီယာများ၊ မြန်မာမှုပညာရှင်များဖြင့် ထီးတော်ပေါ်သို့ ငြမ်းဆင်ကာ တက်ရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုအချိန်က ဒုတိုင်းမှူးဗိုလ်ချုပ်သူရမြင့်မောင်သည် ပြည်ထဲရေးဒုဝန်ကြီးဖြစ်သွားသောကြောင့် ဒုတိုင်းမှူးအသစ် ဗိုလ်မှူးကြီးဆန်းဆင့်ဖြစ်လာပြီး ဗိုလ်မှူးကြီးဆန်းဆင့် ဦးစီးက ထီးတော်ကြီးကို အသေးစိတ် စစ်ဆေးမှု ပြုလုပ်ခဲ့ပါသည်။

ပန်းလည်တိုင် သံချေးကိုက်

ထိုသို့စစ်ဆေးမှုပြီးမြောက်၍ အဖွဲ့၏အစီရင်ခံချက်ကို လေ့လာသည့်အခါ ထီးတော်ကြီးနှင့် ပန်းလည်တိုင်တို့မှာ သံချေးများကိုက်ကာ ထီးတော်၏ အစိတ်အပိုင်းအတော်များများမှာ ဆွေးမြည့်နေသည်ကိုတွေ့ရသည်။ ပန်းလည်တိုင်မှာ လည်း အက်ကြောင်းများပေါ်ကာ အထက်ပိုင်းအဆစ်မှာ ကွေးကောက်မှုပင်ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ ကျွန်တော်ကိုယ်တိုင်တက်ရောက်လေ့လာသည့်အခါ အဖွဲ့၏ အစီရင်ခံချက်အတိုင်း တွေ့မြင်ခဲ့ရပါသည်။ ပန်းလည်တိုင်မှာ သုံးဆင့်ဖြစ်ပြီး အထက်ပိုင်းနှစ်ဆင့်သည် ဖြုတ်၍ရနိုင်ပြီး အောက်ဆုံးအဆင့် ပန်းလည်တိုင်ကြီးမှာ လုံးပတ်ပိုမိုကြီးထွားကာ ဘုရားကြီး၏ ၄က်ပျောဖူးအတွင်းသို့ စိုက်သွင်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

ထီးတော်ကြီးနှင့် ပန်းလည်တိုင်တို့၏ ဖြစ်ပေါ်လျက်ရှိသော အနေအထား၊ အခြေအနေအရပ်ရပ်တို့ကို ဩဝါဒစရိယ ဆရာတော်ကြီးများကို ပင့်ဖိတ်လျှောက်ထားခဲ့ရာ ထီးတော်ကြီးနှင့် ပန်းလည်တိုင်တို့ကို လဲလှယ်ဖို့အချိန်တန်နေပြီဖြစ်

ကြောင်း "တကာတို့ ထီးတော်အသစ်တင်လှူမည်ဆိုပါက ဆရာတော်ကြီးများက ဝမ်းမြောက်ဝမ်းသာရှိပါကြောင်း၊ စနစ်တကျ ရွှေထီးတော်သစ်ကြီး တင်လှူရေးကို လိုလားပါကြောင်း" မိန့်ကြားမှုပြုပါသဖြင့် ကျွန်တော်တို့ လိုအပ်သော ကော်မတီ အရပ်ရပ်ကိုဖွဲ့စည်းကာ ရွှေထီးတော်သစ်ကြီးတင်လှူနိုင်ရေးအတွက် စတင်ပြင်ဆင်မှုပြုလုပ်ကြပါသည်။

ထိုကာလအတွင်း ရွှေထီးတော်ကြီးအသစ်တင်လှူပူဇော်နိုင်ရေးအတွက် အင်ဂျင်နီယာအကြီးအမှူးအဖြစ် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမှ ဒုဝန်ကြီးဦးညီလှငယ်ကို တာဝန်ပေးအပ်ထားပြီး အနီးကပ်လုံခြုံရေးတာဝန် ဆောင်ရွက်သူမှာ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးမြင့်ဦးတို့ဖြစ်ကြပြီး ထောက်လှမ်းရေး တပ်မှူးများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ ရွှေထီးတော်ကြီးအတွက် မြန်မာမှုဗိသုကာပညာရှင်များ၊ ပန်းထိမ်ပညာရှင်များ၊ ပန်းတင်းပညာရှင်များ ပူးပေါင်းပါဝင်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

တစ်စစီ အစားထိုးစနစ်

ရွှေထီးတော်ကြီးတင်လှူနိုင်ရေးအတွက် မူလထီးတော်အဟောင်းကို အောက်သို့ချခြင်းမပြုဘဲ အစိတ်အပိုင်းများကို တစ်စစီ အစားထိုး၊ တစ်စစီဖြုတ်စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပထမဆုံးထီးတော်ကြီး၏ အမာခံဖရိန်ကို စတီးများဖြင့် ထီးတော်အဟောင်း၏ အတိုင်းအထွာအတိုင်း ရင်ပြင်တော်ရှိ တန်ဆောင်းအတွင်းတွင် တည်ဆောက်ပါသည်။ တည်ဆောက်ရာတွင် တစ်စစီဖြုတ်၍ရအောင် Bolt and Nut များအသုံးပြုကာ ဖြုတ်ခြင်း၊ တပ်ခြင်း၊ ပြုလုပ်နိုင်အောင် တည်ဆောက်ပါသည်။

ပန်းလည်တိုင်များကိုလည်း စတီးတိုင်များ အသုံးပြုခဲ့ပါသည်။ ထိုသို့ ပန်းလည်တိုင်အစားထိုးလဲလှယ်မှုပြုလုပ်ရာတွင် အပေါ်ဝိုင်းနှစ်ဝိုင်းကို လဲလှယ်မှုပြုလုပ်နိုင်သော်လည်း ၄က်ပျောဖူးအတွင်း မြှုပ်သွင်းထားသည့် ပန်းလည်တိုင်လဲလှယ်ရေးမှာ အခက်အခဲတွေ့ရပါသည်။ ၄က်ပျောဖူးကို ဖဲ့ရမှာအလွန်ခက်ခဲနေပါသည်။



အတွင်းရေးမှူး(၁) ကိုယ်တိုင် စိန်ဖူးတော်ကြီးကို ရောင်တော်ဖွင့်ပေးနေစဉ်

အိပ်မက်ပေးပါသည်

ထိုအချိန်တွင် ကျွန်တော်ကို အိပ်မက်ပေးပါသည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ၏ ပေးသည့်အိပ်မက်ပါ။ အိပ်မက်မက်ပုံက "ငါ့သား ၄က်ပျောဖူးကို လုံးဝမဖဲ့ရ၊ မဖျက်ရပါ၊ ၄က်ပျောဖူးထဲ ထည့်ထားသည့် ပန်းလည်တိုင်မှာ အရှည်ကိုးတောင်တစ်မိုက်ရှိသည်၊ အောက်ခြေမှာ မြသပိတ်ရှိသည်၊ မြသပိတ်အတွင်းတွင် ဓာတ်တော်များနှင့် ရတနာများရှိသည်။ မင်းတို့တတ်သည့် သိပ္ပံနည်းဖြင့် ပန်းလည်တိုင်ကို အားဖြည့်လုပ်ပါ" ဟု အိပ်မက်ပေးပါသည်။

သူတော်စင်များစောင့်ရှောက်

အဲဒီအချိန်က ကျွန်တော်သည် ကိုးပါးသီလဆောက်တည်ပြီး သက်သတ်လွတ်စားသုံးနေသည့် အချိန်ကာလဖြစ်တာကြောင့် သူတော်စင်ပုဂ္ဂိုလ်များက စောင့်ရှောက်နေသည်ဟု ထင်မှတ်ပါသည်။

ဌက်မြတ်နားတော်အား စစ်ဆေးကြည့်ရှုစဉ် အနီးတွင် ဒုဗိုလ်မှူးကြီး မြင့်ဦးနှင့် ဒုဗိုလ်မှူးကြီးဝင်းမောင် တို့ကိုပါတွေ့ရစဉ်

အဲဒီလို အိပ်မက်ရပြီးသည့်အခါ ထီးတော်ကြီးအနီး ဘုရားငြမ်းပေါ်တွင် ကျွန်တော့်စိတ်ထဲပေါ်လာသည့်အတိုင်း ပန်းလည်တိုင်ကြီးအင်အားတောင့်တင်းအောင် စတီးသံလုံးသံချောင်းများဖြင့် ပန်းလည်တိုင်ပတ်လည်တွင် အင်အားဖြည့်လျှင် ရနိုင်/မရနိုင် အကြံပြုကြည့်ရာ ဦးညီလှငယ်မှ ခဏစဉ်းစားပြီး "ဟာ ရတာပေါ့ ဗိုလ်ချုပ်၊ ဘယ်လောက်လုံးပတ်ဖြင့် ဘယ်နှစ်ချောင်းရံရမယ် ဆိုတာ ကျွန်တော်တွက်မယ်" ဆိုပြီး ခဏအကြာမှာပဲ သူတွက်သည့်အဖြေရရှိပါ သည်။ ထိုအစီအမံအတိုင်း အောက်ဆုံးပန်းလည်တိုင်ကြီးကို အားဖြည့်လိုက်သည့် အခါ အားလုံးအဆင်ပြေသွားသည်ကို တွေ့ရပါသည်။

အိပ်မက်အတိုင်းကိုးတောင်တမိုက်ရှိ

ထူးခြားမှုတစ်ရပ်တင်ပြလိုပါသည်။ ကျွန်တော့်အိပ်မက်တွင် ပန်းလည်တိုင်ကြီး ၄က်ပျောဖူးအတွင်း ကိုးထောင်တစ်မိုက်မြှုပ်ထားသည်ဆိုသည်ကို

အတွင်းရေးမှူး(၁) စိန်ဖူးတော်ကြီးအား ဖူးမျှော်ကြည်ညိုစဉ်

မှန်/မမှန် သိလိုသဖြင့် ၄က်ပျောဖူးအတွင်းရှိ ပစ္စည်းကို မည်သို့အနေအထားမျိုး ရှိနေသည်ကို သိရှိနိုင်ရန် တိုင်းတာသည့် ကိရိယာပစ္စည်းမှာ စင်ကာပူနိုင်ငံတွင် ရှိကြောင်း သိရသဖြင့် ထိုပစ္စည်းကို မေတ္တာရပ်ခံ၄ားရမ်းရာတွင် အဆင်ပြေသဖြင့် ထိုပစ္စည်းကို ကိုင်တွယ်သည့် သီရိလင်္ကာနိုင်ငံသား ဗုဒ္ဓဘာသာဝင် အင်ဂျင်နီယာ အရာရှိကို ငြမ်းပေါ်အထိ တက်ခွင့်ပြုကာ တိုင်းတာခြင်းပြုလုပ်ရာ အိပ်မက်အရ အတိုင်း ပန်းလည်တိုင်ကြီးမှာ ၄က်ပျောဖူးအတွင်း ကိုးတောင်တစ်မိုက်ရှိနေသည်ကို ထူးဆန်းစွာ သိရှိရပါသည်။ ဤဖြစ်စဉ်များမှာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထူးခြားသော တန်ခိုးတော်မြတ်များကြောင့် ထီးတော်မြတ်ကြီးတင်လှူပူဇော်နိုင်ရေးမှာ အဆင်ပြေချောမွေ့ခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူရပါသည်။

ပန်းလည်တိုင်များလဲလှယ်ရာတွင်လည်း တစ်ပိုင်းစီ၊ တစ်ပိုင်းစီ လဲလှယ်ခြင်း၊ ထီးတော်ဟောင်းကြီးဖြုတ်ရာတွင်လည်း ဖရိန်အသစ်များကို တစ်စစီ၊ တစ်စစီ အစားထိုးပြီးမှ အဟောင်းများကို တစ်စစီ ထုတ်ယူသည့်စနစ်ဖြင့် ဆောင်ရွက်



စိန်ဖူးတော်ကြီးကို ရောသပ်ပယ်မှုပြုလုပ်ပြီး၊ အမွှေးနံ့သာများဖြင့် သွန်းလောင်းပူဇော်စဉ်

ခဲ့ပါသည်။ စိန်ဖူးတော်နှင့် ၄က်မြတ်နားတော်တို့ကိုလည်း ငြမ်းတော်ပေါ်မှာပင် ပူဇော်ခံထားပြီး အောက်သို့လုံးဝချခြင်းမပြုဘဲ CCTV ကင်မရာများဖြင့် ၂၄ နာရီစောင့်ကြည့်သည့် လုံခြုံရေးအစီအမံများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ရွှေထီးတော်တင် အခမ်းအနား

ထီးတော်ကြီးအတွက် စတီးဖရိန်များ အဆင်သင့်တပ်ဆင်ပြီးပြီဆိုတော့မှ ရွှေထီးတော်ကြီး၏ မြန်မာမှုလက်ရာများဖြင့် မြန်မာပညာရှင်များပြုလုပ်ထားသည့် ထီးတော်ကြီး၏အပေါ်ယံ မြန်မာမှု ထီးတော်အပိုင်းများကို ရွှေထီးတော်တင် အခမ်းအနားဖြင့် တစ်ရက်စီ၊ တစ်ရက်စီ တိမ်ကြား ထီးတော်တင်အဖွဲ့၏ ပန်းရထား ဖြင့် တင်လှူပူဇော်မှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့သော ရွှေထီးတော်တင် အခမ်းအနားကျင်းပသည့်ရက်များမှာပင် အလှူရှင်များ လှူဒါန်းကြသည့် လက်ဝတ် ရတနာပစ္စည်းမျိုးစုံ မြောက်မြားစွာကို ရွှေထီးတော်ကြီး၏ အောက်ခံစတီးဖရိန် များပေါ်တွင် ခိုင်ခံ့အောင် ချိန်နှောင်ချိတ်ဆွဲပူဇော်မှု ပြုလုပ်ပေးခဲ့ရပါသည်။

ဤကဲ့သို့ ရွှေထီးတော်ကြီးတင်လှူပူဇော်မှု ပြုလုပ်စဉ်မှာပင် စိန်ဖူးတော်ကြီးနှင့် ငှက်မြတ်နားတော်ကြီးတွင် ထပ်မံလှူဒါန်းကြသော ရတနာပစ္စည်းများကို ပန်းထိမ်ပညာရှင်များဖြင့် ဘုရားငြမ်းပေါ်မှာပင် ထပ်မံဖြည့်တင်းတပ်ဆင်ပူဇော်မှု ပြုလုပ်ခြင်း၊ စတီးပန်းလည်တိုင်များတွင် ရွှေပြားများကပ်လှူပူဇော်ခြင်း၊ ရွှေခေါင်းလောင်း၊ ငွေခေါင်းလောင်းများ စတီးဖရိန်များတွင် ချိတ်ဆွဲပူဇော်ခြင်းတို့ကို အလှူရှင်များ ပိုမိုသဒ္ဓါပေါက်အောင် တီဗီများဖြင့် ရိုက်ကူးပြသကာ ကြည်ညိုသဒ္ဓါပွားစေခဲ့ပါသည်။

ကျွန်တော့်အနေနှင့်လည်း ရွှေထီးတော်ကြီးရှိရာ ငြမ်းပေါ်သို့ အခေါက်ပေါင်း ၃၄ ကြိမ်တိတိ တက်ရောက်ကာ ရွှေထီးတော်ကြီး အောင်မြင်စွာ တင်လှူပူဇော်နိုင်ရေးအတွက် အင်ဂျင်နီယာပညာရှင်များနှင့် ငြမ်းပေါ် မှာပင် ဆွေးနွေးတိုင်ပင်ခြင်း၊ ထီးတော်ကြီးခိုင်ခံ့အောင် အကြံပြုဆွေးနွေးခြင်း၊ ကိုယ်တိုင်ကိုယ်ကျ ရတနာပစ္စည်းများ တင်လှူပူဇော်ပေးခြင်း၊ ထီးတော်ကြီး၏ အမာခံစတီးဖရိန်တွင် ထီးတော်အရွက်များ ခိုင်ခံ့အောင် စနစ်တကျ ကပ်လှူပူဇော် ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပြည်သူအများလှူဒါန်းသည့် လက်ဝတ်ရတနာများကို ထီးတော်အသစ်ပေါ်တွင် ထပ်မံတွဲချိတ်မှုများ ပြုလုပ်နေစဉ်

ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ ပံ့ပိုး

ဤကဲ့သို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်လှူပူဇော်ခွင့် အတွက် ကျွန်တော့်အနေနှင့် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်၊ ဦးဆောင် ဦးရွက် စီမံဆောင်ရွက်ခွင့်ရရှိခဲ့ခြင်းအပြင် ကြီးမားသော အခက်အခဲလုံးဝမရှိခြင်း၊ ပါဝင်ဆောင်ရွက်ကြသူအားလုံး၊ အောက်ခြေအလုပ်သမားများ အားလုံးတို့မှာ တစ်ဦးတစ်ယောက်မှ ထိခိုက်မှု၊ ဒဏ်ရာရမှု မရှိခဲ့ခြင်းမှာလည်း အလွန်ထူးခြားမှု ဖြစ်ပါသည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ၏ ပံ့ပိုးဆောင်ရွက်ပေးမှု၊ စောင့်ရှောက်မှု တွေကြောင့်ဟု အပြည့်အဝယုံကြည်ခဲ့ရပါသည်။

ရွှေတိဂုံစေတီတော်ကြီး၏ ပရဝုဏ်အတွင်း အပြင်နှင့်ပတ်သက်ဆက်နွယ်မှု ရှိကြသော နတ်ကောင်းနတ်မြတ်များ၊ ပုဂ္ဂိုလ်များ၏ ကူညီပံ့ပိုးမှု၊ စောင့်ရှောက်မှု တွေလည်း ရရှိခဲ့သည်ဟု ယုံကြည်ပါသည်။ အထိကရရှေးဟောင်းစေတီတော် ကြီးများ၊ အဓိကရတန်ခိုးကြီးစေတီတော်ကြီးများ ပြုပြင်မွမ်းမံမှု ပြုလုပ်ကြရာတွင် ဆိုင်ရာပိုင်ရာ၊ ပတ်သက်ဆက်နွယ်ရာ ပုဂ္ဂိုလ်များကို ပူဇော်ပသမှု အသိအမှတ် ပြုရသော မြန်မာမှုထုံးတမ်းစဉ်လာဓလေ့များရှိပါသည်။ ထိုထုံးတမ်းစဉ်လာ ဓလေ့ များနှင့်အညီ ကျွမ်းကျင်သော မြန်မာမှုဘာသာရေးထုံးတမ်းစဉ်လာပုဂ္ဂိုလ်များ၏ ကူညီဆောင်ရွက်ပေးမှုများသည်လည်း အရေးပါလှပါသည်။

ပညာရှင်ပေါင်းစုံပါ

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထာဝရဘာက်စုံပြုပြင်မွမ်းမံရေး ဆောင်ရွက် ရာမှာ ပညာရှင်ပေါင်းစုံပါဝင်ကြပါသည်။ အင်ဂျင်နီယာပညာရှင်ကြီးများ၊ ဆင် မလိုက်သဘော်ကျင်းမှ ပညာရှင်များ၊ မီးရထားဌာနမှ ပညာရှင်များ၊ ရန်ကုန်မြို့ တော်စည်ပင်သာယာရေးအဖွဲ့မှ ပညာရှင်များ၊ အိုင်တီနည်းပညာဆိုင်ရာပညာရှင် များ၊ ဓာတ်ပုံပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ မြန်မာမှုပညာရှင်များ၊ ပန်းထိမ်နှင့် ပန်းတဉ်းပညာရှင်များ၊ သတ္တုတွင်းဝန်ကြီးဌာနမှ ကျောက်မျက် ပညာရှင်များ၊ ပန်းရံပညာရှင်များ၊ အနုပညာရှင်များ ပူးပေါင်းပါဝင်ကုသိုလ် ယူကြတာကိုလည်း အားရဖွယ်ကြံ့ကြရပါသည်။ မောင်ဝိတ်ဦးဆောင်သော

ဟံသာဝတီသာသနာပြုအဖွဲ့၊ ဝါဝါဝင်း ဆောက်လုပ်ရေးအဖွဲ့၊ ရွှေသံလွင်ကုမ္ပဏီ တို့မှလည်း ပူးပေါင်းပါဝင် ကုသိုလ်ယူကြတာကိုလည်း တွေ့ကြုံရပါသည်။

ထူးခြားအံ့သြဖွယ်ရာများကြုံရ

ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ထူးခြားအံ့သြဖွယ်ရာများကိုလည်း အများအပြားကြုံရပါသည်။ ဆုတောင်းပြည့်သည်ဆိုသည့် နေရာများကလည်း လက်ညှိုးထိုးမလွဲနိုင်ပါ။ ကျွန်တော်ကြုံခဲ့ရတာတွေကတော့ အထက်ပစ္စယံမှာ ဖူးတွေ့ရသည့် ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်ကြီးပါ။ ပုတီးစိတ်ပြီး တရားထိုင်ကြည့်လျှင် ထူးခြားသည့် အာရုံရနိုင်ပါသည်။ နေလ ဘုရား၊ ရာဟုထောင့်က ရှင်စောပု ဘုရား၊ မြောက်ဘက်မုခ်ဦးနားက ရာဇမုနိရုပ်ပွားတော်၊ အရှေ့ဘက်မုခ်ဘက်က ဓမ္မစေတီမင်း ရုပ်ပွားတော်၊ ကျား/ခြသေ့ရုပ်ပွားတော်၊ ဘိုးဘိုးအောင်ဘုရား စသည့်တို့မှာ အလွန်ထူးခြားမှုများရှိကြပါသည်။

ဗန္ဓရသရက်သီးများ

ကျွန်တော်၏ ထူးခြားမှုလေးများတင်ပြချင်ပါသည်။ ဒါကတော့ ယတြာလည်းမဟုတ်၊ ဗေဒင်လည်းမဟုတ်ပါ၊ ကျိုက်ထီးဆောင်းဆရာတော်ကြီးက ချီးမြှင့်သည့် ဗန္ဓရသရက်သီးများကို ကျွန်တော်က ဘုရားဆွမ်းတော်ကပ်ပြီး ပြန်စွန့်ပြီးသည့်နောက်မှာ အစေ့များကို အိမ်မှာပျိုးထားခဲ့ပါသည်။ နှစ်နှစ်ခန့်ကြာတော့ အပင်ပေါက်များဖြစ်လာပြီး ယင်းအပင်ပေါက်များကို ဘုရားပရဝုဏ်များမှာ စိုက်ပျိုးကာ ကုသိုလ်ယူခဲ့ပါသည်။ ရွှေတိဂုံစေတီတော်ရင်ပြင်မှာ တစ်ပင်၊ မင်းဓမ္မကုန်းက ကျောက်တော်ကြီးမှာတစ်ပင်၊ ကျိုက်ပါဒကြီးမှာတစ်ပင်၊ ပုဂံလောကနန္ဒာစေတီရင်ပြင်မှာတစ်ပင် အသီးသီးစိုက်ပျိုးပြီး ဘုရားမှာ လှူဒါန်းထားပါသည်။

ရွှေတိဂုံစေတီတော်ရင်ပြင်တော်က အပင်ကတော်တော်ကြီးထွား ရှင်သန်လာတော့မှ ဂေါပကအဖွဲ့က ခုတ်ပြီးဖယ်ရှားလိုက်သည်တဲ့။ တစ်ဦးတစ်ယောက်၏ ညွှန်ကြားချက်ကြောင့် ဖြစ်မှာပါပဲ။ ကျန်သည့်နေရာတွေမှာကတော့ အသီးတွေ

တောင် သီးကြသဖြင့် ဘုရားဆွမ်းတော်ကပ်ရ၍ ကုသိုလ်တောင်ရနေကြောင်း သိရပါသည်။ ကျွန်တော့်အိမ်မှာစိုက်တဲ့အပင်ကလည်း နှစ်နှစ်ရှိလာပြီ သီးနေတာ၊ ထူးခြားတာကတော့ တစ်နှစ်မှ နှစ်လုံးပဲသီးပါသည်။ မနှစ်က နှစ်လုံးကတော့ ဆွမ်းတော်ကပ်ရပါသည်။ ယခုနှစ် နှစ်လုံးကတော့ မရင့်သေးလို့ မခူးရသေးပါ။ ရင့်မှည့် လာရင်တော့ ဆွမ်းတော်ကပ်ပြီး ကုသိုလ်ယူရပါဦးမည်။

သမိုင်းကတော့ ဖျက်မရ

နောက်တစ်ခုထူးခြားမှု ဖြစ်စဉ်တွေကတော့ ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့သည့်ကာလမှာ ဘုရားပြုပြင်တာတွေ၊ ဘုရားထီးတော်တင်တာတွေ၊ ကျောင်းဆောက်လျှောဒါန်းမှုပြုခဲ့တာတွေမှာ ဆိုင်ရာအလိုက် ကမ္မည်းရေးထိုးထားတာတွေရှိကြပါသည်။ ကျွန်တော့်ကို အရေးယူလိုက်တော့ အဲဒီကျွန်တော့်နာမည်ပါသည့် ကမ္မည်းများကို လိုက်ဖျက်ကြပါသည်။ နာမည်ကို ဖျောက်တာဖြစ်မှာပေါ့။ ဘယ်ပုဂ္ဂိုလ်ကဖျက်ခိုင်း၍ တပည့်သားမြေးတွေက လိုက်ဖျက်ကြတာတဲ့၊ နာမည်ကတော့ ဖျက်၍ရပါမည်၊ သမိုင်းကတော့ ဖျက်လို့မရပါ၊ ကောင်းတာလုပ်လျှင် ကောင်းသည့်သမိုင်းကျန်ပါမည်၊ မကောင်းတာလုပ်လျှင် မကောင်းသည့်သမိုင်းကတော့ ကျန်နေမည်ဖြစ်ပါသည်။

O

www.burmeseclassic.com

အခန်း ၆၇

လွယ်မောက်တောင်(ခ)ခမောက်တောင်စေတီတော် ထီးတော်တင်လှူခြင်း

ခမောက်တောင်စေတီတော်သည် ကောလင်းမြို့အနီး ဂ ဂနှုး-ဂနန်း ရှမ်းလူမျိုးများ နေထိုင်ကြသည့် ဒေသအတွင်းမှာ တည်ထားကိုးကွယ်ကြသည့် စေတီတော်ဖြစ်ပါသည်။ ကောလင်းမြို့သည် စစ်ကိုင်းတိုင်းအတွင်းက ဝန်းသိုမြို့၏ တောင်ဘက်မလှမ်းမကမ်းမှာရှိပါသည်။ ဝန်းသိုမြို့သည် မြန်မာ့သမိုင်းမှာ ကိုလိုနီ နယ်ချဲ့ဗြိတိသျှတွေကို ပြင်းပြင်းထန်ထန်တွန်းလှန်တော်လှန်ခဲ့သည့် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၏ သမိုင်းဝင်မြို့ဖြစ်သည်။ မန္တလေး-ရတနာပုံကို ဗြိတိသျှတို့သိမ်းပိုက်လိုက်သော်လည်း နယ်ချဲ့တွေကို အည့ံမခံဘဲ ဆက်လက်တော်လှန်တိုက်ခိုက်ခဲ့သည့် မြန်မာ့သူရဲကောင်း ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်ဦးဆောင်သော မြန်မာ့တော်လှန်ရေးသမားများသည် ကောလင်းမြို့တောင်ဘက်မှာရှိသော တောင်ကြော၊ တောင်တန်းပေါ်ကနေ ခုခံတွန်းလှန်ခဲ့ကြတာကြောင့် ဗြိတိသျှဘက်သားကြေးစားတွေ တော်တော်များများ ထိခိုက်သေဆုံးမှုတွေရှိခဲ့သည်ဟူ၍ သမိုင်းက ဆိုခဲ့ပါသည်။ ဒါကြောင့် ဂဒှုး ဂနန်းရှမ်းတွေနေခဲ့ကြသည့် ကောလင်း၊ ဝန်းသိုဒေသဟာ သူ့ကျွန်မခံလိုသူများ၏ အောင်မြေဟုဆိုရင်လည်း မမှားနိုင်ဘူး ဟူ၍ဆိုနိုင်သည်။

ကောလင်းမြို့ လွယ်မောက်တောင် စေတီတော်ကြီး ထီးတော်တင်လှူပူဇော်နိုင်ရေးအတွက် အတွင်းရေးမှူး(၁) ကြိုတင်လေ့လာမှုများပြုလုပ်စဉ်

အဲဒီကောလင်းမြို့အနီးမှာ လွယ်မောက်(ခ)ခမောက်တောင်ဆိုတာရှိပါသည်။ ဒီတောင်တစ်ခုလုံးက သာသနာ့နယ်မြေဖြစ်ပြီး တောင်ထိပ်မှာ စေတီတစ်ဆူရှိသည်။ တောင်တစ်တောင်လုံးမှာ သာသနိကအဆောက်အအုံများ အပြည့်ရှိနေပြီး တောင်ထိပ်က စေတီတော်ကိုတော့ နဂါးကြီးနှစ်ကောင်က ရစ်ပတ်ထားသည့် ပရဝုဏ်နှင့် တည်ဆောက်ထားတာတွေ့ရသည်။ ဒါပေမဲ့ ဘုရား၏ ထီးတော်မရှိပါဘူး။ ဒီဘုရား၏ ငွေထီးတော်ကြီးက တန်ဆောင်းတစ်ခုထဲမှာ အပူဇော်ခံထားပါသည်။

အာကိုးဦးစီ

ဟိုးယခင်ကာလက ဒီတောင်မှာ အာကိုးဦးစီဆိုတဲ့ ရသေ့ကြီးတစ်ဦးရှိနေပြီး ဒီရသေ့ကြီးက ဒီငွေထီးတော်ကြီးကို အကြိမ်ကြိမ်တင်လှူခဲ့ဖူးသည်ဟူ၍ သိရပါသည်။ ထီးတော်ကြီးက တင်လှူ၍မအောင်မြင်ဘူးတဲ့။ ထီးတော်တင်တိုင်း

ပြဿနာတစ်ခုခုဖြစ်တတ်သည်တဲ့၊ မိုးတွင်းကာလဆိုလျှင် လေကြီးမိုးကြီး ကျတာတို့၊ မိုးကြိုးပစ်တာတို့ စသည်ဖြင့် တစ်ခုခုဖြစ်တတ်တာကြောင့် ထီးတော်တင်တာကို လက်လျှော့လိုက်ရသည်တဲ့။ နောက်အိပ်မက်တွေရသည်ထင်ပါသည်။ ရသေ့ကြီးဦးစီကနေ ဟောကိန်းတစ်ခု ထုတ်ခဲ့သည်တဲ့။ နောက်နှစ်ပေါင်း ၃၀ ကျော်မှ ဘောင်းဘီဝတ်သည့်ပုဂ္ဂိုလ်တစ်ဦးရောက်လာပြီး ဒီထီးတော်ကို တင်လှူလိမ့်မည်။ အဲဒီအခါမှ ဒီဌေထီးတော်ကြီးတင်လှူပူဇော်မှုအောင်မြင်လိမ့်သည်ဟု ဟောကိန်းထုတ်ခဲ့သည်တဲ့။ အဲဒီဘုရားမှာ ဂေါပကအဖွဲ့ ပုဂ္ဂိုလ်များက ဝတ်ဖြူစင်ကြယ်ဝတ်ကြသည့် ဂဒူး ဂနန်းလူမျိုးများဖြစ်ကြကြောင်းလည်း သိရပါသည်။

ဦးစန်းမောင်ကြောင့်

ဒီခမောက်တောင်စေတီတော်ထီးတော်တင်လှူပူဇော်နိုင်ရေးအတွက် အဆက်အသွယ်စတင်ဖြစ်ပေါ်လာတာကတော့ ရွှေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် အန်ကယ်ကြီးဦးစန်းမောင်ကြောင့် ဖြစ်ပါသည်။ အန်ကယ်ဦးစန်းမောင်သည် ဘုရား၊ တရား၊ သံဃာတော်မြတ်များကို အလွန်ကြည်ညိုသည့် သာသနာပြု ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ ယခင် ကလေးဝဆရာတော်ဘုရားကြီး၏ တပည့်ရင်း၊ တကာရင်းလည်းဖြစ်သည့်အပြင် ခမောက်တောင်စေတီတော်၏ သမိုင်းကြောင်းကိုလည်း ပြည့်ပြည့်စုံစုံသိရှိထားသူဖြစ်တာကြောင့် ထိုပုဂ္ဂိုလ်ကြီး၏ ဖိတ်ကြားမှုဖြင့် ခမောက်တောင်သို့ရောက်ရှိခဲ့ပါသည်။ အချိန်ကာလကတော့ ၁၉၉၁ ခုနှစ်လောက်ဟု ထင်ပါသည်။ ကျွန်တော်လည်း အန်ကယ်ကြီးဦးစန်းမောင်နှင့်အတူ ကောလင်းမြို့အနီး ခမောက်တောင်သို့ ရောက်ရှိလေ့လာမှုများ ပြုလုပ်ရာတွင် ရသေ့ကြီးဦးစီ ဟောကြားသွားချက်များကို သိရှိရသည့်အပြင် ဟောကြားချက်ကာလမှာလည်း နှစ်ပေါင်း ၃၀ ကျော်နေပြီဖြစ်တာကြောင့်ရယ်၊ အန်ကယ်ကြီးဦးစန်းမောင်၏ တိုက်တွန်းမှုရယ်ကြောင့် ရန်ကုန်ပြန်ရောက်သည့်အချိန်တွင် နေ့ဝတဉ္ဇာတ်ဌာနခွဲဖြစ်သူ ဗိုလ်ချုပ်မှူးကြီးစောမောင်ကို အကြောင်းစုံတင်ပြလိုက်ရာ "ကိုခင်ညွန့်ဦးစန်းမောင်နဲ့ တိုင်ပင်ပြီး ထီးတော်တင်လှူရေးကိစ္စကို ခင်ဗျားပဲ ဦးဆောင်ပြီး လုပ်ပေးလိုက်ပါ" ဟု ညွှန်ကြားချက်ရရှိပါသည်။

ထီးတော်မတင်လျှုမီ တစ်ရက်မှာလည်း ဗိုလ်ချုပ်မှူးကြီးစောမောင် ကိုယ်တိုင် ခမောက်တောင်သို့ သွားရောက် လေ့လာခြင်း၊ ဘုရားဖူးခြင်းများ ပြုလုပ်ပြီး ထီးတော်တင်လျှုမည့်ရက်တွင် အတွင်းရေးမှူး(၁) ကျွန်တော့်ကိုပဲ တာဝန်ပေးလိုက်တာကြောင့် အန်ကယ်ကြီး ဦးစန်းမောင်နှင့် ကျွန်တော်လည်း လွယ်မောက်တောင်စေတီတော်ကို ဟိုလွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်ကတည်းက ပြုလုပ်ထားခဲ့သော ငွေထီးတော်ကြီးကို ၁၉၉၂ ခုနှစ်၊ မတ်လ (၁၆)ရက်တွင် အောင်မြင်စွာ တင်လျှုပူဇော်နိုင်ခဲ့ပါသည်။

ဤကဲ့သို့ထီးတော်တင်လျှုပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကြောင့် ကောလင်း ဝန်းသိုဒေသတစ်ခုလုံးတင်မက ချင်းတွင်းမြစ်ကမ်းဘက်မှာ ရှိကြသည့် ဂဒူးဂနန်းမျိုးနွယ်စုများအားလုံး ဤလွယ်မောက်တောင်စေတီတော် ထီးတော်တင်လျှုပွဲကို တက်ရောက်လာကြသဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က ရသေ့ကြီး၏ ဟောကိန်းထုတ်ပြန်ချက် မှန်ကန်နေမှုကြောင့် ဝမ်းမြောက် ဝမ်းသာဖြစ်နေကြသည်ကိုတွေ့ရပါသည်။ ကြိုတင်ဟောကိန်းထဲမှာပါသည့် အတိုင်း

ရပ်ရွာဒေသက ထင်မြင်ယူဆနေကြတာကတော့ ဘောင်းဘီဝတ်ဆိုသည်မှာ သူတို့၏ မျိုးနွယ်စုဝင် ရှမ်းဘောင်းဘီဝတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်လိမ့်မည်ဟု မျှော်လင့်စောင့်ကြို နေကြသော်လည်း အမှန်တကယ်ကတော့ ရှမ်းမျိုးနွယ်ဘောင်းဘီဝတ်မဟုတ်ဘဲ တပ်မတော်သားဘောင်းဘီဝတ် ကျွန်တော်ဖြစ်နေတာကိုပဲ အံ့သြမှုဖြစ်နေကြသည်ကို တွေ့ရပါသည်။

အမှန်တကယ်ဖြစ်ရပ်

ဒီဖော်ပြပါ ဖြစ်ရပ်ကတော့ အမှန်တကယ်ဖြစ်ရပ်ပဲ ဖြစ်ပါသည်။ ဒီဖြစ်စဉ်ဖြစ်ရပ်က ကောလင်းဒေသမှာ ဤဖြစ်ရပ်ကို မှီခဲ့သည့်ပုဂ္ဂိုလ်များရှိနေဦးမည်ဟု ထင်ပါသည်။ ထိုပုဂ္ဂိုလ်များကို လေ့လာစုံစမ်းကြည့်လျှင်တော့ ဒီဖြစ်ရပ်မှန် မမှန်ဆိုတာကို အတည်ပြုရှိရတာပေါ့။ ကျွန်တော်ကတော့ ကျွန်တော်ကြုံခဲ့ရတာကို အပိုမပါ ကြုံခဲ့ရသည့်အတိုင်း တင်ပြခြင်းသာဖြစ်ပါသည်။ ဒီလွယ်မောက်တောင်စေတီတော် ထီးတော်တင်လှူပူဇော်ခြင်းသည် မြန်မာနိုင်ငံတွင် ကျွန်တော်၏ ပထမဆုံးထီးတော်တင်လှူပူဇော်ပွဲကြီးပင် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတော့သည်။

O

www.burmeseclassic.com

အခန်း ၆၈

ဗုဒ္ဓဘာသာလေးနိုင်ငံ ထိပ်သီးအစည်းအဝေး

၂၀၀၃ ခုနှစ် ကျွန်တော်ဝန်ကြီးချုပ်တာဝန်စတင်ယူပြီး နှစ်လကျော်သုံးလနီးပါးကာလမှာ မြန်မာနိုင်ငံအတွက် အလွန်အရေးပါသည့် အစည်းအဝေးကြီးတစ်ရပ်ကို အိမ်ရှင်နိုင်ငံအနေဖြင့် ကျင်းပခဲ့တာဖြစ်ပါသည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၏ အကြံပြုချက်အရ ထေရဝါဒဗုဒ္ဓဘာသာလေးနိုင်ငံ ပါဝင်သည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအကောင်အထည်ဖော်ရေး အစည်းအဝေးကြီးကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံ ပုဂံရှေးဟောင်းမြို့တော်မှာ ကျင်းပခဲ့ပါသည်။ ယင်းအစည်းအဝေးသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့ တက်ရောက်လာကြပြီး မြန်မာက အိမ်ရှင်နိုင်ငံအနေနှင့် ကျွန်တော်က သဘာပတိအဖြစ် ဦးဆောင်ကျင်းပခဲ့ရသည်။

ဤလေးနိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေး (SUMMIT MEETING ON ECONOMIC COOPERATION STRATEGY) ကို ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက် အစည်းအဝေးခန်းမတွင် ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် စတင်ကျင်းပရာ

AGAN, MYANMAR
2 NOVEMBER 2003

ဂျပန်ထိုးစစ်-တပ်ကို မြန်မာ-တိုင်း၊ အယန်ပင်ဝန်ရှားရေး နဲ့ကြိုးတိုက်ခိုးသွားတဲ့ ဆောက်လုပ်ဆဲအတွင်းမှာ ထိပ်သီးအစည်းအဝေး
ပြည်တောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္တိကြီးမှူး ဗိုလ်ချုပ်ကြီးခင်ညွှန့်တက်လာတုန်းဧည့်။ (သတင်းစဉ်)

မြန်မာနိုင်ငံမှ ဝန်ကြီးချုပ်နှင့်အတူ အတွင်းရေးမှူး (၁) ဒုဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုသမ္မတကြီး)၊ ဝန်ကြီးအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲအချို့၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ဒုဝန်ကြီးများတက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်၊ ဒုဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ပင်တိုင်ပြု၍ ဤအစည်းအဝေးကြီးကို အောင်မြင်မှုရှိအောင် ဆောင်ရွက်ခဲ့ကြသည်။ အထူးသဖြင့် ၂၀၀၆ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌ၊ တာဝန်ယူရတော့မှာဖြစ်တာကြောင့် အာဆီယံထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်မှု ရယူသည့်အစည်းအဝေးသဘောမျိုးဖြင့် ဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

လေးနိုင်ငံ ထိပ်သီးအစည်းအဝေး

အဆိုပါလေးနိုင်ငံ ထိပ်သီးအစည်းအဝေးတွင် ဝန်ကြီးချုပ်များသည် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ကုန်သွယ်မှု၊ နယ်စပ်ဒေသများဖွံ့ဖြိုး

တိုးတက်မှု၊ လူသားစွမ်းရည်အရင်းအမြစ်များ လေ့ကျင့်သင်ကြားပေးမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်မှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတို့ကို အကျယ်တဝင့်ဆွေးနွေးကြရာ ငွေရေးကြေးရေးကဏ္ဍကို ထိုင်းနိုင်ငံက ဦးဆောင် ဦးရွက်ပြုဖို့ သဘောတူညီခဲ့ကြပါသည်။ ဤထိပ်သီးအစည်းအဝေး၏ အကြို ဆွေးနွေးပွဲများကို ရန်ကုန်မြို့တွင် ဝန်ကြီးများနှင့်အဆင့်မြင့်အရာရှိကြီးများဖြင့် ပြုလုပ်ခဲ့ကြသည်။

ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင်

လေးနိုင်ငံထိပ်သီးအစည်းအဝေးတွင် သဘာပတိ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ရာတွင် ခေါင်းဆောင်အားလုံး၏ သဘောတူညီချက်အရ ဤအစည်းအဝေးကို ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS)ဟုခေါ်တွင်၍ ဖော်ပြခဲ့ရသည်။ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပုဂံမြို့၌ BAGAN DECLAIRATION ပုဂံကြေညာချက်ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာခဲ့ကြပါသည်-

A celebration - Prime Ministers Hun Sen of Cambodia, Bounnhang Vorachith of Laos, General Khin Nyunt and Thaksin Shinawatra of Thailand in Bagan last week.

ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာဟွန်ဆန် နှင့် နွတ်ဆက်စဉ်

ဗုဒ္ဓဘာသာလေးနိုင်ငံ အစည်းအဝေးစတင်ကျင်းပစဉ်

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ၏ အဓိက ရည်မှန်းချက်များမှာ-

(၁) နယ်စပ်ဒေသများတွင် စွမ်းဆောင်ယှဉ်ပြိုင်နိုင်မှု မြှင့်တင်ရန်နှင့် ယခုထက် ပိုမိုတိုးတက်ဖွံ့ဖြိုးမှု ဖြစ်ထွန်းစေရန်။

(၂) စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အခွင့်အလမ်း ပိုမိုကောင်းမွန်သည့်ဒေသများသို့ ပြောင်းရွှေ့ရာ၌ ပိုမိုလွယ်ကူချောမွေ့စေရန်။

(၃) အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် လေးနိုင်ငံအကြား ဝင်ငွေကွာဟမှုကို လျှော့နည်းစေရန်။

(၄) လေးနိုင်ငံစလုံးတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်မျှတစွာ သာယာဝပြောမှုများ စဉ်ဆက်မပြတ် ဖြစ်ပေါ်စေရေးတို့ကို မြှင့်တင်ရန်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာချမှတ်ရေး လုပ်ငန်းမှာ-

(၁) လက်တွေ့အကောင်အထည်ဖော်လျက်ရှိသော နှစ်နိုင်ငံချင်းနှင့် ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဖြည့်စွက်မြှင့်တင်သွားရန်။

(၂) တစ်နိုင်ငံချင်း၏ စွမ်းဆောင်နိုင်မှု အားသာချက်များကို အသုံးချ၍ လက်တွေ့အကျိုးခံစားနိုင်မည့် ရလဒ်ကောင်းများ ဖော်ဆောင်ရန်။

(၃) ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များသည် အကောင်အထည်ဖော်နိုင်သည့် လုပ်ငန်းများဖြစ်ပြီး လေးနိုင်ငံစလုံးက လက်ခံရန်။

(၄) မိမိစိတ်ဆန္ဒအလျောက် ပါဝင်ဆောင်ရွက်ရန်၊ ရရှိလာသော အကျိုးကျေးဇူးများကို မျှတစွာခံစားနိုင်ရန်။

(၅) လေးနိုင်ငံစလုံး၏ တူညီဆန္ဒဖြင့်သာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် သတ်မှတ်သည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအောက်မှ ပူးပေါင်းဆောင်ရွက်ကြမည့်ကဏ္ဍများမှာ-

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေး

- သက်ဆိုင်ရာတစ်နိုင်ငံချင်း၏ စွမ်းပကားအားသာချက်များကို အပြည့်အဝ အသုံးချရန်။
- အလုပ်အကိုင်ရရှိရေးအခွင့်အလမ်းများ ဖော်ထုတ်နိုင်ရေးအတွက် ကုန်စည် စီးဆင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ချောမွေ့အဆင်ပြေရန်။
- ဝင်ငွေရရှိနိုင်မည့် အခွင့်အလမ်းများ ဖော်ထုတ်၍ စီးပွားရေးနှင့် လူမှုရေးအဆင့်ကွာခြားနေမှုကို လျှော့ချရန်။

စိုက်ပျိုးရေးနှင့်စက်မှု ပူးပေါင်းဆောင်ရွက်ရေး

- သက်ဆိုင်ရာနိုင်ငံများ၏ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ရှိပြီးသည့် အခြေခံအဆောက်အအုံများကို အဆင့်မြှင့်ခြင်း၊ ပူးပေါင်း ကုန်ထုတ်လုပ်ခြင်း၊ ဈေးကွက်များ ရှာဖွေခြင်းနှင့် ဝယ်ယူသုံးစွဲနိုင်မှုအတွက် စီစဉ်ပေးခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သတင်းဖလှယ်ခြင်း စသည်တို့ကို ပြုလုပ်ခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး ကြိုးပမ်းအားထုတ်မှုများကို အားဖြည့်မြှင့်တင်ရန်။

သယ်ယူပို့ဆောင်ရေး အဆက်အသွယ်များ

- လေးနိုင်ငံအကြား သယ်ယူပို့ဆောင်ရေး အဆက်အသွယ်များကို မြှင့်တင် အသုံးချသွားရန်။
- ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ စက်မှုကုန်ထုတ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ ချောမွေ့အဆင်ပြေစေရန်။

ဝန်ကြီးချုပ်သက်ဆင်နှင့် စကားလက်ဆုံကျစဉ်



ပုဂံပြတိုက်အတွင်းတွင် အစည်းအဝေးမစတင်မီ စကားလက်ဆုံကျနေစဉ်

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် ဝန်ကြီးချုပ်ဒေါက်တာသက်ဆင်

လေးနိုင်ငံအစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း
အထိမ်းအမှတ် အမှတ်တရ ဓါတ်ပုံရိုက်ကြစဉ်

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း

- လေးနိုင်ငံအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ပူးတွဲမဟာဗျူဟာများ ချမှတ်မြှင့်တင်ရန်။
- လေးနိုင်ငံအကြားတွင်လည်းကောင်း၊ အခြားဒေသများတွင်လည်းကောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်အတွက် ဆောင်ရွက်ရန်။

လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး

- လေးနိုင်ငံပြည်သူများနှင့် အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ရေး။
- ဒေသအတွင်း စွမ်းဆောင်ယှဉ်ပြိုင်နိုင်စေမည့် လူစွမ်းရည် အရင်းအမြစ် များဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများ ရေးဆွဲရေး။

သို့ဖြစ်၍ အောက်ပါတို့ကို သဘောတူကြပါသည်-

၁။ ပုဂံကြေညာချက်နှင့်အတူ ပူးတွဲထားသည့် ရှေ့လုပ်ငန်းစဉ်နှင့်ယင်း အောက်ရှိ လေးနိုင်ငံစလုံးနှင့်ဆိုင်သော စီမံကိန်းများ၊ နှစ်နိုင်ငံချင်းနှင့်ဆိုင်သော စီမံကိန်းများ ထိရောက်စွာနှင့် လျင်မြန်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးများကို တာဝန်ပေးအပ်ရန်။

၂။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ကြရာ၌ အထောက်အကူဖြစ်စေရန် ပုဂ္ဂလိကကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အားပေးတိုက်တွန်းကြရန်။

အစည်းအဝေးအပြီး အမှတ်တရ စုပေါင်းဓါတ်ပုံမှတ်တမ်းတင်စဉ်

၃။ နယ်စပ်ဒေသများတွင် ရင်းနှီးမြှုပ်နှံမှုအမြင့်ဆုံးရရှိရန်အတွက် အတိုးနှုန်း သက်သာသော ချေးငွေများ၊ အထောက်အပံ့များ ရရှိရေးကို ဆောင်ရွက်ကြရန်။

၄။ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရအဖွဲ့အကြီးအကဲများ ထိပ်သီးအစည်းအဝေးကို နှစ်နှစ်တစ်ကြိမ် ကျင်းပရန် ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိများ အစည်းအဝေးကို နှစ်စဉ်ကျင်းပရန်။

၅။ ယခုသဘောတူညီချက်ကို "ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ" သို့မဟုတ် ACMECS ဟု ခေါ်တွင်ရန်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပုဂံမြို့၌ ထုတ်ပြန်ကြေညာပါသည်။

လေးနိုင်ငံဝန်ကြီးချုပ်များ ရောဝတီမြစ်ကမ်းရှိ ရေယာဉ်ပေါ်သို့ ဆင်းသက်ကြစဉ်

သီရိပဓူယာဟိုတယ် မြက်ခင်းပြင်တွင် ညစာစားပွဲမစတင်မီ မီးရှူးမီးပန်းများ ပစ်လွှတ်နေမှုကို ကြည့်ရှုကြစဉ်

ဤလေးနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအစည်းအဝေး သို့ တက်ရောက်လာကြသော ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများကို အိမ်ရှင်ဝန်ကြီးချုပ်ဖြစ်သူက နိုဝင်ဘာလ ၁၁ ရက်နေ့ညတွင် ပုဂံမြို့ သီရိပစ္စယာဆာကူရာဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းကျွေးခဲ့သည်။

အဆိုပါလေးနိုင်ငံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရန်ကုန်မြို့ သို့ရောက်ရှိလာကြသော ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်တို့သည် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို နိုဝင်ဘာလ ၁၁ ရက်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်။

O

www.burmeseclassic.com

(ထ)

ကျွန်တော့်ဘဝကို ဆန်းစစ်ခြင်း

အခန်း **အကြောင်းအရာ**

၆၉။ ကျွန်တော့်ဘဝကို ဝေဖန်ဆန်းစစ်ခြင်း

၇၀။ ကျွန်တော့်အတွက် ကံကောင်းခြင်းများ

www.burmeseclassic.com

အခန်း ၆၉

ကျွန်တော်ဘဝကို ပြန်လည်ဝေဖန်ဆန်းစစ်ခြင်း

ကျွန်တော်၏ မိဘဆွေမျိုးအသိုင်းအဝိုင်းက အောက်ခြေအလွှာဆင်းရဲသည့် မိသားစုက မွေးဖွားကြီးပြင်းလာရသည့်အပြင်၊ အင်္ဂလိပ်ကိုလိုနီခေတ်ကာလ၊ ဂျပန်အုပ်စိုးသည့် ခေတ်ကာလအတွင်းမှာ ဖြတ်သန်းကျော်လွှားခဲ့ရတာကြောင့် အောက်ခြေလူတန်းစားအလွှာအတွက် ကိုယ်ချင်းစာစိတ်အမြဲရှိခဲ့ပါသည်။

လွတ်လပ်ရေးရပြီးသော်ငြားလည်းပြည်တွင်းရောင်စုံသောင်းကျန်းမှု ကဏ္ဍကို ကိုယ်တိုင်ထိတွေ့ခံစားရသည့်အပြင် စစ်ပြေးဒုက္ခသည်ဘဝဖြင့် တစ်နှစ်ခန့် ဘုန်းတော်ကြီးကျောင်းမှာ ရှောင်တိမ်းညအိပ်ရသည့် ဘဝများကိုလည်းကြုံခဲ့ရတာကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ တစ်နည်းအားဖြင့်ငြိမ်းချမ်းမှုကို အမြဲလိုလားတောင့်တခဲ့ရပါသည်။ ကိုယ်တိုင်တာဝန်ရှိသူတစ်ယောက်ဖြစ်လာတော့လည်း ငြိမ်းချမ်းရေးအတွက် ထက်ထက်သန်သန်တက်တက်ကြွကြွ လုပ်ကိုင်ခဲ့ရသည်ကိုလည်းမေ့၍ မရနိုင်ပါ။

တက္ကသိုလ်ရောက်တော့လည်းလူကုန်တန်သားသမီးများကဲ့သို့ မသုံးစွဲနိုင်ပဲ တက္ကသိုလ်ကျောင်းတက်နိုင်အောင် အစ်မများ၏ ပင်ပန်းကြီးစွာဈေးရောင်းခဲ့သည်ကိုလည်း ကိုယ်ချင်းစာစိတ်ဖြင့်၊ ချွေတာခြိုးခြံစွာဖြင့် ကျောင်းတက်ခဲ့ရသည့် တက္ကသိုလ်ကျောင်းသားဘဝကိုလည်း အမြဲအမှတ်ရလျက်ရှိပါသည်။

ဆရာကောင်း သမားကောင်းနှင့် တွေ့ကြုံ

တက္ကသိုလ်ကျောင်းသားဘဝကနေ တပ်မတော်ထဲရောက်ခဲ့တော့လည်း ရှမ်းပြည်နယ်တွင်းမှာ တာဝန်ထမ်းဆောင်ရတာကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တစ်နည်းအားဖြင့်ပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်းရေးသည် အလွန်အရေးပါလှကြောင်းကို သဘောပေါက်နားလည်ခဲ့ရပါသည်။ နောက်တစ်ချက်က အရာရှိငယ်ဘဝမှာ လက်ဦးဆရာကောင်းသမားကောင်းနှင့်တွေ့ကြုံရေးသည်လည်း အလွန်အရေးကြီးလှပါကြောင်း နားလည်သဘောပေါက် ခဲ့ရပါသည်။

အရာရှိငယ်ဘဝကနေ အတွေ့အကြုံရပါသော အရာရှိလတ်၊ နောက်တစ်ဆင့်အရာရှိကြီးအဆင့်အထိ ကူးပြောင်းရောက်ရှိလာသည့် ကာလတစ်လျှောက်လုံးတွင် တပ်တွင်းစည်းရုံးရေးအပြင် တပ်ပြင်စည်းရုံးရေး၊ တစ်နည်းအားဖြင့် ပြည်သူလူထုအတွင်းစည်းရုံးရေးကောင်းမွန်မှု၊ လူမှုဆက်ဆံရေးအဆင်ပြေချောမွေ့မှုသည် မိမိ၏လုပ်ငန်းတာဝန်အောင်မြင်ရေးအတွက် အလွန်အရေးပါလှတာကိုလည်း နားလည်သဘောပေါက်လာခဲ့ရပါသည်။ အရာရှိကြီးဘဝရောက်လာသည့် အခါမှာတော့ ခံယူချက်၊ ယုံကြည်ချက်နှင့် အတွေးအခေါ်၊ အယူအဆများ၊ နိုင်ငံတော်အပေါ်နှင့်ပြည်သူများအပေါ် ထားရှိရမည့် သဘောထားခံယူချက်နှင့် စေတနာမှန်၊ ရိုးသားဖြောင့်မတ်မှုတို့သည် အဓိကထားရှိရမည့် ခံယူချက်များပင်ဖြစ်ပါသည်။

တည်ငြိမ်အေးချမ်းရေးဦးစားပေးခဲ့

တိုင်းပြည်အတွက် အရေးပါသည့် တာဝန်များထမ်းဆောင်ရသည့် ကာလရောက်လာတော့ တိုင်းပြည်အတွက်အရေးကြီးဆုံးလိုအပ်ချက်သည် ဘာလဲဆိုတာကို စဉ်းစားတွေးခေါ်ပြီး၊ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းသာယာမှုကို ဦးစားပေးဆောင်ရွက်ခဲ့ရပါသည်။ ဒီနေရာမှာ နစ်နာသူတွေ။ ဘဝပျက်ခဲ့သူတွေနဲ့လည်း ကြုံခဲ့ရသည်။ ဒါပေမဲ့ ဦးတည်ချက်၊ ရည်မှန်းချက်ကိုတော့ သွေဖည်လို့မရနိုင်ပါ၊ ဒါကြောင့်လဲ တိုင်းရင်းသား

လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပြီးနောက် အပစ်အခတ် ရပ်ဆဲရေးနှင့် နယ်စပ်ဒေသ တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေး ဆောင်ရွက်ခဲ့ရသည်။ တိုင်းရင်းသားများ၏ လူနေမှုဘဝမြင့်မားရေးနှင့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်တိုးတက်လာအောင်လည်း ကြိုးပမ်း ဆောင်ရွက်ပေးခဲ့ပါသည်။

တဆက်တည်းမှာပဲ စီးပွားကုန်သွယ်မှုကောင်းမွန်တိုးတက်အောင်၊ တိုင်းပြည် စီးပွားရေးဘဝတိုးတက်မြင့်မားအောင်ကြိုးပမ်းခဲ့သော်ငြားလည်း ကျွန်တော်တို့အစိုးရအဖွဲ့၏ စီးပွားရေးပေါ်လစီသည် အခြေအနေနှင့် အံဝင်ခွင်ကျမဖြစ်တာရယ်၊ အနောက်အုပ်စုနိုင်ငံကြီးများ၏ ပိတ်ဆို့တားဆီးထားမှုတွေရယ် ကြောင့် အောင်မြင်သင့်သလောက်မအောင်မြင်ဘူးလို့ ဆိုနိုင်သည်။ ဒါပေမဲ့ မြန်မာ/ထိုင်း နယ်စပ်ကုန်သွယ်ရေး၊ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး၊ မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးတွေကြောင့် အသင့်အတင့်အဆင်ပြေခဲ့သည်ဟူ၍ ဆိုနိုင်ပါသည်။

ပြည်သူတို့အတွက်

သို့သော်လည်း တပ်မတော်အစိုးရလက်ထက်မှာ ဧရာဝတီမြစ်ကူးတံတားကြီးတွေတည်ထောင်ပေးနိုင်ခဲ့တာတွေ မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံး လက်ယှက်ထိုးလမ်းတွေပေါ်ထွန်းမှုနှင့် တံတားကြီးများဖြစ်ထွန်းပေါ်လာတာတွေ၊ ဆည်မြောင်းတာတမံ အကြီးစားကြီးများ တည်ဆောက်ပေးခဲ့တာတွေ၊ တိုင်းနှင့်ပြည်နယ်တွေကို အလွယ်တကူသွားနိုင်အောင်လမ်းပန်းဆက်သွယ်ရေးတည်ဆောက်မှုတွေ၊ လေယာဉ်ကွင်းကြီးများ တည်ဆောက်ပေးခဲ့မှုတွေကတော့ ပြည်သူတွေအတွက်များစွာ အထောက်အကူဖြစ်စေခဲ့ပါသည်။

ပညာရေး

ပညာရေးနှင့်ပတ်သက်၍ကတော့၊ ကျေးလက်ဒေသပညာရေးကတော့ အတော်အတင့်တိုးတက်မှုတွေရှိခဲ့သည်။ မြို့ပေါ်ပညာရေးနှင့် အဆင့်မြင့်

ပညာရေးမှာတော့ တိုးတက်သင့်သလောက်မတိုးတက်သေးဘူးလို့ဆိုနိုင်ပါသည်။ ဆရာကို ဗဟိုပြုသော သမားရိုးကျပညာရေးစနစ်ဖြစ်နေတာကြောင့် နိုင်ငံတကာ ပညာရေး စနစ်နှင့်လိုက်လျောညီထွေဖြစ်အောင်၊ ကျောင်းသားဗဟိုပြုသောပညာရေးစနစ်ဖြစ်ထွန်းအောင်ကြိုးစားကြရဦးမှာဖြစ်ပါသည်။

ကျွန်းမာရေး

ကျွန်းမာရေးနှင့်ပတ်သက်၍ကတော့ ဆေးရုံဆေးပေးခန်းတွေ အသင့်အတင့်ဖြစ်ထွန်းလာပေမယ့် ဆေးဝါးပစ္စည်းကိရိယာမစုံလင်မှုတွေ၊ ဌေးကြေးမလုံလောက်လျှင်ဆေးကုသမှုမလုပ်နိုင်တာတွေ၊ ရောဂါကြောင့်ရော၊ ထိခိုက်ဒဏ်ရာရမှုကြောင့်ရော သေဆုံးမှုနှုန်းများပြားနေတာတွေကတော့ ပြုပြင်ကြရဦးမှာဖြစ်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အစိုးရလက်အောက်တွင် ဝန်ကြီးဌာနဝန်ကြီးများသည် စီနီယာဝန်ကြီးများဖြစ်သဖြင့် ထိုဝန်ကြီးများသည် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌတို့နှင့်သာ တိုက်ရိုက်ဆက်ဆံဆောက်ရွက်ခဲ့ကြသဖြင့် အတွင်းရေးမှူး(၁) ကျွန်တော်သည် ထိုဝန်ကြီးများကို မလွန်ဆန်ရဲပါ၊ မလွန်ဆန် နိုင်ပါ၊ အထက်ကခိုင်းတာ၊ တာဝန်ပေးတာကိုပဲလုပ်ရပါသည်။ ဒါအမှန်တရားပါပဲ၊ အထက်ကခိုင်းသည်ဆိုတာကလည်း အစိုးရအဖွဲ့၏ ပေါ်လစီအရ ခိုင်းတာပဲဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ်ကာလ ရောက်တော့လဲ၊ ယခင်တိုင်းမှူးများက ဝန်ကြီးများဖြစ်လာကြပါသည်။ အဲဒီခေတ်ကာလမှာလဲ အကန့်စနစ်နှင့်တာဝန်ထမ်းရွက်ရသည့် ဝန်ကြီးဌာနများရှိလာပါသည်။ ထိုဝန်ကြီးဌာန ၇/၈ ခုအထက်အကြီးအကဲများမှ တိုက်ရိုက်ကွပ်ကဲဆောင်ရွက်ခြင်းဖြစ်သဖြင့် အတွင်းရေးမှူး (၁) က ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိပါ။ တပ်မတော်၏လုပ်ငန်းသဘောအရ အကန့်စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်တာကြောင့် ကျွန်တော့်အနေနှင့်သဘောပေါက်နားလည်ထားပြီးဖြစ်ပါသည်။ ဒါကြောင့်အတွင်းရေးမှူး (၁) လုပ်ပိုင်ခွင့်ရှိသည့် လုပ်ငန်းတာဝန်ရှိသလို လုပ်ပိုင်ခွင့်မရှိသည့်

ကျွန်တော်တို့ ယေဘုယျဘဝကနေ ဈေးရောင်းပြီး ကျောင်းနေနိုင်အောင် ကျေးမွေးစောင့်ရှောက်ခဲ့ကြသည့် အစ်မကြီးနှစ်ယောက်ကို မိခင်သဖွယ် ပြန်လည်စောင့်ရှောက်လျက်ရှိပါသည်။

လုပ်ငန်းပိုင်းလည်း ရှိနေပါသည်။ သို့သော်လည်းပဲ အစိုးရအဖွဲ့၏ ပေါ်လစီအရ ဆောင်ရွက်ကြရတာ ဖြစ်တာကြောင့် ကျွန်တော့်အနေနှင့်သဘောပေါက်နားလည် ထားပြီးဖြစ်ပါသည်။ ဒါကြောင့် အတွင်းရေးမှူး (၁) လုပ်ပိုင်ခွင့်ရှိသည့် လုပ်ငန်း တာဝန်ရှိသလို လုပ်ပိုင်ခွင့်မရှိသည့်လုပ်ငန်းပိုင်းလည်းရှိနေပါသည်။ သို့သော်လည်း ပဲ အစိုးရအဖွဲ့၏ ပေါ်လစီအရ ဆောင်ရွက်ကြရတာ ဖြစ်တာကြောင့် မည်သည့် အကြောင်းကိစ္စမျိုးပင်ဖြစ်စေ အစိုးရအဖွဲ့တွင်ပါဝင်ကြသူအားလုံးမှာတာဝန်ရှိ ကြပါသည်၊ တာဝန်ယူကြရမှာဖြစ်ပါသည်။

အတွင်းရေးမှူး (၁) ကို တိုက်ရိုက်တာဝန်ပေးပြီးဆောင်ရွက်စေသည့် လုပ်ငန်းများကိုတော့ ကျွန်တော့်အနေနှင့် လွတ်လပ်စွာလုပ်ဖိုင်ခွင့်ရှိပါသည်။ ဥပမာအားဖြင့် ငြိမ်းချမ်းရေးကိစ္စရပ်များ၊နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ် များ၊ လုံခြုံရေးနှင့်ထောက်လှမ်းရေးတာဝန်ကိစ္စရပ်များ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စ ရပ်များ၊ ဘာသာရေးဆိုင်ရာကိစ္စရပ်များဖြစ်ကြပါသည်။ သို့သော် အစိုးရ အဖွဲ့၏

ချမှတ်ထားသော ပေါ်လစီကိုတော့ သွေဖည်၍မရပါ၊ အစိုးရအဖွဲ့၏ ချမှတ်ထားသော ပေါ်လစီနှင့်အညီ ကြိုးပမ်းဆောင်ရွက်ခဲ့ရခြင်းသာဖြစ်ပါသည်။ တစ်ခုတော့ ရှိပါသည်။ ပြည်သူအများစု၏ အကျိုးစီးပွားအလို့ငှာဆောင်ရွက်ရတာဖြစ်တာကြောင့်တစ်ချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့အတွက်နစ်နာဆုံးရှုံးမှုတော့ရှိနိုင်ပါသည်။ ဒီလို နစ်နာဆုံးရှုံးသူများကိုတော့ ကျွန်တော့်အနေနှင့် တောင်းပန်အပ်ပါသည်။

ဘာသာရေးနှင့်ပတ်သက်၍ ရွှေတိုဂုံစေတီတော်မြတ်ကြီး တာဝရာဂ်စုံ ပြုပြင်မွမ်းမံခြင်း၊ ဆောင်းတန်းကြီးလေးသွယ်ပြုပြင်မွမ်းမံခြင်း၊ ရင်ပြင်တော်နှင့် ပတ်လည်ရှိသာသနိုက အဆောက်အအုံများပြုပြင်မွမ်းမံခြင်းအပြင် ရွှေထီးတော်မြတ်ကြီးအသစ်တင်လှူပူဇော်မှုကတော့ ကျွန်တော့်အတွက် အထွတ်မြတ်ဆုံး၊ အမွန်မြတ်ဆုံး ကြိုးပမ်းဆောင်ရွက်မှုများပင်ဖြစ်ပါသည်။

ဒါ့အပြင် အာဘယလာဘမုနိ ကျောက်တော်ကြီး ရုပ်ပွားတော်မြတ်ကြီး စကျင်တောင်မှ ရန်ကုန်မြို့သို့ ဧရာဝတီမြစ်ကြောင်းအတိုင်းပင့်ဆောင်ယူခဲ့ရခြင်းကလည်း အထူးခြားဆုံးကြိုးပမ်းဆောင်ရွက်မှုပင်ဖြစ်ပါသည်။ ဤရုပ်ပွားတော်မြတ်ကြီးပင့်ဆောင်ပူဇော်နိုင်ရေးအတွက် ကူညီဆောင်ရွက်ကြသည့် မီးရထားဝန်ကြီး ဦးပန်းအောင်(ကွယ်လွန်)နှင့် ဝို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ(ဦးမိုး) တို့ကိုလည်း အထူးကျေးဇူးတင်ရှိရမှာဖြစ်ပါသည်။ ဒီ့အပြင် တစ်နိုင်ငံလုံးမှာရှိကြသည့် ရှေးဟောင်းစေတီပုထိုးများ၊ သာသနိုက အဆောက်အအုံများကို ပြုပြင်မွမ်းမံပေးရခြင်း၊ ပစ္စည်းပစ္စယအထောက်အကူပြုပေးရခြင်းများကြောင့်လည်း သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက်ကိုလည်း များစွာအထောက်အကူဖြစ်စေခဲ့ပါသည်။ နယ်စပ်ဒေသပါမကျန်တစ်နိုင်ငံလုံးရှိ စေတီပုထိုးများကိုလှည့်လည်ထီးတော်တင်လှူ ပူဇော်ပေးခဲ့ရသည့် ကုသိုလ်ပြုမှုများကလည်း ရာဂဏန်းမကရှိတာကြောင့်အလွန်ဝမ်းမြောက်ဝိတိဖြစ်ခဲ့ရပါသည်။

ယဉ်ကျေးမှုသမိုင်း

ယဉ်ကျေးမှုပိုင်းနှင့်ပတ်သက်၍လည်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ နေရာဒေသများဖော်ထုတ်မှုကို အားပေးခြင်း၊ ပုဂံမြို့ကြီးကို ပြန်လည်စည်ပင်အောင်

စနစ်တကျထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ ယဉ်ကျေးမှု ပြတိုက်ကြီးများ စနစ်တကျပေါ်ထွန်းလာအောင်ဆောင်ရွက်ပေးခြင်းစသည့်ကူညီပံ့ပိုးမှုများအပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖော်ထုတ်မှုများမှာ ကူညီပံ့ပိုးပေးခဲ့ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုကရေးတီးပြိုင်ပွဲကြီးများကို နှစ်စဉ်အစဉ်အလာမပျက်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းစသည်များကြောင့်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုများမှာ မယိုင်မလဲပဲ ခိုင်ခိုင်မြဲမြဲရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအချိန်မှာ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာများနှင့် မအပ်စပ်သည့် နိုင်ငံခြားကဝင်ရောက်လာသော ဓလေ့စရိုက်ဆိုးများနှင့် လျှပ်ပေါ်လော်လီသော ဝတ်စားဆင်ယင်မှုများအလွန်ခေတ်စားနေကြသဖြင့် မြန်မာရိုးရာယဉ်ကျေးမှုကို ကာကွယ်ထိန်းသိမ်းမှုကတော့ အရေးပါသည့် အခန်းကဏ္ဍကပါဝင်နေပြီဟူ၍ဆိုနိုင်ပါသည်၊ ဒါကိုတော့ ပြည်သူအားလုံးအပါအဝင်အလေးအနက်ထားဆောင်ရွက်ကြရမှာဖြစ်ပါသည်။

ထေရဝါဒ ဗုဒ္ဓဘာသာနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို လူမျိုးအစွဲ၊ ဒေသအစွဲမထားကြပဲ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည်ဟု ခံယူကြကာ ဂုဏ်ယူဖွယ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို မင်းအစိုးရနှင့် ပြည်သူများ သဘောထားတူညီစွာဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမယ့် အချိန်ကာလ သို့ရောက်ရှိနေပြီဟု ခံယူလျက် ဆောင်ရွက်ကြရမှာဖြစ်ပါသည်။

သစ်တောများကုန်သလောက်ရှိ

ကျွန်တော်အရာရှိဌယ်ဘဝနှင့် အရာရှိလတ်၊ အရာရှိကြီးဘဝများတွင် ထိုင်းနှင့်ပြည်နယ်အနှံ့ အစွန်အဖျား နယ်စပ်ဒေသများပါမကျန် ရောက်ခဲ့ရာတွင် ကျွန်းတောကြီးများ၊ သစ်တောအုပ်ကြီးများမှာ လက်ညှိုးထိုးမလွဲနေရာအနှံ့တွေ့မြင်ခဲ့ရသော်လည်း ကျွန်တော်တို့တပ်မတော်အစိုးရလက်ထက်မှာ ကျွန်းတော၊ သစ်တောကြီးများ ကုန်သလောက်ဖြစ်သွားပါပြီ၊ နိုင်ငံခြားငွေရှိရှိအောင် ခုတ်လှဲရောင်းချမှုကြောင့်သော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများက မသမာသူမှောင်ခိုသမားများနှင့်ပူပေါင်းကာ မှောင်ခို ခိုးယူမှုများကြောင့်သော်လည်းကောင်း သစ်တောဖြုန်းတီးမှုများသည် အံ့သြလောက်အောင်မြန်ဆန်ခဲ့တာကို ကြုံခဲ့ရသည်။

သက်ဆိုင်ရာတာဝန်ရှိသူတွေကလည်း သစ်တောများပြန်လည် ဖြစ်ထွန်းအောင် ထိထိရောက်ရောက်ဆောင်ရွက်မှုအားနည်းတာတွေကြောင့် ရာသီဥတုပြောင်းလဲ ဖြစ်ပေါ်မှုတွေသည် မကြံ့စဖူး ကြုံတွေ့နေရပြီဖြစ်ပါသည်။ အားလုံးမှာတာဝန်ရှိသည်ဟု ခံယူကြပြီး သစ်တောများပြန်လည်ဖြစ်ထွန်းလာအောင် ရေရှည်စီမံချက်ဖြင့် ဆောင်ရွက်ကြဖို့လိုပြီဟုထင်ပါသည်။

စနစ်ကျသောစက်မှုလယ်ယာ

ကျွန်တော်တို့မြန်မာနိုင်ငံသည် ဘိုးစဉ်ဘောင်ဆက်စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည်နှင့်အညီ ပြည်သူအများစုသည် စိုက်ပျိုးရေးသမားများဖြစ်ကြပါသည်။ စက်မှုနိုင်ငံဖြစ်ထွန်းရေးထက် စနစ်ကျသော စက်မှုလယ်ယာစိုက်ပျိုးရေးစနစ်ကို ထူထောင်မှုသည် ပို၍ ဖြစ်နိုင်ခြေရှိသည်ဟု ထင်မြင်ပါသည်။ နေရာဒေသအလိုက် မတူညီကြသော၊ ရာသီဥတုအနေအထား၊ မြေသယံဇာတအနေအထား၊ တောင်သူလယ်သမားများ၏ ဆင်းရဲနွမ်းပါးမှုအနေအထားတို့နှင့် လိုက်လျောညီထွေဖြစ်မည့် စိုက်ပျိုးရေးပေါ်လစီချမှတ်ကာ တကယ်ဖြစ်ထွန်းလာအောင် အကောင်အထည်ဖော်ဘို့လိုအပ်နေပြီဟု ထင်မြင်ပါသည်။

ကျွန်တော့်မှာလည်းတာဝန်ရှိ

ကျွန်တော်ကြုံခဲ့ရသည့်အခြေအနေတွေပြန်ကြည့်လျှင် နဝတ၊ နယက အစိုးရအဖွဲ့ထဲမှာ ကျွန်တော်လည်းပါဝင်လုပ်ရှားဆောင်ရွက်ခဲ့ရတာကြောင့် ကောင်းတာရော၊ ဆိုးတာရော တာဝန်ယူမှုမှာ ကျွန်တော်လည်းတာဝန်ရှိသူတစ်ယောက်ဖြစ်ပါသည်။ ဒီအစိုးရအဖွဲ့ထဲမှာ တာဝန်ယူခဲ့သူအားလုံးမှာ တာဝန်ရှိကြသည်ဟု ခံယူကြရမှာဖြစ်ပါသည်။ ကောင်းတာကိုတော့ ငါလုပ်တာ၊ ဆိုးတာကိုတော့ ငါလုပ်တာမဟုတ်ဘူး၊ သူပဲလုပ်တာပါဟူ၍ ရှောင်လွှဲလို့မရပါ။ ဘယ်အစိုးရပဲ တက်တက် အစိုးရ၏သက်တမ်းတစ်ခုမှာကောင်းတာတွေလည်း လုပ်ခဲ့မည်၊ မကောင်းတာတွေလည်း လုပ်ခဲ့ကြရမှာပါ၊ ဒါကလည်း အစိုးရအဖွဲ့၏ ပေါ်လစီ ပေါ်မူတည်လျက်ကောင်းတာလဲလုပ်ဖြစ်သလို မကောင်းတာတွေလည်း

လုပ်မိကြမှာဖြစ်ပါသည်။ စေတနာမှန်ကန်ဘို့နှင့် ရိုးသားဖြူစင်ဘို့၊ မှန်ကန်မှုကို အခြေခံ၍ လုပ်ရဲကိုင်ရဲဖို့သည်သာ အဓိကဖြစ်ပါသည်။ ကျွန်တော်၏ တင်ပြချက်များ အမှားပါလျှင် ခွင့်လွှတ်ပါလို့တောင်းပန်အပ်ပါသည်။

ကျွန်တော်တို့နိုင်ငံတော်အစိုးရက အရေးယူအပြစ်ပေးပြီးနောက် ပြစ်ဒဏ်ကလွတ်ငြိမ်းချမ်းသာခွင့်ရသည့်အခါ ကျွန်တော်၏ မိသားစု၏ ဘဝရှေ့ရေးအတွက် ပုံမှန်ဝင်ငွေရရှိအောင် ကော်ဖီဆိုင်၊ အမှတ်တရပစ္စည်းဆိုင်နှင့် အနုပညာပြခန်းငယ်တို့ကို ဖွင့်လှစ်ပြီးအေးချမ်းသည့်ဘဝကို ထူထောင်တည်ဆောက်နေပြီဖြစ်ပါသည်။ အမှန်တကယ်လည်း ဘဝအေးချမ်းမှုရရှိပါသည်။

တပည့်သားမြေးများ

တစ်ခါတရံတော့လည်း ကျွန်တော်၏ တပည့်သားမြေးများမလွတ်မြောက်ကြသေးတာကို စဉ်းစားမိသည့်အခါမှာတော့ စိတ်မကောင်းဖြစ်ရသည့်အခါ မျိုးလည်းရှိခဲ့သလို ဆက်လက်လည်းရှိနေဦးမည်ထင်ပါသည်။ နယ်စပ်ဒေသနှင့် အစွန်အဖျားဒေသတွေမှာ တာဝန်ထမ်းရွက်ကြသည့် ကျွန်တော့်တပည့်များ၏ မှားယွင်းသော လုပ်ဆောင်မှု၊ လောဘတက်မှု၊ အာဏာအလွဲသုံးစားပြုမှုတွေကြောင့် ထောက်လှမ်းရေးတစ်ဖွဲ့လုံးပြိုကွဲသွားရသည်ကို သံဝေဂရမိပါသည်။ အမှန်ကတော့ ထောက်လှမ်းရေးတစ်ဖွဲ့လုံးမကောင်းကြသည်မဟုတ်ပါ၊ ကောင်းရာကောင်းကျိုးဆောင်ရွက်ကြသူ၊ သစ္စာရှိကြသူ၊ အမှန်အကန်ဆောင်ရွက်ကြသူများလည်း အများအပြားရှိကြပါသည်။ ဒါပေမဲ့တပည့်များကို အပြစ်ပုံချလို့မရပါ၊ ကျွန်တော်သည် တာဝန်ခံတာဝန်ရှိသူတစ်ယောက်ဖြစ်သဖြင့် အားလုံးအတွက် တာဝန်ရှိသူ တာဝန်ခံရမည့်သူ တာဝန်ယူရမည့်သူ ဟုခံယူပါသည်။

သူဌေးဖြစ်သူရှိပါမည်

ကျွန်တော့်တပည့်များထဲမှာ တစ်ချို့လည်း သူဌေးဖြစ်သွားသူရှိကောင်းရှိနိုင်ပါသည်။ ဒါကတော့ နည်းပါသည်။ နေနိုင်စားနိုင်သည့်အဆင့်တော့ ရှိပါမည်။ ဇနီးလုပ်သူများ၏ အကျပ်အတည်းပေါင်းစုံထဲက ကြိုးပမ်းရုန်းကန်

ဆောင်ရွက်နိုင်ခဲ့တာကြောင့် သားသမီးများ ပညာရေးမှာ အဆင်ပြေခဲ့ကြသလို တစ်ချို့ဆိုရင်လည်း ရုန်းကန်လုပ်ရှားမှုအားနည်းတာကြောင့် အခက်အခဲမျိုးစုံဖြင့် ရင်ဆိုင်ရကာ ဘဝပျက်ခဲ့သူတွေလည်းအများအပြားရှိခဲ့ပါသည်။ ယင်းဖြစ်စဉ်များ ကတော့ တစ်ချို့နိုင်ငံရေးလုပ်သူတွေမှာလဲ တွေ့ကြုံရမှာမို့ ကိုယ်ချင်းစာမိပါသည်။ အများအယွင်းလုပ်ခဲ့သူ ကျွန်တော့်တပည့်များကိုယ်စား ပတ်သက်ခဲ့သူများကို တောင်းပန်အပ်ပါသည်။

ကျွန်တော်အနေနှင့်ကတော့ အသက်အရွယ်လည်းရလာပြီဖြစ်တာကြောင့် ဘုရားအလုပ်၊ တရားအလုပ်များကိုသာ အာရုံပြုပြီး ကုသိုလ်ရမည့် အလုပ်မျိုး၊ အမျိုးဘာသာ သာသနာအကျိုးဖြစ်ထွန်းစေမည့်အလုပ်မျိုး၊ အများပြည်သူ အကျိုးဖြစ်ထွန်းစေမည့် အလုပ်မျိုးကိုသာ ကြိုးစားဆောင်ရွက်သွားမည်ဟု သံနိဋ္ဌာန်ပြုထားပါကြောင်း တင်ပြအပ်ပါသည်။

O

www.burmeseclassic.com

အခန်း ၇၀

ကျွန်တော့်အတွက် ကံကောင်းခြင်းများ

ကျွန်တော့်အတွက် ကံကောင်းရှိ အသက်ဘေးက လွတ်မြောက်ခဲ့ရတဲ့ဖြစ်စဉ်ဖြစ်ရပ်များကြုံခဲ့ရဖူးတာတွေကို ပြောပြချင်ပါသည်။ မြန်မာနိုင်ငံဟာ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံဖြစ်တာကြောင့် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟုဆိုအပ်သော ရတနာမြတ်သုံးပါးကို ကျွန်တော်သည် အလွန်ကြည်ညိုကိုင်းရှိုင်းသူ တစ်ယောက်ဖြစ်ပါသည်။ ဘာသာ၊ သာသနာအတွက်ဆိုရင် အချိန်မရွေး၊ မိမိစွမ်းနိုင်သမျှ စွမ်းဆောင်မှုပြုလေ့ရှိပါသည်။ တစ်နိုင်ငံလုံးမှရှိသည့် တစ်ခိုးကြီးသည့်ရှေးဟောင်း စေတီပုထိုးများ၊ ရှေးဟောင်းကျောင်းတော်ကြီးများ၊ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများပြုပြင်မွမ်းမံမှုများကို အလေးထားဆောင်ရွက်ပေးခဲ့တဲ့အပြင်၊ တန်ခိုးကြီးစေတီတော်ကြီးများ ဘက်စုံပြုပြင်မွမ်းမံမှုများ၊ ရွှေထီးတော်တင်လှူပူဇော်မှုများကို အခွင့်ကြုံရင်ကြုံသလိုကောင်းမှုကုသိုလ်ပြုခဲ့တာ အမှန်ပါပဲ။

မုတ်မိသမျှ

ကျွန်တော်မုတ်မိသမျှ တင်ပြရမည်ဆိုလျှင် ပုဂံဘုရားများပြုပြင်မွမ်းမံမှု၊ ရွှေတောင်မြို့အနီးကရွှေနတ်တောင်စေတီတော်ကြီးပြုပြင်မွမ်းမံမှု၊ ကောလင်းမြို့က ခမောက်တောင်စေတီတော်ကြီးထီးတော်တင်လှူပူဇော်မှု၊ ပြည်တစ်ဖက်ကမ်း

၂၀၁၂ ခုနှစ်၊ ဖေဖေလအတွင်းက သားများ၊ မြေးများနှင့်အတူ
ရဟန်းခံခြင်း၊ ရှင်ပြုခြင်း၊ မြေးမလေးများ သီလရှင်ဝတ်ခြင်းတို့ ပြုလုပ်ကြစဉ်

က ရွှေဘုံသာမိုန်စေတီတော်ကြီးပြန်လည်ပြုပြင်တည်ဆောက်မှု၊ ပဲခူးမြို့က စိန်သာလျှောင်း ရုပ်ပွားတော်မြတ်ကြီးကိန်းဝပ်ရာ တန်ဆောင်းတော်ကြီး တည်ဆောက်မှု၊ ပဲခူးမြို့ကမြသာလျှောင်းရုပ်ပွားတော်မြတ်ကြီး ပြန်လည်တည်ဆောက်မှု၊ ကျိုက္ကဆံ့စေတီတော်မြတ်ကြီးမွမ်းမံမှု၊ သုဝဏ္ဏမြို့ဦးစေတီတော် ကြီးတည်ဆောက်မှု၊ ဒဂုံမြို့သစ် မြို့ဦးစေတီတော်ကြီးတည်ဆောက်မှု၊ ကျိုက်ပါဒကြီး စေတီတော်မြတ်ကြီး ပြန်လည်တည်ဆောက်မှု၊ မြောက်ဦးမြို့စေတီတော်များ ပြုပြင်မွမ်းမံမှု၊ မြောင်းမြမြို့က ရွှေဗုဒ္ဓေါစေတီတော်ကြီးတည်ဆောက်မှု၊ ကျိုက် ထီးရိုးစေတီတော်ကြီးရွှေထီးတော်တင်လှူပူဇော်မှု၊ ကျိုက်ထီးဆောင်းစေတီ တော်ကြီး ရွှေထီးတော်တင်လှူပူဇော်မှု၊ လောကချမ်းသာအာဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ထုဆစ်ပူဇော်မှု၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဆောင်းတန်းကြီးလေးသွယ်ပြုပြင်မွမ်းမံမှုနှင့် ရွှေထီးတော်ကြီး တင်လှူပူဇော်မှုစသည့် သာသနာ ပြုလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုကာ ကုသိုလ်ရေးဆောင်ရွက်မှုများကိုလည်း၊ ဆရာတော်

ကြီးများ၏လမ်းညွှန်မှုကို ခံယူလျက်ကုသိုလ်ကောင်းမှုများကို အခါမလပ် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါ၏။

ဤကဲ့သို့ ကုသိုလ်ကောင်းမှုအရှိန် အဟုန်ကြောင့် အသက်ဘေးကလွတ်မြောက်ခဲ့ရသည်ဟု ကျွန်တော့်အနေနှင့် ယုံကြည်မိတာအမှန်ပါပဲ။

မရေရာသည့်ခရီးရှည်ကြီး

ပထမအဖြစ်အပျက်တစ်ခုကတော့ ၁၉၉၄ခုနှစ်လောက်ကပေါ့၊ အတွင်းရေးမှူး(၁) ခရီးစဉ်အနေနှင့် ရခိုင်ပြည်နယ်ကို သွားခဲ့တာပါ၊ အထူးသဖြင့် ဘူးသီးတောင်နှင့်မောင်တောဒေသဖွံ့ဖြိုးရေးနှင့်နယ်စပ်ဒေသလုံခြုံရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူမှုဘဝလုံခြုံရေးတို့အတွက် စီမံခန့်ခွဲပေးခြင်း၊ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ လုံခြုံရေးဆိုင်ရာများ စစ်ဆေးခြင်းတို့ဆောင်ရွက်ရန် စစ်တွေက ရဟတ်ယာဉ်နှစ်စင်းဖြင့် ဘူသီးတောင်မြို့ကို အရင်သွားတာပါ။ ဘူးသီးတောင်မှဆောင်ရွက်ဖွယ်ရာများပြီးစီးတော့ မောင်တောမြို့နယ် မြောက်ဘက်အစွန်ဘင်္ဂလားဒေ့ရှ်နယ်စပ်က အောင်သပြေစခန်း၊ တောင်ပြိုလက္ခ်ာ၊ တောင်ပြိုလက်ဝဲ စခန်းတို့ကို ဖြတ်ကျော်ပြီးနောက် မောင်တောသို့

အီတလီနိုင်ငံ၊ ရောမမြို့မှ ရောက်ရှိလာသော ကက်သလစ်ဘုန်းတော်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် (၂၀၀၄ ခုနှစ်၊ ဇွန်လ)

ညနေ သုံးနာရီလောက်မှာရောက်ပါသည်။ အဲဒီမှာဌာနဆိုင်ရာ၊ မြို့လူထုတို့နှင့် တွေ့ဆုံ ဆွေးနွေးပြီးလိုအပ်ချက်များဖြည့်ဆည်းပေးခြင်း၊ လုံခြုံရေးအတွက် လှည့်လည် စစ်ဆေးခြင်းတို့ပြုလုပ်လိုက်တာမှာ ညနေ၇နာရီခွဲသွားရော၊ စစ်တွေကို ပြန်ရမှာနာရီဝက်လောက်ကြာမှာဆိုတော့ မိုးမမှောင်ခင်ရောက်မှာပဲဟူ၍ တွက်လိုက်မိပါသည်။ မောင်းတောကရဟတ်ယာဉ်တကယ်ကွက်ချိန်က ၅ နာရီ ၄၅ မိနစ် လောက်မှာထွက်နိုင်တယ်။ ကံဆိုးချင်တော့ ခရီးတစ်ဝက်လောက်လည်း ရောက်ရော လေပြင်းတိုက်ပြီးမိုးသည်းထန်စွာရွာတော့တာပါပဲ၊ အလယ်သံကျော် ရွာ အလွန်လောက်လို့ မှန်းလို့ရပါသည်။ အဲဒီအချိန်မှာ ရဟတ်ယာဉ်၏ ရှေ့မြင်ကွင်းလည်းပျောက်၊ ဘယ်ဘက်မှာက မေယုတောင်ကျောတောင်တန်း၊ ညာဘက်မှာက ပင်လယ်ပြင်ဆိုတော့ ပိုင်းလော့အနေနှင့် အလွန်ခက်ခဲပြီးစိုးရိမ်နေတာကို ခန့်မှန်းလို့ရပါသည်။ ပိုင်းလော့အနေနှင့် တောင်ဘက်စူးစူးကို ဦးတည်သော်လည်း မိုးကမတိတ်သေး၊ မှောင်လည်းမှောင်လာပြီ၊ စစ်တွေက မီးရောင်ကိုလည်း မမြင်ရသေး။ အောက်ကိုကြည့်တော့လည်း ဘာမှမမြင်၊ ရှေ့ရောဘေးဘယ်ညာကြည့်တော့လည်း



အင်းစိန်ကျမ်းစာကျောင်းဖွင့်ပွဲတွင် ဦးအေးစိုးမြင့် နှင့် ဦးခွန်မြတ်တို့က ခရစ်ယာန်မိသားစုများနှင့်အတူ အတွင်းရေးမှူး(၁)အား ကြိုဆိုနှုတ်ဆက်စဉ်

ဗိုလ်ချုပ်ခင်ညွန့်ဆောင်ပေးသော ဘဝင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဒေါ်အေးကိုက်တာ အေါ်ဝင်းဝင်းတို့အား နုလိုင်းရေတိုက ကမ္ဘာ့ဘုန်းတော်ကြီးကြည်ပေတာ လန်တောင်းဘုရားပွဲတော်ပြုတုတို့ ဧရာလက်ဆောင်ပြန်ပေးပို့ခဲ့စဉ် (သတင်းဓာတ်ပုံ)

၂၀၀၃ ခုနှစ် တရုတ်ပြည် ချစ်ကြည်ရေး ခရီးစဉ်ကာလက ဟောင်ကောင်ဒေသ လန်တောင်း ရုပ်ပွားတော်ကြီးရှိ ဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်က ရုပ်ပွားတော်တစ်ဆူ ပူဇော်ရန် ချီးမြှင့်စဉ်။

ဘာမှမမြင်၊ မှောင်ထဲမှာ စိုးရိမ်စိတ်နှင့် သွားနေရသည်။ ဘယ်ဘက်ကိုလည်း သိပ်ယိမ်းရှိမရ၊ သိပ်ယိမ်းလိုက်ရင် တောင်တန်းနှင့်မလွတ်၊ ညာဘက် သိပ်ယိမ်းလိုက်ရင်လည်း ပင်လယ်ပြင်ထဲပိုရောက်သွားမယ်၊ အချိန်ကလည်း ၆ နာရီခွဲ လောက်ရောက်ရှိနေပြီ၊ မှောင်ထဲမှာစမ်းတဝါးဝါးနှင့်သွားနေကြသည်မှာ အားလုံးက စိုးရိမ်နေကြသည်၊ အောက်ကိုစူးစိုက်ကြည့်တဲ့အခါ ဗျိုက်တောများပိုးတိုးဝါးတား မြင်ရသော်လည်း ဆင်းလို့မဖြစ်၊ ရှိထဲနစ်ဝင်သွား မှာစိုးရသည်။ ပိုင်းလော့ကလည်း အလွန်စိုးရိမ်နေပြီး ရဟတ်ယာဉ်က နှစ်စင်းဆိုတော့ တစ်စင်းနှင့်တစ်စင်း မတိုးမိ အောင်၊ အထက်အောက်အနေအထားဖြစ်အောင် တစ်ဖက်ကလည်းထိန်းရသည်၊ ပိုင်းလော့ကလည်း အတွေ့အကြုံရှိသည်၊ ဗိုလ်မှူးရဲတင့် ဖြစ်လို့စိတ်သက်ရာ ရမိသည်၊ သို့သော် မရေရာသည့်ခရီးရှည်ကြီးသွားနေသလိုပဲ ထင်ရသည်။

ဒါနဲ့ ခုနှစ်နာရီထိုးလောက်မှာ ကံကောင်းချင်တော့ မီးရောင်လေးလက် ခနဲမြင်လိုက်ရတာနဲ့ အဲဒီနေရာကို အတင်းဆင်းချလိုက်တော့ လယ်ကွင်းစပ်က ဘုန်းတော်ကြီးကျောင်းကြီးကို နွားတင်းကုတ်၊ အနီးမှာက ဘုန်းကြီးကျောင်း၊

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် အင်းစိန်အောင်ဆန်းတောရတပ်ဦးကျောင်းမှ ဒုတိယအကြိမ် ဝိပဿနာတရားအားထုတ်စဉ်

အမိုးက သွပ်မိုးဆိုတော့ လက်ခနဲ မြင်လိုက်ရတာ၊ တော်သေးတာပေါ့၊ အဲဒီမှာတင် နွားတင်းကုပ်ကုန်းအမာခံပေါ်မှာ ဆင်းမိရက်သားဖြစ်သွားတယ်၊ ကျွန်တစ်စင်းကို လည်းဘေးမှာကပ်ပြီးဆင်းခိုင်းလိုက်ရသည်။ ညခုနစ်နာရီရှိနေပါပြီ၊ အဲဒီမှာရွာထဲက လူတွေပြေးထွက်လာကြလို့ ဒီနေရာ ဘယ်နေရာရောက်နေပြီလဲလို့ မေးလိုက်တော့ ရသေ့တောင်မြို့ရဲ့ အနောက်ဘက် မေယုမြစ်ရဲ့ အနောက်ဘက်ကမ်းဖြစ်တယ်ဆိုတာ သိရတော့တယ်၊ ဒီက ပြန်တက်လို့လက်ညှိုးညွှန်ရာဘက်ကိုပြန်တက်လိုက်ရင် ၁၁းမိနစ်ဆိုရင် ရသေ့တောင်မြို့ကိုရောက်မယ်လို့သိလိုက်ရပါတယ်၊ ဒါကြောင့် အချိန်သိပ်ဆိုင်း မနေတော့ပဲ ချက်ချင်းပဲ ရွာသားများလက်ညှိုးညွှန်ရာဘက်ကို ရဟတ်ယာဉ်နှစ်စင်းစလုံး ပျံတက်လိုက်တာ၊ အရှေ့စူးစူးမှာ မီးရောင်တွေ လှမ်းမြင်လိုက်ရော အဲဒီနေရာကို တဖြည်းဖြည်းချင်းဆင်းလိုက်တော့၊ ကားမီးတွေထိုးထားတဲ့ ဘောလုံးကွင်းဖြစ်တာနဲ့ စိတ်ချလက်ချဆင်းလိုက်ကြရတယ်၊ အချိန်ကြည့်လိုက်တော့ ည(၇)နာရီ (၁၀)မိနစ်ဖြစ်နေပြီ၊ ဘောလုံးကွင်းကလဲ တပ်ရင်းဌာနချုပ်က ဘောလုံးကွင်း၊ ဖြစ်နေသည်။ တိုင်းစစ်ဌာနချုပ်က ညွှန်ကြားချက်ရထားသည်၊ ရဟတ်ယာဉ်နှစ်စင်းအဆက်အသွယ်မရ ဖြစ်နေသည်။ ရသေ့တောင်ဘက်



၂၀၁၂ ခုနှစ်၊ ဖေဖေါ်လဘတွင်း ဦးခင်ညွှန့် ရဟန်းခံစဉ်

စစ်တွေတိုင်းစစ်ဌာချုပ်က ရဟတ်ယာဉ်နှစ်စင်းပျောက်နေပြီ၊ အဲဒီဘက်ကို ရောက်ချင်ရောက်နိုင်သည်၊ ဘောလုံးကွင်းမှာကားမီးများထိုးပြီး ဆင်းကွင်းကို ထိုးပြရန် ကြေးနန်းပို့ထားသည်ဟု တပ်ရင်းမှူးကပြောသည်။အဲဒီတော့မှပဲ သက်ပြင်းချနိုင်ပါတော့တယ်။

ပါဝင်တဲ့သူတွေ

အဲဒီတုန်းက ရဟတ်ယာဉ်ပေါ်မှာပါလာတဲ့သူတွေကတော့ အတွင်းရေးမှူး (၁)၊ ကျွန်တော်ရယ်၊ တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့်၊ နယ်စပ်ဒေသဝန်ကြီး ဗိုလ်ချုပ်

မောင်သင့်၊ ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဗိုလ်ချုပ်ကျော်ဘာ၊ ပညာရေးဝန်ကြီးဦးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဗိုလ်ချုပ်သန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်သိန်းဝင်း၊ ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်မျိုးသန့်၊ ရဲချုပ်ဦးစံသိန်း၊ ဒုဝန်ကြီးအချို့နှင့် ညွှန်ကြားရေးမှူးချုပ်များပါဝင်ကြပါသည်။

အဲဒီညမှာတော့ တပ်ရင်းမှူး၏ ရုံးခန်းထဲမှာပဲ ခုတင်တွေခင်းပြီး တစ်ညတာအရေးပေါ်အိပ်လိုက်ကြရတယ်၊ ကံကောင်းတာကြောင့် ရဟတ်ယာဉ်ဆင်းကွင်းတွေ့လိုက်ရလို့ဘေးမသီရန်မခပဲ ရသေ့တောင်မြို့ကိုရောက်ခဲ့ကြတာပါ၊ အဲဒီညကတော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတာအမှန်ပါပဲ၊ ကုသိုလ်ပြုမှုတွေများလို့ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာတော်မြတ်များရဲ့ ဂုဏ်တော်ကျေးဇူးတော်တို့ကြောင့် ဘေးမရောက်သက်မပျောက်ခဲ့ခြင်းလို့ပဲ မှတ်ယူလိုက်မိပါသည်။

နောက်ထူးခြားတဲ့ဖြစ်ရပ်တစ်ခုကတော့ ပိုပြီးအမှတ်ရစရာပါပဲ၊ ရွှေတိဂုံစေတီတော်မြတ်ထီးတော်သစ်ကြီးတင်လှူပူဇော်အပြီး တပတ်အကြာမှာဖြစ်တာပါ၊ ၂၀၀၀ပြည့်နှစ်ထဲမှာပါ၊ ရန်ကုန်ကနေ ဧရာဝတီတိုင်း ပုသိမ်မြို့ကို ရဟတ်ယာဉ်နှင့်အသွား ညောင်တုန်းတံတားကြီးကျော်ကာရှိသေး၊ ဆောင်းတွင်းအစပိုင်းမို့ ရုတ်တရက်မြူနှင်းတွေကျလာပြီး မြင်းကွင်းလုံးဝပိတ်သွားတာပါ။ ရှေ့ကိုလုံးဝ

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလထဲတွင် အင်းစိန်အောင်ဆန်းတောရတပ်ဦးကျောင်းမှ
စတုတ္ထအကြိမ် ဝိပဿနာ တရားစခန်း ဝင်ရောက်

မမြင်တော့ဘူး။ အမှောင်ထုထဲမှာသွားနေရသလိုပါပဲ၊ အဲဒီအချိန်မှာ ပိုင်းလော့အရာရှိလေးကလည်း စိုးရိမ်ပူပန်ပြီးစိတ်လှုပ်ရှားမှုဖြစ်နေတယ်လို့ ထင်ရသည်။ ဘာကြောင့်လဲဆိုတော့ ရဟတ်ယာဉ်ဟာတည့်တည့်မဟုတ်ပဲ၊ တဖက်ကို စောင်းပြီးသွားနေတာကို ကျွန်တော်ဘေးမှာထိုင်နေတဲ့ လေတပ်ဦးစီးချုပ်ဟောင်း အဲဒီတုန်းက အလုပ်သမားဝန်ကြီးဖြစ်တဲ့ ဒုဗိုလ်ချုပ်ကြီးတင်ငွေက "ဟော့ကောင် မင်းရဟတ်ယာဉ်စောင်းပြီးသွားနေတယ် Unbalance ဖြစ်နေတယ်၊ မြန်မြန်ပြန်တည့်" လို့ နောက်ကနေပြောပေးနေတယ်၊ အောက်မှာလမ်းကြောင်းတို့ လယ်ကွင်းတို့မြင်ရင် နိမ့်ဆင်းလိုက်တော့လို့ ပြောလိုက်တဲ့အချိန်မှာပဲ ရှေ့မြင်ကွင်းမှာ သစ်ပင်အကြီးကြီးလှမ်းမြင်လိုက်တာနဲ့ ပိုင်းလော့လေးလည်း လန့်ပြီးရဟတ်ယာဉ်ကိုအပေါ်ကို အတင်းဆွဲတင်လိုက်တာမှာ သစ်ပင်ကြီးအဖျားနဲ့လွတ်ရုံလေးဖြစ်သွားတာပေါ့၊ အဲဒီမှာ ရဟတ်ယာဉ်ပေါ်ပါလာတဲ့သူတွေလည်းအာမေဋ္ဌိတ်သံ ဟာခနဲဖြစ်သွားကြတာအမှန်ပါပဲ၊ အဲဒီအနေအထားကနေ အောက်ကိုလှမ်းကြည့်တော့ ကားလမ်းလို့ ထင်ရတဲ့ မျဉ်းကြောင်းရေးရေးလေးမြင်တော့မှ နိမ့်ဆင်းလိုက်ရတယ်၊ နောက်ကားလမ်း သေချာသွားတာရယ်၊ ဘေးမှာလယ်ကွင်းဖြစ်နေတာရယ်ကြောင့်၊ ကားလမ်းပေါ်နိမ့် ဆင်းလိုက်တယ်၊ ဒါပေမဲ့ ကားလမ်းပေါ်မရောက်ပဲ ကားလမ်းဘေးက လယ်ကွင်းပြင်ထဲဆင်းမိရက်သားဖြစ်သွားတယ်၊ မကြာခင်မှာပဲ လူတစ်ချို့ရောက်လာကြလို့ မေးလိုက်တော့ ပန်းတနော်မြို့နဲ့ မလှမ်းမကမ်းဆိုတာ သိလိုက်ရတယ်၊ ရဟတ်ယာဉ် သီသီလေးလွတ်သွားတဲ့ သစ်ပင်ကြီးက လက်ပံပင်ကြီးဆိုတာသိလိုက်ရတယ်၊ တဖြည်းဖြည်းချင်းမြင်ကွင်းလဲရှင်းပြီးလင်းလာတော့မှ အဲဒီနေရာက ဆက်လက်ထွက်ခွာလာနိုင်တော့တယ်၊ အဝေးမှာကျန်ခဲ့တဲ့ လက်ပံပင်ကြီးကိုလည်း လှမ်းမြင်လိုက်တာမှာ သြော်ဒီတစ်ခါလည်း အသက်ဘေးက လွတ်ခဲ့ရပြန်ပြီလို့ ကောက်ချလိုက်နိုင်တော့သည်။

ဒီဖြစ်ရပ်ကလည်း ရွှေတိဂုံစေတီတော်ကြီးထီးတော်သစ်ကြီး တင်လှူပူဇော်ခြင်း၏ အကျိုးဆက်ပဲလို့ထင်လိုက်မိတော့သည်။ ရဟတ်ယာဉ်ပေါ်မှာပါသည့်သူတွေကတော့ လေတပ်ဦးစီးချုပ်ဟောင်း၊ အလုပ်သမား ဝန်ကြီးဌာနဝန်ကြီး၊ ဒုဗိုလ်ချုပ်ကြီးတင်ငွေ၊ ကျန်းမာရေးဝန်ကြီးဗိုလ်ချုပ်ကက်စိန်၊ လူဝင်မှုကြီးကြပ်ရေး

ဝန်ကြီး ဦးစောထွန်းတို့ပါဝင်ကြပြီး ကျွန်ရဟတ်ယာဉ်ပေါ်မှာကတော့ ပညာရေး ဝန်ကြီးဦးသန်းအောင်၊ ဝန်ကြီးတစ်ချို့နှင့် ဒုဝန်ကြီးတစ်ချို့ပါကြပါသည်။

O

www.burmeseclassic.com

(၃)

ကျွန်တော့်တပည့်များ

အခန်း	**အကြောင်းအရာ**
၇၁။	မလိမ္မာသော ကျွန်တော့်တပည့်များကိုယ်စား ဘောင်းပန်ခြင်း
၇၂။	အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရဆဲ တပည့်သားမြေးများ

www.burmeseclassic.com

အခန်း ၇၁

မလိမ္မာသော ကျွန်တော့်တပည့်များ ကိုယ်စား တောင်းပန်ခြင်း

ကျွန်တော်၏ ထောက်လှမ်းရေးတပ်ဖွဲ့များကိုယ်စား တောင်းပန်ခြင်း။ ကျွန်တော်၏ထောက်လှမ်းရေးတပ်ဖွဲ့များသည် ရန်ကုန်မြို့တော်နှင့်တိုင်းနှင့်ပြည်နယ်မြို့ကြီးများ၊ မြို့နယ်များအထိဖြန့်ကျက်၍ တာဝန်အသီးသီးပေးအပ်တာဝန်ပေးထားရသဖြင့် ကျွန်တော်နှင့်နီးရာအရပ်များမှာ တာဝန်ထမ်းရွက်သူကိုတော့ မကြာခဏတွေ့ရှိကာ သတိပေးခြင်း၊ ဆုံးမသြဝါဒပေးခြင်း၊ ပြည်သူများအပေါ် အမှားအယွင်းမလုပ်မိစေရန် သတိပေးခြင်းတို့ကို မကြာခဏပြုလုပ်နိုင်သော်လည်း ဝေးလံသောနေရာဒေသများတွင် တာဝန်ထမ်းရွက်နေသူများကိုတော့ ဆုံးမသွန်သင်မှုများ၊ မကောင်းမှုမပြုမိစေရန် သတိပေးခြင်းများကို မလုပ်နိုင်ခဲ့တာ အမှန်ပါပဲ၊ လေးလပတ်တစ်ကြိမ် တိုင်းနှင့်ပြည်နယ်များမှာရှိကြသည့် တပ်မှူးများကိုသာ ခေါ်ယူဆုံးမခြင်း၊ သတိပေးခြင်း၊ အခါအားလျော်စွာ ပေါ်ပေါက်လာပါက တာဝန်သစ်များပေးအပ်ခြင်းများ ပြုလုပ်ရပါသည်။

အရှိန်အဝါ အာဏာသုံးသူတို့ရှိခဲ့

ထို့ကြောင့် မြို့နယ်အဆင့်ရှိနေရာဒေသများတွင် တာဝန်ထမ်းရွက်နေကြသော အရာရှိမဟုတ်သော အခြားအဆင့်တာဝန်ထမ်းရွက်သူအချို့သည် မြို့နယ်

အဆင့်တာဝန်ထမ်းရွက်နေကြသော ဌာနဆိုင်ရာအကြီးအကဲများအပေါ် မောက်မာစွာဆက်ခံခြင်း၊ လာဘ်ပေးလာဘ်ယူမှုများပြုလုပ်ခြင်း၊ အရှိန်အဝါနှင့် အာဏာကို အလွဲသုံးစားပြုလုပ်ခဲ့သူများလည်းရှိခဲ့ပါသည်။

ဒီအပြင်နယ်စပ်ဒေသတွေမှာ နယ်စပ်ဒေသကုန်သွယ်မှုပြုရာတွင် မသမာမှုပြုလုပ်သည့်၊ လာဘ်ပေးလာဘ်ယူပြုလုပ်သည့် တပ်မှူးများ တာဝန်ရှိသူများလည်းရှိခဲ့ရာ အထူးသဖြင့် မူဆယ်၊ ကွတ်ခိုင်ဒေသတွင်တာဝန်ထမ်းရွက်ခဲ့သော အရာရှိများ၏မသမာမှုများကြောင့် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုများရှိခဲ့ကြောင်းကိုလည်း သတင်းများအရသိရှိခဲ့ရပါသည်။ မသမာမှုကျူးလွန်သည့်အရာရှိများ၊ အခြားအဆင့်များကိုလည်းဥပဒေကြောင်းအရတရားစွဲဆိုပြစ်ဒဏ်ပေးမှုများပြုလုပ်ခဲ့သည့်အပြင် ကျွန်တော့်ကိုပါ တာဝန်ရှိသူအနေဖြင့် ထောင်ဒဏ် ၄၄ နှစ် ချမှတ်အပြစ်ပေးခြင်းခံခဲ့ရပါသည်။ ဒီအပြင်ထောက်လှမ်းရေးအဖွဲ့အစည်းကြီး တစ်ခုလုံးကိုပါ ဖျက်သိမ်းခြင်းပြုလုပ်ခဲ့ပါသည်။ ဒီဖြစ်ရပ်များသည် သင်ခန်းစာယူစရာ၊ သံဝေဂရစရာများဖြစ်ပါသည်။ အပြစ်ကျူးလွန်သူများကို ပြစ်ဒဏ်ပေးခြင်းသည် မှန်ကန်သည်ဟု ခံယူပါသည်။

တောင်းပန်အပ်ပါသည်

ကျွန်တော့်အနေနှင့် မိဘပြည်သူများကို အသိပေးလိုတာကတော့ မလိမ္မာသောကျွန်တော့်တပည့်များ၏ အမှားအယွင်းပြုလုပ်ခဲ့မှုများ၊ တာဝန်ထမ်းဆောင်သူများအချင်းချင်း အပေါ်စီးဖြင့် မောက်မာစွာဆက်ဆံခဲ့မှုများ၊ မိဘပြည်သူများအပေါ် အမှားအယွင်းပြုလုပ်ခဲ့မှုများနှင့်ပတ်သက်၍ ကျွန်တော့်တပည့်များနှင့် ကြုံဆုံခဲ့ရသည့်မိဘပြည်သူများနှင့် ကြုံဆုံခဲ့ရသည့် ပုဂ္ဂိုလ်များအားလုံးကို အနှုံးအညွှတ်တောင်းပန်အပ်ပါသည်။

○

www.burmeseclassic.com

အခန်း ၇၂

အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရဆဲ တပည့်သားမြေးများ

ကျွန်တော် တာဝန်ယူထမ်းရွက်ခဲ့ရသည့် ထောက်လှမ်းရေး အဖွဲ့အစည်း ကြီးမှာ ဖျက်သိမ်းခံလိုက်ရသည့်အပြင် တပ်ဖွဲ့ဝင် အများအပြားမှာ စွဲဆိုချက် အမျိုးမျိုးဖြင့် နိုင်ငံအနှံ့ ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံခဲ့ကြရပါသည်။ ကျွန်တော်အပါအဝင်အရာရှိစစ်သည်အချို့လွတ်မြောက်ခဲ့သော်ငြားလည်းပဲ အချို့မှာ အကျဉ်းထောင်အသီးသီးမှာ ပြစ်ဒဏ်များဆက်လက်ကျခံနေရဆဲဖြစ်ပါသည်။

ကျွန်တော်၏ထောက်လှမ်းတပ်ဖွဲ့သည် ၁၉၈၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ရပြီး နိုင်ငံတော်ကပေးအပ်သည့်တာဝန်အသီးသီးကို သစ္စာရှိရှိတာဝန်သိသိဖြင့် ထမ်းရွက်ခဲ့ကြသူများဖြစ်ကြသည်။ နိုင်ငံတော်အပေါ်သစ္စာဖောက်ခဲ့သူများ မဟုတ်ကြပါ။ နိုင်ငံတော်အစိုးရ၏ ပေးအပ်သည့်တာဝန်အသီးသီးကို ဦးလည်မသုံ တာဝန်ကျေပွန်စွာ ထမ်းရွက်ခဲ့သူများဖြစ်ကြပါသည်။

ရိုးသားကြိုးစားသူ အများစု

တာဝန်ထမ်းဆောင်ရင်း လောဘတက်ကာ အရှိန်အဝါနှင့် အာဏာအလွဲ သုံးစားပြုလုပ်ကြသူတစ်ချို့ရှိခဲ့ကြသော်လည်း ရိုးရိုးသားသားကြိုးကြိုးစားစား ထမ်းရွက်ခဲ့ကြသူမှာ အများစုဖြစ်ကြပါသည်။ ထောက်လှမ်းရေးအဖွဲ့အစည်းတစ်ခု

လုံးကို ဖျက်သိမ်းပြီး ဖဖ်းဆီးအရေးယူကာ ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့သည်ကို လည်း စောဒကမတက်လိုပါ၊ အခြေအနေအကြောင်းအရာအရပ်ရပ်ကို အခြေတည်၍ ဖြစ်ပေါ်လာသော အကျိုးရလဒ်ဟုသာ ခံယူပါသည်။ တရားသဘောဖြင့် ရှုမြင်လိုက်ရင်တော့၊ ကံ ကံ၏ အကျိုးတရားပါပဲ။

တိုင်းပြည်ပုန်ကန်သူများ မဟုတ်ကြပါ

လက်ရှိအစိုးရလက်ထက်မှာ ပြစ်ဒဏ်လျှော့ပေါ့ပြီး အကျဉ်းထောင်အသီးသီးမှ လွတ်မြောက်သွားကြသူများလည်းအကြိမ်ကြိမ်ရှိသွားကြပါပြီ၊ ကျွန်တော် တပည့်သားမြေးများကနိုင်ငံရေးအကျဉ်းသားများမဟုတ်ပါ၊ တိုင်းပြည်ပုန်ကန်သူများလည်းမဟုတ်ကြပါ၊ ခိုးဆိုးလုယက်ခဲ့ကြသူများလည်းမဟုတ်ကြပါ၊ လောဘတက်ပြီးမှားယွင်းခဲ့ကြသူများတော့ဖြစ်နိုင်ပါသည်။ မည်သည့်အကြောင်းကြောင့် ဖြစ်ပါစေ၊ ပြစ်ဒဏ်ကျခံခဲ့ရသည်မှာ ၂၀၀၄ ခုနှစ်က စတင်လျှင် ယခုဆို ဆယ်နှစ်ပတ်ဝန်းကျင်ရှိနေကြပါပြီ၊ ယင်းတို့၏ မိသားစုများမှာလည်း ဒုက္ခအဖုံဖုံကို ခံစားခဲ့ကြရပြီး ဆက်လက်ခံစားနေရဆဲလည်းဖြစ်ပါသည်။

ကျွန်တော့်အနေနှင့်လည်း သမ္မတကြီးဦးသိန်းစိန်ထံသို့ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက နောက်ဆုံးစာတစ်စောင်တင်ပြခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံတော်အပေါ်၊ အစိုးရအဖွဲ့အပေါ် အကြီးအကဲများအပေါ်သစ္စာစောင့်သိစေပါမည်ဟုကတိခံဝန်ပြု၍ တာဝန်ယူပါကြောင်း ရေးသားတင်ပြခဲ့ပါသည်။ အကျဉ်းကျခံနေရသူများ၏ မိသားစုများကလည်း သီးခြားတင်ပြချက်များပြုခဲ့သည်ဟု သိရှိရပါသည်။

ယခုလည်း ဤစာအုပ်မှ တစ်ဆင့် ကျွန်တော့်တပည့်သားမြေးများ အတွက် လွတ်မြောက်စေလိုသော ဆန္ဒစွဲဖြင့် ထပ်မံတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ နိုင်ငံတော်မှာ တာဝန်ယူထားကြသည့် အကြီးအကဲများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့. ပြည့်ဝကြပြီး နိုင်ငံတော်၏ တာဝန်အသီးသီးကိုအောင်မြင်စွာဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

O

(၈)

ဘဝ၏လက်ကျန်အချိန်ကို စီမံခန့်ခွဲခြင်း

အခန်း **အကြောင်းအရာ**

၇၃။ သုဝဏ္ဏဘူမိ သာသနာနယ်မြေ လေ့လာရေးခရီး

၇၄။ မြတိဂုံ စေတီတော်မြတ်ကြီး တည်တော်မူခြင်း

www.burmeseclassic.com

အခန်း ၇၃

သုဝဏ္ဏဘူမိ သာသနာ့နယ်မြေ လေ့လာရေးခရီး

ကျွန်တော်အတွင်းရေးမှူး (၁) ဘဝက မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်များသို့ မကြာခဏရောက်ရှိခဲ့ပါသည်။ တပ်မ (၄၄) နည်းဗျူဟာ ဘဝတုန်းက ကရင်ပြည်နယ်အတွင်း စစ်ဆင်ရေးတွေမှာ ဖားအံခရိုင်နှင့်ကော့ကရိတ်ခရိုင်အတွင်းမှာ အများဆုံးလှုပ်ရှားသွားလာခဲ့ရတာပါ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုအဖွဲ့ ပေါ်ထွန်းလာတော့မှသာ ဒေသဖွံ့ဖြိုးရေးနှင့် ဘာသာ၊ သာသနာဆောင်ရွက်ဖွယ်ရာတွေအတွက်၊ မွန်ပြည်နယ် သထုံခရိုင်နှင့် မော်လမြိုင်ခရိုင်အတွင်း အများဆုံးရောက်ခဲ့ရပါသည်။ ဗုဒ္ဓဘုရားရှင်၏ သာသနာထွန်းကားရာဒေသသည် မွန်ပြည်နယ် သထုံးခရိုင်အတွင်းရှိ သုဝဏ္ဏဘူမိဟူ၍ သမိုင်းမှာ မှတ်တမ်းပြုထားတာကြောင့်လည်း သာသနာ့မှတ်တိုင်များ ပြန်လည်ဖော်ထုတ်ရာ၌ ဆရာ/တကာလက်တွဲညီစွာဖြင့် ပါဝင်ဆောင်ရွက်ခဲ့ရပါသည်။ အထူးသဖြင့် မြိုင်ကြီးဌာနဆရာတော်၊ ဝင်းစိန်ဆရာတော်၊ သာမညဆရာတော်ကြီးနှင့် ကျိုက်ထီးဆောင်းဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကာ သာသနာပြုလုပ်ငန်းများမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ရပါသည်။ ယခုနောက်ပိုင်းမှာတော့ ကျိုက်ထီးဆောင်းဆရာတော်ဘုရားကြီး၏ သာသနာပြုနယ်မြေသို့ အရောက်အပေါက်များခဲ့ပါသည်။

ဝင်းကျိုက်စေတီတော်ပေါ်တွင် ဘုရားဖူးမိသားစုအမျိုးနှင့် တွေ့ဆုံစဉ်

ကျိုက်ထီးဆောင်းစေတီတော်ကြီးကို ဗဟိုပြု၍

ဆရာတော်ကြီးသည် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာရှိ ကျိုက်ထီးဆောင်းစေတီတော်မြတ်ကြီးကို ဘက်စုံပြုပြင်မွမ်းမံမှုများပြုလုပ်ကာ ဤစေတီတော်မြတ်ကြီးကို ဗဟိုပြု၍ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်အတွင်းရှိ ဆံတော်ရှင်စေတီတော်များနှင့် ရှေးဟောင်းသမိုင်းဝင်စေတီဟောင်းများပြုလုပ်တည်ဆောက်ခြင်း၊ ထီးတော်သစ်များ တင်လှူပူဇော်ခြင်း၊ ဓရုပ်တန်ဆောင်းများပြုပြင်မွမ်းမံခြင်း၊ ရှေးဟောင်းရဟန္တာအရှင်မြတ်ကြီးများကိုယ်တိုင် သိမ်သမုတ်ခဲ့သည့် ရှေးဟောင်းသိမ်တော်ကြီးများကို ပြန်လည်ပြုပြင်ခြင်းစသည်လုပ်ငန်းများအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ တကာရင်းအလှူရှင်များ၏ လှူဒါန်းမှုများဖြင့် ဆောင်ရွက်ခဲ့သည်မှာ လက်ညှိုးထိုး၍ မလွဲပင်ဖြစ်ပါသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို အပိုင်း(၁)၊ အပိုင်း(၂)၊ အပိုင်း(၃)၊ အပိုင်း(၄) ဟူ နှစ်အလိုက်သတ်မှတ်ကာ လမ်းများကို ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဆင့်ထိတိုးတက်တည်ဆောက်ပေးခဲ့ရာမှာ ကျေးလက်ဒေသ ၏

စီးပွားရေးကိုပါတိုးတက်ဖြစ်ထွန်းလာတာကိုတွေ့ရပါသည်။ လမ်းလည်း ပြုပြင်တည်ဆောက်၊ တံတားကြီးတံတားငယ်တွေပါ တည်ဆောက်ခဲ့သည့်အပြင် ရေထိန်းရေကာတာတစ်ခုကိုပါ တည်ဆောက်ပေးခဲ့တာကြောင့် ကျေးလက်ဒေသနေပြည်သူများအတွက် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာသည်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ပါသည်။ ကျေးလက်ဒေသ စာသင်ကျောင်းများ ပြုပြင်ပေးခြင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ တည်ထောင်ပေးခြင်းကလည်း ကျေးလက်နေပြည်သူများအတွက် မျက်စိပွင့်၊ နားဖွင့်စသည့်အပြင် စာတတ်ပေတတ်လူငယ်များ ဖြစ်ထွန်းလာစေခဲ့တာလည်း အမှန်မြင်တွေ့ခဲ့ရပါသည်။

သမိုင်းဝင်နေရာဒေသများ ဖော်ထုတ်ရေးကူညီ

သုဝဏ္ဏဘူမိမြို့ဟောင်းနေရာများ၊ ရှေးဟောင်းသမိုင်းဝင်နေရာဒေသများ ဖော်ထုတ်ရေးလုပ်ငန်းများတွင်လည်း ကူညီပံ့ပိုးပေးလျက်ရှိသည်ကို တွေ့ရပါ



ကျိုက်ထိုမြို့နယ်အတွင်း ပင်လယ်ဝဒေသတွင်း ဘိုးရဟန်းပူဇော်ပွဲ
ကျင်းပရာသို့ ရောက်ရှိ ပူဇော်ခဲ့စဉ်

သည်။ ရှေးဟောင်းသမိုင်းဝင်စေတီတော်များဖြစ်သော ကေလာသစေတီ၊ မြ၊သဝိတ်စေတီ၊ ကျိုက်ဒေးယျုံစေတီတော်မြတ်များသို့ ဘုရားဖူးများအလွယ်တကူ ဘုရားရင်ပြင်တော်အထိ မော်တော်ယာဉ်များတက်နိုင်အောင် ကွန်ကရစ်လမ်းများကို ဆရာတော်ကြီးကိုယ်တိုင် ဦးဆောင်ပါဝင်ဆောင်ရွက်ပေးခဲ့တာကြောင့်လည်း ယခုဆိုလျှင် ရာသီမရွေးဘုရားဖူးများ အခက်အခဲမရှိ သမိုင်းဝင်ဆံတော်ရှင်စေတီတော်မြတ်များကို ဖူးမြော်နိုင်ကြပြီဖြစ်ပါသည်။

ခဲရာခဲဆစ်ပြုပြင်မှုများ

ဒီအပြင် ကျားတစ်ရာ၊ ကြောင်တရာ စေတီတော်များ၊ ရွှေကြက်မင်းစေတီတော်များအပါအဝင် ရှေးဟောင်းစေတီတော်များကို ပြန်လည်ဖွင့်ဖော်ပူဇော်ထားမှုများကလည်း အလွန်အံ့သြစရာကောင်းအောင် ခဲရာခဲဆစ်ပြုပြင်မွမ်းမံမှုများ အမြောက်အမြား တွေ့ကြုံခဲ့ရတာကလည်း အလွန်ထူးခြားမှုဟူ၍ ပြောရမှာဖြစ်ပါသည်။

အလွန်ထူးခြားမှုကြုံခဲ့ရတာကတော့ ဇင်းကျိုက်တောင်ဆံတော်ရှင်စေတီတော်နှင့်မင်းတစ်ရာ့တစ်ပါးစေတီတော်များကို ဘုရားဖူးများအလွယ်တကူတက်ရောက်ဖူးမြော်နိုင်အောင် ကားလမ်းအကွေ့အကောက်၊ အတက်အဆင်းမြောက်မြားစွာဖြင့် ခဲရာခဲဆစ်ကားလမ်းကြီးကို ဆရာတော်ကြီးကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုဖောက်လုပ်ပေးခဲ့ကြောင်းသိရပါသည်။

ကျွန်တော်ကိုယ်တိုင် ဒီကားလမ်းအတိုင်း ကားမောင်းတက်ပြီး ဇင်းကျိုက်ဆံတော်ရှင်စေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုခဲ့ရတာကိုပင် အလွန်ထူးခြားသည်ဟူ၍ မိမိကိုယ်မိမိထင်မြင်မိပါသည်။ ဒီလိုကားလမ်းမရှိလျှင် ဒီဆံတော်ရှင်စေတီတော်ကြီးကို ကျွန်တော်ဖူးမြော်နိုင်မည်မထင်ပါ၊ အဝေးကပဲ လက်အုပ်ချီဖူးမျှော်ကန်တော့ရမည်ဟု ထင်ပါသည်။

ယခုတော့ တကယ်ပင်ဘုရားရင်ပြင်နားအထိကားရပ်ပြီး ဘုရားရင်ပြင်တော်ပေါ်သို့ အကွေ့အကောက်တန်ဆောင်းတလျှောက် ငါးမိနစ်ခန့်တက်လိုက်ရပါသည်။ ရင်ပြင်ပေါ်ရောက်တော့ ကျေနပ်ဝမ်းမြောက်မှု၊ ပီတိဖြစ်မှုများဖြင့်



၂၀၁၄ ခုနှစ်၊ ဇူလိုင်လဆန်းက မွန်ပြည်နယ် သုဝဏ္ဏဘူမိဒေသမှ ရှေးဟောင်းဆံတော်ရှင်စေတီတော်များအား လှည့်လည်ပူးမျှော်စဉ်

ဆံတော်ရှင်စေတီတော်မြတ်ကြီးအား တစ်ဝကြီးဖူးမြော်ကြည်ညိုခဲ့ရပါသည်။ ဇရပ်၊ တန်ဆောင်းနှင့် သာသနိုက အဆောက်အအုံများလျှုဒါန်းခဲ့ကြသည်။ ဆက်လက် လျှုဒါန်းကြမည့် အလျှုရှင်ပုဂ္ဂိုလ်များကိုပါတွေ့ခဲ့ရသည့်အတွက် အလွန်ဝမ်းသာ ကြည်နူးဖွယ်ဖြစ်ခဲ့ရပါသည်။

၂၀၁၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က ကျိုက်ထီးဆောင်း သာသနာ့မြေသို့ ကျွန်တော်သွားရောက်ခဲ့စဉ်ဆရာတော်ဘုရားကြီးကိုလည်း ဖူးမြော်ရင်း ဆံတော်ရှင် စေတီတော်များကိုလည်း ဖူးမြော်လိုသောကြောင့် သွားရောက်ရင်း ကြုံတွေ့ခဲ့ရ မှုများကို ပြန်လည်ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

ခရီးစဉ်မှ ထူးထူးခြားခြားကြုံတွေ့ရ

ဒီခရီးစဉ်မှာ ထူးထူးခြားခြား တွေ့ကြုံခဲ့ရပါသည်။ ဇူလိုင်လ ၁ ရက်နေ့ မနက်စောစောမှာ စက်လှေနှင့် မုတ္တမကွေ့ပင်လယ်ဝကို ထွက်ခဲ့သည်။ ရှင်ဥပဂုတ္တ ရဟန္တာမြတ်ကြီး ပူဇော်ပွဲပါ။ တစ်ကြိမ်တစ်ခါမှာ မရောက်ဖူးတော့ ရောက်ဖူး



၂၀၁၄ ခုနှစ်၊ ဇွန်လအတွင်းက မွန်ပြည်နယ် ဘီးလင်းဒေသက
ကျိုက်ထီးဆောင်းဆရာတော်ကြီးအား သွားရောက်ဖူးမျှော်စဉ်



ချင်လို့ပါ၊ နှစ်စဉ်ပူဇော်ပွဲကျင်းပကြသည်ဟု သိရပါသည်။ ယခင်တုန်းက၊ ပူဇော်ပွဲကျင်းပစဉ်က ပင်လယ်ဝကကျောက်ဆောင်တွေပေါ်မှာ ရေတက်ရေကျကို ချိန်ပြီးသွားကြရသည်ဟု သိရသည်။ ဒါပေမဲ့ ယခုတော့ ရေပြင်အလယ်မှာ မဟုတ်တော့ပဲ လယ်ကွင်းတွေပတ်လည်ဝန်းရံနေသည့်အလယ်မှ ရဟန္တာမြတ်ကြီးရဲ့ စံကျောင်းတော်တည်ရှိနေတာကို တွေ့ရသည်။ ယခုတော့ ကျောက်ဆောင်တွေ ပတ်လည်မှာ သောင်တွေထွန်းလာပြီး လယ်ယာမြေတွေပေါ်ထွန်းနေတာကို တွေ့ရသည်။

အချိန်ကာလတိုအတွင်းမှာ ပင်လယ်ရေပြင်ဟာ ရေတိမ်ဒေသဖြစ်ပေါ်လာပြီး လယ်ယာမြေတွေဖြစ်လာတာကိုက ထူးခြားမှုပါပဲ၊ ယခင်ကရှိခဲ့သည့် ကျောက်ဆောင်တန်းကြီးဟာလည်း နှုန်းမြေတွေပို့ပြီးလယ်မြေဖြစ်ထွန်းလာခြင်းက အလွန်ထူးခြားသည်ဟု ဆိုနိုင်ပါသည်။ ဒါလည်းကျိုက်ထီးဆောင်းဆရာတော်ကြီး ကိုယ်တိုင်ရဟန္တာမြတ်ကြီး၏ ကြေးပြာသဒ်စံကျောင်းတော်ကို စက်လှေနှင့် ကျောက်ဆောင်တွေအကြားကို ခဲရာခဲဆစ်ဝင်ရောက်တည်ဆောက်ခဲ့ရာကနေ ယခုဆိုရင် လယ်မြေတွေရဲ့အလယ်မှာ အဲဒီစံကျောင်းတော်ကြီး တည်ရှိနေတာကို တွေ့ရပါသည်။ အလွန်ထူး ခြားတဲ့ပြောင်းလဲဖြစ်ပေါ်မှုလို့ဆိုနိုင်ပါသည်။

ကျိုက်ထီးဆောင်းဆရာတော်ကြီး

ကျိုက်ထီးဆောင်းဆရာတော်ကြီး သာသနာပြုနေသည့် ဘီးလင်း၊ ကျိုက်ထို၊ သထုံမြို့နယ်တွေအတွင်းက သာသနာပြုစခန်းပေါင်း ၆၇ စခန်းရှိနေပြီး ဝါတွင်းကာလအဝင် စခန်းသိမ်းပွဲများကို ပဌာန်းတရားပွဲများကျင်းပကာ ပဌာန်းတရားသိမ်းပွဲများဖြင့်ကျင်းပနေတာတွေလည်းကြုံတွေ့ခဲ့ရပါသည်။ ထိုဒေသအတွင်းမှာတော့ သာသနာတော်ထွန်းကားမှုသည် နေလိုလလို ထွန်းပြောင်လျက်ရှိပြီး၊ ကျေးလက်နေပြည်သူတွေကလည်း ဗုဒ္ဓသာသနာ၏ အရှိန်အဝါအောက်မှာ အေးချမ်းစွာဖြင့် ဗုဒ္ဓသာသနာ၏ အရှိန်အဝါအောက်မှာ တည်ကြည်တည်ကြည်ပါဝင်ဆောင်ရွက်နေကြသလို စီးပွားရေးဘဝတိုးတက်ဖြစ်ထွန်းမှုများဖြင့်ပျော်ရွှင်ချမ်းမြေ့လျက်ရှိကြသည့် မြင်ကွင်းကိုပါ ကြုံတွေ့ခဲ့ရပါကြောင်း တင်ပြလိုက်ရပါသည်။

ရှင်ဥပဂုတ္တစ်ကျောင်းရှိရာသို့ စက်တပ်ရေယာဉ်ဖြင့်
သွားရောက်ခဲ့စဉ်



သုဝဏ္ဏဘူမိဒေသက ဆံတော်ရှင်စေတီတော်များကို ပြုပြင်မွမ်းမံထားပြီးဖြစ်ရာ
ဘုရားဖူး အလွယ်တကူဖူးမျှော်နိုင်ကြပြီ

www.burmeseclassic.com

အခန်း ၇၄

မြတိဂုံ စေတီတော်မြတ်ကြီးတည်တော်မူခြင်း

မြစိမ်းရောင်တောင်တော် သာသနာ့နယ်မြေဆိုတာ မြောင်းမြမြို့၏ တောင်ဘက် ၆ မိုင်ကျော် ၇ မိုင်နီးပါးအကွာမှာရှိသည့် မြို့ဟောင်းရွာအနီးက တောင်ကျောကုန်းပြန့်ပေါ်မှာပါ၊ မြို့ဟောင်းရွာဆိုတာက ယခင်က မြောင်းမြ မြို့ဟောင်းပေါ့၊ နောက်ဆုံးမင်းဆက်ကတော့ မြောင်းမြစား လောက်ဖျား နန်းစိုက် ခဲ့တဲ့နေရာပါပဲ၊ အဲဒီမှာက မြစိမ်းရောင်ဆရာတော်ကြီးဆိုတာရှိပါသည်။

မြစိမ်းရောင်ဆရာတော်

သက်တော် ၉၀ ကျော်ပါပြီ၊ ဒီနေရာမှာ သာသနာပြုနေတာ နှစ်ပေါင်း ၇၀ လောက်ရှိပါပြီ၊ ကျောက်ဆည်ဝေဘူဆရာတော်ဘုရားကြီး၏ တပည့်ရင်းပါ၊ ဝေဘူဆရာတော်ကြီး လမ်းညွှန်ချက်နှင့်အညီ မြစိမ်းရောင်တောင်ပေါ်မှာ သာသနာပြုနေတာ အတော်ကြာပြီပေါ့။

ဒီသာသနာနယ်မြေကလည်း ၁၅၆ ၈က ကျယ်ဝန်းသည့် ပြန့်ပြူးလျက်ရှိ သော နေရာပေါ်မှာတည်ရှိတာပါ၊ ရှေးဟောင်းဂဝံဘုရားစေတီ အပျက်များ အများ အပြားရှိတာကြောင့် နှစ်ပေါင်းနှစ်ထောင်ကျော်က သုဝဏ္ဏာဘုမ္မိခေတ်နှင့် တဆက် တည်းဖြစ်ထွန်းခဲ့သည့်နေရာဟူ၍ အဆိုရှိပါသည်။ မြတ်စွာဘုရားရှင် ဒေသစာရီ ကြွချီမူခဲ့စဉ်က တစ်ထောက်နားခဲ့သည့်အစဉ်အလာရှိခဲ့သည်ဟုလည်း ကြားသိခဲ့ရ ပါသည်။

ဗြစ်မ်းရောင်ဆရာတော်ကြီး + ဝမ်းဝေးရဲ့ ဖိုလ်မှူးကြီး ဦးကျော်ဆေး

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ လောက်က နတခ တိုင်းမှူးက ဗိုလ်ချုပ်ညွှန့်တင်လက်ထက်ကပါ။ အဲဒီမြစိမ်းရောင်ဆရာတော်ကြီးက သူတောင်ပေါ်မှာ စေတီဟောင်းကြီးတစ်ဆူပြိုပျက်နေတာတွေ့၍ ပြန်လည်တည်ဆောက်ရန်အတွက် အတွင်းရေးမှူး(၁) ကျွန်တော့်ကို သာသနာရေး ဒုဝန်ကြီး ဦးကျော်အေး (မြောင်းမြသား) ကတဆင့်ခေါ်ယူခဲ့ပါသည်။ ကျွန်တော် ဆရာတော်ကြီးဆီ ရောက်တော့ အဲဒီဘုရားဟောင်းကြီးကို ပြန်လည်အုတ်မြစ်ချပေးဖို့ လမ်းညွှန်မိန့်ကြားတာကြောင့် အဲဒီဘုရားဟောင်းကြီးနေရာမှာ အုတ်မြစ်ချပေးခဲ့ရပါသည်။ နောက်ပိုင်း ကျွန်တော်လည်း အဲဒီကိုမရောက်တော့တာနှင့် ဘုရားကြီးကို ဆက်လက်တည်ဆောက်မှုရှိမရှိကို မသိတော့ပါ။

တကာကြီးစခဲ့တာ

ကျွန်တော့်ကိုအရေးယူပြီး ခုနှစ်နှစ်အကြာမှာ အရေးယူထားရာကနေ လွတ်မြောက်လာခဲ့ပါသည်။ ၂၀၁၃ ခုနှစ်ထဲမှာ ဆရာတော်ကြီးက သူ့တကာ

တစ်ယောက်ကိုလွှတ်ပြီးခေါ်ခိုင်းလိုက်တာကြောင့် ဆရာတော်ကြီးထံရောက်ရှိသွားခဲ့ပါသည်။ အဆက်အသွယ်ပြတ်နေတာက တော်တော်ကြာနေပြီဖြစ်၍ ဘာကိစ္စရှိ၍ ခေါ်သည်မှန်းလည်း ကြိုမသိဘူးပေါ့၊ ဆရာတော်ကြီးဆိုရောက်တော့-

"တကာကြီးတဲ့၊ တကာကြီးအုတ်မြစ်စိပေးခဲ့တဲ့ ဘုရားကြီးအုတ်ခုံအထိပဲ တည်ပြီး ဆက်မတည်တော့ပဲ ထားလိုက်တော့ တကာကြီးမြင်သည့်တဲ့အတိုင်းပဲ၊ အခုတကာကြီးခေါ်ရတာက ဒီဘုရားကြီးကို တကာကြီးစခဲ့တာဆိုတော့ တကာကြီးပဲ ဆက်လက်တည်ဆောက်ပေးပါ၊ တကာကြီးတာဝန်ယူ ဦးဆောင်ပေးပါ၊ အားလုံးအဆင်သင့်ရှိနေပါသည်။ ဘယ်သူ့မှလည်း တာဝန်မပေးပဲ ထားခဲ့တာပါတဲ့၊ တကာကြီးကိုပဲ စောင့်ခဲ့တာပါ၊ အခုတော့ တကာကြီးတာဝန်ပဲလေ၊ တကာကြီးပဲ ၁၀၈ တောင်ဘုရားကြီးပြီးတဲ့အထိ တာဝန်ယူဆောင်ရွက်ပေးပါဟု မိန့်ကြားခဲ့ပါသည်။

ကျွန်တော်ကလဲ ဒါင့်ကုသိုလ်ပဲလေ "ဆက်လက်တည်ဆောက်ပေးပါ့မယ်"ဟု ဆရာတော်ကြီးကို ကတိပေးပြီး ဘုရားကြီးကို ဦးဆောင်တည်ဆောက်ပေးခဲ့တာ ရှစ်လ ခုနှစ်လလောက်လည်းကြာပါတယ်၊ ဘုရားကြီးက ပြီးသွားရော။

တကာကြီးတာဝန်မပြီးသေး

ထီးတော်တင်ဖို့ပြင်ဆင်နေတုန်းမှာပဲ ဆရာတော်ကြီးက တကာကြီးတာဝန်မပြီးသေးဘူးတဲ့၊ နောက်ထပ်ဘုရားကြီးတစ်ဆူတည်ပေးပါဦးတဲ့၊ ဒီ ၁၀၈ တောင် အပြင်၊ ဥာဏ်တော်အားဖြင့် ၃၂၄ ပေအမြင့်ရှိတဲ့၊ ဘုရားကြီးကိုထပ်တည်ပေးပါတဲ့၊ တကာကြီးလုပ်နိုင်ပါတယ်တဲ့၊ ဒီလိုဆရာတော်ကြီးမိန့်ကြားတာနှင့် ကျွန်တော်လည်း ဘုရားကြီး ဆက်လက်တည်ဖို့ကို ကတိပြုလိုက်မိပါတယ်။

ဒီနောက်တော့ ရင်းနှီးသည့် အင်ဂျင်နီယာပညာရှင်များနှင့် တိုင်ပင်ပြီး ဝိသုကာပုံစံများထုတ်ကာပြင်ဆင်မှုများစတင်ပြုလုပ်ခဲ့ပါသည်။ ပထမစဉ်းစားတာကတော့ လှိုဏ်ဂူစေတီတော်ကြီးပေါ့၊ အတွင်းက ၁၀၈ တောင်စေတီကိုလည်း ဝင်ရောက်ဖူးမြော်နိုင်အောင် ရည်ရွယ်ပြီး သံထည်ဖြင့် တည်ဆောက်မည်၊ အတွင်းက စေတီကိုလည်းမမှီမတွယ်ပဲ မြေကြီးထဲမှာ Bore Pile များတူးကာ

အဲဒီ Bore Pile များကို အင်ဂျင်နီယာပညာရှင်ကြီးတွေကလည်း ဖြစ်နိုင်ခြေရှိသည် ဟုဆိုကာ၊ ပုံစံတွေထုတ်ပြတာမှာဝမ်းမြောက်ကျေနပ်စရာကောင်းပါသည်။ Bore Pile အတွက်လည်း Soil Test လုပ်သည့်အခါကျတော့လည်း အောက်ခြေမှာ သဲထုကြီးခံထားသည့်အတွက် အခြေအနေကောင်းပါတယ်ဆိုပြီး Bore Pile တူးဖို့ စက်တွေအားလုံးပြင်ဆင်ကာ ပန္နက်တင်အခမ်းအနားတောင်လုပ်ပြီးပါပြီ၊ ဒါပေမဲ့ ရေရှည်ခံနိုင်အားနှင့် စေတီတော်ကြီးအရှည်ခိုင်ခံ့မှုကျတော့ အာမခံချက်ပေးဖို့ ခက်ခဲနေပါသည်။ ထို့ကြောင့် စေတီတော်ကြီးတည်ဆောက်မှု ပုံစံပြောင်းလိုက်ရင်တော့ စိတ်ချလက်ချဖြစ်မယ်ဟူ၍ အင်ဂျင်နီယာ ပညာရှင်ကြီးများ၏ ထပ်မံအကြံပြုချက်အရ လှိုဏ်ဂူစေတီတော်မဟုတ်ပဲ အတွင်းက ၁၀၈ တောင်စေတီကိုလည်း အားယူပြီးအပြင်စေတီတော်ကြီးကို အင်အားဖြည့်သံကူကွန်ကရစ်ဖြင့် ခိုင်ခံ့အားကောင်းသည့် တည်ဆောက်ရေးပုံစံဖြင့် တည်ဆောက်ဖို့ပြင်ဆင်လိုက်ပြီ ဖြစ်ပါသည်။ ယခုအင်ဂျင်နီယာပညာရှင်ဖြင့် ဝိသုကာပုံစံအသစ်ပြန်လည်တွက်ချက် ကာ ပုံစံသစ်ဖော်ထုတ်နေပြီဖြစ်ပါသည်။ မကြာမီဆက်လက်တည်ဆောက်အကောင် အထည်ဖော်တော့မည်ဖြစ်သည်။

ရွှေတိုဏ်စေတီတော်ကြီးပုံစံ

စေတီတော်ကြီးက ရွှေတိုဏ်စေတီတော်ကြီးပုံစံအတိုင်း၊ ရွှေတိုဏ်စေတီတော်ကြီး၏ ပုံစံအချိုးအတိုင်း ဆက်လက်တည်ဆောက်သွားမှဖြစ်သည်။ မြစိမ်းရောင်တောင်ဆရာတော်ဘုရားကြီးလည်း လက်ရှိဗိသုကာပုံစံအသစ်ကို ပိုမိုနှစ်သြိုက်သဘောကျသည်ဟုလည်းသိရှိရသည့်အတွက် ပိုမိုအဆင်ပြေသွားပါသည်။

၁၅၆ ဧကရှိ သာသနာမြေ

ဤမြစိမ်းရောင်တောင်ပေါ်တွင် သာသနာ့မြေအဖြစ် ၁၅၆ ဧက ကျယ်ဝန်းသည့် ပရဝုဏ်အဝန်းအဝိုင်းအတွင်းတွင် ဂဝံဖြင့်တည်ဆောက်ထားသည့် စေတီဌာဏ်တိုများ အများအပြားကိုရှာဖွေတွေ့ရှိခဲ့သည်။



ကည်ဆောက်ပြီးစီးလို့ ထီးတော်တင်လှူပူဇော်ပြီးဖြစ်သည့်
(၁၀၈)တောင်စေတီတော်ကြီး

ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း ရေးဟောင်း အဆောက်အအုံများတွင် ရှာဖွေတွေ့ရှိသဖြင့် ရေးဟောင်းယဉ်ကျေးမှုဇုံအဖြစ်သတ်မှတ်ထားသည်။ အမှတ်အသားကျောက်တိုင်များစိုက်ထူးထားသည်ကိုလည်း တွေ့ရှိရပါသည်။ အထူးသဖြင့် ကုန်းသာရွာနှင့် မြို့ဟောင်းရွာအနီးပတ်ဝန်းကျင်တွင် ရေးဟောင်းအမှတ်အသားများ၊ အထောက်အထားများစွာကို ရှာဖွေတွေ့ရှိခဲ့ကြပါသည်။ ထို့ကြောင့် ရေးဟောင်းသာသနာ့နယ်မြေဆိုတာ အထောက်အထားများအရ ခိုင်မာနေပြီဖြစ်သည်။

ကျွန်တော်က ၁၉၆၅ ခုနှစ်ထဲမှာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှာ စစ်ဦးစီးမှူး (တတိယတန်း) အဖြစ်တာဝန်ထမ်းဆောင်းခဲ့ရပါသည်။ အဲဒီတုန်းက တိုင်းမှူးက ဗိုလ်မှူးကြီး စန်ကြည်ပါ။ ဒုတိုင်းမှူးက ပထမဗိုလ်မှူးကြီးတင့်ဆွေ ဖြစ်ပြီး ဗိုလ်မှူးကြီးတင့်ဆွေ ဥစတ ကျောင်းအုပ်ကြီးအဖြစ်ပြောင်းရွှေ့သွားတော့

ဗိုလ်မှူးကြီးစိန်လွင်ဟာ ဒုတိုင်းမှူးအဖြစ်ရောက်ရှိလာပါသည်။ စစ်ဦးစီးမှူး (ပထမတန်း)က ဒုဗိုလ်မှူးကြီးအေးကိုပါ၊ ကျွန်တော်က ဒုတိုင်းမှူး၏ ဦးစီးအရာရှိ ဖြစ်တာကြောင့် ရွှေမာလာအမည်ရှိသည့် နှစ်ထပ်သင်္ဘောပေါ်ဖြင့် ဒုတိုင်းမှူးသည် ဧရာဝတီတိုင်းနယ်မြေအတွင်း တပ်များကို လှည့်လည်စစ်ဆေးခြင်း၊ စစ်ဆင်ရေး ကွပ်ကဲမှုပြုလုပ်ခြင်းတို့မှာ အမြဲတမ်းလိုက်ပါခဲ့ရပါသည်။ ထို့ကြောင့် မြောင်းမြကို လည်း မကြာခဏရောက်လေ့ရှိပါသည်။ ဒါပေမဲ့ အဲဒီတုန်းက ဒီမြစ်မ်ားရောင် ဆရာတော်ကြီး ရှိမှန်းမသိခဲ့ရပါ။

အဲဒီအချိန်ကာလလောက်က ဆရာတော်ကြီးဟာ လပွတ္တာနှင့်မြောင်းမြ တကြောမှာ လှည့်လည်သာသနာပြုနေသည်ဟု သိရပါသည်။ အဲဒီအချိန်တုန်းက ဧရာဝတီတိုင်းအတွင်းမှာ ကေအင်ဒီအိုလက်နက်ကိုင်အဖွဲ့အစည်းနှင့် ဗမာပြည် ကွန်မြူနစ်ပါတီ မြစ်ဝကျွန်းပေါ်တိုင်းတာဝန်ခံ ဦးစိုးသန်း ရှိနေတုန်းအခါကာလ ဖြစ်ပါသည်။ ကေအင်ဒီအို တိုင်းတာဝန်ခံကတော့ စောမြရင်ဖြစ်ပြီး နာမည်ကြီး ကရင်ခေါင်းဆောင်တွေက ကွက်ကော့တို့၊ ချစ်လေးမောင်တို့အပြင် သန်းရှိန်၊ ဂါမင်း၊ သာမင်း၊ ထူးစော၊ သက်ဖော စသည့်ခေါင်းဆောင်တွေလူပ်ရှားနေကြတာ ပါ။ လမ်းပန်းဆက်သွယ်ရေးကလည်း ရေလမ်းကြောင်းကလွဲ၍ ကားလမ်းဆိုတာ လုံးဝမရှိသေးပါ။ မြစ်ကူးတံတားကြီးတွေလည်း မရှိသေးပါ။ ဒီကားလမ်းတွေ၊ တံတားကြီးတွေကတော့ နဝတနှင့် နယကအစိုးရ (တနည်းအားဖြင့်) တပ်မတော် အစိုးရလက်ထက်မှာ ပေါ်ထွန်းလာကြတာပါ။ ထို့ကြောင့်လည်း အခုဆိုလျှင် တစ်မြို့နှင့် တစ်မြို့၊ တစ်ရွာနှင့်တစ်ရွာ ကားလမ်းကနေအချိန်တိုအတွင်းမှာ ခရီးပေါက်နိုင် ကြတာပေါ့၊ နယ်မြေဒေသကလည်း အေးချမ်းမှုရှိနေပြီဆိုတော့ စိုက်ပျိုးရေးကို စနစ်တကျ ဝိရိယစိုက်လုပ်ကြမယ်ဆိုလျှင်တော့ မိသားစုဘဝဖူလုံ လာနိုင်ပါသည်။

နာဂစ်မုန်တိုင်းကြီး

ဒါပေမဲ့ လွန်ခဲ့သော ကာလအတွင်း နာဂစ်မုန်တိုင်းကြီးဧရာဝတီတိုင်း အတွင်းမွေနှောက်လိုက်တာမှာ ပြည်သူအများသေကြေကြတာတွေ၊ ရွာလုံးကျွတ်



မြောင်းမြမြို့ မြစိမ်းရောင် ဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမျှော်ကာ
ဘုရားကြီးဆက်လက်တည်မည့်အကြောင်း လျှောက်ထားစဉ်

မြစိမ်းရောင်တောင်ပေါ်၊ ဆရာတော်ကြီး၏ ဓမ္မာရုံအတွင်းတွင် ဦးကိုကိုထွေးနှင့်
ဦးမျိုးတင့်ကြည် တို့ကို စေတီတော်ကြီးတည်ရေးအတွက်ကြိုတင်ပြင်ဆင်ဖွယ်ရာများဆွေးနွေးစဉ်

ပျက်စီးဆုံးရှုံးသွားကြတာတွေကြောင့် ယခုထိ နာလန်မထူနိုင်သေးတာတွေကြုံတွေ့ခဲ့ရပါသည်။ တိုင်းပြည်အတွက် နစ်နာဆုံးရှုံးမှုတွေပါ။ ဝိုင်းဝန်းထူထောင်ပေးကြဖို့တော့ လိုအပ်နေသေးသည်ဟု ထင်မြင်ပါသည်။

မြတိဂုံစေတီတော်ကြီး

မြတိဂုံစေတီတော်ကြီး တည်ဆောက်ရေးအတွက် ပြောစရာရှိပါသေးသည်။ နာဂစ်မုန်တိုင်းကြီးဒဏ်ကြောင့် ရွာတွေပျက်၊ ကျေးလက်နေပြည်သူများ အသက်ပေါင်းမြောက်မြားစွာ ဆုံးရှုံးသွားကြရတာမို့ ဒီလိုနယ်မြေဒေသမှာ အလွန်ထူးခြားမွန်မြတ်လှသော ကုသိုလ်ကောင်းမှုကြီးတစ်ခုဖြစ်ထွန်းလာအောင် အများပြည်သူများပါဝင်ကြသည့် ကုသိုလ်ကောင်းမှုဖြင့် ဤမြတိဂုံစေတီတော်မြတ်ကြီးကို မဖြစ်မနေတည်ဖို့ လိုအပ်နေပြီဟူ၍လည်း ခံယူမိပါသည်။ ဒီအပြင် မြစိမ်းရောင်ဆရာတော်ဘုရားကြီးကိုလည်း အလွန်လေးစားကြည်ညိုရင်းရှိတာကြောင့် ဆရာတော်ဘုရားကြီး၏ ပါရမီကိုဖြည့်တင်းမည်ဟု သံနိဋ္ဌာန်စိတ်ဖြင့် ဤမြတိဂုံစေတီတော်မြတ်ကြီးကို တည်ဆောက်ရခြင်းဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

O

www.burmeseclassic.com

(နှ)

ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်

အခန်း **အကြောင်းအရာ**

၇၅။ အရေးကြီးသည့်ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်

www.burmeseclassic.com

အခန်း ၇၅

အရေးကြီးသည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်ပါသည်။ တိဘက်ကုန်းပြင်မြင့်ဒေသကနေ ရေကြည်ရာ မြက်နုရာ တောင်ဘက်ပိုင်းဒေသသို့ အုပ်စုလိုက်၊ အုပ်စုလိုက်ပြောင်းရွှေ့ဆင်းသက်လာကြရာကနေ မြန်မာနိုင်ငံအတွင်းသို့ ပျူကမ်းယံသက်ဆိုပြီး အုပ်စုများခွဲကာ နေလာကြသည်ဟူ၍ သမိုင်းကြောင်းအရအဆိုရှိပါသည်။ မည်ကဲ့သို့ပင် သမိုင်းကြောင်းအရ အဆိုရှိခဲ့ကြသော်လည်း ဟန်လင်း၊ သရေခေတ္တရာ၊ ဗိဿနိုး စသည့်ရှေးဟောင်းမြို့ရွာများ၊ ပုဂံ၊ အင်းဝ၊ ဟံသာဝတီ၊ ကုန်းဘောင်မင်းအဆက်ဆက်တို့ အုပ်ချုပ်စီမံဆောင်ရွက်ခဲ့ကြတာကြောင့် မြန်မာနိုင်ငံဟူ၍ နယ်နိမိတ်အပိုင်းအခြားဖြင့် အရှေ့တောင်အာရှမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံကြီးတစ်နိုင်ငံအဖြစ်ဖြင့် ရပ်တည်လာနိုင်ခဲ့ပြီဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားများ ညီညီညွတ်ညွတ်စုစည်းနေထိုင်လာခဲ့ရာက ကိုလိုနယ်ချဲ့သမားများ၏ ကျွန်ပြုလိုမှုဖြင့် လက်နက်စွမ်းရည်အားသာမှုဖြင့် စစ်ပွဲသုံးကြိမ်တိုင်တိုင်ဆင်နွှဲအနိုင်ကျင့်ကာ ကျွန်ပြုခဲ့တာလည်း နှစ်ပေါင်းတစ်ရာကျော်ကြာခဲ့ပါသည်။ ဒါပေမဲ့တိုင်းရင်းသားအားလုံး သွေးစည်း

ညီညွတ်စွာဖြင့် ကိုလိုနီနယ်ချဲ့ကို တွန်းလှန်နိုင်ခဲ့တာကြောင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်ပါသည်။

ယခုလက်ရှိကာလမှာတော့ တိုးတက်ခေတ်မီသော၊ ကြွယ်ဝချမ်းသာသော နိုင်ငံကြီးများသည် ယခင်ခေတ်ကာလကလို စစ်ပွဲဆင်နွဲပြီး ဝင်ရောက်သိမ်းပိုက်ကျွန်ပြုသည့် ခေတ်ကာလမျိုးမဟုတ်တော့ပဲ ခေတ်ပြောင်း၊ စနစ်ပြောင်းလဲမှုတွေကြောင့် လက်အောက်ခံနိုင်ငံအနေဖြင့် သိမ်းပိုက်၍မရတော့ပဲ နည်းပရိယာယ်မျိုးစုံသုံးကာ သြဇာခံတပည့်နိုင်ငံအဖြစ်ဖြင့် ကျုံးသွင်းဖန်တီးနေကြတာကတော့ မျက်မြင်တွေ့နေကြရပြီဖြစ်ပါသည်။ ယနေ့နိုင်ငံတကာမှာ ကြံ့တွေ့နေကြရသည့် ဖြစ်စဉ် ဖြစ်ရပ်သင်ခန်းစာတွေကိုရယူပြီး ကိုယ့်ပြည်ထောင်စုကြီး တည်မြဲခိုင်ခံ့အောင် ထာဝရသွေးစည်းညီညွတ်နေကြရမှာ ဖြစ်ပါသည်။

ယခင်တပ်မတော်အစိုးရကို ပြန်ကြည့်ရင်း အားလုံးစင်းလုံးချောကောင်းသည်ဟူ၍ ပြောမရပါ။ မကောင်းတာတွေရှိခဲ့သလို ကောင်းတာတွေလည်းရှိခဲ့တာအမှန်ပါပဲ။ အနောက်နိုင်ငံကြီးတွေက နည်းမျိုးစုံဖြင့်လုပ်ကြံဖန်တီးမှုဖြင့် နိုင်ငံတော်ဖရိုဖရဲပြိုကွဲအောင် ကြိုးပမ်းခဲ့ကြတာအမှန်ပဲဖြစ်ပါသည်။ ယနေ့ကမ္ဘာမှာ ကြည့်လျှင် အနောက်အုပ်စုနိုင်ငံကြီးများ၏ ဝင်ရောက်စွက်ဖက်ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် မတည်မငြိမ်ဖြစ်ကာ ဒုက္ခပင်လယ်ဝေသလိုဖြစ်နေကြသည့် နိုင်ငံငယ်အများအပြား မြင်တွေ့ကြရမှာဖြစ်ပါသည်။

ယခင်တပ်မတော်အစိုးရလက်ထက်တုန်းက လမ်းမကြီးတွေ၊ မြစ်ကူးတံတားအကြီးစားတွေ၊ ဆည်မြောင်းတာတမံအကြီးစားကြီးတွေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရအောင် ကြိုးပမ်းဆောင်ရွက်မှုတွေ၊ မူးယစ်ဆေးဝါးတိုက်ဖျက်မှုတွေ၊ နိုင်ငံတကာမှာဝင်ဆံ့အောင် ကြိုးပမ်းမှုတွေအများအပြား ကြိုးပမ်းဆောင်ရွက်မှုတွေရှိခဲ့ပါသည်။ စီးပွားရေးတိုးတက်ဖြစ်ထွန်းအောင် မလုပ်နိုင်တာတွေ၊ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်အောင် မလုပ်နိုင်တာတွေကတော့ အားနည်းချက်၊ ချွတ်ယွင်းချက်များဖြစ်ပါသည်။

ယခင်ကာလ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲအောင်၊ မျိုးချစ်စိတ်ဓာတ်အမြဲရှင်သန်နေအောင် ကြိုးပမ်းဆောင်ရွက်မှုတွေ၊ အားကစားစိတ်ဓာတ်များကို ပိုမို

တက်ကြွရှင်သန်လာအောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့တာတွေ ရှိခဲ့ဖူးပါသည်။

အမျိုးသားအားကစားပွဲတော်ကြီးကိုမကြံ့စဖူးဖြစ်တွန်းလာအောင်၊ တိုင်းနှင့်ပြည်နယ်အသီးသီးက တိုင်းရင်းသူ၊ တိုင်းရင်းသား လူငယ်အများအပြားပါဝင်ဆင်နွဲနိုင်အောင် ခမ်းခမ်းနားနားကျင်းပ ဆောင်ရွက်ခဲ့တာတွေရှိခဲ့ပါသည်။ အမျိုးသမီးငယ်တွေ၊ အနုပညာရှင်တွေကိုယ်တိုင် လေထီးခုန်လေ့ကျင့်မှုတွေ အကြိမ်ကြိမ်ပြုလုပ်ကာ အမျိုးသားများနှင့် ရင်ပေါင်တန်းလျက် ရဲဝံ့စွာလေထီးခုန်ဆင်းခဲ့တာတွေအပြင် တပ်မတော်လူငယ်အရာရှိများက လေထီးအလွတ်နည်းစနစ်ဖြင့် အားကစားကွင်းအလယ်၊ ပရိသတ်ထောင်သောင်း၏ ရှေ့မှောက်သို့ ဆင်းသက်ဖြစ်ခဲ့တာတွေသည် အမျိုးဂုဏ် ဇာတိဂုဏ်ကို မြင့်မားစေခဲ့ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း ခိုင်မာစေခဲ့ပါသည်။ လူငယ်လူရွယ် အားကစားသမားများစွာကိုလည်း ပေါ်ထွန်းစေခဲ့ပါသည်။

တိုင်းနှင့်ပြည်နယ်အသီးသီးမှာလည်း ကျောင်းသားအားကစားပွဲတော်များကို နှစ်စဉ်အလှည့်ကျသည့် တိုင်းနှင့်ပြည်နယ်က စစ်တိုင်းမှူးများကိုယ်တိုင် အနီးကပ်စီမံဦးဆောင်ဦးရွက်ပြုစေလျက် ခမ်းခမ်းနားနား ကျင်းပစေခဲ့ပါသည်။ ဒီလို ကျောင်းသားအားကစားပွဲတော်တွေကြောင့် တိုင်းနှင့်ပြည်နယ်က အားကစားသမားလူငယ်များ၊ အနုပညာရှင်များသည် ပွဲတော်ကျင်းပသည့်နေရာဒေသမှာ စုစည်းမိပြီး အချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ သွေးစည်းညီညွတ်မှု၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်နှင့် အားကစားစိတ်ဓာတ်တွေ ပိုမိုထွန်းကားပြန့်ပွားစေခဲ့ပါသည်။

ရန်ကုန်မြို့တော်မှာကျင်းပခဲ့သည့် လှေသဘင်ပွဲတော်ဆိုလျှင်လည်း မြန်မာဘုရင်လက်ထက်က ထွန်းကားခဲ့သည့် ရေတပ်မတော်၏ အခင်းအကျင်းစုံလင်စွာဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားအောင် ဆင်ယင်ကျင်းပပေးခဲ့မှုတွေ၊ တဆက်တည်း လှေလှော်ပြိုင်ပွဲတွင် ကျင်းပခဲ့မှုတွေသည် အားကစားစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ကို တွန်းအားပေးသလိုဖြစ်စေခဲ့ပါသည်။

ဆိုကရေးတီးပြိုင်ပွဲကြီးဆိုရင်လည်း တိုင်းနှင့်ပြည်နယ်အသီးသီးက ရွက်ပုန်းသီး အနုပညာရှင်လေးတွေကိုပါ ဖော်ထုတ်ပေးနိုင်ခဲ့တာကြောင့် မြန်မာ

ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်တွေ မတိမ်ကောစေခဲ့တာပါ။ တိုင်းတစ်ပါး၏ ဖရိုဖရဲယဉ်ကျေးမှု ဒရောသောပါး ဝင်ရောက်လာသော်ငြားလည်း အဆိုပါ ဆိုက ရေးတီးပြိုင်ပွဲကြီးတွေ၏ ကာကွယ်တားဆီးပေးထားနိုင်မှုကြောင့်လည်း မြန်မာ့ရိုးရာ ယဉ်ကျေးမှု စစ်စစ်တွေဟာ ပျက်ယွင်းမသွားပဲ အသင့်အတင့်ခံနိုင်ရည်ရှိနေခြင်း ဖြစ်ပါသည်။

စီးပွားရေးနှင့် ပတ်သက်၍ ဆိုလျှင်လည်း ၁၉၉၆ ခုနှစ် ကာလတုန်းက "Visit Myanmar Year" ဆိုပြီး ပြည်သူ့ရင်ပြင်အတွင်းမှာ ခမ်းခမ်းနားနား စည်စည်ကားကား ကျင်းပပေးခဲ့တာမျိုးတွေ့ရှိခဲ့ဘူးပါသည်။ ဒီလိုနိုင်ငံခြားသားများ၊ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်တစားလာရောက်လည်ပတ်နိုင်အောင် ဖိတ်ခေါ်မှု ပွဲတော်မျိုးတွေလည်း စီးပွားရေးအမြင်ဖြင့် မကြာခဏဆောင်ရွက်ခြင်းမျိုး လုပ်နိုင်လျှင်တော့ ကောင်းလေစွဟူ၍ ထင်မြင်ပါသည်။

ဒီဖြစ်စဉ်များ၊ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများသည် တပ်မတော်အစိုးရခေတ် ကာလ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေ ရေး၊ အားကစားစိတ်ဓာတ်များ ပိုမိုထွန်းကားလာစေရေးတို့အတွက် ကောင်း မွန်သော ကြိုးပမ်းဆောင်ရွက်မှုများဖြစ်ပါကြောင်း ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံသား လူမျိုးစုံများစွာဖြင့် စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံတော် ဖြစ်တာကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ဖြစ်ထွန်းခိုင်မာရေးသည် အလွန်အရေးပါလှပါသည်။ ဒီ့အပြင် မျိုးချစ်စိတ်ဓါတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးသည်လည်း အလေးထား ဦးစားပေးဆောင်ရွက်ရမည့် အချိန်ကာလ ဖြစ်ပါသည်။

အနာဂတ်ကို ဦးဆောင်ကြမည့် လူငယ်လူရွယ်များအတွင်း မျိုးချစ် စိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး စိတ်ဓါတ်များ ထာဝရကိန်းအောင်းနေအောင် လေ့ကျင့်စည်းရုံး သိမ်းသွင်းကြရမည့် အချိန်ကာလဖြစ်ပါကြောင်း အသိပေးလိုက်ရပါသည်။

O

(၄)

ရွှေမော်ဝန်း လူမှုယဉ်ကျေးမှု ကူညီရေးအဖွဲ့

အခန်း **အကြောင်းအရာ**

၇၆။ ရွှေမော်ဝန်းလူမှုယဉ်ကျေးမှု ကူညီရေးဖွဲ့

www.burmeseclassic.com

အခန်း ၇၆

ရွှေမော်ဝန်းလူမှု-ယဉ်ကျေးကူညီရေးအဖွဲ့

ဒီအဖွဲ့အစည်းကတော့ ကျွန်တော်၏ မွေးရာဇာတိဖြစ်သည့် ရန်ကုန်တောင်ပိုင်းခရိုင်က ကျောက်တန်းမြို့မှာ စတင်တည်ထောင်ဖွဲ့စည်းခဲ့သည့် လူမှုရေးအဖွဲ့ဖြစ်ပါသည်။ ကျွန်တော်၏ မွေးရာဇာတိ ကျောက်တန်းမြို့နယ် တစ်ခုလုံးသည် ကျွန်တော်၏ဘဝတစ်ခုလုံးကို ပြုစုပျိုးထောင်ပေးလိုက်သည့် မြို့နယ်ဖြစ်တာကြောင့် ကျွန်တော်က ကျေးဇူးပြန်ဆပ်ရမည်ဟု ခံယူထားပါသည်။ ကျွန်တော့်မိသားစုသည် သာမန်အောက်ခြေလူတန်းစားပါ။ ဒီမြို့မှာ အခြေခံပညာရပ်တွေ သင်ကြားလေ့လာခွင့်ရခဲ့တာရယ်၊ ဆရာတော်ကြီးများ၏ အနီးကပ်သွန်သင်ဆုံးမမှုတွေကို မှတ်သားနာယူခဲ့ရတာတွေရယ်၊ ငယ်ဆရာ၊ သင်ဆရာ၊ မြင်ဆရာများ၏ မှန်ကန်ကောင်းမွန်သော အတတ်ပညာ၊ အသိပညာများကို ရယူနိုင်ခဲ့တာရယ်၊ ပတ်ဝန်းကျင်မှာ ရှိကြတဲ့ မိတ်ဆွေအပေါင်းအသင်း၊ ဆွေမျိုးတော်စပ်သူရော၊ မတော်စပ်သူတွေပါ ကောင်းမွန်သော အသိုင်းအဝိုင်းမိတ်သင်္ဂဟတွေ၏ ဝိုင်းဝန်းစောင်မမှုတွေရယ် စသည့် အလုံးစုံသော ကူညီမှု၊ ပံ့ပိုးမှု၊ စောင့်ရှောက်မှုတွေကြောင့် ဒီကျေးဇူးတရားတွေကို မမေ့အပ်ဘူးလို့ စိတ်အာရုံမှာ အမြဲစွဲမှတ်ထားပါသည်။ ဒါကြောင့်လည်း ဒီလူမှုရေးအဖွဲ့အစည်းကို ဖွဲ့စည်းဖြစ်ပြီး မိမိမြို့နယ်အတွင်းမှာ ဘာသာရေးနှင့် လူမှုရေးအကျိုးပြုမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ဒီလူမှုရေးအဖွဲ့အစည်းအကောင်အထည်ပေါ်လာတာကလည်း အခြေအနေနှင့် အချိန်အခါအရ ပေါ်ထွန်းလာခြင်းလည်းဖြစ်ပါသည်။ ကျွန်တော့်ကို အရေးယူ



ရွှေမော်ဝန်း လူမှုယဉ်ကျေးကူညီမှုအဖွဲ့ဝင်များ လူထုအတွင်း ကျန်းမာရေးကိစ္စများ ဆောင်ရွက်စဉ်

ထားရာကနေ ကံကောင်းထောက်မလို့ ခုနစ်နှစ်ကျော်ကာလအကြာမှာ လွတ်မြောက်ခွင့်ပေးခဲ့တာကြောင့် ကျွန်တော်လွတ်မြောက်ဖို့ရက်ပိုင်းအတွင်းမှာပဲ သီတဂူဆရာတော်ဘုရားကြီးက ကျွန်တော်၏ ငွေရေးကြေးရေး အခက်အခဲရှိနိုင်သည်ဟု မျှော်တွေးပြီး ငွေကျပ် ၂၅ သိန်းကို ဆရာ-တကာ မေတ္တာ သံယောဇဉ်ကြောင့် ထောက်ပံ့ကူညီလိုက်သည့်အချိန်မှာပဲ ကျွန်တော်၏ မျှော်မှန်းချက်ကို စတင် အကောင်အထည်ဖော်ဖြစ်တာပါပဲ။

ဆရာတော်ကြီး၏ ပံ့ပိုးကူညီပေးမှုတွေရယ်၊ ကျွန်တော်၏ ဦးခြုံးခြုံရွှေတာ စုဆောင်းထားသည့် ငွေကြေးရယ်၊ ကျွန်တော်၏ မိတ်ဆွေအပေါင်းအသင်း၊ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်တွေရဲ့ ပံ့ပိုးကူညီကြတဲ့ ပံ့ပိုးငွေကြေးရယ် စုပေါင်းပြီး ဘဏ်မှာအပ်နှံလိုက်ပါသည်။ ဘဏ်တွင် အပ်နှံလိုက်သော ငွေကြေးသည် အရင်းမပျောက်ငွေဖြစ်ကာ ထိုအပ်နှံစုဆောင်းငွေမှ ရရှိသည့် အတိုးငွေဖြင့် ရွှေမော်ဝန်း လူမှုယဉ်ကျေးကူညီရေးအဖွဲ့အတွက် ဘာသာရေး၊ လူမှုရေး ကူညီထောက်ပံ့မှု လျှာ့ဒါန်းမှုများကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဘဏ်တွင် အပ်နှံထားသော

ရေတွင်း ရေကန်များကိုလည်း ပြုပြင်ပေးပါသည်။

BURMESE CLASSIC

မတည်ငြိမ်သည် အစဉ်အမြဲရှိနေကာ လျှောနည်းသွားခြင်းမရှိဘဲ တဖြည်းဖြည်းချင်း တိုးတက်ဖြစ်ထွန်းလာမည်သာ ဖြစ်ပါသည်။

ကျွန်တော်တည်ထောင်ထားသည့် ရွှေမော်ဝန်းလူမှု ယဉ်ကျေးကူညီရေး အဖွဲ့သည် ကျောက်တန်းမြို့နယ်အတွင်းက ကျောင်းမနေနိုင်သည့် ဆင်းရဲနွမ်းပါးသော ကလေးငယ်များကို မူလတန်းမှ စတင်ကာ ကျောင်းနေစရိတ်၊ စာအုပ်စာတမ်း၊ အဝတ်အစားကအစ ပံ့ပိုးထောက်ပံ့မှုကို နှစ်စဉ်နှစ်တိုင်းပြုလုပ်ခဲ့ရာ ကျောင်းသူကျောင်းသား ၃၀ နည်းပါးရှိနေကြပြီဖြစ်ပါသည်။ သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးကိုလည်း နှစ်စဉ်ဘိုးဘွားများကန်တော့ပွဲပြုလုပ်ပေးခဲ့ရာ အဘိုးအဘွားတစ်ရာကျော်ကို တစ်နှစ်တစ်ကြိမ်ကျင်းပပေးနိုင်ခဲ့ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်လို့ ကျောက်တန်းမြို့သို့ အထူးကုဆရာဝန်ကြီးများအဖွဲ့နှင့် ရောဂါမျိုးစုံ ကုသပေးမှုများကို သုံးကြိမ်တိုင် ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုမိုးကုန်တွင် တတိယအကြိမ် ကုသပေးမှုကို ကျေးရွာအထိ သွားရောက်ကုသပေးမှုပြုလုပ်ပြီးဖြစ်ပါသည်။ ပြီးခဲ့သော နှစ်ကြိမ်

ခရောင်စံပြကျေးရွာ စာကြည့်တိုက်မှင့်ပွဲ

ရွှေမော်ဝန်းလှမှယဉ်ကျေး ကုညီမှု အဖွဲ့ဝင်များ

ပညာရေးကိစ္စများလည်း ဆောင်ရွက်

လိုအပ်သည်များ ဖြည့်ဆည်းပေး

ကုသပေးမှုတွင် မျက်စိခွဲစိတ်ကုသပေးမှုကို ရန်ကုန်မြို့ ရွှေပြည်ဟိန်း ဆရာတော်ကြီး၏ ဆေးရုံတွဲ ခွဲစိတ်ကုသပေးမှုပြုလုပ်ပေးခဲ့ပါသည်။ အခြားခွဲစိတ် ကုသပေးမှုများကို အင်းစိန်မြို့ သီရိစန္ဒာပုဂ္ဂလိကဆေးရုံတွင် အထွေထွေခွဲစိတ် ကုသမှုများပြုလုပ်ပေးခဲ့ပါသည်။ ဤခွဲစိတ်ကုသမှုများကို လူနာများအားလုံးသို့ အခမဲ့ခွဲစိတ်ကုသမှုများပြုလုပ်ပေးခဲ့ပါသည်။ သင့်တင့်သော ကုန်ကျစရိတ်များကို ရွှေမော်ဝန်းလူမှု-ယဉ်ကျေးကူညီရေးအဖွဲ့က ကျခံကုန်ကျပေးခဲ့ပါသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပရဟိတဆေးခန်းများသို့ပါ နှစ်စဉ် ငွေကြေးထောက်ပံ့မှုများ၊ ဖွံ့ဖြိုးမှုနောက်ကျနေသော ကျေးရွာများသို့ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကူညီပံ့ပိုးမှုများကိုပါ လှည့်လည်စစ်ဆေးရင်း အခါ အားလျော်စွာ ကူညီပံ့ပိုးမှုများလည်း ပြုလုပ်ပေးလျက်ရှိပါသည်။ မြို့နယ်အတွင်း လူမှုရေးဆိုင်ရာ ကူညီပံ့ပိုးမှုများကိုလည်း အခါအားလျော်စွာ ကူညီပံ့ပိုးမှု၊ ကူညီ စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပါသည်။ တတိယအကြိမ် ခွဲစိပ်ကုသပေးမှု များကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါသည်။

ကွမ်းမိုးဒိန်းကျေးရွာက ဆွေမျိုးသားချင်း အိမ်ထောင်စုဝင်များ

သီတဝူဆရာတော်ဘုရားကြီးနှင့် ဘာသာရေးဆိုင်ရာအခမ်းအနားတစ်ခုတွင် အတွင်းရေးမှူး(၁)နှင့်အတူ ပူးတွေ့ရစဉ်

ဒါ့အပြင် ကျောက်တန်းမြို့ကို ရေပေးဝေနေသော ဆင်ကန်ရပ်ကွက်ရှိ ရေကန်ကြီးကို ရေကောင်းရေသန့်များဖြစ်လာအောင် အပိုင်းလိုက် တူးဖော်ပေးခြင်း၊ ဒိုက်များ၊ နွံများဆည်တင် သန့်ရှင်းမှုပြုလုပ်ပေးခြင်းကို တစ်ကြိမ်ပြုလုပ်ပေးခဲ့ပြီး ဖြစ်ပါသည်။ လိုအပ်သည့်အချိန်အခါတွင် ထပ်မံပြုလုပ်ပေးရန် စီမံဆောင်ရွက် ထားပြီးလည်းဖြစ်ပါသည်။

ကျောက်တန်းမြို့ပေါ်နှင့် မြို့နယ်အတွင်း လိုအပ်သလို အသုံးပြုနိုင်ရန် လူနာသယ်ယာဉ် (Ambulance) တစ်စီး ဝယ်ယူရေးအတွက် စီစဉ်ထားပြီးလည်း ဖြစ်ရာ ထိုလူနာသယ်ယာဉ်ရောက်ရှိလာပါက မြို့နယ်အတွက် အရေးပေါ် လူနာသယ်ယူရေးအတွက် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

ကျွန်တော်၏ မျှော်မှန်းချက်ကတော့ ကိုယ့်မြို့နယ်အတွက် တပိုင်တနိုင် စတင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ နောင်ကာလ ကြာလာသည်နှင့်အမျှ ပတ်ဝန်း ကျင်မြို့နယ်များသို့ပါ အထောက်အကူပြုနိုင်အောင် စီမံဆောင်ရွက်မည်ဟု လျှာထားမှုရှိပါသည်။ မကြာသောကာလကပင် ကွမ်းခြံကုန်းမြို့နယ်အတွင်းတွင်

သီတဝုဆရာတော်ကြီးသို့ အတွင်းရေးမှူး(၁)က လှူဖွယ်များ ကပ်လှူပူဇော်စဉ်



ကန်ပြောင်ဆရာတော်သို့ လှူဖွယ်များဆက်ကပ်လှူဒါန်းစဉ်

မိဘမဲ့ကျောင်းသူ ကျောင်းသားများကို စောင့်ရှောက်လျက်ရှိသော ကွမ်းခြံကုန်းမြို့ ဂျားကျောင်းပရဟိတဘုန်းတော်ကြီးကျောင်းသို့ ပုံမှန်ဝင်ငွေ ရရှိရေးအတွက် ပုံပိုးလှူဒါန်းမှုတစ်ရပ်ကိုပါ ပြုလုပ်နိုင်ခဲ့ပါသည်။

ကျွန်တော်သည် မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် ကိုယ့်မြို့နယ်အတွက် တစ်ပိုင်တစ်နိုင်စတင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကိုယ့်မြို့နယ်ကိုသော်လည်းကောင်း၊ ကိုယ့်တိုင်းပြည်ကိုသော်လည်းကောင်း ကျေးဇူးဆပ်မှုအတွက် နိုင်ငံသားတိုင်းက ခံယူနိုင်ကြမည်ဆိုလျှင် အလွန်ကောင်းလေစွဟု စိတ်တွင်ခံစားမှုဖြစ်ပေါ်မိပါသည်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံသည် အလွန်ဆင်းရဲတုန်းပင်ဖြစ်ပါသည်။ ဆင်းရဲတွင်းက မလွတ်နိုင်သေးပါ။ ဆင်းရဲမှုနှင့် ချမ်းသာမှုကွာဟချက်ကလည်း အဆမတန် ကျယ်ပြန့်နေဆဲဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှုဒဏ်ခံစားနေကြရသည့် ပြည်သူများသည် အဆမတန်ကြီးထွားများပြားလာလျက်ရှိနေကြပါသည်။ ဒါကြောင့်မို့ ဖန်တီးနိုင်ကြသူတွေက မိမိမြို့နယ်အတွက်သော်လည်းကောင်း၊ မိမိတိုင်းပြည်အတွက်သော်လည်းကောင်း တတ်နိုင်သမျှ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါသည်။

ကျေးလက်ဒေသနေပြည်သူအများစုမှာ ဆင်းရဲနွမ်းပါးကြပါသည်။ ယခုဆိုလျှင် ကျေးလက်များရှိ၊ အလုပ်ကြမ်းလုပ်နိုင်ကြသော လူငယ်၊ လူရွယ်အများစုသည် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသဖြင့် လယ်ယာနှင့် စိုက်ပျိုးရေးလုပ်ကိုင်မှုတွင်ပင် အခက်အခဲများတွေ့နေကြသည်ကို သိရှိနေရပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းငယ်၊ လုပ်ငန်းလတ်များ မြန်မြန်အကောင်အထည်ပေါ်စေချင်လှပါသည်။ ဒါမှလည်း ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသူ လူလတ်ပိုင်းများ မိမိနိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိလာလိမ့်မည်ဟု မျှော်မှန်းမိပါသည်။

လယ်ယာများနှင့် စိုက်ပျိုးမြေများတွင် ထက်မြက်သည့် လူငယ်လူရွယ်များသည် မိမိနိုင်ငံ၏ လုပ်အားရှင်များအဖြစ် ပြန်လည်ရောက်ရှိကြမည်ဖြစ်ပါသည်။

တတိယအကြိမ်ကွင်းဆင်းဆေးကုသမှု

၂၃.၁၁.၂၀၁၄ ရက်နေ့က ကျောက်တန်းမြို့နယ်၊ မင်္ဂလာနန်းကျေးရွာကို အခြေပြုကာ ပတ်ဝန်းကျင်ကျေးရွာ (၁၀)ရွာခန့်မှ လူနာပေါင်း (၂၀၀၀)နီးပါးခန့်ကို အခမဲ့ဆေးကုသမှုပြုလုပ်ပေးခဲ့ပါသည်။ ကျွန်တော်တို့ရဲ့ အပေါင်းအသင်းများ ဖြစ်ကြသော အင်ဂြိမ်းစား အထူးကုဆရာဝန်ကြီးများနှင့် ရန်ကုန်မှ ဘတ်စ်ကားကြီး တစ်စီးဖြင့် ကျောက်တန်းသို့သွားရောက်ကာ၊ ကျောက်တန်းမှ ပန်းတောရွာသို့ စက်တပ်ရေယာဉ်များဖြင့်ကူးကာ၊ ၄င်းရွာမှတဆင့် မင်္ဂလာနန်းရွာကြီးသို့ မော်တော်ယာဉ်ငယ်များဖြင့် ဆက်လက်သွားရောက်ခဲ့ကြရပါသည်။

အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့ကလည်း ကျေးလက်ဒေသပြည်သူများကို ဆေးကုသမှုပြုလုပ်ပေးကြရမှာဖြစ်တာကြောင့် အလွန်ပျော်ရွှင်နေကြပါသည်။ ကျေးရွာအသီးသီးက လာရောက်ကြသည့် လူနာများကို ဆရာဝန်ကြီးများက အခမဲ့ကုသပေးသည့်အပြင် ဆေးဝါးများနှင့် မျက်မှန်များကိုပါ အခမဲ့ပေးဝေခဲ့ကြပါသည်။

အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့ကလည်း ကျေးလက်ဒေသပြည်သူများကို ဆေးကုသမှုပြုလုပ်ပေးကြသည်။

လူနာပေါင်း (၂၀၀၀) နီးပါးခန့်ကို အခမဲ့ဆေးကုသမှု ပြုလုပ်ပေးခဲ့

ဤကဲ့သို့ ရွှေမော်ဝန်းလူမှုယဉ်ကျေး ကူညီရေးအဖွဲ့၏ ကွင်းဆင်းဆေးဝါးကုသပေးမှုကို ပံ့ပိုးကူညီပေးသော အင်းစိန်မြို့ရှိ သီရိစန္ဒာပုဂ္ဂလိကဆေးရုံမှ ဦးတင်မြင့်နှင့် ဆရာဝန်၊ ဆရာမများကိုလည်း အထူးကျေးဇူးတင်ရပါသည်။ စမ်းသပ်ပြီး ခွဲစိတ်ကုသရမည့် မျက်စိလူနာများကို အခမဲ့ခွဲစိတ်ကုသပေးပါသော ရွှေပြည်ဟိန်း ဆရာတော်နှင့် ဆရာဝန်ကြီးများကိုလည်း အထူးကျေးဇူးတင်ရှိအပ်ပါသည်။

ကျွန်တော်တို့ ဇနီးမောင်နှံ၏မိတ်ဆွေရင်းခြာများဖြစ်ကြသော အင်ဂြိမ်းစား အထူးကုဆရာဝန်ကြီးများကိုလည်း အထူးပင်ကျေးဇူးတင်မိပါသည်။ ဒီဆရာဝန်ကြီးများ၏ မေတ္တာစေတနာကြောင့် ကျေးလက်ဒေသက ဆင်းရဲနွမ်းပါးကြသော လူနာများအတွက် များစွာအထောက်အကူဖြစ်ခဲ့ရပါသည်။

ကျွန်တော့်အနေနှင့်လည်း ကျေးလက်နေပြည်သူများအတွက် တတ်နိုင်သည့်ဘက်က ကူညီစောင့်ရှောက်ပေးရတာကို ဝမ်းသာပီတိဖြစ်မိပါကြောင်း။

ရွှေမော်ဝန်းလူမှုယဉ်ကျေးကူညီရေးအဖွဲ့

ဒီအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းထားပါသည်-

(က) ရာသက်ပန်နာယကကြီးများ

(၁) ဗိုလ်မှူးချုပ်တင့်ဆွေ (ငြိမ်း)
(၂) ဦးခင်ညွှန့်
(၃) ဒေါက်တာခင်ဝင်းရွှေ
(၄) ဦးဇော်နိုင်ဦး
(၅) ဆရာမကြီးဒေါ်တင်တင်နွယ် (ငြိမ်း)

(ခ) နာယက

(၁) ဦးညွှန့်ဆွေ ဒုဝန်ကြီး(ငြိမ်း)
(၂) ဦးစိန်ထွန်းအောင် ရဲမှူးကြီး(ငြိမ်း)
(၃) ဦးချစ်စံဝင်း စာရေးဆရာကြီးဒေါက်တာချစ်စံဝင်း
(၄) ဒေါက်တာရဲနိုင်ဝင်း BURMESE CLASSIC
(၅) ဒေါက်တာဦးခင်ရွှေ (အမျိုးသားလွတ်တော်ကိုယ်စားလှယ်)
(၆) ဦးစိုးဝင်း ကျောင်းဆရာ(ငြိမ်း)
(၇) ဦးမြင့်စိန် ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
(၈) ဦးဖေသောင်း ဒုတိယပါမောက္ခချုပ်(ငြိမ်း)
(၉) ဒေါ်အေးသိန်း အထက်တန်းပြဆရာမ(ငြိမ်း)
(၁၀) ဦးဝင်းမောင်မောင်
(၁၁) ဦးသောင်းကျော်ရိုန်း

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့

(၁) ဦးအောင်ငြိမ်း ဥက္ကဋ္ဌ
(၂) ဦးဝင်းအောင် ရှေ့နော၊ ဒု-ဥက္ကဋ္ဌ
(၃) ဦးသောင်းထွဋ်ကျော် အတွင်းရေးမှူး
(၄) ဦးစိုးမင်းအောင် တွဲဘက်အတွင်းရေးမှူး
(၅) ဦးမြင့်လွင် ဘဏ္ဍာရေးမှူး

(၆) ဦးမြအောင် စာရင်းစစ်
(၇) ဦးဇော်မင်းအောင် အင်ဂျင်နီယာ၊ အဖွဲ့ဝင်
(၈) ဒေါက်တာကြည်ထူး အဖွဲ့ဝင်
(၉) ဦးမြင့်ဌေး အဖွဲ့ဝင်
(၁၀) ဦးဌေးအောင် အဖွဲ့ဝင်
(၁၁) ဦးဇော်နိုင်ထွန်း အဖွဲ့ဝင်

BURMESE CLASSIC

www.burmeseclassic.com

အခန်း ၇၇

အနှစ်ချုပ်၍အကြံပြုပါရစေ

BURMESE CLASSIC

ကျွန်တော်ဖြတ်သန်းခဲ့ရသည့် ဘဝအတွေ့တွေ၊ ဖြစ်ရပ်အမုံမုံတို့ကို အခြေခံလျက်၊ အနာဂါတ်ကာလမှာ အေးချမ်းသာယာသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာစေချင်ပါသည်။ စည်းကမ်းပြည့်ဝသော၊ ညီညွတ်ကြသော ဒီမိုကရေစီနိုင်ငံတော်ကြီးလည်း ဖြစ်စေချင်ပါသည်။ ထာဝရ ခိုင်မြဲသည့် ပြည်ထောင်စုကြီးလည်းဖြစ်စေချင်ပါသည်။ ကျွန်တော်တို့လိုလားချက်ကတော့ လက်ရှိတခဏမဟုတ်ပါ။ ထာဝရရှေရှည်ခိုင်မြဲစွာ ရပ်တည်ဖြစ်ထွန်းစေလိုသည့် ဆန္ဒအစွဲဖြင့် အောက်ပါအတိုင်း အကြံပြုပါရစေ။ ယခုရော နောင်အနာဂါတ်ရေးတာဝန်ရှိသူများအားလုံးအတွက်ဖြစ်ပါသည်။

(၁) နှစ်ပေါင်းထောင်ချီပြီး ဥမကွဲသိုက်မပျက်ဖြစ်ထွန်းခဲ့သည့် ပြည်ထောင်စုကြီး၏ အခြေအနေနှင့် အစဉ်အလာကို ပျက်ယွင်းသွားမှာ အလွန်စိုးရိမ်မိပါသည်။ ကျွန်တော်တို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အလွန်အချက်အခြာကျတာကြောင့် နိုင်ငံတကာတနည်းအားဖြင့် အရှေ့ရော အနောက်ကပါ အလွန်မျက်စေ့ကျကြတာပါ။ ကျွန်တော်တို့ လုပ်တတ်၊ ကိုင်တတ်၊ နေတတ်၊ ထိုင်တတ်မှ ပြည်ထောင်စုကြီး ခိုင်မြဲမှာပါ။ အတိတ်က ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးများ တစိုက်မတ်မတ် ကျင့်သုံး

ခဲ့သည့် ဘက်မလိုက်သော ကြားနေရေး၊ နိုင်ငံခြားရေး မူဝါဒ ကို ယိမ်းယိုင်ခြင်းမရှိပဲ တစိုက်မတ်မတ် ကျင့်သုံးကြရမှာပါ။ စွဲဆောင်စည်းရုံးလို့ ငါးစာကိုပဲမြင်ပြီး၊ ငါးမျှားချိတ်ကို မမြင်တဲ့ ငါးသတ္တဝါလို ဖြစ်မိရင်တော့၊ နိုင်ငံတော်၏ အနာဂတ်သည် ရင်လေးစရာပါ။ ပရိယာယ် ကြွယ်ဝစွာဖြင့် နိုင်ငံတိုင်းနှင့် ဆက်ဆံရေး အဆင်ပြေအောင် လုပ်တတ်၊ ကိုင်တတ်၊ နေတတ်၊ ထိုင်တတ်သည့် ကြားနေရေး မူဝါဒကို စွဲစွဲမြဲမြဲ ဆုတ်ကိုင်ထားသင့်ပါသည်။ ဘယ်သူ့တပည့်မှ မဖြစ်စေချင်ပါ။

(၂) တိုင်းရင်းသားအားလုံးက ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ခိုင်မာသော ပြည်ထောင်စုကြီးအဖြစ် ထာဝရ ရပ်တည်နေအောင် တိုင်းရင်းသားအားလုံးက ကြိုးပမ်းကြရပါမည်။

(၃) နိုင်ငံတော်၏ စီးပွားရေးနှင့် နိုင်ငံတော်၏ တည်ငြိမ်းအေးချမ်းသာယာရေးသည် အမြဲဒွန်တွဲနေတာကြောင့် နိုင်ငံတော်၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းကြရပါမည်။

(၄) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောကြီးများ ပြန်လည်ဖြစ်ထွန်းလာရေးအတွက်၊ တာဝန်ရှိသူအားလုံးက သစ်တောစိုက်ခင်းကြီးများ ထူထောင်ရေး၊ ရှိရင်းစွဲ သစ်တောများ ဆက်လက်ပြုန်းတီးမှုမဖြစ်စေရေးအတွက် စီမံချက်ဖြင့် ထိရောက်စွာ ထိန်းသိမ်းကြရန် လက်အောက်က လိမ်ညာတင်ပြမှုများ လက်မခံစေလိုပါ။

(၅) မြန်မာ့ရိုးရာ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် နိုင်ငံခြားက သရုပ်ပျက် ယဉ်ကျေးမှုများ လူငယ်များအတွင်း အလွန်အကျွံ ထိုးဖောက်ဝင်ရောက်လာမှု မဖြစ်စေရေးအတွက် တာဝန်ရှိသူ အသီးသီးက တာဝန်သိသိဖြင့် ထိန်းသိမ်းကြရန် ကာကွယ်တားဆီးကြရန်။

(၆) နိုင်ငံတော်က အစဉ်အလာမပျက် ဆောင်ရွက်ခဲ့ကြသည့် ဆိုက ရေးတီး ပြိုင်ပွဲကြီးများ၊ အမျိုးသား အားကစားပွဲတော်များ ဆောင်ရွက်ရေးအပြင်၊ Visit Myanmar Year လို ပွဲတော်များ လည်း အခါအားလျော်စွာ ဆောင်ရွက်ရန်။

(၇) အမျိုးဂုဏ် ဇာတိဂုဏ် နိမ့်ပါးစေသည့် အိမ်ဖော် အမျိုးသမီးများ ကို နိုင်ငံခြား တိုင်းပြည်များသို့ တရားဝင်စေလွှတ်နေခြင်းကို စဉ်းစားရန်။

(၈) အိမ်နီးချင်း တိုင်းပြည်များသို့ အလုပ်ကြမ်းလုပ်ကိုင်ရန် ထွက်ခွာ နေကြသည့် အောက်ခြေဝန်ထမ်းအလုပ်သမားများသည် စားဝတ် နေရေးကြပ်တည်းမှုကြောင့် သွားရောက် အလုပ်လုပ်ကြခြင်း ဖြစ်သဖြင့်၊ သူတို့အတွက် လုပ်ငန်းများဖြစ်ထွန်းလာအောင် အသေးစား/အလတ်စား (SME) ကုန်ထုတ်လုပ်ငန်းများ မြန်မြန် အကောင်အထည်ပေါ်လာရေးအတွက် လက်တွေ့ကျသည့် အစီအမံများဖြင့် မြန်မြန်ဖြစ်ထွန်းလာအောင် ကြိုးပမ်း ဆောင် ရွက်ရပါမည်။

(၉) ရေရှည်ထိန်းသိမ်းထားသင့်သည့် ရှေးဟောင်းအဆောက်အဦး များ၊ သမိုင်းအစဉ်အလာကြီးမားသော အဆောက်အအုံများကို ပုဂ္ဂလိကသို့ ဖြန့်ခွဲပေးဝေနေမှုများကို စဉ်းစားရန်။

(၁၀) မြန်မာနိုင်ငံအတွက် စက်မှုနိုင်ငံဖြစ်ရေးသည် အဓိကမဟုတ်ပါ။ နိုင်ငံ၏ ရိုးရာဓလေ့စရိုက်ကို အခြေခံသောအားဖြင့် ခေတ်မီ စိုက်ပျိုးရေးနှင့် ခေတ်မီမွေးမြူရေးလုပ်ငန်းများကို လက်တွေ့ ကျကျ အကောင်အထည်ဖော်ရန်၊ တောင်သူလယ်သမားများ၊ မွေးမြူရေးဆောင်ရွက်နေသူများ၏ ကျေးရွာအနှံ့သို့ ကွင်းဆင်းပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးရပါမည်။ ဝန်ကြီး ဌာနရိုရာရုံးဌာနသို့ ခေါ်ယူပညာပေးခြင်းသည် လက်တွေ့ မကျပါ။

မော်ဝန်းသားဦးခင်ညွှန့် (ဗိုလ်ချုပ်ကြီးဟောင်း)